ဤသို့ကျမ်း၌လာရကား--ဇမ္ဗူဒိပါကျွန်းသူတို့၏ အသက် အပိုင်းအခြားသည် အမြဲမရှိ၊ ရံခါဆယ်နှစ်၊ ရံခါအသင်္ချေနေသတည်း၊ ထို့ကြောင့် အပိုင်းအခြားရေတွက်ခြင်းမရှိ။

## အရှေ့ကျွန်းသူတို့အသက်ပိုင်း

၁၉-မေး။ ။အရှေ့ကျွန်းသူတို့၏ အသက် အပိုင်းအခြားကား အဘယ်မျှနည်း။

၁၉-ဖြေ။ ။ပုဗ္ဗဝိဒေဟာ သတ္တသတာယုကာ။

ဤသို့ ကျမ်းလာရကား-အရှေ့ကျွန်းသူတို့ကား အသက်ခုနစ်ရာနေရကုန်၏။

## အနေ့ာက်ကျွန်းသူတို့အသက်ပိုင်း

၂၀-မေး။ ။အနောက်ကျွန်းသူတို့၏ အသက်ကား အတိမျှနည်း။

၂၀-မေး။ ။အပရဂေါယာနာ ပဉ္စဝဿသတာယုကာ။

ဤသို့ ကျမ်းလာရကား- အနောက်ကျွန်းသူတို့ အသက်ကား ငါးရာ ရှိသည်။

## မြောက်ကျွန်းသူတို့အသက်ပိုင်း

၂၁-မေး။ ။မြောက်ကျွန်းသူတို့၏ အသက်ကား-အတိမျှနည်း။

၂၁-ဖြေ။ ။ဥတ္တရကုရုဝါသိနောဝဿသဟဿာယုကာ။

ဤသို့ကျမ်းလာရကား - အသက်တထောင် မြောက်ကျွန်းသူတို့ နေရသတည်း။

[အသက်အာယုကပ်ယုတ်တက်မရှိ၊ အမြဲနေသည်ကိုဆိုသည်။]

## မြောက်ကျွန်းသားတို့ အသက်တထောင်နေရမှု

၂၂-မေး။ ။အဘယ့်ကြောင့် မြောက်ကျွန်းသူတို့အသက်တထောင် နေရလေသနည်း။

၂၂-ဖြေ။ ။ဧတေ သဗ္ဗဒါပိ သုသီလာ၊ နိရန္တရံ ပဉ္စသီလာနိ တေသံ သဘာဝေနေဝ သိဇ္ဈန္တိ။

ဤသို့ ကျမ်းလာရကား-ထိုမြောက်ကျွန်းသားတို့သည် အခါခပ်သိမ်း သီလရှိကုန်၏၊ ပဉ္စသီတရားတို့ကို မပြတ်ပျောင် သဘောအားဖြင့် ဆောက် တည်ခြင်းပြီးကုန်၏၊ ထို့ကြောင့် အသက်တထောင် အမြဲနေရသတည်း။

## မြောက်ကျွန်းသားတို့ သားမယားသိမ်းဆည်းမှု

၂၃-မေး။ ။မြောက်ကျွန်းသားတို့၌ ဇမ္ဗူဒိပါကျွန်းသားတို့ကဲ့သို့ ငါ၏သား,ငါ၏မယား,ငါ၏သမီး,ငါ၏ကျွန်,ငါ၏ဥစ္စာ, ငါ၏လယ်ယာဟူ၍ သိမ်းဆည်းခြင်း ရှိလေသလော။

၂၃-ဖြေ။ ။မရှိ။

## မြောက်ကျွန်းသားတို့ အိမ်ရာထောင်မှု

၂၄-မေး။ ။မြောက်ကျွန်းသားတို့ကား အိမ်ရာထောင်ခြင်း ရှိ၏ လော။

၂၄-ဖြေ။ ။ရှိ၏။

တေသံ သတ္တမေ ဒိဝသေ မေထုနသေဝနံ ဟောတိ။

ဤသို့ကျမ်းလာရကား- ထိုမြောက်ကျွန်းသားတို့အား ခုနစ်ရက်မြောက်သောနေ့၌သာ မေထုနသေဝနသည် ဖြစ်၏။

[ဘွားသောသူငယ်တို့ကိုလည်း ဘွားရာအရပ်၌သာ ထား၍ အမိတို့ဘဲသွားကုန်၏၊ သူငယ်တို့လက်ညှိုးမှ နို့ရည်ထွက်၍ သောက်ရကုန်သောကြောင့် ချမ်းသာခြင်း ကြီးခြင်းသို့ရောက်ကုန်သတည်း။ ငါ၏အမိ,ငါ၏သားသမီးဟု မသိကုန်။]

## မြောက်ကျွန်းသားတို့ စုတေ,ပြီးဖြစ်ရာအရပ်

၂၅-မေး။ ။မြောက်ကျွန်းသားတို့ စုတေသော် အဘယ်အရပ်၌ ဖြစ်လေသနည်း။

၂၅-ဖြေ။ ။တတော စုတာ တတ္ထေဝ ဝါ သဂ္ဂေ ဝါ ဥပ္ပဇ္ဇန္တိ။

ဤသို့ ကျမ်းဂန်လာရကား- ထိုမြောက်ကျွန်းသူတို့ စုတေသော် ထိုကျွန်း၌ရင်း, နတ်ပြည်၌ရင်း ဖြစ်လေကုန်သတည်း။

## ငရဲကြီး ၈-ထပ်

၂၆-မေး။ ။ငရဲကြီးရှစ်ထပ်အမည်ကား အဘယ်နည်း။

၂၆-ဖြေ။ ။(၁) သိဉ္ဇိုဝ်းငရဲ။ (၅) မဟာရောရုဝငရဲ။
(၂) ကာလသုတ်ငရဲ။ (၆) တာပနငရဲ။
(၃) သင်္ဃာတငရဲ။ (၇) မဟာတာပနငရဲ။
(၄) ရောရုဝငရဲ, (၈) အဝီစိငရဲ။

ဤသည်လျှင် ငရဲကြီးရှစ်ထပ်တည်း။

## ငရဲကြီး ၈-ထပ်အသက်ပိုင်း

၂၇-မေး။ ။ငရဲကြီးရှစ်ထပ်တို့၏ အသက်အပိုင်းအခြားကား အတိမျှနည်း။

၂၇-ဖြေ။ ။စတုမဟာရာဇ်နတ်တို့၏ အသက် အနှစ် ကိုးသန်းသည် သိဉ္ဇိုဝ်းငရဲ၌တနေ့နှင့် တည့်ရှိ၏၊ ထိုနေ့ထိုည့် အကြိမ်သုံးဆယ်သည်တလမည်၏၊ တဆယ့်နှစ်လသည်တနှစ်မည်၏၊ ထိုနှစ်ဖြင့် အရေအတွက် အနှစ်ငါးရာ သည် သိဉ္ဇိုဝ်းငရဲ၏ အသက်တည်း။

တာဝတိံသာနတ်တို့၏အသက် သုံးကုဋေ ခြောက်သန်းသည် ကာလ သုတ်ငရဲ၌ တနေ့နှင့်တည့်မည်၏၊ ထိုနေ့ထိုည့် အကြိမ်သုံးဆယ်သည် တလမည်၏၊ တဆယ့်နှစ်လသည် တနှစ်မည်၏၊ အနှစ်တထောင်သည် ကာလသုတ်ငရဲ၏အသက်တည်း။

ယာမာနတ်တို့၏အသက် တဆယ့်လေးကုဋေလေးသန်းသည် သင်္ဃာ တငရဲ၌ တနေ့နှင့်တည့်မည်၏၊ ထိုနေ့ထိုည့်အကြိမ်သုံးဆယ်သည် တလ မည်၏၊ တဆယ့်နှစ်လသည် တနှစ်မည်၏၊ ထိုနှစ်အားဖြင့် အနှစ် နှစ်ထောင်သည် သင်္ဃာတငရဲ၏အသက်တည်း။

တုသိတာနတ်တို့၏အသက် ငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်းသည် ရောရုဝငရဲ၌ တနေ့နှင့်တည့်မည်၏၊ ထိုနေ့ထိုည့် အကြိမ်သုံးဆယ် သည်တလမည်၏၊ တဆယ့်နှစ်လသည် တနှစ်မည်၏၊ ထိုနှစ်အားဖြင့် အနှစ်လေးထောင်သည် ရောရုဝငရဲ၏အသက်တည်း။

နိမ္မာနရတိနတ်တို့၏အသက် အနှစ်ကုဋေနှစ်ရာ သုံးဆယ့်လေးသန်း သည် မဟာရောရုဝငရဲ၌ တနေ့နှင့်တည့်မည်၏၊ ထိုနေ့ထိုည့် အကြိမ် သုံးဆယ်သည်တလမည်၏၊ တဆယ့်နှစ်လသည် တနှစ်မည်၏၊ ထိုနှစ် ဖြင့် အနှစ်ရှစ်ထောင်အရေအတွက်သည် မဟာရောရုဝငရဲ၏ အသက် တည်း။

ပရနိမ္မိတဝသဝတ္တီနတ်တို့၏အသက် ကုဋေ ကိုးရာ့နှစ်ဆယ့်တကုဋေ ခြောက်သန်းသည် တာပနငရဲ၌ တနေ့နှင့်တည့်မည်၏၊ ထိုနေ့ထိုည့် အကြိမ်သုံးဆယ်သည် တလမည်၏၊ တဆယ့်နှစ်လသည် တနှစ်မည်၏၊ ထိုနှစ်ဖြင့် အရေအတွက် တသောင်းခြောက်ထောင်သည် တာပနငရဲ၏အ သက်တည်း။

> သတ္တမေ မဟာတာပနနိရယေ အန္တရကပ္ပံ ဒွိဓာကတွာ တေန ကော ဘာဂေါ အာယုပ္ပမာဏံ။

ဤသို့ကျမ်း၌လာရကား မဟာတာပနငရဲ၏အသက်ကား အန္တရကပ် ထက်ဝက်အဘို့ရှိသတည်း။

> အဋ္ဌမေ အဝီစိမဟာနိရယေ ကော အန္တရကပ္ပေါ အာယုပ္ပမာဏံ။

ဤသို့ကျမ်းဂန်လာရကား-အဝီစိငရဲ၏အသက်သည် အန္တရကပ် တကပ်အတိုင်းအရှည်ရှိသတည်း။ ။ဤသည်လျှင် ငရဲကြီး ရှစ်ထပ်တို့၏ အသက်အပိုင်းအခြား အန္တရကပ်အရေအတွက်တည်း။

## အန္တရကပ်ကာလ အပိုင်းအခြား

၂၈-မေး။ ။အန္တရကပ်ဟူသည် အဘယ်မျှကာလရှိသနည်း။

၂၈-ဖြေ။ ။အန္တရကပ္ပေါနာမ မနုဿာနံ ဒသဝဿာယုကတော ပဋ္ဌာယ ကမေန ဝဍ္ဍမာနံ အသင်္ချေယျာယုကံ ဟုတွာ ပုန ပရိဟာယမာနံ ဒသဝဿာယုကတ္တံ ပါပုဏာတိ။ ဧတ္တကံ ကာလံ ဧကော အန္တရကပ္ပေါနာမ။

ဤသို့ကျမ်း၌လာရကား-အန္တရကပ်မည်သည် လူတို့၏အသက် ဆယ်နှစ် ရောက်သောကာလမှစ၍ အစဉ်အားဖြင့်ပွါး၍ အသင်္ချေယျ တိုင်အောင်ရှည်၏၊ ထိုအသင်္ချေမှ ယုတ်ပြန်ဆုတ်ပြန်၍ အသက်ဆယ်နှစ်သို့ ရောက်ပြန်၏၊ ဤသို့ရောက်သောကာလသည် အန္တရကပ် အပိုင်းအခြား မည်၏။

[ဤသို့လျှင် ငရဲတို့၏အသက်အလွန်ရှည်ကြာလှသောကြောင့်“နေရယိကာနံ အာယု အတိဗဟုတရံ၊ ဒေဝါနံအာယုအတိမဟန္တံ”ဟု ဆရာတို့မိန့်တော်မူကုန်သတည်း။]

## ဃဋိကာရဗြဟ္မာသင်္ကန်းကပ်လှူခြင်း

၂၉-မေး။ ။ငါတို့ဘုရားအလောင်းတော် သိဒ္ဓတ်မင်းသား တောထွက်၍ အနော်မာမြစ်နားသို့ရောက်သောအခါသင်္ကန်း ကပ်လှူသောဗြဟ္မာကား အဘယ်ဗြဟ္မာနည်း။

၂၉-ဖြေ။ ။ဃဋိကာရဗြဟ္မာတည်း။

## ဃဋိကာရဗြဟ္မာနေသောဘုံ

၃၀-မေး။ ။ဃဋိကာရဗြဟ္မာသည် အဘယ်ဘုံ၌နေသော ဗြဟ္မာနည်း။

၃၀-ဖြေ။ ။သုဒ္ဓါဝါသဘုံ၌ နေသောဗြဟ္မာတည်း။

## ဃဋိကာရဗြဟ္မာကပ်လှူရာ ပရိက္ခရာစုံပါရှိခြင်း

၃၁-မေး။ ။သင်္ကန်းနှင့်အတူ ရဟန်းပရိက္ခရာရှစ်ပါး အစုံပါသလော။

၃၁-ဖြေ။ ။ပရိက္ခရာ ရှစ်ပါးလုံးကိုပင် ဆောင်ယူခဲ့၍ ကပ်လှူသတည်း။

**ဃဋိကာရဗြဟ္မာဝတ်လဲတော်သိမ်းယူခြင်း**

၃၂-မေး။ ။သိဒ္ဓတ်မင်းသား လဲပြီးသောအဝတ်တို့ကို အဘယ်သူ သိမ်းယူသနည်း။

၃၂-ဖြေ။ ။ဃဋိကာရဗြဟ္မာ သိမ်းယူလေသတည်း။

**ဒုဿစေတီတော်**

၃၃-မေး။ ။ဃဋိကာရဗြဟ္မာသည် ထိုသိမ်းယူသော အဝတ်တို့ကို အဘယ်မှာထားလေသနည်း။

၃၃-ဖြေ။ ။မဟာပုရိသေန ဆဋ္ဌိတံ သာဋကံ ဂဟေတွာ ဗြဟ္မလောကေ ဒွါဒသယောဇနိကံ ဒုဿထူပမကာသိ။

ဤသို့ ကျမ်းလာရကား-ဗြဟ္မာသိမ်းယူသော အဝတ်တို့ကိုဗြဟ္မာ့ပြည်၌ ၁၂-ယူဇနာရှိသော ဒုဿစေတီတည်ထားသတည်း။

[''အနောမနဒိတီရေ ဌတွာ ပဗ္ဗဇန္တဿ သုဒ္ဓါဝါသဗြဟ္မလောကေ ဃဋိကာရော နာမ မဟာဗြဟ္မာ အဋ္ဌ ပရိက္ခာရေ ဂဟေတွာ အာဂတော မဟာပုရိသဿ ဒတွာ တေန စိဝရံ နိဝါသေတွာ စ ပါရုပိတွာ စ ဆဋ္ဌိတသာဋကံ အဂ္ဂဟေသိ''။ ။ဤသို့ ဋီကာကျမ်းတို့၌ လာသည်ကိုထောက်၍ သုဒ္ဓါဝါသဘုံ၌ ဃဋိကာရဗြဟ္မာသည်ပရိက္ခရာရှစ်ပါးကို ယူဆောင်ခဲ့၍ ယောကျ်ားမြတ်အား ကပ်လှူကြောင်းကိုသိရ၏။]

**ပရိက္ခရာ ၈-ပါး**

၃၄-မေး။ ။ရဟန်းပရိက္ခရာရှစ်ပါးဟူသည် အဘယ်နည်း။

၃၄-ဖြေ။ ။တိစီဝရဉ္စ ပတ္တဉ္စ၊ ကာယဗန္ဓနံ ဝါသိ။
သူစိစ ပရိဿာဝနံ၊ အဋ္ဌပရိက္ခာရဣမေ။

ဤသို့ ကျမ်းဂန်၌လာရကား—

(၁) ဒုကုဋ်။
(၂) ကိုယ်ဝတ်။
(၃) သင်းပိုင်။
(၄) သပိတ်။
(၅) ခါးပန်း။
(၆) ပဲခွပ်။
(၇) အပ်။
(၈) ရေစစ်။

ဤရှစ်ပါးတည်း။

## အိုင်ကြီး ၇-အိုင်

၃၅-မေး။ ။ဟိမဝန္တာ၌ အိုင်ကြီး ၇-အိုင်ကား အဘယ်နည်း။

၃၅-ဖြေ။ ။(၁) အနောတတ်အိုင်။ (၅) ကုဏာလအိုင်။
(၂) ကဏ္ဏမုဏ္ဍအိုင်။ (၆) မန္ဒာကိနီအိုင်။
(၃) ရထကာရအိုင်။ (၇) သီဟပ္ပပါတအိုင်။
(၄) ဆဒ္ဒန်အိုင်။

ဤသည်လျှင် အိုင်ကြီး ၇-အိုင်တည်း။

## အိုင်ကြီး ၇-အိုင်ယူဇနာ

၃၆-မေး။ ။ထိုအိုင်ကြီး ၇-အိုင်တို့၏ အစောက်အပြောကား အတိမျှရှိသနည်း။

၃၆-ဖြေ။ ။ယူဇနာငါးဆယ်စီရှိ၏။

[''ဣမေ သတ္တ မဟာသရာ ဟိမဝန္တေ ပတိဋ္ဌိတာ''ဟု ကျမ်းလာရကား—အိုင်ကြီး ၇-အိုင်တို့ကား ဟိမဝန္တာတော၌သာ တည်၏ဟု မှတ်ရာ၏။]

## အနောတတ်အိုင်ရံသောတောင် ၅-လုံး

၃၇-မေး။ ။အနောတတ်အိုင်ကို ရံသော တောင်ကား အဘယ်တောင်နည်း။

၃၇-ဖြေ။ ။(၁) သုဒဿနတောင်။ (၄) ဂန္ဓမာဒနတောင်။
(၂) စိတ္တကူဋတောင်။ (၅) ကေလာသတောင်၊
(၃) ကာဠကူဋတောင်။

ဤတောင်ငါးလုံးတည်း။

## သုဒဿနတောင်-ရွှေ

၃၈-မေး။ ။သုဒဿနတောင်ကား အဘယ်ဖြင့် ပြီးသနည်း။

၃၈-ဖြေ။ ။ရွှေဖြင့်ပြီးသည်။

## သုဒဿနတောင်အမြင့်ယူဇနာ

၃၉-မေး။ ။သုဒဿနတောင် အမြင့် အတိမျှရှိသနည်း။

၃၉-ဖြေ။ ။အမြင့်ယူဇနာနှစ်ရာရှိ၏။

## သုဒဿနတောင်သဏ္ဍာန်

၄၀-မေး။ ။သုဒဿနတောင်သဏ္ဍာန် အဘယ်သို့ရှိသနည်း။
၄၀-ဖြေ။ ။သုဒဿနကူဋံ သုဝဏ္ဏမယံ ဒွိယောဇန သတုဗ္ဗေဓံ အန္တောဝင်္ကံ ကာကမုခသဏ္ဌာနံ၊ တမေဝသရံ ပဋိစ္ဆာဒေတွာ ဌိတံ။
ဤသို့ ဋီကာဆရာတို့ မိန့်တော်မူကြသောကြောင့် သုဒဿနတောင်ကား အတွင်းကောက်၍၊ ကျီးနှုတ်သီးသဏ္ဍာန်ရှိ၏။

## စိတ္တကူဋတောင်-ရတနာ၇-ပါး

၄၁-မေး။ ။စိတ္တကူဋတောင် အဘယ်ဖြင့် ပြီးသနည်း။
၄၁-ဖြေ။ ။စိတ္တကူဋံ သတ္တရတနမယံ။
ဤသို့ ကျမ်း၌လာရကား ရတနာခုနစ်ပါးဖြင့်ပြီး၏။

## ကာဠကူဋတောင်-မျက်စဉ်းမှုန့်

၄၂-မေး။ ။ကာဠကူဋတောင် အဘယ်ဖြင့် ပြီးသနည်း။
၄၂-ဖြေ။ ။ကာဠကူဋံ အဉ္ဇနမယံ။
ဟု ကျမ်းလာရကား-မျက်စဉ်းမှုန့်ဖြင့် ပြီး၏။

## ဂန္ဓမာဒနတောင်-မသာရဂလ်

၄၃-မေး။ ။ဂန္ဓမာဒနတောင်ကား အဘယ်ဖြင့် ပြီးသနည်း။
၄၃-ဖြေ။ ။ဂန္ဓမာဒနကူဋံ မသာရဂလ္လမယံ။
ဟု ကျမ်းလာရကား- မသာရဂလ်ဖြင့်ပြီး၏။

## အနဝတတ်အိုင် ရေပြွန် ၄-ခု

၄၄-မေး။ ။အနဝတတ်အိုင်ရေပြွန်ကား အတိမျှရှိသနည်း။
၄၄-ဖြေ။ ။သီဟမုခံ ဟတ္ထိမုခံ အဿမုခံ ဥသဘမုခန္တိ စတ္တာရိ မုခါနိ ဟောန္တိ။
ဤသို့ ကျမ်း၌လာရကား—

(၁) ခြင်္သေ့ခံတွင်း။ (၃) မြင်းခံတွင်း။
(၂) ဆင်ခံတွင်း။ (၄) နွားလားဥသဘခံတွင်း။

ဤလေးပါးတည်း။

## အနဝတတ်အိုင်ရေလည်ခြင်း

၄၅-မေး။ ။အနဝတတ်အိုင်ရေပြွန်မှ ထွက်သော ရေသည် အဘယ်သို့ လည်၍ထွက်လေသနည်း။

၄၅-ဖြေ။ ။တိက္ခတ္တုံ အနောတတ္တဒဟံ ပဒက္ခိဏံ ကတွာ နိဂ္ဂစ္ဆန္တိ။

ဤသို့ ကျမ်းလာရကား-သုံးကြိမ်အနဝတတ်အိုင်ကို လက်ျာရစ်လည်၍ ထွက်ကုန်သတည်း။

## အနဝတတ်အိုင်မှ ထွက်သောရေပြွန်

၄၆-မေး။ ။အဘယ်ပြွန်မှတောင်မျက်နှာသို့ ရေထွက်သနည်း။

၄၆-ဖြေ။ ။ဒက္ခိဏာပဿေ ဥသဘမုခတော နိက္ခန္တာ။

ဤသို့ ကျမ်းလာရကား- တောင်မျက်နှာ၌ နွားဥသဘခံတွင်းမှ ထွက်၏။

## မြစ်ကြီး ၅-စင်း

၄၇-မေး။ ။မြစ်ကြီးငါးစင်းကား အဘယ်နည်း။

၄၇-ဖြေ။ ။(၁) ဂင်္ဂါ။ (၄) သရဘူ။
(၂) ယမုနာ။ (၅) မဟီ။
(၃) အစိရဝတီ။

ဤငါးစင်းတည်း။

## လဗိမာန်-ပတ္တမြားနှင့်ငွေ

၄၈-မေး။ ။လဗိမာန်ကား-အဘယ်ဖြင့်ပြီးသနည်း။

၄၈-ဖြေ။ ။လဗိမာန်အတွင်းကား ပတ္တမြားဖြင့်ပြီး၏၊ အပကား-ငွေဖြင့်ပြီး၏။

[''ဥဘယေဟိ ပိ သီတလမေဝ ဟောတိ'' ဤသို့ကျမ်းလာရကား-အတွင်းအပ နှစ်ပါးလုံးပင် ချမ်းအေးသော အရောင်ရှိသည်သာလျှင်တည်းဟု မှတ်ကုန်ရာ၏''။]

## နေဗိမာန်-ရွှေနှင့်ဖလ်

၄၉-မေး။ ။နေဗိမာန်အတွင်းအပကား-အဘယ်ဖြင့်ပြီးသနည်း။

၄၉-ဖြေ။ ။နေဝိမာန်အတွင်းကား-ရွှေဖြင့်ပြီး၏၊ အပကား- ဖလ်ဖြင့်ပြီး၏။

["ဥဘယေဟိ ဝိ ဥဏှံဟောတိ"ဤသို့ကျမ်းလာရကား-အတွင်းအပနှစ်ပါးလုံးပင် ပူသည်သာလျှင်တည်းဟု မှတ်ကုန်ရာသတည်း။"]

## လဝိမာန် အဖြောင့်ယူဇနာ

၅၀-မေး။ ။လဝိမာန်ပမာဏအတိမျှယူဇနာရှိသနည်း။

၅၀-ဖြေ။ ။"ပမာဏတောစဃ ဥဇုကံ ဧကူနပညာသယောဇနံ"။ ဤသို့ကျမ်းလာရကား- လဝိမာန် ပမာဏအဖြောင့် ၄၉-ယူဇနာရှိ၏။

## လဝိမာန် အဝန်းယူဇနာ

၅၁-မေး။ ။လဝိမာန်အဝန်းကား-အတိမျှယူဇနာရှိသနည်း။

၅၁-ဖြေ။ ။"ပရိမဏ္ဍလတော ပန တီဟိ ယောဇနေဟိ ဦနာနိ ဒိယဍ္ဎယောဇနသတာနိ"

ဤသို့ ကျမ်းလာ ရကား- လဝိမာန် အဝန်ကား- ၁၄၇ ယူဇနာရှိ၏။

## နေဝိမာန် အဖြောင့်ယူဇနာ

၅၂-မေး။ ။နေဝိမာန်အဖြောင့်ယူဇနာအတိမျှရှိသနည်း။

၅၂-ဖြေ။ ။"သူရိယဿ ဥဇုကံ ပညာသယောဇနံ"

ဤသို့ကျမ်းလာရကား-နေဝိမာန်အဖြောင့်ယူဇနာငါးဆယ်ရှိ၏။

## နေဝိမာန် အဝန်းယူဇနာ

၅၃-မေး။ ။နေဝိမာန်အဝန်းကား-အတိမျှယူဇနာရှိသနည်း။

၅၃-ဖြေ။ ။"ပရိမဏ္ဍလတော ဒိယဍ္ဎယောဇနသတာနိ"။ ဤသို့ကျမ်းလာရကား-နေဝိမာန်အဝန်းကား-ယူဇနာ ၁၅၀ ရှိ၏။

## နေအထက်သွား၊ လအောက်သွား

၅၄-မေး။ ။နေနှင့်လကား- ခရီးတကြောင်းတည်းသွားသလော။

၅၄-ဖြေ။ ။နေနှင့်လကား-ခရီးတကြောင်းတည်းမသွား၊ အထက်အောက်သွားသတည်း။

[လဝိမာန်ကား- အောက်သွားသည်၊ နေဝိမာန်ကား- အထက်သွားသည်ဟူ၍ မှတ်ကုန်ရာ၏။]

## နေနှင့်လ အထက်အောက်ယူဇနာ

၅၅-မေး။ ။နေနှင့်လအထက်အောက်သွားသည့် ခရီးကား-အဘယ်မျှ ယူဇနာခြားလေသနည်း။

၅၅-ဖြေ။ ။တယူဇနာခြားသတည်း။

[''စန္ဒော ဟေဋ္ဌာ သူရိယော ဥပရိ၊ အန္တရာ တေသံ ယောဇနံ ဟောတိ''၊ ဤသို့ဋီကာကျမ်းတို့၌ လာသည်ကိုထောက်၍ လ-နေတို့သွားသောခရီးကိုသိရသတည်း''။]

## ရောဝဏ်ဆင် ပမာဏ

၅၆-မေး။ ။သိကြားမင်းစီးသော ရောဝဏ်ဆင်ကား- ပမာဏယူဇနာ အတိမျှရှိသနည်း။

၅၆-ဖြေ။ ။သက္ကဿ ပန ရောဝဏောဟတ္ထိ ဒိယဍ္ဎယောဇနသတိကော ဟောတိ။

ဤသို့ကျမ်းလာရကား-ရောဝဏ်ဆင်ကား-ယူဇနာ ၁၅၀-ရှိ၏။

## ရောဝဏ်ဆင် အမျိုးဇာတ်

၅၇-မေး။ ။ထိုရောဝဏ်ဆင်ကား-တိရစ္ဆာန်လော၊နတ်သားလော။

၅၇-ဖြေ။ ။သော ဟိ ရောဝဏော ဒေဝပုတ္တောယေဝ။

ဤသို့ကျမ်းလာရကား-ထိုရောဝဏ်ဆင်ကား နတ်သားလျှင်တည်း၊ တိရစ္ဆာန်မဟုတ်။

## နတ်ပြည်နှင့်တိရစ္ဆာန်

၅၈-မေး။ ။နတ်ပြည်၌ တိရစ္ဆာန်သတ္တဝါရှိကောင်းအံ့လော။

၅၈-ဖြေ။ ။န ဟိ ဒေဝလောကသ္မိံ တိရစ္ဆာနဂတာ ဟောန္တိ။

ဤသို့ကျမ်းလာရကား-နတ်ပြည်၌ တိရစ္ဆာန်မည်သည်မရှိ။

[''ဥယျာနကီဠာယ နိက္ခမနကာလေ အတ္တဘာဝံ ဝိဇဟိတွာ ဒိယဍ္ဎယောဇန သတိကော ရောဝဏော နာမ ဟောတိ''။ ဤသို့ကျမ်းလာရကား—သိကြားမင်း ဥယျာဉ်ကစားထွက်သော အခါ၌ ရောဝဏ်နတ်သားသည် မိမိကိုယ်အဖြစ်ကို စွန့်၍ ယူဇနာ ၁၅၀-ရှိသောရောဝဏ်ဆင်ဘန်ဆင်းသတည်းဟု မှတ်ရာ၏။]

## သုခုမရုပ် အလျားအနံပမာဏ

၅၉-မေး။ ။သုခုမရုပ်သဘင်ကား-အလျား အနံအတိုင်းအရှည် ယူဇနာ အတိမျှရှိသနည်း။

၅၉-ဖြေ။ ။သုခုမ္မာ နာမ ဒေဝသဘာ အာယာမတော စ ဝိတ္ထာရတော စ တိယောဇနသတိကာ။

ဤသို့ကျမ်းလာရကား-အလျားအနံအားဖြင့် ယူဇနာသုံးရာရှိ၏။

## သုခုမ္မာသဘင် ဝန်းကျင်ပမာဏ

၆၀-မေး။ ။သုခုမ္မာသဘင်ကား- ထက်ဝန်းကျင်အတိမျှ သချာရှိသနည်း။

၆၀-ဖြေ။ ။ပရိက္ခေပတော နဝယောဇနသတိကာ။

ဤသို့ကျမ်းဂန်လာရကား- သုခုမ္မာသဘင်ထက်ဝန်းကျင် ပမာဏကား-ယူဇနာကိုးရာရှိ၏။

## သုခုမ္မာသဘင် အမြင့်ပမာဏ

၆၁-မေး။ ။သုခုမ္မာသဘင် အမြင့် အတိမျှရှိသနည်း။

၆၁-ဖြေ။ ။ဥဗ္ဗေဓတော ပဉ္စယောဇနသတိကာ။

ဤသို့ကျမ်းဂန်လာရကား-သုခုမ္မာသဘင်အမြင့်ယူဇနာငါးရာရှိ၏။

## ဗြဟ္မာတို့သဏ္ဌာန်

၆၂-မေး။ ။ရူပါဝစရ ၁၆-ဘုံဗြဟ္မာတို့၏သဏ္ဌာန်ကား အဘယ်သဏ္ဌာန်ရှိသနည်း။

၆၂-ဖြေ။ ။သောဠသရူပါဝစရာ နာမ ဒေဝါ သဗ္ဗေ ပုရိသသဏ္ဌာနာ။

ဤသို့ ကျမ်းဂန်လာရကား- ရူပါဝစရဗြဟ္မာတို့သည် အလုံးစုံလျှင် ယောကျ်ားသဏ္ဌာန်ရှိကုန်၏။

## ခေတ်သုံးပါး

၆၃-မေး။ ။ခေတ်သုံးပါးကား အဘယ်နည်း။

၆၃-ဖြေ။ ။(၁) ဇာတိခေတ်။ (၃) ဝိသယခေတ်။
(၂) အာဏာခေတ်။

ဤသုံးပါးတည်း။

## ဇာတိခေတ် စကြဝဠာ

၆၄-မေး။ ။ဇာတိခေတ်ကား အဘယ်နည်း။

၆၄-ဖြေ။ ။ဒသသဟဿလောကဓာတု ဇာတိခေတ္တံနာမ။

ဤသို့ ကျမ်းလာရကား-တသောင်းသော လောကဓာတ်သည် ဇာတိခေတ်မည်၏။

## အာဏာခေတ် စကြဝဠာ

၆၅-မေး။ ။အာဏာခေတ်ဟူသည် အဘယ်နည်း။

၆၅-ဖြေ။ ။ကောဋိသတသဟဿစက္ကဝါဠာနိ အာဏာခေတ္တံနာမ။

ဤသို့ ကျမ်းလာရကား- ကုဋေတသိန်းသော စကြဝဠာတိုက်သည် အာဏာခေတ်မည်၏။

## ဝိသယခေတ် စကြဝဠာ

၆၆-မေး။ ။ဝိသယခေတ်ကား အဘယ်နည်း။

၆၆-ဖြေ။ ။အပရိမာဏာနိ စက္ကဝါဠာနိ ဝိသယခေတ္တံ နာမ။

ဤသို့ ကျမ်းလာရကား-အတိုင်းအရှည်မရှိ၊ မရေတွက်နိုင်သော စကြဝဠာတိုက်သည် ဝိသယခေတ်မည်၏။

## ကမ္ဘာပျက်မည်ဟု ကြိုတင်သိရသောနှစ်

၆၇-မေး။ ။ကမ္ဘာပျက်မည်ကို အတိမျှသော ကာလက သိရသနည်း။

၆၇-ဖြေ။ ။ဝဿသတသဟဿစ္စယေန ကပ္ပုဋ္ဌာနံ ဘဝိဿတီတိ ဥတ္တာ။

ဤသို့ ကျမ်းလာရကား-အနှစ်တသိန်းသော ကာလက ကမ္ဘာပျက်လတ္တံ့ဟု သိကုန်သတည်း။

## ကမ္ဘာပျက်တော့မည်ဟုကြွေးကြော်သူ

၆၈-မေး။ ။အနှစ်တသိန်းသော ကာလကပင် ကမ္ဘာပျက်လတ္တံ့ဟု အဘယ့်ကြောင့် သိရသနည်း။

၆၈-ဖြေ။ ။လောကဗျူဟာနတ်သည် လူတို့ရွာ ခရီးလမ်းမတို့၌နေ၍ "အချင်းလူအပေါင်းတို့....ဤနှစ်မှ အနှစ်တသိန်းလွန်လျှင်ကမ္ဘာပျက်

လတ္တံ့၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသော ဗြဟ္မစိုရ် တရား လေးပါးကို ပွါးစေကုန်၊ မိခင်, ဘခင်တို့ကိုလုပ်ကျွေးလေကုန်၊ အသက်အရွယ် ကြီးသော သူတို့ကို ရိုသေ လေးမြတ်ကြကုန်"။ ဤသို့ လမ်းခရီး၌ လှည့်လည် ကြွေးကြော်သောကြောင့် အနှစ်တသိန်း ကာလ ကပင် သိရ၏။

## ကမ္ဘာဖျက်မိုယ်း ရွာခြင်း

၆၉-မေး။ ။ကမ္ဘာဖျက်မိုယ်းကြီးသည် စကြဝဠာ အတိမ့်လောက် နှံ့အောင် ရွာလေသနည်း။

၆၉-ဖြေ။ ။ကပ္ပဝိနာသကမဟာမေဃော ဥဋ္ဌဟိတွာ ကောဋိသတ သဟဿ စက္ကဝါဠေ ဧကဃနမဟာဝဿံ ဝဿတိ။

ဤသို့ ကျမ်း၌လာရကား- ကမ္ဘာဖျက်မိုယ်းကြီးသည် တက်လတ်၍ ကုဋေတသိန်းသော စကြဝဠာတိုက်အန္တိ တခဲနက်သော ရွာခြင်းဖြင့် ရွာ သတည်း။

## ကမ္ဘာဖျက်မိုယ်းပြတ်ခြင်း

၇၀-မေး။ ။ကမ္ဘာဖျက်မိုယ်းကြီး ရွာသည်မှ နောက်ကာလ၌ မိုယ်းရွာ၏လော၊ မရွာပြီလော။

၇၀-ဖြေ။ ။ဂဗ္ဘိဘရဝံ ဝဿန္တော ကေဇမ္ဗုပိ ဘူမိံ န ပါတေတိ၊ တတော ပဘုတိ ပစ္ဆိန္နဝဿံ ဟောတိ။

ဤသို့ ကျမ်းလာရကား-ကမ္ဘာဖျက် မိုယ်းကြီး ရွာပြီးသည့်နောက် မိုယ်းတို့သည် မြည်း၏အသံကဲ့သို့ အသံပြု၍ တပေါက်မျှမြေသို့မကျကုန် ပြီ၊ ထိုအခါမှစ၍ မိုယ်းရွာခြင်းသည် ပြတ်သည်သာလျှင်ဖြစ်၍ မရွာပြီ။

## ကမ္ဘာဖျက်မိုယ်းရွာပြီးနောက်သတ္တဝါတို့ ရောက်ရာဌာန

၇၁-မေး။ ။ကမ္ဘာဖျက်မိုယ်းကြီးရွာသည်မှ နောက်ကာလ၌ တ ပေါက်မျှ မြေသို့ကျအောင် မိုယ်းမရွာသော် ခပ်သိမ်း သောသတ္တဝါ တိရစ္ဆာန် လူအပေါင်းတို့သည် အ ဘယ်အရပ်၌ ဖြစ်ကြလေကုန်သနည်း။

၇၁-ဖြေ။ ။အချိုကုန်သော တိဟိတ်ပုဂ္ဂိုလ်တို့သည် ရှာန်ကိုဖြစ်စေ၍ ဖြုဟ္မာ့ဘုံ၌ဖြစ်စေလေကုန်၏၊ အချို့သောသူတို့သည် အပရာပရိယကံကြောင့် နတ်ပြည်၌ဖြစ်၍ ဝါယောကသိုဏ်းကို ပွါးစေသဖြင့် ဈာန်ရ၍ ဗြဟ္မာ့ပြည်၌ ဖြစ်လေကုန်သတည်း။

## ကမ္ဘာဖျက်ခါနီး ဗြဟ္မာ့ပြည်၌ဖြစ်ကြောင်း

၇၂-မေး။ ။အယုတ်,အလတ်,အမြတ်အားဖြင့်များသောသတ္တဝါ အပေါင်းတို့သည် အဘယ့်ကြောင့် ဈာန်ရ၍ ဗြဟ္မာ့ဘုံသို့သာ ဖြစ်နိုင်လေကုန်သနည်း။

၇၂-ဖြေ။ ။အပရာပရိယ ဒေဝနီယ ကမ္မတော မုတ္တသတ္တော နာမ နတ္ထိ။

ဤသို့ကျမ်းလာရကား- ခပ်သိမ်းသော သတ္တဝါတို့၌ အပရာပရိယ ဝေဒနီယကံမှ ကင်းလွတ်သော သတ္တဝါမည်သည်မရှိသောကြောင့် ရှေးရှေးသောဘဝတို့၌ ပြုခဲ့ဘူးသော ကုသိုလ်ကံ၏အစွမ်းဖြင့် ဈာန်ရ၍ ဗြဟ္မာ့ပြည်၌ ဖြစ်နိုင်ကုန်သတည်း။

## နေနှစ်စင်းထွက်သောအခါဖြစ်ပုံ

၇၃-မေး။ ။ကမ္ဘာဖျက်သောအခါ၌ နေနှစ်စင်းထွက်လတ်သော် အဘယ်သို့ဖြစ်လေသနည်း။

၇၃-ဖြေ။ ။ဒုတိယော သူရိယော ပါတုဘဝိတွာ ကုန္နဒိသောဗ္ဘာ ဒီသု ဥဒကံ သောသေတိ။

ဤသို့ကျမ်းလာရကား- နေနှစ်စင်းထွက်သောအခါ၌ မြစ်ငယ်ငါးရာ, ချောင်း,မြောင်း,အိုင်စသည်တို့၌ ရေခန်းခြောက်ကုန်၏။

## နေသုံးစင်းထွက်သောအခါဖြစ်ပုံ

၇၄-မေး။ ။နေသုံးစင်း ထွက်သောအခါ အဘယ်သို့ဖြစ်သနည်း။

၇၄-ဖြေ။ ။တတိယော သူရိယော ပါတုဘဝိတွာ ပဉ္စမဟာ နဒိယော သောသေတိ။

ဤသို့ ကျမ်းလာရကား- နေသုံးစင်းထွက်လတ်သောအခါ၌ မြစ်ကြီး ငါးစင်း၌ ရေခန်းခြောက်ကုန်၏။

ထွန်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
ရန်ကုန်
၂၁၄၇၂

### နေလေးစင်းထွက်သောအခါဖြစ်ပုံ

၇၅-မေး။ ။နေလေးစင်း ထွက်လတ်သော် အဘယ်သို့ ဖြစ်သနည်း။

၇၅-ဖြေ။ ။စတုတ္ထော သူရိယောပါတုဘဝိတွာ သတ္တမဟာသရေ သောသေတိ။

ဤသို့ ကျမ်းလာရကား- နေလေးစင်းထွက်သောအခါ၌ အနဝတတ်စသော အိုင်ကြီးခုနစ်အိုင်တို့၌ ရေခန်းခြောက်သတည်း။

### နေငါးစင်းထွက်သောအခါဖြစ်ပုံ

၇၆-မေး။ ။နေငါးစင်းထွက်သော် အဘယ်သို့ဖြစ်သနည်း။

၇၆-ဖြေ။ ။ပဉ္စမော သူရိယော ပါတုဘဝိတွာ မဟာသမုဒ္ဒံ သောသေတိ။

ဤသို့ ကျမ်းလာရကား-နေငါးစင်းထွက်သောအခါ မဟာသမုဒြာ၌ ရေတို့သည် ခန်းခြောက်ကုန်သတည်း။

### နေခြောက်စင်းထွက်သောအခါဖြစ်ပုံ

၇၇-မေး။ ။နေခြောက်စင်း ထွက်သော အခါ၌ အဘယ်သို့ ရှိသနည်း။

၇၇-ဖြေ။ ။ဆဋ္ဌော သူရိယော ပါတုဘဝိတွာ သကလစက္ကဝါဠံ ဧကဓူမံ ကရောတိ။

ဤသို့ ကျမ်းလာရကား- နေခြောက်စင်း ထွက်သောအခါ အလုံးစုံသော စကြဝဠာတိုက်ကို အခိုးအတိကိုပြု၏။

### နေခုနစ်စင်းထွက်သောအခါဖြစ်ပုံ

၇၈-မေး။ ။နေခုနစ်စင်း ထွက်သောအခါ၌ အဘယ်သို့ ရှိလေသနည်း။

၇၈-ဖြေ။ ။သတ္တမော သူရိယော ပါတုဘဝိတွာ ပထဝိယံ ဧကဇာလံ ဟုတွာ ပထဝီသိနေရုသတ္တပရိဘဏ္ဍဟိမဝန္တ ပဗ္ဗတာဒီနိ ဈာပေတွာ စာတုမဟာရာဇိကာဒိသု ကနကရဇတမဏိဝိမာနာဒီနိ ဈာပေတိ၊ တတော ပဋ္ဌာယ ပဌမဇ္ဈာနဘူမိံ ဈာပေတွာ အာဘဿရေ အာဟစ္စ တိဋ္ဌတိ။

ဤသို့ ကျမ်းလာရကား- နေခုနစ်စင်းထွက်လတ်သောအခါ နှစ်သိန်း ခုလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးသည် တခဲနက်မီးလျှံဖြစ်၍ ခမြကြီး, မြင်းမိုရ်, သတ္တရဘဏ်တောင်, ဟိမဝန္တာတောင် အစရှိသည် တို့ကို လောင်စေ၍ စတုမဟာရာဇ်စသော နတ်ပြည် ခြောက်ထပ်တို့၌ ဗိမာန်စသည်တို့ကို လောင်စေ၍ ထိုမှစ၍ ပဌမဈာန်ဘုံတို့ကိုလောင်စေ၍ အာဘဿရဘုံ၌ ထိလျက် တည်လေသတည်း။

## လောကဓာတ်တည်ရှိပုံ

၆၉-မေး။ ။နေခုနစ်စင်းထွက်၍ စကြဝဠာကိုက်အလုံး မီးလောင် ပြီးသော် လောကဓာတ်အဘယ်သို့ဖြစ်သနည်း။

၆၉-ဖြေ။ ။သဗ္ဗသင်္ခါရဂတံ ဈာပေတွာ အဂ္ဂိမှိနိဗ္ဗုတေ ဟေဋ္ဌာ အာကာသေန ဥပရိအာကာသော ဧကော မဟန္တ ကာရော ဟောတိ။

ဤသို့ ကျမ်းလာရကား– ခပ်သိမ်းသော လောကဓာတ်သင်္ခါရတို့ကို လောင်ပြီး၍ မီးငြိမ်းလတ်သော် အောက်ကောင်းကင်နှင့် အထက်ကောင်း ကင်သည် တစပ်တည်းဖြစ်၍ တခုသောအမိုက်တိုက်သာဖြစ်သတည်း။

## ကမ္ဘာပြုမိုးကြီးရွာပုံ

၇၀-မေး။ ။ကုဋေတသိန်းသော စကြဝဠာတိုက်ကို ကမ္ဘာဖျက် မီးကြီးလောင်၍ တစုံတခုသောဝတ္ထုမျှမရှိ၊ အောက် အထက်ကောင်းကင်တစပ်တည်း အမိုက်အတိသာဖြစ် သည်ရှိသော် ထိုနောက်ကာလ၌ အဘယ်သို့ ဖြစ်ပြန် သနည်း။

၇၀-ဖြေ။ ။သမ္ဘတ္တိ မဟာဒမဃော ဥဋ္ဌဟိတွာ ကောဋိသတသ ဟဿ စက္ကဝါဠေသု သဗ္ဗဥမှဋ္ဌာနံ ပူရေတွာအန္တရ ဓာယတိ။

ဤသို့ ကျမ်းလာရကား- အောက်အထက် ကောင်းကင်တစပ်တည်း အမိုက်အတိသာ ဖြစ်လေသော ကာလမှ နောက်ကာလ၌ ကမ္ဘာပြုမိုးပ်း ကြီးတက်လတ်၍ ကုဋေတသိန်းသော စကြဝဠာတိုက်တို့၌ အလုံးစုံသော မီးလောင်ရာအရပ်ဌာနတို့ကို ရေဖြင့်ပြည့်စေသတည်း။

## ကမ္ဘာပြုမိုယ်းရေ ခန်းခြောက်ပုံ

၈၁-မေး။ ။ကမ္ဘာပြုမိုယ်းကြီးရွာ၍ စကြဝဠာ ကုဋေတသိန်းမှ ဗြဟ္မာ့ပြည်တိုင်အောင် တခဲနက်သောရေအလုံးတို့သည် တည်ကုန်ဧသော် ထိုရေတို့သည် အဘယ်အရပ်သို့ စီး သွားလေကုန်သနည်း။

၈၁-ဖြေ။ ။ဇလတောစိတော ပဟရိတွာ ဥဒကံ သဏ္ဍပေန္တာ ကမေန ဥဒကံ ဘဿတိ။

ဤသို့ကျမ်းလာရကား-ထိုကမ္ဘာပြုမိုယ်းရေတို့သည် ထိုမှ၍မှ အချင်း ချင်းပုတ်ခတ်သဖြင့် ခိုင်ခံ့စွာသောရေအလုံးသည် အစဉ်အားဖြင့် ခန်း ခြောက်လေ၏။

## ကမ္ဘာသစ်တည်ပုံ

၈၂-မေး။ ။စကြဝဠာကုဋေတသိန်းမှ ဗြဟ္မာ့ပြည်တိုင်အောင်တည် သောရေအလုံး ခန်းခြောက်ပျောက်ပျက် လတ်သော် လောကဓာတ် အဘယ်သို့ ဖြစ်လေသနည်း။

၈၂-ဖြေ။ ။ကမ္ဘာပြုမိုယ်းရေခန်းခြောက်လတ်သော်–

(၁) ဗြဟ္မာ့ပြည်တည်ရာအရပ်၌ ဗြဟ္မာ့ပြည် ထင်ရှားစွာ ဖြစ်၏။

(၂) နတ်ပြည်တည်ရာအရပ်၌ နတ်ပြည်ထင်ရှားစွာဖြစ်၏။

(၃) လူတို့ဖြစ်ရာဌာန၌ကား ရသပထဝီဟူသော မြေသည် ကောင်းစွာရေပေါ်ရေထိပ်ထက် တည်လတ်၍ မနုဿလောကဓာတ် ဖြစ်၏၊ ဤသို့ အစဉ်အတိုင်း လောကဓာတ်ဖြစ်လေ၏။

## ကမ္ဘာဦးသူတို့ဖြစ်ပေါ်လာပုံ

၈၃-မေး။ ။မဟာပထဝီမြေ တည်ရာအရပ်၌ ရသပထဝီ တည် လတ်၍ မနုဿလောကဓာတ် ဖြစ်သည်ရှိသော် ဗြဟ္မာ့ ပြည်မှ ဗြဟ္မာတို့သည် မြေသင်းစား ဆင်းသက်လာ ကုန်သည်ဟူ၍ ဆိုကြသောစကား မှန်အံ့လော။

၇၃-ဖြေ။ ။ဧဝံ မနုဿလောကေ သဏ္ဍဟိတေ ဗြဟ္မလောကတော စဝိတွာ မနုဿာ ဩပပါတိကာ¦ဟုတွာ ဗြဟ္မာနော ဝိယ ဥပ္ပဇ္ဇန္တိ သယံပဘာ အန္တလိက္ခစရာ။

ဤသို့ကျမ်းလာရကား-ရသပထဝီတည်၍မနုဿလောကခေတ်ဖြစ်လတ်သော် ဗြဟ္မာတို့ဆင်းသက်၍ မြေသင်းစားအံ့သောငှါ မလာကုန်၊ ဗြဟ္မာ့ပြည်မှစုတေခဲ့၍ ဗြဟ္မာကဲ့သို့ လူဥပပါတ် ပုဂ္ဂိုလ်ဖြစ်၍ မိမိတို့ ကိုယ်ရောင်ဖြင့် ထွန်းပကုန်၏၊ ကောင်းကင်ခရီးဖြင့် သွားလာကြကုန်၏၊ဗြဟ္မာပကတိဆင်းသက်၍ မြေသင်းစားမလာကုန်။

## ကမ္ဘာဦး၌ ယောကျ်ားမိန်းမ မရှိ

၇၄-မေး။ ။ထိုကမ္ဘာဦး၌ဖြစ်လာကုန်သောသူတို့သည် ယောကျ်ားလော၊ မိန်းမလော။

၇၄-ဖြေ။ ။ဣတ္ထိပုရိသလိင်္ဂံ ပိ နတ္ထိ။

ဤသို့ကျမ်းလာသောကြောင့် ကမ္ဘာဦးသူတို့ ယောကျ်ားလည်းမဟုတ်၊ မိန်းမလည်းမဟုတ်ကုန်။

## ကမ္ဘာဦး၌ နပုံးသာဖြစ်ခြင်း

၇၅-မေး။ ။ကမ္ဘာဦးသူတို့ ယောကျ်ား,မိန်းမ မဟုတ်သော်နပုံး, ပဏ္ဍုက်,ဥဘတောဗျည်းပုဂ္ဂိုလ်တို့တွင် အဘယ်ပုဂ္ဂိုလ်ဖြစ်လေသနည်း။

၇၅-ဖြေ။ ။နပုံးဇကန်ဖြစ်သတည်း။

## ကမ္ဘာဦးသူတို့ အစာမစား

၇၆-မေး။ ။ကမ္ဘာဦးသူတို့ အစာစားကုန်၏လော။

၇၆-ဖြေ။ ။အာဟာရသေဝနံပိ နတ္ထိ။

ဤသို့ကျမ်းလာရကား-ကမ္ဘာဦးသူတို့သည် အစာအာဟာရကိုမစားမမှီဝဲကုန်။

## ကမ္ဘာဦးသူတို့ ပီတိဘက္ခရှိခြင်း

၇၇-မေး။ ။ကမ္ဘာဦးသူတို့သည် အစာအာဟာရကို မစား မသောက်သော် အဘယ့်ကြောင့် အသက်ရှင်ကြကုန်သနည်း။

၈၇-ဖြေ။ ။ပီတိဘက္ခာဝယေဝ အသခ်ေယျာယုကာ ဇီဝန္တိ။

ဤသို့ကျမ်းလာရကား-ထိုကမ္ဘာဦးသူတို့သည် ပီတိဟူသော အစာအာဟာရရှိကုန်သည်ဖြစ်၍ သာလျှင် အသင်္ချေယျကပ်ပတ်လုံး အသက်ရှင်ကုန်သတည်း။

### ကမ္ဘာဦးသူတို့ ဇီဝှါဝိညာဉ်ဖြစ်ချိန်

၈၈-မေး။ ။ကမ္ဘာဦးသူတို့ အဘယ်ကာလ၌ ဇိဝှါဝိညာဉ်ဖြစ်လေသနည်း။

၈၈-ဖြေ။ ။ရသပထဝိတော ရသံ အင်္ဂုလိယိ ဂဟေတွာ ဇိဝှဂ္ဂေ ဌပေသိ၊ တသ္မိံခဏေ ဇိဝှါဝိညာဏံ ဥပ္ပဇ္ဇတိ။

ဤသို့ကျမ်းလာရကား-ရသပထဝီအရသာကို လက်တို့ဖြင့်ယူ၍ လျှာပေါ်၌တင်ထားကုန်၏၊ ထိုအခါ၌ ကမ္ဘာဦးသူတို့အား ဇိဝှါဝိညာဉ်ဖြစ်သတည်း။

### ကမ္ဘာဦးသူတို့ မြေလွှာစားကြခြင်း

၈၉-မေး။ ။ကမ္ဘာဦးသူတို့ ရသပထဝီကို စားသောက်၍ ကာလရှည်လျားလတ်သော် တဏှာဒေါသ အစွမ်းကြောင့် ထိုရသပထဝီ ကွယ်ပျောက်လတ်သော် အဘယ်မည်သော အရသာပေါ်၍ စားကြလေကုန်သနည်း။

၈၉-ဖြေ။ ။တတော တေသံ ပုညာနုဘာဝေန အဟိစ္ဆတ္တကမကုဠာနိဝိယ ဘူမိပပ္ပဋကောနာမ ဥပ္ပဇ္ဇိ။ တေ တံ ဂဟေတွာ ခါဒိံသု။

ဤသို့ကျမ်းလာရကား—ထိုရသပထဝီကွယ်သည်နောက် ထိုသူတို့၏ ဘုန်းကြမ္မာအစွမ်းကြောင့် မှိုငုံ သဏ္ဌာန်ကဲ့သို့ မြေလွှာသည် တဘန်ဖြစ်ပြန်၍ ထိုမြေလွှာကိုစားကြရကုန်သတည်း။

### မြေလွှာကွယ်ပျောက်၍ နွယ်ချိုစားရခြင်း

၉၀-မေး။ ။ကမ္ဘာဦးသူတို့မြေလွှာကိုစား၍ ကာလရှည်လျားသဖြင့် တဏှာရာဂအစွမ်းကြောင့် ထိုမြေလွှာကွယ်ပြန်သော် အဘယ်အစာကို စားရလေကုန်သနည်း။

၉၀-ဖြေ။ ။တေသံ ပုညာနုဘာဝေန ပုန ပဒာလတာနာမရသ-ဝလ္လိယော ဥပ္ပဇ္ဇိံသု။ တေ တံ ဂဟေတွာ ခါဒိံသု။

ဤသို့ကျမ်းလာရကား—မြေလွှာကွယ်ခဲ့လတ်သော် ထိုသူတို့၏ အာနုဘော်ကြောင့် ပဘာလတာအမည်ရှိသောအရသာနှင့် ပြည့်စုံသောနွယ်ချိုသည်ဖြစ်လာ၍ ထိုနွယ်ချိုကိုစားကြရလေကုန်သတည်း။

## နွယ်ချိုကွယ်ပျောက်၍ သလေးဆန်စားရခြင်း

၉၁-မေး။ ။ပတာလတာ နွယ်ချိုကိုစား၍ ကာလရှည်မြင့်သဖြင့် ထိုနွယ်ချိုကွယ်ပြန်လတ်သော် အဘယ်အစာကိုစားကြရကုန်သနည်း။

၉၁-ဖြေ။ ။အထ သယံဇာတသာလိ ဥပ္ပဇ္ဇိ။

ဤသို့ကျမ်းလာရကား-ပတာလတနွယ်ချိုကွယ်သည့်နောက် အလိုလိုရောက်သော သလေးဆန်ဖြစ်ပြန်၍ ကမ္ဘာဦးသူတို့ စားရကုန်၏။

## သလေးဆန်ကိုစားပြီး၍ ကိုယ်ရောင်ကိုယ်ဝါကွယ်ခြင်း

၉၂-မေး။ ။ကမ္ဘာဦးသူတို့သည်သလေးဆန်တည်းဟူသော အစာအာဟာရကို သုံးဆောင် စားသောက်သောကာလ၌ ကိုယ်ရောင် ကိုယ်ဝါရှိကုန်သလော။

၉၂-ဖြေ။ ။တံ ဩဠာရိကာဟာရံ အနုဘဝန္တာနံ တဏှာယစကာမေန ဝမ္မိတတ္တာ သရီရပ္ပဘာ အန္တရဓာယိ။

ဤသို့ ကျမ်းလာရကား-ရှုန့်ရင်းသော သလေးဆန် အစာဟူသော အာဟာရကို ခံစားသောအားဖြင့် တဏှာရာဂတို့သည် အစဉ်အတိုင်းပွါးသောကြောင့် ကမ္ဘာဦးသူတို့အား ကိုယ်ရောင်ကိုယ်ဝါ ကွယ်လေ၏။

[ထိုကမ္ဘာဦးသူတို့ သလေးဆန်ကို စား၍ ကိုယ်ရောင်ကွယ်ခဲ့သော် ကောင်းကင်ခရီးဖြင့်ပျံသွားခြင်းငှါသော်သည်း မတတ်နိုင်ကုန်ဟုမှတ်ကုန်ရာသတည်း။]

## ကမ္ဘာဦးသူတို့တောင့်တသဖြင့် နေ၏အလင်းရောင်ရခြင်း

၉၃-မေး။ ။ကမ္ဘာဦးသူတို့ တန်းခိုး အရောင်အဝါ ပျောက်ကွယ်သော် အဘယ်မည်သောအရောင်ဖြစ်သနည်း။

၉၃-ဖြေ။ ။တေသံ စိန္တယန္တာနံ ပုညဗလေန ဖဂ္ဂုဏပုဏ္ဏမိယံ သူရိယမဏ္ဍလံ ဥပ္ပဇ္ဇတိ။

ဤသို့ကျမ်းလာရကား-ကမ္ဘာဦးသူတို့သည် မိမိတို့ကိုယ်ရောင်ကိုယ်ဝါ တန်းခိုးပျောက်ကွယ်ကုန်သော် ယခုအခါ၌ အဘယ်သို့လျှင် အလင်းကို

ရပါကုန်လတ္တံ့နည်းဟု ကြံကုန်တောင့်တကုန်သည်ရှိသော် ထိုသူတို့၏ အာနုဘော်အစွမ်းအားဖြင့် တပေါင်းလပြည့်နေ့၌ ယူဇနာ ၁၅၀-ရှိသော နေမိမာန်သည် ပေါ်လတ်၍ အလင်းဟူသော အရောင်ကို ရပြန်လေ သတည်း။

[ထိုနေမိမာန်သည် တဘန်ဝင်ပြန်ခဲ့သော် တခုသောအလင်းကို အဘယ်သို့ရပါကုန်အံ့နည်းဟု ကြံတောင့်တသောခဏ၌ ၁၄၇-ယူဇနာအဝန်းရှိသောလမိမာန်ဟူသောအလင်းရောင်သည်ပေါ်ထွက်လာသတည်းဟု မှတ်ကုန်ရာ၏။]

## ကမ္ဘာဦးသူတို့ယောကျ်ားမိန်းမ ဖြစ်လာရခြင်း

၉၄-မေး။ ။ကမ္ဘာဦး၌ဖြစ်ကုန်သော လူအပေါင်းတို့သည် အဘယ်ကာလသို့ ရောက်မှ ယောကျ်ား မိန်းမဟု အထင်အရှား ဖြစ်လေသနည်း။

၉၄-ဖြေ။ ။ကမ္ဘာဦးသူတို့သည် ရှန့်ရှင်းသောသလေးဆန်ဟူသော အာဟာရရသကို စားရသောကြောင့် ညစ်ညူးသော အစာဟောင်းဖြစ်၍ ထွက်သွန်ရာ ပဿာဝမဂ်,ဝစ္စမဂ်ဖြစ်ပြန်၍ နေလပေါ်သောကာလမှ စ၍ နောက်ကာလ၌ ထင်ရှားစွာဖြစ်သတည်း။

[တေ အညမညံ့ မေထုနဓမ္မံ ကရိံသု။ ဤသို့ ကျမ်းလာရကား– ထိုယောကျ်ား မိန်းမတို့သည် အချင်းချင်းကြည့်ကြကုန်လတ်သော် ရေး၌ပါသောဝါသနာအစွမ်းဖြင့် အချင်းချင်း မေထုနဓမ္မကိုကျင့်ကြလေကုန်သတည်းဟု မှတ်ရာ၏။]

## ပဒေသာပင်မှအဝတ်ပုဆိုးရယူခြင်း

၉၅-ဖြေ။ ။ကမ္ဘာဦးသူတို့ ဖုံးလွှမ်းစရာအဝတ်ပဆိုး အဘယ်မှာ ရ၍ဝတ်ရလေသနည်း။

၉၅-မေး။ ။တေမနုဿာ ကပ္ပရုက္ခတော ဝတ္ထာနိ ဂဟေတွာ အစ္ဆာဒယိံသု။

ဤသို့ကျမ်းလာရကား–ကမ္ဘာဦး၌ ဖြစ်ကုန်သော ယောကျ်ားမိန်းမတို့သည် မိမိတို့ဘုန်းကြောင့် ဖြစ်သော ကပ္ပရုက္ခဟူသော ပဒေသာပင်မှ အဝတ်ပုဆိုးတို့ကိုယူ၍ ဝတ်ကုန်ဖုံးလွှမ်းကုန်သတည်း။

[ထိုကမ္ဘာဦးသူတို့သည် သလေးဆန်တို့ကို ကာလရှည်စွာစား ကြ၍ တဏှာပွါးများသဖြင့် နေ့အဘို့ည့အဘို့ဟု သိမ်းထားခြင်း

ကြောင့် သလေးဆန်ကွယ်၍ စပါးသီးတို့သည် ဖြစ်ပြန်လေကုန်၏၊ ထိုမှစ၍ စပါးမျိုးစေ့ကို စိုက်ပျိုးခြင်းစသည်ဖြစ်သတည်းဟု မှတ်ကုန်ရာ၏။]

**စပါးသီးသောကာလ မဟာသမ္မတဖြစ်ပေါ်လာခြင်း**

၉၆-မေး။ ။မဟာသမ္မတမင်းဟူသည် အဘယ်ကာလတွင်ဖြစ်လေသနည်း။

၉၆-ဖြေ။ ။သလေးဆန်ကွယ်၍ စပါးသီးသောကာလ၌ လယ်ယာဋ္ဌာနသိမ်းဆည်းကြသောအခါဝယ် ငြင်းခုံခြင်းဝိဝါဒဖြစ်သောကာလ၌ ငါတို့ဘုရားအလောင်းတော်ကို ဒသမဘာဂဟု ဆိုအပ်သော ဆယ်ဘို့တဘို့ပေး၍ မဟာသမ္မတဟု သမုတ်၍ မင်းမြှောက်လေကုန်သတည်း။

**ကပ်လေးပါး**

၉၇-မေး။ ။ကပ်လေးပါးကား အဘယ်နည်း။

၉၇-ဖြေ။ ။(၁) သံဝဋ္ဋကပ်။ (၃) ဝိဝဋ္ဋကပ်။
(၂)သံဝဋ္ဋဋ္ဌာယီကပ်။ (၄)ဝိဝဋ္ဋဋ္ဌာယီကပ်။

ဟူ၍ ဤလေးကပ်တည်း။

**ကပ်လေးပါးသရုပ်အပိုင်းအခြား**

၉၈-မေး။ ။သံဝဋ္ဋစသော ကပ်လေးပါးတို့၏သရုပ်ကား အဘယ်နည်း။

၉၈-ဖြေ။ ။(၁) ကမ္ဘာဖျက်မိုယ်းရွာသည်မှ မီးလျှံစဲသည်တိုင်အောင်သောကာလသည် သံဝဋ္ဋကပ်မည်၏။
(၂) မီးလျှံပြတ်သည်မှ ကမ္ဘာပြုမိုယ်း ရွာသည်တိုင်အောင်သောကာလသည် သံဝဋ္ဋဋ္ဌာယီကပ်မည်၏။
(၃) ကမ္ဘာပြုမိုယ်းရွာသည်မှ နေ,လ ပေါ်သည်တိုင်အောင်သောကာလသည် ဝိဝဋ္ဋကပ်မည်၏။
(၄) နေ,လ ပေါ်သည်မှ နောင်ကမ္ဘာဖျက်မိုယ်းရွာသည်တိုင်အောင်သော ကာလသည် ဝိဝဋ္ဋဋ္ဌာယီကပ်မည်၏။

ဤသည်လျှင် ကပ်လေးပါး၏သရုပ်တည်း။

## နိယာမ ၅-ပါး

၉၉-မေး။ ။နိယာမငါးပါးဟူသည် အဘယ်နည်း။

၉၉-ဖြေ။ ။(၁) ဥတုနိယာမ။ (၃) ဓမ္မနိယာမ။
(၂) ဗီဇနိယာမ။ (၄) ကမ္မနိယာမ။
(၅) စိတ္တနိယာမ။

ဤသည်လျှင် နိယာမငါးပါးတည်း။

## မီး ၁၁-ပါး

၁၀၀-မေး။ ။မီး ၁၁-ပါးကား အဘယ်နည်း။

၁၀၀-ဖြေ။ ။ရာဂ ,ဒေါသ, မောဟ, ဇာတိ, ဇရာ,မရဏ,သောက, ပရိဒေဝ,ဒုက္ခ,ဒေါမနဿ, ဥပါယာသ။

ဤသည်လျှင် မီး ၁၁-ပါးတည်း။

## ကြည့်ခြင်း ၅-ပါး

၁၀၁-မေး။ ။ငါတို့ ဘုရားအလောင်းတော် တုသိတာနတ်ပြည်မှ ကြည့်ခြင်းငါးပါးတို့ဖြင့် ကြည့်တော်မူသည်ကား အဘယ်နည်း။

၁၀၁-ဖြေ။ ။ကာလ,ဒီပ, ဒေသ, ကုလဇနေတ္တိ, အာယုပရိစ္ဆေဒ။

ဤငါးပါးတည်း။

[ထိုငါးပါးသောကြည့်ခြင်းတို့တွင်

ကာလဟူသည်ကား- ဘုရားဖြစ်အံ့သောကာလကို ကြည့်တော်မူသည်။

ဒီပ ဟူသည်ကား-ဖြစ်ရာကျွန်းကို ကြည့်တော်မူသည်။

ဒေသဟူသည်ကား-ဖြစ်ရာအရပ်ကိုကြည့်တော်မူသည်။

ကုလဇနေတ္တိဟူသည်ကား-အမျိုးကိုရင်း,မယ်တော်,ခမည်းတော်ကိုရင်း ကြည့်တော်မူသည်။

အာယုပရိစ္ဆေဒဟူသည်ကား - သက်တော်အပိုင်းအခြားကို ကြည့်တော်မူသည်။

ဤကား- ကြည့်ခြင်းငါးပါး၏ သရုပ်တည်းဟု မှတ်ကုန်ရာသတည်း။]

### ဘုရားမပွင့်သော ကာလ

**၁၀၂-မေး။** ။ဘုရားမပွင့်သောကာလကား အဘယ်နည်း။

**၁၀၂-ဖြေ။** ။ဝဿသတသဟဿတော ဥဒ္ဓံ ဝဿသတတော ဦနဥ္စ အကာလော။

ဤသို့ကျမ်းလာရကား-အနှစ်တသိန်းနေသောကာလမှ အထက်၌၎င်း, အနှစ်တရာနေသောကာလမှ အောက်ယုတ်သောကာလ၌၎င်း ဘုရားရှင်တို့မဖြစ်ကုန်။

ဤသည်လျှင် ဘုရားမပွင့်သောကာလတည်း။

### ဘုရားပွင့်မည်ကိုအနှစ် ၁၀၀၀-ကသိခြင်း

**၁၀၃-မေး။** ။ဘုရားဖြစ်လတ္တံ့ဟု အတိမျှလောက်သော နှစ်ကာလက သိရသနည်း။

**၁၀၃-ဖြေ။** ။အနှစ်တထောင်ကာလကပင် သိရသတည်း။

### ဘုရားပွင့်ရန်ကြိုတင်သိရခြင်းအကြောင်း

**၁၀၄-မေး။** ။ဘုရားဖြစ်လတ္တံ့ဟု အနှစ်တထောင်ကပင် အဘယ့်ကြောင့် သိနိုင်ရခဲလသနည်း။

**၁၀၄-ဖြေ။** ။လောကဗျူဟာနာမ ကာမာဝစရဒေဝါ မနုဿလောကေ ဝိစရန္တာ“ဣတော ဝဿသဟဿစ္စယေန ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇိဿတီ”တိ ဥဃ္ဃောသေန္တိ။

ဤသို့ ကျမ်းလာရကား- လောကဗျူဟာမည်သော ကာမာဝစရနတ်သည် ဤနေ့မှ အနှစ်တထောင်လွန်လျှင် လူ့ပြည်၌ ဘုရားဖြစ်လတ္တံ့ဟု ကြွေးကြော်သောကြောင့် အနှစ် တထောင်ကပင် သိနိုင်သတည်း။

### ဘွားစအလောင်းတော်၏ သုံးခွန်းသောစကား

**၁၀၅-မေး။** ။မယ်တော် မဟာမာယာဒေဝီဝမ်းမှ ဘုရားလောင်း ဘွားသောခဏ၌ မြောက်သို့ခုနစ်လှမ်း လှမ်းတော်မူ၍ သုံးခွန်းဆိုတော်မူသည်ကား အဘယ်နည်း။

**၁၀၅-ဖြေ။** ။ဘုရားလောင်း ဘွားတော်မူသောကာလ ခုနစ်လှမ်းသွားတော်မူ၍ သုံးခွန်းဆိုတော်မူသည်ကား ဤသို့တည်း။

အဂ္ဂေါဟမသ္မိ လောကဿ, သေဋ္ဌောဟမသ္မိ လောကဿ၊ ဇေဋ္ဌောဟမသ္မိ လောကဿ, အယမန္တိမာ ဇာတိ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါတိ သီဟနာဒံ နဒိ။ ။

အနက်ကား။ ။လောကဿ-လောကသို့၊ လူအပေါင်း၌။ အဟံ၊ ငါသည်။ အဂ္ဂေါ၊မြတ်သည်။ အသ္မိ၊ဖြစ်၏။ လောကဿ-လောကသို့၊ လူအပေါင်း၌။ အဟံ၊ ငါသည်။ သေဋ္ဌော၊ မြတ်သည်။ အသ္မိ၊ ဖြစ်၏။ လောကဿ-လောကသို့၊လူအပေါင်း၌။ အဟံ၊ ငါသည်။ ဇေဋ္ဌော၊ ကြီးသည်။အသ္မိ၊ ဖြစ်၏။ အယံ၊ ဤသည်ကား။ ဇာတိ၊ ပဋိသန္ဓေနေခြင်းသည်။ အန္တိမာ၊ အဆုံးဖြစ်၏။ ပုနဗ္ဘဝေါ၊ တဖန်ပဋိသန္ဓေနေခြင်းသည်။ ဒါနိ၊ ယခုအခါ၌။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့။ သီဟနာဒံ၊ ခြင်္သေ့မင်း၏ အသံနှင့်တူသော အသံကို။ နဒိ၊ ကျူးရင့်တော်မူ၏။

ဤကား-သုံးခွန်းဆို၍ဟွားတော်မူသော စကားတော်၏အနက်တည်း။

## လက္ခဏာဘတ် ပုဏ္ဏားရှစ်ယောက်

**၁၀၆-မေး။** ။ဘုရားအလောင်းတော်ကိုလက္ခဏာဘတ်သောပုဏ္ဏား အတီမျှလောက် အရေအတွက်ရှိသနည်း။

**၁၀၆-ဖြေ။** ။တိဏ္ဏံ ဝေဒါနံ ပါရဂူ အဋ္ဌုတ္တရသတေ ဗြာဟ္မဏေ နိမန္တေတွာ သက္ကာရံ ကတွာ တေသုပိ အဋ္ဌ-ဗြာဟ္မဏေ ဥစ္စိနိတွာ လက္ခဏာနိ ပြလောကာ ပေသုံ။

ဤသို့ကျမ်းလာရကား-ဗေဒင် သုံးပုံ၌ လိမ္မာကုန်သော တရာ့ရှစ်ယောက်သော ပုဏ္ဏားတို့တွင် ရှစ်ယောက်သောပုဏ္ဏားတို့ကိုရွေး၍ လက္ခဏာတို့ကို ကြည့်စေ ဘတ်စေကုန်သတည်းဟု ဆိုသောကြောင့် လက္ခဏာဘတ်သောပုဏ္ဏားကား ရှစ်ယောက်တည်း။

## ကေန်ဘုရားဖြစ်အံ့ဟု ကောဏ္ဍညပုဏ္ဏားလက္ခဏာဘတ်ခြင်း

**၁၀၇-မေး။** ။ရှစ်ယောက်သောပုဏ္ဏားတို့သည် လက္ခဏာ အတူတူပင် ဘတ်ကြကုန်သလော။

**၁၀၇-ဖြေ။** ။ရှစ်ယောက်သော ပုဏ္ဏားတို့တွင် ခုနစ်ယောက်တို့ကား လက်ညှိုးနှစ်ချောင်းကိုပြ၍ လူ၏ဘောင်၌နေမူကား စကြာမင်း

ဖြစ်လတ္တံ့၊ ဒုဟန်းတည်းဖြစ်မှုကား ဘုရားမချွတ်ဖြစ်လတ္တံ့ဟု ဘတ်ကုန်၏၊ ကောဏ္ဍညပုဏ္ဏားငယ်တယောက်မှုကား လက်ညှိုးတချောင်းကိုသာပြ၍ ကေန်စင်စစ်မချွတ်လျှင် ဘုရားဖြစ်လတ္တံ့ဟု ဘတ်၏။

စကြဝဠာတိုက်အလျားယူဇနာ

၁၀၈-မေး။ ။စကြဝဠာတိုက်အလျားယူဇနာ အဘိမျှသချာ ရှိသနည်း။

၁၀၈-ဖြေ။ ။ဒွါဒသသတသဟဿာနိ၊ စတုတ္တိံသ သတာနိစ၊ ပညာသယောဇနာနီတိ၊ စက္ကဝါဠဿာယ ံမတော။

ဤသို့ကျမ်းလာရကား-စကြဝဠာတိုက်အလျား ယူဇနာသချာ တသန်းနှစ်သိန်း သုံးထောင့် လေးရာ့ ငါးဆယ်ရှိ၏။

စကြဝဠာတိုက်အဝန်းယူဇနာ

၁၀၉-မေး။ ။စကြဝဠာတိုက် အဝန်း ယူဇနာသချာ အဘိမျှရှိသနည်း။

၁၀၉-ဖြေ။ ။သဗ္ဗံ သတသဟဿာနိ၊ ဆတ္တိံသပရိမဏ္ဍလံ။ ဒသစ္စေဝ သဟဿာနိ၊ အဍ္ဎုဍ္ဎာနိ သတာနိစ။

ဤသို့ကျမ်းလာရကား-စကြဝဠာတိုက်အဝန်း ယူဇနာသုံးသန်းခြောက်သိန်း တသောင်း သုံးရာ့ ငါးဆယ်ရှိ၏။

စကြဝဠာတံတိုင်းအမြင့်ယူဇနာ

၁၁၀-မေး။ ။စကြဝဠာတံတိုင်းကား အဘိမျှမြင့်သနည်း။

၁၁၀-ဖြေ။ ။စကြဝဠာတံတိုင်းအမြင့်ကား-ရှစ်သောင်း နှစ်ထောင်အမြင့်ရှိ၏။

[ရေထဲသို့လည်း ရှစ်သောင်းနှစ်ထောင် ငုပ်လေသတည်း။]

မြေအထု

၁၁၁-မေး။ ။မြေအထုကား-အဘိမျှရှိသနည်း။

၁၁၁-ဖြေ။ ။မြေအထုကား-နှစ်သိန်းလေးသောင်းရှိ၏။

ရေအထု

၁၁၂-မေး။ ။မြေကိုခံသောရေအထုကား-အဘိမျှရှိသနည်း။

၁၁၂-ဖြေ။ ။လေးသိန်း ရှစ်သောင်းရှိ၏။

## လေအထု

**၁၁၃-မေး။** ။ရေကိုခံသော လေအထုကား-အဘယ်မျှသချ်ာ ရှိသနည်း။

**၁၁၃-ဖြေ။** ။ကိုးသိန်း ခြောက်သောင်းရှိ၏။

## တယူဇနာ၏အချင့်တာ

**၁၁၄-မေး။** ။တယူဇနာသည် အဘယ်မျှအချင့်ရှိသနည်း။

**၁၁၄-ဖြေ။** ။ဓနုပဉ္စသတံကောသံ၊ စတုကောသဥ္စဂါဝုတံ။
ဂါဝုတာနိစ စတ္တာရိ၊ယောဇနန္တိ ပဝုစ္စတိ။

ဤသို့ဆရာတို့မိန့်ကုန်ရကား- ကုပ်လုပ်လေးတာအပြန် ငါးရာသည် တကောသမည်၏၊ လေးကောသသည် တဂါဝုတ်မည်၏၊ လေးဂါဝုတ်သည် တယူဇနာမည်၏၊ ဤသည်လျှင် ယူဇနာအချင့်တည်း။

[ဤယူဇနာသချ်ာတာကား စကြဝဠာကို ချင့်သောတာဟု ဆရာတို့မိန့်ကုန်သတည်း။]

## မြင်းမိုရ်တောင်ကိုယူဇနာ ချင့်တွက်ပုံ

**၁၁၅-မေး။** ။မြင်းမိုရ်တောင်ကို ချင့်သော သချ်ာယူဇနာကား-အဘယ်မျှနည်း။

**၁၁၅-ဖြေ။** ။သတ္တဟတ္ထော္မတောဒဏ္ဍော၊ဒဏ္ဍောဝီသတိဥသဘော၊
အသီတိ ဥသဘာဂါဝီ၊ ဂါဝီစတ္တာရိ ယောဇနံ။

ဤသို့ ဆရာတို့မိန့်တော်မူကုန်ရကား- လူတို့ခုနစ်တောင်သည် တတာမည်၏၊အတာနှစ်ဆယ်သည် တဥသဘမည်၏၊ ဥသဘရှစ်ဆယ်သည် တဝါဝုတ်မည်၏၊ လေးဂါဝုတ်သည် တယူဇနာမည်၏။

ဤသည်လျှင် မြင်းမိုရ်တောင်ကို ချင့်သော ယူဇနာသချ်ာတည်း။

## ဘုရားတဆူတဆူဥ်ကျွတ်သောဝေနေယျမျှား

**၁၁၆-မေး။** ။တဆူတဆူသော ဘုရားသခင်တို့ ချွတ်တော်မူသော ဝေနေယျတို့ကား- အဘယ်မျှ သချ်ာ အရေအတွက်ရှိသနည်း။

**၁၁၆-ဖြေ။** ။နှစ်ဆယ့်လေးသင်္ချေနှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေတသိန်းရှိ၏။

## ဘုရားလောင်းစံရာပြာသာဒ်သုံးဆောင်

၁၁၇-မေး။ ။ငါတို့ဘုရားအလောင်း သိဒ္ဓတ်မင်းသား စံတော်မူသောနန်းပြာသာဒ်သုံးဆောင်ကား-အဘယ်အမည်ရှိသနည်း။

၁၁၇-ဖြေ။ ။ရမ္မ,သုဘ,သုရမ္မ။

ဤသည်လျှင် ပြာသာဒ် သုံးဆောင်အမည်တည်း။

## ရမ္မပြာသာဒ်ကား ဘုံ ၉-ဆင့်

၁၁၈-မေး။ ။ရမ္မ ပြာသာဒ်ကား-ဘုံဆင့်အတိမျှရှိသနည်း။

၁၁၈-ဖြေ။ ။နဝဘူမိကံ ရမ္မံနာမ။

ဤသို့ ကျမ်းလာရကား-ဘုံကိုးဆင့်ရှိ၏။

## သုဘပြာသာဒ်ကား ဘုံ ၇-ဆင့်

၁၁၉-မေး။ ။သုဘပြာသာဒ်ကား-အတိမျှ ဘုံဆင့်ရှိသနည်း။

၁၁၉-ဖြေ။ ။သတ္တဘူမိကံ သုဘံနာမ။

ဤသို့ ကျမ်းလာရကား-သုဘနန်းပြာသာဒ်ကား-ဘုံခုနစ်ဆင့်ရှိ၏။

## သုရမ္မပြာသာဒ်ကား ဘုံ ၅-ဆင့်

၁၂၀-မေး။ ။သုရမ္မပြာသာဒ်ကား-အတိမျှဘုံဆင့်ရှိသနည်း။

၁၂၀-ဖြေ။ ။ပဉ္စဘူမိကံ သုရမ္မံနာမ။

ဤသို့ကျမ်းလာရကား-သုရမ္မနန်းပြာသာဒ်ကား-ဘုံငါးဆင့်ရှိသတည်း။

## ပြာသာဒ်သုံးဆောင်ပမာဏတူခြင်း

၁၂၁-မေး။ ။ရမ္မ,သုဘ, သုရမ္မ၊ ပြာသာဒ်သုံးဆောင် အတိုင်းအရှည်ပမာဏသချာကွဲပြားသလော။

၁၂၁-ဖြေ။ ။သဗ္ဗေအာယာမဝိတ္ထာရေနုဥဗ္ဗေဓေနစ သမပ္ပမာဏာ။

ဤသို့ ကျမ်းလာရကား-ပြာသာဒ်သုံးဆောင်တို့ အလျား အနံ အမြင့်တူမျှသောပမာဏရှိကုန်၏။

## ဆံတော်ပယ်၍ဓိဋ္ဌာန်ပစ်ခြင်း

၁၂၂-မေး။ ။သိဒ္ဓတ်မင်းသား တောထွက်တော်မူသောအခါ အနော်မာမြစ်နား၌ ပယ်တော်မူသော ဆံတော်ကို အဘယ်သို့ဓိဋ္ဌာန်၍ပစ်လေသနည်း။

၁၂၂-ဖြေ။ ။အဟံ ဗုဒ္ဓေါဘဝိဿာမိ အာကာသေတိဌတု၊နောစေ ဘူမိယံ ပတတူတိ အာကာသေ ခိပိ။

ဤသို့ ကျမ်းလာရကား ဆံတော်ကိုပယ်ဖြတ်တော်မူပြီးလျှင် ငါတည်း ဘုရားဖြစ်ပါမူ ဤဆံတို့သည် ကောင်းကင်၌ တည်စေသတည်း၊ ဘုရား မဖြစ်မူကား မြေသို့ကျစေသတည်းဟု မိန့်ဆိုသနစ်၍ ကောင်းကင်သို့ ပစ်လေသတည်း။

## ဆံတော်ကောင်းကင်၌တည်ခြင်း

၁၂၃-မေး။ ။သိဒ္ဓတ်မင်းသားမိန့်ဆိုနစ်၍ ကောင်းကင်သို့ ပစ်လိုက်သော် အတိမျှသော ကောင်းကင်၌ ဆံတော်တည်လေသနည်း။

၁၂၃-ဖြေ။ ။ယောဇနပ္ပမာဏဌာနံဂန္တွာ အာကာသေအဌာသိ။

ဤသို့ ကျမ်းလာရကား-ကောင်းကင်သို့မိန့်ဆိုနစ်၍ပစ်သောဆံတော်သည် တယူဇနာမျှသော ကောင်းကင်၌ တည်လေသတည်း။

## ဆံတော်ယူ၍စူဠာမဏိစေတီတည်ခြင်း

၁၂၄-မေး။ ။ကောင်းကင်၌တည်သော သိဒ္ဓတ်မင်းသား ဆံတော်ကို အဘယ်နတ်ယူ၍ အဘယ်မည်သောအရပ်၌ ထား လေသနည်း။

၁၂၄-ဖြေ။ ။သက္ကော ဒေဝရာဇာ ဒိသွာ ယောဇနိကေန ရတန စင်္ကောဋကေန ပဋိဂ္ဂဟေတွာတာဝတိံသဘဝနေတိ- သဃောဇနိကံ စူဠာမဏိစေတိယံနာမ ပတိဋ္ဌပေသိ။

ဤသို့ ကျမ်းလာရကား-ကောင်းကင်၌ တည်လျက်ရှိသော ဆံတော်ကို သိကြားမင်းမြင်၍ တယူဇနာရှိသော ရတနာပန်းတောင်းဖြင့် ခံယူ၍ တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော စူဠာမဏိအမည်ရှိသော စေတီတည်ထား၍ ဌာပနာလေသတည်း။

## ဆံတော်ကိုသန်လျက်ဖြင့်ဖြတ်ခြင်း

၁၂၅-မေး။ ။သိဒ္ဓတ်မင်းသားဆံဖြတ်ရာ၌ ပဲခွပ်သင်တုန်းတို့ဖြင့် ဖြတ်လေသလော၊ ထားသန်လျက်ဖြင့် သော်လည်း ဖြတ်လေသလော။

၁၂၅-ဖြေ။ ။ဒက္ခိဏဟတ္ထေန ပရမနိသိတံ အသိံ ဝရံ ဂဟေတွာ ဝါမဟတ္ထေနမောဠိယာသဒ္ဓိံ စူဠံ ဂဟေတွာ ဆိန္ဒတိ။

ဤသို့ ကျမ်းလာရကား-ဆံတော်ကို ပဲခွပ်သင်တုန်းတို့ဖြင့် မဖြတ်၊သန်လျက်ထားဖြင့် ဖြတ်လေသတည်း။

## ဆံတော် လက် ၂-သစ်မျှကြွင်းကျန်ခြင်း

၁၂၆-မေး။ ။သိဒ္ဓတ်မင်းသား ဆံတော်ပယ်ဖြတ်ရာ ဆံတော်အတိုင်းအရှည် အတိမျှလောက် ကျန်လေသနည်း။

၁၂၆-ဖြေ။ ။ကေသာ ဒွင်္ဂုလမတ္တာ ဟုတွာ ဒက္ခိဏတော အာဝဋ္ဋမာနာ သီသေ အလ္လီယိံသု။

ဤသို့ ကျမ်းဂန်လာရကား- သိဒ္ဓတ်မင်းသား ဆံတော် လက်နှစ်သစ်အတိုင်းအရှည်ကြွင်းကျန်သည်ဖြစ်၍ လက်ျာရစ်လည်လျက် တည်လေသတည်း။

## ဆံတော် လက် ၂-သစ်သာ အမြဲတည်ရှိခြင်း

၁၂၇-မေး။ ။လက်နှစ်သစ်မျှကျန်သော သိဒ္ဓတ်မင်းသား ဆံတော်သည် ဘုရားအဖြစ်သို့ရောက်၍ သဗ္ဗဝိသဇ္ဇနာန်တော်ပတ်လုံး လက်နှစ်သစ်အတိုင်းပင် တည်လေသလော၊ တဘန်ရှည်ပြန်သလော။

၁၂၇-ဖြေ။ ။တေသံ ပန ကေသာနံ ယာဝဇီဝံ တမေဝ ပမာဏံ အဟောသိ။

ဤသို့ ကျမ်းလာရကား-ထိုလက်နှစ်သစ်သောဆံတော်တို့သည် သဗ္ဗဝိသဇ္ဇနာန်တော်ပတ်လုံး လက်နှစ်သစ်ပမာဏ အတိုင်းအရှည် သာလျှင် တည်၏၊ တဘန်ရှည်ပြန်ခြင်းမရှိပြီ။

## ဃဋီကာရဗြဟ္မာလှူသောသပိတ်ကွယ်ခြင်း

၁၂၈-မေး။ ။ဃဋီကာရဗြဟ္မာကပ်လှူသောသပိတ်ကား အဘယ်မှာ ရှိလေသနည်း။

၁၂၈-ဖြေ။ ။သုဇာတာ သူဌေးသမီး ရွှေခွက်နှင့် ဃနာနို့ဆွမ်းလှူ၍ ရွှေခွက်ကို ခံယူသောခဏ၌ ကွယ်လေသတည်း။

## ကဏ္ဍကမြင်း တာဝတိံသာ၌ ဖြစ်ခြင်း

၁၂၉-မေး။ ။သိဒ္ဓတ်မင်းသား တောထွက်တော်မူသော အခါ၌ ကဏ္ဍကမြင်းသည် ဘုရားအလောင်းတော်နှင့် ကွေကွင်းသောဆင်းရဲဘေးကို သည်းခံခြင်းငှါမတတ်နိုင်၍ စုတေ့လတ်သော် အဘယ်အရပ်၌ ဖြစ်လေသနည်း။

၁၂၉-ဖြေ။ ။တာဝတိံသ ဘဝနေ ကဏ္ဍကောနာမ ဝေဒပုတ္တော ဟုတွာ နိဗ္ဗတ္တိ။

ဤသို့ ကျမ်းလာရကား-ကဏ္ဍကမြင်းသည် ကွေကွင်းခြင်း ဆင်းရဲဘေးကြောင့် စုတေ့လေသော် တာဝတိံသာနတ်ပြည်၌ ကဏ္ဍကအမည်ရှိသော နတ်သားဖြစ်လေသတည်း။

## အခြားစကြဝဠာ၌ ဘုရားမပွင့်

၁၃၀-မေး။ ။ခပ်သိမ်းသောစကြဝဠာတိုက်တို့၌ဘုရားသခင်တို့ ပွင့်တော်မူကုန်သလော။

၁၃၀-ဖြေ။ ။ဣမံ စက္ကဝါဠံ ဌပေတွာ အနန္တ စက္ကဝါဠေသု ဗုဒ္ဓါ နုပ္ပဇ္ဇန္တိ။

ဤသို့ ကျမ်းလာရကား-ဤငါတို့စကြဝဠာတိုက်မှတပါး အခြားသော အနန္တစကြဝဠာတိုက်တို့၌ ဘုရားသခင်တို့ ပွင့်တော်မမူကုန်။

## ဘုရားသခင်တို့ ပစ္စန္တရစ်၌ အရဟာမခံ

၁၃၁-မေး။ ။ဘုရားသခင်တို့သည် ပစ္စန္တရစ်ဇနပုဒ် အရပ်တို့၌ အရဟာခံတော်မူသလော။

၁၃၁-ဖြေ။ ။ဗုဒ္ဓါနာမ ပစ္စန္တိကဇနပဒေသု အရဟာံ နံ ဥဋ္ဌာပေန္တိ။

ဤသို့ ကျမ်းလာရကား- ဘုရားသခင်တို့မည်သည် ပစ္စန္တရစ်ဇနပုဒ်တို့၌ အရဟာခံတော်မမူ၊ မဇ္ဈိမဒေသအရပ်တို့၌သာ အရဟာခံတော်မူသတည်း။

## ဘုရားသခင် တာဝတိံသာမှာလည်း အရဟာမခံ

၁၃၂-မေး။ ။မဇ္ဈိမဒေသအရပ်တို့၌သာ ဘုရားသခင် အရဟာခံမြဲ ဟုဆိုသော် တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူသောအခါ အဘယ်သို့ အရဟာခံတော်မူလေ သနည်း။

**၁၃၂-ဖြေ။** ။တာဝတိံသာ၌ ဘုရားသခင် ဝါဆိုတော်မူသောအခါ ဇမ္ဗူဒီပါကျွန်း, မဇ္ဈိမဒေသသို့ သက်ကြွတော်မူ၍ အရှက်ခံတော်မူသတည်း။

## လူတို့ဆွမ်းကိုသာဘုဉ်းပေးခြင်း

**၁၃၃-မေး။** ။ဝါတွင်းသုံးလပတ်လုံး တာဝတိံသာ၌ ဝါဆိုတော်မူသောအခါ ဘုရားသခင်သည် နတ်တို့ဆွမ်းကို ဘုဉ်းပေးတော် မူသလော။

**၁၃၃-ဖြေ။** ။တာဝတိံသာ၌ ဝါဆိုတော်မူသောအခါ ဘုရားသခင်သည် နတ်တို့ဆွမ်းကိုမဘုဉ်းပေး၊ လူတို့ဆွမ်းကိုသာ ဘုဉ်းပေးတော်မူသတည်း။

## မြောက်ကျွန်းသူတို့ဆွမ်းကိုသာ ဘုဉ်းပေးခြင်း

**၁၃၄-မေး။** ။လူတို့ဆွမ်းကိုသာ ဘုဉ်းပေးတော်မူသော် အဘယ်ကျွန်းသူတို့၏ဆွမ်းကို ဘုဉ်းပေးတော်မူလေသနည်း။

**၁၃၄-ဖြေ။** ။တာဝတိံသာ၌ ဝါဆိုတော်မူသောအခါ ,မြောက်ဥတ္တရကုရုကျွန်းသူတို့၏ ဆွမ်းကိုဘုဉ်းပေးတော်မူသတည်း။

## မြောက်ကျွန်း ဆွမ်းခံချိန်

**၁၃၅-မေး။** ။မြောက်ဥတ္တရကုရုကျွန်း၌ ဘုရားသခင်ဆွမ်းခံတော်မူသည်ကားအဘယ်အချိန်ကာလခံတော်မူလေသနည်း။

**၁၃၅-ဖြေ။** ။လေးကျွန်းလုံးကိုလှည့်လည်သော နေစက်ဝန်းလည်သည်ကိုထောက်သော် ဇမ္ဗူဒီပါကျွန်း၌အရှက်ခံတော်မူပြီးမှ ဆွမ်းခံကြွတော်မူသည် ဖြစ်သောကြောင့်မြောက်ဥတ္တရကုရုကျွန်း၌ညအချိန်ဘုရားသခင် ဆွမ်းခံတော်မူသတည်း။

## နိမ္မိတဘုရားတရားဟောတော်မူခြင်း

**၁၃၆-မေး။** ။ဘုရားသခင်ဆွမ်းခံကြွတော်မူသောအခါ တာဝတိံသာနတ်ပြည်၌ ကိုယ်စားတော်စား အဘယ်မည်သောပုဂ္ဂိုလ်တရားဟောတော်မူလေသနည်း။

**၁၃၆-ဖြေ။** ။ဘုရားသခင်ဆွမ်းခံကြွတော်မူသောအခါ တာဝတိံသာနတ်ပြည်၌ ကိုယ်စားတော်ဘန်ဆင်း၍ထားခဲ့သော နိမ္မိတဘုရားက တရားဟောတော်မူသတည်း။

## နိမိတ္တဘုရားကိုတန်းခိုးကြီးသောနတ်တို့သာသိခြင်း

၁၃၇-မေး။ ။လူ့ပြည်သို့ ဆွမ်းခံကြွတော်မူသောအခါ၌ ကိုယ်စား တော်ဘန်ဆင်း၍ တရားဟောစိမ့်သောငှါ ထားခဲ့တော် မူသောအဖြစ်ကို နတ်တို့သိကောင်းအံ့လော။

၁၃၇-ဖြေ။ ။ကိုယ်စားနိမ္မိတဘုရား တရားဟောစိမ့်သောငှါ ဘန် ဆင်းထားခဲ့သောအဖြစ်ကို နတ်ဗြဟ္မာဟူသမျှအကုန်မသိရာ၊ တန်းခိုးကြီး သောနတ်ဗြဟ္မာတို့သာ သိရာသိကောင်း၏။

## ဆင်ဆယ်မျိုး

၁၃၈ မေး။ ။ဆင်မျိုးဆယ်ပါးဟူသည် အဘယ်နည်း။

၁၃၈-ဖြေ။ ။ကာဠာဝကဥ္စ ဂင်္ဂေယျံ၊ ပဏ္ဍရံ တမ္ဗပိင်္ဂလံ။ ဂန္ဓမင်္ဂလဟေမဥ္စ၊ ဥပေါသထဆဒ္ဒန္တိမေဒသ။

ဤသို့ကျမ်းလာရကား—

(၁) ကာဠာဝကဆင်။ (၆) ဂန္ဓဆင်။
(၂) ဂင်္ဂေယျဆင်။ (၇) မင်္ဂလဆင်။
(၃) ပဏ္ဍရဆင်။ (၈) ဟေမဆင်။
(၄) တမ္ဗဆင်း။ (၉) ဥပေါသထဆင်။
(၅) ပိင်္ဂလဆင်။ (၁၀) ဆဒ္ဒန်ဆင်။

ဤသည်လျှင် ဆင်မျိုးဆယ်ပါးတည်း။

## ဆင်ဆယ်မျိုးတို့အဆင့်ဆင့်ရှိသောအားခွန်ဗလ

၁၃၉-မေး။ ။ကာဠာဝကစသော ဆင်မျိုးဆယ်ပါးတို့ကား အတီမျှ အားခွန်ဗလရှိသနည်း။

၁၃၉ ဖြေ။ ။ကာဠာဝကဆင်ကား- မဇ္ဈိမပုရိသယောကျ်ားတကျိပ် အားကို ဆောင်နိုင်သတည်း။

ဂင်္ဂေယျဆင်ကား-ကာဠာဝကဆင်ဆယ်စီးအားကို ဆောင်နိုင် သတည်း။

ပဏ္ဍရဆင်ကား- ဂင်္ဂေယျဆင်ဆယ်စီးအားကို ဆောင်နိုင် သတည်း။

တမ္ဗဆင်ကား- ပဏ္ဍရဆင်ဆယ်စီးအားကို ဆောင်နိုင်သ တည်း။

ပိင်္ဂလဆင်ကား- တမ္ဗဆင်ဆယ်စီးအားကို ဆောင်နိုင်သတည်း။

ဂန္ဓဆင်ကား- ပိင်္ဂလဆင်ဆယ်စီးအားကို ဆောင်နိုင်သတည်း။

မင်္ဂလဆင်ကား- ဂန္ဓဆင်ဆယ်စီးအားကို ဆောင်နိုင်သတည်း။

ဟေမ-ဆင်ကား- မင်္ဂလဆင်ဆယ်စီးအားကို ဆောင်နိုင်သတည်း။

ဥပေါသထဆင်ကား- ဟေမဆင်ဆယ်စီးအားကို ဆောင်နိုင်သတည်း။

ဆဒ္ဒန်ဆင်ကား-ဥပေါသထဆင်ဆယ်စီးအားကို ဆောင်နိုင်သတည်း။

ဤသည်လျှင် ဆင်မျိုးဆယ်ပါးတို့၏အားခွန်ဗလတည်း။

## ဘုရားလောင်း ဆဒ္ဒန်ဆင်၁၀-စီးအားဆောင်နိုင်ခြင်း

၁၄၀-မေး။ ။ပစ္ဆိမဘဝိကဖြစ်သော ဘုရားအလောင်းတော်ကား အတိမျှလောက်သော အားခွန်ဗလကို ဆောင်နိုင်ကုန်သနည်း။

၁၄၀ ဖြေ။ ။ဒသဆဒ္ဒန္တာနံ ဗလောပစ္ဆိမ ဘဝိကောဗောဓိသတ္တော၊ ပကတိ ဟတ္ထိဂဏနာယ ကောဋိသဟဿဟတ္ထိ ဗလဓရော၊ ပုရိသဂဏနာယ ဒသကောဋိသဟဿ-ဗလဓရော။

ဤသို့ကျမ်းလာရကား-ပစ္ဆိမဘဝိကဖြစ်သော ဘုရားအလောင်းတော်တို့ကား ဆဒ္ဒန်ဆင်ဆယ်စီးအားကို ဆောင်နိုင်၏၊ပကတိဆင်တို့၏အရေအတွက်အားဖြင့် ကုဋေတထောင်သောဆင်တို့၏ အားကိုဆောင်နိုင်၏၊ ယောက်ျားအရေအတွက်အားဖြင့် ကုဋေတသောင်းသော ယောက်ျားတို့၏အားကိုဆောင်နိုင်သတည်း။

[ဤသို့လျှင် ကျမ်းဂန်လာသည်ကိုထောက်၍“ယောက်ျားသူခြေ၊ ကုဋေတသောင်း၊ ပေါင်းမှတူနိုင်၊ အားဆုံးတိုင်သား၊ စွမ်းနိုင်လှမွန်၊ ကိုယ်တော်အန်ဖြင့်၊ သန်၍လည်းကောင်း” ဟူ၍ ရှေးဆရာကျော်ဘုရားတို့စပ်တော်မူကုန်သတည်း။]

## သဗ္ဗညုတဉာဏ်တော်ကို အရုဏ်တက်ချိန်ရခြင်း

၁၄၁-မေး။ ။ဗောဓိမဏ္ဍိုင်၌ ဘုရားသခင်အဘယ်အချိန်ကာလတွင် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူလေသနည်း။

၁၄၁-ဖြေ။ ။အရုဏုဂ္ဂမနဉ္စ သဗ္ဗညုတညာဏပ္ပဋိလာဘဉ္စ ဧကက္ခဏေ အဟောသိ။

ဤသို့ကျမ်းလာရကား-နေအရုဏ်တက်လာသောအချိန်အခါနှင့်တပြိုင်နက် တချက်တည်း သဗ္ဗညုတဉာဏ်ကို ဘုရားသခင်ရသတည်း။

## ဘုရားရှင်နေတော်မူရာသတ္တဋ္ဌာန

၁၄၂-မေး။ ။သိဒ္ဓတ်မင်းသားဘုရားအဖြစ်သို့ ရောက်တော်မူလျှင် သတ္တသတ္တာဟ ခုနစ်ရက် ခုနစ်လီ လေးဆယ့်ကိုးရက် ခုနစ်ဌာနတို့၌ နေတော်မူသော သတ္တဋ္ဌာန အရပ်ဟူသည်ကား အဘယ်နည်း။

၁၄၂-ဖြေ။ ။ပဌမံ ဗောဓိပလ္လင်္ကံ၊ ဒုတိယဉ္စ အနိမိသံ။
တတိယံ စင်္ကမံ သေဋ္ဌံ၊ စတုတ္ထံ ရတနာဃရံ။
ပဉ္စမံ အဇပါလဉ္စ၊ မုစလိန္ဒေန ဆဋ္ဌမံ။
သတ္တမံ ရာဇာယတနံ၊ ဇိနမေ သတ္တမဟာဌာနံ။

ဤသို့ ကျမ်းလာရကား—

(၁) ပဌမသတ္တာဟ၌ ဗောဓိပလ္လင်ဝယ် နေတော်မူသည်။

(၂) ထို့နောင် ခုနစ်ရက်ပတ်လုံး မမှိတ်သော မျက်စိရှိသည် ဖြစ်၍ ပလ္လင်တော်ကို ရှုကြည့်လျက် အနိမိသ၌ နေတော်မူသည်။

(၃) ထို့နောင်ခုနစ်ရက်ပတ်လုံး နတ်တို့ဖန်ဆင်းအပ်သော ရတနာ စင်္ကြံထက်၌ စင်္ကြံကြွ၍ နေတော်မူသည်။

(၄) ထို့နောင် ခုနစ်ရက်ပတ်လုံး ရတနာဃရ၌ နေတော်မူသည်။

(၅) ထို့နောင် ခုနစ်ရက်ပတ်လုံး အဇပါလ၌နေတော်မူသည်။

(၆) ထို့နောင် ခုနစ်ရက်ပတ်လုံး မုစလိန္ဒ၌ နေတော်မူသည်။

(၇) ထို့နောင် ခုနစ်ရက်ပတ်လုံး ရာဇာယတန၌ နေတော်မူသည်။
ဤသည်လျှင် သတ္တသတ္တာဟနေတော်မူသော သတ္တဋ္ဌာနအရပ်တည်း။

## နတ်တို့ဘန်ဆင်းအပ်သောရတနာသဃရအိမ်

၁၄၃-မေး။ ။ရတနာသဃရဟူသည်ကား ရတနာတို့ဖြင့် ပြီးသော အိမ်ပကတိပင်ရှိလေသလော။

၁၄၃-ဖြေ။ ။စတုတ္ထေ ပန သတ္တာဟေ ဗောဓိရုက္ခတော ပစ္ဆိမုတ္တရဒိသာဘာဂေ ဒေဝတာ ရတနာဃရံ မာပယိံသု။

ဤသို့ကျမ်းလာရကား-စတုတ္ထ သတ္တာဟ၌ ဗောဓိပင်မှ အနောက်မြောက်ထောင့်အရပ်ဝယ် နတ်တို့သည် ရတနာတို့ဖြင့် ပြီးသောအိမ်ကို ဘန်ဆင်းကုန်၏၊ ဤသို့လျှင် နတ်တို့ဘန်ဆင်းအပ်သော အိမ်ပကတိပင် ရှိသတည်း။

## ဘုရားသခင် ဝါတော် ၄၅-ဝါ

၁၄၄-မေး။ ။ဘုရားသခင်၏ ဝါတော်ကား အတိမျှအရေအတွက် ရှိသနည်း။

၁၄၄-ဖြေ။ ။ငါတို့ ဘုရားသခင် ဝါတော်ကား လေးဆယ့်ငါးဝါ အရေအတွက်ရှိသတည်း။

## ပဌမဝါ မိဂဒါဝုန်တော

၁၄၅-မေး။ ။ငါတို့ဘုရားသခင် လေးဆယ့်ငါးဝါ နေတော်မူရာ၌ ပဌမဝါကိုအဘယ်အရပ်၌ ဆိုတော်မူလေသနည်း။

၁၄၅-ဖြေ။ ။ပဌမံဝဿံ ဗာရာဏသိံ ဥပနိဿာယ ဣသိပတနေမိဂဒါယေ ဝသိ။

ဤသို့ ကျမ်းလာရကား- ဗာရာဏသီပြည်ကို အမှီပြု၍ ဣသိပတန မိဂဒါဝုန်တော၌ ပဌမဝါဆိုတော်မူသတည်း။

## ဒုတိယဝါ ဝေဠုဝန်ကျောင်းတော်

၁၄၆-မေး။ ။ဒုတိယဝါကို အဘယ်အရပ်၌ ဆိုတော် မူလေသနည်း။

၁၄၆-ဖြေ။ ။ဒုတိယံ ဝဿံရာဇဂဟံ ဥပနိဿာယဝေဠုဝနေ မဟာဝိဟာရေ ဝသိ။

ဤသို့ ကျမ်းလာရကား-ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ ဝေဠုဝန်ကျောင်းကြီး၌ ဒုတိယဝါဆိုတော်မူသည်။

## နဝမဝါ ကောသမ္ဗီပြည်

**၁၅၂-မေး။** ။နဝမဝါကိုအဘယ်အရပ်၌ ဆိုတော်မူလေသနည်း။

**၁၅၂-ဖြေ။** ။နဝမံ ကောသမ္ဗိယံ ဝသိ။

ဤသို့ ကျမ်းလာရကား-ကောသမ္ဗီပြည်၌ နဝမဝါဆိုတော်မူသတည်း။

## ဒသမဝါ ပလလည်းတော

**၁၅၃-မေး။** ။အဘယ်အရပ်၌ ဒသမဝါဆိုတော်မူလေသနည်း။

**၁၅၃-ဖြေ။** ။ဒသမံ ပါလိလေယျကေ ဝနသဏ္ဍေ ဝသိ။

ဤသို့ကျမ်းလာရကား-ပလလည်းတော၌ ဒသမဝါဆိုတော်မူသတည်း။

## ဧကာဒသမဝါ နာဠပုဏ္ဏားရွာ

**၁၅၄-မေး။** ။ဧကာဒသမဝါကို အဘယ် အရပ်၌ ဆိုတော်မူသနည်း။

**၁၅၄-ဖြေ။** ။ဧကာဒသမံ နာဠာယဗြာဟ္မဏဂါမေ ဝသိ။

ဤသို့ ကျမ်းလာရကား-နာဠပုဏ္ဏားရွာ၌ ဧကာဒသမဝါဆိုတော်မူ၏။

## ဒွါဒသမဝါ ဝေရဉ္ဇာပြည်

**၁၅၅-မေး။** ။ဒွါဒသမဝါကို အဘယ်အရပ်၌ ဆိုတော် မူလေသနည်း။

**၁၅၅-ဖြေ။** ။ဒွါဒသမံ ဝေရဉ္ဇာယံ ဝသိ။

ဤသို့ ကျမ်းဂန်လာသောကြောင့် ဒွါဒသမဝါကို ဝေရဉ္ဇာပြည်၌ဆိုတော်မူသည်။

## တေရသမဝါ စာလိယတောင်

**၁၅၆-မေး။** ။တေရသမဝါကို အဘယ်အရပ်၌ဆိုတော်မူသနည်း။

**၁၅၆-ဖြေ။** ။တေရသမံ စာလိယပဗ္ဗတေ ဝသိ။

ဤသို့ ကျမ်းလာရကား- စာလိယာတောင်၌ တေရသမ ဝါဆိုတော်မူသည်။

## စုဒ္ဒသမဝါ ဇေတဝန်ကျောင်း

၁၅၇-မေး။ ။စုဒ္ဒသမဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း။

၁၅၇-ဖြေ။ ။စုဒ္ဒသမံ ဇေတဝနေ မဟာဝိဟာရေ ဝသိ။

ဤသို့ ကျမ်းလာရကား- ဇေတဝန်မဟာဝိဟာရ ကျောင်းတော်ကြီး၌ စုဒ္ဒသမဝါဆိုတော်မူသတည်း။

## ပန္နရသမဝါ နိဂြောဓာရုံကျောင်း

၁၅၈-မေး။ ။ပန္နရသမဝါကို အဘယ်အရပ်၌ ဆိုတော်မူလေသနည်း။

၁၅၈-ဖြေ။ ။ပန္နရသမံ ကပိလဝတ္ထုသ္မိံ မဟာဝိဟာရေ ဝသိ။

ဤသို့ ကျမ်းလာရကား- ကပိလဝတ်ပြည် နိဂြောဓာရုံမဟာဝုန်၌ ပန္နရသမဝါဆိုတော်မူသည်။

## သောဠသမဝါ အာဠဝိပြည်

၁၅၉-မေး။ ။သောဠသမဝါကိုအဘယ်အရပ်၌ဆိုတော်မူသနည်း။

၁၅၉-ဖြေ။ ။သောဠသမံ အာဠဝကယက္ခံ ဒမေတွာ အာဠဝိနဂရေ ဝသိ။

ဤသို့ ကျမ်းလာရကား-အာဠဝကဘီလူးကိုဆုံးမတော်မူ၍ အာဠဝိပြည်၌ သောဠသမဝါ ဆိုတော်မူသည်။

## သတ္တရသမဝါ ရာဇဂြိုဟ်ပြည်

၁၆၀-မေး။ ။သတ္တရသမဝါကို အဘယ်အရပ်၌ဆိုတော်မူသနည်း။

၁၆၀-ဖြေ။ ။သတ္တရသမံ ရာဇဂဟေ ဝသိ။

ဤသို့ကျမ်းလာရကား- ရာဇဂြိုဟ်ပြည်၌ သတ္တရသမဝါ ဆိုတော်မူသည်။

## အဋ္ဌာရသမဝါ စာလိယတောင်

၁၆၁-မေး။ ။အဋ္ဌာရသမဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း။

၁၆၁-ဖြေ။ ။အဋ္ဌာရသမံ စာလိယပဗ္ဗတေ ဝသိ။

ဤသို့ ကျမ်းလာရကား- စာလိယတောင်၌ အဋ္ဌာရသမဝါ ဆိုတော်မူသည်။

## ကေနုဝိသတိမဝါ ရာဇဂြိုဟ်ပြည်

၁၆၂-မေး။ ။ကေနုဝိသတိမဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း။

၁၆၂-ဖြေ။ ။ဧကူနဝီသတိမံပန ဝဿံ ရာဇဂဟေယေဝ ဝသိ။

ဤသို့ ကျမ်းလာရကား- ရာဇဂြိုဟ်ပြည်၌ပင် ကေနုဝိသတိမဝါ ဆိုတော်မူသည်။

## ဝိသတိမဝါ ရာဇဂြိုဟ်ပြည်

၁၆၃-မေး။ ။ဝိသတိမဝါ အဘယ်အရပ်၌ ဆိုတော်မူသနည်း။

၁၆၃-ဖြေ။ ။ဝီသတိမံ ဝဿံပိ ရာဇဂဟေယေဝ ဝသိ။

ဤသို့ ကျမ်းလာရကား-ရာဇဂြိုဟ်ပြည်၌ ဝိသတိမဝါကိုလည်း ဆိုတော်မူသည်။

[ဧတ်ဘဂဝါ ပဌမဗောဓိယံ ဝီသတိဝဿာနိ အနိဗဒ္ဓဝါသော ဟုတွာ ယတ္ထယတ္ထ ဖါသုကံ ဟောတိ၊ တတ္ထတတ္ထေဝ ဂန္တွာ ဝသိ။

ဤသို့ ကျမ်းဂန်လာရကား—ဘုရားမြတ်စွာသည် ပဌမဗောဓိ၌ အဝါ နှစ်ဆယ်တို့ပတ်လုံး ထိုထိုသောအရပ်တို့ သို့သာလျှင် ကြွတော်မူ၍ ချမ်းသာစွာ ဝါဆိုတော်မူ၍ မမြဲသောနေခြင်းဖြင့် နေတော်မူ သတည်း၊ ဤသို့သောစကားအထူးကိုလည်း မှတ်ကုန်ရာ၏။]

## ကြွင်း ၂၅-ဝါ ဇေတဝန်နှင့် ပုပ္ဖါရုံကျောင်းတော်

၁၆၄-မေး။ ။ဤသို့ ရေတွက် အပ်ခဲ့ပြီးသော နှစ်ဆယ်သော ဝါတို့မှ ကြွင်းသောဝါတို့ကိုကား အဘယ်အရပ်၌ ဆိုတော်မူလေသနည်း။

၁၆၄-ဖြေ။ ။ပဉ္စဝီသတိဝဿာနိ သာဝတ္ထိံ ဥပနိဿာယ ဇေတဝနေ မဟာဝိဟာရေစ ပုပ္ဖါရာမေစ ဝုဝ ပရိဘောဂေန ဝသိ။

ဤသို့ ကျမ်းလာရကား—သာဝတ္ထိပြည်ကို အမှီပြု၍ ဇေတဝန်ကျောင်း တော်, ပုပ္ဖါရုံကျောင်းတော် ဤနှစ်ကျောင်းတို့၌ နှစ်ဆယ့်ငါးဝါပတ်လုံး မြဲသောနေတော်မူခြင်းဖြင့်နေတော်မူ၍ နှစ်ဆယ့်ငါးဝါဆိုတော်မူသတည်း

## ဘုရားသခင်ကိုယ်တိုင်ချတ်၍ နိဗ္ဗာန်ရသူများ

**၁၆၅-မေး။** ။ဓမ္မစကြာတရားတော်ကို ဟောတော်မူသည်မှ စ၍ သုဘဒ္ဒပရိဗ္ဗာဇကကို ဆုံးမတော်မူသည်တိုင်အောင် ဘုရားမြတ်စွာချွတ်တော်မူ၍ နိဗ္ဗာန်ရသော ဝေနေယျ သတ္တဝါကား အဘယ်မျှအရေအတွက် ရှိသနည်း။

**၁၆၅-ဖြေ။** ။နှစ်ဆယ့်လေးသင်္ချေ အရေအတွက်သင်္ချာရှိသတည်း။

## အကျွတ်တရားရသူများဋီကာပြဆိုချက်

**၁၆၆-မေး။** ။ဘုရားသခင်ကိုယ်တော်တိုင် ချွတ်တော်မူ၍ နှစ်ဆယ့်လေးသင်္ချေ အရေအတွက် ရှိသော ဝေနေယျ သတ္တဝါတို့ အကျွတ်တရား နိဗ္ဗာန်ရ၏ ဟူသည်ကား-အဘယ်ပါဠိအဋ္ဌကထာဋီကာကိုထောက်၍သိရသနည်း။

**၁၆၆-ဖြေ။** ။ဧဝံ သတ္ထာ သမ္ဗောဓိံ ပတွာ ပဉ္စစတ္တာလီသဝဿာနိ ဇီဝမာနော ဓမ္မစက္ကပ္ပဝတ္တနသုတ္တန္တ ဒေသနတော ယာဝ ပရိနိဗ္ဗာနမဉ္စေ နိပဇ္ဇိတွာ သုဘဒ္ဒပရိဗ္ဗာဇက ဝိနယေန တိပိဋကံ ဒေသေန္တော စတုဝီသတိ အသင်္ချေယျပ္ပမာဏေ သတ္တေ အမတမဟာနိဗ္ဗာန ရသံ ပါယေန္တော အဇရာမရေ အကာသိ။

လေးဆယ့်ငါးဝါပတ်လုံးဓမ္မစကြာ သုတ္တန်မှစ၍ သုဘဒ္ဒပရိဗိုဇ်ကိုဆုံးမသည်တိုင်အောင် ပိဋကတ်သုံးပုံတို့ကို ဘော်ထုတ် ဟောကြားတော်မူ၍ အမြိုက်နိဗ္ဗာန်ကို ရကုန်သော သတ္တဝါတို့ကား နှစ်ဆယ့်လေးသင်္ချေအရေအတွက်ရှိ၏၊ ဤသို့ရေတွက်ထားခဲ့သော ဋီကာပါဌ်ကိုထောက်၍ သိရသတည်း။

[နှစ်ဆယ့်လေးသင်္ချေ ကုဋေခြောက်ဆယ် မိုလ်ခြေတသိန်းသော ဝေနေယျသတ္တဝါတို့ အကျွတ်တရားရကုန်မြဲဟု ဆိုရာ၌ကား-တပည့်သား ရဟန္တာမြတ်တို့ ချွတ်တော်မူသည်နှင့်တကွ ရေတွက်သည် ဖြစ်သတည်းဟု မှတ်ရာ၏။]

## ဆအသာဓာရဏ ဉာဏ်

၁၆၇-မေး။ ။ဆအသာဓာရဏ ဉာဏ်တော်ခြောက်ပါးကား- အဘယ်နည်း။

၁၆၇-ဖြေ။ ။(၁) အာသယာနုသယဉာဏ်။
(၂) ဣန္ဒြိယပရောပရိယတ္တိဉာဏ်။
(၃) ယမကပါဋိဟာရိယဉာဏ်။
(၄) သဗ္ဗညုတဉာဏ်။
(၅) မဟာကရုဏာ သမာပတ္တိဉာဏ်။
(၆) အနာဝရဏဉာဏ်။

ဤသည်လျှင် ဆအသာဓာရဏ ဉာဏ်တော်ခြောက်ပါးတည်း။

## အာသယာနုသယဉာဏ်

၁၆၈-မေး။ ။အာသယာနုသယဉာဏ်ဟူသည်ကား အဘယ်နည်း။

၁၆၈-ဖြေ။ ။သတ္တဝါအပေါင်းတို့၏ စိတ်နှလုံးအလိုဆန္ဒ အာသယကိုသိသော ဉာဏ်တည်း။

## ဣန္ဒြိယပရောပရိယတ္တိဉာဏ်

၁၆၉-မေး။ ။ဣန္ဒြိယ ပရော ပရိယတ္တိဉာဏ် ဟူသည်ကား အဘယ်နည်း။

၁၆၉-ဖြေ။ ။ဝေနေယျ သတ္တဝါတို့၏ ဣန္ဒြေပါရမီသမ္ဘာရ အနုအရင့်ကို သိသောဉာဏ်တည်း။

## ယမကပါဋိဟာရိယဉာဏ်

၁၇၀-မေး။ ။ယမကပါဋိဟာရိယဉာဏ် ဟူသည်ကား အဘယ်နည်း။

၁၇၀-ဖြေ။ ။ရေမီးအစုံ အစရှိသည့် ယမိုက်ပြာဋိဟာကို ပြတော်မူနိုင်သော ဉာဏ်တည်း။

## သဗ္ဗညုတဉာဏ်

၁၇၁-မေး။ ။သဗ္ဗညုတဉာဏ်ကား အဘယ်နည်း။

၁၇၁-ဖြေ။ ။အလုံးစုံသော ဉေယျဓမ္မကို သိနိုင်သောဉာဏ်တည်း။

## မဟာကရုဏာသမာပတ္တိဉာဏ်

၁၇၂-မေး။ ။မဟာကရုဏာ-သမာပတ္တိဉာဏ် ဟူသည်ကား အဘယ်နည်း။

၁၇၂-ဖြေ။ ။ခပ်သိမ်းသောသူတို့အား သနားခြင်း မဟာကရုဏာ ပြဋ္ဌာန်းသောဉာဏ်တည်း။

## အနာဝရဏဉာဏ်

၁၇၃-မေး။ ။အနာဝရဏဉာဏ်ကား အဘယ်နည်း။

၁၇၃-ဖြေ။ ။ပိတ်ပင်ဆီးတားခြင်းမရှိ အချင်းခပ်သိမ်းမြင်နိုင်သော ဉာဏ်တည်း။

## ဗျာဒိတ်ရကြောင်းအင်္ဂါ ၈-ပါး

၁၇၄-မေး။ ။ဘုရားလောင်းတို့၏ ဗျာဒိတ်ရရာသော အင်္ဂါရှစ်ပါး ဟူသည်ကား အဘယ်နည်း။

၁၇၄-ဖြေ။ ။မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတု သတ္ထာရဒဿနံ။
ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊ အဓိကာရောစ ဆန္ဒတာ။
အဋ္ဌဓမ္မသမောဓာနာ၊ အဘိနီဟာရော သမိဇ္ဈတိ။

ဤသို့ကျမ်းလာရကား—

(၁) လူစင်စစ်ဖြစ်စေ။
(၂) ယောကျ်ားဟူသောပုလ္လိင်နှင့်ပြည့်စုံစေ။
(၃) တိဟိတ်ပုဂ္ဂိုလ်လည်းဖြစ်စေ။
(၄) ဘုရားကိုလည်းဖူးမြင်ရစေ။
(၅) ရသေ့ရဟန်းလည်းဖြစ်စေ။
(၆) ဈာန်သမာပတ်နှင့်လည်းပြည့်စုံစေ။
(၇) ဘုရားဆုကိုလည်း တောင်းယူသည်မှန်စေ။
(၈) ဘုရားဆုကိုအလိုရှိသောဆန္ဒလည်း ရှိစေ။

ဤသည်လျှင် ဗျာဒိတ်ရရာသော အင်္ဂါရှစ်ပါးတည်း။

[ဤရှစ်ပါးသောအင်္ဂါနှင့်ပြည့်စုံမှ ဗျာဒိတ်ရ၏ဟု ဆိုရာ၌ အာဒိကမ္မိကဖြစ်သော ဗျာဒိတ်ခံရာ၌သာ ဆိုလိုသည်၊ ကောဏ္ဍညမှစ၍ နှစ်ကျိပ်သုံးဆူသော ဘုရားသခင်တို့၏အထံတော်၌ကား အင်္ဂါရှစ်ပါး

ပြည့်စုံမှုမဟုတ်ပြီ၊ နဂါး,ခြင်္သေ့, တိရစ္ဆာန်အဖြစ်နှင့်ပင်သော်လည်း ငါတို့ဘုရားအလောင်းတော် များဒိတ်ခံရတော့သည်၊ ဤသို့သော စကားအထူးကိုလည်း မှတ်ကုန်ရာ၏။]

## ကမ္ဘာ ၂-မျိုး

၁၇၅-မေး။ ။ကမ္ဘာအပြားကား-အတိမျှနည်း။

၁၇၅-ဖြေ။ ။သုညကပ္ပေါ အသုညကပ္ပေါတိ ဒွေကပ္ပါနိ ဟောန္တိ။

ဤသို့ ကျမ်းလာရကား-သုညကမ္ဘာ, အသုညကမ္ဘာဟူ၍ နှစ်ပါး အပြားရှိ၏၊

## သုညကမ္ဘာ

၁၇၆-မေး။ ။သုညကမ္ဘာကား-အဘယ်နည်း။

၁၇၆-ဖြေ။ ။ဘုရားမပွင့်၍ တိတ်ဆိတ်သော ကမ္ဘာတည်း။

## အသုညကမ္ဘာ

၁၇၇-မေး။ ။အသုညကမ္ဘာဟူသည်ကား-အဘယ်နည်း။

၁၇၇-ဖြေ။ ။ဘုရားပွင့်၍ မဆိတ်မတိတ်သောကမ္ဘာတည်း။

## အသုညကမ္ဘာ ၅-ပါး

၁၇၈-မေး။ ။အသုညကမ္ဘာဟူသည် အတိမျှအပြားရှိသနည်း။

၁၇၈-ဖြေ။ ။အသုညကပ္ပေါ ပဥ္စဝိဓော သာရကပ္ပေါ မဏ္ဍကပ္ပေါ ဝရကပ္ပေါ သာရမဏ္ဍကပ္ပေါ ဘဒ္ဒကပ္ပေါတိ။

ဤသို့ ကျမ်းလာရကား-

(၁) သာရကမ္ဘာ။
(၂) မဏ္ဍကမ္ဘာ။
(၃) ဝရကမ္ဘာ။
(၄) သာရမဏ္ဍကမ္ဘာ။
(၅) ဘဒ္ဒကမ္ဘာ။

ဟူ၍ ငါးပါးအပြားရှိသတည်း။

## သာရကမ္ဘာဘုရားတဆူ

၁၇၉-မေး။ ။သာရကမ္ဘာ၌ ဘုရားအတိမျှပွင့်သနည်း။

၁၇၉-ဖြေ။ ။သာရကပ္ပေ ဧကော ဗုဒ္ဓေါ ဥပ္ပဇ္ဇတိ။

ဤသို့ ကျမ်းလာရကား-သာရကမ္ဘာ၌ ဘုရားတဆူသာ ပွင့်တော်မူသတည်း။

### မဏ္ဍကမ္ဘာ ဘုရား ၂-ဆူ

၁၀၀-မေး။ ။မဏ္ဍကမ္ဘာ၌ ဘုရားအဘယ်မျှ ပွင့်တော်မူသနည်း။

၁၀၀-ဖြေ။ ။မဏ္ဍကပ္ပေ ဒွေဗုဒ္ဓါ ဥပ္ပဇ္ဇန္တိ။

ဤသို့ ကျမ်းလာရကား-မဏ္ဍကမ္ဘာ၌ဘုရားနှစ်ဆူပွင့်တော်မူသတည်း။

### ဝရကမ္ဘာ ဘုရား ၃-ဆူ

၁၀၁-မေး။ ။ဝရကမ္ဘာ၌ ဘုရားအဘယ်မျှ ပွင့်တော်မူသနည်း။

၁၀၁-ဖြေ။ ။ဝရကပ္ပေ တယောဗုဒ္ဓါ ဥပ္ပဇ္ဇန္တိ။

ဤသို့ ကျမ်းလာရကား-ဝရကမ္ဘာ၌ ဘုရားသုံးဆူပွင့်တော်မူသတည်း။

### သာရမဏ္ဍကမ္ဘာ ဘုရား ၄-ဆူ

၁၀၂-မေး။ ။သာရမဏ္ဍကမ္ဘာ၌ ဘုရားအဘယ်မျှ ပွင့်သနည်း။

၁၀၂-ဖြေ။ ။သာရမဏ္ဍကပ္ပေ စတ္တာရော ဗုဒ္ဓါ ဥပ္ပဇ္ဇန္တိ။

ဤသို့ ကျမ်းလာရကား- သာရမဏ္ဍကမ္ဘာ၌ ဘုရားလေးဆူပွင့်သတည်း။

### ဘဒ္ဒကမ္ဘာ ဘုရား ၅-ဆူ

၁၀၃-မေး။ ။ဘဒ္ဒကမ္ဘာ၌ ဘုရားအဘယ်မျှပွင့်တော်မူသနည်း။

၁၀၃-ဖြေ။ ။ဘဒ္ဒကပ္ပေ ပဉ္စဗုဒ္ဓါ ဥပ္ပဇ္ဇန္တိ။

ဤသို့ ကျမ်းလာရကား-ဘဒ္ဒကမ္ဘာ၌ဘုရားငါးဆူပွင့်တော်မူသတည်း။

### ရတနာ ၁၀-ပါး

၁၀၄-မေး။ ။ရတနာဆယ်ပါးဟူသည်ကား-အဘယ်နည်း။

၁၀၄-ဖြေ။ ။မုတ္တာ မဏိ ဝေဠုရိယော၊ သင်္ခေါ သိလာ ပဝါဠကံ။
ရဇတံ ဟေမလောဟိတံ၊ မသာရဂလ္လံ ဒသေတေ။
မိရော ရတနာနိ ဇညာ။

ဤသို့ ကျမ်းလာရကား-ပုလဲ, ပတ္တမြား, ကြောင်မျက်ရွဲ, ခရုသင်း, ကျောက်သလင်း, သန္တာ, ငွေ, ရွှေ, ပတ္တမြားနီ, ပတ္တမြားပြောက်။

ဤသည်လျှင် ရတနာဆယ်ပါးတည်း။

### ဥပဒ္ဒဝေါ ၁၆-ပါး

၁၀၅-မေး။ ။ဥပဒ္ဒဝေါ ၁၆-ပါးကား-အဘယ်နည်း။

၁၀၅-ဖြေ။ ။ပဋိသန္ဓေနေခြင်း,အိုခြင်း, နာခြင်း, သေခြင်း,မီး,မင်း, ခိုးသူ, ရေ, ရေတံပိုး,ရေဝဲ, လင်းပိုင်, မိကျောင်း, မိမိကိုယ်ကြောင့် ဖြစ်

သော ကွဲရဲ့ခြင်း, သူတပါးကြောင့်ဖြစ်သော ကွဲရဲ့ခြင်း, ဒဏ်သင့်ခြင်း, အပါယ်လားခြင်း။

ဤသည်လျှင် ဘေးဥပဒ္ဒဝေါ ၁၆-ပါးတည်း။

### ဘေး ၂၅-ပါး

**၁၈၆-မေး။** ။ဘေး ၂၅-ပါးကား-အဘယ်နည်း။

**၁၈၆-ဖြေ။** ။လူဘေး, လူနှင့်တူသော ဘီလူးဘေး, တန်စဘီလူး ဘေး, သစ်ငုတ်ဘေး, ဆူးငြောင့်ဘေး, နတ်မိစ္ဆာဘေး, ဇနပုဒ်၌ဖြစ်သော အနာဘေး, သူမတော်တို့၏ဘေး, အမြင့်မှားသောဘေး, သူတော်မဟုတ် သော သူတို့၏ဘေး, ကြမ်းတမ်းသော ဆင်ဘေး, မြင်းဘေး, သမင်ဘေး, နွားဘေး, ကျွဲဘေး, ခွေးဘေး, မြွေဘေး, ကင်းဗုဏ္ဏန်ဘေး, မြွေစိမ်းဘေး, သစ်ဘေး, ဝံဘေး, ဝက်ဘေး, လူသားစား ဘီလူးဘေး, ရေစောင့် ဘီလူး ဘေး, ဝံတူဘေး။

ဤသည်လျှင် ဘေး ၂၅-ပါးတည်း။

### အရိယဝံသတရား ၄-ပါး

**၁၈၇-မေး။** ။အရိယဝံသဓမ္မ လေးပါးကား-အဘယ်နည်း။

**၁၈၇-ဖြေ။** ။(၁) စီဝရသန္တောသ၊သင်္ကန်း၌ ရောင့်ရဲ လွယ်ခြင်း။

(၂) ပိဏ္ဍပါတသန္တောသ၊ဆွမ်း၌ရောင့်ရဲလွယ်ခြင်း။

(၃) သေနာသနသန္တောသ၊ ကျောင်းအိပ်ရာနေရာ၌ ရောင့်ရဲလွယ်ခြင်း။

(၄) ဘာဝနာရာမတာ၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်း ခြင်း၌ မွေ့လျော်ခြင်း။

ဤသည်လျှင် အရိယဝံသဓမ္မလေးပါးတည်း။

### မြေ ၄-စင်း

**၁၈၈-မေး။** ။မြေလေးစင်းကားအဘယ်နည်း။

**၁၈၈-ဖြေ။** ။(၁) ကဋ္ဌမုခမြေ။ (၃) အဂ္ဂိမုခမြေ။
(၂) ပုတိမုခမြေ။ (၄) သတ္ထမုခမြေ။

ဤသည်လျှင် မြေလေးစင်းတည်း။

## မဟာဘုတ် ၄-ပါး

၁၇၉-မေး။ ။မဟာဘုတ်လေးပါးကားအဘယ်နည်း။

၁၇၉-ဖြေ။ ။(၁) ပထဝီ။ (၃) တေဇော။
(၂) အာပေါ။ (၄) ဝါယော။

ဤလေးပါးတည်း။

## ဘုတ် ၄-ပါးနှင့်မြေ ၄-စင်းတူပုံ

၁၈၀-မေး။ ။အဘယ်မည်သော မဟာဘုတ်နှင့် အဘယ်မည်သော မြေတူကြသနည်း။

၁၈၀-ဖြေ။ ။ပထဝီမဟာဘုတ်နှင့် ကဋ္ဌမုခမြွေတူ၏၊ အာပေါမဟာဘုတ်နှင့် ပူတိမုခမြွေတူ၏၊ တေဇောမဟာဘုတ်နှင့် အဂ္ဂိမုခမြွေတူ၏၊ ဝါယောမဟာဘုတ်နှင့်သတ္ထမုခမြွေတူ၏။

## ပထဝီဘုတ်နှင့်ကဋ္ဌမုခမြွေလက္ခဏာ

၁၈၁-မေး။ ။ပထဝီမဟာဘုတ်သည် ကဋ္ဌမုခမြွေနှင့် သဘောတူ လက္ခဏာကား အဘယ်နည်း။

၁၈၁-ဖြေ။ ။ပထဝီမဟာဘုတ်၏သဘောသည် အဋ္ဌကလာပ်,နဝကလာပ်ရုပ်အပေါင်းတို့ကို ခက်ထရော်ကြမ်းချော်စေတတ်၏။

ကဋ္ဌမုခမြွေ၏သဘောသည် ကိုက်ခဲအပ်သော သတ္တဝါတို့၏ကိုယ်ကို ထင်းယောင်းကဲ့သို့ ခက်ထရော်ကြမ်းချော်စေတတ်၏၊ ဤသို့ခက်ထရော်ကြမ်းချော်ခြင်း သဘောလက္ခဏာ တူကြသတည်း။

## အာပေါဘုတ်နှင့် ပူတိမုခမြွေ

၁၈၂-မေး။ ။အာပေါမဟာဘုတ်နှင့် ပူတိမုခမြွေအဘယ်သို့သဘော လက္ခဏာတူကြသနည်း။

၁၈၂-ဖြေ။ ။အာပေါမဟာဘုတ်သည် အဋ္ဌကလာပ်, နဝကလာပ် ရုပ်အပေါင်းတို့ကို ဖူးဖူးရောင်စေတတ်သောလက္ခဏာရှိ၏။

ပူတိမုခမြွေသည်လည်း ကိုက်အပ်သောသတ္တဝါတို့၏ကိုယ်ကို အပုပ်ကောင်ကဲ့သို့ ဖူးဖူးရောင်စေတတ်သောလက္ခဏာရှိ၏။

ဤသို့လျှင် အာပေါမဟာဘုတ်သည် ပူတိမုခမြွေနှင့် သဘောလက္ခဏာတူကြသတည်း။

## တေဇောဘုတ်နှင့် အဂ္ဂိမုခမြေ

၁၈၃-မေး။ ။တေဇောမဟာဘုတ်နှင့်အဂ္ဂိမုခမြေအဘယ်သို့သဘော လက္ခဏာတူကြသနည်း။

၁၈၃-ဖြေ။ ။တေဇောမဟာဘုတ်၏ သဘောသည် အဋ္ဌကလာပ် စသောရုပ်အပေါင်းတို့ကို မီးကဲ့သို့ပူစေတတ်၏။

အဂ္ဂိမုခမြေ၏သဘောသည် မိမိကိုက်ခဲအပ်သောသတ္တဝါတို့၏ကိုယ်ကို မီးကဲ့သို့ပူစေတတ်၏။

ဤသို့လျှင် တေဇောမဟာဘုတ်နှင့် အဂ္ဂိမုခမြေ သဘောလက္ခဏာတူကြ၏။

## ဝါယောဘုတ်နှင့် သတ္ထမုခမြေ

၁၈၄-မေး။ ။ဝါယောမဟာဘုတ်နှင့် သတ္ထမုခမြေအဘယ်သို့သဘော လက္ခဏာတူကြသနည်း။

၁၈၄ ဖြေ။ ။ဝါယောမဟာဘုတ်သည် အဋ္ဌကလာပ်, နဝကလာပ် ရုပ်အပေါင်းတို့ကို ကျင်နာစေတတ်, ပေါက်ပြဲစေတတ်, ပြတ်စေတတ် သော လက္ခဏာရှိ၏။

သတ္ထမုခမြေ၏သဘောသည် မိမိကိုက်ခဲအပ်သော သတ္တဝါတို့၏ကိုယ် ကို ထားနှင့်မြှင်းဘိသကဲ့သို့ ကျင်နာစေတတ်သောလက္ခဏာရှိ၏။

ဤသို့လျှင် ဝါယောမဟာဘုတ်နှင့် သတ္ထမုခမြေ သဘောလက္ခဏာတူ ကြသတည်း။

[ဤသို့မြွေလေးစင်းနှင့် မဟာဘုတ်လေးပါး သဘောလက္ခဏာတူ ကြသောအဖြစ်ကို နှလုံးသွင်းတော်မူ၍– "ကဋ္ဌမုခ၊ စသည်အခြင်း၊ မြွေလေးစင်းနှင့်၊ နှုန်းထွင်းချေသော်၊ ပမာလျော်သား၊ သပ္ပေါပမည့် ဟုတ်၊ မဟာဘုတ်"ဟုရှေးဆရာမြတ်တို့ စပ်တော်မူကုန်သည်။]

## အပေါက် ၆-ပါး

၁၈၅-မေး။ ။အပေါက်ခြောက်ပါးဟူသည် အဘယ်နည်း။

၁၈၅-ဖြေ။ ။အလသောစ ပမာဒေါစ၊ အနုဋ္ဌာနောစ သံသယော၊ နိဒ္ဒါ တန္ဒီစ တေဆိဒ္ဒေ၊ သဗ္ဗသော နံ ဝိဝဇ္ဇယေ။

ဤသို့ကျမ်းလာရကား –

(၁) ပျင်းခြင်း။
(၂) ကုသိုလ်ကောင်းမှု၌မွေ့လျော်ခြင်း။
(၃) ထကြွလုံ့လမရှိခြင်း။
(၄) ယုံမှားခြင်း။
(၅) အိပ်ကြူးခြင်း။
(၆) တဆန့်ကျင်ကျင် ကိုယ်လက် လေးလံခြင်း။

ဤသည်လျှင် အပေါက်ခြောက်ပါးတည်း။

[ဤသို့ကျမ်းလာသော်စကားကိုထောက်၍ "ပျင်းခြင်းကစ၊ ဝင်ဝ ချောက်ချောက်၊ ခြောက်ပါးပေါက်" ဟူ၍ ဆရာမြတ်တို့မိန့်တော်မူ ကုန်သတည်း။]

### ခြောင့် ၅-စင်း

၁၉၆-မေး။ ။ခြောင့်ငါးစင်းဟူသည် အဘယ်နည်း။

၁၉၆-ဖြေ။ ။(၁) ဗုဒ္ဓေကင်္ခတိ၊ ဘုရား၌ယုံမှားခြင်း။
(၂) ဓမ္မေကင်္ခတိ၊ တရားတော်၌ ယုံမှားခြင်း။
(၃) သံဃေကင်္ခတိ၊ သံဃာတော်၌ယုံမှားခြင်း။
(၄) သိက္ခာယကင်္ခတိ၊ သိက္ခာပုဒ်၌ယုံမှားခြင်း။
(၅) ဗြဟ္မစာရီသုကုပ္ပတိ၊ သီတင်းသုံးဘော်တို့၌ အမျက်ထွက်ခြင်း။

ဤသည်လျှင် ခြောင့်ငါးစင်းတည်း။

### နှလုံးခြောင့် ၅-စင်း

၁၉၇-မေး။ ။နှလုံးခြောင့် ငါးစင်းဟူသည်ကား အဘယ်နည်း။

၁၉၇-ဖြေ။ ။(၁) ရာဂသလ္လ၊ ရာဂဟူသောခြောင့်။
(၂) ဒေါသသလ္လ၊ ဒေါသအမျက်ဟူသောခြောင့်။
(၃) မောဟသလ္လ၊ အမိုက်ဟူသောခြောင့်။
(၄) မာနသလ္လ၊ မာန်စောင်ဟူသောခြောင့်။
(၅) ဒိဋ္ဌိသလ္လ၊ အယူမှားခြင်းဟူသောခြောင့်။

ဤသည်လျှင် နှလုံးခြောင့်ငါးစင်းတည်း။

### ပဋိသမ္ဘိဒါ ၄-ပါး

၁၉၈-မေး။ ။ပဋိသမ္ဘိဒါလေးပါးကား အဘယ်နည်း။

၁၉၈-ဖြေ။ ။(၁) အတ္ထပဋိသမ္ဘိဒါ၊ အနက်ကိုသိသောပညာ။

(၂) ဓမ္မပဋိသမ္ဘိဒါ၊ သဒ္ဒါကိုသိသောပညာ။
(၃) နိရုတ္တိပဋိသမ္ဘိဒါ၊ ခပ်သိမ်းသောသူတို့၏ ဘာသာကိုသိသောပညာ။
(၄) ပဋိဘာနပဋိသမ္ဘိဒါ၊ အနက်ဘာသာနှစ်ပါး ကို သိသောပညာ။

ဤသည်လျှင် ပဋိသမ္ဘိဒါလေးပါးတည်း။

## အဘိညာဉ် ၅-ပါး

၁၉၉-မေး။ ။အဘိညာဉ်ငါးပါးကား အဘယ်နည်း။

၁၉၉-ဖြေ။ ။ဣဒ္ဓိဝိဓံ ဒိဗ္ဗသောတံ၊ ပရစိတ္တဝိဇာနနာ။
ပုဗ္ဗေနိဝါသာ နုဿတိ၊ ဒိဗ္ဗစက္ခုတိ ပဥ္စမာ။

ဤသို့ ကျမ်းလာရကား—
(၁) ဣဒ္ဓိဝိဓ၊ အထူးထူးအပြားပြားတန်ခိုးဘန်ဆင်းခြင်း။
(၂) ဒိဗ္ဗသောတ၊ မကြားရသော သိမ်မွေ့စွာသောအသံ, အဝေးအနီး၌ဖြစ်သောအသံကိုကြားခြင်း။
(၃) ပရစိတ္တဝိဇာနနာ၊ သူတပါးတို့၏ စိတ်နှလုံးကိုသိခြင်း။
(၄) ပုဗ္ဗေနိဝါသာနုဿတိ၊ ရှေးရှေးသောဘဝတို့၌ နေခဲ့ ဘူးသောအရပ်ဟောင်းတို့ကိုသိခြင်း။
(၅) ဒိဗ္ဗစက္ခု၊ သူခပ်သိမ်းတို့ မမြင်ရသော သိမ်မွေ့ စွာသောအာရုံ, ဝေးသောအရပ်၌ရှိသော ရူပါရုံတို့ကို မြင်ခြင်း။

ဤသည်လျှင် အဘိညာဉ်ငါးပါးတည်း။

## ဝိမုတ္တိ ၅-ပါး

၂၀၀-မေး။ ။ဝိမုတ္တိငါးပါးကား အဘယ်နည်း။

၂၀၀-ဖြေ။ ။(၁) တဒင်္ဂဝိမုတ္တိ၊ (၄) ပဋိပ္ပဿဒ္ဓိဝိမုတ္တိ။
(၂) ဝိက္ခမ္ဘနဝိမုတ္တိ။ (၅) နိဿရဏဝိမုတ္တိ။
(၃) သမုစ္ဆေဒဝိမုတ္တိ။

ဤသည်လျှင် ဝိမုတ္တိငါးပါးတည်း။

## ဂမ္ဘီရ ၄-ပါး

၂၀၁-မေး။ ။ဂမ္ဘီရလေးပါးကား အဘယ်နည်း။
၂၀၁-ဖြေ။ ။(၁) အတ္ထဂမ္ဘီရ၊အကျိုး၏နက်နဲခြင်း။
(၂) ဓမ္မဂမ္ဘီရ၊ အကြောင်း၏ နက်နဲခြင်း။
(၃) ဒေသနာဂမ္ဘီရ၊ တရားတော်၏ နက်နဲခြင်း။
(၄) ပဋိဝေဓဂမ္ဘီရ၊ ပညာ၏နက်နဲခြင်း။
ဤသည်လျှင် ဂမ္ဘီရ လေးပါးတည်း။

## နှောင်ဖွဲ့ခြင်း ၅-ပါး

၂၀၂-မေး။ ။နှောင်ဖွဲ့ခြင်းငါးပါးကား အဘယ်နည်း။
၂၀၂-ဖြေ။ ။(၁) သားသမီးတို့၌ နှောင်ဖွဲ့ခြင်း။
(၂) မယား၌ နှောင်ဖွဲ့ခြင်း။
(၃) အဆွေခင်ပွန်း၌ နှောင်ဖွဲ့ခြင်း။
(၄) စည်းစိမ်ချမ်းသာ၌ နှောင်ဖွဲ့ခြင်း။
(၅) ရပ်ရွာ၌ နှောင်ဖွဲ့ခြင်း။
ဤသည်လျှင် နှောင်ဖွဲ့ခြင်းငါးပါးတည်း။

## ရပ်ပြစ် ၈-ပါး

၂၀၃-မေး။ ။ရပ်ပြစ်ရှစ်ပါးကား အဘယ်နည်း။
၂၀၃-ဖြေ။ ။ပစ္စန္တဇော အရူပိနော၊ ဝိကလင်္ဂါ အသညဇော။
မိစ္ဆာဒိဋ္ဌိ တိရစ္ဆာနော၊ ပေတော နေရယိကောပိစ၊
ဧတေ အဋ္ဌ နဝက္ခဏာ။
ဤသို့ ကျမ်းလာရကား—

| | |
|---|---|
| (၁) ပစ္စန္တရစ်ဇနပုဒ်။ | (၅) တိတ္ထိတက္ကတွန်း။ |
| (၂) အရူပဘုံ။ | (၆) တိရစ္ဆာန်။ |
| (၃) အင်္ဂါချို့တဲ့ခြင်း။ | (၇) ပြိတ္တာဘုံ။ |
| (၄) အသညသတ်။ | (၈) ငရဲဘုံ။ |

ဤသည်လျှင် ရပ်ပြစ်ရှစ်ပါးတည်း။

## ကမ္ဘာပျက်ခြင်း ၃-ပါး

၂၀၄-မေး။ ။ကမ္ဘာပျက်ခြင်းသုံးပါးကား အဘယ်နည်း။

၂၀၄-ဖြေ။ ။(၁) တေဇောသံဝဋ္ဋ၊ မီးဖြင့်ပျက်စီးခြင်း။
(၂) အာပေါသံဝဋ္ဋ၊ ရေဖြင့်ပျက်စီးခြင်း။
(၃) ဝါယောသံဝဋ္ဋ၊ လေဖြင့်ပျက်စီးခြင်း။

ဤသည်လျှင် ကမ္ဘာပျက်စီးခြင်းသုံးပါးတည်း။

## မီး,ရေ,လေတို့ဖြင့်ပျက်သောဘုံ

၂၀၅-မေး။ ။ထို မီး,ရေ,လေတို့ဖြင့် အဘယ်ဘုံတိုင်အောင် ဖျက်လေသနည်း။

၂၀၅-ဖြေ။ ။ယဒါ ကပ္ပေါ တေဇေန သံဝဋ္ဋတိ၊ တဒါ အာဘဿရတော ဟေဋ္ဌာ အဂ္ဂိနာ ဍယှတိ။

ဤသို့ ကျမ်းလာရကား-အကြင်အခါ၌ ကမ္ဘာသည် မီးဖြင့် ပျက်တုံ့၊ ထိုအခါ အာဘဿရဘုံမှ အောက်အပြင်၌ မီးဖြင့်လောင်လေ၏။

ယဒါ ကပ္ပေါ ဥဒကေန သံဝဋ္ဋတိ၊ တဒါ သုဘကိဏှတော ဟေဋ္ဌာ ဥဒကေန ဝိလီယတိ။

ဤသို့ ကျမ်းလာရကား-အကြင်အခါ၌ ကမ္ဘာသည် ရေဖြင့် ပျက်တုံ့၊ ထိုအခါ သုဘကိဏှာဘုံမှ အောက်အပြင်၌ ရေဖြင့်ကြေလေ၏။

ယဒါ ကပ္ပေါ ဝါတေန သံဝဋ္ဋတိ၊ တဒါ ဝေဟပ္ဖလတော ဟေဋ္ဌာ ဝါတေန ဝိနဿတိ။

ဤသို့ကျမ်းလာရကား အကြင်အခါ၌ ကမ္ဘာသည် လေဖြင့်ပျက်တုံ့၊ ထိုအခါ ဝေဟပ္ဖိုလ်ဘုံမှအောက်အပြင်၌ လေဖြင့်ပျက်လေ၏။

ဤသည်လျှင် မီး,ရေ,လေတို့ဖြင့် ပျက်သောဘုံတည်း။

[အာဘဿရဘုံအောက်မီးဖျက်၏ဟူသည်ကား လွန်သောအပိုင်းအခြားဖြင့်ဆိုသည်၊ ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာ ဤ ဒုတိယဈာန်သုံးဘုံအောက်ကိုပင်ယူအပ်၏ဟု ဋီကာဆရာတို့မိန့်တော်မူကုန်၏၊ ဒုတိယဈာန်သုံးဘုံဟူသည် တပြင်တည်း ကေတလဟုယူကုန်သတည်း၊ အချို့သောဆရာတို့ကား ဓမ္မစကြာပါဠိကိုမှီ၍ ဘုံကိုအစဉ်ယူကြကုန်၏။]

မီးဖြင့်ပျက်သော်ကား-ပဌမဈာန်သုံးဘုံ တွင်ရွေ့ပျက်၏။

ရေဖြင့်ပျက်သော်ကား- ပဌမဈာန်သုံးဘုံ, ဒုတိယဈာန်သုံးဘုံ ဤခြောက်ဘုံတွင်ရွေ့ပျက်၏။

လေဖြင့်ပျက်သော်ကား-ပဌမဈာန်သုံးဘုံ,ဒုတိယဈာန်သုံးဘုံ,တတိယဈာန်သုံးဘုံ ဤကိုးဘုံတွင်ရွေ့ပျက်၏၊ ထို့ကြောင့် ဆရာမြတ်တို့လည်း—

ပဌမဇ္ဈာနတလံ ဥပါဒါယ အဂ္ဂိနာ၊ ဒုတိယဇ္ဈာနာတလံ ဥပါဒါယ ဥဒကေန၊ တတိယဇ္ဈာနတလံ ဥပါဒါယ ဝါယုနာ။

ဟူ၍မိန့်တော်မူကုန်သတည်း။

ဤမှတပါးလည်း—

တယောပိ ဖြဟ္မလောကေ ဈာပေတွာ အာဘဿရေ အာဟစ္စ တိဋ္ဌတိ၊ ဥပရိပန ဆပိဖြဟ္မလောကေ ဝိလီယာပေတွာ သုဘကိဏှေ အာဟစ္စ တိဋ္ဌတိ၊ နဝဖြဟ္မလောကေ ဝိနာသေတွာ ဝေဟပ္ဖလေ အာဟစ္စ တိဋ္ဌတိ။

ဤသို့ဋီကာဆရာမြတ်တို့ မိန့်တော်မူကုန်သတည်း။

[ဤကမ္ဘာပျက်ခြင်းကိုကား အနည်းနည်း၌ အကွဲအပြားယူတော်မူကြကုန်သည်၊ ဤသို့စကားအထူးကိုလည်းမှတ်အပ်၏။]

**ဗျဉ္ဇနဗုဒ္ဓိ ၁၀-ပါး**

၂၀၆-မေး။ ။ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးကား အဘယ်နည်း။

၂၀၆-ဖြေ။ ။(၁) သိထိလ-လျော့လျော့ရွတ်ခြင်း။
(၂) ဓနိတ-တင်းတင်းရွတ်ခြင်း။
(၃) ဒီဃ-အရှည်ရွတ်ခြင်း။
(၄) ရဿ-အတိုရွတ်ခြင်း။
(၅) လဟုက-အပေါ့ရွတ်ခြင်း။
(၆) ဂရုက-အလေးရွတ်ခြင်း။
(၇) နိဂ္ဂဟိတ-ကရိုဏ်းကိုနှိပ်၍ရွတ်ခြင်း။
(၈) သမ္ဗန္ဓ-ပုဒ်ကိုစပ်၍ရွတ်ခြင်း။
(၉) ဝဝတ္ထိတ-ဖြတ်၍ရွတ်ခြင်း။
(၁၀) ဝိမုတ္တ-ကရိုဏ်းကိုလွှတ်၍ရွတ်ခြင်း။

ဤသည်လျှင် ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးတည်း။

**ဘုရားအလောင်းတော် ၃-ပါး**

၂၀၇-မေး။ ။ဘုရားလောင်းသုံးပါးကား အဘယ်နည်း။

၂၀၇-ဖြေ။ ။ပညာဓိက,သဒ္ဓါဓိက,ဝီရိယာဓိကဟူ၍ သုံးပါးအပြားရှိ၏။

[ထိုသုံးပါးတို့တွင် လေးအသင်္ချေနှင့်ကမ္ဘာတသိန်း ပါရမီကိုဖြည့်ခြင်းကား ပညာဓိကမည်၏။

ရှစ်အသင်္ချေနှင့်ကမ္ဘာတသိန်း ပါရမီကိုဖြည့်ခြင်းကား သဒ္ဓါဓိကမည်၏။

တဆဲ့ခြောက်အသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီကိုဖြည့်ခြင်းကား ဝီရိယာဓိကမည်၏။

အရှင်ပစ္စေကဗုဒ္ဓါတို့ကား နှစ်သင်္ချေနှင့်ကမ္ဘာတသိန်း ဖြည့်ရ၏။

လက်ျာရံ,လက်ဝဲရံတို့ကား တသင်္ချေနှင့်ကမ္ဘာတသိန်း ဖြည့်ရ၏။

အသီတိသာဝကတို့ကား ကမ္ဘာတသိန်းဖြည့်ရ၏။

သာမညသာဝကတို့ကား အပိုင်းအခြား အရေအတွက်မရှိ၊ အကျွတ်တရားကို ရကုန်သတည်းဟုမှတ်ကုန်ရာ၏။]

## နမောတဿအစထားခြင်းအကြောင်း

၂၀၇-မေး။ ။ခပ်သိမ်းသောကျမ်းဂန်တို့၏အဦးအစ၌"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဟူသော ဤပုဒ်ကို ရှေးဆရာမြတ်တို့ အဘယ့်ကြောင့်ထားလေသနည်း။

၂၀၇-ဖြေ။ ။နတ်မင်းကြီးငါးပါးတို့ မပြတ်ကိုးကွယ်ဆောက်တည်သော ရှိခိုးပဏာမဖြစ်၍ ခပ်သိမ်းသောကျမ်းဂန်တို့၏ အဦးအစ၌ ရှေးဆရာမြတ်တို့ အစဉ်ထားတော်မူလေသတည်း။

အဘယ်သို့နတ်မင်းကြီးတို့ အသီးအသီးဆောက်တည်လေသနည်း။

သာတာဂိရိယက္ခော နမော၊ တဿစ အသုရိန္ဒကော။
ဘဂဝတော မဟာရာဇာ၊ သက္ကောပန အရဟတော။
သမ္မာသမ္ဗုဒ္ဓဿ ဗြဟ္မာစ၊ ပဉ္စဒေဝါ နမဿန္တိ။

ဤသို့ဆရာမြတ်တို့ မိန့်တော်မူကုန်ရကား သာတာဂိရိနတ်မင်းကြီးကား'နမော'ဟုရှိခိုး၏။

အသုရိန်နတ်မင်းကား'တဿ'ဟုရှိခိုး၏။

စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့ကား 'ဘဂဝတော' ဟုရှိခိုး၏။

သိကြားနတ်မင်းကြီးကား'အရဟတော'ဟုရှိခိုး၏။

ဗြဟ္မာမင်းတို့ကား 'သမ္မာသမ္ဗုဒ္ဓဿ'ဟု ရှိခိုး၏။

ဤသို့လျှင် နတ်မင်းကြီးတို့အသီးအသီးကိုးကွယ်ဆောက်တည်သတည်း။

ဘုရားပွင့်သောကမ္ဘာ-၁၂

၂၀၉-မေး။ ။ဒီပင်္ကရာဘုရားသခင် ပွင့်တော်မူသော သာရမဏ္ဍ ကမ္ဘာမှ ငါတို့ဘဒ္ဒကပ် ကမ္ဘာတိုင်အောင် လေးသင်္ချေနှင့်ကမ္ဘာတသိန်းအရေအတွက်ရှိသော ကမ္ဘာတို့တွင် ဘုရားသခင်တို့ ပွင့်တော်မူသော ကမ္ဘာကား-အဘယ်မျှလောက်အရေအတွက် ရှိလေသနည်း။

၂၀၉-ဖြေ။ ။တဆယ့်နှစ်ကမ္ဘာသာလျှင် အရေအတွက်ရှိသတည်း။

ဘုရားပွင့်သောကမ္ဘာအမည်

၂၁၀-မေး။ ။ဘုရားသခင်တို့ ပွင့်တော်မူသော ကမ္ဘာတဆယ့်နှစ်ကမ္ဘာတို့၏ အမည်သရုပ်ကား-အဘယ်နည်း။

၂၁၀-ဖြေ။ ။သာရမဏ္ဍကမ္ဘာ, သာရကမ္ဘာ, သာရမဏ္ဍကမ္ဘာ, ဝရကမ္ဘာ, သာရကမ္ဘာ, မဏ္ဍကမ္ဘာ, ဝရကမ္ဘာ, သာရကမ္ဘာ, မဏ္ဍကမ္ဘာ, သာရကမ္ဘာ,မဏ္ဍကမ္ဘာ, ဘဒ္ဒကမ္ဘာ။

ဤသည်လျှင် ဘုရားသခင်တို့ပွင့်တော်မူသောကမ္ဘာတဆယ့်နှစ်ကမ္ဘာတည်း။

တဆယ့်နှစ်ကမ္ဘာ ဘုရား ၂၈-ဆူ

၂၁၁-မေး။ ။ထိုတဆယ့်နှစ်ကမ္ဘာတို့၌ ပွင့်တော်မူသော ဘုရားသခင်တို့ကား-အဘယ်မျှလောက် အရေအတွက် ရှိလေသနည်း။

၂၁၁-ဖြေ။ ။နှစ်ကျိပ်ရှစ်ဆူအရေအတွက်ရှိ၏။

ဘုရား ၂၈-ဆူအမည်

၂၁၂-မေး။ ။နှစ်ကျိပ်ရှစ်ဆူအမည်ကား-အဘယ်နည်း။

၂၁၂-ဖြေ။ ။တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ, ဒီပင်္ကရာ, ကောဏ္ဍည, မင်္ဂလ, သုမန, ရေဝတ, သောဘိတ, အနောမဒဿီ, ပဒုမ,နာရဒ, ပဒုမုတ္တရ, သုမေဓာ, သုဇာတာ,ပိယဒဿီ,အတ္ထဒဿီ,ဓမ္မဒဿီ, သိဒ္ဓတ္ထ, တိဿ, ဖုဿ, ဝိပဿီ, သိခီ, ဝေဿဘူ, ကကုသန်, ကောဏာဂုံ,ကဿပ,ဂေါတမ။

ဤသည်လျှင် နှစ်ကျိပ်ရှစ်ဆူအမည်တည်း။

## ကမ္ဘာအမည်နှင့်ပွင့်တော်မူသောဘုရား

၂၁၃-မေး။ ။သာရမဏ္ဍစသော တဆယ့်နှစ်ကမ္ဘာတို့တွင် အဘယ်မည်သော ကမ္ဘာ၌ အဘယ်မည်သော ဘုရားသခင် ပွင့်တော်မူလေသနည်း။

၂၁၃-ဖြေ။ ။(၁) သာရမဏ္ဍကမ္ဘာ၌ တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ, ဒီပင်္ကရာ ဘုရားလေးဆူပွင့်တော်မူသည်။

(၂) သာရကမ္ဘာ၌ ကောဏ္ဍည ဘုရားသခင်ပွင့်တော်မူသည်။

(၃) သာရမဏ္ဍကမ္ဘာ၌ မင်္ဂလ, သုမန, ရေဝတ, သောဘိတ ဘုရားလေးဆူပွင့်တော်မူသည်။

(၄) ဝရကမ္ဘာ၌ အနောမဒဿီ, ပဒုမ, နာရဒ ဘုရားသုံးဆူပွင့်တော်မူသည်။

(၅) သာရကမ္ဘာ၌ ပဒုမုတ္တရဘုရားသခင်ပွင့်တော်မူသည်။

(၆) မဏ္ဍကမ္ဘာ၌ သုမေဓ, သုဇာတ ဘုရားနှစ်ဆူပွင့်တော်မူသည်။

(၇) ဝရကမ္ဘာ၌ ပိယဒဿီ, အတ္ထဒဿီ, ဓမ္မဒဿီ ဘုရားသုံးဆူပွင့်တော်မူသည်။

(၈) သာရကမ္ဘာ၌ သိဒ္ဓတ္ထဘုရားသခင် ပွင့်တော်မူသည်။

(၉) မဏ္ဍကမ္ဘာ၌ တိဿ, ဖုဿ ဘုရားနှစ်ဆူပွင့်တော်မူသည်။

(၁၀) သာရကမ္ဘာ၌ ဝိပဿီ ဘုရားသခင်ပွင့်တော်မူသည်။

(၁၁) မဏ္ဍကမ္ဘာ၌ သိခီ, ဝေဿဘူ ဘုရားနှစ်ဆူပွင့်တော်မူသည်။

(၁၂) ဘဒ္ဒကမ္ဘာ၌ ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ ဤလေးဆူသော ဘုရားသခင်တို့ပွင့်တော်မူကုန်၏၊ နောင်ပွင့်လတ္တံ့သောမေတ္တေယျ ဘုရားသခင်နှင့်သော် ဤဘဒ္ဒကမ္ဘာ၌ ဘုရားငါးဆူပွင့်သတည်း။

ဤသည်လျှင် ဤမည်သောကမ္ဘာ၌ ဤမည်သော ဘုရားသခင်တို့ပွင့်တော်မူသတည်းဟု မှတ်ရာ၏။

[ဤမှတပါးလည်း ရွှေ ၄, အိမ် ၁, ရွှေ ၄, စိန် ၃, အိမ် ၁, ကျီ ၂, စိန် ၃, အိမ် ၁, ကျီ ၂, အိမ် ၁, ကျီ ၂, ပွင့် ၅ ဆယ့်နှစ်ဆင့်-ဟူ၍ ဘုရားပွင့်တော်မူသော ကမ္ဘာကိုအစဉ်အတိုင်း နံသင့်အက္ခရာစီကုံး၍ ရှေးပညာရှိတို့ အစဉ်မှတ်သားထားသည်ကိုလည်း အထူးမှတ်ရာ၏။

ထိုမှတပါးလည်း–

တ မေ သ ဒီ ကော မံ သု ရေ၊ သော အ ပ နာ ပ သု သု ဝိ။
အ ခံ သိ တိ ဖု ဝိ သိ ဝေ၊ က ကော က ဂေါ နမာမဟံ။

ဤသို့ရေတွက်ခဲ့ပြီးသော နှစ်ကျိပ်ရှစ်ဆူသော ဘုရားသခင် တို့၏ နာမံတော်ကို အစအက္ခရာတလုံးစီဖြင့် စီကုံး၍ ရှေးဆရာမြတ်တို့ နေ့ညမပြတ် ကိုးကွယ် ဆောက်တည်တော်မူသတည်း။ မေတ္တေယျ ဘုရားရှင်ကား- နှစ်ကျိပ်ရှစ်ဆူ၌မဝင်ဟု မှတ်ရာ၏။]

## သစ္စာအနက် ၁၆ ချက်

၂၁၄-မေး။ ။သစ္စာအနက် တဆယ့် ခြောက်ချက် ဟူသည်ကား- အဘယ်နည်း။

၂၁၄-ဖြေ။ ။ဒုက္ခသစ္စာ၌ လေးပါး,သမုဒယသစ္စာ၌လေးပါး, နိရောဓသစ္စာ၌လေးပါး, မဂ္ဂသစ္စာ၌လေးပါး။

ဤသို့လေးပါးစီ ပြားသောကြောင့် သစ္စာအနက် တဆယ့်ခြောက်ချက် ဖြစ်သတည်း။

## သစ္စာအနက် ၁၆-ချက်ပြားပုံ

၂၁၅-မေး။ ။သစ္စာလေးပါး၌ တပါးကို လေးပါးစီ ပြားသော သရုပ်ကား အဘယ်နည်း။

၂၁၅-ဖြေ။ ။ဒုက္ခသစ္စာ၌-ပီဠနဋ္ဌ, သင်္ခတဋ္ဌ, သန္တာပဋ္ဌ, ဝိပရိဏာမဋ္ဌ-ဟူ၍ လေးပါးပြား၏။

သမုဒယသစ္စာ၌-အာယူဟနတ္ထ, နိဒါနတ္ထ, သံယောဂတ္ထ, ပလိဗောဓတ္ထ-ဟူ၍ လေးပါးတည်း။

နိရောဓသစ္စာ၌-နိဿရဏတ္ထ, ဝိဝေကတ္ထ, အသင်္ခတတ္ထ, အမတတ္ထ-ဟူ၍ လေးပါးတည်း။

မဂ္ဂသစ္စာ၌-နိယျာနတ္ထ, ဟေတွတ္ထ, ဒဿနတ္ထ, အဓိပတေယျတ္ထ-ဟူ၍ လေးပါးတည်း။

ဤသည်လျှင် သစ္စာလေးပါးတွင် တပါးတပါး၌ လေးပါးစီပြားသော သရုပ်တည်း။

**သစ္စာအနက် ၁၆-ချက်သရုပ်သဘော**

**၂၁၆-မေး။** ။သစ္စာလေးပါး၌ တပါးတပါးတွင်လေးပါး လေးပါးပြားသော သရုပ်၏ သရူပဝန္တကား အဘယ်နည်း။

ဒုက္ခသစ္စာ၌ ၄-ပါး

**၂၁၆-ဖြေ။** ။(၁) ပီဠနတ္ထ-ဟူသည်ကား နှိပ်စက်ခြင်းသဘောတည်း။

(၂) သင်္ခတတ္ထ- ဟူသည်ကား ပြုပြင်အပ်သော သဘောတည်း။

(၃) သန္တာပတ္ထ- ဟူသည်ကား ပူပန်တတ်သော သဘောတည်း။

(၄) ဝိပရိဏာမတ္ထ-ဟူသည်ကား ဖောက်ပြန်တတ်သော သဘောတည်း။

သမုဒယသစ္စာ၌ ၄-ပါး

(၁) အာယူဟနတ္ထ-ဟူသည်ကား အားထုတ်အပ်သော သဘောတည်း။

(၂) နိဒါနတ္ထ-ဟူသည်ကား အကျိုးကို ဖြစ်စေတတ်သော သဘောတည်း။

(၃) သံယောဂတ္ထ- ဟူသည်ကား ဝဋ်၌ယှဉ်စေတတ်သော သဘောတည်း။

(၄) ပလိဗောဓတ္ထ-ဟူသည်ကား ကိလေသာဖြင့် မှေးအပ်သော သဘောတည်း။

နိရောဓသစ္စာ၌ ၄-ပါး
(၁) နိဿရဏဋ္ဌ- ဟူသည်ကား ကိလေသာမှ ထွက်မြောက်သော သဘောတည်း။
(၂) ဝိဝေကဋ္ဌ-ဟူသည်ကား ကိလေသာမှ ကင်းသော သဘောတည်း။
(၃) အသင်္ခတဋ္ဌ-ဟူသည်ကား မပြုပြင်အပ်သော သဘောတည်း။
(၄) အမတဋ္ဌ-ဟူသည်ကား မသေသော သဘောတည်း။
မဂ္ဂသစ္စာ၌ ၄-ပါး
(၁) နိယျာနဋ္ဌ-ဟူသည်ကား သံသရာမှ ထွက်မြောက်သော သဘောတည်း။
(၂) ဟေတွဋ္ဌ-ဟူသည်ကား အကြောင်းသဘောတည်း။
(၃) ဒဿနဋ္ဌ- ဟူသည်ကား မြင်ခြင်းသဘောတည်း။
(၄) အဓိပတေယျဋ္ဌ-ဟူသည်ကား အစိုးရသော သဘောတည်း။

ဤသို့လျှင် သစ္စာတပါးတပါး၌ လေးပါးစီပြားသော သရုပ်၏အနက်သဘောတည်း။

**ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်**

၂၁၇-မေး။ ။ဘုရားသခင် ဟောတော်မူသော ဒေသနာတော်ကား ဓမ္မက္ခန္ဓာအားဖြင့်ရှစ်သောင်းလေးထောင် အပြားရှိသော ဟူ၏၊ သုတ္တန်၌ အတီမျှ အပြားရှိသနည်း၊ ဝိနည်း၌ အတီမျှ အပြားရှိသနည်း၊ အဘိဓမ္မာ၌ အတီမျှ အပြားရှိသနည်း။

၂၁၇-ဖြေ။ ။ဝိနယေ-ဉ-န-အာ-ကာ-ရာ။
သုတ္တန္တေ-ဉ-န-ဩ-ကာ-ရာ။
အဘိဓမ္မေ-ဉ-န-ဥ-ရ-ဝါ။
စတုရာသီတိ ဓမ္မက္ခန္ဓ သဟဿာနိ ဟောန္တိ။ ။ဟု

ဆရာတို့ မိန့်ကုန်ရကား—
သုတ္တန်ပိဋကတ်၌ နှစ်သောင်းတထောင်။
ဝိနည်းပိဋကတ်၌လည်း နှစ်သောင်းတထောင်။
အဘိဓမ္မာပိဋကတ်၌ကား လေးသောင်းနှစ်ထောင်။

ဤသို့လျှင်အသီးအသီး ပြားသောအားဖြင့် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ရှိလေသတည်း။

[ဤနအာကာရာ-ဟူသော အက္ခရာကို နှစ်သောင်း တထောင် ဂဏန်းသင်္ချာချ၍ ယူသော နည်းကား- ပရမတ္ထဗိန္ဒုသင်္ချာယူနည်းတည်း၊ အဘယ်ပုဒ်ပါဌ်ကို ထောက်၍သိရသနည်း။

ကာဒိ ဋာဒိ ယကာရာဒိ၊ နဝသင်္ချာ ပကာသိတာ။
ပဉ္စသင်္ချာ ပကာရာဒိ၊ သုညာနာမ သရ ဥ နာ။ ။

ဟူသော ဂါထာကိုထောက်၍ သိရာ၏။

ထိုဂါထာ၏အဓိပ္ပါယ်ကား—က-အစရှိသော အက္ခရာ, ဋ-အစရှိသော အက္ခရာ, ယ-အစရှိသော အက္ခရာ ဤအက္ခရာတို့ကို အစဉ်အတိုင်း ကိုးခုသင်္ချာတိုင်အောင်ယူအပ်၏၊ ပ-အစရှိသောအက္ခရာကို ငါးခုသင်္ချာတိုင်အောင် အစဉ်အတိုင်း ယူအပ်၏၊ သရရှစ်လုံး, ဉ-အက္ခရာ, န-အက္ခရာတို့ကို သုညဟု ယူအပ်၏၊ ဤသို့လည်း စကားအထူးကို မှတ်ကုန်ရာ၏။]

## ပုဂ္ဂိုလ် ၁၂-ယောက်

၂၁၇-မေး။ ။ပုဂ္ဂိုလ်တကျိပ်နှစ်ယောက် ဟူသည်ကား အဘယ်နည်း။

၂၁၇-ဖြေ။ ။ပုထုဇဉ်လေးယောက်, အရိယာ ရှစ်ယောက်တည်း။

## ပုထုဇဉ် ၄-ယောက်

၂၁၈-မေး။ ။ပုထုဇဉ်ပုဂ္ဂိုလ်လေးယောက်ကား အဘယ်နည်း။ ။

၂၁၈-ဖြေ။ ။(၁) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်။ (၃) ဒွိဟိတ်ပုဂ္ဂိုလ်။
(၂) သုဂတိအဟိတ်ပုဂ္ဂိုလ်။ (၄) တိဟိတ်ပုဂ္ဂိုလ်။

အားဖြင့် ၄-ယောက်တည်း။

## အရိယာ ၈-ယောက်

၂၂၀-မေး။ ။အရိယာရှစ်ယောက်ကား အဘယ်နည်း။

၂၂၀-ဖြေ။ ။(၁) သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။
(၂) သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။

(၃) အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။
(၄) အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်အားဖြင့် မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လေးယောက်။
(၁) သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်။
(၂) သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။
(၃) အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။
(၄) အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်အားဖြင့် ဖလဋ္ဌာန် ပုဂ္ဂိုလ်လေးယောက်။

ဤသည်လျှင် အရိယာရှစ်ယောက်တည်း။ ။

**ဘုံအားဖြင့်ပြားသောပုဂ္ဂိုလ်-၂၁၄ ယောက်**

၂၂၁-မေး။ ။ဘုံအားဖြင့် ပြားသော ပုဂ္ဂိုလ်ကား အတိမျှ အရေ အတွက်ရှိသနည်း။

၂၂၁-ဖြေ။ ။နှစ်ရာ့တကျိပ်လေးယောက်ရှိသတည်း။

**ဘုံအားဖြင့်ပုဂ္ဂိုလ်ပြားပုံ**

၂၂၂-မေး။ ။အဘယ်သို့ ဘုံအားဖြင့်ရေတွက်၍ နှစ်ရာ့တကျိပ် လေးယောက်အပြားရှိသနည်း။

၂၂၂-ဖြေ။ ။အပါယ်လေးဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တယောက်သာဖြစ်၏၊ တဘုံတဘုံ၌တယောက်စီဖြစ်၍ ဘုံအားဖြင့်လေးယောက်ရသတည်း။

အသညသတ်ဘုံကား ရုပ်သာပဋိသန္ဓေနေသော သုဂတိအဟိတ် ပုဂ္ဂိုလ်တယောက်သာ ရသတည်း။

မနုဿဘုံ, စတုမဟာရာဇ်ဘုံ ဤနှစ်ဘုံ၌ကား သုဂတိအဟိတ် ပုဂ္ဂိုလ်,ဒွိဟိတ်ပုဂ္ဂိုလ်,တိဟိတ်ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်သုံးယောက်, အရိယာရှစ်ယောက်အားဖြင့် တကျိပ်တယောက်စီဖြစ်၍ ဘုံအားဖြင့်နှစ်ကျိပ်နှစ်ယောက်ရသတည်း။

တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တီ ဤငါးဘုံ၌ ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်ပုဂ္ဂိုလ်နှစ်ယောက်,အရိယာရှစ်ယောက်အားဖြင့် တဘုံတဘုံ၌တကျိပ်စီရသည်ဖြစ်၍ ဘုံအားဖြင့် ပုဂ္ဂိုလ်ငါးကျိပ်ရသတည်း။

ပဋ္ဌမဈာန်သုံးဘုံ,ဒုတိယဈာန်သုံးဘုံ,တတိယဈာန်သုံးဘုံ,ဝေဟပ္ဖိုလ် အားဖြင့် ရူပါဝစရဆယ်ဘုံ၌ကား တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်, အရိယာရှစ် ယောက်အားဖြင့် တဘုံတဘုံ၌ ကိုးယောက်စီဖြစ်၍ ဘုံအားဖြင့်ကိုးကျိပ် ရသတည်း။

သုဒ္ဓါဝါသငါးဘုံ၌ကား အနာဂါမိဖလဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန်အားဖြင့် တဘုံတဘုံ၌ သုံးယောက်စီဖြစ်၍ တကျိပ် ငါးယောက်ရသတည်း။

အရူပလေးဘုံ၌ကား တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တယောက်, သောတာ ပတ္တိမဂ္ဂဋ္ဌာန် ကြဉ်သောအရိယာခုနစ်ယောက်အားဖြင့် တဘုံတဘုံ၌ရှစ် ယောက်ရသည်ဖြစ်၍ ဘုံအားဖြင့် ပုဂ္ဂိုလ်သုံးကျိပ်နှစ်ယောက်ရသတည်း။

ဤသို့ရေတွက်အပ်ခဲ့ပြီးသော ပုဂ္ဂိုလ်အလုံးစုံကို ပေါင်းသော် ဘုံအား ဖြင့် ပုဂ္ဂိုလ်အပြား နှစ်ရာ့တကျိပ်လေးယောက်ရှိသတည်း၊ ထို့ကြောင့် ပုဂ္ဂိုလ်အပြား ဝါကရေး-ဟူ၍ အစဉ်ဆိုကြကုန်သတည်း။

[ဤအရာ၌ ဝါကရေး-ဟူသောသင်္ချာလည်း ပရမတ္ထမိန္ဒုသင်္ချာပင် တည်းဟုမှတ်ရာ၏။]

### မီးဖျက်သောအာဘဿရဘုံ

၂၂၃-မေး။ ။ကမ္ဘာဖျက်မီး အတိမျှလောက်ဘုံတိုင်အောင် လောင် သနည်း။

၂၂၃-ဖြေ။ ။အာဘဿရဘုံတိုင်အောင်လောင်သတည်း။

### ရေဖျက်သောသုဘကိဏှာဘုံ

၂၂၄-မေး။ ။ကမ္ဘာဖျက်ရေ အဘိမျှလောက်သော ဘုံတိုင်အောင် ဖျက်လေသနည်း။

၂၂၄-ဖြေ။ ။သုဘကိဏှာဘုံတိုင်အောင်ဖျက်လေသတည်း။

### လေဖျက်သောဝေဟပ္ဖိုလ်ဘုံ

၂၂၅-မေး။ ။ကမ္ဘာဖျက်လေ အတိမျှလောက်သော ဘုံတိုင်အောင် ဖျက်လေသနည်း။

၂၂၅-ဖြေ။ ။ဝေဟပ္ဖိုလ်ဘုံတိုင်အောင် ဖျက်လေသတည်း၊

[အဘယ်သို့သောပါဠိပါဌ်ကို ထောက်၍သိရသနည်းဟူမူကား-
အဂ္ဂိနာ ဘယဿ ရာ,ဟေဋ္ဌာ၊အာပေန သုဘကိဏှတော။
ဝေဟပ္ဖလတော ဝါတေန၊ ဧဝံ လောကော ဝိနဿတိ။
ဤသို့ကျမ်းလာဂါထာပါဠိကိုထောက်၍ သိရသတည်း။]

## ဥဇျိုင်းတို့အဖိုမရှိ

၂၂၆-မေး။ ။ဥဇျိုင်းတို့သည် အဖိုဟူ၍မရှိ၊ ဥဇျိုင်းမ-သာရှိသည်ဟူ၍ အစဉ်ဆိုကြသောစကား မှန်အံ့လော။

၂၂၆-ဖြေ။ ။ဗကာသု ပုရိသော နာမ နတ္ထိ။

ဤသို့ကျမ်းဂန်လာရကား-ဥဇျိုင်းတို့မည်သည်အဖိုမရှိ၊ ဥဇျိုင်းမသာရှိသည်ဆိုသောစကားဟုတ်မှန်သတည်း။

## ဥဇျိုင်းတို့မိုယ်းသံကြားသဖြင့်သန္ဓေရခြင်း

၂၂၇-မေး။ ။ဥဇျိုင်းတို့သည် အဖိုမရှိဘဲလျက် အဘယ့်ကြောင့် ကိုယ်ဝန်ပဋိသန္ဓေရ၍ သားဘွားခြင်းရှိလေသနည်း။

၂၂၇-ဖြေ။ ။တေ မေဃသဒ္ဒံ သုတွာ ဂဗ္ဘံ ပဋိဂ္ဂဏှန္တိ။

ဤသို့ကျမ်းလာရကား-ဥဇျိုင်းတို့သည် မိုယ်းသံကိုကြားသဖြင့် ကိုယ်ဝန်ပဋိသန္ဓေရ၍ သားဘွားခြင်းရှိကြကုန်သတည်း။

## ဒါနဝတ္ထု ၁၀-ပါး

၂၂၈-မေး။ ။ဒါနဝတ္ထုဆယ်ပါးကား-အဘယ်နည်း။

၂၂၈-ဖြေ။ ။အန္နံ ပါနံ ဃရံ ဝတ္ထံ၊ ယာနံ မာလာ ဝိလေပနံ။
ဂန္ဓော သေယျာ ပဒီပေါ စ၊ ဒသဒါနာ ဣမေ သိယုံ။

ဤသို့ကျမ်းလာရကား-ဆွမ်း,အဖျော်, ကျောင်းနေရာ, အဝတ်ပုဆိုး, ယာဉ်အစီးအနင်း, ပန်း, နံ့သာပျောင်း, နံ့သာ, အိပ်ရာနေရာ, ဆီမီး၊ ဤသည်လျှင် ဒါနဝတ္ထုဆယ်ပါးတည်း။

## မစ္ဆရိယ ၄ါးပါး

၂၂၉-မေး။ ။မစ္ဆရိယဟူသော ဝန်တိုခြင်း ငါးပါးကား- အဘယ်နည်း။

၂၂၉-ဖြေ။ ။(၁) အာဝါသ မစ္ဆရိယ-နေရာ၌ ဝန်တိုခြင်း။
(၂) ကုလမစ္ဆရိယ-ဒါယကာတို့၌ ဝန်တိုခြင်း။

(၃) လာဘမစ္ဆရိယ-လာဘ်လာဘ၌ဝန်တိုခြင်း။
(၄) ဝဏ္ဏမစ္ဆရိယ-အဆင်း၌ ဝန်တိုခြင်း။
(၅) ဓမ္မမစ္ဆရိယ-တရား၌ ဝန်တိုခြင်း။
ဤသည်လျှင် မစ္ဆရိယ ဟူသောဝန်တိုခြင်း၅ါးပါးတည်း။

## ပါရမီ ၁၀-ပါး

၂၃၀-မေး။ ။ပါရမီဆယ်ပါးကား-အဘယ်နည်း။

၂၃၀-ဖြေ။ ။ဒါနံ သီလဉ္စ နေက္ခမ္မံ၊ ပညာ ဝီရိယ ပဉ္စမံ။
ခန္တိ သစ္စ မဓိဋ္ဌာနံ၊ မေတ္တုပေက္ခာ ဣမေဒသ။

ဤသို့ ကျမ်းလာရကား- ဒါန,သီလ, နိက္ခမ, ပညာ, ဝီရိယ, ခန္တိ, သစ္စာ,အဓိဋ္ဌာန်,မေတ္တာ,ဥပေက္ခာ။
ဤသည်လျှင် ပါရမီဆယ်ပါးတည်း။

## ခင်ပွန်းကြီး ၁၀-ပါး

၂၃၁-မေး။ ။ခင်ပွန်းဆယ်ပါးကား-အဘယ်နည်း။

၂၃၁-ဖြေ။ ။ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါစ၊ သာဝကာ အဂ္ဂသာဝကာ။
မာတာပိတု ဂရု သတ္တာ၊ ဒါယကာ ဓမ္မဒေသကာ။

ဤသို့ ကျမ်းလာရကား-

(၁) သဗ္ဗညုဘုရားသခင်။
(၂) ပစ္စေကဗုဒ္ဓါ။
(၃) သာဝကရဟန္တာ။
(၄) လက်ျာရံလက်ဝဲရံ။
(၅) အမိ။
(၆) အဘ။
(၇) ဆရာ။
(၈) အဘက်တလဲလဲ မပြတ် ဆုံးမ ပေတတ်သောဆရာ။
(၉) ပေးကမ်းဘူးသောသူ။
(၁၀) တရားဟောပေသောသူ။

ဤသည်လျှင် ခင်ပွန်းဆယ်ပါးတည်း။

## အဘိဓမ္မာနည်းအလှူ ၆-ပါး

၂၃၂-မေး။ ။အဘိဓမ္မာပိဋကတ်၌ လာသောအလှူမျိုး ခြောက်ပါးကား-အဘယ်နည်း။

၂၃၂-ဖြေ။ ။ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ, ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ ဟူ၍ ခြောက်ပါးတည်း။

[ထိုခြောက်ပါးတို့တွင်–
(၁) မျက်စိအာရုံရှုဘွယ်ရှိသော အဆင်းလှသောဝတ္ထုကိုလှူသောအလှူမျိုးသည် ရူပါရုံအလှူမည်၏။
(၂) နားဌနာပျော်ဘွယ်ရှိသောအသံ, ပဥ္စင်တူရိယာစသော အလှူမျိုးသည် သဒ္ဒါရုံအလှူမည်၏။
(၃) နမ်းချင်ဘွယ်ရှိသော အနံ့,မွှေးသောနံ့သာပန်းစသောအလှူမျိုးသည် ဂန္ဓာရုံအလှူမည်၏။
(၄) အချိ,အချဉ်,အစပ်,အငန်,အဖန်,အခါးစသော ခဲဘွယ်,စားဘွယ်လျက်ဘွယ် စသော အရသာ အလှူမျိုးသည် ရသာရုံအလှူမည်၏။
(၅) ညောင်စောင်း,အင်းပျဉ်,အိုး,မွေ့ရာ,သက်နီးစသော နူးညံ့သောအတွေ့ကောင်းသော အလှူမျိုးသည် ဖေါဋ္ဌဗ္ဗာရုံအလှူမည်၏။
(၆) ဆီဦးထောပတ်အစရှိသော ဩဇာအလှူ,သရက်သီးစသော ရှစ်ပါးသောအဖျော်အလှူ, အသက်ရှည်ကြောင်းဖြစ်သော ဆေးစသောအလှူ, အစိုးရသောသူတို့သည် လေး မြား ပိုက်ကွန် ညွှတ်ကျော့ကွင်း စသောလက်နက်ကို ဖျက်ဆီး၍ သူ၏အသက်မသေရအောင်ဆီးတားသော အသက်အလှူမျိုးသည် ဓမ္မာရုံအလှူမည်၏။]
ဤသည်လျှင် အဘိဓမ္မာပိဋကတ်၌ လာသော အလှူမျိုး ခြောက်ပါးတည်း။

### အကျိုးမရသော အလှူ ၅-ပါး

၂၃၃-မေး။ ။လှူ၍ အကျိုးမရသောအလှူမျိုးငါးပါးကား-အဘယ်နည်း။

၂၃၃-ဖြေ။ ။(၁) မဇ္ဇဒါန-ယစ်မျိုးဟူသောအလှူ။
(၂) သမဇ္ဇဒါန-ကချေသဘင် တီးမှုတ်မျိုးဟူသောအလှူ။
(၃) ဣတ္ထိဒါန-မိန်းမ ဟူသောအလှူ။
(၄) ဥသဘဒါန-နွားမတို့၏အလယ်၌ ဥသဘနွားလားကိုလွှတ်၍ လှူသောအလှူ။
(၅) စိတ္တကမ္မဒါန-မိန်းမ ယောကျ်ားသံဝါသပြုပုံကို ပန်းချီဆေးဝါးရေး၍ လှူသောအလှူ။

ဤသည်လျှင် လှူ၍အကျိုးမရသော အလှူငါးပါးတည်း။

[ထိုငါးပါးသောအလှူတို့တွင် ရတနာသုံးပါးတို့အား ရည်မှတ်၍ ကချေသဘင် တီးမှုတ်မျိုးအလှူ, ပန်းချီဆေးဝါးရေး၍ လှူသော်ကား ကုသိုလ်ကောင်းမှုရပါ၏ ဟူသတည်း။]

### ဆရာကိုနှစ်သက်စေရာသော အကြောင်း ၅-ပါး

၂၃၄-မေး။ ။တပည့်တို့သည် ဆရာကိုနှစ်သက်စေရာသော အကြောင်းငါးပါးကား အဘယ်နည်း။

၂၃၄-ဖြေ။ ။ဥဋ္ဌာနာစ ဥပဋ္ဌာနာ၊ သုဿူသာပါရိစာရိကာ။ သက္ကစ္စံ သိပ္ပုဂ္ဂဟဏံ၊ ဂရုံ အာရာဓယေ ဗုဓေါ။

ဤသို့ ကျမ်းလာရကား—

(၁) ဆရာလာသော် နေရာမှထလင့်ခြင်း။
(၂) နေ့ညမပြတ်ခစားခြင်း။
(၃) စကားကိုနာလွယ်ခြင်း။
(၄) နေ့ညမပြတ် လုပ်ကျွေး ခြေဆုပ်လက်နယ် ပြုခြင်း။
(၅) အရိုအသေအတတ်ပညာသင်ခြင်း။

ဤသည်လျှင် တပည့်တို့သည် ဆရာကိုနှစ်သက်စေရာသောအကြောင်း ငါးပါးတည်း။

### လောကဓံတရား ၈-ပါး

၂၃၅-မေး။ ။လောကဓံတရားရှစ်ပါးကား အဘယ်နည်း။

၂၃၅-ဖြေ။ ။(၁) လာဘော-လာဘ်သပ္ပကာ ရှိခြင်း။
(၂) အလာဘော-လာဘ်သပ္ပကာမရှိခြင်း။
(၃) ယသော-အခြွေအရံရှိခြင်း။
(၄) အယသော-အခြွေအရံမရှိခြင်း။
(၅) နိန္ဒာ-ကဲ့ရဲ့ခြင်း။
(၆) ပသံသာ-ချီးမွမ်းခြင်း။
(၇) သုခံ-ချမ်းသာခြင်း။
(၈) ဒုက္ခံ-ဆင်းရဲခြင်း။

ဤသည်လျှင် လောကဓံတရား ရှစ်ပါးတည်း။

## တူရိယာ ၅-ပါး

၂၃၆-မေး။ ။တူရိယာငါးပါးဟူသည် အဘယ်နည်း။

၂၃၆-ဖြေ။ ။အာတတံ ဝိတတဉ္စေဝ၊ အာတတဝိတတံ ဃနံ။
သုသိရဉ္စေဝ တူရိယံ၊ ပဉ္စင်္ဂိက မုဒီရိတံ။ ။

ဤသို့ ကျမ်းလာရကား—

(၁) တဘက်ဝိတ်သောစည်။
(၂) နှစ်ဘက်ဝိတ်သောစည်။
(၃) အလုံးစုံဝိတ်သောစည်။
(၄) တခဲနက်သော အသံရှိသောစည်။
(၅) အခေါင်းရှိသောစည်။

ဤသည်လျှင် တူရိယာငါးပါးတည်း။

[တခဲနက်သော အသံရှိသောစည်ကား- မောင်း, ကြေးနင်း, သံလွင်, ကြေးစည်တို့တည်း။
အခေါင်းရှိသောစည်ကား—ခရုသင်း, ဒုံမင်း, နှဲ, မြွေ, ခရာ, တံပိုး စသည်တို့တည်း၊ ဤသို့ အထူးမှတ်ရာ၏။]

## မိန်းမမြတ်တို့အကျင့် ၅-ပါး

၂၃၇-မေး။ ။မိန်းမမြတ်တို့အကျင့် ငါးပါးဟူသည် အဘယ်နည်း။

၂၃၇-ဖြေ။ ။(၁) ပုဗ္ဗုဋ္ဌာယိနီ-လင်မထမီ ထသည်။
(၂) ပစ္ဆာပနိ္တ-လင်အိပ်မှ အိပ်သည်။
(၃) ကိံကာရပဋိဿာဝိနီ- အဘယ်အမှုအရာကို လုပ်ဆောင်ရမည်နည်းဟူ၍ လင်၏အစီအရင်ကိုခံ၍ လုပ်ဆောင်စီရင်သည်။
(၄) မနာပစာရိနီ-နှစ်သက်ဘွယ် ကျင့်သည်။
(၅) ပိယဝါဒါ-ပြုံးခြင်းရွှင်းရှိသော ချစ်ဘွယ်သော စကားကို ဆိုတတ်သည်။

ဤသည်လျှင် မိန်းမမြတ်တို့အကျင့်ငါးပါးတည်း။

## ဆို၍မနာလိုသောသူ ၅-ယောက်

၂၃၈-မေး။ ။ဆို၍မနာလိုသောသူငါးယောက်ကား အဘယ်နည်း။

၂၃၇-ဖြေ။ ။(၁) မသဒ္ဓါသောသူကို သဒ္ဓါအောင်ဆို၍ မနာလို။
(၂) အကြားအမြင်မရှိသောသူကို အကြားအမြင် ရှိအောင်ဆို၍ မနာလို။
(၃) ပေးကမ်းစွန့်ကြဲခြင်းမရှိသောသူကို ပေးကမ်း စွန့်ကြဲအောင်ဆို၍ မနာလို။
(၄) ပညာမဲ့သောသူကို ပညာရှိအောင်ဆို၍ မနာ လို။
(၅) သီလမရှိသောသူကို သီလရှိအောင်ဆို၍ မနာ လို။

ဤသည်လျှင် ဆို၍ မနာလိုသူငါးယောက်တည်း။

**အကျိုးယုတ်ရာသောအကြောင်း ၆-ပါး**

၂၃၉-မေး။ ။အကျိုးစီးပွါး ယုတ်ရာသော အကြောင်းခြောက်ပါးကား အဘယ်နည်း။

၂၃၉-ဖြေ။ ။(၁) နေမြင့်အောင်အိပ်ခြင်း။
(၂) ပျင်းခြင်း။
(၃) နှုတ်လက်ကြမ်းခြင်း။
(၄) နိုး၍ ထခဲခြင်း။
(၅) တယောက်တည်း ခရီးဝေးသွားခြင်း။
(၆) ပရဒါရကံကို ပြုခြင်း။

ဤသည်လျှင် အကျိုးစီးပွါး ယုတ်ရာသော အကြောင်းခြောက်ပါးတည်း။

**အကျိုးများရာသောအကြောင်း ၇ ပါး**

၂၄၀-မေး။ ။အကျိုးစီးပွါး များရာသော အကြောင်း ခုနစ်ပါးကား အဘယ်နည်း။

၂၄၀ ဖြေ။ ။ဥဋ္ဌာနဝတော သတိမတော၊ သုစိကမ္မဿနိသမ္မကာ- ရိနော။ သညတဿဓမ္မဇီဝိနော၊ အပ္ပမတ္တဿ ယ- သောဘိဝဍ္ဎတိ။

ဤသို့ ကျမ်းလာ ရကား—

(၁) လုံ့လဝီရိယရှိခြင်း။
(၂) သတိနှင့်ပြည့်စုံခြင်း။

(၃) သန့်ရှင်းစင်ကြယ်စွာအမှုကိုပြုခြင်း။
(၄) စူးစမ်းဆင်ခြင်၍ အမှုကိုပြုလေ့ရှိခြင်း။
(၅) ကိုယ်နှုတ်နှလုံးသုံးပါးကို စောင့်စည်းခြင်း။
(၆) တရားသဖြင့်သာ အသက်မွေးခြင်း။
(၇) ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်း။

ဤသည်လျှင် အကျိုးစီးပွါးများရာသော အကျင့်ခုနစ်ပါးတည်း။

[ဤတရားကား ကုမ္ဘဃောသကသူဌေးသားကို အကြောင်းပြု၍ ဟောတော်မူ၏။]

## သမ္ပတ္တိစက် ၄-ပါး

၂၄၁-မေး။ ။သမ္ပတ္တိစက်လေးပါးဟူသည်ကား-အဘယ်နည်း။

၂၄၁-ဖြေ။ ။(၁) ပတိရူပဒေသဝါသ- လျောက်ပတ် သင့်တင့် ကောင်းမြတ်သောအရပ်၌နေခြင်း။
(၂) ပုဗ္ဗေစကတပုညတာ- ရှေးရှေးသောဘဝတို့၌ပြုခဲ့ဘူးသော ကံဟောင်းရှိခြင်း။
(၃) အတ္တသမ္မာပဏိဓိ- မိမိကိုယ်ကို ကောင်းစွာ ကျင့်ဆောက်တည်ခြင်း။
(၄) သပ္ပုရိသူ ပနိဿယ- သူတော် ကောင်း အပေါင်းအဘော် အဆွေခင်ပွန်းရှိခြင်း။

ဤသည်လျှင် သမ္ပတ္တိစက် လေးပါးတည်း။

[ဤသမ္ပတ္တိစက် လေးပါးနှင့်ပြည့်စုံမှုကား- ပစ္စုပ္ပန်သံသရာစီးပွါးများရာ၏။]

## နေရာအပြစ် ၆-ပါး

၂၄၂-မေး။ ။နေရာအပြစ်ခြောက်ပါးဟူသည်ကား-အဘယ်နည်း။

၂၄၂-ဖြေ။ ။(၁) ပေးလွှန်းသည်။ (၄) နောက်ဖူးစူး။
(၂) နီးလွန်းသည်။ (၅) မြင့်ရာအရပ်။
(၃) ရှေ့တူရူ။ (၆) လေညာ။

ဤသည်လျှင် နေရာအပြစ်ခြောက်ပါးတည်း။

## မင်းမြှောက်တန်ဆာ ၅-ပါး

၂၄၃-မေး။ ။မင်းမြှောက်တန်ဆာငါးပါးဟူသည်ကား- အဘယ်နည်း။

၂၄၃-ဖြေ။ ။ခဂ္ဂေါစ ဆတ္တမုဏှိသံ၊ပါဒုကာ ဝါလဗီဇနီ။
ဣမေက ကုဓဘဏ္ဍာနိ၊ ဘဝန္တိပဉ္စရာဇုနံ။

ဤသို့ ကျမ်းလာရကား-

(၁) သန်လျက်။
(၂) ထီးဖြူ။
(၃) သင်းကျစ်။
(၄) ခြေနင်း။
(၅) စာမရီသားမြီးယပ်။

ဤသည်လျှင် မင်းမြှောက်တန်ဆာငါးပါးတည်း။

## ပဉ္စာနန္တရိယကံ ၅-ပါး

၂၄၄-မေး။ ။ပဉ္စာနန္တရိယကံငါးပါးကား-အဘယ်နည်း။

၂၄၄-ဖြေ။ ။(၁) အမိကိုသတ်သော မာတုဃာတကကံ။
(၂) အဘကိုသတ်သော ပိတုဃာတကကံ။
(၃) ရဟန္တာကိုသတ်သော အရဟန္တဃာတကကံ။
(၄) ဘုရားသခင်တို့အား သွေးစိမ်း တည်အောင် ပြုသော လောဟိတုပ္ပါဒကကံ။
(၅) သံဃာကို ကွဲပြားအောင် ပြုသော သံဃဘေဒကကံ။

ဤသည်လျှင် အာနန္တရိယကံငါးပါးတည်း။

[ထိုကံငါးပါးတို့တွင် တပါးပါးကို ပြုမိသောသူကား- သေသည်၏အခြားမဲ့၌ မချွတ်မလွဲငရဲခံရမြဲတည်း၊ ထို့ကြောင့် အာနန္တရိယ-ကံဟူ၍ ဆိုသည်ဟု မှတ်ရာ၏။]

## အာနန္တရိယကံ ပြောက်ပုံ မပြောက်ပုံ

၂၄၅-မေး။ ။အကြင်သူ၌ အမိအဘတို့သည် တိရစ္ဆာန်ဖြစ်ကုန်၏၊ ထိုတိရစ္ဆာန်ဖြစ်ကုန်သော အမိအဘတို့ကို သတ်မိသော် မာတုဃာတကကံ၊ ပိတုဃာတကကံ ရောက်အံ့လော။

၂၄၇-ဖြေ။ ။အကြင်သူသည် တိရစ္ဆာန်ဖြစ်သော အမိအဘတို့ကို သတ်မိအံ့၊ အာနန္တရိယကံ မရောက်ကောင်း၊နှစ်ပါးစုံ လူဖြစ်မှသာ ရောက်သတည်း။

[မိဘတိရစ္ဆာန်ဖြစ်၍ သားလူဖြစ်သော်၎င်း၊ မိဘလူဖြစ်၍ သား တိရစ္ဆာန်ဖြစ်သော်၎င်း၊အာနန္တရိယကံမမြောက်၊မကောင်းမှု အပြစ် ကား-အလွန်လျှင်ကြီး၏။ ။အရဟန္တဃာတကကံ၌လည်း လူစင်စစ် ဖြစ်သော ရဟန္တာကိုသတ်မှ အာနန္တရိယကံဖြစ်၏၊ နတ်ရဟန္တာတို့၌ ကား-အာနန္တရိယကံမဖြစ်။]

## ဆရာဇီဝက မကောင်းမှုမဖြစ်ပုံ

၂၄၆-မေး။ ။ဘုရားသခင်ကိုယ်တော်၌ ယင်ငယ် သောက်လောက် ရှိမျှသွေးစိမ်းတည်အောင် ပြုမိသော် အာနန္တရိယကံ ဖြစ်၏ဟူ၍ဆို၏၊ ဇီဝကဆေးသမားသည် ထိုသွေးစိမ်း တည်သောအနာကို ထားငယ်ဖြင့် ခွဲဘောက်၍ သွေး ပုပ်ကိုထုတ်ယူရာ၌ မကောင်းမှုဖြစ်အံ့လော။

၂၄၆-ဖြေ။ ။ရှင်ဇီဝက ဆေးသမားသည် ရောဂါ ဝေဒနာကို ချမ်းသာအောင် ပြုသောကြောင့် မကောင်းမှုမဖြစ်၊ကြီးစွာသော ကုသိုလ် ကောင်းမှုသာဖြစ်၏။

## အာနန္တရိယကံနှင့်တူသောကံ

၂၄၈-မေး။ ။ဘုရားမြတ်စွာ၏ ကိုယ်တော်နှင့်တူသော ရုပ်တု ဆင်းတုတော်ကို၎င်း၊ ဓာတ်တော် မွေးတော်တို့၏ ကိန်းဝပ်ရာဖြစ်သော စေတီတော်, ဘုရား, ပုထိုး, ဂူ, ကျောင်းတို့ကို၎င်း၊ ဗောဓိပင်ကို၎င်း၊ ဓာတ်တော် မွေးတော်ကို၎င်း ချိုးဖွဲ့ဖျက်ဆီးခြင်းကို ပြုချေတုံအံ့၊ ထိုသူတို့အား အာနန္တရိယကံထိုက်ကောင်းအံ့လော။

၂၄၈-ဖြေ။ ။ဓာတ်တော်,မွေးတော်, ရုပ်တု,ဆင်းတုတော်, စေတီ, ဂူ, ကျောင်း,ဘုရား, ပုထိုး,ဗောဓိပင်တို့ကို ဖျက်ဆီးချိုးဖွဲ့သောသူတို့ကား- အာနန္တရိယ ကံနှင့် အတူကြီးစွာသော အကုသိုလ်ကံသာရောက်၏၊ အာ နန္တရိယကံမရောက်မထိုက်ကောင်း။

## ဘုရားပုထိုးအနီးဗောဓိပင်ပယ်ကောင်းပုံ

၂၄၇-မေး။ ။ဓမ္မေးတော်,ဓာတ်တော်, ရုပ်တုတော်တို့ ကိန်းဝပ်ရာဖြစ်သော စေတီဘုရားပုထိုးအနီး၌ရှိသော ဗောဓိပင်ကိုပယ်ကောင်း ခုတ်ကောင်းအံ့လော။

၂၄၇-ဖြေ။ ။စေတီဘုရားပုထိုး အနီးအစပ်၌ ဗောဓိပင်ရှိ၍ ထိုဗောဓိခက်သည် စေတီဘုရားပုထိုးအား ထိပါးအံ့သောအပြစ်ရှိမူ ထိုဗောဓိပင် ဗောဓိခက်တို့ကို ပယ်ရာခုတ်ရာ၏၊ ထိုဗောဓိပင်၌ ငှက်တိရစ္ဆာန်တို့အများနေ၍ အညစ်အကြေးမစင်စသည်စွန့်လေသဖြင့် စေတီဘုရားပုထိုးအား မသန့်ရှင်းသောအပြစ်ရှိသော် ၎င်းဗောဓိပင်ကို ပယ်သောသူအား ဘုရားသခင်ကိုဇီဝက ဆေးကုသကဲ့သို့ ကောင်းမှုကြီးစွာ ဖြစ်ရာသတည်း။

## သံဃဘေဒကကံရောက်ပုံ

၂၄၈-မေး။ ။ရှင်ဒေဝဒတ်ကဲ့သို့ ဘုရားသခင်ကို သင်းခွဲမှသာ သံဃဘေဒကကံရောက်ကောင်းသလော၊ထိုသို့မဟုတ် သံဃာတို့ ကွဲပြားအောင်ပြုသော ရဟန်းပဉ္စင်းတို့အားလည်း သံဃဘေဒကကံရောက်ကောင်းအံ့လော။

၂၄၈-ဖြေ။ ။သုတ္တန်အဘိဓမ္မာကို သုတ္တန်အဘိဓမ္မာမဟုတ်၊ ဥဒ္ဓမ္မပြု၍ ဝိနည်းကို ဝိနည်းမဟုတ် ဥဗ္ဗိနယပြု၍ အပလောကနကံ,ဉတ္တိဒုတိယ, ဉတ္တိစတုတ္ထဟူသောကံတို့တွင် တပါးပါးဖြင့် သံဃာကိုကွဲပြားအောင်ပြုသော ရဟန်းပဉ္စင်းတို့သည်လည်း သံဃဘေဒကကံရောက်ကောင်းသတည်း။

## ပဉ္စာနန္တရိယကံမှမလွတ်ပုံ

၂၅၀-မေး။ ။ပဉ္စာနန္တရိယကံငါးပါးတို့တွင် တပါးပါးသော ကံကိုပြုမိသောသူသည် ထိုကံကိုပျောက်လွင့် လေအောင်ကြီးစွာသော ကောင်းမှုကိုပြုသည်ရှိသော် ကိုကံမှလွတ်ရာအံ့လော။

၂၅၀-ဖြေ။ ။အာနန္တရိယကံငါးပါးတို့တွင် တပါးပါးကိုပြုမိသောသူသည် ထိုမကောင်းမှုကံကို ပျောက်လွင့်လေအောင် ဟူ၍ သိန်းယိုင်ကျွန်း၌ မဟာစေတီကဲ့သို့ ရွှေအတိသာပြီးသောစေတီကို စကြဝဠာကိုက်

အလုံးပြည့်အောင်တည်သော်ငှင်း၊ စကြဝဠာတိုက်အပြည့် သဃ်ာတို့ကို နေစေ၍ အလှူကြီးကို ပေးသော်ငှင်း၊ ဘုရားမြတ်စွာ၏ သက်နံးတော်စွန်းကို အမြဲမလွှတ်ဘဲကိုင်ဆွဲ၍ ကြွတော်မူလေရာရာ လိုက်သော်ငှင်း၊ ထိုမကောင်းမှုကံမှ မလွတ်လေရာသတည်း။

### သိပ္ပအတတ် ၁၈-ပါး

၂၅၁-မေး။ ။အတတ်တဆဲ့ရှစ်ပါးဟူသည်ကား အဘယ်နည်း။

၂၅၁-ဖြေ။ ။သုတိ သမ္မုတိ သင်္ချာစ၊ ယောဂါ နီတိ ဝိသေသကာ။
ဂန္ဓဗ္ဗာ ဂဏိကာစေဝ၊ ဓနုဗေဒါစ ပုရာဏာ။ ။
တိကိစ္ဆာ ဣတိဟာသာစ၊ ဇောတိ မာယာစ ဆန္ဒသိ။
ကေတု မန္တာစ သဒ္ဒါစ၊ သိပ္ပါဋ္ဌာရသကာ ဣမေ။ ။

ဤသို့ကျမ်းလာရကား—

(၁) အကြားအမြင်အတတ်။
(၂) ဓမ္မသတ်အတတ်။
(၃) ဂဏန်းအတတ်။
(၄) တံစည်းစသောလက်သွားတို့၏အတတ်။
(၅) နီတိကျမ်းအတတ်။
(၆) ဗျာကရိဏ်းအတတ်။
(၇) စောင်းငြင်းအတတ်။
(၈) လက်ပစ်အတတ်။
(၉) လေးအတတ်။
(၁၀) စကားဟောင်းပုံပြင်အတတ်။
(၁၁) ဆေးအတတ်။
(၁၂) ရယ်ရွှင်မှုအတတ်။
(၁၃) ဟူးရားအတတ်။
(၁၄) မျက်လှည့်အတတ်။
(၁၅) ဆန်းကျမ်းအတတ်။
(၁၆) တမန်အတတ်။
(၁၇) မန္တရားအတတ်။
(၁၈) သဒ္ဒါကျမ်းအတတ်။

ဤသည်လျှင် အတတ်တဆဲ့ရှစ်ပါးတည်း။

### ရှိခိုးရာ၌တည်ခြင်း ၅-ပါး

၂၅၂-မေး။ ။ပဉ္စပတိဋ္ဌိတ ရှိခိုးခြင်းကား အဘယ်နည်း။

၂၅၂-ဖြေ။ ။ဖနောင့်နှစ်ဘက် မြေ၌ထိခြင်း။
တတောင်နှစ်ဘက် ဒူးပုဆစ်၌ထိခြင်း။
လက်အုပ်နဖူး၌ထိခြင်း။

ဤငါးပါးတည်း။

## သူမိုက်လက္ခဏာ ၃-ပါး

၂၅၃-မေး။ ။သူမိုက်လက္ခဏာသုံးပါးကား အဘယ်နည်း။

၂၅၃-ဖြေ။ ။(၁) ဥစ္စာမရှိဘဲလျက် ကာမဂုဏ်ကို အလိုရှိခြင်း။
(၂) အားခွန်မရှိဘဲလျက် ခိုက်ရန်ပြုလိုခြင်း။
(၃) ကျမ်းဂန်အမြင်နည်းလျက် အငြင်းအခုံ အလိုရှိခြင်း။

ဤသည်လျှင် သူမိုက်လက္ခဏာသုံးပါးတည်း။

## ဘုရားသခင်အသံတော်အင်္ဂါ ၈-ပါး

၂၅၄-မေး။ ။ဘုရားသခင်အသံတော် အင်္ဂါရှစ်ပါးကား အဘယ်နည်း။

၂၅၄-ဖြေ။ ။(၁) သန့်ရှင်းသည်။ (၅) မပြယ်သည်။
(၂) သာယာသည်။ (၆) လုံးသည်။
(၃) သိလွယ်သည်။ (၇) နက်နဲသည်။
(၄) နာချင်ဘွယ်ရှိသည်။(၈) ပဲ့တင်ထပ်သည်။

ဤသည်လျှင် ဘုရားသခင် အသံတော်အင်္ဂါရှစ်ပါးတည်း။

## မင်းတို့ဆောက်စိုက်ရာသော ထီးဖြူ ၅-စင်း

၂၅၅-မေး။ ။ပြည့်ရှင်မင်းတို့ဆောက်စိုက်ရာသော ထီးဖြူငါးစင်းကား အဘယ်နည်း။

၂၅၅-ဖြေ။ ။(၁) ကြေ့နန်းထီးဖြူ။ (၄) ကနကဒဏ်ထီးဖြူ။
(၂) ဥရုထီးဖြူ။ (၅) သမ္မုတိထီးဖြူ။
(၃) တမွတ်ထီးဖြူ။

ဤငါးစင်းတို့တည်း။

[ထိုထီးဖြူမျိုးငါးပါးတို့တွင် ကြက်သရေတိုက်ဝယ် ရွှေသလွန်ထက်မရပ်ဘဲ အမြဲဆောက်စိုက်ထားသော ရတနာခုနစ်ပါးစီသော ထီးဖြူကားကြေ့နန်းထီးဖြူတည်း။

တနှစ်တကြိမ်ထွက်သောအခါ ဆောင်းသောရတနာထီးဖြူကား ဥရုထီးဖြူတည်း။

နေ့တိုင်းမပြတ်ထွက်သွားစဉ် ဆောင်းသောထီးဖြူကား တမွတ်ထီးဖြူတည်း။

တကျွန်းတနိုင်ငံတို့က စေတမန်ရောက်ခါဝယ် ဆောင်းသောထီးဖြူကား ကနကဒဏ်ထီးဖြူတည်း။

[ကနကဒဏ်ထီးဖြူ၌ စိသောရတနာတို့ကား အဘိုးအတိုင်းမသိထိုက်၏။]

ဆင်ယာဉ်,မြင်းယာဉ်တို့ဖြင့်သွားတိုင်း အပေါ်က ဆောက်စိုက်သောထီးဖြူကား သမ္မုတိထီးဖြူတည်း။

ဤသို့လျှင် ထီးဖြူငါးစင်းတို့၏ ဆောက်စိုက်ရာလက္ခဏာကို အထူးမှတ်ကုန်ရာသတည်း။]

## မရောင့်ရဲနိုင်ခြင်း ၃-ပါး

၂၅၆-မေး။ ။မရောင့်ရဲနိုင်ခြင်းသုံးပါးကား အဘယ်နည်း။

၂၅၆-ဖြေ။ ။မိုးပုံကြီး,သမုဒ္ဒရာ, အလိုကြီးသောပုဂ္ဂိုလ်။

ဤသည်လျှင် မရောင့်ရဲနိုင်ခြင်းသုံးပါးတည်း။

## မမှိဝဲအပ်သူ ၃-ယောက်

၂၅၇-မေး။ ။မမှိဝဲအပ်သောသူသုံးယောက်ကား အဘယ်နည်း။

၂၅၇-ဖြေ။ ။အိပ်ကြူးသောသူ, သေသောက်ကြူးသောသူ, မေထုန်ကြူးသောသူ။

ဤသည်လျှင် မမှိဝဲအပ်သောသူ ၃-ယောက်တည်း။

## အသံကြီး ၄-ပါး

၂၅၈-မေး။ ။ဇမ္ဗူဒိပါကျွန်းအလုံးကို ကြားနိုင်သောအသံကြီးလေးပါးကား အဘယ်နည်း။

၂၅၈-ဖြေ။ ။(၁) ပုဏ္ဏကဘီလူးသည် ကောရဗျမင်းကြီးနှင့်အန်ကစားရာဝယ် အန်နိုင်၍လက်ပန်းပေါက်တီးလျက် ငါအောင်ပြီဟု ဟစ်သောအသံ။

(၂) ကဿပဘုရားမြတ်စွာ သာသနာတော်ရှေ့လတ်သောအခါ မာတလိနတ်သားသည် ခွေးနက်ကြီးအယောင်ဆောင်၍ဟောင်သောအသံ။

(၃) ကေလာသတောင်ထိပ်၌ရပ်၍ "အဟံအာဠဝကော"ဟု ဟစ်သောအာဠဝကဘီလူး၏အသံ။

(၄) "အဟံကုသရာဇာ"ဟုဟစ်သောကုသမင်းကြီး၏အသံ။

ဤသည်လျှင် ဇမ္ဗူဒိပါကျွန်းအလုံးကြားသော အသံကြီးလေးပါးတည်း။

## သမုဒြာ၌ အံ့ဘွယ်ရှစ်ပါး

၂၅၉-မေး။ ။မဟာသမုဒြာ၌ အံ့ဘွယ်ရှစ်ပါးဟူသည်ကား အဘယ်နည်း။

၂၅၉-ဖြေ။ ။(၁) အစဉ်အတိုင်းရှိုင်းဝှမ်းခြင်း။
(၂) ကမ်းကိုမလွန်ခြင်း။
(၃) အကောင်ပုပ်ကို ကမ်းသို့ပစ်တင်ခြင်း။
(၄) မြစ်ကြီးငါးစင်းတို့ သမုဒြာသို့ရောက်လျှင် အမည်ကိုစွန့်ခြင်း။
(၅) ယုတ်တက်မရှိခြင်း, တခုတည်းသောသားငံရေရှိခြင်း။
(၆) ရတနာတို့၏တည်ရာဖြစ်ခြင်း။
(၇) ငါးကြီးရှစ်စင်းတို့၏တည်ရာဖြစ်ခြင်း။
(၈) နတ်တို့နေရာဖြစ်ခြင်း။

ဤသည်လျှင် သမုဒြာ၌အံ့ဘွယ်ရှစ်ပါးတည်း။

## လက်နက်နှင့်ကင်း၍မသွားရာသည် ၃ ပါး

၂၆၀-မေး။ ။လက်နက်နှင့်ကင်း၍ မသွားရာသည်သုံးပါးကား အဘယ်နည်း။

၂၆၀-ဖြေ။ ။(၁) သူရဲကောင်းတို့သည်လည်း စစ်မြေအရပ်သို့ ထား, လှံ, လေး, မြား လက်နက်နှင့် ကင်း၍ မသွားရာ။
(၂) ပညာရှိတို့သည် ကျမ်းဂန်နှင့်ကင်း၍ သဘင်သို့ မသွားရာ။
(၃) ခရီးသွားတို့သည်အစွန့်ရှည်သောခရီးသို့ ရိက္ခာနှင့်ကင်း၍မသွားရာ။

ဤသည်လျှင် လက်နက်နှင့်ကင်း၍မသွားရာသည် သုံးပါးတည်း။

## အသက်ရာကျော်နေရသောအရိယာ ၉-ယောက်

၂၆၁-မေး။ ။အသက်တရာကျော်နေရသော အရိယာကိုးယောက်ကား အဘယ်နည်း။

၂၆၁-ဖြေ။ ။(၁) ဝိသာခါ။ (၅) အရှင်အာနန္ဒာ။
(၂) ပေါက္ခရသာတိပုဏ္ဏား။ (၆) အရှင်ကဿပ။
(၃) ဗြဟ္မာယုပုဏ္ဏား။ (၇) အရှင်အနုရုဒ္ဓါ။
(၄) သေလပုဏ္ဏား။ (၈) ဘာဝရီ ပုဏ္ဏား။
(၉) အရှင်ဗာကုလ။

ဤသည်လျှင် အသက်တရာကျော်နေရသော အရိယာကိုးယောက်တည်း။

## ထွက်သက်ဝင်သက်ကင်းသောသူ ၇-ယောက်

၂၆၂-မေး။ ။ထွက်သက်ဝင်သက် ကင်းသောသူ ခုနစ်ယောက်ကား အဘယ်နည်း။

၂၆၂-ဖြေ။ ။(၁) အမိဝမ်း၌ကိန်းသောသူ။
(၂) ရေမွန်းနစ်သောသူ။
(၃) မိန်းမောသောသူ။
(၄) သေသောသူ။
(၅) စတုတ္ထဈာန်ဝင်စားသောသူ။
(၆) အရူပဘုံ၌ဖြစ်သောသူ။
(၇) နိရောဓသမာပတ် ဝင်စားသောသူ။

ဤသည်လျှင် ထွက်သက်ဝင်သက်ကင်းသောသူခုနစ်ယောက်တည်း။

## ဥစ္စာစည်းစိမ်ပျက်စီးကြောင်း ၆-ပါး

၂၆၃-မေး။ ။ဥစ္စာစည်းစိမ်ပျက်စီးကြောင်းခြောက်ပါးကား အဘယ်နည်း။

၂၆၃-ဖြေ။ ။(၁) သေသောက်ခြင်း။
(၂) အချိန်အခါမဟုတ်သွားတတ်ခြင်း။
(၃) ကချေသဘင်ကြည့်ရှုတတ်ခြင်း။
(၄) ကြက်တိုက်,အန်ခတ်၌ မွေ့လျော်ပျော်ပါးခြင်း။
(၅) မကောင်းသော အဆွေခင်ပွန်းနှင့်ပေါင်းဘော်ခြင်း။
(၆) ခပ်သိမ်းသော အမှုအရာတို့၌ပျင်းခြင်း။

ဤသည်လျှင် ဥစ္စာစည်းစိမ်ပျက်ကြောင်းခြောက်ပါးတည်း။

## ကောလာဟလကျော်စောခြင်း ၅-ပါး

၂၆၄-မေး။ ။ကောလာဟလ ဟူသောကျော်စောခြင်းငါးပါးကား-အဘယ်နည်း။

၂၆၄-ဖြေ။ ။(၁) ကမ္ဘာပျက်မည်ကို အနှစ်တသိန်းက ကျော်သည်။

(၂) ဘုရားဖြစ်မည်ကို အနှစ်တထောင်က ကျော်သည်။

(၃) စကြာမင်းဖြစ်မည်ကို အနှစ်တရာက ကျော်သည်။

(၄) မင်္ဂလသုတ် တရားဟောမည်ကို တဆယ့်နှစ်နှစ်ကကျော်သည်။

(၅) မောနေယျ ပဋိပဒါကျင့်မည်ကို ခုနစ်နှစ်က ကျော်သည်။

ဤသည်လျှင် ကောလာဟလဟူသော ကျော်စောခြင်း ငါးပါးတည်း။

## သူတော်ကောင်းဥစ္စာ ၇-ပါး

၂၆၅-မေး။ ။သူတော်ကောင်းဥစ္စာ ခုနစ်ပါးကား-အဘယ်နည်း။

၂၆၅-ဖြေ။ ။(၁) သဒ္ဓါ။ (၄) စာဂ။
(၂) သီလ။ (၅) ပညာ။
(၃) သုတ။ (၆) ဟိရီ။
(၇) ဩတ္တပ္ပ။

ဤသည်လျှင် သူတော်ကောင်းဥစ္စာခုနစ်ပါးတည်း။

## သူတော်ကောင်းဥစ္စာ ၇-ပါးအဓိပ္ပါယ်

၂၆၆-မေး။ ။သူတော်ကောင်း ဥစ္စာခုနစ်ပါး အဓိပ္ပါယ် သရုပ်ကား-အဘယ်နည်း။

၂၆၆ ဖြေ။ ။(၁) ရတနာသုံးပါးတို့အား ယုံကြည်ခြင်း,ကံကို ယုံကြည်ခြင်း,ကံ၏အကျိုးကိုယုံကြည်ခြင်းသည် သဒ္ဓါမည်၏။

(၂) ပဥ္စသီ၊ အဋ္ဌင်္ဂသီ၊ ဒသသီ၊စတုပါရိသုဒ္ဓိသီလသည် သီလမည်၏။

(၃) ပစ္စုပ္ပန်သံသရာစီးပွါးနှင့် စပ်သော အကြားအမြင် မှတ်သားဘွယ်သည် သုတမည်၏။

(၄) ပေးကမ်းစွန့်ကြဲခြင်းသည် စာဂမည်၏။

(၅) ပစ္စုပ္ပန်သံသရာ စီးပွါးများမည်ကို ခွဲခြမ်း၍မြော်မြင်နိုင်ခြင်း, သစ္စာလေးပါးကိုမြင်ခြင်းသည် ပညာမည်၏။

(၆) သူတော်ကောင်းတို့ ကဲ့ရဲ့ခြင်းကိုရှက်၍ မကောင်းမှုမှ ကြဉ်ရှောင်ခြင်းသည် ဟိရီမည်၏။

(၇) သံသရာ၌ အပါယ်လေးပါး၌ ခံရမည်ကို ကြောက်လန့်၍ မကောင်းမှုမှ ကြဉ်ရှောင်ခြင်းသည် ဩတ္တပ္ပမည်၏။

ဤသည်လျှင် သူတော်ကောင်းဥစ္စာခုနစ်ပါးသရုပ်အဓိပ္ပါယ်တည်း။

## သူတော်ကောင်းဥစ္စာ ၇-ပါး ဥပမာ

၂၆၇-မေး။ ။သဒ္ဓါသီလစသော သူတော်ကောင်းဥစ္စာ ခုနစ်ပါး ဥပမာကား-အဘယ်နည်း။

၂၆၇-ဖြေ။ ။သဒ္ဓါကား-မြနှင့်တူ၏၊ သီလကား- ပုလဲနှင့်တူ၏။ သုတကား-သန္တာနှင့်တူ၏၊ စာဂကား-ခပ်သိမ်းသောအလိုကို ပြီးစေတတ်သော မဏိဇောတိရသ် ပတ္တမြားနှင့်တူ၏၊ ပညာကား-ဝရဇိန်ကျောက်နှင့် တူ၏။ဟိရီကား-ငွေနှင့်တူ၏၊ ဩတ္တပ္ပကား-ရွှေနှင့်တူ၏။

ဤသည်လျှင် သူတော်ကောင်းဥစ္စာ ခုနစ်ပါးဥပမာတည်း။

## ပရိနိဗ္ဗာန်ပြုရာ၌ စည်းဝေးသောသံဃာ

၂၆၈-မေး။ ။ဘုရားသခင် ပရိနိဗ္ဗာန်ပြုတော်မူရာ၌ စည်းဝေးသော ရဟန်းအပေါင်းကား-အတီမျှ ရှိလေသနည်း။

၂၆၈-ဖြေ။ ။ပရိနိဗ္ဗာန် ပြုတော်မူရာ၌ စည်းဝေးသော ရဟန်းသဃ်ာအပေါင်းကား- မရေတွက်နိုင် အလွန်လျှင် များစွာ၏၊ သဃ်ထေရ် ပုဂ္ဂိုလ်အကြီးပင် ခုနစ်သိန်းရှိသတည်း။

## ပရိနိဗ္ဗာန်ပြုရာ၌ စည်းဝေးသော သံဃာထေရ်

၂၆၉-မေး။ ။ပရိနိဗ္ဗာန်ပြုတော်မူရာ၌ စည်းဝေးသော သဃ်ထေရ် ခုနစ်သိန်းတို့တွင် အကြီးကား-အဘယ်ထေရ်နည်း။

၂၆၉-ဖြေ။ ။အရှင်မဟာကဿပထေရ်တည်း။

ဗုဒ္ဓဝစန ၃-ပါး

၂၇၀-မေး။ ။ပဌမ ဗုဒ္ဓဝစန၊ မဇ္ဈိမဗုဒ္ဓဝစန၊ ပစ္ဆိမဗုဒ္ဓဝစနဟူ၍ ဘုရားသခင်စကားတော်သုံးပါးကား- အဘယ်နည်း။

၂၇၀-ဖြေ။ ။(၁) အနေကဇာတိသံသာရံ၊သန္ဓာဝိဿံအနိဗ္ဗိသံ။
ဂဟကာရံဂဝေသန္တော၊ဒုက္ခာဇာတိပုနပ္ပုနံ။
ဂဟကာရကဒိဋ္ဌောသိ၊ပုနဂေဟံနကာဟသိ။
သဗ္ဗာတေဖါသုကာဘဂ္ဂါ၊ ဂဟကူဋံဝိသင်္ခတံ။
ဝိသင်္ခါရဂတံစိတ္တံ၊ တဏှာနံခယမဇ္ဈဂါ။

ဤစကားတော်ကား- ရှေးဦးစွာဆင်ခြင်တော်မူသော ဥဒါန်းစကားတော်ဖြစ်သောကြောင့် ပဌမဗုဒ္ဓဝစနစကားတော်မည်၏။

(၂) ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ
ဝယဓမ္မာ သင်္ခါရာအပ္ပမာဒေနသမ္ပါဒေထ။

ဤစကားတော်ကား- အဆုံးစွန်ပရိနိဗ္ဗာန်ပြုခါနီးကာလ၌ မိန့်တော်မူသော စကားတော်ဖြစ်သောကြောင့် ပစ္ဆိမ ဗုဒ္ဓဝစန စကားတော်မည်၏။

(၃) ဤစကားတော် နှစ်ပါးမှတပါး အလယ်ဖြစ်သော လေးဆယ့်ငါးဝါ ပတ်လုံး ဟောတော်မူအပ်သော ဒေသနာစကားတော်ကား အလယ်၌ ဖြစ်သော စကားတော်ဖြစ်သောကြောင့် မဇ္ဈိမဗုဒ္ဓဝစန စကားတော် မည်၏၊

ဤသည်လျှင် သုံးပါးပြားသော ဘုရားသခင်၏စကားတော်တည်း။

ပဌမဗုဒ္ဓဝစနဖြစ်သော စကားတော်၏ အနက်ကား- ဘောဂဟကာရက၊ အိုအတ္တဘော တည်းဟူသောအိမ်ကို ပြုတတ်စွာသော တဏှာယောက်ျား ပဲခွပ်သမား။တံ၊သင့်ကို။ ဂဝေသန္တော၊ ရှာသောငါသည်။ ယေန ဉာဏေန၊ အကြင်သဗ္ဗညုတဉာဏ်ဖြင့်။ ဒဋ္ဌုံ၊ မြင်အံ့သောငှါ။ သက္ကာ၊ တတ်ကောင်း၏။ တံ ဉာဏံ၊ ထိုသဗ္ဗညုတဉာဏ်ကို။ အနိဗ္ဗိသံ အဝိန္ဒန္တော၊မရသည်ဖြစ်၍။အနေကဇာတိ၊ များစွာမရေမတွက်နိုင်သော အဖြစ်ရှိသော။သံသာရံ၊သံသရာဝဋ်၌။ သန္ဓာဝိဿံ-သံသရိ°၊ ငါကျင်လည်ရလေပြီ။ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ဇာတိ၊ ဘဝသုံးပါး၌ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊ဆင်းရဲ၏။

ဘောဂဟကာရကာ၊ အိုးအတ္တဘောတည်း ဟူသောအိမ်ကိုပြုတတ်သော တဏှာဝယောက်ျားပဲခွပ်သမား။ ဣဒါနိ၊ ယခုကား။ တံ၊ သင့်ကို။ ဒိဋ္ဌော၊ မြင်သည်။ အသိ၊ ဖြစ်ပြီ။ ပုန၊ တဖန်။ ဂေဟံ၊ အတ္တဘောတည်းဟူသော အိမ်ကို။ နကာဟသိ၊ သင်မပြုရပြီ။ တေ၊ သင်၏။ သဗ္ဗာအနဝသေသာ၊ အလုံးစုံအကြွင်းမရှိကုန်သော။ ဖါသုကာ၊ ကိလေသာတည်းဟူသောအခြင် တို့ကို၊ ဘဂ္ဂါ၊ ငါချိုးဖျက်အပ်ကုန်ပြီ။ ဂဟကူဋံ၊ အဝိဇ္ဇာတည်းဟူသော သင်၏အိမ်ထွတ်ကို။ ဝိသင်္ခတံ၊ ငါချှုပြီ။ စိတ္တံ၊ ငါ၏စိတ်သည်လည်း။ ဝိသင်္ခါရဂတံ၊အာရုံပြုသဖြင့်နိဗ္ဗာန်သို့ရောက်ပြီ။ တဏှာနံ၊ တဏှာတို့၏။ ခယံ၊ ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တဖိုလ်ကို။ အဇ္ဈဂါ-အဓိဂတော၊ ငါရပြီ။

ဣဒံဝစနံ၊ ဤစကားတော်သည်ကား။ ပဌမဗုဒ္ဓဝစနံ၊ ရှေးဦးစွာသော ဘုရားစကားတော်တည်း။

[ဤသို့သော ပဌမဗုဒ္ဓဝစနစကားတော်၏ အနက်ပါဠိတို့ကို လေ့ကျက်၍ နေ့ညမပြတ် သရဇ္ဈာယ် ကိုးကွယ်ဆောက်တည်ကုန်ရာ၏။]

ပစ္ဆိမဗုဒ္ဓဝစနစကားတော်၏ အနက်ကား-

ဘိက္ခဝေ၊ သံသရာဘေးကိုရှုတတ်ကုန်သော ငါ၏ချစ်သား ရဟန်းများ တို့။ ဟန္ဒဒါနိ၊ ယခုအခါ၌။ ဝေါ-တုမှာကံ၊ သင်ချစ်သားတို့ကို။ အာမန္တယာမိ-ပဋိဝေဒယာမိ၊ ငါသိစေ၏။ သင်္ခါရာ၊ သင်္ခါရဘုရားတို့သည်ကား။ ဝယဓမ္မာ၊ ပျက်တတ်သောသဘောရှိကုန်၏။ အပ္ပမာဒေန၊ မမေ့မလျော့ သဖြင့်။ သမ္ပါဒေထ၊ ပြည့်စုံစေကုန်။ ဣတိ၊ ဤသို့။ အဘာသိ၊ မိန့်တော် မူ၏။

ဣဒံဝစနံ၊ ဤစကားတော်သည်။ ပစ္ဆိမဗုဒ္ဓဝစနံ၊ အဆုံးစွန်သော ဘုရားစကားတော်တည်း။

## ဈာန်မဂ်ဖိုလ်အန္တရာယ် ၅-ပါး

၂၇၁-မေး။ ။ဈာန်မဂ်ဖိုလ်၏ အန္တရာယ် ငါးပါးကား အဘယ် နည်း။

၂၇၁-ဖြေ။ ။(၁) ကမ္မန္တရာယ်။ (၂) ကိလေသန္တရာယ်။ (၃) ဝိပါကန္တရာယ်။ (၄) ဥပဝါဒန္တရာယ်။ (၅) အာဏာဝီတိက္ကမန္တရာယ်။

ဤသည်လျှင် ဈာန်မဂ်ဖိုလ်အန္တရာယ်ငါးပါးတည်း။

## အန္တရာယ် ၅-ပါး အဓိပ္ပါယ်

၂၇၂-မေး။ ။အန္တရာယ်ငါးပါး အဓိပ္ပါယ်ကား အဘယ်နည်း။

၂၇၂-ဖြေ။ ။ထိုအန္တရာယ်ငါးပါးတို့တွင်—

(၁) ကမ္မန္တရာယ်ဟူသည်ကား-တိဟိတ်ပဋိသန္ဓေရှိသော်လည်း ပဉ္စာနန္တရိယကံကို ပြုမိမူကား၊ ဒေဝဒတ်စသော သူတို့ကဲ့သို့ မဂ်ဖိုလ်ရခြင်းငှါ မထိုက်သောသူတည်း။

(၂) ကိလေသန္တရာယ်ဟူသည်ကား-နတ္ထိကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိအယူကိုယူမိသောကြောင့် တိဟိတ်ပဋိသန္ဓေဖြစ်သော်လည်း မဂ်ဖိုလ်မရထိုက်သောသူတည်း။

(၃) ဝိပါကန္တရာယ်ဟူသည်ကား- အဟိတ်,ဒွိဟိတ်ပဋိသန္ဓေနေရ၍ မဂ်ဖိုလ်မရထိုက်သောသူတည်း။

(၄) ဥပဝါဒန္တရာယ်ဟူသည်ကား-ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာသူတော်ကောင်းတို့ကို ပြစ်မှားမိ၍ မဂ်ဖိုလ်မရထိုက်သောသူတည်း။

[ကန်တော့သော်ကား-အန္တရာယ်မှလွတ်၏။]

(၅) အာဏာဝီတိက္ကမန္တရာယ်ဟူသည်ကား- ပညတ်တော်ကို လွန်ကျူးမိ၍ အာပတ်သင့်သောကြောင့် မဂ်ဖိုလ်ကိုမရထိုက်သောသူတည်း၊ ဒေသနာဂါမိကို ဒေသနာကြားသဖြင့် ဝုဋ္ဌာနဂါမိကိုပရိဝါသ်မာနတ်နေသဖြင့် အာပတ်မှထမြောက်သော်ကားရကောင်း၏။

ဤသည်လျှင် အန္တရာယ်ငါးပါး အဓိပ္ပါယ်တည်း။

## အစိန္တေယျ ၄ ပါး

၂၇၃-မေး။ ။အစိန္တေယျလေးပါးကား အဘယ်နည်း။

၂၇၃-ဖြေ။ ။ဗုဒ္ဓဝိသယော အစိန္တေယျော၊ ဈာနဝိသယော အစိန္တေယျော၊ ကမ္မဝိပါကော အစိန္တေယျော၊ လောကဝိသယော အစိန္တေယျော။

ဤသို့ကျမ်းလာရကား-

(၁) သဗ္ဗညုတဉာဏ်တော်၏အာရုံ။

(၂) တန်းခိုးတော်။

(၃) ကုသိုလ်ကံ,အကုသိုလ်ကံ၏အကျိုး။
(၄) လောကဖြစ်ပျက်ခြင်း။
ဤသည်လျှင် မကြံအပ်သောအစိန္တေယျလေးပါးတည်း။

## နိကာယ် ၅-ပါး

၂၇၄-မေး။ ။နိကာယ်ငါးပါးကား အဘယ်နည်း။
၂၇၄-ဖြေ။ ။(၁) ဒီဃနိကာယ်။ (၄) အင်္ဂုတ္တရနိကာယ်။
(၂) မဇ္ဈိမနိကာယ်။ (၅) ခုဒ္ဒကနိကာယ်။
(၃) သံယုတ္တနိကာယ်။
ဤသည်လျှင် နိကာယ်ငါးပါးတည်း။

## အဇာတသတ်အဝီစိငရဲမှလွတ်ခြင်းအကြောင်း

၂၇၅-မေး။ ။ပဉ္စာနန္တရိယကံကို ပြုမိသောသူတို့သည် စုတိ၏အခြားမဲ့ အဝီစိငရဲ၌ခံရကုန်မြဲဖြစ်၍ အာနန္တရိယကံဟူ၍ဆိုသည်၊ အဇာတသတ်မင်းကြီးသည် အဘဖြစ်သော ဗိမ္ဗိသာရမင်းကြီးကို ပြစ်မှားမိသောပိတုဃာတကကံ ရှိလျက် အဝီစိငရဲ၌မခံရ၊ အဘယ့်ကြောင့်လွတ်လေသနည်း။

၂၇၅-ဖြေ။ ။ပုထုဇဉ်ပုဂ္ဂိုလ်တို့တွင် ဘုရားမြတ်စွာ၌ သဒ္ဓါခြင်း,ချစ်မြတ်နိုးခြင်း ပြင်းသသူကား အဇာတသတ်မင်းနှင့်တူသသူ မရှိသောကြောင့် အဝီစိငရဲ၌မခံရ၊ လွတ်ရလေသတည်း။

## အဇာတသတ် လောဟကုမ္ဘီငရဲ၌ခံရခြင်း

၂၇၆-မေး။ ။အဝီစိငရဲ၌ မခံရလွတ်သော် အဘယ်ငရဲ၌ ခံရလေသနည်း။
၂၇၆-ဖြေ။ ။လောဟကုမ္ဘီငရဲ၌ခံရလေသတည်း။

## အဇာတသတ်အနှစ်ခြောက်သောင်းခံရခြင်း

၂၇၇-မေး။ ။လောဟကုမ္ဘီငရဲ၌ အဇာတသတ်မင်းသည် အတိမျှသောနှစ်လကြာမြင့်စွာခံရလတ္တံ့နည်း။
၂၇၇-ဖြေ။ ။လောဟကုမ္ဘီငရဲ၌ အဇာတသတ်မင်းသည် အနှစ်ခြောက်သောင်းတိုင်တိုင်ခံပြီးမှလွတ်၍ ဝိဇိတာဝီမည်သော ပစ္စေကဗုဒ္ဓါ

ဖြစ်လတ္တံ့သတည်းဟု ဆိုသောကြောင့် လောဟကုမ္ဘီငရဲ၌ အနှစ်ခြောက်သောင်းတိုင်တိုင် ခံရလတ္တံ့သတည်း။

[သီဟဗာဟုမင်းသည် အဘဖြစ်သောခြင်္သေ့ကို လေးနှင့်ပစ်၍ သေလေစေ၏၊ ဤဥဗ္ဗာတ်တူလူမဟုတ်ဖြစ်၍ပိတုဃာတကကံသို့မရောက်ဟူသတည်း။]

## ဗေဒင် ၃-ပုံပြုသောရသေ့တကျိပ်

၂၇၈-မေး။ ။ဗေဒင်သုံးပုံကိုပြုသော ဆရာရသေ့ တကျိပ်တို့ကား အဘယ်နည်း။

၂၇၈-ဖြေ။ ။အဋ္ဋက,ဝါမက,ဝါမဒေဝ,အင်္ဂီရသ, ဘဂု, ယမဒဂ္ဂိ, ဝါသေဋ္ဌ, ဘာရဒ္ဒါဇ, ကဿပ, ဝေဿာမိတ္တ။

ဤတကျိပ်သောရသေ့တို့တည်း။

## ဗေဒင် ၃-ပုံ

၂၇၉-မေး။ ။ဗေဒင်သုံးပုံကား အဘယ်နည်း။

၂၇၉-ဖြေ။ ။(၁) သာမဗေဒင်။
(၂) ယဇုဗေဒင်။
(၃) ဣရုဗေဒင်။

ဤသုံးပုံတည်း။

[နိဃဏ္ဍုကျမ်း,ကေဋုဘကျမ်း,အက္ခရပ္ပဘေဒကျမ်း, ဣတိဟာသကျမ်း ဤကျမ်းတို့နှင့်တကွ ဗေဒင်သုံးပုံဟူသတည်း၊ အာထဗ္ဗဏဗေဒင်နှင့်သော် ဗေဒင်လေးပုံဟူ၍ဆိုကုန်သတည်း။

နိဃဏ္ဍုကျမ်းဟူသည်ကား-အဘိဓာန်ကျမ်းတည်း၊ သစ်ပင်အစရှိသော အထူးထူးသောအမည်, သဒ္ဒါတပါးနှင့်အနက်အများ, အနက်တပါးသဒ္ဒါအများကိုဆိုသော လောကီကျမ်းတည်း။

ကေဋုဘဟူသည်ကား-ပညာရှိတို့အား အကျိုးများသော အထူးထူးအပြားပြားသော အပြစ်အကျိုးကိုဆိုသော ဂါထာဗန္ဓစုဏ္ဏိယအပြား ကဗျာဘွဲ့စရာစသည်ကို ဆိုသော လောကီအလင်္ကာကျမ်းတည်း။

အက္ခရပ္ပဘေဒဟူသည်ကား ဌာန်,ကရိုဏ်းအစရှိသည်တို့ကို ခွဲဝေသဖြင့်၎င်း, ဝဏ္ဏတ္တကိုခွဲဝေသဖြင့်၎င်း, အက္ခရာတို့၏အစုကိုခွဲဝေကြောင်းဖြစ်သော သိက္ခာကျမ်း,လောကီသဒ္ဒါကျမ်းတို့တည်း။

ဇာတိဟာသကျမ်းဟူသည်ကား ရှေးသူဟောင်းတို့ဖွဲ့သောစကား အာထဗ္ဗဏဗေဒင်ကိုကား နောက်မှတရားမစောင့်သော ပုဏ္ဏားတို့သည် သူ့အသက်ကိုသတ်ခြင်း အစရှိသောအကျိုးငှါ ပြုကုန်သတည်း။ ။ဆန်း,အလင်္ကာ,သဒ္ဒါကျမ်းတို့ကား ဗေဒင်သုံးပုံအဝင်တည်း၊ ဤသို့သောစကားအထူး မှတ်သားဘွယ်တို့ကိုလည်း အမျိုးသားသူတော်ကောင်းတို့ မှတ်ကုန်နာကုန်ရာ၏။]

## ချစ်ကြည်ကြောင်း ၂-ပါး

၂၈၀-မေး။ ။ချစ်ကြည် လေးမြတ်ကြောင်း နှစ်ပါးကား အဘယ်နည်း။

၂၈၀-ဖြေ။ ။ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေနဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝယထောဒကေ။

ဤသို့ကျမ်းဂန်လာရကား—

(၁) ရှေးလွန်လေပြီးသောကိုယ်၏အဖြစ်တို့၌ တကွ နေဘူးခြင်း။

(၂) မျက်မှောက်ယခုဘဝ ဤကိုယ်အဖြစ်၌ အစီးအပွါးကိုရွက်ဆောင်ခြင်း။

ဤနှစ်ပါးသောအကြောင်းတို့ဖြင့် ရေ၌ကြာကဲ့သို့ ချစ်ကြည်လေးမြတ်ခြင်းဖြစ်ကြလေသတည်း။

ဤသည်လျှင် ချစ်ကြည်လေးမြတ်ကြောင်းနှစ်ပါးတည်း။

## သိရိဓမ္မာသောကမင်းရှေးကောင်းမှု

၂၈၁-မေး။ ။သိရိဓမ္မာသောက မင်းကြီးသည် အထက်တယူဇနာ, အောက်တယူဇနာနှင့်တကွ ဇမ္ဗူဒိပါကျွန်းအလုံးကို အစိုးရသောမင်း၏ အဖြစ်သို့ ရောက်လေသည်ကား အဘယ်ကောင်းမှုကြောင့် ဖြစ်သနည်း။

၂၈၁-ဖြေ။ ။ရှေးလွန်လေပြီးသောအခါ ပျားကုန်သည်ဖြစ်၍ အရှင်ပစ္စေကဗုဒ္ဓါအား ပျားရည်ကိုသပိတ်အပြည့် အထက်သို့ စုံ့စုံ့ဖြိုးဖြိုး တက်အောင် အောက်သို့လည်းမြေ၌ ယိုစီးအောင် ထည့်၍ ဆုတောင်းပတ္ထနာပြု၍ လှူခဲ့ဘူးသောကောင်းမှုကြောင့် အထက်တယူဇနာနှင့်တကွ ဇမ္ဗူဒိပါ ကျွန်းအလုံးကို အစိုးရသော မင်း၏ အဖြစ်သို့ ရောက်လေသတည်း။

## သိရိဓမ္မာသောကမင်းရှေးဆုတောင်း

၂၀၂-မေး။ ။ဓမ္မာသောက မင်းကြီးအလောင်း ပျားကုန်သည် ပျားလှူသောအခါ၌ ဆုတောင်း ပတ္ထနာပြုသည်ကား အဘယ်နည်း။

၂၀၂-ဖြေ။ ။ဣမိနာ ဒါနပုညေန၊ ဇမ္ဗုဒီပကေ။
ဥဒ္ဒံ အဓော ယောဇနိကံ၊ မယှံအာဏာ ပဝတ္တတု။

ဤသို့ကျမ်း၌လာရကား-အထက်သို့ စုံ့စုံ့ဖြိုးဖြိုးတက်အောင် အောက်သို့လည်း မြေသို့ယိုစီးအောင် ပျားရည်လှူရသောအကျိုးအားဖြင့် ဤဇမ္ဗူဒီပါကျွန်း၌ နောင်သော အခါ ကောရာဇ်မင်းဖြစ်၍ အထက်ကောင်းကင်သို့လည်း တယူဇနာ, အောက်မြေကြီးအထဲသို့လည်း တယူဇနာ အာဏာ စက် နှံ့ခြင်း နှိမ်နင်းနိုင်သော မင်းဖြစ်စေသောဟု ဆုတောင်းပတ္ထနာပြုသတည်း။

## အသန္ဓိမိတ္တာမိဘုရားရှေးကောင်းမှု

၂၀၃-မေး။ ။သိရိဓမ္မာသောကမင်းကြီး မိဘုရား အသန္ဓိမိတ္တာကား အဘယ်ကောင်းမှုကြောင့် ထိုမင်း၏ မိဘုရားဖြစ်သနည်း။

၂၀၃-ဖြေ။ ။သိရိဓမ္မာသောကမင်းကြီး အလောင်းဖြစ်သော ပျားကုန်သည် ပျားလှူလိုက်၍ အရှင်ပစ္စေကဗုဒ္ဓါ ကြွသွားသည်ကို မြင်လျှင် အသန္ဓိမိတ္တာ မိဘုရားအလောင်းဖြစ်သော သတို့သမီးသည် အလွန်ကြည်ညိုခြင်းဖြစ်၍ သပိတ်ခုံရာအလို့ငှါ မိမိဝတ်ရုံသော အဝတ်ထည်ကို လှူ၏၊ ဆုတောင်းပတ္ထနာလည်းပြု၏၊ ဤသို့သော ကောင်းမှု အကျိုးအားဖြင့် ဓမ္မာသောကမင်းကြီး၏ မိဘုရားဖြစ်လေသတည်း။

## အသန္ဓိမိတ္တာမိဘုရားဆုရှေးတောင်း

၂၀၄-မေး။ ။အသန္ဓိမိတ္တာမိဘုရား အလောင်းဖြစ်သော သတို့သမီးသည် ဆုတောင်းပတ္ထနာအဘယ်သို့ ပြုသနည်း။

၂၀၄-ဖြေ။ ။ဣမိနာဝတ္ထုဒါနေန၊ ဘဝေ့ ဟောမိ အနာဂတေ။
ယဒါဟေဿတိသောရာဇာ၊တဒါတဿမဟေသိယာ။

ဤသို့ကျမ်းလာရကား-အရှင်ပစ္စေကဗုဒ္ဓါအား အဝတ်ပုဆိုးလှူရသော အကျိုးအားဖြင့် နောင်သောအခါ ဤပျားကုန်သည်တည်း မင်းဖြစ်လမူ

ကား အကျွန်ုပ်လည်း ထိုမင်း၏မိဘုရားလျှင် ဖြစ်ပါလို၏၊ဤသို့ ဆုတောင်း ပတ္ထနာပြုသတည်း။

### အသန္ဓိမိတ္တာမိဘုရားအကျွတ်တရားရခြင်း

၂၀၅-မေး။ ။အသန္ဓိမိတ္တာ မိဘုရားကား အကျွတ်တရားကိုရလေသလော။

၂၀၅-ဖြေ။ ။အသန္ဓိမိတ္တာမိဘုရားကား- အခြွေ အရံ ဖြစ်သော ကိုယ်လုပ်ခုနစ်ရာနှင့်တကွ သောတာပန် ဖြစ်လေသည်၊ ဤသို့အကျွတ် တရားကိုရလေ၏။

### အသန္ဓိမိတ္တာမိဘုရားသောတာပန်ဖြစ်ကြောင်း

၂၀၆-မေး။ ။အဘယ်သို့သော အကြောင်းကို နှလုံးသွင်းမိ၍ အသန္ဓိမိတ္တာ မိဘုရားသောတာပန် အဖြစ်သို့ ရောက်လေသနည်း။

၂၀၆-ဖြေ။ ။အသန္ဓိမိတ္တာမိဘုရားသည် ကရဝိက်ငှက်မင်း ကျူး ရင့်မြည်တွန်သောအသံကိုကြားသဖြင့် တဓထာင့်ငါးရာ ကိလေသာတို့ဖြင့် ဖုံးလွှမ်းသော သတ္တဝါတိရစ္ဆာန်ဖြစ်သော ငှက်၏အသံမျှလျက် အလွန် နှစ်သက်ဘွယ်ရာဖြစ်ရကား တဏှာရာဂစသော အညစ်အကြေးကင်းစင် ပြီးသော သဗ္ဗညုဘုရားသခင်၏ အသံတော်သော်ကား အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်းဟု ဘုရားမြတ်စွာ၏ အသံတော်၌ အာရုံပြုသော မရက်မစက် မြတ်နိုးတနာ ရှိသေစွာ သဒ္ဓါကြည်လင်သောစိတ်ဖြင့် အသင့်နှလုံးသွင်းမိ လေသောကြောင့် အသန္ဓိမိတ္တာမိဘုရား သောတာပန်ဖြစ်လေသတည်း။

[ထိုမိဘုရားကား- ကောင်းခြင်းငါးပါးတို့ဖြင့် အလွန်တင့်တယ်ရကား-ရိုးဆစ်နိမ့်မြင့်မျှမထင်၍ အသန္ဓိမိတ္တာဟု အမည်တွင်သတည်း၊ ဤသို့မှတ်ရာ၏။]

### ပျားကုန်သည်အကြီးကား နိဂြောဓသာမဏေ

၂၀၇-မေး။ ။ပျားကုန်သည် ဖြစ်သော အခါ၌ ညီအစ်ကိုသုံး ယောက်ဟူ၍ဆို၏၊ အစ်ကိုကြီးကား- အဘယ်အရပ်၌ ဖြစ်လေသနည်း။

၂၀၇-ဖြေ။ ။ပျားကုန်သည်အကြီးကား- ဓမ္မာသောက မင်းကြီး၏ နောင်တော် သုမနမင်း၏သားဖြစ်သော နိဂြောဓသာမဏေ ဖြစ်လာ သတည်း။

## ပျားကုန်သည်အလတ်ကား ဒေဝါနံပိယတိဿ

၂၇၇-မေး။ ။အစ်ကိုအလတ်ကား - အဘယ်အရပ်၌ ဖြစ်လေသနည်း။

၂၇၇-ဖြေ။ ။ပျားကုန်သည် အစ်ကို အလတ်ကား - သမုဒ္ဒရာ တဘက်သိန်းယိုင်ကျွန်း၌ တန်းခိုး အာနုဘော်ကြီးသော ဒေဝါနံပိယ တိဿမင်းကြီးဖြစ်လာသတည်း။

[ပျားကုန်သည် ညီအထွေးကား- သိရိဓမ္မာ သောကမင်းကြီး ဖြစ်လာသတည်းဟု မှတ်ရာ၏၊ သပိတ်ခုခံရာအလို့ငှါ အဝတ်လှူပေးသော သတို့သမီးကား-အသန္ဓိမိတ္တာမိဘုရားဖြစ်လာ၏၊ လျှဒါန်းခွန်ကြ၍ မကုန်နိုင်သော အဝတ်ပုဆိုးအထည်တို့ကို ရလေသတည်း၊ ဤသို့လည်း အထူးမှတ်ရာ၏။]

## စေတီမည်ခြင်းအကြောင်း

၂၇၉-မေး။ ။စေတီဟူသည်ကား-အဘယ်ကြောင့် စေတီမည်လေသနည်း။

၂၇၉-ဖြေ။ ။"စယိတတ္တံပူဇေတဗ္ဗန္တိ စေတိယံ" ဟူသော ဝစနတ္ထနှင့်အညီ၊နတ်လူအပေါင်းတို့ပူဇော်အပ်သောကြောင့်စေတီမည်၏။

"ဇူဋ္ဌကာဒီဟိ စိနိတဗ္ဗန္တိ စေတိယံ"ဟူသော ဝစနတ္ထနှင့်အညီ၊ ဥ၌, ကျောက် စသည်တို့ဖြင့် စီအပ်သောကြောင့်လည်း စေတီမည်၏။

## ဓာတ်တော်ပမာဏ ၃-ပါး

၂၈၀-မေး။ ။ဘုရားသခင်၏ ဓာတ်တော်ကား ရှစ်စရွတ်ရှိ၏ဟု ဆို၏၊ ထိုဓာတ်တော်၏ပမာဏသုံးပါးကား-အဘယ်နည်း။

၂၈၀-ဖြေ။ ။အကြီးဖြစ်သော ဓာတ်တော်ကား-ပဲနောက်လုံးပမာဏရှိ၏။ အလတ်ဖြစ်သော ဓာတ်တော်ကား-ဆန်ကျိုးပမာဏရှိ၏။အငယ်ဖြစ်သော ဓာတ်တော်ကား-မုန်ညင်းစေ့ပမာဏရှိ၏။

ဤသည်လျှင် ဓာတ်တော်သုံးပါးပမာဏတည်း။

## ဓာတ်တော်အဆင်း၃-ပါး

၂၈၁-မေး။ ။ထိုဓာတ်တော်သုံးပါး၌ အဆင်းလည်းသုံးပါးပြား၏ ဟူသည်-အဘယ်နည်း။

၂၉၁-ဖြေ။ ။အကြီးဖြစ်သော ဓာတ်တော်၏ အဆင်းကား- ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏၊အလတ်ဖြစ်သော ဓာတ်တော်၏အဆင်းကား-ပုလဲအဆင်းနှင့်တူသောအဆင်းရှိ၏၊ အငယ်ဖြစ်သော ဓာတ်တော်၏အဆင်းကား-ခရားသီးစေ့အဆင်းနှင့်တူသော အဆင်းရှိ၏၊ ဤသို့လျှင် ဓာတ်တော်သုံးပါးအဆင်းပြားသတည်း။

[မွေးတော်ဟုံ ခေါ်ဝေါ်ကြသည်ကား- ဘုရားသခင်၏ ဓာတ်တော်ကို မွေးတော်ဟုခေါ်ဝေါ်ပညတ်ကုန်၏၊ ဓာတ်ခတော်ကိုပင် ဆိုသတည်းဟု မှတ်အပ်ကုန်၏၊ ဘုရားသခင်မှန်းထားတော်မူအပ်သော သာသနာတော် ငါးထောင်စေ့၍ ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ သာသနာတော် ကွယ်သောအခါ၌ ထိုဓာတ်တော်တို့သည် ကွယ်ကုန်လတ္တံ့သတည်းဟုမှတ်။]

### ပရိနိဗ္ဗာန် ၃-ပါး

၂၉၂-မေး။ ။ပရိနိဗ္ဗာန်သုံးပါးဟူသည် အဘယ်နည်း။

၂၉၂-ဖြေ။ ။(၁) ကိလေသပရိနိဗ္ဗာန်။
(၂) ခန္ဓပရိနိဗ္ဗာန်။
(၃) ဓာတုပရိနိဗ္ဗာန်။

ဤသုံးပါးတည်း။

### ပရိနိဗ္ဗာန် ၃-ပါး သရုပ်အဓိပ္ပါယ်

၂၉၃-မေး။ ။ပရိနိဗ္ဗာန်သုံးပါးသရုပ်ကား-အဘယ်နည်း။

၂၉၃-ဖြေ။ ။(၁) ဗောဓိပလ္လင်တော်၌ တထောင့်ငါးရာ ကိလေသာ၏ ကုန်ခြင်းသည် ကိလေသ ပရိနိဗ္ဗာန်မည်၏။
(၂) ကုသိနာရုံ၌ ခန္ဓာငါးပါးတရား၏ ကုန်ခြင်းငြိမ်းခြင်းသည် ခန္ဓပရိနိဗ္ဗာန်မည်၏။
(၃) ဓာတုပရိနိဗ္ဗာန် ဟူသည်ကား- သာသနာတော် ငါးထောင်စေ့သောအခါ ဓာတ်တော်အပေါင်း တို့သည် မဟာစေတီသို့ စုကုန်လတ္တံ့။ မဟာစေတီမှသည် နာဂဒီပကျွန်း၌ ရာဇာယတန စေတီသို့ချည်း စုကုန်လတ္တံ့။ ရာဇာယတနစေတီမှသည် မဟာဗောဓိပင့်

သို့ချည်းစုကုန်လတ္တံ့၊ ဇမ္ဗူဒိပ်ကျွန်း၌ရှိသော ဓာတ်တော်၊ နဂါးပြည်, ဗြဟ္မာ့ပြည်တို့၌ ရှိသော ဓာတ်တော်တို့သည်လည်း မုန်ညင်း စေ့ခန့်မျှ*မကြွင်း မဟာဗောဓိပင် သို့ချည်း ရုံးစု၍ ဗောဓိပလ္လင်တော်၌ တခဲနက်သော ရွှေစိုင်ကဲ့သို့ဖြစ်၍ ရောင်ခြည်တော်ခြောက်ပါး လွှတ်ကုန် လတ္တံ့။

ထိုရောင်ခြည်တော်တို့ကား စကြဝဠာတသောင်းနှံ့လတ္တံ့၊ စကြဝဠာ တသောင်း၌ နေကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည် စည်းဝေးကုန်၍ "ယနေ့လျှင် ဘုရားမြတ်စွာ ပရိနိဗ္ဗာန်ပြုတော်မူခဲ့၏၊ ယနေ့လျှင် အဆုံး စွန်သော မြင်ခြင်းတကား"ဟူ၍ အလွန်ကြီးစွာသော သနားဘွယ်ကို ပြုကုန်လတ္တံ့၊ အနာဂါမ်,ရဟန္တာမှတပါးသောနတ်တို့ကား မိမိတို့ကိုယ် ၏အဖြစ်ဖြင့် ရပ်တည်ခြင်းငှါ မတတ်နိုင်ကုန်ရကား စိုးရိမ်ငိုကြွေးခြင်းကို ပြုကုန်လတ္တံ့၊ ထိုအခါ ဓာတ်တော်မှ တေဇောဓာတ်ထွက်လတ်၍ ဗြဟ္မာ့ ပြည်တိုင်အောင်တက်လတ္တံ့၊ အလျှံတပြိုင်နက်ဖြစ်၍ ကွယ်လတ္တံ့၊ ဤသို့ ဓာတ်တော်၏ ကွယ်ပျောက်ငြိမ်းခြင်းသည်ကား ဓာတုပရိနိဗ္ဗာန်မည်၏။

ဤသည်လျှင် ပရိနိဗ္ဗာန်သုံးပါး၏သရုပ်အဓိပ္ပါယ်တည်း။

**ထီးတော်မချအပ်ဟုဆိုသောစကား**

၂၉၄-မေး။ ။စေတီဘုရားပုထိုးတို့၌ တင်လေပြီးသောထီးကို မချ အပ်ဟူ၍ လူတို့တွင် အစဉ်သုံးစွဲပြောဆိုကြကုန်သည် ကား အဘယ်စကားကိုအစွဲပြု၍ ဆိုကုန်ကြသနည်း။

၂၉၄-ဖြေ။ ။သိန်းဃိုဠ်ကျွန်း၌ ထုပါရုံစေတီ တည်သောအခါ ဓာတ်တော်တို့ကိုဆင်ဦးကင်း၌တင်၍ဆောင်ယူ၏၊ စေတီတည်ရာအရပ်သို့ ရောက်လျှင် ဆင်ဦးကင်းမှ ဓာတ်တော်ကိုချအံ့သောငှါ ဒေဝါနံပိယတိဿ မင်းကြီးအားထုတ်သော် ဆင်သည်ချယူအံ့သောအခွင့်ကိုမပေး၊ ထိုသို့ မပေးသောကြောင့် အရှင်မဟိန္ဒထေရ်ကိုမင်းကြီးမေးရကား-"မဟာရာဇ အာရူဠံ့ ဩရောပေတုံ န၀ဋ္ဋတိ" ဤသို့မိန့်တော်မူ၏။

---

* အချို့စာမူ၌ မုန်ညင်းသီးခန့်မျှ-ဟု ပါရှိ၏။

အဓိပ္ပါယ်ကား- မြတ်သောမင်းကြီး တင်ပြီးသောခတ်တော်ကို တဘန်ချခြင်းငှါ မအာပ်ဟူသတည်း၊ ဤသို့ အရှင်မဟိန္ဒအမည်ရှိသော ရဟန္တာမထေရ်မြတ်မိန့်တော်မူသောစကားတော်ကို အစွဲပြု၍ တင်လေပြီးသောထီးကိုမချအပ်ဟူ၍ လူတို့အစဉ်သုံးစွဲ ပြောဆိုကြလေကုန်သတည်း။

## ခတ်တော်ကိုမြေစိုင်၌တည်ထားခြင်း

၂၉၅-မေး။ ။ထိုသို့ ဆင်ဦးကင်း၌တင်သော ခတ်တော်ကို မချမယူရသော် အဘယ်သို့ထားလေသနည်း။

၂၉၅-ဖြေ။ ။ဆင်ဦးကင်းနှင့်အမျှ မြေစိုင်တည်ထား၍ ဌပနာတိုက်၌ တည်ထားလေ၏။

## သိန်းဃိုင်ကျွန်းကြွတော်မူသောအဋ္ဌုပ္ပတ္တိ

၂၉၆-မေး။ ။ငါတို့ဘုရားသခင် သိန်းဃိုင်ကျွန်းသို့ ကြွတော်မူသော အဋ္ဌုပ္ပတ္တိကား အဘယ်နည်း။

၂၉၆-ဖြေ။ ။ဘုရားသခင် သိန်းဃိုင်ကျွန်းသို့ ရှေးဦးစွာကြွတော်မူသည်ကား ဘုရားအဖြစ်သို့ရောက်တော်မူ၍ ကိုးလမြောက်သောအခါ ဘီလူးတို့နေရာ လင်္ကာဒိပကျွန်းသို့ ကြွတော်မူလေ၍ အလျားသုံးယူဇနာ, အနံတယူဇနာရှိသော စစ်မြေအရပ်၌ ဘီလူးတို့၏အစည်းအဝေးတွင် အထက်ကောင်းကင်က ရပ်တော်မူလျက် ကမ္ဘာပျက်လေလာသကဲ့သို့ ပြင်းစွာသောလေကိုလာစေ၍ ကမ္ဘာပျက်မိုယ်းကြီးရွာသကဲ့သို့ ကြီးစွာသောမိုယ်းကြီးကိုရွာစေ၍ လောကန္တရိက်ငရဲကဲ့သို့ ကြောက်မက်ဘွယ်မိုက်ခြင်းချမ်းခြင်းတို့ကိုဖြစ်စေ၍ ကမ္ဘာပျက်လေချောက်ချားသကဲ့သို့ မိုယ်းကြိုးသံနှင့်တူသော ကောင်းကင်ကြိုးသောအသံဖြစ်စေ၍ ဘီလူးတို့၏ထိတ်လန့်ခြင်းကိုဖြစ်စေလျက် ထိုဘီလူးတို့သည် ကြောက်လန့်သောအားဖြင့် ဘုရားသခင်ကို ဘေးမရှိကြောင်းတောင်းပန်ရကား သင်တို့ဘီလူးအပေါင်း အညီအညွတ်ဖြစ်ကြ၍ ငါ့အားနေရာပေးမူကား သင်တို့အားဘေးမဲ့ပေးအံ့ဟုမိန့်တော်မူသော် ဘီလူးတို့လည်း နေရာကိုခင်းပေးကုန်၏၊ အလုံးစုံသောဘီလူးတို့ထိတ်လန့်ဘွယ်ကို ကွယ်စေပြီးသော် ကောင်းကင်

မှသက်တော်မူ၍ ဘီလူးရက္ခိုဳသ်တို့နေရာအလယ်၌ စမ္မခက်နေရာဖြန့်၍ နေတော်မူ၏။

ထိုအခါ ဘီလူးအပေါင်းတို့အား တရားဟောတော်မူ၍ အကုဋေမက သော သတ္တဝါတို့အား အကျွတ်တရားကိုရစေ၏၊ ထိုအခါသုမနကူဋ်တောင် ထိပ်၌နေသော သောတာပန်အဖြစ်သို့ရောက်ပြီးသောမဟာသုမနနတ်မင်း သည် တောင်းပန်ရကား ဦးခေါင်းတော်ကိုသုံးသပ်တော်မူ၍ တဆုပ်မျှ သောဆံတော်ဓာတ်ကိုပေးတော်မူခဲ့၍ ဇမ္ဗူဒိပ်ကျွန်းသို့ ကြွတော်မူခဲ့၏၊ ဤကား ဘုရားသခင်သိန်းယိုင်ကျွန်းသို့ ရှေးဦးစွာ ကြွတော်မူသောအ ကြောင်းတည်း။

နှစ်ကြိမ်မြောက်ကြွတော်မူခြင်းကား ဘုရားဖြစ်၍ ငါးနှစ်မြောက်သော အခါ၌ စူဠောဒရ၊ မဟောဒရ-အမည်ရှိသောကြည်း၌နေသောနဂါး, ရေ၌ နေသောနဂါးမင်းတူ ဦးရီးတို့သည် ပတ္တမြားပလ္လင်ကိုအမှီပြု၍ စစ်ဖြစ်ကြ လေသော် ထိုနဂါးတို့၏ ပျက်စီးလတ္တံ့သည်ကို မြင်တော်မူ၍ တန်းခူး လကွယ်ဥပုသ်နေ့၌သုမိတ္တာအမည်ရှိသော နတ်သားသည်လင်းလွန်းပင်ကို ထီးပြု၍ကာလျက် နာဂဒီပသို့ကြွတော်မူလေ၍ နဂါးတို့၏စစ်မြေအလယ်၌ အထက်ကောင်းကင်က ထက်ဝယ်ဘွဲ့ခွေနေတော်လျက် ကြောက်မက်ဘွယ် ကောင်းသော အမိုက်ကို ဘန်ဆင်းတော်မူ၍ နဂါးတို့ကို ထိတ်လန့် စေပြီးသော် သက်သာရာကိုတဘန်ရပြန်စေလျက် အလင်းကိုပြတော်မူ၍ နှစ်သက်ဝမ်းသာ ချဉ်းကပ်လာကုန်သော နဂါးတို့အား ညီညွတ်စွာ ဖြစ် စေပြီးမှ နဂါးမင်းတူဦးရီးနှစ်ယောက်တို့သည် ပူဇော်သောပတ္တမြားပလ္လင် ကို မြေ၌ခင်း၍နေတော်မူပြီးသော် နဂါးတို့လှူသော ဆွမ်းအဖျော်တို့ဖြင့် ရောင့်ရဲတော်မူလျက် ကုဋေရှစ်ဆယ်မျှလောက်သော နဂါးတို့ကို သရဏဂုံ ပဉ္စသီ၌တည်စေ၍ ထိုနဂါးတို့အား ရှိခိုးပူဇော် ကိုးကွယ်ရာဖြစ်စိမ့်သော ငှါ ပတ္တမြားပလ္လင်နှင့် လင်းလွန်းပင်ကို တည်ထားတော်မူခဲ့၍ ဇမ္ဗူဒိပ် ကျွန်းကိုကြွတော်မူခဲ့၏၊ ဤကားဘုရားသခင် သိန်းယိုင်ကျွန်းသို့နှစ်ကြိမ် မြောက်ကြွတော်မူသော အကြောင်းတည်း။

သုံးကြိမ်မြောက် ကြွတော်မူခြင်းကား ဘုရားဖြစ်၍ ရှစ်နှစ်မြောက် ရောက်သောအခါ၌ မဟောဒရနဂါးမင်း၏ဦးရီးဖြစ်သော မဏိမက္ခိက အမည်ရှိသော နဂါးမင်းသည်တောင်းပန်ရကားကဆုန်လပြည့်ဥပုသ်နေ့၌

ငါးရာသော ရဟန်းသံဃာခြံရံလျက် ကလျာဏီအရပ်၌ မဏိမက္ခိက နဂါးမင်း၏ ဗိမာန်သို့ ကပ်တော်မူလေ၍ နဂါးမင်း ဘန်ဆင်းသော ရတနာမဏ္ဍပ်၌ ခင်းအပ်သော နေရာပလ္လင်ထက်နေတော်မူလျက် နဂါးမင်းသည် လုပ်ကျွေးအပ်သော နတ်ဆွမ်းအဖျော်တို့ဖြင့် ရောင့်ရဲတော်မူ၍ နဂါးသမီးအပေါင်းခြံရံလျက် နတ်တို့၏ပန်းနံ့သာတို့ဖြင့် ပူဇော်လတ်သောအခါ တရားဟောတော်မူ၍ သုမနကူဋတောင်ထိပ်၌ ခြေရာတော်ပြခဲ့ပြီးသော်၊ ထိုတောင်ခြေရင်း၌ နေ့သန့်စင်တော်မူပြီးမှ ဒီဃဝါပိစေတီအရာ, မဟိယင်္ဂဏစေတီအရာ, ကလျာဏီစေတီအရာ, ဒက္ခိဏသာခါ မဟာဗောဓိတည်ရာ, ထူပါရုံအရာ,မဟာစေတီအရာ ဤတည်ရာ အရပ်တို့၌ တပည့်သားတို့နှင့်တကွ နေတော်မူ၍ နိရောဓသမာပတ်ကို ဝင်စားတော်မူ၏၊ သိလာစေတီယအရပ်၌ ရပ်တန့်တော်မူလျက် နတ်နဂါးတို့ကို ဆုံးမတော်မူခဲ့၍ ဇမ္ဗူဒိပ်ကျွန်းသို့ ကူးတော်မူခဲ့၏၊ ဤကား ဘုရားသခင် သိန်းဃိုဠ်ကျွန်းသို့ သုံးကြိမ်မြောက် ကြွတော်မူသော အကြောင်းတည်း၊ ဤသည်လျှင် ငါတို့ဘုရားသခင်သိန်းဃိုဠ်ကျွန်းသို့ သုံးကြိမ်မြောက်ကြွတော်မူသောအကြောင်းအဋ္ဌုပ္ပတ္တိတည်း။

## အရိမေတ္တေယျဘုရားခမည်းတော် မယ်တော်

၂၉၇-မေး။ ။အရိမေတ္တေယျ ဘုရားသခင် ခမည်းတော် မယ်တော်ကား အဘယ်သူနည်း။

၂၉၇-ဖြေ။ ။အရိမေတ္တေယျ ဘုရားသခင် ခမည်းတော်ကား-သုဗြဟ္မာ အမည်ရှိသော သင်္ခစကြာမင်းတည်း၊ မယ်တော်ကား သုဗြဟ္မဝတီအမည်ရှိသော ပုဏ္ဏေးမတည်း။

## အရိမေတ္တေယျဘုရားလူ့ဘောင်နေပမာဏ

၂၉၈-မေး။ ။အရိမေတ္တေယျဘုရားသခင်ကား လူ၏ဘောင်၌ အတီမျှလောက် နှစ်ကာလနေပြီးမှ တောထွက်အံ့နည်း။

၂၉၈-ဖြေ။ ။အရိမေတ္တေယျဘုရားသခင်သည် လူ၏ဘောင်၌အနှစ်ရှစ်ထောင်ကာလပတ်လုံးမင်း၏စည်းစိမ်ကို ခံစားပြီးမှ တောထွက်လတ္တံ့သတည်း။

## အရိမေတ္တေယျဘုရားဒုက္ကရစရိယာ ၇-ရက်

**၂၉၉-မေး။** ။အရိမေတ္တေယျ ဘုရားသခင်ကား ဒုက္ကရစရိယာ အတိမျှကျင့်လေအံ့နည်း။

**၂၉၉-ဖြေ။** ။အရိမေတ္တေယျဘုရားသခင်ကား ဒုက္ကရစရိယာခုနစ်ရက်သာ ကျင့်ပေအံ့သတည်း။

## အရိမေတ္တေယျဘုရားသက်တော် ဂ-သောင်း

**၃၀၀-မေး။** ။အရိမေတ္တေယျ ဘုရားသခင်၏ အသက်တော်ကား အတိမျှနည်း။

**၃၀၀-ဖြေ။** ။အရိမေတ္တေယျဘုရားသခင်၏ အသက်တော်ကား ရှစ်သောင်းနေအံ့သတည်း။

[လူတို့ကား ထိုအခါ တသိန်းနေ၏ဟူသတည်း။]

## လူ့အဖြစ်ဖြင့်နတ်ပြည်ရောက်သူ ၄-ဦး

**၃၀၁-မေး။** ။ငါတို့ဘုရားသခင် အလောင်းတော် လူ၏အဖြစ်ဖြင့် နတ်ပြည်သို့ ရောက်လေသည်ကား အဘယ်ဘဝ၌ ရောက်လေသနည်း။

**၃၀၁-ဖြေ။** ။ဂုတ္တိလစောင်းသမား,သာဓိနမင်း,နေမိမင်း,မန္ဓာတ်မင်း ဤလေးဘဝဖြစ်သော ကိုယ်၏အဖြစ်၌ လူ၏အဖြစ်ဖြင့်နတ်ပြည်သို့ ရောက်လေသတည်း။

(၁) ဂုတ္တိလကား နတ်ပြည်၌တမုဟုတ်မျှသာကြာ၏။

(၂) သာဓိနမင်းကား နတ်တို့၏အရေအတွက်ခုနစ်ရက်ကြာ၏၊ လူတို့၏ အရေအတွက် အနှစ်ခုနစ်ရာကြာ၏။

(၃) နေမိမင်းကြီးကား တမုဟုတ်သာ၊ လူတို့၏အရေအတွက်ခုနစ်ရက်ကြာသောဟူ၏။

(၄) မန္ဓာတ်မင်းကား တာဝတိံသာနတ်ပြည်၌ သိကြားသုံးကျိပ်သုံးယောက်တို့၏ အသက်အပိုင်းအခြားကုန်အောင်နေရ၏၊ သိကြားမင်းတို့၏ အသက်ကား နတ်တို့အရေအတွက် သုံးကုဋေခြောက်သန်းရှိ၏၊ လူတို့၏ အရေအတွက်ဖြင့်ကား အကုဋေကိုးရာနှစ်ဆဲ့တကုဋေ ခြောက်သန်းရှိသတည်း၊သာဓိနမင်းဟူသည်ကား ဓမ္မသုန္ဓရမင်းကိုပင်ဆိုသတည်းဟုမှတ်။

### မယားအပြား ၇-ပါး

**၃၀၂-မေး။** ။မယားအပြားခုနစ်ပါးဟူသည် အဘယ်နည်း။

**၃၀၂-ဖြေ။** ။(၁) ဝဓကသမာ-ရန်သူနှင့်တူသောမယား။
(၂) စောရသမာ-ခိုးသူနှင့်တူသောမယား။
(၃) အယျသမာ-အရှင်နှင့်တူသောမယား။
(၄) မာတုသမာ-အမိနှင့်တူသောမယား။
(၅) ဘဂိနီသမာ-နှမနှင့်တူသောမယား။
(၆) သခီသမာ-အဆွေနှင့်တူသောမယား။
(၇) ဒါသီသမာ-ကျွန်နှင့်တူသောမယား။

ဤသည်လျှင် မယားအပြားခုနစ်ပါးတည်း။

### သားသမီးကျင့်ဝတ် ၅-ပါး

**၃၀၃-မေး။** ။မိဘတို့၌သားသမီးကျင့်ဝတ်ငါးပါးဟူသည် အဘယ်နည်း။

**၃၀၃-ဖြေ။** ။(၁) မွေးတုံ့မွေးသည်။
(၂) အမှုကြီးငယ်ကိုရွက်ဆောင်သည်။
(၃) အမျိုးအနွယ်ကိုတည်စေသည်။
(၄) အမွေခံထိုက်အောင်ကျင့်သည်။
(၅) မိဘတို့ခန္ဓာကုန်သော် ကိုယ်စားအလှူပေးသည်။

ဤသည်လျှင် မိဘတို့၌သားသမီးကျင့်ဝတ်တရားငါးပါးတည်း။

### မိဘကျင့်ဝတ် ၅-ပါး

**၃၀၄-မေး။** ။သားသမီးတို့၌ မိဘကျင့်ဝတ်ငါးပါးဟူသည် အဘယ်နည်း။

**၃၀၄-ဖြေ။** ။(၁) မကောင်းသည်ကို မြစ်တားသည်။
(၂) ကောင်းသည်ကိုတိုက်တွန်းသည်။
(၃) အတတ်ပညာသင်စေသည်။
(၄) အရွယ်တိုင်လျှင် လျောက်ပတ်သည်၌ အိမ်ရာချသည်။
(၅) ဥစ္စာအရင်းအနှီးပေးသည်။

ဤသည်လျှင် သားသမီးတို့၌ မိဘတို့ကျင့်ဝတ်ငါးပါးတည်း။

## သခင်တို့ကျင့်ဝတ် ၅-ပါး

**၃၀၅-မေး။** ။ကျွန်၌သခင်ကျင့်ဝတ်ငါးပါးဟူသည် အဘယ်နည်း။

**၃၀၅-ဖြေ။** ။(၁) အစွမ်းသတ္တိရှိသောအလျောက် အမှုကြီးငယ်တို့ကို ရွက်ဆောင်စေသည်။

(၂) ထမင်းရိက္ခာပေးသည်။

(၃) နာဖျားမကျန်းရှိသော် လုပ်ကျွေးသည်။

(၄) အံ့ဘွယ်ထူးမြတ်သော အရသာကိုရလျှင် ဝေငှသည်။

(၅) အချိန်အခါတန်လျှင် လွှတ်သည်။

ဤသည်လျှင် ကျွန်တို့၌သခင်တို့ကျင့်ဝတ်ငါးပါးတည်း။

## ကျွန်ကျင့်ဝတ် ၅-ပါး

**၃၀၆-မေး။** ။သခင်၌ ကျွန်ကျင့်ဝတ်ငါးပါးဟူသည် အဘယ်နည်း။

**၃၀၆-ဖြေ။** ။(၁) သခင်မထမီ ရှေးဦးစွာထသည်။

(၂) သခင့်နောက်မှအိပ်သည်။

(၃) သခင်ပေးမှယူသည်။

(၄) ကောင်းစွာအမှုကို ရွက်ဆောင်သည်။

(၅) ကောင်းသော ကျေးဇူးသတင်းကို ဆောင်သည်။

ဤသည်လျှင် သခင်တို့၌ ကျွန်တို့ကျင့်ဝတ်ငါးပါးတည်း။

## လင်ကျင့်ဝတ် ၅-ပါး

**၃၀၇-မေး။** ။မယား၌ လင်ကျင့်ဝတ်ငါးပါးဟူသည် အဘယ်နည်း။

**၃၀၇-ဖြေ။** ။(၁) မိမိမယား၌မြတ်နိုးတနာ ရှိသေသည်။

(၂) မထီမဲ့မြင်မပြုသည်။

(၃) မိန်းမတပါး၌မကျူးလွန်သည်။

(၄) စည်းစိမ်ကိုနှင်းသည်။

(၅) တန်ဆာဆင်စေသည်။

ဤသည်လျှင်မယားတို့၌ လင်တို့ကျင့်ရာသောဝတ်တရားငါးပါးတည်း။

## မယားကျင့်ဝတ် ၅-ပါး

၃၀၇-မေး။ ။လင်၌ မယားကျင့်ဝတ်ငါးပါးဟူသည်အဘယ်နည်း။

၃၀၇-ဖြေ။ ။(၁) အမှုကိုကောင်းစွာ စီရင်သည်။
(၂) အခြွေအရံတို့ကို မစသဖြိုဟ်သည်။
(၃) ယောကျ်ားတပါး၌ မလွန်ကျူးသည်။
(၄) ဥစ္စာစည်းစိမ်ကို ကောင်းစွာစောင့်ရှောက်သည်။
(၅) ခပ်သိမ်းသောအမှု၌ မပျင်းသည်။

ဤသည်လျှင် လင်၌ မယားကျင့် ဝတ်ငါးပါးတည်း။

## ရာဇဂြိုဟ်ပြည်ရံသောတောင် ၅-လုံး

၃၀၉-မေး။ ။ရာဇဂြိုဟ်ပြည်ကိုရံသောတောင်ငါးလုံးကား အဘယ်နည်း။

၃၀၉-ဖြေ။ ။(၁) ဝေဘာရ။ (၄) ဂိဇ္ဈကုဋ်။
(၂) ပဏ္ဍဝ။ (၅) ဣသိဂိလိ။
(၃) ဝေပုလ္လ။

ဤသည်လျှင် ရာဇဂြိုဟ်ပြည်ကိုရံသော တောင်ငါးလုံးတည်း။

## မေတ္တာအကျိုး ၁၁-ပါး

၃၁၀-မေး။ ။မေတ္တာအကျိုးတဆဲ့တပါးကား အဘယ်နည်း။

၃၁၀-ဖြေ။ ။(၁) ချမ်းသာစွာအိပ်ရခြင်း။
(၂) ချမ်းသာစွာနိုးရခြင်း။
(၃) မကောင်းသောအိပ်မက်ကို မမြင်မက်ခြင်း။
(၄) လူခပ်သိမ်းတို့ချစ်ခြင်း။
(၅) နတ်တို့ကောင်းစွာ စောင့်ရှောက် မစခြင်း။
(၆) အဆိပ်မသင့်ခြင်း။
(၇) မီးမလောင်နိုင်ခြင်း။
(၈) လက်နက်မစူးမရှခြင်း။
(၉) ကိုယ်စိတ်၏တည်ကြည်ခြင်း။

(၁၀) မျက်နှာအဆင်း ကြည်ညိုဘွယ်ရှိခြင်း။
(၁၁) မတွေ့မဝေစုတွေ့ရ၍ပြုပ္ပါ့ပြည်သို့လားရခြင်း။
ဤသည်လျှင် မေတ္တာအကျိုး တဆဲ့တပါးတည်း။

### မပြုအပ်သောကုန် ၅-ပါး

၃၁၁-မေး။ ။ကုန်မပြုရာသည်ငါးပါးကား အဘယ်နည်း။
၃၁၁-ဖြေ။ ။(၁) သတ္တဝါဏိဇ္ဇ-ထားလှံစသောလက်နက်ကုန်။
(၂) မံသဝါဏိဇ္ဇ-သတ်၍ရောင်းသော အမဲဟင်း မျိုးကုန်။
(၃) မဇ္ဇဝါဏိဇ္ဇ-ယစ်မျိုးဟူသောကုန်။
(၄) သတ္တဝါဏိဇ္ဇ-လူကိုရောင်းအပ်သောကုန်။
(၅) ဝိသဝါဏိဇ္ဇ-သေစေတတ်သော အဆိပ်ကုန်။
ဤသည်လျှင် သူတော်ကောင်းတို့မပြုအပ်သော ကုန်ငါးပါးတည်း။

### ပညာ ၄-ပါး

၃၁၂-မေး။ ။ပညာလေးပါးကား အဘယ်နည်း။
၃၁၂-ဖြေ။ ။(၁) စိန္တာကဝိ-ကြံ၍တတ်သောပညာ။
(၂) သုတကဝိ-ကြားကာ မြင်ကာ တတ်သော ပညာ။
(၃) အတ္ထကဝိ-အနက်ကိုမှီ၍ တတ်သောပညာ။
(၄) ပဋိဘာနကဝိ-တခဏခြင်း တတ်သောပညာ။
ဤသည်လျှင် ပညာလေးပါးတည်း။

### သားအပြား ၃-ပါး

၃၁၃-မေး။ ။သားအပြားသုံးပါးဟူသည် အဘယ်နည်း။
၃၁၃-ဖြေ။ ။(၁) အတိဇာတ-မိဘတို့ထက်အကျင့် မြတ်သော သား။
(၂) အနုဇာတ-မိဘတို့နှင့် အတူအမျှ အကျင့် ရှိသောသား။
(၃) အဝဇာတ-မိဘတို့အောက် အကျင့် ယုတ် သောသား။
ဤသည်လျှင်သားအပြားသုံးပါးတည်း။

## တနည်းသားအပြား ၄-ပါး

၃၁၄-မေး။ ။တနည်းသားအပြားလေးပါးကားအဘယ်နည်း။

၃၁၄-ဖြေ။ ။(၁) အတြဇ-မိမိကိုစွဲ၍ ဖြစ်သောသား။

(၂) ခေတ္တဇ-အိပ်ရာပလ္လင် ရင်ခွင်၌ ဖြစ်သောသား။

(၃) အန္တေဝါသိက-တပည့်ခံ၍ အတတ်ပညာသင်သောသား။

(၄) ဒိန္နက-သူတပါးတို့က မွေးစိမ့်မည်ဟု ပေးသောသား။

ဤသည်လျှင် သားအပြားလေးပါးတည်း။

## သူငယ်အနံ့ပျောက်သောအရွယ်

၃၁၅-မေး။ ။သူငယ်တို့၏အနံ့သည် အဘယ်မျှလောက်သော အရွယ်ရောက်မှ ပျောက်လေသနည်း။

၃၁၅-ဖြေ။ ။သူငယ်တို့၏ကိုယ်နံ့သည် တဆဲ့နှစ်နှစ် အသက်ရှိသောအရွယ်ရောက်မှ ပျောက်လေသတည်း။

## သူငယ်တို့အောက်မေ့သောစိတ်

၃၁၆-မေး။ ။သူငယ်တို့၏စိတ်သည် လွန်လေပြီးသော အာရုံကို အောက်မေ့၏ ဟူသည်ကား အဘယ်သို့ အောက်မေ့လေသနည်း။

၃၁၆-ဖြေ။ ။ငရဲမှလာသောသူငယ်တို့ကား-ငရဲခံရသော ဆင်းရဲကို အောက်မေ့၍ငို၏၊ နတ်ပြည်မှလာသော သူငယ်တို့သည်ကား-နတ်တို့၏အသရေကို အောက်မေ့၍ ရယ်ကုန်၏။

ဤသို့အောက်မေ့သတည်း။

## မတိုင်ပင်ရာသောသူ ၅-ယောက်

၃၁၇-မေး။ ။မတိုင်ပင်ရာသောသူ ငါးယောက်ကား အဘယ်နည်း။

၃၁၇-ဖြေ။ ။(၁) ဗုဒ္ဓိဝုဍ္ဎ-မိန်းမကြူးသောသူ။

(၂) သုရာဝုဍ္ဎ-သေသောက်ကြူးသောသူ။

(၃) မဟိစ္ဆ-အလိုရမ္မက်ကြီးသောသူ။

(၄) ကောဓဗဟုလ-အမျက်ကြီးသောသူ။
(၅) အဗျတ္တ-မလိမ္မာသောသူ။
ဤသည်လျှင် မတိုင်ပင်ရာသောသူ ငါးယောက်တည်း။

### အရွယ် ၁၀-ပါး

**၃၁၈-မေး။** ။အရွယ်ဆယ်ပါးဟူသည် အဘယ်နည်း။

**၃၁၈-ဖြေ။** ။(၁) မန္ဒ။ (၆) ဟာယန။
(၂) ခိဍ္ဍ။ (၇) ပဗ္ဘာရ။
(၃) ဝဏ္ဏ။ (၈) ကုင်္ဂလ။
(၄) ဗလ။ (၉) မူဠှ။
(၅) ပညာ။ (၁၀) အနုဋ္ဌာနသယ။

ဤသည်လျှင် အရွယ်ဆယ်ပါးတည်း။

### အရွယ် ၁၀-ပါးအဓိပ္ပါယ်

**၃၁၉-မေး။** ။အရွယ်ဆယ်ပါး၏ အနက် အဓိပ္ပါယ်သဘောကား အဘယ်နည်း။

**၃၁၉-ဖြေ။** ။(၁) မန္ဒ-ပညာနုံ့သည်။
(၂) ခိဍ္ဍ-ပျို့လွင့်သည်။
(၃) ဝဏ္ဏ-အဆင်းလှသည်။
(၄) ဗလ-အားရှိသည်။
(၅) ပညာ-ပညာရှိသည်။
(၆) ဟာယန-အားယုတ်သည်။
(၇) ပဗ္ဘာရ-လေးလံသည်။
(၈) ကုင်္ဂလ-ကိုင်းညွတ်သည်။
(၉) မူဠှ-တွေဝေသည်။
(၁၀) အနုဋ္ဌာနသယ-မထအိပ်နေခြင်းဖြင့် နေသည်။

မန္ဒကား-ဆယ်နှစ်၊ ခိဍ္ဍကား-နှစ်ဆယ်၊ ဝဏ္ဏကား-သုံးဆယ်၊ ဗလကား-လေးဆယ်၊ ပညာကား-ငါးဆယ်၊ ဟာယနကား-ခြောက်ဆယ်၊ ပဗ္ဘာရကား-ခုနစ်ဆယ်၊ ကုင်္ဂလကား-ရှစ်ဆယ်၊ မူဠှကား-ကိုးဆယ်၊ အနုဋ္ဌာနသယကား-အနှစ်တရာတည်း။

ဤသည်လျှင် အရွယ်ဆယ်ပါး၏ အနက်အဓိပ္ပါယ်တည်း။

## ကဲ့ရဲ့အပ်သူ တကျိပ်

၃၂၀-မေး။ ။ကဲ့ရဲ့အပ်သောသူတကျိပ်ဟူသည်အဘယ်နည်း။
၃၂၀-ဖြေ။ ။(၁) အားနည်းသောသူ။
(၂) အဆွေခင်ပွန်းမရှိသောသူ။
(၃) အစားအသောက်ကြီးသောသူ။
(၄) ရောဂါအနာရှိသောသူ။
(၅) မကောင်းသောခင်ပွန်းရှိသောသူ။
(၆) ဥစ္စာမရှိသောသူ။
(၇) အကျင့်ယုတ်သောသူ။
(၈) ဘုန်းကြမ္မာနိမ့်သောသူ။
(၉) ပျင်းသောသူ။
(၁၀) ပညာမဲ့သောသူ။

ဤသည်လျှင် လောက၌ကဲ့ရဲ့အပ်သောသူ တကျိပ်တည်း။

## ဘေးလွတ်ကြောင်း ၅-ပါး

၃၂၁-မေး။ ။ဘေးလွတ်ကြောင်း ငါးပါးကား-အဘယ်နည်း။
၃၂၁-ဖြေ။ ။(၁) ဇပ္ပ-မန္တရားမန်းသဖြင့် လွတ်ရာသည်။
(၂) မန္တ-ပညာရှိတို့ကိုတိုင်ပင်သဖြင့်လွတ်ရာသည်။
(၃) သုဘာသိတ-ကောင်းသောစကားကို ဆိုသဖြင့် လွတ်ရာသည်။
(၄) အနုပ္ပဒါန-ဥစ္စာတံစိုးပေးသဖြင့်လွတ်ရာသည်။
(၅) ပဝေဏီ-အမျိုးအနွယ်ကို ဆက်စပ် သဖြင့် လွတ်ရာသည်။

ဤသည်လျှင် ကြီးစွာသောဘေးမှ လွတ်အောင်ပြုရာသောအကြောင်း ငါးပါးတည်း။

## စစ်သူကြီးလက္ခဏာ ၈-ပါး

၃၂၂-မေး။ ။စစ်သူကြီးလက္ခဏာရှစ်ပါးကား-အဘယ်နည်း။
၃၂၂-ဖြေ။ ။(၁) အကြားအမြင်များသည်။
(၂) သီလသိတင်းရှိသည်။
(၃) ရဲရင့်သည်။

(၄) အမှုကိုပြီးအောင်ပြုလေ့ရှိသည်။
(၅) လုံ့လဝီရိယရှိသည်။
(၆) စွမ်းပကားခွန်အားကြီးသည်။
(၇) သူ၏ဥစ္စာကိုမလိုချင်သည်။
(၈) အရောင်အဆင်းရှိသည်။
ဤသည်လျှင် စစ်သူကြီးအင်္ဂါလက္ခဏာရှစ်ပါးတည်း။

## စစ်ဖြစ်ကြောင်း ၁၃-ပါး

၃၂၃-မေး။ ။စစ်ဖြစ်ကြောင်းတဆဲ့သုံးပါးကား-အဘယ်နည်း။
၃၂၃-ဖြေ။ ။(၁) နိုင်ငံကိုလိုခြင်း။
(၂) ဥစ္စာကိုလိုခြင်း။
(၃) ဆင်ကောင်း,မြင်းကောင်းကို လိုခြင်း။
(၄) သမီးကညာကိုလိုခြင်း။
(၅) ကုန်းတိုက်ဥပါယ်ပြုခြင်း။
(၆) သစ္စာဘောက်ပြန်ခြင်း။
(၇) စေပါသောစကားအနိမ့်အကျကို မသိခြင်း။
(၈) အဆွေအမျိုးတို့ကိုဖျက်ဆီးခြင်း။
(၉) မိမိမြို့ကို မစောင့်ခြင်း။
(၁၀) သူရဲကောင်းစစ်သည်မရှိခြင်း။
(၁၁) ကုန်သည်။
(၁၂) အငြိုးဘွဲ့ခြင်း။
(၁၃) အမျက်ကြီးခြင်း။
ဤသည်လျှင် စစ်ဖြစ်ကြောင်း တဆဲ့သုံးပါးတည်း။

## မင်းတို့ပြုစုံရာသောသူ တကျိပ်ခုနစ်ယောက်

၃၂၄-မေး။ ။မင်းတို့ပြုစုရာသောသူတကျိပ် ခုနစ်ယောက်ကား-အဘယ်နည်း။
၃၂၄-ဖြေ။ ။(၁) မင်းကို ချစ်မြတ်နိုးသောသူ။
(၂) အမျိုးရှိသောသူ။
(၃) မင်းကိုစောင့်ရှောက်သသူ။
(၄) စီးပွားရှိမဲ့ကိုမြင်နိုင်သသူ။

(၅) အမှုရှိသောအခါစွန့်စားတော်ရသူ။
(၆) ရန်ကိုအောင်ဘန်များသသူ။
(၇) စည်ပင်အောင်ပြုသသူ။
(၈) မေ့လျော့သည်ကိုလှုံ့သသူ။
(၉) တည်ကြည်နိုင်ခံ့သသူ။
(၁၀) မစီရင်နိုင်သောအမှုကို မှန်အောင် စီရင်နိုင်သသူ။
(၁၁) မရောက်ပေါက်နိုင်သော ခရီးကို ရောက်နိုင်သသူ။
(၁၂) မယိုးမယဲ့ မဖင့်မနွဲ့အားထုတ်သသူ။
(၁၃) သားစဉ်မြေးဆက်က အရှင်မှတ်သောသူ။
(၁၄) မင်းကိုအလိုရှိသသူ။
(၁၅) စစ်မြေအရပ်၌သူရဲကောင်းတို့ တိုင်ပင်ရာ၌ နှလုံး အနေကျသသူ။
(၁၆) အမြန်အရသာ စားသောအခါချစ်သသူ။
(၁၇) အစီးအပွားကိုလိုသော ပညာရှိသသူ။

ဤသည်လျှင် မင်းတို့ပြုစုရာသသူ တကျိပ်ခုနစ်ယောက်တည်း။

## ရန်အောင်ကြောင်း ၄-ပါး

၃၂၅-မေး။ ။ရန်အောင်ကြောင်းလေးပါးဟူသည် အဘယ်နည်း။

၃၂၅-ဖြေ။ ။(၁) သစ္စာ-မှန်သောစကား။
(၂) ဓမ္မ-ပညာ။
(၃) ဝိရိယ-လုံ့လ။
(၄) စာဂ-စွန့်ကြဲခြင်း။

ဤသည်လျှင် ရန်အောင်ကြောင်း လေးပါးတည်း။

## အဆွေခင်ပွန်းကျင့်ဝတ် ၅-ပါး

၃၂၆-မေး။ ။အဆွေခင်ပွန်းတို့၌ ကျင့်ဝတ်ငါးပါးကား အဘယ်နည်း။

၃၂၆-ဖြေ။ ။(၁) ပေးကမ်းသည်။
(၂) ချစ်ဘွယ်သောစကားကိုဆိုသည်။

(၃) အကျိုးစီးပွားကို ဆောင်သည်။
(၄) ကိုယ်နှင့်အတူကျင့်သည်။
(၅) မချွတ်ယွင်းသည်။

ဤသည်လျှင် အဆွေခင်ပွန်းတို့၌ ကျင့်ဝတ်တရား ငါးပါးတည်း။

**ကျောက်တိုင်ကဲ့သို့ကျင့်ရသူ ၈-ယောက်**

၃၂၇-မေး။ ။ကျောက်တိုင်ကဲ့သို့ကျင့်ရသောသူ ရှစ်ယောက်ကား အဘယ်နည်း။

၃၂၇-ဖြေ။ ။(၁) တရားသူကြီး။ (၄) တမန်။
(၂) သက်သေ။ (၅) စာချီ။
(၃) စစ်မြေအရပ်သို့ ရောက်သောစစ်သူကြီး။ (၆) ဝေဘန်သောသူ။
(၇) မိန်းမ။

ဤသည်လျှင် ကျောက်တိုင်ကဲ့သို့ ကျင့်ရာသသူ ရှစ်ယောက်တည်း။

**ရွှေစင်ကဲ့သို့ကျင့်ရာသောသူ ၆-ယောက်**

၃၂၈-မေး။ ။ဇမ္ဗူရာစ်ရွှေစင်ကဲ့သို့ ကျင့်ရာသသူ ခြောက်ယောက်ကား အဘယ်နည်း။

၃၂၈-ဖြေ။ ။(၁) အမျိုးမြတ်သောသူ။ (၄) ရဟန်း။
(၂) သီလစောင့်သောမိန်းမ။ (၅) ရသေ့။
(၃) သီလစောင့်သောယောကျ်ား။ (၆) ပုဏ္ဏား။

ဤခြောက်ယောက်တည်း။

**စည်းစိမ်ရွှေလျောကြောင်း ၆-ပါး**

၃၂၉-မေး။ ။စည်းစိမ်ချမ်းသာ ရွှေလျောကြောင်း ခြောက်ပါးဟူသည် အဘယ်နည်း။

၃၂၉-ဖြေ။ ။(၁) သောက်စားယစ်ဝ၍ မေ့လျော့ခြင်း။
(၂) အချိန်အခါမဟုတ်သည်၌ လှည့်ပတ်သွားလာခြင်း။
(၃) သဘင်ကနွှားမပြတ်ကြည့်ရှုခြင်း။
(၄) အန်ခတ်,ကြက်တိုက်,ကြွေလောင်းခြင်း။
(၅) မကောင်းသောသူနှင့်ပေါင်းဘော်ခြင်း။
(၆) ပျင်းရိခြင်း၌ယှဉ်ခြင်း။

ဤသည်လျှင် စည်းစိမ်ချမ်းသာရွှေလျောကြောင်း ခြောက်ပါးတည်း။

## ဘုံးဘက်တော် ၇-ယောက်

၃၃၀-မေး။ ။ဘုရားသခင်နှင့် ဘွားဘက်တော် ခုနစ်ယောက်ကား အဘယ်နည်း။

၃၃၀-ဖြေ။ ။(၁) ကာဠုဒါယီ။ (၄) ဆန်။
(၂) အာနန္ဒာ။ (၅) ရွှေအိုးကြီး။
(၃) ယသော်ဓရာ။ (၆) ကဏ္ဍကမြင်း။
(၇) ဗောဓိပင်။

ဤသည်လျှင် ဘွားဘက်တော်ခုနစ်ယောက်တည်း။

## စွန့်ခြင်းကြီး ၅-ပါး

၃၃၁-မေး။ ။စွန့်ခြင်းကြီးငါးပါးကား အဘယ်နည်း။

၃၃၁-ဖြေ။ ။(၁) ပုတ္တပရိစ္စာဂ-သားသမီးတို့ကိုစွန့်ခြင်း။
(၂) ဓနပရိစ္စာဂ-ဥစ္စာကိုစွန့်ခြင်း။
(၃) ဇီဝိတပရိစ္စာဂ-အသက်ကိုစွန့်ခြင်း။
(၄) ဘရိယပရိစ္စာဂ-မယားကိုစွန့်ခြင်း။
(၅) အတ္တပရိစ္စာဂ-မိမိကိုယ်ကိုစွန့်ခြင်း။

ဤသည်လျှင် စွန့်ခြင်းကြီးငါးပါးတည်း။

## သူတော်ကောင်းတို့ကျင့်ရန်တရား ၄-ပါး

၃၃၂-မေး။ ။ပညာရှိသူတော်ကောင်းတို့ ကျင့်ရန်တရားလေးပါးကား အဘယ်နည်း။

၃၃၂-ဖြေ။ ။(၁) သူတပါးတို့၏အပြစ်ကို ကြားခြင်း၌ နားမရှိသကဲ့သို့ကျင့်သည်။
(၂) သူ၏အပြစ်ကိုရှုခြင်း၌ မျက်စိမရှိသကဲ့သို့ကျင့်သည်။
(၃) မိမိမယားမှတပါးသောမိန်းမတို့၌ သူနွံ့ကဲ့သို့ကျင့်သည်။
(၄) သူတပါးကို ပြစ်မှားခြင်း၌ စိတ်မရှိသကဲ့သို့ကျင့်သည်။

ဤသည်လျှင် ပညာရှိသူတော်ကောင်းတို့ကျင့်ရန် တရားလေးပါးတည်း။

## မမှိုဝဲအပ်သူ ၃-ပါး

၃၃၃-မေး။ ။မမှိုဝဲအပ်သူသုံးပါးဟူသည် အဘယ်နည်း။
၃၃၃-ဖြေ။ ။(၁) အိပ်ကြူးသောသူ။
(၂) သေသောက်ကြူးသောသူ။
(၃) မေထုန်ကြူးသောသူ။
ဤသည်လျှင် မမှိုဝဲအပ်သူသုံးပါးတည်း။

## စကားအရာအင်္ဂါ ၄-တန်

၃၃၄-မေး။ ။စကားအရာအင်္ဂါလေးတန်ကား အဘယ်နည်း။
၃၃၄-ဖြေ။ ။(၁) သုဘာသိတဝါစာ-ကောင်းစွာဆိုခြင်း။
(၂) ပိယဝါစာ-ချစ်ဘွယ်သောစကားကိုဆိုခြင်း။
(၃) သစ္စဝါစာ-မှန်စွာဆိုခြင်း။
(၄) ဓမ္မဝါစာ-တရားနှင့်ညီသောစကားကိုဆိုခြင်း။
ဤသည်လျှင် စကားအရာအင်္ဂါလေးတန်တည်း။

## နဂါးတို့ကိုယ်အဖြစ်မစွန့်ခြင်း ၅-ပါး

၃၃၅-မေး။ ။နဂါးတို့၌ မိမိတို့ကိုယ်အဖြစ်ကို မစွန့်ခြင်းငါးပါး ဟူသည် အဘယ်နည်း။
၃၃၅-ဖြေ။ ။(၁) ပဋိသန္ဓေနေသောအခါ။
(၂) အရေလဲသောအခါ။
(၃) အိပ်ပျော်သောအခါ။
(၄) ဇာတ်တူမေထုနသေဝနဖြစ်သောအခါ။
(၅) သေသောအခါ။
ဤသည်လျှင် နဂါးတို့၌ မိမိကိုယ်အဖြစ်ကိုမစွန့်ခြင်းငါးပါးတည်း။

## သေသောက်ခြင်းအပြစ် ၆-ပါး

၃၃၆-မေး။ ။သေသောက်ခြင်း အပြစ်ခြောက်ပါးကား အဘယ် နည်း။
၃၃၆-ဖြေ။ ။(၁) မျက်မှောက်၌ ဥစ္စာရှုံးသည်။
(၂) အငြင်းအခုံခိုက်ရန်ပွါးသည်။
(၃) အနာဟောင်း,အနာသစ်ဖြစ်သည်။

(၄) မအပ်သော အမှုအကျင့်ကို ကျင့်မိ၍ မကောင်းသောသတင်းရှိသည်။
(၅) အကြောက်အရှက်မရှိသည်။
(၆) ပညာအဆင်အခြင်ကင်းသည်။
ဤသည်လျှင် သေသောက်ခြင်း၌ အပြစ်ခြောက်ပါးတည်း။

## သည်းမခံခြင်းအပြစ် ၅-ပါး

၃၃၇-မေး။ ။သည်းမခံခြင်းအပြစ်ငါးပါးကား အဘယ်နည်း။
၃၃၇-ဖြေ။ ။(၁) ခပ်သိမ်းသောသူမနှစ်လိုသည်။
(၂) ဘေးရန်များသည်။
(၃) အပြစ်များသည်။
(၄) တွေဝေလျက်သေရသည်။
(၅) သေသော်လည်း ငရဲလားသည်။
ဤသည်လျှင် သည်းမခံခြင်းအပြစ်ငါးပါးတည်း၊

## သည်းခံခြင်းအကျိုး ၅-ပါး

၃၃၈-မေး။ ။သည်းခံခြင်းအကျိုးငါးပါးကား အဘယ်နည်း။
၃၃၈-ဖြေ။ ။(၁) ခပ်သိမ်းသောသူတို့ ချစ်နှစ်လိုသည်။
(၂) ရန်ငြိမ်းသည်။
(၃) အပြစ်နည်းသည်။
(၄) မတွေမဝေသေရသည်။
(၅) အပါယ်လေးပါးမလားသည်။
ဤသည်လျှင် သည်းခံခြင်းအကျိုးငါးပါးတည်း။

## ရောင်ခြည်တော် ၆-ပါး

၃၃၉-မေး။ ။ရောင်ခြည်တော်ခြောက်ပါးကား အဘယ်နည်း။
၃၃၉-ဖြေ။ ။(၁) နီလ-ညိုသောရောင်ခြည်။
(၂) ပီတ-ရွှေသောရောင်ခြည်။
(၃) လောဟိတ-နီသောရောင်ခြည်။
(၄) ဩဒါတ-ဖြူသောရောင်ခြည်။

(၅) မဉ္ဇိဋ္ဌ-မောင်းသောရောင်ခြည်။
(၆) ပဘဿရ-ပြိုးပြိုးပြက် တခဲနက်သော ရောင်ခြည်။

ဤသည်လျှင် ရောင်ခြည်တော်ခြောက်ပါးတည်း။

## တင့်တယ်ခြင်း ၇-ပါး

**၃၄၀-မေး။** ။တင့်တယ်ခြင်း ခုနစ်ပါးဟူသည် အဘယ်နည်း။

**၃၄၀-ဖြေ။** ။(၁) သူရဲကောင်းတို့၏ တင့်တယ်ခြင်းကား စစ်မြေအရပ်တည်း။
(၂) ပြည့်ရှင်မင်းတို့၏တင့်တယ်ခြင်းကားပေးကမ်းစွန့်ကြဲခြင်းတည်း။
(၃) စာမရီတို့၏ တင့်တယ်ခြင်းကား မြီးဆံလျှင်တည်း။
(၄) ကေသရရာဇာ ခြင်္သေ့၏ တင့်တယ်ခြင်းကား ရဲစွမ်းသတ္တိတည်း။
(၅) ကရဝိက်ငှက်မင်း၏ တင့်တယ်ခြင်းကား အသံသာယာခြင်းတည်း။
(၆) ဂဠုန်မင်း၏ တင့်တယ်ခြင်းကား- အစွမ်းခွန်အားတည်း။
(၇) ပညာရှိတို့၏တင့်တယ်ခြင်းကား- အမေးပုစ္ဆာကို ဖြေနိုင်ခြင်းတည်း။

ဤသည်လျှင် တင့်တယ်ခြင်း ခုနစ်ပါးတည်း။

## ရှိသေခြင်းမပြုသောသူ တကျိပ်နှစ်ယောက်

**၃၄၁-မေး။** ။ရှိသေခြင်း မပြုသောသူ တကျိပ်နှစ်ယောက်ကား အဘယ်နည်း။

**၃၄၁-ဖြေ။** ။(၁) တတ်သောသူလည်း တတ်သောဂုဏ်အားဖြင့် ရှိသေခြင်းမပြု။
(၂) အမျက်ကြီးသောသူလည်း အမျက်ကြီးသောအားဖြင့် ရှိသေခြင်းမပြု။

(၃) မိုက်သောသူလည်း မိုက်သောအားဖြင့် ရှိသေခြင်းမရှိ။
(၄) မျက်မာန်လိုသောသူလည်းမျက်မာန်လိုသောအားဖြင့် ရှိသေခြင်းမရှိ။
(၅) ကျေးဇူးမရှိသောသူလည်း ကျေးဇူးမရှိသောအားဖြင့် ရှိသေခြင်းမရှိ။
(၆) ခက်ထန်ဝန်တိုသောသူလည်း ခက်ထန်ဝန်တိုသောအားဖြင့် ရှိသေခြင်းမရှိ။
(၇) ယုတ်သောသူလည်း ယုတ်သော အားဖြင့် ရှိသေခြင်းမရှိ။
(၈) အစိုးရသောသူလည်း အစိုးရသောအားဖြင့် ရှိသေခြင်းမရှိ။
(၉) မကောင်းသောသူလည်း မကောင်းသော အားဖြင့် ရှိသေခြင်းမရှိ။
(၁၀) ရမ္မက်နှိပ်စက်သောသူလည်း ရမ္မက်နှိပ်စက်သောအားဖြင့် ရှိသေခြင်းမရှိ။
(၁၁) အားထုတ်သောသူလည်းအကျိုးကိုပြီးစေတတ်သောအားဖြင့် ရှိသေခြင်းမရှိ။
(၁၂) တတ်လိမ္မာသောသူလည်း တတ်လိမ္မာသောအားဖြင့် ရှိသေခြင်းမရှိ။

ဤသည်လျှင် ရှိသေခြင်းမရှိသော သူတကျိပ်နှစ်ယောက်တည်း။

**ပညာပွါးကြောင်း ၈-ပါး**

**၃၄၂-မေး။** ။ပညာပွါးကြောင်း ရှစ်ပါးကား အဘယ်နည်း။

**၃၄၂-ဖြေ။** ။(၁) အသက်အရွယ်ကြီးခြင်း။
(၂) မေးမြန်းခြင်း။
(၃) အကြားအမြင်များခြင်း။
(၄) အခြံအရံများခြင်း။
(၅) ကောင်းသောနှလုံးရှိခြင်း။
(၆) နှိုင်းရှည့်ခြင်း။

(၇) ချစ်သောသူတို့နှင့် ပေါင်းဘက်နေရခြင်း၊
(၈) တင့်တယ်အပ်သောအရပ်၌ နေရခြင်း။
ဤသည်လျှင် ပညာပွါးကြောင်းရှစ်ပါးတည်း။

## အခြံအရံကွယ်ကြောင်း ၃-ပါး

**၃၄၃-မေး။** ။ပရိသတ် အခြံအရံ ကွယ်ကြောင်း သုံးပါးဟူသည် အဘယ်နည်း။

**၃၄၃-ဖြေ။** ။(၁) စဉ်းလဲစဉ်းစားပြုခြင်း။
(၂) မချစ်မနှစ်လို့ဘွယ်သောစကားကိုဆိုခြင်း။
(၃) အစီးအပွါးမရှိသည်ကို ကျင့်ခြင်း။
ဤသည်လျှင် ပရိသတ်အခြံအရံကွယ်ကြောင်းသုံးပါးတည်း။

## အိပ်မက်ကြောင်း ၄-ပါး

**၃၄၄-မေး။** ။အိပ်မက်ကြောင်း လေးပါးကား အဘယ်နည်း။

**၃၄၄-ဖြေ။** ။(၁) ရှေး၌လေ့ကျက်ဘူးခြင်း။
(၂) နိမိတ်ပြခြင်း။
(၃) နတ်တို့လှည့်ပတ်ခြင်း။
(၄) ဓာတ်ချောက်ချားခြင်း။
ဤသည်လျှင် အိပ်မက်ကြောင်း လေးပါးတည်း။

## အမိုက် ၄-ပါး

**၃၄၅-မေး။** ။အမိုက်လေးပါးကား အဘယ်နည်း။

**၃၄၅-ဖြေ။** ။(၁) တီ။ (၃) ကြွေးကြာ။
(၂) တီတီတွတ်ငှက်။ (၄) ပုဏ္ဏား။
ဤသည်လျှင် အမိုက်လေးပါးတည်း။

## ဝေးခြင်း ၄-ပါး

**၃၄၆-မေး။** ။ဝေးခြင်းလေးပါးကား အဘယ်နည်း။

**၃၄၆-ဖြေ။** ။(၁) မဟာသမုဒ္ဒရာ၏ ထိုမှာဘက်ကမ်းနှင့် ဤမှာဘက်ကမ်းလည်း ဝေး၏။
(၂) နေထွက်တောင်နှင့် နေဝင်တောင်လည်းဝေး၏။

(၃) ဘဝဂ်နှင့်မြေလည်းဝေး၏။
(၄) သူယုတ်နှင့် သူတော်ကောင်းလည်းဝေး၏။
ဤသည်လျှင် ဝေးခြင်းလေးပါးတည်း။

### ရခဲခြင်းဒုလ္လဘ ၄-ပါး

၃၄၇-မေး။ ။ရခဲခြင်းဒုလ္လဘလေးပါးကား အဘယ်နည်း။
၃၄၇-ဖြေ။ ။(၁) လူ၏အဖြစ်ကိုရခဲ၏။
(၂) ဘုရားဖြစ်သောကာလကိုကြုံခဲ၏။
(၃) သဒ္ဓါတရားနှင့်ပြည့်စုံခဲ၏။
(၄) ရဟန်းအဖြစ်ကိုရမည်လည်းခဲ၏။
ဤသည်လျှင် ရခဲခြင်းဒုလ္လဘလေးပါးတည်း။

### အဂတိ ၄-ပါး

၃၄၈-မေး။ ။အဂတိလေးပါးကား အဘယ်နည်း။
၃၄၈-ဖြေ။ ။(၁) ဆန္ဒာဂတိ-အလိုသို့လိုက်ခြင်း။
(၂) ဒေါသာဂတိ-အမျက်ဒေါသသို့ လိုက်ခြင်း။
(၃) မောဟာဂတိ-မိုက်သောအားဖြင့်လိုက်ခြင်း။
(၄) ဘယာဂတိ-ဘေးကို ကြောက်သော အားဖြင့် လိုက်ခြင်း။
ဤသည်လျှင် အဂတိလေးပါးတည်း။

### ဘုန်းတော် ၆-ပါး

၃၄၉-မေး။ ။ဘုန်းတော်ခြောက်ပါးကား အဘယ်နည်း။
၃၄၉-ဖြေ။ ။(၁) ဣဿရိယ-အစိုးရတော်မူခြင်း။
(၂) ဓမ္မ-ပညာကြီးခြင်း။
(၃) ယသ-အခြံအရံများတော်မူခြင်း။
(၄) သိရီ-အသရေတော်၏တင့်တယ်ခြင်း။
(၅) ကာမ-ခပ်သိမ်းသောအလိုတော်၏ပြီးစီးခြင်း။
(၆) ပယတ္တ-အားလုံ့လနှင့် ပြည့်စုံတော်မူခြင်း။
ဤသည်လျှင် ဘုန်းတော်ခြောက်ပါးတည်း။

## စက္ခု ၅-ပါး

၃၅၀-မေး။ ။စက္ခုငါးပါးကား အဘယ်နည်း။
၃၅၀-ဖြေ။ ။(၁) မံသစက္ခု။ (၄) ဒိဗ္ဗစက္ခု။
(၂) ပညာစက္ခု။ (၅) ဗုဒ္ဓစက္ခု။
(၃) ဓမ္မစက္ခု။
ဤသည်လျှင် စက္ခုငါးပါးတည်း။

## စက္ခု ၅-ပါးသရုပ်သဘော

၃၅၁-မေး။ ။စက္ခုငါးပါး၏သရုပ်သဘောကား အဘယ်နည်း။
၃၅၁-ဖြေ။ ။(၁) မံသစက္ခုကား- စက္ခုဝတ္ထု, စက္ခုဝိညာဉ် တည်း။
(၂) ပညာစက္ခုကား-ပညာစေတသိက်တည်း။
(၃) ဓမ္မစက္ခုကား-တရားတော်အပေါင်းတည်း။
(၄) ဒိဗ္ဗစက္ခုကား-နတ်တို့မျက်စိအမြင်တည်း။
(၅) ဗုဒ္ဓစက္ခုကား- ဘုရားသခင်၏ သဗ္ဗညုတ ညာဏ်တော်တည်း။
ဤသည်လျှင် စက္ခုငါးပါး၏ သရုပ်သဘောတည်း။

## ဝုဒ္ဓိ ၃-ပါး

၃၅၂-မေး။ ။ဝုဒ္ဓိသုံးပါးကား အဘယ်နည်း။
၃၅၂-ဖြေ။ ။(၁) ဇာတိဝုဒ္ဓိ-အမျိုးဖြင့်မြတ်သည်။
(၂) ဂုဏဝုဒ္ဓိ-ဂုဏ်ဖြင့်ကြီးသည်။
(၃) ဝယဝုဒ္ဓိ-အရွယ်ဖြင့်ကြီးသည်။
ဤသည်လျှင် ဝုဒ္ဓိသုံးပါးတည်း။

## တရားတော်နာရကျိုး

၃၅၃-မေး။ ။တရားနာရကျိုးကား ကမ္ဘာအတိမျှလောက် အကျိုး ခံစားရသနည်း။
၃၅၃-ဖြေ။ ။တရားတော်နာရသောအကျိုးကား ကိုးကမ္ဘာခံစား ရ၏။

## တရားတောင်းပန်ရကျိုး

၃၅၄-မေး။ ။တရားတောင်းပန်ရကျိုးကား ကမ္ဘာအတိမျှလောက် အကျိုးခံစားရသနည်း။

၃၅၄-ဖြေ။ ။တရားတော်ဟောပါဟု တောင်းပန်ရသော အကျိုးကား ရှစ်ကမ္ဘာခံစားရသတည်း။

## သာဓုအနုမောဒနာပြုရကျိုး

၃၅၅-မေး။ ။သာဓုအနုမောဒနာပြုရ ကျိုးကား အတိမျှလောက် အကျိုးခံစားရသနည်း။

၃၅၅-ဖြေ။ ။သာဓုသာဓုဟု အနုမောဒနာ ပြုရသောအကျိုးကား တကမ္ဘာခံစားရသတည်း။

## တရားဟောရကျိုး

၃၅၆-မေး။ ။တရားဟောရကျိုးကား အတိမျှနည်း။

၃၅၆-ဖြေ။ ။တရားဟောရသောအကျိုးကားမရေမတွက်နိုင်သော အကျိုးကိုခံစားရသတည်း။

[ထို့ကြောင့် ဆရာမြတ်တို့လည်း—
"နဝကပ္ပံ သုတံ ဓမ္မံ၊ အဋ္ဌကပ္ပဉ္စ ယာစိတော။
ကောကပ္ပေါနုမောဒနာ၊ ဒေသေသိနံ အသင်္ချေယံ။"ဟူသော ဂါထာကို မိန့်တော်မူကုန်သတည်း။

## အပရိဟာနိယတရား ၇-ပါး

၃၅၇-မေး။ ။ပြည့်ရှင်မင်းတို့ကျင့်ရာသော အပရိဟာနိယတရား ခုနစ်ပါးကား အဘယ်နည်း။

၃၅၇-ဖြေ။ ။(၁) မှူးမတ်ဗိုလ်ပါတို့နှင့် အညီအညွတ်စည်းဝေး ၍တိုင်ပင်ခြင်း။

(၂) ရှေးမင်းကောင်းတို့ ပညတ်ထားသော ဓမ္မသတ်တရားကိုမလွန်ခြင်း။

(၃) ဘိုးဘွားစသော သက်ကြီးသူအိုတို့ကို အရိုအသေပူဇော်သက္ကာပြုခြင်း။

(၄) ပြည်သူရွာသူတို့သမီးကို အနိုင်အထက်မယူခြင်း။

(၅) မြို့တွင်းမြို့ပြင်၌ရှိသော စေတီပုထိုး နတ်ကြီး စသည်တို့ကို အရိုအသေပူဇော်ခြင်း။
(၆) စေတီပုထိုးဝတ်မိုးဝတ်မြေတို့ကို ကြည့်ခြင်း။
(၇) ရဟန်းသံဃာတို့အား တရားသဖြင့်စောင့်မခြင်း။

ဤသည်လျှင် ပြည့်ရှင်မင်းတို့ကျင့်ရာသော အပရိဟာနိယ တရားခုနစ်ပါးတည်း။

### မင်းတို့တိုင်ပင်ရာသူတကျိပ်

၃၅၈-မေး။ ။မင်းတို့ တိုင်ပင်ဘက်ပြုရာသောသူ တကျိပ်ကား အဘယ်နည်း။

၃၅၈-ဖြေ။ ။(၁) မင်း၏အမိ။ (၆) သူဌေး။
(၂) မိဘရား။ (၇) ပညာရှိ။
(၃) အိမ်ရှေ့မင်း။ (၈) တံခါးစောင့်။
(၄) အမတ်ကြီး။ (၉) ရထားထိန်း။
(၅) ပုရောဟိတ်ပုဏ္ဏား။(၁၀) စာချီ။

ဤသည်လျှင် မင်းတို့တိုင်ပင်ရာသောသူ တကျိပ်တည်း။

### မင်းတို့ကျင့်ရာသောအကျင့် ၆-ပါး

၃၅၉ မေး။ ။မင်းတို့ ကျင့်ရာသော အကျင့်ခြောက်ပါး ဟူသည် အဘယ်နည်း။

၃၅၉-ဖြေ။ ။(၁) မင်းတို့လယ်လုပ်ခြင်း။
(၂) ကုန်သွယ်ခြင်း။
(၃) မြို့ပြတန်ဆောင်းပြုခြင်း။
(၄) ဆင်ဘမ်းခြင်း။
(၅) ရွှေငွေဆည်းပူးခြင်း။
(၆) ပျက်စီးလေပြီးသောပြည်ရွာကိုပြုစုခြင်း။

ဤသည်လျှင် မင်းတို့ကျင့်ရာသောအကျင့်ခြောက်ပါးတည်း။

### တနည်း-မင်းတို့ကျင့်ရာသော အကျင့် ၄-ပါး

၃၆၀-မေး။ ။တနည်း မင်းတို့ကျင့်ရာသောအကျင့်တရားလေးပါးကား အဘယ်နည်း။

၃၆၀-ဖြေ။ ။(၁) ပြည်သူရွာသူတို့အားလယ်ယာမိုးမြေအဝတ်အစားပေးခြင်း။
(၂) ဘိုးဘွား မိဘ သက်ကြီးသူအိုတို့အား ရိုသေခြင်း။
(၃) ပြည်သူရွာသူတို့၏ အစီးအပွားကိုရှာခြင်း။
(၄) ပြည်သူပြည်သားတို့အား ချစ်၏မုန်း၏မဟူ အတူအမျှကျင့်ခြင်း
ဤသည်လျှင် မင်းတို့ကျင့်ရာသော အကျင့်တရား လေးပါးတည်း။

## တမန်အင်္ဂါ ၈-ပါး

၃၆၁-မေး။ ။တမန်အင်္ဂါရှစ်ပါးကား အဘယ်နည်း။
၃၆၁-ဖြေ။ ။(၁) စီးပွားရှိသည်မရှိသည်၌ လိမ္မာသည်။
(၂) အငြင်းအခုံမပြုတတ်သည်။
(၃) အားထုတ်၍မှတ်သည်။
(၄) မှတ်သည်ကို အလေ့အလာပြုသည်။
(၅) သူ၏အရိပ်အခြည်ကိုသိတတ်သည်။
(၆) သူတပါးကိုသိစေတတ်သည်။
(၇) ကြားလွယ်သည်။
(၈) ကြားလွယ်အောင်ဆိုတတ်သည်။
ဤသည်လျှင် တမန် အင်္ဂါရှစ်ပါးတည်း။

## ဒုဋ္ဌဂါမဏိမင်းသူရဲတကျိပ်

၃၆၂-မေး။ ။ဒုဋ္ဌဂါမဏိ မင်းကြီး၏ သူရဲတကျိပ်ကား အဘယ်နည်း။
၃၆၂-ဖြေ။ ။(၁) နန္ဒိမိတ္တ။ (၆) ဘရဏ။
(၂) သူရနိမိလ။ (၇) ဝေဠုသုမန။
(၃) မဟာသောမန။ (၈) ခဉ္ဇဒေဝ။
(၄) ကောဂုရိမ္ဗယ။ (၉) ဖုဿဒေဝ။
(၅) အဘယ။ (၁၀) လဘိယဝသဘ။
ဤသည်လျှင် ဒုဋ္ဌဂါမဏိမင်းကြီး၏ သူရဲတကျိပ်တည်း။

### နန္ဒိမိတ္တသူရဲကြီး၏အား

၃၆၃-မေး။ ။နန္ဒိမိတ္တသူရဲကြီး၏ အားကား-အဘိမျှနည်း။

၃၆၃-ဖြေ။ ။သူငယ်ကပင် ကြီးကြီးလွန်ကြီးတို့ကို ဖြတ်နိုင်သော အားရှိ၏။

### သူရနိမိလသူရဲ၏အား

၃၆၄-မေး။ ။သူရနိမိလအားကား-အဘယ်နည်း။

၃၆၄-ဖြေ။ ။ကိုးယူဇနာ ရှိသောခရီးကို လူးလာ ပြန်နိုင်သော အားရှိ၏။

### မဟာသောမန သူရဲ၏အား

၃၆၅-မေး။ ။မဟာသောမနအားကား-အဘိမျှနည်း။

၃၆၅-ဖြေ။ ။သူငယ်ကပင် သုံးနှစ်ရှိသော ထန်းပင်ပျိုကို နုတ်နိုင်၏၊ ဆယ်နှစ်မြောက်သော် ထန်းပင်ကြီးကို နုတ်နိုင်၏။

### ကောဋရိမ္ဗယသူရဲ၏အား

၃၆၆-မေး။ ။ကောဋရိမ္ဗယအားကား-အဘိမျှနည်း။

၃၆၆-ဖြေ။ ။ယာခင်းခုတ်လုပ်သောအခါ သစ်ပင်ကြီးတို့ကို မြက်ကဲ့သို့နုတ်ငင်ပစ်နိုင်သောအား ရှိ၏။

### အဘယသူရဲ၏အား

၃၆၇-မေး။ ။အဘယအားကား-အဘိမျှနည်း။

၃၆၇-ဖြေ။ ။တဆဲ့နှစ်နှစ်ကပင် လေးယောက်ငါးယောက် မချီနိုင်သော ကျောက်ဖျာကို ပစ်လိုက်နိုင်သောအား ရှိ၏။

### ဘရဏသူရဲ၏အား

၃၆၈-မေး။ ။ဘရဏအားကား-အဘိမျှနည်း။

၃၆၈-ဖြေ။ ။တဆဲ့နှစ်နှစ်ကပင် ယုန်ကိုလိုက်၍ ဘမ်းနိုင်သော အားရှိ၏၊ တဆဲ့ခြောက်နှစ်မြောက်သောအခါ သမင်တို့ကိုဘမ်း၍ သတ်နိုင်၏။

### ဝေဠုသုမနသူရဲ၏အား

၃၆၉-မေး။ ။ဝေဠုသုမနအားကား-အဘိမျှနည်း။

၃၆၉-ဖြေ။ ။ဆင်,မြင်းအဘီးအနင်းကို သူငယ်ကပင် နိုင်နင်းသော အား ရှိ၏။

## ခဍ္ဍဒေဝသူရဲ၏အား

၄၇၀-မေး။ ။ခဍ္ဍဒေဝအားကား-အတိမျှနည်း။

၄၇၀-ဖြေ။ ။ကျွဲ,နွားတို့ကိုဘမ်းပြီးလျှင် ခြေကိုကိုင်၍ ခေါင်းထက် ပတ်ပတ်လှည့်နိုင်၏။

## ဖုဿဒေဝသူရဲ၏အား

၄၇၁-မေး။ ။ဖုဿဒေဝအားကား-အတိမျှနည်း။

၄၇၁-ဖြေ။ ။တကျိပ်နှစ်ယောက်မချီနိုင်သောဝန်ကို တယောက် တည်းချီနိုင်ထမ်းနိုင်၏။ [ဝသဘသူရဲ၏အားလည်း ၎င်းနှင့်တူ၏။]

## မေတ္တေယျဘုရား၏လက်ျာရံ

၄၇၂မေး။ ။ဒုဋ္ဌဂါမဏိမင်းကြီးကား-မေတ္တေယျဘုရားသခင်လက် ထက်၌ အဘယ်သူဖြစ်လတ္တံ့နည်း။

၄၇၂-ဖြေ။ ။ဒုဋ္ဌဂါမဏိမင်းကြီးကား-မေတ္တေယျဘုရား၏လက်ျာ ရံဖြစ်လတ္တံ့။

## မေတ္တေယျဘုရား၏လက်ဝဲရံ

၄၇၃-မေး။ ။၎င်း၏ညီတော် တိဿကား-အဘယ်သူ ဖြစ်လတ္တံ့ နည်း။

၄၇၃-ဖြေ။ ။ညီတော်တိဿမင်းကား-မေတ္တေယျဘုရား၏လက်ဝဲရံ ဖြစ်လတ္တံ့။

## မေတ္တေယျဘုရား၏ခမည်းတော်

၄၇၄-မေး။ ။ကာကဝဏ္ဏမင်းကြီးကား-မေတ္တေယျဘုရားရှင် လက် ထက် အဘယ်သူဖြစ်လတ္တံ့နည်း။

၄၇၄-ဖြေ။ ။ကာကဝဏ္ဏ မင်းကြီးကား-မေတ္တေယျ ဘုရားသခင်၏ ခမည်းတော်ဖြစ်လတ္တံ့။

## မေတ္တေယျဘုရား၏မယ်တော်

၄၇၅-မေး။ ။ကာကဝဏ္ဏမင်းကြီး၏ မိဘုရားဝိဟာရဒေဝီကား- အဘယ်သူ ဖြစ်လတ္တံ့နည်း။

၄၇၅-ဖြေ။ ။ဝိဟာရဒေဝီကား-မေတ္တေယျဘုရားသခင် မယ်တော် ဖြစ်လတ္တံ့။

## အနာထပိဏ် ခေါ်တွင်ကြောင်း

၃၇၆-မေး။ ။အနာထပိဏ်သူဌေးဟု အဘယ်ကြောင့် တွင်လေသနည်း။

၃၇၆-ဖြေ။ ။"အနာထာနံ ပိဏ္ဍံ ဒဒါတီတိ အနာထပိဏ္ဍိကော" ဟူသော ဝစနတ္ထနှင့်အညီ၊ ကိုးကွယ်ရာမရှိသော သူတို့အား ထမင်းအချော် စသော ဒါတဗ္ဗ ဝတ္ထုတို့ကို လှူတတ်သောကြောင့် အနာထပိဏ်သူဌေးတွင်သတည်း။

## ကမ္ဘာပတ်လုံးတည်သည် ၄ ပါး

၃၇၇-မေး။ ။ကမ္ဘာပတ်လုံး တည်သည် လေးပါးကား-အဘယ်နည်း။

၃၇၇-ဖြေ။ ။(၁) ရက္ခိုသ်ဘီလူးစောင့်သော ရေအိုင်၌ မျောက်မင်းဖြစ်သောအခါ ကျူဆစ်ကို ဘောက်၍ရေသောက်သော ကျူတောလည်း အဆစ်မရှိ။

(၂) ငုံးမင်းဖြစ်သောအခါ အဓိဋ္ဌာန်သစ္စာကြောင့် တဆဲ့ခြောက်မင်းပယ်ဧား အရပ်လည်း မီးမလောင်။

(၃) ဃဋိကာရအိမ်ရာလည်း မိုယ်းမစွတ်။

(၄) လဝန်း၌ယုန်ရေးလည်း မပျောက်။

ဤသည်လျှင် ကမ္ဘာပတ်လုံးတည်သည် လေးပါးတည်း။

## ချမ်းမြေ့ခြင်း ၃ ပါး

၃၇၈-မေး။ ။ချမ်းမြေ့ခြင်းသုံးပါးကား အဘယ်နည်း။

၃၇၈-ဖြေ။ ။(၁) စန္ဒကူးနံ့သာသည် အလွန်ချမ်းမြေ့၏။

(၂) ထိုထက်လရောင်သည် အလွန်ချမ်းမြေ့၏။

(၃) ထိုထက်ပညာရှိ သူတော်ကောင်းတို့ ဆိုသော စကားသည်ကား အလွန်ချမ်းမြေ့လှ၏။

ဤသည်လျှင် လောက၌ ချမ်းမြေ့ခြင်းသုံးပါးတည်း။

## တနည်း ချမ်းမြေ့ခြင်း ၅ ပါး

၃၇၉-မေး။ ။တနည်း ချမ်းမြေ့ခြင်း ငါးပါးကား အဘယ်နည်း။

၃၇၉-ဖြေ။ ။(၁) သစ်ပင်တို့၏အရိပ်သည် ချမ်းမြေ့၏။

(၂) ထိုထက် မိဘတို့အရိပ်သည် ချမ်းမြေ့၏။
(၃) ထိုထက်ဆရာသမားတို့၏ အရိပ်သည် ချမ်းမြေ့၏။
(၄) ထိုထက် မင်းတို့၏အရိပ်သည် ချမ်းမြေ့၏။
(၅) ထိုထက်ဘုရားသခင်၏အရိပ်သည် ချမ်းမြေ့၏။

ဤသည်လျှင် လောက၌ ချမ်းမြေ့ခြင်း ငါးပါးဘည်း။

## ချီးမွမ်းရာသောအကြောင်း ၄-ပါး

**၃၇၀-မေး။** ။လောက၌ချီးမွမ်းရာသော အကြောင်း လေးပါးကား အဘယ်နည်း။

**၃၇၀-ဖြေ။** ။(၁) သူရဲကောင်းတို့ကို စစ်မြေပြင်က ပြန်မှသာ ချီးမွမ်းရာ၏။
(၂) လယ်၌ ဖြစ်သောစပါးတို့ကို အိမ်သို့ရောက်မှ သာလျှင် ချီးမွမ်းရာ၏။
(၃) ထမင်းဘောဇဉ်ကို စားသောက်ပြီး၍ အစာ ကြေမှသာလျှင် ချီးမွမ်းရာ၏။
(၄) ခင်ပွန်းဖြစ်သောမိန်းမတို့ကိုကား အရွယ်လွန် မှသာလျှင် ချီးမွမ်းရာ၏။

ဤသည်လျှင် လောက၌ ချီးမွမ်းရာသောအကြောင်း လေးပါးတည်း။
[ဤကား လောကီကျမ်း၌လာသောစကားတည်း။]

## မချစ်မနှစ်လို့ရာသောသူ

**၃၇၁-မေး။** ။လောက၌ မချစ်မနှစ်လို့ရာသောသူကား အဘယ်နည်း။

**၃၇၁-ဖြေ။** ။တောင်းတတ်သောသူကိုလည်း မချစ်မနှစ်လို့ရာ။ တောင်း၍မပေးသောသူကိုလည်း သူမနှစ်လို့ရာ။

ဤသည်လျှင် လောက၌ မချစ်မနှစ်လို့ရာသောသူတည်း။
[ထိုကြောင့် ဆရာတို့လည်း။ ။''ယာစကော အပ္ပိယော ဟောတိ၊ ယာစံ အဒဒမပ္ပိယော''ဟု မိန့်ဆိုကုန်သတည်း။

အဒန္တဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိ စ။

ဤဂါထာ၏ အဓိပ္ပါယ်ကား- ပေးကမ်းခြင်းသည်ကား မယဉ် ကျေးသောသူတို့ကို ယဉ်ကျေးစေတတ်၏၊ ခပ်သိမ်းသော အလိုကို လည်း ပြီးစေတတ်၏၊ ချစ်ဘွယ်နှစ်သက်ဘွယ်သော စကားကို ဆို သဖြင့် မိမိသို့လည်း သူတပါးတို့ညွတ်၏၊ သူတပါးသို့လည်း မိမိညွတ် ၏။ ။ဤသို့သော မှတ်ဘွယ် အထူးကိုလည်း မှတ်ကုန်ရာသတည်း။]

## အဆွေခင်ပွန်းပျက်ကြောင်း ၃-ပါး

၃၈၂-မေး။ ။အဆွေခင်ပွန်းပျက်စီးကွဲပြားကြောင်းကား အဘယ် နည်း။

၃၈၂-ဖြေ။ ။(၁) မပြတ်မလပ် မပေါင်းဘော်မဆည်းကပ်ခြင်း။
(၂) ကောင်းသောခဲဘွယ်စားဘွယ်တို့ကိုရ၍ မပေး မကမ်းမဖြန့်မချီခြင်း။
(၃) အခါမဟုတ်သည်၌ နှစ်သက်သော ဝတ္ထုကို တောင်းခြင်း။

ဤသည်လျှင် အဆွေခင်ပွန်းပျက်ကြောင်းသုံးပါးတည်း။

## သူယုတ်လက္ခဏာ ၃-ပါး

၃၈၃-မေး။ ။သူယုတ်လက္ခဏာသုံးပါးကား အဘယ်နည်း။

၃၈၃-ဖြေ။ ။(၁) သူမခေါ်ဘဲ သူ့အိမ် သူ့ရာအသွားများသော သူ။
(၂) သူမမေးဘဲစကားများစွာပြောဆိုတတ်သောသူ။
(၃) မိမိဂုဏ်ကျေးဇူးကို ပလွှားတတ်သောသူ။

ဤသည်လျှင် သူယုတ်လက္ခဏာသုံးပါးတည်း။
ထိုကြောင့် ဆရာတို့လည်း။

အနဝှယံ ဂမိဿန္တော၊ အပုဋ္ဌော ဗဟုဘာသကော။
အတ္တဂုဏံ ပကာသေယျ၊ တိဝိဓံ ဟီနလက္ခဏံ။

ဟူသော ဂါထာကိုဆိုသတည်း။

## အသက်ရှည်လျက် သူသေ ၅-ယောက်

၃၈၄-မေး။ ။လောက၌ အသက်ရှည်လျက် သူသေမည်သောသူ ငါး ယောက်ကား အဘယ်နည်း။

၃၈၄-ဖြေ။ ။(၁) ဆင်းရဲလှစွာသောသူ။

(၂) အနာမပြတ်နှိပ်စက်သောသူ။
(၃) မိုက်မဲသောသူ။
(၄) ကြွေးမြီများသောသူ။
(၅) မင်း၌ ကြပ်ကြပ်တည်းတည်း ခစားသောသူ။

ဤသည်လျှင် အသက်ရှင်လျက် သူသေမည်သောသူ ငါးယောက်တည်း။

## နှစ်သက်စေကြောင်း ၄-ပါး

**၃၇၅-မေး။** ။လောက၌ နှစ်သက်စေကြောင်းလေးပါးကား အဘယ်နည်း။

**၃၇၅-ဖြေ။** ။(၁) အလိုချမ်ကြီးသောသူကို ဥစ္စာ ပေးကမ်းသဖြင့် နှစ်သက်စေရာ၏။
(၂) ဂုဏ်မာန် ခက်ထန်သောသူကို လက်အုပ်ချီ၍ နှိမ့်ချသဖြင့် နှစ်သက်စေရာ၏၊
(၃) မိုက်မဲသောသူကို အလိုသို့လိုက်သဖြင့် နှစ်သက်စေရာ၏။
(၄) ပညာရှိကိုကား မှန်သောစကားကိုဆိုသဖြင့် နှစ်သက်စေရာ၏။

ဤသည်လျှင် လောက၌ နှစ်သက်စေကြောင်းလေးပါးတည်း။

## လောက၌အား ၄-ပါး

**၃၇၆-မေး။** ။လောက၌ အားလေးပါးဟူသည် အဘယ်နည်း။

**၃၇၆-ဖြေ။** ။အာကာသေ ဗလံ ပက္ခီနံ၊ မစ္ဆာနံ ဥဒကံဗလံ။
ဒုဗ္ဗလဿ ဗလံ ရာဇာ၊ ကုမာရာနံ ရောဒနံ ဗလံ။

ဤသို့လောကီကျမ်း၌လာရကား–
(၁) ငှက်တို့၏အားကား ကောင်းကင်လျှင်တည်း။
(၂) ငါးတို့၏အားကား ရေလျှင်တည်း။
(၃) အားနည်းသောသူတို့၏အားကား မင်းလျှင်တည်း။
(၄) သတို့သားငယ်တို့၏အားကား ငိုကြွေးခြင်းလျှင်တည်း။

ဤသည်လျှင် လောက၌ အားလေးပါးတည်း။

## အောင်ရာသောအကြောင်း ၄-ပါး

၃၀၇-မေး။ ။လောက၌ အောင်ရာသောအကြောင်းလေးပါးကား အဘယ်နည်း။

၃၀၇-ဖြေ။ ။ဥတ္တမတံ နိပါတေန၊ သူရံ ဘေဒေန ဝိဇယေ။
နီစံ အနုပ္ပဒါနေန၊ ဝီရိယေန သမံ ဇယေ။

ဤသို့ လောကီကျမ်းတို့၌ လာရကား–

(၁) ကိုယ့်ထက် မြတ်သောသူကို နှိမ့်ချသဖြင့် အောင်ရာ၏။

(၂) သူရဲကို အဘော်ခွဲသဖြင့် အောင်ရာ၏။

(၃) ကိုယ့်အောက်နိမ့်သောသူကို တံစိုးပေးသဖြင့် အောင်ရာ၏။

(၄) ကိုယ်နှင့်တူသောသူကိုလုံ့လပြုသဖြင့်အောင်ရာ၏။

ဤကား လောက၌ အောင်ရာသောအကြောင်းလေးပါးတည်း။

## ပျက်စီးကြောင်း ၄-ပါး

၃၀၈-မေး။ ။လောက၌ ပျက်စီးကြောင်းလေးပါးကား အဘယ်နည်း။

၃၀၈-ဖြေ။ ။(၁) ရသေ့ရဟန်းဖြစ်လျက် အလိုရမ္မက်သို့လိုက်၍ မရောင့်ရဲတတ်မှုကား ပျက်စီးတတ်၏။

(၂) ပြည်ကြီးသခင် မင်းဖြစ်လျက် ရောင့်ရဲလွယ်မှုကား ပျက်စီးတတ်၏။

(၃) ပြည့်တန်ဆာမဖြစ်လျက် အရှက်အကြောက်ရှိမှုကား ပျက်စီးတတ်၏။

(၄) အမျိုးမြတ်သော သတို့သမီးဖြစ်လျက် အရှက်အကြောက်မစောင့်မှုကား ပျက်စီးတတ်၏။

ဤသည့်လျှင် လောက၌ ပျက်စီးကြောင်းလေးပါးတည်း။

## ကြဉ်ရှောင်အပ်သည် ၄-ပါး

၃၇၉-မေး။ ။လောက၌ ကြဉ်ရှောင်အပ်သည် လေးပါးကား အဘယ်နည်း။

၃၇၉-ဖြေ။ ။(၁) ဦးချိုရှိသောသတ္တဝါကို အတောင်ငါးဆယ် အရပ်က ကြဉ်ရှောင်ရာ၏။
(၂) မြင်းသတ္တဝါတို့ကိုကား အတောင်တရာအရပ်က ကြဉ်ရှောင်ရာ၏။
(၃) အစွယ်ရှိသော ဆင်ကိုကား အတောင် တထောင်အရပ်က ကြဉ်ရှောင်ရာ၏။
(၄) မကောင်းသောသူယုတ်မာကိုကား အရပ်ကို စွန့်သဖြင့် ကြဉ်ရှောင်ရာ၏။

ဤသည်လျှင် ကြဉ်ရှောင်အပ်သည် လေးပါးတည်း။

[ဤကား လောကီကျမ်း၌လာသောစကားတည်းဟုမှတ်။]

## မှိဝဲရာသည် ၄-ပါး

၃၈၀-မေး။ ။လောက၌ မှိဝဲရာသည်လေးပါးကား အဘယ်နည်း။

၃၈၀-ဖြေ။ ။(၁) နေရောင်ကိုကား ကျောက်ကုန်းဖြင့်မှိဝဲရာ၏။
(၂) မီးကိုကား ဝမ်းဖြင့်မှိဝဲရာ၏။
(၃) အစိုးရသော အရှင်ဆရာသမားတို့ကိုကား ခပ်သိမ်းသောအလိုသို့လိုက်သဖြင့် မှိဝဲရာ၏။
(၄) တမလွန်ဘဝကိုကား စဉ်းလဲစဉ်းစားမပြုသဖြင့် မှိဝဲရာ၏။

ဤသည်လျှင် မှိဝဲရာသည်လေးပါးတည်း။

## မဆည်းကပ်ရာသည် ၄-ပါး

၃၈၁-မေး။ ။လောက၌ မဆည်းကပ်ရာသည် လေးပါးကား အဘယ်နည်း။

၃၈၁-ဖြေ။ ။(၁) ကြမ်းတမ်းရှုန့်ရင်းသောအရှင်။
(၂) ဝန်တိုသောသူ။

(၃) အချီးအပင့်မရှိသောသူ။
(၄) နှိပ်စက်တတ်သောသူ။
ဤသည်လျှင် လောက၌ မဆည်းကပ်ရာသည်လေးပါးတည်း။

## စာပေကင်းရာသသူ ၇-ယောက်

၃၉၂-မေး။ ။စာပေကျမ်းဂန်နှင့်ကင်းရာသသူ ခုနစ်ယောက်ကား အဘယ်နည်း။

၃၉၂-ဖြေ။ ။(၁) အိပ်ကြူးသောသူ။
(၂) မေ့လျော့တတ်သောသူ။
(၃) ချမ်းသာစွာနေခြင်းကိုပြုလေ့ရှိသောသူ။
(၄) အနာရှိသောသူ။
(၅) ပျင်းသောသူ။
(၆) အလိုကြီးသောသူ။
(၇) အမှု၌မေ့လျော့သောသူ။
ဤသည်လျှင် စာပေကျမ်းဂန်နှင့်ကင်းရာသသူ ခုနစ်ယောက်တည်း။

## မရောင့်ရဲခြင်း ၄-ပါး

၃၉၃-မေး။ ။လောက၌ မရောင့်ရဲခြင်းလေးပါးကား အဘယ်နည်း။

၃၉၃-ဖြေ။ ။(၁) မင်းတို့လည်း ဥစ္စာ ရွှေ ငွေ များ သ ဖြင့် မရောင့်ရဲ။
(၂) ပညာရှိတို့လည်း စကားကောင်းကိုဆိုသဖြင့် မရောင့်ရဲ။
(၃) မျက်စိအာရုံ၏သဘောလည်း ချစ်သောသူတို့၌ ကြည့်၍မရောင့်ရဲ။
(၄) မဟာသမုဒ္ဒရာလည်း ရေများအတိပြည့်သော် လည်း မရောင့်ရဲ။
ဤသည်လျှင် မရောင့်ရဲခြင်းလေးပါးတည်း။

[ဤစကားသည်လည်း လောကီကျမ်း၌ဆိုသောစကားတည်းဟု မှတ်။]

## သူတော်ကောင်းဥစ္စာ ၇-ပါး

၃၉၄-မေး။ *သူတော်ကောင်းဥစ္စာ ခုနစ်ပါးကား-အဘယ်နည်း။

၃၉၄-ဖြေ။ (၁) သဒ္ဓါ။ (၅) သုတ။
(၂) သီလ။ (၆) စာဂ။
(၃) ဟိရီ။ (၇) ပညာ။
(၄) ဩတ္တပ္ပ။

ဤသည်လျှင် သူတော်ကောင်းဥစ္စာ ခုနစ်ပါးတည်း။

## အမြတ် ၄-ပါး

၃၉၅-မေး။ ။လောက၌ အမြတ်လေးပါးကား-အဘယ်နည်း။

၃၉၅-ဖြေ။ ။(၁) အခါတို့တွင် သရဒကာလ ဟူသော တန်ဆောင်မုန်းလ ကာလသည် မြတ်၏။
(၂) မိန်းမတို့တွင် အဆင်းလှသော မိန်းမသည် မြတ်၏။
(၃) သားတို့တွင်ကား သားအကြီးလျှင်မြတ်၏။
(၄) အရပ်တို့တွင် မြောက်အရပ် မျက်နှာလျှင် မြတ်၏။

ဤသည်လျှင် အမြတ်လေးပါးတည်း။

[ဤကား-လောကီကျမ်းစကားတည်း။]

## တနည်း အမြတ် ၄-ပါး

၃၉၆-မေး။ ။ထိုမှတပါးလောကီကျမ်း၌ လာသော အမြတ်လေးပါးကား-အဘယ်နည်း။

၃၉၆-ဖြေ။ ။(၁) တဆဲ့နှစ်လတွင် ကဆုန်လသာလျှင်မြတ်၏။
(၂) မိန်းမတို့တွင် ကောင်းသောနှလုံးဖြင့်လင်ကို လုပ်ကျွေးသောမိန်းမ မြတ်၏။
(၃) သားတို့တွင် မိဘကိုလုပ်ကျွေးသောသားသာလျှင် မြတ်၏။
(၄) အရပ်တို့တွင် ချမ်းသာစွာ အသက်မွေးရသော အရပ်သည်လျှင် မြတ်၏။

ဤသည်လျှင် လောကီကျမ်း၌လာသော အမြတ်လေးပါးတည်း။

## စွန့်ပစ်ရာသောမိန်းမ ၆-ယောက်

၃၉၇-မေး။ ။စွန့်ပစ်ရာသော မိန်းမ ခြောက်ယောက်ကား- အဘယ်နည်း။

၃၉၇-ဖြေ။ ။(၁) လင်ကိုငြင်းခုံတတ်သောမိန်းမ။
(၂) ငြူစူစောင်းမြောင်းခြင်းကိုပြုတတ်သောမိန်းမ။
(၃) သူတပါးကိုမြင်လျှင် စိတ်ရမ္မက် တပ်စွန်း ချစ်ခင်တတ်သောမိန်းမ။
(၄) အတိုင်းအရှည်မရှိ သုံးစွဲ စားသောက် တတ်သောမိန်းမ။
(၅) လင်၏စားဦးကိုစားတတ်သောမိန်းမ။
(၆) သူ့အိမ်တက်သက်သွားတတ်သောမိန်းမ။

ဤသည်လျှင် စွန့်ပစ်ရာသော မိန်းမခြောက်ယောက်တည်း။

## မိန်းမမြတ် ၈-ယောက်

၃၉၈-မေး။ ။လောက၌ မိန်းမမြတ် ရှစ်ယောက်ကား-အဘယ်နည်း။

၃၉၈-ဖြေ။ ။(၁) ထမင်းစားသောအခါ မိခင်ဘခင်ကဲ့သို့ လုပ်ကျွေးသောမိန်းမ။
(၂) လင်ကိုအဝတ်အစား ပြုပြင်တတ်သောမိန်းမ။
(၃) လင်ကိုမောင်ကဲ့သို့ ရိုသေတတ်သောမိန်းမ။
(၄) ကျွန်မကဲ့သို့ လုပ်ကျွေးတတ်သောမိန်းမ။
(၅) ဘေးရှိသောအခါ အတိုင်အပင်ရသောမိန်းမ။
(၆) မွေ့လျော် ပျော်ပါးဘွယ်ကိုပြုတတ်သောမိန်းမ။
(၇) အရောင်အဆင်းတင့်တယ်ခြင်းကို ပြုပြင်တတ်သောမိန်းမ။
(၈) လင်၏အလို၌ သည်းခံနိုင်သော မိန်းမ။

ဤသည်လျှင် လောက၌ မိန်းမမြတ် ရှစ်ယောက်တည်း။

[ဤလည်း လောကီကျမ်းစကားတည်း။]

## နဂါးမျိုး ၄-ပါး

၃၉၉-မေး။ ။နဂါးမျိုးလေးပါးကား-အဘယ်နည်း။

၃၉၉-ဖြေ။ ။(၁) ဝိရူပက္ခ။ (၃) ဆဗျာပုတ္တ။
(၂) ဧရာပထ။ (၄) ကဏှာဂေါတမ။
ဤသည်လျှင် နဂါးမျိုးလေးပါးတည်း။

## ဒိဋ္ဌဝိသနဂါးတို့ကို အစိုးရသူ

၄၀၀-မေး။ ။ဝိရူပက္ခနဂါးမင်းကား-အဘယ်မည်သော နဂါးမျိုးတို့ကို အစိုးရသနည်း။

၄၀၀-ဖြေ။ ။ဝိရူပက္ခနဂါးမင်းကား-ဒိဋ္ဌဝိသမည်သောနဂါးမျိုးတို့ကို အစိုးရသတည်း။

## ဖုဋ္ဌဝိသနဂါးတို့ကို အစိုးရသူ

၄၀၁-မေး။ ။ဧရာပထနဂါးမင်းကား-အဘယ် နဂါးတို့ကို အစိုးရသနည်း။

၄၀၁-ဖြေ။ ။ဧရာပထနဂါးမင်းကား ဖုဋ္ဌဝိသမည်သောနဂါးတို့ကို အစိုးရသတည်း။

## သာသဝိသနဂါးတို့ကိုအစိုးရသူ

၄၀၂-မေး။ ။ဆဗျာပုတ္တနဂါးမင်းကား-အဘယ်မည်သော နဂါးတို့ကို အစိုးရသနည်း။

၄၀၂-ဖြေ။ ။ဆဗျာပုတ္တနဂါးမင်းကား သာသဝိသမည်သောနဂါးတို့ကို အစိုးရသတည်း။

## မြွေအပေါင်းကို အစိုးရသူ

၄၀၃-မေး။ ။ကဏှာဂေါတမ နဂါးမင်းကား-အဘယ်မည်သော နဂါးတို့ကို အစိုးရသနည်း။

၄၀၃-ဖြေ။ ။ဒဋ္ဌဝိသမည်သောမြွေ၊ ဒါယလဝိသမည်သောမြွေ၊အယုတ်သဖြင့် မြွေစိမ်းအစရှိသော မြွေအပေါင်းတို့အား အစိုးရကုန်၏။

## အာနန္ဒာငါးမင်းပမာဏ

**၄၀၄-မေး။** ။အာနန္ဒာအမည်ရှိသော ငါးမင်းကား-အလျား အနံ ယူဇနာအတိမျှရှိလေသနည်း။

**၄၀၄-ဖြေ။** ။အာနန္ဒာမည်သောငါးကား အလျားယူဇနာ ငါးရာ၊ အနံယူဇနာနှစ်ရာရှိ၏။

[ထိုအာနန္ဒာငါးမင်းကားသမုဒြာ၌ ရှိသော ငါးအပေါင်းတို့ကို အစိုးရသတည်းဟု မှတ်ရာ၏။]

## ဝေနတေယျဂဠုန်မင်းကိုယ်ပမာဏ

**၄၀၅-မေး။** ။ဝေနတေယျ အမျိုးဖြစ်သော ဂဠုန်မင်း၏ ကိုယ်အတိုင်းအရှည်ကား-အတိမျှရှိလေသနည်း။

**၄၀၅-ဖြေ။** ။ဂဠုန်မင်း၏ အတောင်တဘက်တဘက်ကားယူဇနာငါးဆယ်နှင်နှင်ရှိ၏၊ အတောင်နှစ်ခုအကြားကား ယူဇနာငါးဆယ် ရှိ၏၊ ကိုယ်အလျားကား ယူဇနာငါးရာရှိ၏၊ အနံကား ယူဇနာတရာ့ငါးဆယ်ရှိ၏၊ ခံတွင်းအဝန်းကား ကိုးယူဇနာရှိ၏၊ ဦးစွန်းကား သုံးယူဇနာရှိ၏၊ နှုတ်သီးကား နှစ်ယူဇနာရှိ၏၊ ဤသည်လျှင် ဂဠုန်မင်း၏ ကိုယ်အတိုင်းအရှည်တည်း။

[ထိုဂဠုန်မင်းကား လက်ပံပင်၌နေ၏၊ ထိုလက်ပံပင်ကား ပင်စည်ယူဇနာတရာ့ငါးဆယ်ရှိ၏၊မြေမှသည် ခါးတိုင်အောင် အမြင့်ယူဇနာတရာ့ငါးဆယ်ရှိ၏၊ ခက်မငါးဖြာကား ယူဇနာတရာ့ငါးဆယ်နှင်နှင်ရှိ၏၊ ထိုလက်ပံပင်၌နေလျက် ခပ်သိမ်းသောငှက်အပေါင်းတို့ကို မင်းပြု၏ဟူသတည်း၊ ဤသို့သော စကားထူးတို့ကိုလည်း မှတ်ကုန်ရာ၏။]

## ခြင်္သေ့မျိုး ၅-ပါး

**၄၀၆-မေး။** ။ခြင်္သေ့မျိုးငါးပါးကား အဘိနည်း။

**၄၀၆-ဖြေ။** ။(၁) တိဏသီဟ။ (၄) ကေသရသီဟ။
(၂) ကာဠသီဟ။ (၅) နရသီဟ။
(၃) ပဏ္ဍုသီဟ။

ဤသည်လျှင် ခြင်္သေ့မျိုး ငါးပါးတည်း။

## ခြင်္သေ့မျိုး၅-ပါးတို့၏အဆင်းစသည်

**၄၀၇-မေး။** ။ထိုခြင်္သေ့မျိုးငါးပါးတို့၏အဆင်းလက္ခဏာသဏ္ဍာန်ကား အဘယ်သို့ရှိလေသနည်း။

၄၀၇-ဖြေ။ ။(၁) တိဏသီဟကား-နွားမပြောက်အဆင်းကဲ့သို့ အဆင်းရှိ၏။
(၂) ကာဠသီဟကား-နွားမနက်အဆင်းနှင့် တူ၏။
(၃) ပဏ္ဍုသီဟကား- ဖြော့တော့သော သစ်ရွက် ရော်အဆင်းနှင့်တူ၏။
(၄) ကေသရသီဟကား-နီလှစွာသော နှုတ်သီး ဖျား အမြီးဖျားရှိ၏၊ နီလှစွာသော အရေး သုံးခုတို့သည် ဦးခေါင်းမှစ၍ ကျောလယ်သို့ လျှောက်၏၊ လည်ဆံအမှင်တို့အား အဘိုး တသိန်းထိုက်သော ရွှေကွန်ရက်ဖြင့် ခြုံရံသကဲ့ သို့ ရှိ၏၊ ထိုမှကြွင်းသော ကိုယ်တို့ကား စင် ကြယ်စွာ ပွတ်အပ်ပြီးသော ခရုသင်းနှင့် တူသောကိုယ် ရှိ၏။
(၅) နရသီဟကား-လူ့မျက်နှာကဲ့သို့ မျက်နှာရှိ၏၊ ကိုယ်ကား ခြင်္သေ့ကဲ့သို့ရှိ၏၊ ဝတ်စားတန်ဆာ ဆင်၏။

ဤသည်လျှင် ခြင်္သေ့မျိုးငါးပါး၏ အဆင်းသဏ္ဌာန်လက္ခဏာတည်း။

[နရသီဟကိုကား-ယခုအခါ မနုသီဟ-ဟု ခေါ်ဝေါ်ကြကုန် သတည်း။ ။နရသီဟခြင်္သေ့ကား-ဘုရားမြတ်စွာ ဖြစ်တော်မူသော ကာလ၌သာ ဖြစ်သတည်းဟု မှတ်ရာ၏၊ အမြဲမဖြစ်၊ ထို့ကြောင့် ခြင်္သေ့မျိုးလေးပါးဟူ၍ ရေတွက်ပြောဆိုကြလေကုန်သတည်း။]

## ခြင်္သေ့ ၅-မျိုးတို့၏အစာ

၄၀၈-မေး။ ။ထိုခြင်္သေ့မျိုး ငါးပါးတို့ကား အဘယ်မည်သော အစာကိုစားကုန်သနည်း။

၄၀၈-ဖြေ။ ။(၁) တိဏသီဟကား-မြက်ကိုစား၏။
(၂) ကာဠသီဟလည်း-မြက်ကိုပင်စား၏။
(၃) ပဏ္ဍုသီဟကား-ဟင်းမျိုးကိုစား၏။
(၄) ကေသရသီဟလည်း- ဟင်းမျိုးကိုစား၏။
(၅) နရသီဟလည်း-ဟင်းမျိုးကိုစား၏။

ဤကား ခြင်္သေ့မျိုးငါးပါးတို့ စားသောအစာတည်း။

## ခြင်္သေ့မင်းဂူမှ ထွက်ကြောင်း ၄-ပါး

၄၀၉-မေး။ ။ကေသရာဇာခြင်္သေ့မင်း ရွှေကျောက်ဂူ လိုဏ်ခေါင်းမှ ထွက်ကြောင်း လေးပါးကား အဘယ်နည်း။

၄၀၉-ဖြေ။ ။(၁) အမိုက်နှိပ်စက်သောကြောင့် အလင်းကိုအလိုရှိ၍ ထွက်သည်။

(၂) ကျင်ကြီး ကျင်ငယ် စွန့်လိုသောကြောင့် ထွက်သည်။

(၃) အစာကိုရှာလိုသောကြောင့် ထွက်သည်။

(၄) မေထုနသေဝန အလို့ငှါ ထွက်သည်။

ဤသည်လျှင် ကေသရာဇာခြင်္သေ့မင်း ဂူမှ ထွက်ကြောင်း လေးပါးတည်း။

## ခြင်္သေ့မင်း အစာရှာထွက်ရာ၌ ကြည့်ရှုကြောင်း

၄၁၀-မေး။ ။ကေသရာဇာခြင်္သေ့မင်းသည် အစာရှာအံ့သောငှါ ရွှေကျောက်ဂူမှ ထွက်လတ်သော် တခုသော ကျောက်ဖျာမှာရပ်လျက် တိရစ္ဆာန်သတ္တဝါတို့ကို အဘယ့်ကြောင့်ကြည့်ရှုလေသနည်း။

၄၁၀-ဖြေ။ ။ငါမဆင်ခြင်မကြည့်ရှုဘဲ ဟောက်သည်ရှိသော် ငါ၏အသံကို ထိတ်လန့်ကြောက်ရွံ့ခြင်းရှိ၍ ချောက်ကမ်းနားသွားသော သတ္တဝါတို့သည် ချောက်ထဲရေထဲသို့ ကျ၍ သေလေအံ့ဟု သတ္တဝါတို့ကို သနားသဖြင့် ဆင်းရဲမဖြစ်စေလိုသောကြောင့် ကြည့်ရှုသတည်း။

## ခြင်္သေ့မင်း သနားကရုဏာရှိခြင်း

၄၁၁-မေး။ ။ကေသရာဇာ ခြင်္သေ့မင်းသည် သတ္တဝါတို့ကိုသာ သတ်၍ အသွေးအသားကို မပြတ်စားသော သတ္တဝါဖြစ်လျက် သနားခြင်းရှိကောင်းအံ့နည်း။

၄၁၁-ဖြေ။ ။ငါ၏အသံကိုကြားသဖြင့် များစွာသော သတ္တဝါတို့သည် သေလေသဖြင့် အဘယ်အကျိုးရှိချေတံ့အံ့နည်း၊ ဤသို့ သနားခြင်းရှိရကား ငယ်သောသတ္တဝါတို့ကိုလည်း မဘမ်း မယူ မသတ်၊ ဤသို့သော အကြောင်းဖြင့် အသွေးအသားကိုစားသောက်သော တိရစ္ဆာန်ဖြစ်လျက် သနားခြင်းကရုဏာရှိလေသတည်း။

ခြင်္သေ့မင်းအသံ ၃-ယူဇနာမှ ကြားခြင်း

၄၁၂-မေး။ ။ကေသရရာဇာခြင်္သေ့မင်း ဟောက်သောအသံကား အဘယ်မျှယူဇနာကကြားလေသနည်း။

၄၁၂-ဖြေ။ ။ကေသရရာဇာ ခြင်္သေ့မင်း၏အသံကား ထက်ဝန်းကျင် သုံးယူဇနာသောအရပ်ကို ပွဲတင်ထပ်စေလျက် ကြားလေသတည်း။

ခြင်္သေ့မင်းအသံ မကြောက်သူ ၅ ယောက်

၄၁၃-မေး။ ။ကေသရရာဇာ ခြင်္သေ့မင်း၏ အသံကို ကြား၍ မကြောက်မလန့်သောသူ ငါးယောက်ဟူသည်ကား အဘယ်နည်း။

၄၁၃-ဖြေ။ ။(၁) သမသီဟ-ဇာတ်တူခြင်္သေ့။
(၂) ဟတ္ထာဇာနေယျ-ဆဒ္ဒန်ဆင်မင်း။
(၃) အဿာဇာနေယျ-မြင်းမင်း။
(၄) ဥသဘာဇာနေယျ-နွားလားဥသဘာ။
(၅) ပုရိသာဇာနေယျ- ရဟန္တာ ကင်း ပြီး သော ရဟန္တာ။

ဤသည်လျှင် ခြင်္သေ့မင်းအသံကြား၍ မလန့်သောသူ ငါးယောက် တည်း။

[ဤကေသရရာဇာခြင်္သေ့မင်းကား- ခြင်္သေ့မျိုးလေးပါးတို့ထက် အစွမ်းခွန်အားကြီးမြတ်သလျှင်ကတည်း၊ အခြေလေးခုရှိသောသတ္တဝါတို့ကို အစိုးရလေသတည်း၊ ဤသို့လျှင်အထူးမှတ်။]

အကျွမ်းမဝင်ရာသည် ၇-ပါး

၄၁၄-မေး။ ။အကျွမ်းမဝင်ရာသည်ခုနစ်ပါးကား အဘယ်နည်း။

၄၁၄-ဖြေ။ ။ဣတ္ထီနံ ဒုဋ္ဌနာနဉ္စ၊ ဝိဿာသော နောပပဇ္ဇရေ။ ဝိသေ သိင်္ဂိမှိ နဒိယံ၊ ရောဂေ ရာဇကုလမှိစ။

ဤသို့ကျမ်းဂန်လာရကား—

(၁) မိန်းမ။ (၂) သူယုတ်။ (၃) အဆိပ်ရှိသော သတ္တဝါ။ (၄) ဦးချိုရှိသောသတ္တဝါ။ (၅) ရေ။ (၆) အနာရောဂါ။ (၇) မင်း။

ဤသည်လျှင် အကျွမ်းမဝင်ရာသည်ခုနစ်ပါးတည်း။

**စိတ်ကိုဘွဲ့တတ်သည် ၅-ပါး**

၄၁၅-မေး။ ။ပဥ္စဝိနိဗန္ဓဟူသောစိတ်ကို ဘွဲ့တတ်သည်ငါးပါးကား အဘယ်နည်း။

၄၁၅-ဖြေ။ ။(၁) ကာမဂုဏ်၌တပ်ခြင်း။
(၂) မိမိကိုယ်ကိုတပ်ခြင်း။
(၃) ဝမ်းဝစား၍နေခြင်း။
(၄) ချမ်းသာစွာအိပ်နေခြင်း။
(၅) နတ်ပြည်ကိုတောင့်တ၍ ကျင့်ခြင်း။

ဤသည်လျှင် ပဥ္စဝိနိဗန္ဓ စိတ်ကိုဘွဲ့တတ်သည် ငါးပါးတည်း။

**နှစ်သက်ခြင်း ၅-ပါး**

၄၁၆-မေး။ ။အဘိနန္ဒဟူသော နှစ်သက်ခြင်းငါးပါးဟူသည်ကား အဘယ်နည်း။

၄၁၆-ဖြေ။ ။(၁) ရူပါရုံ၌နှစ်သက်ခြင်း။
(၂) သဒ္ဒါရုံ၌ နှစ်သက်ခြင်း။
(၃) ဂန္ဓာရုံ၌ နှစ်သက်ခြင်း။
(၄) ရသာရုံ၌ နှစ်သက်ခြင်း။
(၅) ဖောဋ္ဌဗ္ဗာရုံ၌ နှစ်သက်ခြင်း။

ဤသည်လျှင် အဘိနန္ဒဟူသော နှစ်သက်ခြင်း ငါးပါးတည်း။

**ဘုရားမြတ်စွာ၏ပကတိအရပ်တော်**

၄၁၇-မေး။ ။ငါတို့ဘုရားမြတ်စွာ၏ ပကတိ အ ရပ် တော် ကား အတိမျှနည်း။

၄၁၇-ဖြေ။ ။ငါတို့ဘုရားသခင်၏ အရပ်တော်အမြင့်ကား မဇ္ဈိမပုရိသတို့၏အတောင်အားဖြင့် တဆဲ့နှစ်တောင်ရှိ၏၊ ယခုပကတိလူတို့၏အတောင်အားဖြင့် တဆဲ့ရှစ်တောင် အမြင့်ရှိ၏၊ ဘုရားသခင်၏တတောင်ကား မဇ္ဈိမသားတို့သုံးတောင်ရှိ၏၊ မဇ္ဈိမသားတို့တတောင်ကား ငါတို့ယခုပကတိလူတို့တတောင့်ထွာရှိ၏ဟူသတည်း။

**ဒါန ၃-ပါး**

၄၁၈-မေး။ ။ဒါနသုံးပါးဟူသည်ကား အဘယ်နည်း။

၄၁၈-ဖြေ။ ။(၁) ကမ္မဖလအကျိုးကို ယုံကြည်၍လှူခြင်းဟူသော သဒ္ဓါဒါန။

(၂) ဆင်းရဲသောသူတို့အား သနားၡ်ပေးလှူခြင်း ဟူသော အနုကမ္ပဒါန။
(၃) ဆရာသမား,စေတီ,ဘုရား,ရုပ်တုကို ပူဇော် သောအားဖြင့် လှူခြင်းဟူသော ပူဇာဒါန။

ဤသည်ကား ဒါနသုံးပါးတည်း။

## တနည်း ဒါန ၃-ပါး

၁၄၉-မေး။ ။ထိုမှတပါး ဒါနသုံးပါးကား အဘယ်နည်း။
၁၄၉-ဖြေ။ ။(၁) ဒါနဒါသ။ (၃) ဒါနပတိ။
(၂) ဒါနသဟာယ။

ဤသည်လျှင် ဒါနသုံးပါးတည်း။

## ဒါန ၃-ပါး သဘောလက္ခဏာ

၁၅၀-မေး။ ။ဒါနဒါသစသော သုံးပါးသော ဒါနသဘောလက္ခဏာကား အဘယ်နည်း။
၁၅၀-ဖြေ။ ။(၁) မိမိသည် အကောင်းကိုသုံးဆောင်၍ အလှူခံတို့အား ယုတ်ညံ့သောဝတ္ထုကို ပေးလှူခြင်းသည် ဒါနဒါသမည်၏။
(၂) မိမိသုံးဆောင်စားသောက်သည်နှင့်အတူအမျှ အလှူခံတို့အား ပေးလှူခြင်းသည် ဒါနသဟာယ မည်၏။
(၃) မိမိသုံးဆောင်စားသောက်သော ဝတ္ထုထက် မြတ်သောဝတ္ထုကိုပေးလှူခြင်းသည် ဒါနပတိ မည်၏။

ဤသည်လျှင် ဒါနဒါသစသော ဒါန,သုံးပါးသဘောအဓိပ္ပါယ်တည်း။
[ဒါနပတိကိုပင် ဒါနသာမိဆိုသည်မှတ်။]

## သပ္ပုရိသဒါနအပြား ၅-ပါး

၁၅၁-မေး။ ။သပ္ပုရိသဒါန၊ အသပ္ပုရိသဒါနဟူ၍ နှစ်ပါးပြားရာတွင် သပ္ပုရိသဒါနကား အတိမျှအပြားရှိသနည်း။

၄၂၁-ဖြေ။ ။(၁) သဒ္ဓါဒါန။ (၄) အနုဂ္ဂဟိတဒါန။
(၂) သက္ကစ္စဒါန။ (၅) အနုပဟစ္စဒါန။
(၃) ကာလဒါန။
ဤသည်လျှင် သပ္ပုရိသဒါနအပြား ငါးပါးတည်း။

## ဒါန ၅-ပါး သဘောအဓိပ္ပါယ်

၄၂၂-မေး။ ။ထိုဒါနငါးပါး၏ သဘောအဓိပ္ပါယ်ကား- အဘယ်နည်း။

၄၂၂-ဖြေ။ ။(၁) ကံ၏အကျိုးကိုယုံကြည်၍ လှူခြင်းသည် သဒ္ဓါဒါနမည်၏။
(၂) လှူအပ်သောဝတ္ထုကို သန့်ပြန့်စွာ အရိုအသေပြု၍ လှူခြင်းသည် သက္ကစ္စဒါနမည်၏။
(၃) ဆွမ်းသည်, ခရီးသွား, သူနာတို့အားငှင်း၊ ရှားပါးတော်မွတ်သော ကာလ၌ငှင်း၊ ပန်းဦး, ကောက်ဦး,သစ်သီးဦးတို့ကိုငှင်း လှူခြင်းသည် ကာလဒါနမည်၏။
(၄) မိမိစည်းစိမ်ကို မတပ်မစွန်း ချက်ချက်စက်စက်လှူခြင်းသည် အနုဂ္ဂဟိတဒါနမည်၏။
(၅) သူတပါးကိုမရှုတ်ချမူ၍ မိမိကိုယ်ကို မချီးမြှင့်မူ၍ ပေးလှူခြင်းသည် အနုပဟစ္စဒါနမည်၏။
ဤသည်လျှင် ငါးပါးသောဒါန၏ သဘောအဓိပ္ပါယ်တည်း။

## အသပ္ပုရိသဒါန ၅-ပါး

၄၂၃-မေး။ ။အသပ္ပုရိသဒါနငါးပါးကား-အဘယ်နည်း။

၄၂၃-ဖြေ။ ။(၁) ကံ၏အကျိုးကိုမယုံမူ၍ လှူခြင်း။
(၂) မသန့်မပြန့်လှူခြင်း။
(၃) မရိုမသေလှူခြင်း။
(၄) မိမိလက်ဖြင့်မလှူခြင်း။
(၅) အကျိုးရမည်မဟုတ် ဟူ၍ လှူခြင်း။
ဤသည်လျှင် အသပ္ပုရိသဒါနငါးပါးတည်း။

[သပ္ပုရိသဒါနဟူသည်ကား- သူတော်ကောင်းတို့၏ လှူခြင်းတည်း၊ အသပ္ပုရိသဒါနဟူသည်ကား- သူတော်မဟုတ် ယုတ်သသူ၏ လှူခြင်းတည်း၊ ဤသို့အထူးကိုလည်း၊ မှတ်အပ်၏။]

## တနည်း သပ္ပုရိသဒါန ၈-ပါး

၄၂၄-မေး။ ။တနည်း သပ္ပုရိသဒါနဟူသော သူတော်ကောင်းတို့ အလှူရှစ်ပါးကား-အဘယ်နည်း။

၄၂၄-ဖြေ။ ။(၁) သန့်ရှင်းစင်ကြယ်စွာလှူခြင်း။
(၂) အကောင်းအမွန်ကိုသာလှူခြင်း။
(၃) လျောက်ပတ်သောအခါ၌လှူခြင်း။
(၄) ရဟန်းတို့အားလျော်သောဝတ္ထုကို လှူခြင်း။
(၅) ပုဂ္ဂိုလ်ကိုရွေးချယ်၍လှူခြင်း။
(၆) အလဲ့ဖြစ်သောဝတ္ထုကို ရွေးချယ်၍ လှူခြင်း။
(၇) စိတ်ကိုကြည်စေခြင်း။
(၈) လှူပြီးသည်ကို ဝမ်းမြောက်ခြင်း။

ဤသည်လျှင် သူတော်ကောင်းတို့အလှူရှစ်ပါးတည်း။

## အလှူ၏အကျိုးကြောင့် နတ်ဗိမာန်ပေါက်နှင့်ပုံ

၄၂၅-မေး။ ။ဤလူ့ပြည်၌စေတီဘုရားပုထိုးကိုကိုးကွယ် **တည်**ထား ကောင်းမှုပြုသသူ, စရပ်,တန်ဆောင်း, ကျောင်း, ကန် ဆောက်သသူ ဤသူတို့၏ ကောင်းမှု စေတနာအစွမ်း ကြောင့် နတ်ပြည်၌ ဗိမာန်ပေါက်၏ဟူသော စကား သည် ဗိမာန်ပေါက်နှင့် လေကောင်းအံ့လော။

၄၂၅-ဖြေ။ ။ဤလူ့ပြည်၌ဘုရားပုထိုး,စရပ်,တန်ဆောင်း,ကျောင်း ကန်လှူသော သူတော်ကောင်းတို့အား နတ်ပြည်၌ ဗိမာန်ပေါက်နှင့်လေ သတည်း၊အဘယ်သူကိုထောက်၍သိရလေသနည်းဟူမူကား—

ငါတို့ဘုရားမြတ်စွာလက်ထက်တော်၌ နန္ဒိယအမည်ရှိသောဒါယကာ သည် ဣသိပတနတော၌လေးချောင်းသောတိုင်တို့ဖြင့် စရပ်လေးဆောင် ဆောက်ပြီးလျှင် ညောင်စောင်းအင်းပျဉ်ခင်း၍ ဘုရားအမှူးရှိသော ရဟန်း သံဃာတို့အားအလှူပေး၍လှူ၏၊ အဆုံး၌ ရေစက်ချ၏၊ ထိုရေစက်ချသည်

နှင့်တပြိုင်နက် တာဝတိံသာနတ်ပြည်၌ အလျားအနံတဆဲ့ နှစ်ယူဇနာရှိသော ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော နတ်သမီးအပေါင်းတို့ဖြင့် ပြည့်သော ဘုံပြာသာဒ်ဗိမာန် ပေါ်လေသတည်း၊ ထိုသို့သော သုတ္တန်ကျမ်း၌လာသော ဝတ္ထုကိုထောက်၍ နတ်ပြည်၌ ဗိမာန်ပေါ်လေကောင်း၏ဟု မှတ်ရာ၏။

အကြောင်းဝတ္ထုအဋ္ဌုပ္ပတ္တိကား-ဤသို့တည်း၊အရှင်မဟာမောဂ္ဂလာန် နတ်ပြည်သို့တက်တော်မူသောအခါဝယ် ထိုပြာသာဒ်၏အနီး၌ ရပ်တော်မူ၍ ဤပြာသာဒ်ကား အဘယ်မည်သောသူ၏ ပြာသာဒ်နည်းဟု မေး၏၊ ထိုပြာသာဒ်၌ရှိသော နတ်သွီးအပေါင်းတို့က ဤသို့လျှောက်ထားကုန်၏၊ "ဘုန်းတော်ကြီးသော အရှင်သခင်မောဂ္ဂလာန်···· ဣသိပတနတော၌ ကျောင်းလှူသော နန္ဒိယ၏ပြာသာဒ်တည်း" ဤသို့လျှောက်ပြီးလျှင် "ဘုန်းတော်ကြီးသောအရှင်ဘုရား··အကျွန်ုပ်တို့တစုသည် ဗိမာန်သခင် မရောက်မလာပါသောကြောင့်မပျော်မမွေ့ပါ၊အလျင်ရောက်ပါမည် အကြောင်းကို မြင်တော်မူတိုင်း မိန့်တော်မူပါလော့"ဟု လျှောက်ထားကုန်၏၊ ထိုအကြောင်းကို အရှင်မောဂ္ဂလာန်သည် ဘုရားသခင်အား လျှောက်ပြန်လေသတည်း၊ ဘုရားသခင်လည်း ဤသို့ဂါထာကိုမိန့်တော်မူ၏။

စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိမာဂတံ။
ဉာတိမိတ္တာသုဟဇ္ဇာစ၊ အဘိနန္ဒန္တိ အာဂတံ။ ။
တထေဝ ကတပုညမ္ပိ၊ အသ္မာလောကာ ပရံဂတံ။
ပုညာနိ ပဋိဂဏှန္တိ၊ ပိယဉာတိံဝ အာဂတံ။ ။

ဘိက္ခဝေ၊ ရဟန်းတို့။ စိရပ္ပဝါသိံ၊ ကြာမြင့်စွာကွေကွင်းပြီးထသော။ ဒူရတော၊ ဝေးသောအရပ်မှ။ သောတ္ထိံ၊ ချမ်းသာစွာ။ အာဂတံ၊လာလတ်သော။ ပုရိသံ၊ ယောက်ျားကို။ ဉာတိမိတ္တာသုဟဇ္ဇာစ၊ အဆွေအမျိုးအဆွေခင်ပွန်း အကျွမ်းဝင်သောသူတို့သည်။ အာဂတံ၊ လာလတ်သည်ကို။ အဘိနန္ဒန္တိ၊ ဝမ်းမြောက်ကုန်သည် နှစ်လို့ကုန်သည်။ ဟောန္တိဝိယ၊ ဖြစ်ကုန်သကဲ့သို့။ တထေဝ၊ ထို့အတူဂုဏ်းလျှင်။ ကတပုညမ္ပိ၊ ကောင်းမှုကိုပြုသောသူကိုလည်း။ အသ္မာလောကာ၊ ဤလောကမှ။ ပရံ၊ တမလွန်သို့။ ဂတံ၊သွားလေသည်ရှိသော်။ပုညာနိ၊ကောင်းမှုတို့သည်။ အာဂတံ၊အဝေးမှလာလတ်သော။ ပိယဉာတိံဝ၊ ချစ်သောဆွေမျိုးကဲ့သို့။ ပဋိဂဏှန္တိ၊ ခရီးဦးကြိုဆိုလင့်ကုန်၏။

ဤသို့ အရှင်မောဂ္ဂလာန်ကို ဘုရားမြတ်စွာ ဟောတော်မူသတည်း၊ ဤသို့သော စကားအထူးကို နန္ဒိယဒါယကာ ကြားလေ၍ အတိုင်းထက် အလွန် ကုသိုလ်ကောင်းမှုတို့ကို ပြုလေရကား စုတိ၏အခြားမဲ့၌ အရှင် မောဂ္ဂလာန် မေးခဲ့သော ဗိမာန်၌ဖြစ်လေသတည်း။

**ရေဝတီသူကြွယ်မ အရှင်လတ်လတ် ငရဲဘုံကျခြင်း**

၄၂၆-မေး။ ။ထိုနန္ဒိယသူကြွယ်၏ ခင်ပွန်းဖြစ်သော ရေဝတီကား အဘယ်ဘုံ၌ ဖြစ်လေသနည်း။

၄၂၆-ဖြေ။ ။ရေဝတီအမည်ရှိသော သူကြွယ်မသည် လင်ဖြစ်သော နန္ဒိယမရှိလျှင် ရဟန်းသံဃာတို့အား အလှူဝတ်ကိုဖြတ်၍ ရှုန့်ရင်းကြမ်းတမ်းစွာ ယုတ်မာသောဆဲရေးခြင်းတို့ဖြင့် ဆဲရေးလေသောကြောင့် ဝေဿဝဏနတ်မင်းကြီးသည် ဘီလူးနှစ်ယောက်ကို စေ၍ ရေဝတီ၏ ခြေကိုကိုင်လျက် ဦးခေါင်းကို အောက်သို့ပြု၍ ငရဲ၌ အရှင်လတ်လတ်ချလေသတည်း၊ ထိုသို့ ရေဝတီအမည်ရှိသော မိန်းမသည် ငရဲပြည်၌ ဖြစ်လေသတည်း။

[ထို့ကြောင့် ရတနာ သုံးပါးတို့အား ကံသုံးပါးဖြင့် ပြစ်မှားခြင်းကို သူတော်ကောင်းတို့လုံ့လအားထုတ်၍ ကြဉ်ရှောင်ရာသတည်း။]

**ပဲမုံ့ဆုပ်အလှူကြောင့် မလ္လိကာ မိဘုရားဖြစ်ခြင်း**

၄၂၇-မေး။ ။ငါတို့ဘုရားသခင် လက်ထက်တော်၌ အနည်းငယ်သော ပဲမုံ့သုံးဆုပ်ကိုလှူ၍ မင်း၏မိဘုရားဖြစ်လေသည်ကား အဘယ်မည်သော မင်း၏ မိဘုရားနည်း။

၄၂၇-ဖြေ။ ။သာဝတ္ထိပြည်၌ ပန်းသည်အကြီး၏ သမီးဖြစ်သော တဆဲ့ခြောက်နှစ်အရွယ်ရှိသော သတို့သမီးသည် ပန်းဥယျာဉ်သို့ သွားရာတွင် ပဲမုံ့သုံးဆုပ်ကို ကပ်လှူလေ၏၊ ဘုရားသခင်လည်း နတ်မင်းတို့လှူသော သပိတ်ဖြင့်ခံတော်မူလေ၏၊ ထိုသတို့သမီးသည် ဘုရားသခင်အလှူခံတော်မူသည်ကို အလွန်နှစ်သက်သော ပီတိသောမနဿပါမောဇ္ဇဖြစ်သလျှင်ကတည်း၊ ထိုနေ့၌ပင်လျှင် ကောသလမင်းကြီး ခရီး၌တွေ့မြင်၍ နှစ်သက်ရကား နန်းတော်သို့ ဆောင်၍ မိဘုရားအရာ၌ ထားလေ၏၊ မလ္လိကာဒေဝီဟု အမည်တွင်သတည်း၊ ဤသည်လျှင် ဘုရားသခင်အား အနည်းငယ်မျှသော ပဲမုံ့သုံးဆုပ်ကို လှူရသောကောင်းမှုကြောင့် ကောသလမင်းကြီး၏မိဘုရား မလ္လိကာဒေဝီ ဖြစ်လေသတည်း။

ဤဝတ္ထုမှ တပါးလည်း ငါတို့ဘုရားသခင်လက်ထက် ဗာရာဏသီပြည်၌ သတို့သမီးတယောက်သည် ဘုရားမြတ်စွာအား ဆားမရှိသော ခြောက်သွေ့သော ပဲမှုံ့ကိုလှူသောကြောင့် တာဝတိံသာနတ်ပြည်၌ အတိုင်းမသိသော နတ်၏စည်းစိမ်ချမ်းသာကို ခံစံရဘူး၏။

ထိုမှတပါး ဗာရာဏသီပြည်၌ သူ့အစေအပါးကိုခံ၍ သူရင်းခရသော ပဲမှုံ့ကို အရှင်ပစ္စေကဗုဒ္ဓါအား လှူဘူးသောကြောင့် ဗာရာဏသီပြည်ကို အစိုးရသော ပြဟ္မဒတ်မင်းကြီး ဖြစ်လေဘူးသတည်း။

ထိုမှတပါး ငါတို့ဘုရားလက်ထက် ရာဇဂြိုဟ်ပြည်၌ ယဉ်းအနာရှိ၍ အလွန်ဆင်းရဲခြင်းသို့ရောက်သောသတို့သမီးတယောက်သည် အရှင်မဟာကဿပအား ထမင်းချိုးကိုလှူရသော ကောင်းမှုကြောင့် နိမ္မာနရတိ နတ်ပြည်၌ ဖြစ်လေဘူး၏၊ ဒါနဟူသောမျိုးစေ့ကောင်းကိုကား နည်းသည်ဟူ၍ အမျိုးသားတို့ မမှတ်ကုန်ရာ၊ စည်းစိမ်ချမ်းသာ အင်အားနှင့်လျော်စွာ အလှူကိုအထိုက်အလျောက် လှူဒါန်းကုန်ရာ၏၊ ဤသို့ သုတ္တန်၌လာသောစကားထူးကိုလည်း မှတ်ကုန်ရာ၏။

## ရှင်သီဝလိ ၇-နှစ်ပဋိသန္ဓေနေရကြောင်း

၄၂၈-မေး။ ။အရှင်သီဝလိ အလောင်းသည် ကောလိယပြည်၌ သုပ္ပဝါသာအမည်ရှိသောမင်းသမီး၏ဝမ်း၌ ခုနစ်နှစ်ပတ်လုံး ပဋိသန္ဓေနေ၍ ဘွားသောအခါ ခုနစ်ရက်ပတ်လုံး မဘွားတတ်၍ တွေဝေလျက် ဆင်းရဲကြီးစွာ ခံရလေသည်ကားအဘယ်မကောင်းမှုကြောင့် သား, မယ်တော်နှစ်ပါး ခံရလေသနည်း။

၄၂၈-ဖြေ။ ။ရှေးသံသရာဘဝ၌ အရှင်သီဝလိ အလောင်းဖြစ်သော သားတော် စစ်ထိုးသောအခါ "မြို့တွင်းကလူကို မြို့ပြင်သို့မထွက်ရအောင် မြို့ကိုလုံခြုံစွာရံလော့"ဟု မယ်တော်စီရင်၏၊ သားတော်လည်း မယ်တော်စီရင်တိုင်း ခုနစ်ရက်သာ မြို့ကိုရံ၍ရလေ၏၊ ဤသို့သော မကောင်းမှုကြောင့် ခုနစ်နှစ်ပတ်လုံး အမိဝမ်း၌ ပဋိသန္ဓေနေ၍ ခုနစ်ရက်ပတ်လုံး တွေဝေလျက် ဆင်းရဲကြီးစွာ ခံရသတည်း။

သုပ္ပဝါသာမင်းသမီး သားမဘွားတတ်၍ လင်ဖြစ်သောသာကီဝင်မင်းသားကို ဘုရားသခင်အား လျှောက်စေ၍ ဘုရားမြတ်စွာက "သုခိနီ

ဟောတု သုပ္ပဝါသာ ကောလိယဓီတာ၊သုခိနီ အရောဂါ ပုတ္တံ ဝိဇာယတု” ဤသို မိန့်တော်မူလိုက်၏၊ သာကီဝင် မင်းသားမပြန်မီပင်လျှင်သားဘွားနှင့် လေ၏ ဟူသတည်း။

## ယာဂုလှူရသော အကျိုး ၁၀-ပါး

၄၂၉-မေး။ ။ယာဂုလှူရသောအကျိုး ၁၀-ပါးကား-အဘယ်မျှနည်း။

၄၂၉-ဖြေ။ ။အာယုဥ္စ ဝဏ္ဏဥ္စ သုခံဗလဥ္စ၊ပဋိဘာနမဿ ဥပဇာယ တေ၊တတော ခုဒ္ဒံပိပါသဥ္စာပနေတိ၊ဝါတံ သောဓေ-တိ ဝတ္ထိံ၊ပရိဏာမေတိ ဘတ္တံ၊ဘေသဇ္ဇမေတံ သုဂ-တေန ဝဏ္ဏိတံ။

ဤသို့ ဘုရားဟောတော်မူရကား—

(၁) အသက်ရှည်ခြင်း။ (၆) ဆာလောင်ခြင်းကင်းခြင်း။
(၂) အဆင်းလှခြင်း။ (၇) မွတ်သိပ်ခြင်းကင်းခြင်း။
(၃) ချမ်းသာကြီးခြင်း။ (၈) လေအနာကိုပျောက်စေခြင်း။
(၄) ခွန်အားကြီးခြင်း။ (၉) အစာအိမ်ကိုသန့်ရှင်းစေခြင်း။
(၅) ပညာကြီးခြင်း။ (၁၀) စားသောအစာတို့ကိုကြေစေခြင်း။

ဤသည်လျှင် ယာဂုလှူရသော အကျိုးဆယ်ပါးတည်း။

## ယာဂုအလှူကြောင့် နတ်ပြည်၌ဖြစ်သူ

၄၃၀-မေး။ ။ယာဂုဆွမ်းကို လှူရသောကြောင့် အဘယ်သူသည် နတ်ပြည်၌ ဖြစ်လေသနည်း။

၄၃၀-ဖြေ။ ။ငါတို့ဘုရားသခင်သည် လေအနာ နှိပ်စက်ရကား-အရှင်အာနန္ဒာအား သပိတ်တော်ကိုပေး၍ ယာဂုဆွမ်းခံချေဟု စေလတ်သော် မာတုဂါမတယောက်သည် သပိတ်ကိုမြင်လျှင် အလွန်ကြည်ညို ခြင်းရှိသည်ဖြစ်၍ ချင်းစိမ်း,ငရုပ်,ကြက်သွန်, နှမ်း,ဆီတို့ဖြင့် ပြွမ်းသော ယာဂုဆွမ်းကို ကပ်လှူလိုက်၏၊ ထိုယာဂုကို ဘုရားသခင် ဘုဉ်းပေးတော်မူသောခဏ၌ လေအနာလည်း ငြိမ်းလေ၏၊ ထိုယာဂုလှူသော မာတုဂါမသည် ထိုအချိန်မှ စုတေ့လေသော် တာဝတိံသာနတ်ပြည်၌ ကြီးစွာသော နတ်၏ဗိမာန်တွင် ဖြစ်လေ၏။

## ဆွမ်းအလှူကြောင့် ရဟန္တာဖြစ်သူ

၄၃၁-မေး။ ။ရဟန်းသယ်ာ တပါးကို ဆွမ်းလှူဘူးသော ကောင်းမှုကြောင့် ကိုးဆဲ့တကမ္ဘာပတ်လုံး အပါယ်ဆင်းရဲသို့ မလားမူ၍ ရဟန္တာဖြစ်ဘူးလေသည်ကား-အဘယ်သူနည်း။

၄၃၁-ဖြေ။ ။ဝိပဿီဘုရား လက်ထက်တော်၌ ဗန္ဓုမတီမင်းကြီး၏ မိဘုရားသည် ဘုရားသခင် တပည့်သယ်ာတော် ရဟန်းတပါးကိုပင့်၍ ကောင်းမွန်စွာ ဆွမ်းကိုလှူ၏၊ ထိုကောင်းမှုကြောင့် ထိုကိုယ်၏အဖြစ်မှ စုတေ့လေသည်ရှိသော် တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ မိဘုရား အကြိမ်သုံးဆယ်ဖြစ်၏၊ ဤလူ့ပြည်၌ စကြဝတေးမင်း၏ မိဘုရား အကြိမ်နှစ်ဆယ် ဖြစ်၏၊ ပဒေသရာဇ်မင်း၏မိဘုရားကား မရေမတွက်နိုင်ဖြစ်၏၊ကိုးဆဲ့တကမ္ဘာပတ်လုံး အပါယ်လေးပါးသို့မလားရ၊ငါတို့ ဘုရားသခင် လက်ထက်တော်၌" ပိဏ္ဍပါတဒါယိကာ" ဟု အမည်တွင်၏၊ ပဋိသမ္ဘိဒါလေးပါး, အဘိညာဉ်ခြောက်ပါး, သမာပတ် ရှစ်ပါးနှင့်ပြည့်စုံသော ရဟန္တာမဖြစ်၍ နိဗ္ဗာန်ရွှေပြည်ကြီးသို့ ရောက်ဘူးလေ၏။

## အဖျော် ၈-ပါး

၄၃၂-မေး။ ။အဖျော်ရှစ်ပါးကား-အဘယ်နည်း။

၄၃၂-ဖြေ။ ။အဋ္ဌပါနာနိနာမ အမ္ဗပါနံ ဇောစပါနံ မောစပါနံ ဇမ္ဗုပါနံ မဓုကပါနံ မုဒ္ဒိကာပါနံ သာလူကပါနံ ဖါရုသကပါနန္တိ ဣမာနိ အဋ္ဌပါနာနိ။

ဤသို့ ကျမ်းဂန်၌လာရကား—

(၁) သရက်သီး။ (၅) သစ်မည်စည့်သီး။
(၂) တောငှက်ပျောသီး။ (၆) မုဒရက်သီး။
(၃) အိမ်ငှက်ပျောသီး။ (၇) ကြာစွယ်။
(၄) သပြေသီး။ (၈) ဘက်သက်တရော်။

ဤသည်လျှင် အဖျော်ရှစ်ပါးတည်း။

## အဖျော်အလှူကြောင့် မင်္ဂဖိုလ် ရောက်သူ

၄၃၃-မေး။ ။အဖျော်ဟူသော အလှူကို လှူ၍ အဘယ်သူသည် မင်္ဂဖိုလ်သို့ရောက်ဘူးလေသနည်း။

၄၃၃-ဖြေ။ ။သာဝတ္ထိပြည်၏ကျေးလက်ဖြစ်သော ဇနပုဒ်ရွာငယ်၌နေသော သတို့သမီးတယောက်သည် ရဟန္တာမတာပါးကိုပူဆော်သောကာလ၌ အဖျော်ကိုလှူဘူးသောကောင်းမှုကြောင့် ထိုကိုယ်၏အဖြစ်မှစုတေသည်ရှိသော် တာဝတိံသာ နတ်ပြည်၌ တဆဲ့နှစ်ယူဇနာ ရှိသော ရွှေဗိမာန်၌ နတ်သမီးဂါထောင်ခြံရံလျက် ဖြစ်လေ၏၊ အရှင်မဟာမောဂ္ဂလာန်နတ်ပြည်သို့ ကြွတော်မူ၍ သစ္စာလေးပါးကိုပြတော်မူသောအခါ သစ္စာလေးပါးကို ပြတော်မူသောအဆုံး၌သောတာပန်ဖြစ်လေ၏၊ အဖျော်လှူရသောကောင်းမှုကြောင့် သောတာပန်အဖြစ်တိုင် အကျိုးခံရလေသတည်း။

## အဖျော်လှူကျိုးပြဂါထာ

၄၃၄-မေး။ ။အဖျော်အလှူ၏အကျိုးပြဂါထာကားအဘယ်နည်း။

၄၃၄-ဖြေ။ ။ယေ ပါနံ ဒေန္တိ မုဒုကာ၊ ပုညက္ခေတ္တေသုတာဒိသု။
တေ စုတာ တိဒိဝံ ပတ္တာ၊မောဒန္တိ သုခိနော သဒါတိ။

ယေ-နရာ၊ အကြင်သူတို့သည်။ ပုညက္ခေတ္တေသု၊ လယ်မြေကောင်းသဘွယ်ဖြစ်ကုန်သော။ တာဒိသု၊ သီလ,သမာဓိ, ပညာနှင့် ပြည့်စုံကုန်ထသော။ ဘိက္ခူသု၊ ရဟန်းသင်္ဃာတို့၌။ မုဒုကာ၊ ဝမ်းမြောက်ဝမ်းသာ။ ပါနံ၊ အဖျော်ကို။ ဒေန္တိ၊ လှူကုန်၏။ တေ-နရာ၊ ထိုသူတို့သည်။ စုတာ၊ စုတေကုန်သည်ရှိသော်။ တိဒိဝံ၊ သိကြားသုံးကျိပ်သုံးယောက်၏ နေရာဖြစ်သော တာဝတိံသာနတ်ပြည်သို့။ ပတ္တာ၊ ရောက်ကုန်၏။ သဒါ၊ အခါ ခပ်သိမ်း။ သုခိနော၊ ချမ်းသာကုန်သည်ဖြစ်၍။ မောဒန္တိ၊ မွေ့လျော်ပျော်စံရကုန်၏။

ဤကား အဖျော်ဟူသောအလှူ၏ အကျိုးပြဂါထာတည်း။
[ရေဟူသောအလှူကား အဖျော်နှင့်တူသတည်းဟုမှတ်။]

## ရေအလှူကြောင့် နတ်ပြည်၌ဖြစ်သူ

၄၃၅-မေး။ ။ရေဟူသောအလှူကြောင့် အဘယ်သူသည် နတ်ပြည်၌ ဖြစ်လေဘူးသနည်း။

၄၃၅-ဖြေ။ ။ငါတို့ ဘုရားသခင် လက်ထက် ဇနပုဒ်ရွာ တရွာ၌ အမျိုးသမီးတယောက်သည် ဘုရားသခင်ကို ဖူးမြင်အံ့သောငှါ သွားကုန်သော ရဟန်းသင်္ဃာတို့အား ရေလှူဘူးသောကောင်းမှုကြောင့် ထိုကိုယ်

အဖြစ်မှစ၍တွေ့သော် တာဝတိံသာနတ်ပြည်၌ နတ်သမီးအပေါင်းခြံရံလျက် နတ်၏စည်းစိမ်ကို ခံစံရဘူးလေ၏။

ဤသည်လျှင် ရေလှူဘူးသောကောင်းမှုကြောင့် တာဝတိံသာ၌ ဖြစ်လေသတည်း။

## ရေအလှူကြောင့် ရဟန္တာမဖြစ်သူ

၄၃၆-မေး။ ။ရေဟူသောအလှူကောင်းမှုကြောင့် ရဟန္တာ မိန်းမမြတ်ဖြစ်ဘူးလေသည်ကား အဘယ်သူနည်း။

၄၃၆-ဖြေ။ ။ဗန္ဓုမတီပြည်၌ ရေရောင်း၍အသက်မွေးသော သတို့သမီးတယောက်သည် ဝိပဿီဘုရားတပည့်သား ရဟန်းသံဃာ တို့အား ရေလှူရသောကောင်းမှုကြောင့် သိကြားမင်း၏ မိဘုရား အကြိမ်ငါးဆယ်၊ စကြာမင်း၏မိဘုရားအဖြစ်လည်း အကြိမ်နှစ်ဆယ်၊ ပဒေသရာဇ် ဧကရာဇ်မင်းတို့၏မိဘုရားအဖြစ်ကား မရေမတွက်နိုင်ခံစံရ၏၊ တောင်ထိပ်၌ရှင်း သင်ပင်ဖျား၌ရှင်း ကောင်းကင်၌ရှင်း ရေကိုတောင့်တသည်ရှိသော် ရေကိုရ၏၊ မိုယ်းမရွာသောအခါ ရေကိုအလိုရှိသော် မိုယ်းရွာ၏၊ ပူဆာခြင်းကင်း၏၊ ကိုယ်၌မြူကြေးညှင်းမျှမရှိ၊ ကိုးဆဲ့တကမ္ဘာပတ်လုံး ငရဲမလားမူ၍ ငါတို့ဘုရားလက်ထက် ဥဒကဒါယိကာဘိက္ခုနီမဟု ထင်ရှားလျက် တန်းခိုးအဘိညာဉ်နှင့် ပြည့်စုံသော ရဟန္တာမိန်းမဖြစ်၍ နိဗ္ဗာန်တရားမြတ်ကိုရဘူးလေ၏။

## ပုဆိုးအလှူကြောင့် နိဗ္ဗာန်တရားရသူ

၄၃၇-မေး။ ။အဝတ်ပုဆိုး လှူဘူးသောကြောင့် အဘယ်သူသည် နိဗ္ဗာန်တရားကို ရဘူးသနည်း။

၄၃၇-ဖြေ။ ။ဥပ္ပလဝဏ်ထေရီမ အလောင်းဖြစ်သော အမျိုးသမီးသည် သုံးနှစ်ပတ်လုံးအစေခံ၍ရသောအဝတ်ပုဆိုးကို ကဿပဘုရားသခင်၏တပည့်သားသံဃာရဟန်းတပါးအားသက်နုံးလျှော်ဖို့လှူဘူးသောကြောင့် ငါတို့ ဘုရားသခင်လက်ထက် ဥပ္ပလဝဏ်ထေရီဟု ထင်ရှားကျော်စောလျက် နိဗ္ဗာန်တရားမြတ်ကို ရဘူးလေ၏။

## သက်န်းအလှူကြောင့် နတ်ပြည်၌ဖြစ်သူ

၄၃၇-မေး။ ။ထိုမှတပါး အဝတ်သင်္ကန်း လှူဘူးသောကြောင့် အဘယ်သူသည် တာဝတိံသာနတ်ပြည်၌ ဖြစ်ဘူးလေသနည်း။

၄၃၇-ဖြေ။ ။ငါတို့ ဘုရားသခင် လက်ထက်တော်၌ ဇနပုဒ်ရွာတရွာတွင် သတို့သမီးတယောက်သည် ဆွမ်းခံကြွလာသော ရဟန်းသဃ်ာတပါးအား ခါးပန်း,အံသကိုင်္ကို လှူဘူးသောကြောင့် တာဝတိံသာနတ်ပြည်၌ ကြီးစွာသော ဗိမာန်ပေါက်၍ နတ်၏ စည်းစိမ်ချမ်းသာကို ခံစံရဘူးလေ၏။

[ထိုမှတပါး ဝတ္ထုသက်သေများ၏၊ အမြွက်မျှကိုသာ ဖြေသတည်း။]

## ယာဉ်အပြား

၄၃၉-မေး။ ။ယာဉ်ဒါန၌ ယာဉ်အပြားကား အဘိမျှနည်း။

၄၃၉-ဖြေ။ ။ဘိနပ်,ခြေနင်း,ရထား,လှည်း,ပေါင်းချုပ်,ထမ်းစင်,သံလျင်း။

ဤသည်လျှင် ယာဉ်အပြားတည်း။

## ဘိနပ်ယာဉ်အလှူကြောင့် မျက်မှောက်အကျိုး ခံစားရသူ

၄၄၀-မေး။ ။ဘိနပ်ယာဉ်ကို လှူဘူးသောကြောင့် အဘယ်သူသည် ချမ်းသာမျက်မှောက် ရောက်ဘူးလေသနည်း။

၄၄၀-ဖြေ။ ။ငါတို့ ဘုရားလောင်းဖြစ်သော သခ်ပုဏ္ဏားသည် အရှင်ပစ္စေကဗုဒ္ဓါအား ဘိနပ်လှူခဲ့ဘူး သောကြောင့် မဟာသမုဒ္ဒြာ၌ သင်္ဘောပျက်သောအခါ မဏိမေခလာနတ်သမီးဆယ်တင်၍ အလျားရှစ်ဥသဘ, အနံလေးဥသဘ,အမြင့်အတောင်နှစ်ဆယ်ရှိသော ရွှေလှေကို ဘန်ဆင်း၍ ရတနာအပြည့်ဖြစ်စေလျက် မောဠိနီအမည်ရှိသောပြည်သို့ ပို့၍ ချမ်းသာမျက်မှောက် ရောက်ဘူးလေသတည်း။

## ကိုယ်ကိုတံတားခင်းလှူသောကြောင့် ရဟန္တာဖြစ်သူ

၄၄၁-မေး။ ။မိမိကိုယ်ကိုတံတားခင်းဘူးသော ကောင်းမှုကြောင့် အဘယ်သူသည် ရဟန္တာ ဖြစ်ဘူးလေသနည်း။

၄၄၁-ဖြေ။ ။ကောဏ္ဍညဘုရားသခင်လက်ထက် သတို့သမီး တယောက်သည် အလွန်ကြည်သောသဒ္ဓါနှလုံးရှိ၍ ဘုရားသခင်ကြွတော် မူသော လမ်းခရီးဝယ် ကိုယ်ကိုအလျားတံတားခင်း၍ နင်းလျှောက် တော်မူပါဟုတောင်းပန်၏၊ ဘုရားမြတ်စွာသည် ဦးခေါင်းကို ကိုင်၍ ကြွတော်မူလေ၏၊ ဤကောင်းမှုကြောင့် ထိုဘဝမှ စုတေလေသော် တာဝတိံသာနတ်ပြည်၌ဖြစ်၍ ငါတို့ဘုရားလက်ထက်တော်၌ သက်မနတ္တ ဘိက္ခုနီဟူသောနာမနှင့် ကျော်စောထင်ရှားလျက် ပဋိသမ္ဘိဒါနှင့် ပြည့်စုံသော ရဟန္တာမဖြစ်ဘူးလေ၏။

## ပန်းအလှူကြောင့် နတ်ပြည်၌ဖြစ်သူ

၄၄၂-မေး။ ။မာလာဒါန-ပန်းဟူသောအလှူကို လှူ၍ နတ်ပြည်၌ အဘယ်သူ ဖြစ်ဘူးလေသနည်း။

၄၄၂-ဖြေ။ ။ငါတို့ဘုရားသခင်ဓာတ်တော်ကို ဌပနာသောစေတီကို ပူဇော်အံ့ဟု သတို့သမီးတယောက်သည် သပွတ်ခါးပွင့်ကိုယူ၍သွားလေ သော် ခရီးအကြား၌ နွားမတခုခွေ၍ ခန္ဓာကုန်ရကား တာဝတိံသာ၌ အလွန်သောအရောင်အဆင်းနှင့် ပြည့်စုံသော နတ်သမီးဖြစ်ဘူးလေ၏။

[ဤကား ပန်းပွင့်ကိုမျှမတင်မလှူရသေး၊ စိတ်နှလုံးရည်ကာမျှနှင့် လတ်တလောစုတေ၍ နတ်ရွာ၌ဖြစ်သော သက်သေဝတ္ထုတည်း။]

## ပန်းအလှူကြောင့် သောတာပန်ဖြစ်သူ

၄၄၃-မေး။ ။ဤမှတပါးပန်းလှူ၍ သောတာပန် ဖြစ်ဘူးလေသည် ကား အဘယ်နည်း။

၄၄၃-ဖြေ။ ။ငါတို့ဘုရားသခင်လက်ထက် ကောသလမင်းကြီး၏ သမီးဖြစ်သော သုမနမင်းသမီးသည် ရှေးသိဿရာဘဝ၌ မုလေးပန်း လှူခဲ့ဘူးသောကြောင့် ဘွားသောအခါ ပုဆစ်နှစ်အောင် မုလေးပန်း မိုယ်းရွာသောကြောင့် သုမနဟူသောအမည်ကိုရ၍ ခုနစ်နှစ်အရွယ်ကပင် အခြံအရံမင်းသမီးငါးရာနှင့်တကွ သောတာပတ္တိဖိုလ်ကို ရဘူးလေ၏။

## ပန်းအလှူကြောင့် နိဗ္ဗာန်တရားရသူ

၄၄၄-မေး။ ။ထိုမှတပါး ပန်းလှူ၍ နိဗ္ဗာန်တရားကို အဘယ် သူသည် ရဘူးလေသနည်း။

၄၄၄-ဖြေ။ ။ငါတို့ ဘုရားမြတ်စွာလက်ထက်တော်၌ အနေ႒ဇာ မိဘုရားသည် ရှေးသံသရာက အနေ႒ဇာပန်း လှူခဲ့ဘူးသောကြောင့်၎င်း, အနေ႒ဇာပန်းနှင့်တူသောအဝတ်သက်န်းတို့ကို လှူခဲ့ဘူးသောကြောင့်၎င်း ဘဝကိုင်းဘဝတိုင်းအနေ႒ဇာဟူသောအမည်ရလျက် နိဗ္ဗာန်ရဘူးလေ၏။

## ရွှေပန်းခိုင်အလှူကြောင့် နိဗ္ဗာန်တရားရသူ

၄၄၅-မေး။ ။ထိုမှတပါးလည်း ရွှေဖြင့်ပြီးသောပန်းခိုင်ကိုပူဇော်၍ အဘယ်မည်သောသူသည် နိဗ္ဗာန်တရားကိုရဘူးလေ သနည်း။

၄၄၅-ဖြေ။ ။ဗန္ဓုမတီမင်းကြီး၏ သမီးတော် အငယ်သည် ပန်ဆင်ရာဘို့ ခမည်းတော်ပေးသော ရွှေပန်းခိုင်ကို ဝိပဿီ ဘုရားသခင်အား ပူဇော်လှူဘူးသောကြောင့် ကဿပဘုရားသခင် လက်ထက်၌ ကာသိကရာဇ်မင်း၏ သမီးဖြစ်၍ ထူးမြတ်သော အဆင်း အင်္ဂါ လက္ခဏာနှင့် ပြည့်စုံသော မိန်းမမြတ် အဖြစ်နှင့်ပင် ရဟန္တာ မိန်းမ အထွတ်အမြတ် ဖြစ်၍ နိဗ္ဗာန်တရားကို ရဘူးလေ၏။

## မုရိုးပန်းအလှူကြောင့် နိဗ္ဗာန်တရားရသူ

၄၄၆-မေး။ ။မုရိုးပန်း လှူဘူးသောကြောင့် ရဟန္တာဖြစ်၍ နိဗ္ဗာန်ကို အဘယ်သူသည် ရဘူးလေသနည်း။

၄၄၆-ဖြေ။ ။ဗန္ဓုမတီပြည်၌ အမျိုးသမီး တယောက်သည် ဝိပဿီ ဘုရားသခင်အား မုရိုးပန်းကို လှူဘူးခဲ့သော ကောင်းမှုကြောင့် သုံးဆဲ့ခြောက်ဖြစ်ပတ်လုံး သိကြားမင်း မိဘုရားအဖြစ်, တဆယ့်သုံးဖြစ်ပတ်လုံး စကြဝတေးမင်း၏ မိဘုရားအဖြစ် ဖြစ်၏၊ ငါတို့ဘုရား သခင်လက်ထက် ရဟန္တာ မိန်းမမြတ်ဖြစ်၍ နိဗ္ဗာန်တရားမြတ်ကို ရဘူးလေ၏။

## ကြာညိုပန်းအလှူကြောင့် ရဟန္တာဖြစ်သူ

၄၄၇-မေး။ ။ကြာညိုပန်း လှူဘူးသောကြောင့် အဘယ်သူသည် ရဟန္တာဖြစ်ဘူး လေသနည်း။

၄၄၇-ဖြေ။ ။အရုဏဝတီပြည်၌ အရုဏဝတီ မိဘုရားသည် ကြာညိုပန်း ခုနစ်ပွင့်ကို လှူဘူးသောကြောင့် သိကြားမင်း မိဘုရားခြောက်ဆဲ့

သုံးကြိမ်၊ စကြာမင်း၏ မိဘုရားခြောက်ကြိမ်ဖြစ်၍ ငါတို့ဘုရားလက်ထက် ဥပ္ပလဒါယိကာဟု ကျော်စော ထင်ရှားလျက် ရဟန္တာ မိန်းမမြတ် ဖြစ်ဘူးလေ၏။

## နံ့သာအလှူကြောင့် နတ်ပြည်၌ဖြစ်သူ

၄၄၇-မေး။ ။အထုံနံ့သာ လှူဘူးသောကြောင့် အဘယ်သူသည် နတ်ပြည်၌ ဖြစ်ဘူးလေသနည်း။

၄၄၇-ဖြေ။ ။ရှေးလွန်လေပြီး သောအခါ ဗာရာဏသီပြည်၌ သတို့သမီးတယောက်သည် ကဿပဘုရားသခင် စေတီတော်ကို အထုံနံ့သာဖြင့် လှူဒါန်းပူဇော်ခဲ့ဘူးသော ကောင်းမှုကြောင့် ထိုဘဝမှ စုတေသော်တာဝတိံသာနတ်ပြည်၌ တဆဲ့ခုနစ်ယူဇနာ ရှိသောဗိမာန်၌နတ်သမီး တထောင် ခြံရံလျက် နတ်၏စည်းစိမ် ချမ်းသာကို အရှည်လေးမြင့်စွာ ခံစံစားဘူးလေ၏၊ ထိုနတ်သမီး အနံ့ကား တာဝတိံသာ နတ်ပြည်အလုံး မွှေးပျံ့ကြိုင်လှိုင်လေ၏။

## မဟာမာယာဒေဝီ စန္ဒကူးလှူ၍ မယ်တော်ဖြစ်ရခြင်း

၄၄၉-မေး။ ။မဟာမာယာ ဒေဝီကား အဘယ် ကောင်းမှုကို အစပြု၍ ဆုတောင်း ပတ္ထနာပြုသဖြင့် ငါတို့ဘုရား သခင် မယ်တော် ဖြစ်ရလေသနည်း။

၄၄၉-ဖြေ။ ။ဤကမ္ဘာမှ ပြန်၍ရေသော် ကိုးဆဲ့တကမ္ဘာထက်၌ ဝိပဿီဘုရားသခင် ဖြစ်တော်မူသတတ်၊ ထိုအခါ ဗန္ဓုမတီမင်းကြီး သမီးဖြစ်၍ အဘိုးများစွာထိုက်သော စန္ဒကူးနှစ်ကို သမီးတော်အားပေး၏၊ ထိုစန္ဒကူးကို အမှုန့်ပြု၍ ဝိပဿီဘုရားသခင်အား ပူဇော်၍ "ဤကောင်းမှုကြောင့် သခင်ဘုရားတို့ကဲ့သို့သော ဘုရားသခင်၏ အမိဖြစ်ရပါလို၏"ဟု ဆုတောင်း၏၊ ဤသို့သော ကောင်းမှုကိုပြု၍ ဆုတောင်းပတ္ထနာ ပြုသောကြောင့် ငါတို့ဘုရားသခင် မယ်တော်ဖြစ်ရ လေသတည်း။

## နံ့သာပျောင်းအလှူကြောင့် မဂ်ဖိုလ်ရသူ

၄၅၀-မေး။ ။ဝိလေပန- ဟူသော နံ့သာပျောင်း လှူခဲ့ဘူးသောကြောင့် နတ်ပြည်၌ဖြစ်၍ မဂ်တရား, ဖိုလ်တရားကို အဘယ်မည်သော သူသည် ရဘူးလေသနည်း။

၄၅၀-ဖြေ။ ။ရှေးသရောခါ ဗာရာဏသီပြည်ကြီး၌ အမျိုးသ္မီးတယောက်သည် ကဿပဘုရားသခင် ကိုယ်တော်ကို နံ့သာပျောင်းဖြင့် ပူဇော်လှူဒါန်းလေ၏၊ထိုကောင်းမှုကြောင့် ခန္ဓာကွယ်လေသော် တာဝတိံသာနတ်ပြည်၌ တဆဲ့နှစ်ယူဇနာရှိသော ဗိမာန်ပေါက်၍ နတ်ပြည်အလုံး နံ့သာပျောင်းအနံ့ ကြိုင်ကြိုင်လှိုင်သဖြင့် နတ်သ္မီးတထောင် ခြံရံလျက် ကြီးစွာသော နတ်၏စည်းစိမ်၌ ဖြစ်လေ၏၊ ထိုအခါ ရှင်မောဂ္ဂလာန် သစ္စာလေးပါးတရားကို ပြတော်မူသော အဆုံး၌ နတ်သ္မီး တထောင်နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်လေ၏။

## အင်းပျဉ်အလှူကြောင့် ကြီးစွာသောချမ်းသာ ခံစားရသူ

၄၅၁-မေး။ ။အင်းပျဉ်နေရာ လှူဘူးသောကြောင့် အဘယ်သူသည် လူ့ပြည်,နတ်ပြည်၌ ကြီးစွာသော ချမ်းသာကို ခံစားရဘူးလေသနည်း။

၄၅၁-ဖြေ။ ။ဟံသာဝတီပြည်၌ ပဒုမုတ္တိုရ် ဘုရားသခင်လက်ထက် ဝတ်ပန်းသည် သ္မီးတယောက်သည် ခရီးသွားသော သဃ်ာတော်တပါးအား အင်းပျဉ်နေရာကို သန့်ပြန့်စွာ ခင်းလှူ၍ ဆွမ်းဘောဇဉ်တို့ဖြင့် ကောင်းမွန်စွာ လုပ်ကျွေးဘူးလေ၏၊ထိုကောင်းမှုကြောင့် တာဝတိံသာ၌ ယူဇနာ သုံးဆယ်ရှိသောဗိမာန်ပေါက်၍ ကြီးစွာသောနတ်၏ စည်းစိမ်ကို ခံစားရလေ၏၊ ထိုဘဝမှ ရွှေလေသော် သိကြားမင်း မိဘုရားအကြိမ်ရှစ်ဆယ်၊ စကြဝတေးမင်း မိဘုရားအကြိမ် ခုနစ်ဆယ်ဖြစ်၏၊ ထိုမှတပါးဖြစ်လေသော်လည်း မြတ်သောအမျိုး၌သာဖြစ်၏၊ ကမ္ဘာတသိန်း ပတ်လုံး အပါယ်လေးပါးသို့မလားဘဲငါတို့ဘုရားလက်ထက်တော်၌ သမာပတ်ရှစ်ပါး, အဘိညာဉ်ခြောက်ပါး နှင့်ပြည့်စုံသော "ဓကာသန ဒါယိကာ ဘိက္ခုနီမ"ဟု ထင်ရှားလျက် နိဗ္ဗာန်ရွှေပြည်သို့ရောက်လေသတည်း။

## တဲနေရာလှူသောကြောင့် နူနာရောဂါပျောက်သူ

၄၅၂-မေး။ ။ရဟန်းသဃ်ာတို့ တဲနေရာဖြစ်သော စရပ်ကျောင်းဆောက်၍လှူဘူးသောကြောင့် ရောဂါဝေဒနာပျောက်၍အဘယ်သူသည်လျှင် သောတာပန် ဖြစ်ဘူးလေသနည်း။

၄၅၂-ဖြေ။ ။ငါတို့ဘုရားသခင်လက်ထက်ကပိလဝတ်ပြည်၌ အရှင်အနုရုဒ္ဓါမထေရ်၏ နှမတော်ဖြစ်သော ရောဟိနီမင်းသမီးအား ကုဋ္ဌအနာရှိရကား မိမိဆင်ယင်သော တန်ဆာတို့ကိုရောင်း၍ ရဟန်းသံဃာတို့ တဲနေရာဖြစ်သော စရပ်ကိုဆောက်လှူ၏၊ အင်းပျဉ်နေရာခင်း၍ ကောင်းမွန်စွာ ဆွမ်းခဲဘွယ်တို့ဖြင့်ကျွေး၏၊ ဘုရားမြတ်စွာလည်းအနုမောဒနာပြု၍ "ကောဓံ ဇဟေ ဝိပ္ပဇဟေယျမာနံ" အစရှိသော ဂါထာကိုမိန့်တော်မူသောအဆုံး၌ သောတာပန်ဖြစ်ခဲ၏၊ ကိုယ်၌စွဲသော ကုဋ္ဌအနာပျောက်၍ ရွှေအဆင်းနှင့်တူသောအဆင်းရှိလေသတည်း။

## ရောဟိနီမင်းသမီးတာဝတိံသာ၌ဖြစ်ခြင်း

၄၅၃-မေး။ ။ရောဟိနီ မင်းသမီးသည် ထိုဘဝမှ စုတေလေသော် အဘယ်မှာဖြစ်လေသနည်း။

၄၅၃-ဖြေ။ ။ထိုရောဟိနီ မင်းသမီးကား ထိုဘဝမှစုတေလေသော် တာဝတိံသာ မဟာနဂရ၌ နတ်သားလေးယောက်တို့၏ အပိုင်းအခြားအရပ်စပ်တွင် အလွန်အရောင်အဆင်းနှင့် ပြည့်စုံသောနတ်သမီးဖြစ်လေသတည်း။

## ရောဟိနီနတ်သမီးကို သိကြားမင်းရခြင်း

၄၅၄-မေး။ ။ထိုရောဟိနီ နတ်သမီးဖြစ်လျှင် နတ်သားလေးယောက်နှင့်သိကြားမင်းတို့ အဘယ်သို့ စိတ်ရှိလေသနည်း၊ အဘယ်နတ်သားရလေသနည်း။

၄၅၄-ဖြေ။ ။နတ်သား လေးယောက်တို့သည် ထိုနတ်သမီး၏အဆင်းကိုမြင်လျှင် အလွန်နှစ်သက်ခြင်းရှိရကား ထိုလေးယောက်သောနတ်သားတို့၏စိတ်ကို သိကြားမင်းမေး၍—

နတ်သားတယောက်သည် "ဤနတ်သမီးကိုမြင်လျှင် အကျွန်ုပ်၏စိတ်သည် စစ်မြေပြင်၌ တီးသောစည်ကဲ့သို့ရှိ၏၊ တည်တံ့အံ့သောငှါ မတတ်နိုင်"ဟု လျှောက်၏။

နတ်သားတယောက်ကား "အကျွန်ုပ်စိတ်သည် တောင်ထက်မှစီးသော ရေကဲ့သို့ဖြစ်၏"ဟု လျှောက်၏။

တယောက်ကား "ဤနတ်သမီးကိုမြင်သည်မှစ၍ အကျွန်ုပ်မျက်စိသည် ပုဇွန်မျက်စိကဲ့သို့ထွက်၏"ဟု လျှောက်၏။

နတ်သားတယောက်ကား–"အကျွန်ုပ်စိတ်သည် စေတီပြင်၌ဆောက်စိုက်အပ်သော တန်ခွန်ကဲ့သို့ တလှုပ်လှုပ်ရှိ၏"ဟု လျှောက်၏။

ထိုအခါ သိကြားနတ်မင်းက"အမောင်နတ်သားတို့၏ စိတ်ဖြစ်ခြင်းကိုသော်ကားသည်းခံနိုင်ဘွယ်ရှိ၏၊ ငါသော်တမူကား ဤနတ်သွီးကိုမရသည်ရှိသော်သေခြင်းသို့ရောက်လတ္တံ့"ဟုဆို၏၊ထိုစကားကို နတ်သားတို့ကြားသော် "အရှင်သိကြားမင်းသေသဖြင့် အကျိုးမရှိ၊ နတ်သွီးကိုသိမ်းပူဇော်မူပါလော့"ဟုနတ်သားလေးယောက်တို့ ဆက်လေကုန်၏၊ထိုနတ်သွီးကိုသိကြား အလွန် ချစ်မြတ်နိုး၏၊ နတ်သွီး၏ စကားကိုပယ်ခြင်းငှါမတတ်နိုင်၊ အတိုင်းထက်အလွန်မြတ်နိုးလေ၏။

## မဏ္ဍပ်အလှူကြောင့် နိဗ္ဗာန် တရားရသူ

၄၅၅-မေး။ ။မဏ္ဍပ်ဟူသော အလှူကိုလှူဘူးသောကြောင့် အဘယ်သူသည် နိဗ္ဗာန်သို့ရောက်ဘူးလေသနည်း။

၄၅၅-ဖြေ။ ။ကောဏာဂုံ ဘုရားလက်ထက် သတို့သွီးတယောက်သည် ဘုရားသခင်အား မဏ္ဍပ်ကိုဆောက်လှူ၍ သင်္ကန်းပရိက္ခရာပန်းနံ့သာတို့ဖြင့်လည်းလှူဒါန်း၏၊ ထိုကောင်းမှုကြောင့် ဖြစ်လေရာရာသောဘဝတို့၌ သွားလေရာရာ လူခပ်သိမ်းတို့ ပူဇော်အပ်သည်သာ ဖြစ်၏၊ အဆုံးစွန်သော ဘဝ၌ ငါတို့ဘုရားလက်ထက်"မဏ္ဍပဒါယိကာမ"ဟု ထင်ရှားလျက် ပဋိသမ္ဘိဒါဉာဏ်နှင့်ပြည့်စုံသော ရဟန္တာမဖြစ်၍ နိဗ္ဗာန်တရားကိုရဘူးလေ၏။

## ကျောင်းအလှူဘုရားဟောကြားပုံ

၄၅၆-မေး။ ။ကျောင်းဟူသော အလှူကို လှူရသော ဒါယကာယောကျ်ား, ဒါယိကာ မိန်းမ တို့သည်ကား အလုံးစုံသော အလှူမျိုးကို လှူရသည် မည်၏၊ ဤသို့သော စကားကို ဘုရား သခင်သည် အဘယ် မည်သောသူအား မိန့်တော်မူလေသနည်း။

၄၅၆-ဖြေ။ ။သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ နေတော်မူသောအခါ နတ်သားတယောက်သည် သန်းခေါင်အခါ၌လာ၍"အဘယ်မည်သောအလှူကို လှူရသောသူသည် အလုံးစုံသောအလှူမျိုးကို လှူသည်

မည်သနည်း''ဟု ဘုရားသခင်အား နားတော်လျှောက်သတည်း၊ ထိုအခါ ဘုရား မြတ်စွာလည်း ဤသို့ မိန့်တော်မူ၏၊''အို အမောင်နတ်သား အကြင်သူသည် ကျောင်းဟူသောအလှူကိုလှူရ၏၊ ထိုသူသည် အလုံးစုံသော အလှူကို လှူရသည်''ဟု မိန့်တော်မူဘူးလေ၏။

## ကျောင်းအလှူသည် အလုံးစုံအလှူမည်ကြောင်း

၄၅၇-မေး။ ။ကျောင်းအလှူကိုလှူသည်ရှိသော် ခပ်သိမ်းသောအလှူကို လှူသည် အဘယ်ကြောင့်မည်သနည်း။

၄၅၇-ဖြေ။ ။ခကျောင်းကို လှူသည်ရှိသော် ကျောင်းနေ ပုဂ္ဂိုလ်တို့အား ဆွမ်းဝတ်မှစ၍ အဖျော် ယာဂု, သကြား, ထန်းလျက်, ကြံတင်လဲ, ကြံစ, ကရည်, စပ်ယပ်, ခမောက်တင်, ထီး, ဖိနပ်, တရပတ်, ဆီကြည်, ဆီမီး, ဖယောင်းတိုင်, ညောင်စောင်း, အင်းပျဉ်, အိပ်ရာနေရာ, ခင်းနှီး, ရေအိုး, ရေခွက်, ရေဖျဉ်း, ရေမှုတ်, တံမြက်, ဒန်ပူ စသော ရဟန်းတို့၏ အသုံးအဆောင် ဖြစ်သော ကျောင်း၏ ပရိက္ခရာတို့ကို လှူရသောကြောင့် ကျောင်းလှူသောသူသည် အလုံးစုံသော အလှူကိုလှူသည် မည်သတည်း။

## ဆီမီးအလှူကြောင့် သောတာပတ္တိဖိုလ်ရသူ

၄၅၈-မေး။ ။ဆီမီးဟူသော အလှူကိုလှူရသောကြောင့် အဘယ်သူသည် သောတာပတ္တိဖိုလ်ကို ရဘူးလေသနည်း။

၄၅၈-ဖြေ။ ။ငါတို့ ဘုရားသခင် လက်ထက်တော်၌ အမျိုးသမီး တယောက်သည် ကျောင်းသို့တရားနာသွားလေသော် ဥပုသ်အိမ်၌ စည်းဝေးသော သံဃာတော်အပေါင်းတို့အား ဆီမီးမရှိသည်ကိုမြင်လေရကား အိမ်သို့ပြန်၍ ဆီမီးခွက် ဆီမီးစာနှင့်တကွ ဆီမီးကိုယူခဲ့၍ ကပ်လှူလေ၏၊ ထိုကောင်းမှုကြောင့် ထိုသတို့သမီးသည် တာဝတိံသာ၌ ခပ်သိမ်းသော နတ်အပေါင်းတို့ကို မိမိအရောင်ဖြင့် ထွန်းပစေလျက် ပြိုးပြိုးပြက် ထွန်းပသော ပတ္တမြားနီ,ပတ္တမြားပြောက်,ပတ္တမြားညိုတို့ဖြင့် တန်ဆာဆင်သော တဆယ့်နှစ်ယူဇနာရှိသော ပတ္တမြားဗိမာန်၌ ဖြစ်လေ၏၊ အရှင် မောဂ္ဂလာန် ကောင်းမှုကိုမေး၍ တရားဟောသော အဆုံး၌ သစ္စာ လေးပါးကို ပြတော်မူလျှင် ထိုနတ်သမီး သောတာပန် ဖြစ်လေ၏။

## ဆိမိးအလှူကြောင့် တေဒဂ်ရရဟန္တာဖြစ်သူ

၄၅၉-မေး။ ။ထိုမှတပါး ဆိမီးလှူဘူးသောကြောင့်အဘယ်သူသည် တေဒဂ်ရသော ရဟန္တာဖြစ်လေသနည်း။

၄၅၉-ဖြေ။ ။ပဒုမုတ္တိုရ်ဘုရား လက်ထက် ဟံသာဝတီ ပြည်ဝယ် သတို့သမီး တယောက်သည် ဗောဓိပင်ကို ခုနစ်ရက်ပတ်လုံး ဆီမီး ငါးပွင့် ဖြင့် ပူဇော်၍ ဆုတောင်းပတ္တနာပြုခဲ့ဘူး၏၊ ထိုကောင်းမှုကြောင့် တာဝတိံ သာ နတ်မင်းရွာ၌ ပဋ္ဌပဒီပ အမည်ရှိသော ဗိမာန်၌ နတ်သမီး ဖြစ်လေ၏၊ အကြိမ်ရှစ်ဆယ် သိကြားမင်းမိဘုရား ဖြစ်လေ၏၊ စကြာမင်း၏ မိဘုရား ကား အကြိမ်များစွာဖြစ်၏၊ ကမ္ဘာတသိန်းပတ်လုံး ဧရာမလားမှု၍ ငါတို့ ဘုရားလက်ထက် ခုနစ်နှစ်အရွယ်ကပင် ရဟန္တာမဖြစ်၍"ပဋ္ဌပဒီပထေရီ" ဟု ထင်ရှားလျက် နိဗ္ဗာန်ရွှေပြည်ကြီးသို့ဝင်လေ၏။

## သဗ္ဗဒါနပရိက္ခရာအပြား

၄၆၀-မေး။ ။ဒါယကာတို့လှူအပ်သော အသုံးအဆောင် ကျမ်းဂန် ၌ လာသော သဗ္ဗဒါနပရိက္ခရာ အပြားကား အတီမျှ ရှိသေးသနည်း။

၄၆၀-ဖြေ။ ။ထီး, တရပတ်, သပိတ်ဖုံး, သပိတ်ခြေ, ရေစစ်, ဓမကရိုဏ်, ပဲခွပ်,အပ်,ထားငယ်,ထားမောက်,ထားမ,စူး,ဆောက်,လေးထောင့်ယပ်, ထန်းရွက်ယပ်, ဥဒေါင်းမြီးယပ်, ဆီအိုး, ဆီကြည်, ထောပတ်အိုး, အကျည်,ရေအိုး,ရေဖျဉ်း,ရေခွက်,ရေမှုတ်, သံကောက်,သံကောက်အိတ်, နဖါချူ, နှာနှတ်, မျက်စဉ်း, မျက်စဉ်းတံ, မျက်စဉ်းကျည်,ပေါက်ဆိန်, တူရွင်း, မွေ:ညှပ်, ဒန်ပူ, ဒန်ပူခြင်း, ကြိမ်တန်း, သက်န်းပုန်း, ကန်ပလွေ, စာထောက်, ကညစ်, တောင်ဝှေး, ကြေးအိုး, ကျောက်စဥ့်အိုး, စဥ့်အင်, သက်န်းပျဉ်, ကြေးခွက်, သံခွက်, ခင်းနှီး, အုံး, သင်ဖြူး, နှီးခေါက်, သားရေနယ်,ဘိနပ်,လက်သုတ်အိတ်,လက်သုတ်ပုဝါ,မီးမယ်ဖျူး, ဒုကုဋ်, ကိုယ်ဝတ်,သင်းပိုင်,ခါးပန်း,ရင်ဘွဲ့,ခါးပန်းကွင်း ဤသို့အစရှိသည်ကား ကျမ်းဂန်တို့၌လာသောရဟန်းတို့၏အသုံးအဆောင် သဗ္ဗဒါနပရိက္ခရာအပြားတည်း။

[ဤသို့ရေတွက်အပ်ခဲ့ပြီးသော သဗ္ဗဒါနပရိက္ခရာ၏ အကျိုးအထူးကို အသီးသီးပြပေအံ့၊ အမျိုးကောင်းသား သူတော်ကောင်းတို့ မှတ်နာလင့်ကုန်။]

### ဒန်ပူလှူရကျိုး ၅-ပါး

၄၆၁-မေး။ ။ဒန်ပူလှူရသောအကျိုးငါးပါးကား အဘယ်နည်း။
၄၆၁-ဖြေ။ ။(၁) သန့်ရှင်းစင်ကြယ်သော လည်ချောင်းရှိသည်။
(၂) အသံသာသည်။
(၃) ချောင်းဆိုးနာမရှိသည်။
(၄) ကုတ်ဟီးနာမရှိသည်။
(၅) ခံတွင်းမှကြာညိုပန်းအနံ့လှိုင်သည်။

ဤသည်လျှင် ဒန်ပူလှူရသောအကျိုးငါးပါးတည်း။

### ထီးလှူရကျိုး ၅-ပါး

၄၆၂-မေး။ ။ထီးလှူရသောအကျိုးငါးပါးကား အဘယ်နည်း။
၄၆၂-ဖြေ။ ။(၁) သူတကာတို့ရှိခိုးကိုးရသည်။
(၂) သူတပါးတို့ယုံမှားခြင်းကိုဖျောက်နိုင်သည်။
(၃) ဂုဏ်သတင်းရှိသည်။
(၄) စည်းစိမ်ချမ်းသာရှိသည်။
(၅) ထက်မြက်သောပညာရှိသည်။

ဤသည်လျှင် ထီးလှူရသောအကျိုးငါးပါးတည်း။

### တနည်း ထီးလှူရကျိုး ၈-ပါး

၄၆၃-မေး။ ။ထိုမှတပါး ထီးလှူရသည်၏ အကျိုးရှစ်ပါးကား အဘယ်နည်း။
၄၆၃-ဖြေ။ ။(၁) အချမ်းအပူကိုမသိသည်။
(၂) ကိုယ်၌မြူကြေးညှင်းမတင်သည်။
(၃) ဘေးဥပဒ်မရှိသည်။
(၄) ကြောင့်ကြစိုးရိမ်မရှိသည်။
(၅) သူတကာတို့ရိုသေသည်။
(၆) သိမ်မွေ့နူးညံ့သောအသားရှိသည်။
(၇) သန့်ရှင်းသောနှလုံးရှိသည်။
(၈) ထီးကိုမပြတ်ဆောင်းရသည်။

ဤသည်လျှင် ထီးလှူရသောအကျိုးရှစ်ပါးတည်း။

## သပိတ်လှူရကျိုး ၁၀-ပါး

၄၆၄-မေး။ ။သပိတ်လှူရသော အကျိုးဆယ်ပါးကား အဘယ်နည်း။

၄၆၄-ဖြေ။ ။(၁) ရတနာဖြင့်ပြီးသော ခွက်ယောက်တို့ကိုအခါခပ်သိမ်းသုံးဆောင်ရခြင်း။
(၂) ဘေးဥပဒ်မရှိခြင်း။
(၃) စိုးရိမ်ကြောင့်ကြမရှိခြင်း။
(၄) အခါခပ်သိမ်းသုခတို့ရှိသေခြင်း။
(၅) ထမင်း, အဖျော်, အဝတ်ပုဆိုး,အိပ်ရာနေရာတို့ကိုရခြင်း။
(၆) စည်းစိမ်ချမ်းသာ မပျောက်မပျက်တည်ခြင်း။
(၇) တည်ကြည်သောစိတ်ရှိခြင်း။
(၈) တရားကိုအလိုရှိခြင်း။
(၉) ကိလေသာအားနည်းခေါင်းပါးခြင်း။
(၁၀) အာသဝေါတရားကုန်ခြင်း။

ဤသည်လျှင် သပိတ်လှူရသောအကျိုးဆယ်ပါးတည်း။

## ပဲခွပ်လှူရကျိုး ၈-ပါး

၄၆၅-မေး။ ။ပဲခွပ်လှူရသောအကျိုးရှစ်ပါးကား အဘယ်နည်း။

၄၆၅-ဖြေ။ ။(၁) ရဲရင့်သည်။
(၂) ရွှင်ရွှင်ခြင်းကင်းသည်။
(၃) ရဲခြင်းအထွတ်သို့ရောက်သည်။
(၄) ဝေသာရဇ္ဇဉာဏ်ကိုရသည်။
(၅) တည်ကြည်ခြင်းရှိသည်။
(၆) အခါခပ်သိမ်း အားထုတ်သောစိတ်ရှိသည်။
(၇) ကိလေသာကို ဖြတ်တတ်သောဉာဏ်ရှိသည်။
(၈) သိမ်မွေ့သော စင်ကြယ်ခြင်းကိုရသည်။

ဤသည်လျှင် ပဲခွပ်လှူရသောအကျိုးရှစ်ပါးတည်း။

## သင်တုန်း လှူရကျိုး ၅-ပါး

၄၆၆-မေး။ ။သင်တုန်းလှူရသော အကျိုးငါးပါးကား အဘယ်နည်း။

၄၆၆-ဖြေ။ ။(၁) အဆွေခင်ပွန်းကောင်းကိုရသည်။
(၂) လုံ့လ ဝီရိယနှင့် ပြည့်စုံခြင်းကိုရသည်။
(၃) သည်းခံခြင်းကိုရသည်။
(၄) ပညာရှိသည်။
(၅) သန့်ရှင်းစင်ကြယ်သည်။

ဤသည်လျှင် သင်တုန်းလှူရသောအကျိုး ငါးပါးတည်း။

## လက်သည်းလှီးထား လှူရကျိုး ၅-ပါး

၄၆၇-မေး။ ။လက်သည်းလှီး ထားငယ်လှူရသော အကျိုးငါးပါးကား အဘယ်နည်း။

၄၆၇-ဖြေ။ ။(၁) ကျွန်ယောကျ်ား,ကျွန်မိန်းမ, နွား, မြင်းတို့ကိုရသည်။
(၂) များသောအခြွေအရံကိုရသည်။
(၃) ဆွေတော်သည်တို့နှင့် ပြည့်စုံသည်။
(၄) ကချေသည်တို့ကို အစိုးရသည်။
(၅) ထမင်းချက်စဖိုသည်တို့နှင့် ပြည့်စုံသည်။

ဤသည်လျှင် လက်သည်းလှီးထားငယ်လှူရသောအကျိုးငါးပါးတည်း။

## တရပတ် ယပ် လှူရကျိုး ၈-ပါး

၄၆၈-မေး။ ။တရပတ်ယပ်လှူရသောအကျိုးရှစ်ပါးကား အဘယ်နည်း။

၄၆၈-ဖြေ။ ။(၁) အချမ်းအပူမရှိသည်။ (၅) ဒေါသ။
(၂) စိတ်၏လောင်လင်ခြင်း မရှိသည်။ (၆) မောဟ။
(၃) စိတ်နှလုံးမပူသည်။ (၇) မာန။
(၄) ရာဂ။ (၈) ဒိဋ္ဌိတည်းဟူသော မီးငါးပါးငြိမ်းသည်။

ဤသည်လျှင် တရပတ်ယပ် လှူရသောအကျိုး ရှစ်ပါးတည်း။

## ရေစစ် ဓမကရိုဏ် လှူရကျိုး ၅-ပါး

၄၆၉-မေး။ ။ရေစစ်ဓမကရိုဏ် လှူရသောအကျိုး ငါးပါးကား အဘယ်နည်း။

၄၆၉-ဖြေ။ ။(၁) သူတပါးတို့ထက် အသက်ရှည်သည်။
(၂) ခိုးသူရန်သူတို့အနိုင်အထက် မပြုနိုင်သည်။
(၃) လက်နက်ဖြင့် မညှဉ်းဆဲနိုင်သည်။
(၄) အဆိပ်ဖြင့် မညှဉ်းဆဲနိုင်သည်။
(၅) အသက်အပိုင်းအခြားမရောက်ဘဲမသေသည်။

ဤသည်လျှင် ရေစစ်ဓမကရိုဏ် လှူရသောအကျိုး ငါးပါးတည်း။

## ဆီကြည် လှူရကျိုး ၃-ပါး

၄၇၀-မေး။ ။ဆီကြည်လှူရသော အကျိုး သုံးပါးကား-အဘယ်နည်း။

၄၇၀-ဖြေ။ ။(၁) စိတ်ချမ်းသာကိုရသည်။
(၂) ကိုယ်ချမ်းသာကိုရသည်။
(၃) ဣရိယာပုထ်လေးပါး၌ ချမ်းသာကိုရသည်။

ဤသည်လျှင် ဆီကြည်လှူရသောအကျိုး သုံးပါးတည်း။

## ခါးပန်း လှူရကျိုး ၆-ပါး

၄၇၁-မေး။ ။ခါးပန်းလှူရသောအကျိုး ခြောက်ပါးကား-အဘယ်နည်း။

၄၇၁-ဖြေ။ ။(၁) ဈာန်သမာပတ်တရားတို့၌မတုန်မလှုပ်သည်။
(၂) ဝသီငါးပါးတို့၌ လေ့ကျက်စွာရသည်။
(၃) သား,မြေး,မြစ်,ကျေးကျွန် အစရှိသောသူတို့နှင့် မကွေကွင်းသည်။
(၄) သူခပ်သိမ်းတို့ ယုံကြည်ခြင်းရှိသည်။
(၅) ခပ်သိမ်းသောအမှုတို့၌ မမေ့တတ်သောသတိရှိသည်။
(၆) ထိတ်လန့်ခြင်းကင်းသည်။

ဤသည်လျှင် ခါးပန်းလှူရသောအကျိုး ခြောက်ပါးတည်း။

### သပိတ်ခြေ လှူရကျိုး ၅-ပါး

၄၇၂-မေး။ ။သပိတ်ခြေလှူရသောအကျိုးကား-အဘိမျှနည်း။

၄၇၂-ဖြေ။ ။(၁) တစုံတခုသောအကြောင်းတို့ဖြင့် မတုန်မလှုပ်သည်။
(၂) သတိနှင့် ပြည့်စုံသည်။
(၃) ပညာနှင့် ပြည့်စုံသည်။
(၄) ဆောင်ရွက်သော အတတ်ပညာတရားစကားတို့သည် မပျောက်အမြဲတည်သည်။
(၅) ကောင်းစွာဆုံးဖြတ်နိုင်သည်။

ဤသည်လျှင် သပိတ်ခြေလှူရသောအကျိုး ငါးပါးတည်း။

### အိုး လှူရကျိုး ၃-ပါး

၄၇၃-မေး။ ။အိုးလှူရသောအကျိုးကား-အဘိမျှနည်း။

၄၇၃-ဖြေ။ ။(၁) ရတနာဖြင့်ပြီးသော အိုးခွက်အသုံးအဆောင်တို့ကိုရသည်။
(၂) ကျွန်ကောင်း,ခင်ပွန်းကောင်းတို့ကိုရသည်။
(၃) အဋ္ဌာရသ ဟူသော အတတ်တို့ကို တတ်စွမ်းနိုင်သည်။

ဤသည်လျှင် အိုးခွက်လှူရသောအကျိုး သုံးပါးတည်း။

### ဆေး လှူရကျိုး ၁၀-ပါး

၄၇၄-မေး။ ။ဆေးလှူရသော အကျိုး ဆယ်ပါးကား-အဘယ်နည်း။

၄၇၄-ဖြေ။ ။(၁) အသက်ရှည်သည်။
(၂) ခွန်အားကြီးသည်။
(၃) ပညာကြီးသည်။
(၄) အဆင်းလှသည်။
(၅) အခြံအရံများသည်။
(၆) ချမ်းသာကြီးသည်။
(၇) ဘေးအန္တရာယ်မရှိသည်။

(၈) ကြောင့်ကြစိုးရိမ်မရှိသည်။
(၉) အချင်းခပ်သိမ်း သူတို့ရှိသေသည်။
(၁၀) ချစ်သောသူတို့နှင့် ကွေကွင်းခြင်းမရှိသည်။
ဤသည်လျှင် ဆေးလှူရသောအကျိုး ဆယ်ပါးတည်း။

ခြေနင်း လှူရကျိုး ၃-ပါး

၄၇၅-မေး။ ။ခြေနင်း လှူရသောအကျိုး သုံးပါးကား-အဘယ်နည်း။

၄၇၅-ဖြေ။ ။(၁) ဆင်ယာဉ်,မြင်းယာဉ်အစရှိသော ယာဉ်တို့ကို ရသည်။
(၂) ဘဝါးချတိုင်း ရတနာခြေနင်းဖြစ်သည်။
(၃) မကောင်းမှုကို ဆင်ခြင်ခြင်း၌ မြဲသောသတိရှိသည်။
ဤသည်လျှင် ခြေနင်းလှူရသောအကျိုး သုံးပါးသည်။

ရေသနပ် လှူရကျိုး ၅-ပါး

၄၇၆-မေး။ ။ရေသနပ်လှူရသော အကျိုး ငါးပါးကား-အဘယ်နည်း။

၄၇၆-ဖြေ။ ။(၁) ရွှေအဆင်းနှင့်တူသောအဆင်းရှိသည်။
(၂) မြူကင်းသည်။
(၃) အရောင်အဝါရှိသည်။
(၄) ကိုယ်သိမ်မွေ့သည်။
(၅) ဘုန်းတန်ခိုးရှိသည်။
ဤသည်လျှင် ရေသနပ်လှူရသောအကျိုး ငါးပါးတည်း။

တောင်ဝှေး လှူရကျိုး ၆-ပါး

၄၇၇ မေး။ ။တောင်ဝှေးလှူရသောအကျိုး ခြောက်ပါကား- အဘယ်မျှနည်း။

၄၇၇-ဖြေ။ ။(၁) သားသမီးများစွာရသည်။
(၂) မထိတ်မလန့်သည်။
(၃) သူတပါးတို့မနှိပ်စက်နိုင်သည်။
(၄) အစောင့်အရှောက်ရှိသည်။

(၅) မချော်မလဲနိုင်သည်။
(၆) နှလုံးမတုန်မလှုပ်သည်။
ဤသည်လျှင် တောင်ဝှေးလှူရသောအကျိုး ခြောက်ပါးတည်း။

**အခိုးတံ လှူရကျိုး ၃-ပါး**

၄၇၈-မေး။ ။အခိုးတံ လှူရသောအကျိုးကား အဘယ်မျှနည်း။
၄၇၈-ဖြေ။ ။(၁) သတိဖြောင့်မတ်စွာရှိသည်။
(၂) အကြောအတွဲ သေချာစွဲစပ်သည်။
(၃) နတ်မျက်စိကိုရသည်။
ဤသည်လျှင် အခိုးတံလှူရသောအကျိုး သုံးပါးတည်း။

**ဆိမီးခွက် လှူရကျိုး ၃-ပါး**

၄၇၉-မေး။ ။ဆိမီးခွက်လှူရသောအကျိုးကား-အဘယ်မျှနည်း။
၄၇၉-ဖြေ။ ။(၁) လုံ့ခြုံသော ချမ်းသာခြင်းနှင့် ပြည့်စုံသည်။
(၂) အမျိုးမြတ်သည်။
(၃) အင်္ဂါကြီးငယ်နှင့်ပြည့်စုံသည်။
ဤသည်လျှင် ဆိမီးခွက်လှူရသောအကျိုး သုံးပါးတည်း။

**ပုတာခွက်ကြုတ် လှူရကျိုး ၁၀ ပါး**

၄၈၀-မေး။ ။ပုတာခွက်ကြုတ် လှူရသော အကျိုးကား-အဘယ်မျှ နည်း။
၄၈၀-ဖြေ။ ။(၁) လုံ့ခြုံသောချမ်းသာနှင့် ပြည့်စုံသည်။
(၂) များသောအခြံအရံကို ရသည်။
(၃) ဝေဘန်တတ်သော ပညာရှိသည်။
(၄) သိမ်မွေ့နူးညံ့ခြင်း ရှိသည်။
(၅) စိုးရိမ်ကြောင့်ကြခြင်း ကင်းသည်။
(၆) များသော ဂုဏ်ကျေးဇူးကို ရသည်။
(၇) ညီညွတ်သော ဘဝါးရှိသည်။
(၈) ထိတ်လန့်ခြင်း ကင်းသည်။
(၉) ရွှေ, ငွေ, မြ, ဖလ်ဟူသော လေးပါးပြား သော အသုံး အဆောင် ပုတာ ခွက်ကြုတ်တို့ နှင့် ပြည့်စုံသည်။

(၁၀) မပျောက်ပျက်နိုင်သည်။

ဤသည်လျှင် ပူတာခွက်ကြွတ် လူ့ရသောအကျိုး ဆယ်ပါးတည်း။

**မွေးညှပ် လှူရကျိုးတပါး**

**၄၇၁-မေး။** ။မွေးညှပ် လှူရသော အကျိုးကား အဘယ်နည်း။

**၄၇၁-ဖြေ။** ။မွေးညှပ်အကျိုးကား ကိလေသာကို ပယ်ဖြတ်တတ်သော စင်ကြယ်သော မဂ်ဉာဏ်ကို မချွတ်ရခြင်း တပါးတည်း။

[ထားငယ်အကျိုးလည်း ဤအတူပင်၊ ဓုင်းအကျိုးထူး တပါးသာတည်း။]

**နှာခေါင်းနှုတ် လှူရကျိုး ၈-ပါး**

**၄၇၂-မေး။** ။နှာခေါင်းနှုတ် လှူရသော အကျိုးကား အဘယ်မျှနည်း။

**၄၇၂-ဖြေ။** ။(၁) သဒ္ဓါနှင့် ပြည့်စုံသည်။
(၂) သီလနှင့် ပြည့်စုံသည်။
(၃) ဟိရီတရားနှင့် ပြည့်စုံသည်။
(၄) ဩတ္တပ္ပတရားနှင့် ပြည့်စုံသည်။
(၅) အကြားအမြင် များသည်။
(၆) အပေးအကမ်း စာဂတရား ရှိသည်။
(၇) သည်းခံခြင်းနှင့် ပြည့်စုံသည်။
(၈) ပညာ အမြော် အမြင်နှင့် ပြည့်စုံသည်။

ဤသည်လျှင် နှာခေါင်းနှုတ် လှူရသော အကျိုး ရှစ်ပါးတည်း။

**သပိတ်အိတ် လှူရကျိုး ၆-ပါး**

**၄၇၃-မေး။** ။သပိတ်အိတ် လှူရသော အကျိုးကား အဘယ်နည်း။

**၄၇၃-ဖြေ။** ။(၁) မြင့်မြတ်သောအမျိုး၌ ဖြစ်သည်။
(၂) စည်းစိမ် ချမ်းသာ ကြီးသည်။
(၃) ခပ်သိမ်းသောသူတို့ ရိုသေသည်။
(၄) ကျော်စောခြင်း ရှိသည်။
(၅) များသော ကျီကို ရသည်။
(၆) များစွာသော တိုက်ကြကို ရသည်။

(၇) အိတ်စလဲစသော အထူးထူးသော အိတ်တို့ကိုရသည်။
(၀) ပုတာ တံတင်းတို့ကို ရသည်။
(၉) ရွှေ, ငွေ စသော ရတနာတို့ဖြင့် ပြီးသော အသုံးအဆောင်တို့ကို ရသည်။
ဤသည်လျှင် သပိတ်အိတ် လှူရသောအကျိုး ကိုးပါးတည်း။

## အင်းပျဉ် လှူရကျိုး ၅-ပါး

၄၀၄-မေး။ ။အင်းပျဉ်လှူရသော အကျိုး ငါးပါးကား အဘယ်မျှနည်း။

၄၀၄-ဖြေ။ ။(၁) မြင့်မြတ်သောအမျိုး၌ ဖြစ်သည်။
(၂) စည်းစိမ် ချမ်းသာများသည်။
(၃) ခပ်သိမ်းသောသူတို့ ရိုသေသည်။
(၄) ကျော်စောခြင်း ရှိသည်။
(၅) အိပ်ရာပလ္လင်ကို ရသည်။
ဤသည်လျှင် အင်းပျဉ်လှူရသောအကျိုး ငါးပါးတည်း။

## မွေ့ရာ လှူရကျိုး ၆-ပါး

၄၀၅-မေး။ ။မွေ့ရာလှူရသော အကျိုး ခြောက်ပါးကား အဘယ်နည်း။

၄၀၅-ဖြေ။ ။(၁) ညီညွတ်စွာသော ကိုယ်ရှိသည်။
(၂) သူတို့ ရိုသေသည်။
(၃) နူးညံ့သိမ်မွေ့သည်။
(၄) ရှုဘွယ် ကြည်ညိုဘွယ် ရှိသည်။
(၅) အခြံအရံ များသည်။
(၆) အထူးထူး အပြားပြား ရှိသော ခင်းနှီးတန်းဆာတို့ကို ရသည်။
ဤသည်လျှင် မွေ့ရာလှူရသောအကျိုး ခြောက်ပါးတည်း။

## ဥဒ္ဒဲ လှူရကျိုး ၆-ပါး

၄၀၆-မေး။ ။ဥဒ္ဒဲလှူရသော အကျိုးခြောက်ပါးကား အဘယ်နည်း။

၄၀၆-ဖြေ။ ။(၁) အထူးထူးမြတ်သော ဘုံတို့ကိုရသည်။

(၂) မင်္ဂလေးတန်,ဖိုလ်လေးတန်ကို ရသည်။
(၃) ဒါနစသော ကုသိုလ် တရားတို့ကို ဖြစ်စေနိုင်သည်။
(၄) ပြုအပ်သော ကျေးဇူးနှင့် ပြည့်စုံသည်။
(၅) စင်ကြယ် သန့်ရှင်းခြင်းစသော အကျင့် ပဋိပတ်နှင့် ပြည့်စုံသည်။
(၆) သီလတရားနှင့် ပြည့်စုံသည်။

ဤသည်လျှင် ဥဒ္ဒလှူရသော အကျိုး ခြောက်ပါးတည်း။

### နယ်ဆိ လှူရကျိုး ၅-ပါး

၄၇၇-မေး။ ။နယ်ဆိလှူရသော အကျိုးငါးပါးကား အတီမျှနည်း။

၄၇၇-ဖြေ။ ။(၁) အနာမရှိသည်။
(၂) ကောင်းမြတ်သော အငြာ အခြင် ရှိသည်။
(၃) တရားတော်ကို လျင်စွာ သိနိုင်သည်။
(၄) ထမင်း အဖျော်ကို ရလွယ်သည်။
(၅) အသက်ရှည်သည်။

ဤသည်လျှင် နယ်ဆိလှူရသော အကျိုး ငါးပါးတည်း။

### ထောပတ် လှူရကျိုး ၅-ပါး

၄၈၈-မေး။ ။ထောပတ် လှူရသော အကျိုးငါးပါးကား အဘယ်နည်း။

၄၈၈-ဖြေ။ ။(၁) ခွန်အားရှိသည်။ (၄) သန့်ရှင်း စင်ကြယ်သည်။
(၂) အဆင်းလှသည်။ (၅) အသက်ရှည်သည်။
(၃) အနာကင်းသည်။

ဤသည်လျှင် ထောပတ်လှူရသောအကျိုး ငါးပါးတည်း။

### ဆွမ်းအဖျော် လှူရကျိုး ၁၀-ပါး

၄၈၉-မေး။ ။ဆွမ်းအဖျော် လှူရသော အကျိုး ဆယ်ပါးကား အဘယ်နည်း။

၄၈၉-ဖြေ။ ။(၁) အသက် ရှည်ခြင်း။
(၂) ခွန်အားကြီးခြင်း။
(၃) လုံ့လဝီရိယရှိခြင်း။
(၄) အဆင်းလှခြင်း။
(၅) အခြံအရံများခြင်း။
(၆) ချမ်းသာခြင်း နှင့် ပြည့်စုံခြင်း။
(၇) ထမင်းတို့ကိုရခြင်း။
(၈) အဖျော်ကိုရခြင်း။
(၉) ရဲရင့်ခြင်း။
(၁၀) ပညာကြီးခြင်း။

ဤသည်လျှင် ဆွမ်းအဖျော်လှူရသောအကျိုးဆယ်ပါးတည်း။

## နံ့သာလှူရကျိုး ၁၀-ပါး

၄၉၀·မေး။ ။နံ့သာလှူရသော အကျိုး ဆယ်ပါးကား အဘယ်နည်း။

၄၉၀·ဖြေ။ ။(၁) ကိုယ်၏အနံ့မွှေးကြိုင်သည်။
(၂) အခြံအရံများသည်။
(၃) ပညာလျှင်သည်။
(၄) ကျော်စောသည်။
(၅) ပညာထက်သည်။
(၆) မြေကြီးနှင့်တူသော ပညာရှိသည်။
(၇) ရွှင် သော ပညာ ရှိသည်။
(၈) နက်နဲသော ပညာရှိသည်။
(၉) ပြန့်ပြောသောပညာ ရှိသည်။
(၁၀) လျင်စွာ သိနိုင် မြင်နိုင် ဖြေနိုင် သော ပညာရှိသည်။

[ဤသို့ဆိုအပ်ခဲ့ပြီးသော သဗ္ဗဒါန အလှူ၏အကျိုးကား အမြွက်မျှသာတည်း၊ အပဒါန်ပါဠိ, ဝိမာနဝတ္ထု, ဒါနဖလပ္ပတ္တိ, ဒသဒါနဝတ္ထု, ဤသို့အစရှိသောကျမ်းဂန်တို့၌ကား အကြောင်းအဋ္ဌုပ္ပတ္တိ စေ့စေ့စုံစုံ များစွာအကျယ်ဆို၏၊ မှတ်သားသိလွယ်ရုံမျှသာ ဤပုဏ္ဏောပကိဏ္ဏက ကျမ်း၌ ထုတ်နုတ်ယူငင်ထားသတည်း။]

## နတ်ပြည် ၆-ထပ် နတ်တို့၏အသက်

၄၉၁·မေး။ ။နတ်ပြည်ခြောက်ထပ်၌ ဖြစ်သော နတ်တို့၏အသက် အပိုင်းအခြားကား အဘယ်မျှစီနည်း။

၄၉၁-ဖြေ။ ။လူတို့၏ အရေအတွက် အနှစ်ငါးဆယ်သည် စတုမဟာရာဇ်နတ်တို့၏ ကာဠနေ့နှင့်တည့်မည်၏၊ ထိုနေ့ထိုည့်အကြိမ်သုံးဆယ်သည် တလမည်၏၊ တဆဲ့နှစ်လသည် တနှစ်မည်၏၊ အနှစ်ငါးရာသည် စတုမဟာရာဇ်နတ်တို့၏ အသက်တည်း၊ လူတို့၏ အရေအတွက်ကား အနှစ်ကိုးသန်းရှိသတည်း။

တာဝတိံသာ နတ်တို့၏အသက်ကား တာဝတိံသာ နတ်တို့၏အရေအတွက်တထောင်၊ လူတို့၏ နှစ်အရေအတွက် သုံးကုဋေခြောက်သန်းရှိသတည်း။

ယာမာနတ်တို့၏ အသက်ကား ယာမာ နတ်တို့၏ အရေအတွက်နှစ်ထောင်၊ လူတို့၏အရေအတွက် တဆဲ့လေးကုဋေလေးသန်းရှိ၏။

တုသိတာနတ်တို့၏ အသက်ကား တုသိတာနတ်တို့၏ အရေအတွက်လေးထောင်၊ လူတို့၏အရေအတွက် ငါးဆဲ့ခုနစ်ကုဋေခြောက်သန်းရှိ၏။

နိမ္မာနရတိနတ်တို့၏အသက်ကား နိမ္မာနရတိနတ်တို့၏ အရေအတွက်ရှစ်ထောင်၊ လူတို့၏အရေအတွက် ကုဋေနှစ်ရာသုံးဆယ်လေးသန်းရှိ၏။

ပရနိမ္မိတဝသဝတ္တိနတ်တို့၏ အသက်ကား ထိုနတ်တို့၏အရေအတွက်တသောင်းခြောက်ထောင်၊လူတို့၏အရေအတွက်ကား ကုဋေကိုးရာ့နှစ်ဆဲ့တကုဋေခြောက်သန်းရှိ၏။

ဤသည်လျှင် နတ်ပြည်ခြောက်ထပ်၌ဖြစ်သောနတ်တို့၏အသက်အပိုင်းအခြားအရေအတွက်တည်း။

[ဘုမ္မဇိုဝ်းနတ်, ရုက္ခဇိုဝ်းနတ်,ဝိနိပါတိကာအသုရာနတ်တို့အားကား အသက် အပိုင်း အခြားမရှိ၊ မိမိတို့ပြုအပ်သော ကံသာလျှင်အတိုင်းအရှည်ဖြစ်သတည်း၊ငရဲသူတို့၏အသက်အပိုင်းအခြား,ဇမ္ဗူဒိပ်ကျွန်းသူတို့မှတပါး သုံးကျွန်းသားတို့၏ အသက် အပိုင်းအခြားကိုကား ဋီကာကျမ်းတို့၌သာသောကြောင့် ဤကျမ်း၌လည်း ရေတွက်ဆိုခဲ့ပြီးသတည်း။ ။အဘိဓမ္မတ္ထသင်္ဂဟ ကျမ်း၌ကား အပါယ်ပုဂ္ဂိုလ်တို့အားရင်း, လူတို့အားရင်း အသက်အပိုင်းအခြားရေတွက်ခြင်းမရှိ၊ ကံသာအကြောင်းရင်းဖြစ်သတည်းဟုဆို၏၊ ဤသို့သောစကားထူးကိုလည်း ပညာရှိသူတော်ကောင်းတို့ မှတ်ကုန်ရာ၏။]

## ပဉ္စမဈာန် ၃-ဘုံ ဗြဟ္မာတို့၏အသက်

၄၉၂-မေး။ ။ပဉ္စမဈာန်သုံးဘုံ ဗြဟ္မာတို့၏ အသက်ကား အတိမျှစီနည်း။

၄၉၂-ဖြေ။ ။ဖြုဟ်ဓပါရိသဗ္ဗ ဘုံ၌ ဖြုဟ္မာတို့၏ အသက်ကား-အသင်္ချေယျကပ်ကို သုံးစုစု၍ တစုသာတည်း။

ဖြုဟ္မပုရောဟိတာဘုံ၌ ဖြုဟ္မာတို့၏ အသက်ကား အသင်္ချေယျကပ် ထက်ဝက်တည်း။

မဟာဖြုဟ္မာဘုံ၌ ဖြုဟ္မာတို့၏ အသက်ကား အသင်္ချေယျတကပ်သာ တည်း။

ဤသည်လျှင် ပဌမဈာန်သုံးဘုံ၌ ဖြစ်သောဖြုဟ္မာတို့၏ အသက်အပိုင်း အခြားတည်း။

## ဒုတိယဈာန် ၃ ဘုံ ဖြုဟ္မာတို့၏အသက်

၄၉၃-မေး။ ။ဒုတိယဈာန်သုံးဘုံ၌ ဖြုဟ္မာတို့ အသက်ကားအတိ မျှစိနည်း။

၄၉၃-ဖြေ။ ။ပရိတ္တာဘာဖြုဟ္မာတို့ အသက်ကားနှစ်ကမ္ဘာတည်း။
အပ္ပမာဏာဘာ ဖြုဟ္မာတို့၏ အသက်ကား လေးကမ္ဘာတည်း။
အာဘဿရ ဖြုဟ္မာတို့၏ အသက်ကား မဟာကပ်ရှစ်ကမ္ဘာတည်း။
ဤသည်လျှင် ဒုတိယဈာန်ဘုံဖြုဟ္မာတို့၏ အသက်တည်း။

## တတိယဈာန် ၃ ဘုံ ဖြုဟ္မာတို့၏အသက်

၄၉၄ မေး။ ။တတိယဈာန်သုံးဘုံ၌ဖြုဟ္မာတို့၏အသက်ကား အတိ မျှစိနည်း။

၄၉၄-ဖြေ။ ။ပရိတ္တသုဘာ ဖြုဟ္မာတို့၏ အသက်ကား တဆဲ့ ခြောက်ကမ္ဘာတည်း။

အပ္ပမာဏသုဘာဖြုဟ္မာတို့၏အသက်ကား သုံးဆဲ့နှစ် ကမ္ဘာတည်း။
သုဘကိဏှာဖြုဟ္မာတို့၏အသက်ကား ခြောက်ဆဲ့လေးကမ္ဘာတည်း။
ဤသည်လျှင် တတိယဈာန်ဘုံ ဖြုဟ္မာတို့၏အသက်တည်း။

## ဝေဟပ္ဖိုလ်,အသညသတ် ဖြုဟ္မာအသက်

၄၉၅-မေး။ ။ဝေဟပ္ဖိုလ်,အသညသတ် ဖြုဟ္မာတို့၏ အသက်ကား အတိမျှနည်း။

၄၉၅-ဖြေ။ ။ဝေဟပ္ဖိုလ်,အသညသတ် ဖြုဟ္မာတို့၏အသက်ကား မဟာကပ် ငါးရာစီရှိသတည်း။

## သုဒ္ဓါဝါသ ၅-ဘုံ ဖြဟ္မာ့အသက်

၄၉၆-မေး။ ။သုဒ္ဓါဝါသငါးဘုံ၌ ဖြဟ္မာတို့၏အသက်ကား အဘိ မျှစိနည်း။

၄၉၆-ဖြေ။ ။အဝိဟာ ဖြဟ္မာတို့၏ အသက်ကား မဟာကပ် တထောင်။

အတပ္ပါဖြဟ္မာတို့၏အသက်ကား မဟာကပ် နှစ်ထောင်။

သုဒဿာဖြဟ္မာတို့၏အသက်ကား မဟာကပ် လေးထောင်။

သုဒဿီဖြဟ္မာတို့၏အသက်ကား မဟာကပ် ရှစ်ထောင်။

အကနိဋ္ဌဖြဟ္မာတို့၏အသက်ကား မဟာကပ် တသောင်း ခြောက်ထောင်။

ဤသည်လျှင် သုဒ္ဓါဝါသဖြဟ္မာတို့၏အသက်တည်း။

## အရူပ ၄-ဘုံ ဖြဟ္မာတို့အသက်

၄၉၇-မေး။ ။အရူပလေးဘုံ၌ ဖြဟ္မာတို့၏ အသက်ကား အဘိမျှ စိနည်း။

၄၉၇-ဖြေ။ ။အာကာသာနဉ္စာယတန ဖြဟ္မာတို့၏ အသက်ကား မဟာကပ် နှစ်သောင်း။

ဝိညာဏဉ္စာယတန ဖြဟ္မာတို့၏ အသက်ကား မဟာကပ် လေးသောင်း။

အာကိဉ္စညာယတန ဖြဟ္မာတို့၏ အသက်ကား မဟာကပ် ခြောက်သောင်း။

နေဝသညာနာသညာယတန ဖြဟ္မာတို့၏ အသက်ကား မဟာကပ် ရှစ်သောင်းလေးထောင်နေရသတည်း။

ဤသည်လျှင် အရူပဘုံဖြဟ္မာတို့၏ အသက်တည်း။

[ထိုဖြဟ္မာအပေါင်းတို့တွင် အသညသတ်ဘုံ၌ဖြစ်သောဖြဟ္မာတို့ကား ရူပက္ခန္ဓာသာရှိ၍ နာမက္ခန္ဓာလေးပါးမရှိသောကြောင့် သညာမဲ့သောဘုံ,ပုဂ္ဂိုလ်ဆိုအပ်သတည်း။ ။အရူပလေးဘုံကား နာမက္ခန္ဓာလေးပါးသာရှိ၍ ရူပက္ခန္ဓာ မရှိသောကြောင့် ထိုအရူပဘုံကို ရုပ်မဲ့သောဘုံဟူ၍ ဆိုအပ်သတည်း။]

### အရိယာတို့ အခြားဘုံသို့မပြောင်း

၄၉၇-မေး။ ။ဝေဟပ္ဖိုလ်, အကနိဋ္ဌ,နေဝသညာနာသညာယတန၊ ဤသုံးဘုံ၌ ဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့သည် တပါး အခြားဘုံသို့ပြောင်းလေကောင်းအံ့လော။

၄၉၇-ဖြေ။ ။ဝေဟပ္ဖလေ အကနိဋ္ဌေ၊ ဘဝဂ္ဂေစ ပတိဋ္ဌိတာ။
နပုနာညတ္ထ ဇာယန္တိ၊ သဗ္ဗေ အရိယပုဂ္ဂလာ။ ။

ဤသို့ကျမ်းဂန်လာရကား-ဝေဟပ္ဖိုလ်,အကနိဋ္ဌ,နေဝသညာနာသညာယတန ဤသုံးဘုံတို့၌ဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့သည် တပါးသော ဘုံသို့မပြောင်းမဖြစ်ကုန်ပြီ။

### အရိယာပုဂ္ဂိုလ်တို့ အောက်ဘုံသို့ တဖန်မဖြစ်

၄၉၈-မေး။ ။ရူပဘုံ, အရူပဘုံ၌ ဖြစ်လေကုန်ပြီးသော မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန် တည်းဟူသော အရိယာ ပုဂ္ဂိုလ်တို့သည် ဤကာမဘုံသို့ဖြစ်စေ, အောက်အောက်သော ရူပဘုံ, အရူပဘုံသို့ဖြစ်စေ တဖန်ပြန်လည်၍ ဖြစ်ပြန်ကောင်း အံ့လော။

၄၉၈-ဖြေ။ ။"ဗြဟ္မလောကဂတာဟေဋ္ဌာ၊အရိယာနောပပဇ္ဇရေ"
ဤသို့ကျမ်းလာရကား ဗြဟ္မာ့ဘုံသို့ ရောက်သော အရိယာတို့သည် အောက်အောက်၌ဖြစ်သော ရူပဘုံ, အရူပဘုံ, ကာမဘုံ၊ ဤဘုံတို့သို့ တဖန်မဖြစ်ကုန်ပြီ။

### သောတာပန်အပြား ၃-ပါး

၅၀၀-မေး။ ။သောတာပန်အပြားသုံးပါးကား အဘယ်နည်း။

၅၀၀-ဖြေ။ ။(၁) ဧက ဗီဇီ သောတာပန်။
(၂) ကောလံကောလ သောတာပန်။
(၃) သတ္တက္ခတ္တုပရမ သောတာပန်။

ဟူ၍ သုံးပါးအပြား ရှိသတည်း။

### သောတာပန် ၃-ပါးသဘောလက္ခဏာ

၅၀၁-မေး။ ။ထိုသောတာပန်သုံးပါး၏ သဘောလက္ခဏာ အဘိ နည်း။

၅၀၁-ဖြေ။ ။(၁) သောတာပန်ဖြစ်ပြီးမှ တကြိမ်သော ဘဝ၌ ပဋိသန္ဓေယူခြင်းသည် ဧကဗီဇီသောတာပန် မည်၏။

(၂) သောတာပန် ဖြစ်ပြီးမှ နှစ်ကြိမ်, သုံးကြိမ်, လေးကြိမ်, ငါးကြိမ်, ခြောက်ကြိမ်သောဘဝ၌ ပဋိသန္ဓေ ယူခြင်းသည် ကောလံ ကောလ သောတာပန်မည်၏။

(၃) ခုနစ်ကြိမ်သောဘဝ၌ သောတာပန် ဖြစ်ပြီးမှ ပဋိသန္ဓေယူပြန်ခြင်းသည် သတ္တက္ခတ္တုပရမ သောတာပန် မည်၏။

ဤသည်လျှင် သောတာပန်သုံးပါး၏ သဘောလက္ခဏာတည်း။

[ဝိသာခါ, အနာထပိဏ်သူဌေးတို့ကား- ဤသောတာပန်အပြား သုံးပါး၌မဝင်၊ "ဝဋ္ဋာဘိရတဥဒ္ဓံသောတ"ဟူသော သောတာပန် အထူးတည်းဟုမှတ်။]

## အရူပဘုံ၌ သောတာပတ္တိမဂ်မရနိုင်ကြောင်း

၅၀၂-မေး။ ။အရူပဘုံ၌ သောတာပတ္တိမဂ်ကို အဘယ့်ကြောင့် မရနိုင်လေသနည်း။

၅၀၂-ဖြေ။ ။အရူပဘုံ၌ သောတာပတ္တိမဂ်ကို မရနိုင်ကြောင်းကား-ဃောသ-ဟူသော သူတပါးတို့၏ အသံကင်းသောကြောင့်၎င်း, သောတာပတ္တိမဂ်စိတ်၏မှီရာ ဟဒယဝတ္ထုရုပ်မရှိသောကြောင့်၎င်း အရူပဘုံ၌ သောတာပတ္တိမဂ်ကို မရနိုင်။

## ကိုယ်ကိုတံတားခင်း၍ဗျာဒိတ်ခံခြင်း

၅၀၃-မေး။ ။ငါတို့ ဘုရားအလောင်းတော်သည် ဒီပင်္ကရာ ဘုရားသခင်အား အဘယ်အလှူကိုပေး၍ ဗျာဒိတ်ခံလေသနည်း။

၅၀၃-ဖြေ။ ။သုမေဓာရှင်ရသေ့ဖြစ်၍ ကြီးစွာသော ရေညွန့်ဝယ် ကိုယ်ကို တံတားခင်းလျက် အသက်ကိုစွန့်၍ ဗျာဒိတ်ခံတော်မူသတည်း။

## သုံးလပတ်လုံးအလှူကြီးပေး၍ ဗျာဒိတ်ခံခြင်း

၅၀၄-မေး။ ။ကောဏ္ဍညဘုရားသခင်၌ အဘယ်မည်သောအလှူကို ပေး၍ငါတို့ဘုရားအလောင်းဗျာဒိတ်ခံတော်မူသနည်း။

၃၄၄-ဖြေ။ ။ဝိဇိတာဝီအမည်ရှိသော စကြာမင်းဖြစ်၍ ဘုရားအမှူးရှိသော သင်္ဃာတော်အပေါင်းတို့အား သုံးလပတ်လုံး အလှူကြီးပေး၍ ဗျာဒိတ်ခံတော်မူသည်။

## နို့ဃနာဆွမ်းအလှူကြီးပေး၍ ဗျာဒိတ်ခံခြင်း

၃၀၅-မေး။ ။မင်္ဂလဘုရားသခင်၌ ငါတို့ဘုရား အလောင်းတော် အဘယ် အလှူကြီးကိုပေး၍ ဗျာဒိတ် ခံတော်မူလေသနည်း။

၃၀၅-ဖြေ။ ။သုရုစိအမည်ရှိသော ပုဏ္ဏားသူကြွယ်ဖြစ်၍ ဘုရားအမှူးရှိသော ကုဋေတသိန်းသော သင်္ဃာအပေါင်းတို့အား ရေမပါသော နို့ဃနာဆွမ်းတို့ဖြင့် ခုနစ်ရက်ပတ်လုံး အလှူကြီးပေး၍ ဗျာဒိတ်ခံတော်မူသည်။

## အလှူကြီးပေး၍ ဗျာဒိတ်ခံခြင်း

၃၀၆-မေး။ ။သုမနဘုရားသခင်၌ အဘယ်အလှူကြီးကိုပေး၍ ငါတို့ဘုရားအလောင်း ဗျာဒိတ်ခံတော်မူလေသနည်း။

၃၀၆-ဖြေ။ ။သုမနဘုရားလက်ထက် ငါတို့ဘုရားအလောင်းသည် အတုလနဂါးမင်းဖြစ်၍ ကုဋေတသိန်းသော နဂါးလုလင်တို့နှင့်တကွ ကြီးစွာသောအလှူကြီးကိုပေး၍ ဗျာဒိတ်ခံတော်မူသတည်း။

## တသိန်းတန်ကိုယ်ဝတ်ပူဇော်၍ ဗျာဒိတ်ခံခြင်း

၃၀၇-မေး။ ။ရေဝတဘုရားသခင်၌ ငါတို့ ဘုရားအလောင်းတော် အဘယ်အလှူကြီးကိုပေး၍ ဗျာဒိတ်ခံတော်မူသနည်း။

၃၀၇-ဖြေ။ ။ရမ္မာဝတီပြည်၌ အတိဒေဝပုဏ္ဏားဖြစ်၍ အဘိုးတသိန်းထိုက်သော ကိုယ်ဝတ်ကို ဘုရားသခင်အားပူဇော်၍ ဗျာဒိတ်ခံတော်မူသတည်း။

## သုံးလပတ်လုံးအလှူပေး၍ ဗျာဒိတ်ခံခြင်း

၃၀၈-မေး။ ။သောဘိတ ဘုရားသခင်၌ ငါတို့ဘုရားအလောင်းတော်သည် အဘယ်အလှူကိုပေး၍ ဗျာဒိတ်ခံတော်မူလေသနည်း။

၅၀၇-ဖြေ။ ။သုဇာတာအမည်ရှိသော ပုဏ္ဏားဖြစ်၍ ဘုရားအမှူးရှိသော သံဃာတို့အား သုံးလပတ်လုံးအလှူကြီးကိုပေး၍ ဗျာဒိတ်ခံတော်မူသည်။

## ရတနာမဏ္ဍပ်နှင့် အလှူကြီးပေး၍ ဗျာဒိတ်ခံခြင်း

၅၀၈-မေး။ ။အနောမဒဿီ ဘုရားသခင်၌ ငါတို့ဘုရားအလောင်းတော်သည် အဘယ်အလှူကိုပေး၍ ဗျာဒိတ်ခံတော်မူလေသနည်း။

၅၀၈-ဖြေ။ ။ငါတို့ဘုရား အလောင်းတော်သည် ယက္ခသေနာပတိ ဘီလူးစစ်သူကြီးဖြစ်၍ အကုဋေမကသော ဘီလူးဗိုလ်ပါနှင့်တကွ ရတနာ ခုနစ်ပါးဖြင့်ပြီးသောမဏ္ဍပ်ကို ဘန်ဆင်း၍ ဘုရားအမှူးရှိသော သံဃာ တော်အပေါင်းတို့အား ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေး၍ ဗျာဒိတ် ခံတော်မူသည်။

## အသက်ကိုစွန့်၍ ဗျာဒိတ်ခံခြင်း

၅၁၀-မေး။ ။ပဒုမဘုရားသခင်၌ ငါတို့ဘုရားအလောင်းတော်သည် အဘယ်အလှူကိုပေး၍ ဗျာဒိတ်ခံတော်မူသနည်း။

၅၁၀-ဖြေ။ ။ငါတို့ ဘုရားအလောင်း တော်သည် တောအုပ်၌ ခြင်္သေ့မင်းဖြစ်၍ ထိုတောအုပ်၌ ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ် ဝင်စားသော ဘုရားသခင်ကို အလွန်ကြည်ညိုသည်ဖြစ်၍ ခုနစ်ရက်ပတ်လုံး အစာရှာမသွားဘဲ အသက်ကိုစွန့်၍ ဗျာဒိတ်ခံတော်မူသည်။

## ဆွမ်းအလှူကြီးပေး၍ ဗျာဒိတ်ခံခြင်း

၅၁၁-မေး။ ။နာရဒဘုရားသခင်၌ ငါတို့ဘုရား အလောင်းတော်သည် အဘယ်အလှူကိုပေး၍ ဗျာဒိတ်ခံတော်မူလေသနည်း။

၅၁၁-ဖြေ။ ။ငါတို့ ဘုရားအလောင်းတော်သည် သမာပတ်နှင့် ပြည့်စုံသော ရှင်ရသေ့ဖြစ်၍ ဘုရားအမှူးရှိသော ကုဋေတသောင်းသော သံဃာအပေါင်းတို့အား မြောက် ဥတ္တရကုရုကျွန်းမှဖြစ်သော ဘောဇဉ် တို့ကို ရသေ့တန်းခိုးဖြင့်ဆောင်ယူ၍ ခုနစ်ရက်ပတ်လုံးအလှူကြီးကိုပေး၍ ဗျာဒိတ်ခံတော်မူသည်။

## ပရိက္ခရာ အလှူကြီးပေး၍ ဗျာဒိတ်ခံခြင်း

၅၁၂-မေး။ ။ပဒုမုတ္တိုရ်ဘုရားသခင်၌ ငါတို့ ဘုရားအလောင်းတော်သည် အဘယ်အလှူကိုပေး၍ ဗျာဒိတ်ခံတော်မူလေသနည်း။

၅၁၂-ဖြေ။ ။ငါတို့ ဘုရားအလောင်းတော်သည် ပဒိုယအမည်ရှိသော ရှင်ရသေ့ဖြစ်၍ ဘုရားအမှူးရှိသော သံဃာအပေါင်းတို့အား သင်္ကန်းစသောပရိက္ခရာနှင့်တကွ ကြီးစွာသောအလှူကိုပေး၍ ဗျာဒိတ်ခံတော်မူသတည်း။

## ကုဋေ ၈၀-အလှူကြီးပေး၍ ဗျာဒိတ်ခံခြင်း

၅၁၃-မေး။ ။သုမေဓာဘုရားသခင်၌ ငါတို့ဘုရားအလောင်းတော်သည် အဘယ်အလှူကိုပေး၍ ဗျာဒိတ်ခံတော်မူလေသနည်း။

၅၁၃-ဖြေ။ ။ငါတို့ ဘုရားအလောင်းတော်သည် ဥတ္တရအမည်ရှိသောလုလင်ဖြစ်၍ ကုဋေရှစ်ဆယ်သော ဥစ္စာ ရွှေငွေတို့ဖြင့် ဘုရားအမှူးရှိသော သံဃာအပေါင်းတို့အား အလှူကြီးကိုပေးသောအဆုံး၌ သာသနာတော်၌ ရဟန်းပြု၍ ဗျာဒိတ်ခံတော်မူသည်။

## လေးကျွန်းလုံးကို ပူဇော်၍ ဗျာဒိတ်ခံခြင်း

၅၁၄ မေး။ ။သုဇာတာ ဘုရားသခင်၌ ငါတို့ဘုရားအလောင်းတော်သည် အဘယ်အလှူကိုပေး၍ ဗျာဒိတ်ခံတော်မူလေသနည်း။

၅၁၄-ဖြေ။ ။ငါတို့ဘုရားအလောင်းတော်သည် စကြာမင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်အပေါင်းတို့အား စကြာရတနာမှစ၍ ရတနာခုနစ်ပါးနှင့်တကွ လေးကျွန်းလုံးကို ပူဇော်ပြီးလျှင် ရဟန်းပြု၍ ဗျာဒိတ်ခံတော်မူသည်။

## ကျောင်းလှူ၍ ဗျာဒိတ်ခံခြင်း

၅၁၅-မေး။ ။ပိယဒဿီ ဘုရားသခင်၌ ငါတို့ဘုရားအလောင်းတော်သည် အဘယ်အလှူကိုလှူ၍ ဗျာဒိတ်ခံတော်မူလေသနည်း။

၅၁၅-ဖြေ။ ။ကဿပအမည်ရှိသော ပုဏ္ဏားဖြစ်၍ ကုဋေတသိန်းသော ဥစ္စာရတနာတို့ဖြင့် ကြီးစွာသောကျောင်းကိုဆောက်လှူ၍ ဗျာဒိတ်ခံတော်မူသည်။

## ကြာပန်းထီးလှူ၍ ဗျာဒိတ်ခံခြင်း

၅၁၆-မေး။ ။အတ္ထဒဿီ ဘုရားသခင်၌ ငါတို့ဘုရားအလောင်းတော်သည် အဘယ်အလှူကိုပေး၍ ဗျာဒိတ်ခံတော်မူလေသနည်း။

၅၁၆-ဖြေ။ ။စမ္ပာနဂိုရ်ပြည်၌ သုသိမ အမည်ရှိသော ပုဏ္ဏားသူကြွယ်ဖြစ်၍ အလုံးစုံသော ဥစ္စာ ရွှေငွေတို့ကို စွန့်ပစ်တော်မူခဲ့ပြီးလျှင် ဟိမဝန္တာ၌ ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ်တို့ကိုရပြီးလျှင် နတ်ပြည်၌ ဖြစ်သော ပဒုမာကြာပွင့်,ပင်လယ်ကသစ်ပန်းထီးတို့ဖြင့် ဘုရားသခင်အား ပူဇော်၍ ဗျာဒိတ်ခံတော်မူသည်။

## ပန်းဖြင့် ပူဇော်၍ ဗျာဒိတ်ခံခြင်း

၅၁၇-မေး။ ။ဓမ္မဒဿီ ဘုရားသခင်၌ ငါတို့ ဘုရားအလောင်းတော်သည် အဘယ်အလှူကိုပေး၍ ဗျာဒိတ်ခံတော်မူလေသနည်း။

၅၁၇-ဖြေ။ ။ဓမ္မဒဿီ ဘုရားလက်ထက် ငါတို့ဘုရားအလောင်းတော်သည် တာဝတိံသာကို အစိုးရသော သိကြားနတ်မင်းကြီးဖြစ်၍ နတ်တို့၏ စည်,စောင်း,ငြင်းတို့နှင့်တကွ အထူးထူးသောပန်းတို့ဖြင့် မရေမတွက်နိုင်သော ပူဇော်ခြင်းဖြင့် ပူဇော်၍ ဗျာဒိတ်ခံတော်မူသည်။

## ဇမ္ဗူသပြေသီးလှူ၍ ဗျာဒိတ်ခံခြင်း

၅၁၈-မေး။ ။သိဒ္ဓတ္ထဘုရားသခင်၌ ငါတို့ ဘုရားအလောင်းတော်သည် အဘယ်အလှူကို ပေး၍ ဗျာဒိတ်ခံတော်မူလေသနည်း။

၅၁၈-ဖြေ။ ။ငါတို့ဘုရားအလောင်းတော်သည် သုရသေန အမည်ရှိသောပြည်၌ မင်္ဂလအမည်ရှိသော ပုဏ္ဏားသူကြွယ်ဖြစ်၍ အကုဋေမကသော ဥစ္စာရတနာတို့ကို စွန့်ကြဲပြီးလျှင် ရသေ့ရဟန်းပြု၍ ဈာန်

သမာပတ်ကို ပွါးစေလျက် ဟိမဝန္တာ၌ နေ၏၊ 'ထိုအခါ ဘုရားအမှူး ရှိသော သင်္ဃာအပေါင်းတို့အား ဇမ္ဗူသပြေသီးတလုံးဖြင့် ပူဒါနိုး ပူဇော်၍ ဗျာဒိတ်ခံတော်မူသည်။

### ပင်လယ်ကသစ်ပန်းဖြင့် ပူဇော်၍ ဗျာဒိတ်ခံခြင်း

၅၁၉-မေး။ ။တိဿဘုရားသခင်၌ ငါတို့ဘုရားအလောင်းတော်သည် အဘယ်အလှူကိုပေး၍ ဗျာဒိတ်ခံတော်မူသနည်း။

၅၁၉-ဖြေ။ ။ငါတို့ဘုရားအလောင်းတော်သည် ယသဝတီအမည် ရှိသောပြည်၌ သုဇာတာအမည်ရှိသောမင်းဖြစ်၍ ကြီးစွာသော ပြည် စည်းစိမ်ကို စွန့်တော်မူပြီးလျှင် ရသေ့ရဟန်းပြု၍ ရသေ့ဟန်းခိုးဖြင့် တာဝတိံသာ၌ ပင်လယ်ကသစ်ပန်းတို့ကို ဆောင်ယူပြီးလျှင် များစွာ သောပန်းတို့ဖြင့် တိဿဘုရားသခင်အား ပူဇော်၍ ဗျာဒိတ်ခံတော်မူသည်။

### မင်းစည်းစိမ်ကိုစွန့်၍ ဗျာဒိတ်ခံခြင်း

၅၂၀-မေး။ ။ဖုဿဘုရားသခင်၌ ငါတို့ဘုရား အလောင်းတော် သည် အဘယ်အလှူကိုပေး၍ ဗျာဒိတ်ခံတော်မူလေ သနည်း။

၅၂၀-ဖြေ။ ။အရိန္ဒမအမည်ရှိသောပြည်၌ ဝိဇိတာဝီ အမည်ရှိ သောမင်းဖြစ်၍ မင်း၏စည်းစိမ်ကိုစွန့်ပြီးလျှင် ရဟန်းပြု၍ ဗျာဒိတ်ခံတော် မူသည်။

### ၇-ရက်ပတ်လုံး အလှူကြီးပေး၍ ဗျာဒိတ်ခံခြင်း

၅၂၁-မေး။ ။ဝိပဿီဘုရားသခင်၌ အဘယ်မည်သော အလှူကို ပေး၍ ဗျာဒိတ်ခံတော်မူလေသနည်း။

၅၂၁-ဖြေ။ ။ငါတို့ဘုရားအလောင်းတော်သည် အတုလနဂါးမင်း ဖြစ်၍ ဘုရားအမှူးရှိသော သင်္ဃာတော်အား ခုနစ်ရက်ပတ်လုံး အလှူကြီး ကိုပေး၍ ဗျာဒိတ်ခံတော်မူလေသည်။

### ၇-ရက်ပတ်လုံး အလှူကြီးပေး၍ ဗျာဒိတ်ခံခြင်း

၅၂၂-မေး။ ။သိခိဘုရားသခင်၌ ငါတို့ဘုရား အလောင်းတော် သည် အဘယ်အလှူကိုပေး၍ ဗျာဒိတ်ခံတော်မူလေ သနည်း။

၅၂၂-ဖြေ။ ။ပရိဘူတ အမည်ရှိသောပြည်၌ အရိန္ဒမမင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာအပေါင်းတို့အား ခုနစ်ရက်ပတ်လုံး အလှူကို ပေး၍ ဗျာဒိတ်ခံတော်မူလေသတည်း။

## ကျောင်းလှူ၍ ဗျာဒိတ်ခံခြင်း

၅၂၃-မေး။ ။ဝေဿဘူ ဘုရားသခင်၌ ငါတို့ဘုရား အလောင်းတော်သည် အဘယ်မည်သောအလှူကိုပေး၍ ဗျာဒိတ်ခံလေသနည်း။

၅၂၃-ဖြေ။ ။အမရဝတီပြည်၌ ငါတို့ဘုရားအလောင်းတော်သည် သုဒဿနအမည်ရှိသောမင်းဖြစ်၍ ဘုရားသခင်အား ကျောင်းတဆောင် ဆောက်လှူပြီးလျှင် သာသနာတော်၌ ရဟန်းပြု၍ ဗျာဒိတ်ခံတော်မူသည်။

## ကြီးစွာသော အလှူပေး၍ ဗျာဒိတ်ခံခြင်း

၅၂၄-မေး။ ။ကကုသန်ဘုရားသခင်၌ အဘယ်အလှူကိုပေး၍ငါတို့ ဘုရားအလောင်းတော်သည် ဗျာဒိတ်ခံလေသနည်း။

၅၂၄-ဖြေ။ ။ငါတို့ ဘုရားအလောင်းတော်သည် ခေမာအမည်ရှိသောမင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်အပေါင်းတို့အား ကြီးစွာသောအလှူကို ပေးပြီးလျှင် သာသနာတော်၌ ရဟန်းပြု၍ ဗျာဒိတ်ခံတော်မူသည်။

## ၃-လပတ်လုံး အလှူကြီးပေး၍ ဗျာဒိတ်ခံခြင်း

၅၂၅-မေး။ ။ကောဏာဂုံဘုရားသခင်၌ အဘယ်မည်သော အလှူကိုပေး၍ ငါတို့ဘုရားအလောင်းတော်သည် ဗျာဒိတ်ခံလေသနည်း။

၅၂၅-ဖြေ။ ။မိဓိလာပြည်၌ ပဗ္ဗတအမည်ရှိသောမင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာအပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး အလှူကြီးကို ပေး၍ ဗျာဒိတ်ခံတော်မူသည်။

## အလှူပေး၍ ဗျာဒိတ်ခံခြင်း

၅၂၆-မေး။ ။ကဿပဘုရားသခင်၌ အဘယ်မည်သော အလှူကို ပေး၍ ငါတို့ဘုရားအလောင်းတော်သည် ဗျာဒိတ်ခံတော်မူလေသနည်း။

၅၂၆-ဖြေ။ ။ဧာဝတိပါလလုလင်ဖြစ်၍ သာသနာတော်၌ အလှူကို ပေး၍ ကြည်ညိုသောအားဖြင့် ရဟန်းပြု၍ ဗျာဒိတ်ခံတော်မူသည်။

[ဒီပင်္ကရာအစရှိသော နှစ်ကျိပ်လေးဆူသော ဘုရားသခင်တို့၌ ငါတို့ဘုရားအလောင်းတော် ဗျာဒိတ်ခံတော်မူသည်ဟု မှတ်ရာ၏။]

## ဝန်တိုစဉ်းလဲသောကြောင့် ပြိတ္တာဖြစ်ရခြင်း

၅၂၇-မေး။ ။အဘယ်မည်သော မကောင်းမှုကြောင့် ပြိတ္တာဖြစ်လေသနည်း။

၅၂၇-ဖြေ။ ။ယေ မနုဿလောကေ ဇူဿာလုကာ မစ္ဆရိနော၊ သယံပိ ဒါနံ အဒတွာ ဒေန္တာနံပိ ဝါရေန္တာ ကဒ-ရိယာ၊ တေ ပေတေသု ဥပ္ပဇ္ဇန္တိ။

ဤသို့ ကျမ်းဂန်လာရကား ဤလူ့ပြည်၌ အကြင်သူတို့သည် မိမိလည်း အလှူမပေး၊သူတပါးတို့ အလှူပေးသည်ကိုလည်း ဖျက်ဆီး၏၊ ဝန်တိုခက်ထန်စဉ်းလဲ၏၊ ထိုသူတို့သည် ပြိတ္တာဖြစ်လေကုန်၏။

## သတ္တာဝါသ ဘုံကိုးဝ

၅၂၈-မေး။ ။သတ္တာဝါသဟူသော သတ္တဝါအပေါင်းတို့၏နေရာဘုံကိုးဝဟူသည်ကား အဘယ်နည်း။

၅၂၈-ဖြေ။ ။(၁) နာနတ္တကာယ နာနတ္တသညီ။
(၂) နာနတ္တကာယ ဧကတ္တသညီ။
(၃) ဧကတ္တကာယ နာနတ္တသညီ။
(၄) ဧကတ္တကာယ ဧကတ္တသညီ။
(၅) အာကာသာနဉ္စာယတန။
(၆) ဝိညာဏဉ္စာယတန။
(၇) အာကိဉ္စညာယတန။
(၈) နေဝသညာ နာသညာယတန။
(၉) အသညသတ်။

ဤသည်လျှင် သတ္တဝါတို့၏နေရာ ဘုံကိုးဝတည်း။

## သတ္တာဝါသ ဘုံကိုးဝ သရုပ်

၅၂၉-မေး။ ။ထိုသတ္တာဝါသ ဘုံကိုးဝ၏ သရုပ်ကား အဘယ်နည်း။

၅၂၉-ဖြေ။ ။(၁) လူ့ပြည်, နတ်ပြည် ခြောက်ထပ် ဤဘုံ တို့၌ ပုဂ္ဂိုလ် တို့အား အဖြူ, အနီ, အညို, အရွှေ,

အနိမ့်, အမြင့်, အဆင်းလှ, မလှအားဖြင့် အထူးထူးသော ကိုယ်, တိဟိတ်အားဖြင့် အထူးထူးသော ပဋိသန္ဓေ၊ ဤသို့အထူးထူးအပြားပြား ရှိသောကြောင့် နာနတ္တ ကာယ နာနတ္တသညီ မည်သတည်း။

(၂) အပါယ်လေးဘုံ, ပဌမဈာန် သုံးဘုံသတ္တဝါတို့အား ကိုယ်အဆင်းကား အထူးထူးရှိ၏၊ မတူကြကုန်၊ ပဋိသန္ဓေ စိတ်မှာမူ တခုသာ ဖြစ်ရကားနာနတ္တကာယ ဧကတ္တသညီမည်သတည်း။

(၃) ဒုတိယဈာန်သုံးဘုံ ဖြစ်ပွါးတို့ကား ကိုယ် အဆင်း ပမာဏတူကုန်၏၊ အထူးမရှိကုန်၊ ပဋိသန္ဓေကား ဒုတိယဈာန်ဝိပါက်,တတိယဈာန်ဝိပါက်အားဖြင့် ထူးပြားကုန်၏၊ ထို့ကြောင့် ဧကတ္တကာယ နာနတ္တသညီ မည်သတည်း။

(၄) တတိယဈာန် သုံးဘုံ, ဝေဟပ္ဖိုလ်, သုဒ္ဓါဝါသ ငါးဘုံ၌ ဖြစ်ပွါးတို့အား ကိုယ်၏ပမာဏ အဆင်း သဏ္ဌာန်လည်း တူကြ၏၊ ပဋိသန္ဓေစိတ်လည်း တပါးတည်းသာ ဖြစ်သတည်း၊ ထို့ကြောင့် ဧကတ္တ ကာယ ဧကတ္တသညီ မည်သတည်း။

(၅-၆-၇-၈) အရူပလေးဘုံဖြစ်ပွါးတို့ကား ရူပက္ခန္ဓာဟူသော ကိုယ်မရှိ၊နာမက္ခန္ဓာဟူသော စိတ်,စေတသိက်သာ ရှိသတည်း။

(၉) အသညသတ်ဖြစ်ပွါးတို့ကား စိတ်စေတသိက်မရှိ၊ ဇီဝိတနဝကကလာပ်ဟူသောရုပ်သာရှိသတည်း။

ဤကား သတ္တာဝါသ ဘုံကိုး၀၏ သရုပ်တည်း။

### တနည်း သတ္တာဝါသ ဘုံကိုး၀

၃၃၀-မေး။ ။တနည်း-နဝသတ္တာဝါသဟူသည် အဘယ်နည်း။

၅၃၀-ဖြေ။ ။(၁) ကာမဘဝ။ (၆) နေဝသညီနာသညီဘဝ။
(၂) ရူပဘဝ။ (၇) ပဉ္စဝေါကာရဘဝ။
(၃) အရူပဘဝ။ (၈) စတုဝေါကာရဘဝ။
(၄) သညီဘဝ။ (၉) ဧကဝေါကာရဘဝ။
(၅) အသညီဘဝ။

ဤသည်လျှင် နဝသတ္တာဝါသ ဘုံကိုးဝ ဖြစ်သတည်း။

[အချို့ ဝိနိပါတိက အသုရာ တို့ကား အပါယ်၌မဝင်၊ အပါယ်သတ္တဝါတို့မှ လွတ်ကုန်၏၊ ထိုဝိနိပါတိက တို့ကား နတ်ကဲ့သို့ တန်းခိုးမကြီးကုန်၊ဘုန်းနည်း ကုန်၏၊ အဝတ်အစားတို့လည်း ရခဲ၏၊ အချို့ကား လကွယ်ပက္ခ၌ ဆင်းရဲကုန်၏၊ လဆန်းပက္ခ၌ကား ချမ်းသာကုန်၏၊ ပိယင်္ကရမာတာ ဘီလူးမကား အရှင်အနုရုဒ္ဓါ သရဇ္ဈာယ်သော တရားတော်ကိုကြား၍ သောတာပတ္တိဖိုလ်၌ တည်လေ၏၊ဥတ္တရမာတာ ဘီလူးမကား ဘုရားမြတ်စွာ၏တရားတော်ကိုကြား၍ သောတာပတ္တိဖိုလ်၌ တည်လေ၏၊ အပါယ်သတ္တဝါတို့တွင် အချို့သော ငရဲသူတို့၏ ကိုယ်ကား တဂါဝုတ်ရှိ၏၊ အချို့ကား တယူဇနာခွဲရှိ၏၊ အချို့ကား တယူဇနာရှိ၏၊ ရှင်ဒေဝဒတ်၏ကိုယ်ကား ယူဇနာတရာရှိ၏၊ ပြိတ္တာတို့တွင် အချို့သောပြိတ္တာကား အတောင်ခြောက်ဆယ်ရှိ၏၊ အချို့ကား အတောင်နှစ်ဆယ်ရှိ၏၊ အချို့ကား အဆင်းမလှ၊ အချို့ကား အဆင်းလှ၏၊ ဒီဃပိဋ္ဌိပြိတ္တာဘို့ကား ယူဇနာခြောက်ဆယ်ရှိ၏၊ ဤသို့သော စကားအထူးကိုလည်း မှတ်ကုန်ရာ၏။]

## ဝိဝေက ၅-ပါး

၅၃၁-မေး။ ။ဝိဝေကငါးပါးကား အဘယ်နည်း။

၅၃၁-ဖြေ။ ။(၁) တဒင်္ဂဝိဝေက။ (၄) ပဋိပ္ပဿဒ္ဓိဝိဝေက။
(၂) ဝိက္ခမ္ဘနဝိဝေက။ (၅) နိဿရဏ ဝိဝေက။
(၃) သမုစ္ဆေဒဝိဝေက။

ဤသည်လျှင် ဝိဝေက ငါးပါးတည်း။

## ဝိဝေက ၅-ပါး သရုပ်

၅၃၂-မေး။ ။ထိုတဒင်္ဂဝိဝေကစသော ဝိဝေကငါးပါး၏သရုပ်ကား အတိနည်း။

၅၃၂-ဖြေ။ ။(၁) ကာမ ကုသိုလ်ကား တဒင်္ဂဝိဝေက မည်၏။
(၂) မဟဂ္ဂုတ်ဈာန်ကား ဝိက္ခမ္ဘနဝိဝေက မည်၏။

(၃) မဂ်လေးပါးကား သမုစ္ဆေဒ ဝိဝေကမည်၏။
(၄) ဖိုလ်လေးပါးကား ပဋိပ္ပဿဒ္ဓိ ဝိဝေကမည်၏။
(၅) နိဗ္ဗာန်ကား နိဿရဏ ဝိဝေကမည်၏။

ဤသည်လျှင် ဝိဝေကငါးပါး၏ သရုပ်တည်း။

### တိတ္ထိတို့ ကမ္ဘာ ၄၀ တိုင် အောက်မေ့နိုင်ခြင်း

၃၃၃-မေး။ ။တိတ္ထိတို့ကား လွန်လေပြီးသော ကမ္ဘာကို အတိမျှလောက် အောက်မေ့နိုင်လေသနည်း။

၃၃၃-ဖြေ။ ။တိတ္ထိတို့ကား ကမ္ဘာ၄၀-တိုင်အောင် အောက်မေ့နိုင်ကုန်၏။

### ပကတိသာဝကတို့ ကမ္ဘာအရာ အထောင် အောက်မေ့နိုင်ခြင်း

၃၃၄-မေး။ ။ပကတိသာဝကတို့ အဘယ်မျှအောက်မေ့နိုင်သနည်း။

၃၃၄-ဖြေ။ ။ပကတိသာဝကတို့ကား ပညာဗလ ဖြစ်သောကြောင့် ကမ္ဘာအရာ,အထောင် တိုင်အောင် အောက်မေ့ နိုင်ကုန်၏။

### အသီတိသာဝကတို့ ကမ္ဘာတသိန်း အောက်မေ့နိုင်ခြင်း

၃၃၅-မေး။ ။အသီတိ သာဝကတို့ကား အတိမျှလောက် အောက်မေ့နိုင်လေသနည်း။

၃၃၅-ဖြေ။ ။အသီတိသာဝကတို့ကား ကမ္ဘာတသိန်း အောက်မေ့နိုင်ကုန်၏။

### အဂ္ဂသာဝကတို့ တသင်္ချေနှင့်ကမ္ဘာတသိန်း အောက်မေ့နိုင်ခြင်း

၃၃၆-မေး။ ။အရှင်သာရိပုတြာ,အရှင်မောဂ္ဂလ္လာန်တို့ကား အတိမျှလောက် အောက်မေ့နိုင်လေသနည်း။

၃၃၆-ဖြေ။ ။အဂ္ဂသာဝက နှစ်ပါးတို့ကား တသင်္ချေနှင့် ကမ္ဘာတသိန်းအောက်မေ့နိုင်၏။

### အရှင်ပစ္စေကဗုဒ္ဓါတို့ ၂-သင်္ချေနှင့်ကမ္ဘာတသိန်း အောက်မေ့နိုင်ခြင်း

၃၃၇-မေး။ ။အရှင်ပစ္စေကဗုဒ္ဓါတို့ကား အတိမျှလောက်အောက်မေ့နိုင်လေသနည်း။

၃၃၇ ဖြေ။ ။အရှင်ပစ္စေက ဗုဒ္ဓါတို့ကား နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း အောက်မေ့နိုင်လေ၏။

### ဘုရားသခင်တို့အပိုင်းအခြားမရှိ အောက်မေ့နိုင်ခြင်း

၃၃၇-မေး။ ။ဘုရားသခင်တို့ကား အတိတ်လောက်အောက်မေ့နိုင်သနည်း။

၃၃၇-ဖြေ။ ။ဘုရားသခင်တို့ကား အပိုင်းအခြားမရှိ အောက်မေ့တော်မူနိုင်လေသတည်း။

[တိတ္ထိတို့ကား ခန္ဓာအစဉ်အားဖြင့်သာ အောက်မေ့ နိုင်ကုန်၏၊ ခန္ဓာ အစဉ်ကို လွှတ်၍မအောက်မေ့နိုင်ကုန်၊ သာဝကတို့ကား ခန္ဓာအစဉ်အားဖြင့်၎င်း, စုတိပဋိသန္ဓေအားဖြင့်၎င်း ပြောင်း၍အောက်မေ့နိုင်ကုန်၏၊ ခန္ဓာအစဉ်အားဖြင့်အောက်မေ့ခြင်းကိစ္စမရှိ၊စုတိပဋိသန္ဓေအားဖြင့်သာပြောင်း၍ အောက်မေ့ကုန်၏၊ အရှင်ပစ္စေကဗုဒ္ဓါတို့လည်း ထို့အတူအောက်မေ့ကုန်၏၊ ဘုရားရှင်တို့ကား အလိုတော်ရှိတိုင်း အငြိအစွန်းမရှိ အောက်မေ့တော်မူနိုင်သတည်း။]

### တိတ္ထိတို့ဉာဏ်နှင့်ပိုးရည်မျှားရောင်

၃၃၈-မေး။ ။တိတ္ထိတို့၏ ပုဗ္ဗေနိဝါသဉာဏ်ကား အဘယ်နှင့်တူလေသနည်း။

၃၃၈-ဖြေ။ ။တိတ္ထိတို့၏ပုဗ္ဗေနိဝါသဉာဏ်ကား ပိုးရည်မျှားအရောင်နှင့်တူ၏။

### ပကတိသာဝကတို့ဉာဏ်နှင့် ဆီမီးရောင်

၃၄၀-မေး။ ။ပကတိသာဝကတို့ ဉာဏ်ကား အဘယ်နှင့်တူလေသနည်း။

၃၄၀-ဖြေ။ ။ပကတိသာဝကတို့ဉာဏ်ကားဆီမီးရောင်နှင့်တူ၏။

### မဟာသာဝကတို့ဉာဏ်နှင့်မီးရှူးရောင်

၃၄၁-မေး။ ။မဟာသာဝကတို့ဉာဏ်ကား အဘယ်နှင့် တူလေသနည်း။

၃၄၁-ဖြေ။ ။မဟာသာဝကတို့ဉာဏ်ကား မီးရှူးရောင်နှင့်တူ၏။

### အဂ္ဂသာဝကတို့ဉာဏ်နှင့်သောက်ရှူးကြယ်ရောင်

၃၄၂-မေး။ ။အဂ္ဂသာဝကတို့ ဉာဏ်ကား အဘယ်နှင့် တူလေသနည်း။

၃၄၂-ဖြေ။ ။အဂ္ဂသာဝကနှစ်ပါးတို့၏ ဉာဏ်ကား သောက်ရှူးကြယ်ရောင်နှင့်တူ၏။

### အရှင်ပစ္စေကဗုဒ္ဓါတို့ဉာဏ်နှင့်လရောင်

၃၄၃-မေး။ ။အရှင်ပစ္စေကဗုဒ္ဓါတို့ ဉာဏ်ကား အဘယ်နှင့်တူသနည်း။

၃၄၃-ဖြေ။ ။အရှင်ပစ္စေကဗုဒ္ဓါတို့ဉာဏ်ကား လရောင်နှင့်တူ၏။

### ဘုရားရှင်တို့ ပုဗ္ဗေနိဝါသဉာဏ်နှင့်နေရောင်

၃၄၄-မေး။ ။ဘုရားသခင်တို့၏ ပုဗ္ဗေနိဝါသဉာဏ်ကား ဥပမာအဘယ်နှင့်တူလေသနည်း။

၃၄၄-ဖြေ။ ။သဗ္ဗညုတဘုရားရှင်တို့၏ ပုဗ္ဗေနိဝါသ ဉာဏ်တော်ကား ခရောင်ခြည်တထောင်ဆောင်သော တန်ဆောင်မုန်းလအခါ ထွန်းသောနေဝန်းနှင့်တူ၏။

[ပုဗ္ဗေနိဝါသဉာဏ်ဘော်အထူးကိုအသီးအသီးထုတ်သောနည်းကိုလည်း သူတော်ကောင်းတို့နှလုံးသွင်းကုန်ရာသတည်း။ ။"တိတ္ထိယာ စတ္တာလီသံယေဝ ကပ္ပေ သရန္တိ၊တတောပရံ နသရန္တိ၊သာဝကေသု အသီတိမဟာသာဝကာ သဟဿံ သရန္တိ၊ ဒွေအဂ္ဂသာဝကာကေံ အသင်္ချေယျံ သတသဟဿဉ္စ သရန္တိ၊ပစ္စေကဗုဒ္ဓါ ဒွေအသင်္ချေယျာနိ သတသဟဿဉ္စသရန္တိ၊ ဗုဒ္ဓါနံပန ပရိစ္ဆေဒေါ နတ္ထိ၊ ယာဝဇ္ဇဆန္တိ တာဝသရန္တိ။ ဤသို့ အဋ္ဌကထာ၌လာသော ပါဠ်ကိုလည်း မှတ်သားလေ့ကျက်ကုန်ရာ၏။]

### မိုဃ်းမြည်သံ ၃-ယူဇနာမှကြားရခြင်း

၃၄၅-မေး။ ။မိုဃ်းမြည်သံကား အတိမျှသော အရပ်ကကြားသနည်း။

၃၄၅-ဖြေ။ ။"မေဃသဒ္ဒေါ တိယောဇနံ" ဤသို့ကျမ်းဂန်လာရကား မိုဃ်းမြည်သံကား သုံးယူဇနာသောအရပ်က ကြား၏။

### ဒါနသံ နတ်ပြည် ၆-ထပ် ပျံ့နှံ့ခြင်း

၃၄၆-မေး။ ။အလှူပေးသောသူတို့၏ ကျော်စောသံကား အတိမျှလောက်သောအရပ်တိုင်အောင် ကြားလေသနည်း။

၃၄၆-ဖြေ။ ။"ဒါနသဒ္ဒေါ ဆကာမာဝစရံ အဇ္ဈဂ္ဂစ္ဆတိ" ဟု ကျမ်းဂန်၌လာရကား–အလှူပေးသောသူတို့၏ကျော်စောသောအသံသည် နတ်ပြည်ခြောက်ထပ်တိုင်အောင် ပျံ့နှံ့ကျော်စောလေသတည်း။

## သီလသံ အကနိဋ္ဌတိုင်ပျံ့နှံ့ခြင်း

၃၄၇-မေး။ ။သီလသီတင်းဆောက်တည်သောသူတို့၏ ကျော်စောသံကား အဘယ်မျှက ကြားလေသနည်း။

၃၄၇-ဖြေ။ ။"သီလသဒ္ဒေါ အကနိဋ္ဌပြဟ္မလောကာ အဗ္ဘုဂ္ဂစ္ဆတိ" ဤသို့ကျမ်းဂန်လာရကား-သီလသီတင်းသုံးသောသူတို့၏ကျော်စောသောအသံသည် အကနိဋ္ဌပြဟ္မာ့ပြည်တိုင်အောင် ပျံ့နှံ့ကျော်စော၏။

## အနန္တ ၄-ပါး

၃၄၈-မေး။ ။အနန္တလေးပါးကား-အဘယ်နည်း။

၃၄၈-ဖြေ။ ။(၁) ကောင်းကင်။ (၃) သတ္တဝါ။
(၂) စကြဝဠာ။ (၄) သဗ္ဗညုတဉာဏ်တော်။

ဤသည်လျှင် အနန္တလေးပါးတည်း။

## အရှင်အာနန္ဒာဆု ၈-ပါး

၃၄၉-မေး။ ။အရှင်အာနန္ဒာ၌ ဆုရှစ်ပါးကား-အဘယ်နည်း။

၃၄၉-ဖြေ။ ။အရှင်အာနန္ဒာ ဆုရှစ်ပါးကား ပယ်ဆုလေးပါး, ယူဆုလေးပါးတည်း။

ပယ်ဆုလေးပါးကား-

(၁) သင်္ကန်းတော်ကို မပေးအံ့သည်တပါး။

(၂) ဆွမ်းကို မပေးအံ့သည်တပါး။

(၃) ဂန္ဓကုဋိတိုက်၌ တကွနေခြင်းငှါ မပေးအံ့သည်တပါး။

(၄) ဒါယကာတို့ ဘိတ်မန်ရာအရပ်သို့ ခေါ်၍ မသွားအံ့သည်တပါး။

ဤသည်ကား ပယ်ဆုလေးပါးတည်း။

ယူဆုလေးပါးကား-

(၁) သဒ္ဓါကြည်ညိုသောသူတို့၏နိမန္တနကို ဝန်ခံမိသောအရပ်သို့ ကြွတော်မူပါအံ့သည်။

(၂) ဝေးသောအရပ်မှ ဘုရားမြတ်စွာကို ဖူးမြင်အံ့ငှါရောက်လာသောပရိသတ်တို့အား ဘုရားမြတ်စွာကို ပြပါရအံ့သည်။

(၃) ယုံမှားသင်္ကာ ရှိသောအခါ၌ အထံတော်သို့ ကပ်၍ လျှောက်ပါရအံ့သည်။
(၄) လူနတ်တို့အား မျက်ကွယ်ဟောတော်မူသော တရားတော်ကို ပြန်၍ဟောတော်မူပါအံ့သည်။

ဤကားယူဆုလေးပါးတည်း။

ဤသည်လျှင် ပယ်ဆုလေးပါး, ယူဆုလေးပါးအားဖြင့် အရှင်အာနန္ဒာ၌ ဆုရှစ်ပါးတည်း။

## ဆု ၄-ပါး ပယ်ခြင်းအကြောင်း

၅၅၀-မေး။ ။လေးပါးသောဆုကို အဘယ်ကြောင့် ပယ်လေသနည်း။

၅၅၀ ဖြေ။ ။အရှင်အာနန္ဒာကားမြတ်စွာဘုရားပေး သောကောင်းမွန်သောသင်္ကန်းတော်ကိုရ၏၊ ဆွမ်းကောင်းကိုစားရ၏၊ အတူတကွ ဂန္ဓကုဋိတိုက်၌နေရ၏၊ ဘုရားသခင်နှင့် အတူတကွဘိတ်မန်ရာအရပ်သို့လိုက်ရ၏၊ ဤသို့သော လာဘ်ကိုရ၍သာ လုပ်ကျွေးလေသည်ဟူ၍ သူတပါးတို့ကဲ့ရဲ့ပြောဆိုလတ္တံ့၊ ဤသို့သောအပြစ်ကိုမြင်၍ ဆုလေးပါးကိုပယ်လေသတည်း။

## ဆု ၄-ပါး ယူခြင်းအကျိုး

၅၅၁-မေး။ ။လေးပါးသောဆုကိုယူခြင်းအကျိုးကား အဘယ်သို့နည်း။

၅၅၁-ဖြေ။ ။ဘုရားမြတ်စွာ သာသနာတော်၌ ကြည်ညိုကုန်သော အမျိုးသားတို့သည် ဘုရားသခင်အား ဘိတ်မန်ခွင့် မရလတ်သည်ရှိသော် “နက်ဖြန် ဘုရားသခင်နှင့်တကွ ကျွန်ုပ်တို့အိမ်သို့ ဆွမ်းခံကြွတော်မူစေသော”ဟုအကျွန်ုပ်အားဘိတ်မန်ခဲ့၍ အကျွန်ုပ်ဘိတ်ရာအရပ်သို့ အကယ်၍ ကြွတော်မမူပါသည်ရှိသော်ငြား, အဝေးမှရောက်သောပရိသတ်တို့အား ဘုရားရှင်ကို မပြပါရသော်ငြား, ယုံမှားသင်္ကာကိုဖျောက်အံ့သောငှါအထံတော်သို့ မကပ်ပါရသည်ရှိသော်ငြား“အရှင်အာနန္ဒာကား ဘုရားကိုလုပ်ကျွေးပါလျက် ဤအခွင့်ကိုမျှ အရှင်အာနန္ဒာအားချီးမြှင့်ခြင်းကို ဘုရားမြတ်စွာပြုတော်မမူ”ဟုသူတပါးတို့ကဲ့ရဲ့ဆိုခြင်းဖြစ်လတ္တံ့၊အကယ်၍ လူ, နတ်တို့အား မျက်ကွယ် ဟောတော်မူသောတရားကို အကျွန်ုပ်အား

မပြန်ပါသည် ရှိသော် ခပ်သိမ်းသောသူတို့သည် "ဤမည်သောတရားကို အဘယ်အရပ်၌ အဘယ်သူအား ဟောတော်မူလေသနည်း"ဟု အကျွန်ုပ်အားမေးလတ်သော် မသိဟူ၍ဆိုပါချေမှု "အရှင်အာနန္ဒာကား ဘုရားမြတ်စွာအထံတော်၌ အရိပ်သဘွယ်ဖြစ်ပါလျက် ဤမျှသောအရာကိုလည်း မသိပါလေ"ဟူ၍ ဆိုခြင်းဖြစ်လတ္တံ့၊ထို့ကြောင့် ဆုလေးပါးကို ယူခြင်း၌များစွာသောအကျိုးရှိသတည်း။

[ဤရှစ်ပါးသောဆုကိုပေးတော်မူလျှင် ထိုနေ့မှစ၍ အရှင်အာနန္ဒာကား ဘုရားသခင်ကို အမြည့်နေ့ လုပ်ကျွေးသတည်း။]

## အရှင်အာနန္ဒာ ညဥ့်နေ့ လုပ်ကျွေးပုံ

၅၅၂-မေး။ ။အဘယ်သို့လျှင် အရှင်အာနန္ဒာ ညဥ့်နေ့လုပ်ကျွေးသနည်း။

၅၅၂-ဖြေ။ ။နေ့တိုင်းမပြတ်ရေပူရေချမ်းတည်းဟူသောရေနှစ်ပါးဖြင့်၎င်း၊ထူသောဒန်ပူ, ပါးသောဒန်ပူ, မထူမပါးသောဒန်ပူ ဤဒန်ပူသုံးပါးတို့ဖြင့်၎င်း၊ ခြေကို ဆုပ်နယ်ခြင်းတို့ဖြင့်၎င်းပြု၍၊ ညဥ့်အခါ၌ အိပ်မွေ့ ငိုက်မျဉ်းခြင်းကိုဖျောက်အံ့သောငှါ ကြီးစွာသောဆီမီးတိုင်ကိုကိုင်လျက် တညဥ့်ကိုးကြိမ် ဂန္ဓကုဋိတိုက်ကိုလှည့်၍၊ ဤသို့အစရှိသောဝတ်တို့ကိုမချွတ်ရအောင်ကြိုးစားအားထုတ်၍လုပ်ကျွေးသတည်း။

## အရှင်အာနန္ဒာ ဧတဒဂ် ၅-ပါး

၅၅၃-မေး။ ။အရှင်အာနန္ဒာဧတဒဂ်ငါးပါးကားအဘယ်နည်း။

၅၅၃-ဖြေ။ ။(၁) အဓိမတ္တ သတိမာ-အမှတ်လျှင်သည်။
(၂) အဓိမတ္တ ဂတိမာ-အရွတ်လျှင်သည်။
(၃) အဓိမတ္တ ဓိတိမာ-အမှတ်မြဲသည်။
(၄) ဗဟုဿုတ-အကြားအမြင်များသည်။
(၅) ဥပဋ္ဌာက-အလုပ်အကျွေးအရာ၌သိမ်မွေ့သည်။

ဤသည်လျှင် အရှင်အာနန္ဒာရသော ဧတဒဂ်ငါးပါးတည်း။

## ရာဇဂြိုဟ်မည်ခြင်း အကြောင်း

၅၅၄-မေး။ ။ရာဇဂြိုဟ်ပြည်ကား အဘယ်ကြောင့် ရာဇဂြိုဟ်မည်လေသနည်း။

၅၅၄-ဖြေ။ ။ပြည်တည်စသောအခါ ခပ်သိမ်းသော သူတို့၏ အိမ်ကိုမင်းသာပြုပေရကား၊ ထို့ကြောင့်ရာဇဂြိုဟ်မည်၏၊ ဂိဇ္ဈကုဋ်စသော တောင်တို့သည်ခြံရံပေရကား ဟောင်ဝန်းအတိခြံရံသောအိမ်နှင့်တူသော ကြောင့်ဇင်း, တင့်တယ်ခြင်းနှင့်ပြည့်စုံသော မြတ်နိုးအပ်သော နန်းအိမ်ရှိသောကြောင့်ဇင်း ရာဇဂြိုဟ်ပြည်တွင်သတည်း။

[ထိုရာဇဂြိုဟ်ပြည်ကား ဘုရားဖြစ်သောကာလ, စကြာမင်းဖြစ်သောကာလ၌သာလျှင် ထင်ရှားစွာ ဖြစ်သတည်း၊ ထိုမှကြွင်းသော ကာလတို့၌ကား ဆိတ်သုဉ်းလျှင်ကတည်း၊ တောဖြစ်၍ ဘီလူးတို့သာ သိမ်းဆည်း၏၊ဤသို့သောစကားထူးကိုလည်း မှတ်အပ်၏။]

## မောနေယျအကျင့် ၇-လ

၅၅၅-မေး။ ။မောနေယျပဋိပဒါကို ကျင့်သော အရှင်နာလက မထေရ်ကား အသီတိသာဝကတွင် တပါးတည်း၊ ထို အရှင်နာလကမထေရ်သည် မောနေယျအကျင့်ကို အ တိမျှသောကာလပတ်လုံး ကျင့်နိုင်လေသနည်း။

၅၅၅-ဖြေ။ ။အရှင်နာလကမထေရ်ကား ဥက္ကဋ္ဌကျင့်တော်မူသော ကြောင့် ခုနစ်လသာ မောနေယျအကျင့်ကိုကျင့်၍ပရိနိဗ္ဗာန်ယူသတည်း။

## နာလကထေရ် ပရိနိဗ္ဗာန်ပြုရာ

၅၅၆-မေး။ ။အဘယ်အရပ်၌ အရှင်နာလကမထေရ် ပရိနိဗ္ဗာန် ယူလေသနည်း။

၅၅၆-ဖြေ။ ။ဟိင်္ဂုလအမည်ရှိသော တောကိုအမှီပြု၍ ရပ်တော်မူ လျက်ပင်လျှင် အရှင်နာလကမထေရ် ပရိနိဗ္ဗာန်ပြုလေ၏။

## နာလကထေရ် ဘုရားရှင်ကိုယ်တိုင် သင်္ဂြိုဟ်ခြင်း

၅၅၇-မေး။ ။အရှင်နာလကမထေရ်အလောင်းတော်ကို အဘယ် သူ သင်္ဂြိုဟ်လေသနည်း။

၅၅၇-ဖြေ။ ။ဘုရားမြတ်စွာသည် သံဃာတော် အပေါင်းနှင့်တကွ ကြွတော်မူ၍ သင်္ဂြိုဟ်တော်မူပေ၏၊ ဓာတ်တော်ကိုလည်း စေတီတည်၍ ဌာပနာတော်မူ၏။

## မောနေယျမည်ခြင်းအကြောင်း

**၅၅၇-မေး။** ။မောနေယျအကျင့်ကား အဘယ်နည်း။

**၅၅၇-ဖြေ။** ။ပုထုဇဉ်အဖြစ်မှစ၍ ကိလေသာနှင့် ယှဉ်သောစိတ် မဖြစ်စေဘဲ ကျင့်အပ်သော အကျင့်ဖြစ်သောကြောင့် မောနေယျမည်သတည်း။

## မောနေယျအကျင့် ကျင့်ပုံ

**၅၅၈-မေး။** ။အဘယ်သို့လျှင် မောနေယျအကျင့်ကို အရှင်နာလကမထေရ်ကျင့်လေသနည်း။

**၅၅၈-ဖြေ။** ။ထိုနာလက မထေရ်ကား ဘုရားမြတ်စွာ၏ တရားတော်ကိုကြားနာပြီး၍ တောင်ခြေရင်း တောအုပ်သို့ဝင်တော်မူသော် တောအုပ်တခု၌ နှစ်ရက်တိုင်အောင်မနေ၊ သစ်ပင်တပင်ရင်း၌ နှစ်ရက်မနေ၊ ရွာတရွာ၌ နှစ်ရက်ဆွမ်းမခံ၊ ဤသို့သော နည်းဖြင့် တတောမှသည် တတောသို့,သစ်တပင်မှသည် သစ်ဘပင်သို့, တရွာမှသည် တရွာသို့လည်၍ မြိုးမြီစွာကျင့်သဖြင့် အရဟတ္တဖိုလ်၌ တည်လေ၏၊ ဤသို့လျှင် မောနေယျအကျင့်ကို အရှင်နာလကမထေရ် ကျင့်တော်မူသတည်း။

[မောနေယျအကျင့်ကို ကျင့်သောသူကား ဘုရားတဖြစ်၌ တယောက်သာတည်း၊ ဤမောနေယျကို ဥက္ကဋ္ဌကျင့်မှုကား ခုနစ်လသာ အသက်ရှည်နိုင်၏၊ မဇ္ဈိုကျင့်သောပုဂ္ဂိုလ်ကား ခုနစ်နှစ် အသက်ရှည်၏၊ မုဒုကျင့်သောပုဂ္ဂိုလ်ကား တဆဲ့ခြောက်နှစ် အသက်ရှည်၏၊ ဤသို့သောစကားထူးကိုလည်း သေချာစွာအမြဲမှတ်အပ်သတည်း။]

## ပရိဗိုဇ်ရဟန်း ပုံအသွင်

**၅၆၀-မေး။** ။ပရိဗ္ဗာဇကဟူသော ပရိဗိုဇ်ရဟန်းကား အဘယ်နည်း။

**၅၆၀-ဖြေ။** ။ဦးခေါင်းပြည်းလျက် ရဟန်းယောင်သာ ဆောင်၍ သက်န်းဝတ်လျက်နေသည်ကား ပရိဗိုဇ်ရဟန်းမည်၏။

## အာဇီဝက တိတ္ထိ ပုံအသွင်

**၅၆၁-မေး။** ။အာဇီဝက တိတ္ထိတက္ကတွန်းကား အဘယ်နည်း။

**၅၆၁ ဖြေ။** ။မိမိတို့ကိုယ်၌ အဝတ်မကပ် အချည်းနှီးနေသော တိတ္ထိတို့ကား အာဇီဝကတိတ္ထိတက္ကတွန်းမည်၏။

### ပဏ္ဏာရုဂ်တိတ္ထိ ပုံအသွင်

၅၆၂-မေး။ ။ပဏ္ဏာရုဂ်မည်သောတိတ္ထိကား အဘယ်နည်း။

၅၆၂-ဖြေ။ ။ပုဆိုးဖြူကိုသာ သက်နှိုးအရောင်ဝတ်၍နေသောတိတ္ထိသည် ပဏ္ဏာရုဂ်တိတ္ထိမည်၏။

### နိဂဏ္ဌတိတ္ထိ ပုံအသွင်

၅၆၃-မေး။ ။နိဂဏ္ဌတိတ္ထိဟူသည် အဘယ်နည်း။

၅၆၃-ဖြေ။ ။ငါတို့၌ ဥစ္စာ,ရွှေ, ငွေ, လယ်ယာ, သားမယား သိမ်းဆည်းခြင်းဟူသော ကိလေသာတို့၏ အာရုံမရှိပြီ၊ ငါတို့ကား ရဟန္တာတည်းဟု ဝန်ခံလျက် ရဟန်းပရိက္ခရာတို့ကို ဆောင်သော တိတ္ထိတို့ကား နိဂဏ္ဌတိတ္ထိမည်သတည်း။

### အချင့်တွက်နည်း

၅၆၄-မေး။ ။တကုဍုံခေါ်ဝေါ်သည်, တကွမ်းစားခေါ်ဝေါ်သည်၊ တဝါဟခေါ်ဝေါ်သည်, အဘယ်သို့ အချင့်အတွက် ကျမ်းဂန်လာသနည်း။

၅၆၄-ဖြေ။ ။လေးဆုပ်ကား တကုဍုံမည်၏၊ လေးကုဍုံကား တကွမ်းစားမည်၏၊ လေးကွမ်းစားကား တပြည်မည်၏၊ နှစ်ပြည်ကား တစရွတ်မည်၏၊လေးပြည်ကား တစိတ် မည်၏၊ လေးစိတ်ကား တတင်း မည်၏၊အတင်းလေးဆယ်ကား တဝါဟမည်၏၊ တဝါဟကား တလှည်း မည်၏။

ဤကား သုတ္တနိပါတ်အဋ္ဌကထာ၌လာသော အချင့်တည်း။

မုဋ္ဌိ—တဆုပ်၊ ကုဍုဝ—ကုဍုံ။ ပတ္ထ—ကွမ်းစား။ အာဠှက—ပြည်။ ဒေါဏ—စရွတ်။ မာဏိကာ—စိတ်။ခါရီ—တင်း။ ဤသို့အစဉ်ချင့်တွက်လေသတည်း။

### ဓမ္မာသောကမင်း နိဂြောဓသာမဏေလှူဒါန်းပုံ

၅၆၅-မေး။ ။ဓမ္မာသောကမင်းကြီးကား နိဂြောဓ သာမဏေကို အဘယ်သို့လှူဒါန်းပူဇော်လေသနည်း။

၅၆၅-ဖြေ။ ။ဓမ္မာသောကမင်းကြီးကား တနေ့ သုံးကြိမ် အဝတ်လည်း၏၊ ထိုသို့လည်းသော်လည်း နိဂြောဓသာမဏေအား သက်နှိုးပို့

ပြီးမှ လည်း၏၊ နံနက် သက်န်းသုံးထည် တကြိမ်, နေ့သက်န်း သုံးထည် တကြိမ်, ညသက်န်းသုံးထည်တကြိမ် ဆင့်တက်၍ လှူကပ်စေသည်၊ နိဗ္ဗာ မထေရ်လည်း တနေ့သုံးကြိမ် သက်န်းလည်းရ၏၊ ထိုအခါ ဇမ္ဗူဒိပါ ကျွန်း၌ ရဟန်းသယ်ာတို့အား နိဗ္ဗာမထေရ်၏ သက်န်းသာများ၏၊ ဤသို့ အထူးထူး လှူဒါန်းပူဇော်သတည်း။

## ပဟာန် ၅-ပါး

၃၆၆-မေး။ ။ပဟာန်ငါးပါးကား အဘယ်နည်း။

၃၆၆-ဖြေ။ ။(၁) တဒင်္ဂပဟာန်။ (၃) သမုစ္ဆေဒ ပဟာန်။ (၂) ဝိက္ခမ္ဘနပဟာန်။ (၄) ပဋိပ္ပဿမ္ဘနပဟာန်။ (၅) နိဿရဏပဟာန်။

ဤသည်လျှင် ပဟာန်ငါးပါးတည်း။

## ပဟာန် ၅-ပါး သရုပ်

၃၆၇-မေး။ ။ပဟာန်ငါးပါး၏သရုပ်ကား အဘယ်နည်း။

၃၆၇-ဖြေ။ ။(၁) ကာမကုသိုလ်ကား တဒင်္ဂပဟာန်မည်၏။
(၂) မဟဂ္ဂုတ်ကုသိုလ်ကား ဝိက္ခမ္ဘနပဟာန် မည်၏။
(၃) မဂ်လေးပါးကား သမုစ္ဆေဒပဟာန် မည်၏။
(၄) ဖိုလ်လေးပါးကား ပဋိပ္ပဿမ္ဘန ပဟာန် မည်၏။
(၅) နိဗ္ဗာန်ကား နိဿရဏပဟာန်မည်၏။

ဤသည်လျှင် ပဟာန်ငါးပါး၏ သရုပ်တည်း။

## ပဟာန် ၅-ပါး ပယ်ပုံ

၃၆၈-မေး။ ။ထိုပဟာန်ငါးပါးသည်ကား အဘယ်သို့ ပယ်လေ သနည်း။

၃၆၈-ဖြေ။ ။(၁) တဒင်္ဂပဟာန်ကား လျှပ်စစ်ပြက်သည့် ခဏ၌ မှောင်ပျောက်သကဲ့သို့ တဒင်္ဂသာ ကိလေသာကို ပယ်သတည်း။

(၂) ဝိက္ခမ္ဘနပဟာန်ကား ရေခပ်အိုးဖြင့် မှော်ကို တွန်းသကဲ့သို့ အကုသိုလ် ကိလေသာကို ဈာန်ဖြင့် ပယ်ခြင်းတည်း။

(၃) သမုစ္ဆေဒ ပဟာန်ကား မိုးကြိုးစက် တချက်တည်းသာကျသဖြင့် သစ်ပင်စသည်တို့ အမြစ်နှင့်တကွ ပျက်စီးသကဲ့သို့ ကိလေသာကိုဖြတ်သဖြင့် ပယ်ခြင်းတည်း။

(၄) ပဋိပ္ပဿမ္ဘနပဟာန်ကား မီးကို ရေချမ်းဖြင့် ငြိမ်းစေသကဲ့သို့ မဂ်ဖြင့်သတ်ပြီးသော ကိလေသာကို ငြိမ်းစေသဖြင့် ပယ်ခြင်းတည်း။

(၅) နိဿရဏပဟာန်ကား ဝဋ်ဆင်းရဲမှ ထွက်မြောက်သောအားဖြင့် ပယ်ခြင်းတည်း။

ဤသည်လျှင် ပဟာန်ငါးပါး၏ ပယ်ခြင်းလက္ခဏာတည်း။

## ဒုလ္လဘ ၄-ပါး

၅၆၉-မေး။ ။ဒုလ္လဘလေးပါးကား အဘယ်နည်း။

၅၆၉-ဖြေ။ ဗုဒ္ဓေါ စ ဒုလ္လဘော လောကေ၊ သဒ္ဓမ္မဿဝနံပိစ။ သံဃောစ ဒုလ္လဘော လောကေ၊ သပ္ပုရိသောပိ-ဒုလ္လဘော။

ဤသို့ ကျမ်းဂန် လာရကား—

(၁) ဘုရားအဖြစ်ကို ရခဲ၏။

(၂) တရားတော်ကို နာရခဲ၏။

(၃) သံဃာတော်အဖြစ်ကို ရခဲ၏။

(၄) သူတော်ကောင်းအဖြစ်ကို ရခဲ၏။

ဤသည်လျှင် ရခဲခြင်းဟူသော ဒုလ္လဘလေးပါးတည်း။

## ဗုဒ္ဓ ၄-ပါး

၅၇၀-မေး။ ။ဗုဒ္ဓလေးပါးကား အဘယ်နည်း။

၅၇၀-ဖြေ။ ။(၁) သုတဗုဒ္ဓ။ (၃) ပစ္စေကဗုဒ္ဓ။
(၂) သာဝကဗုဒ္ဓ။ (၄) သမ္မာသမ္ဗုဒ္ဓ။

ဤသည်လျှင် ဗုဒ္ဓလေးပါးတည်း။

## ဗုဒ္ဓ ၄-ပါး သရုပ်

၃၇၁-မေး။ ။ထိုဗုဒ္ဓလေးပါးတို့၏ သရုပ်ကား အဘယ်နည်း။
၃၇၁-ဖြေ။ ။(၁) အကြားအမြင်များ၍ ပညာရှိသော သူသည် သုတဗုဒ္ဓမည်၏။
(၂) သဗ္ဗညုဘုရား၏တပည့်သား သယ်္ဂတော် အပေါင်းသည် သာဝကဗုဒ္ဓမည်၏။
(၃) ပစ္စေကဗုဒ္ဓါ ဘုရားသည် ပစ္စေကဗုဒ္ဓမည်၏။
(၄)။ သဗ္ဗညုဘုရားသခင်သည် သမ္မာသမ္ဗုဒ္ဓမည်၏။
ဤသည်လျှင် ဗုဒ္ဓလေးပါး သရုပ်တည်း။

## ဗောဓိ ၃-ပါး

၃၇၂-မေး။ ။ဗောဓိဟူသည်ကား-အဘယ်ကိုဆိုသနည်း။
၃၇၂-ဖြေ။ ။ညောင်ဗုဒ္ဓဟေပင်ကိုရင်း,အရဟတ္တမဂ်ဉာဏ်ကိုရင်း, သဗ္ဗညုတဉာဏ်ကိုရင်း ဗောဓိဟုဆိုသတည်း။

## ဘွားစအခါ စကားပြောသော ဘဝ ၃-ပါး

၃၇၃-မေး။ ။ငါတို့ဘုရားအလောင်းတော်သည် ဘွားတော်မူသော ခဏ၌ စကားဆိုတော်မူသည် သုံးဖြစ် ဟူသည်ကား အဘယ်နည်း။
၃၇၃-ဖြေ။ ။(၁) မဟောသဓာအဖြစ်။
(၂) ဝေဿန္တရာအဖြစ်။
(၃) ဘုရားဖြစ်တော်မူသောဘဝ။
ဤသည်လျှင် ဘွားစ စကားပြောသောဘဝသုံးပါးဖြစ်သတည်း။

## ဘွားစအခါ ပြောဆိုသော စကား

၃၇၄-မေး။ ။အဘယ်သို့ စကားဆိုတော်မူလေသနည်း။
၃၇၄-ဖြေ။ ။(၁) မဟောသဓာ ဘွားတော် မူသော ဘဝ၌ သိကြားမင်းပေးသော ဆေးမြစ်ကို လက်ဖြင့် ဆုပ်၍"ဤဆေးသည် ခပ်သိမ်းသော အနာရောဂါကို လွတ်စေတတ်သော ဆေးမြစ်တည်း"ဟု စကားဆို၍ မယ်တော်အား ပေး

သတည်း၊အဘသူဌေးကြီး၌ ခေါင်းခဲဦးယဉ်းနာ ရှိရကား-ထိုဆေးဖြင့် သုတ်လိမ်းလျှင် ခဏ ခြင်းငြိမ်းလေ၏၊မြတ်သောဆေးကို ဆောင်ယူ ၍ ဘွားသောကြောင့် မဟောသဓာဟု မှည့် ကုန်သတည်း။

(၂) ဝေဿန္တရာဘွားသောအခါ၌လည်း "အလှူ ကြီးပေးအံ့သည်၊ ဥစ္စာပေးလော့"ဟု မယ် တော်အား ဆိုလေ၏။

(၃) သိဒ္ဓတ်မင်းသား ဘွားတော်မူသော ခဏ၌ ခုနစ်လှမ်းဖြင့်မြောက်သို့လှမ်း၍ "အဂ္ဂေါဟ- မသ္မိ" စသည်ဖြင့် သုံးခွန်းသော စကားကို ဆိုတော်မူ၏။

**ပရိသတ် ၄-ပါး**

၅၇၅-မေး။ ။ပရိသတ်လေးပါးကား အဘယ်နည်း။

၅၇၅-ဖြေ။ ။(၁) ရဟန်းယောကျ်ား။
(၂) ရဟန်းမိန်းမ။
(၃) ဒါယကာယောကျ်ား။
(၄) ဒါယိကာမိန်းမ။

ဤသည်လျှင် ပရိသတ် လေးပါးတည်း။

**အမျိုး ၄-ပါး**

၅၇၆-မေး။ ။အမျိုးလေးပါးကား အဘယ်နည်း။

၅၇၆-ဖြေ။ ။(၁) မင်းမျိုး။ (၃) သူဌေးမျိုး။
(၂) ပုဏ္ဏားမျိုး။ (၄) သူကြွယ်မျိုး။

ဤသည်လျှင် အမျိုးလေးပါးတည်း။

**သူဌေးကြီး ၅-ပါး**

၅၇၇-မေး။ ။သူဌေးကြီး ငါးပါးကား အဘယ်နည်း။

၅၇၇-ဖြေ။ ။(၁) ဇောတိက။ (၃) ဇဋိလ။
(၂) မေဏ္ဍက။ (၄) ပုဏ္ဏ။
(၅) ကာကဝလိယ။

ဤသည်လျှင် သူဌေးကြီး ငါးယောက်တည်း။

## သူကြွယ်မျိုး ၃-ပါး

၅၇၇-မေး။ ။သူကြွယ်မျိုးသုံးပါးကား-အဘယ်နည်း။

၅၇၇-ဖြေ။ ။(၁) ခတ္တိယ မဟာသာလ။
(၂) ဗြာဟ္မဏ မဟာသာလ။
(၃) ဂဟပတိ မဟာသာလ။

ဤသည်လျှင် သူကြွယ်သုံးပါးတည်း။

[ခတ္တိယ မဟာသာလကား-မင်းသူကြွယ်တည်း၊ ဗြာဟ္မဏမဟာသာလကား- ပုဏ္ဏားသူကြွယ်တည်း၊ ဂဟပတိမဟာသာလကား- အသည်သူကြွယ်တည်း။]

## သူကြွယ်မျိုး ၃-ပါးတို့ ဥစ္စာပြည့်စုံပုံ

၅၇၈-မေး။ ။ထိုသူကြွယ်မျိုး သုံးပါးတို့ အဘယ်သို့ ပြည့်စုံကြလေသနည်း။

၅၇၈-ဖြေ။ ။(၁) ကုဋေတရာသော ရွှေငွေ ရတနာဥစ္စာတို့ကို မြေဝယ်မြှုပ်ထား၍ တနေ့တနေ့သော် နံနက်သောအခါ၌ အတင်းနှစ်ဆယ်နှစ် ဆယ်သုံးစွဲ၍၊ ညဉ့်အခါ၌ အဝင်းလေးဆယ်လေးဆယ် ဝင်ပြန် သည်ကား- ခတ္တိယ မဟာသာလ သူကြွယ်၏ ပြည့်စုံခြင်းတည်း။

(၂) ကုဋေ ရှစ်ဆယ်သော ဥစ္စာ ရွှေငွေ ရတနာတို့ကို မြေဝယ်မြှုပ်ထား၍ တနေ့တနေ့သော် နံနက်သောအခါ၌ အတင်းတဆယ် တဆယ် သုံးစွဲ၍၊ ညဉ့်အခါ အတင်းနှစ်ဆယ်နှစ်ဆယ် ဝင်ပြန်သည်ကား- ဗြာဟ္မဏ မဟာသာလ သူကြွယ်၏ ပြည့်စုံခြင်းတည်း။

(၃) ကုဋေလေးဆယ်သော ဥစ္စာ ရွှေငွေ ရတနာတို့ကို မြေဝယ်မြှုပ်ထား၍ တနေ့တနေ့သော် နံနက်သောအခါ၌ ငါးတင်းငါးတင်း သုံးစွဲ၍၊ ညဉ့်အခါ၌ ဆယ်တင်း ဆယ်တင်း ဝင်ပြန် သည်ကား- ဂဟပတိမဟာသာလသူကြွယ်၏ ပြည့်စုံခြင်းတည်း။

## ရန် ၅-ပါး

၅၈၀-မေး။ ။ရန်ငါးပါးကား-အဘယ်နည်း။

၅၈၀-ဖြေ။ ။(၁) မီး။ (၃) မင်း။
(၂) ရေ။ (၄) ခိုးသူ။
(၅) မချစ်မနှစ်လိုသောသူ။

ဤသည်လျှင် ရန်ငါးပါးတည်း။

## ဒုက္ကရစရိယာ ၆-နှစ်ကျင့်ရသော ဝိပါက်

၅၈၁-မေး။ ။ငါတို့ဘုရားမြတ်စွာ ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်တော်မူရသော ဝိပါက်ကား-အဘယ် မကောင်းမှုကြောင့်နည်း။

၅၈၁-ဖြေ။ ။ကဿပဘုရားသခင် ပွင့်တော်မူသောကာလ၌ ငါတို့ဘုရားအလောင်းတော်သည် ဇောတိပါလအမည်ရှိသော ပုဏ္ဏားဖြစ်၍ ကဿပဘုရားဖြစ်တော်မူသောအကြောင်းကိုကြားလျှင်"ဤရဟန်းဦးပြည်းကား-သဗ္ဗညုတဉာဏ်ကို အဘယ်မှာရအံ့နည်း၊ သဗ္ဗညုတ ဉာဏ်တော်ကား-အလွန်လျှင် ရခဲစွာ၏" ဟုဆို၏၊ ဤသို့ ပြစ်မှားမိသော မကောင်းမှုကြောင့် ငရဲ၌လည်း ခံရ၏၊ အဆုံးစွန်သော ကိုယ်တော်အဖြစ်၌လည်း ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူရချေသတည်း။

## စိဉ္စမာဏဝိကာ စွပ်စွဲခံရသော ဝိပါက်

၅၈၂-မေး။ ။စိဉ္စမာဏဝိကာ စွပ်စွဲခံရသောဝိပါက်ကား အဘယ် မကောင်းမှုကြောင့်နည်း။

၅၈၂-ဖြေ။ ။ရှေးသောအခါ ငါတို့ဘုရားအလောင်းတော်သည် သေသောက်ကြူးဖြစ်၍ နန္ဒအမည်ရှိသောရဟန္တာမြတ်ကို"ဤရဟန်းကား ဒုဿီလတည်း၊ယုတ်မာသောအကျင့်ကို ကျင့်သောရဟန်းတည်း"ဟု စွပ်စွဲမိသော မကောင်းမှုကြောင့် ငရဲ၌လည်း ခံရလေ၏၊ များစွာသောအဖြစ်တို့၌လည်း သူတပါးတို့ စွပ်စွဲဆဲရေးခြင်းကို ခံရချေ၏၊ အဆုံးစွန်သော ကိုယ်တော်၏အဖြစ်၌လည်း စိဉ္စမာဏဝိကာ မိန်းမ၏စွပ်စွဲခြင်းကို ခံတော်မူရချေသတည်း။

## သုန္ဒရီပရိဗိုဇ် စွပ်စွဲခံရသော ဝိပါက်

၅၈၃-မေး။ ။သုန္ဒရီပရိဗိုဇ်မ စွပ်စွဲသောဝိပါက်ကား အဘယ် မကောင်းမှုကြောင့်နည်း။

၅၈၃-ဖြေ။ ။ရှေးသံသရာ၌ ငါတို့ဘုရား အလောင်းတော်သည် မုနာလိ အမည်ရှိသော သေသောက်ကြူးဖြစ်၍ တရံရောအခါ သုရဘိ အမည်ရှိသော အရှင်ပစ္စေကဗုဒ္ဓါကိုမြင်လျှင် "ဤရဟန်းကား ဒုဿီလ ဖြစ်သည်၊ယုတ်မာသောအကျင့်ကို ကျင့်သောရဟန်းတည်း"၊ဤသို့စသည် ဖြင့် ပြစ်မှားဆဲရေးမိသော မကောင်းမှုကြောင့် ငရဲ၌ခံရ၏၊ အဆုံးစွန် သောကိုယ်တော်၏ အဖြစ်၌လည်း သုန္ဒရီပရိဗိုဇ်မသည် ဘုရားသခင်ကို တွေ့မြင်တိုင်း "ရဟန်းဂေါတမသည် ငါနှင့်ဂန္ဓကုဋီတိုက်မှ ယနေ့အတူ တကွအိပ်၍ ယခုထွက်လာခဲ့သည်"ဟု ကြွေတော်မူလေတိုင်း ပရိသတ်တို့ အား ပြောဆိုစွပ်စွဲ၏၊တိတ္ထိတို့လည်း ဘုရားရှင်ကို ဆဲရေးကုန်သတည်း။

## ခြေမတော် ကျောက်လွှာထိသော ဝိပါက်

၅၈၄-မေး။ ။ရှင်ဒေဝဒတ်သည် ကျောက်ကိုတွန်းချ၍ ခြေမတော် ကို ကျောက်လွှာထိသော ဝိပါက်ကား အဘယ် မကောင်းမှုကြောင့်နည်း။

၅၈၄-ဖြေ။ ။ငါတို့ဘုရား အလောင်းတော်သည် ရှေးသံသရာ၌ အဘသားချင်းဖြစ်သောညီနှင့် စည်းစိမ်ဥစ္စာကြောင့် ခိုက်ရန်ဖြစ်ကြလေ လျှင် ညီအစ်ကိုအတူထွက်၍ တောင်ချောက်ကြားတွင် မုန့်မုန့်ညက် ညက်ကြိတ်သတ်ပြီးမှ ကျောက်ဖြင့်ထု၍ သွားလေ၏၊ဤသို့သောမကောင်း မှုကြောင့် ငရဲ၌လည်း ခံရ၏၊ အဆုံးစွန်သော ကိုယ်တော်အဖြစ်၌လည်း ဝေဘာရတောင်ခြေရင်းတွင်နေတော်မူခိုက် ဒေဝဒတ်သည် ကျောက်တလုံး ကိုချလိုက်၍ ဘုရားမြတ်စွာ၏တန်းခိုးတော်ကြောင့် တောင်လတ်တွင်ရှိ လေသော ကျောက်တလုံးသည် ဆီး၍လင့်၏၊ ထိုကျောက်နှစ်လုံးခိုက်မိ ကြလတ်သော် တခုသောကျောက်လွှာသည် ကွာကျ၍ ခြေမတော်ကိုထိ၍ ဆင်းရဲဝေဒနာ ကြီးစွာခံရချေသတည်း။

## ခြေမတော် သွေးစိမ်းတည်သော ဝိပါက်

၅၈၅-မေး။ ။ခြေမတော်ကို ကျောက်လွှာထိ၍ သွေးစိမ်းတည်သော ဝိပါက်ကား အဘယ်မကောင်းမှုကြောင့်နည်း။

၃၇၅-ဖြေ။ ။ငါတို့ဘုရား အလောင်းတော်သည် ရှေးသံသရာ၌ မထင်မရှားသော အမျိုး၌ဖြစ်၍ ငယ်သောကာလ ခရီးလမ်း၌ ကစားနေစဉ် အရှင်ပစ္စေကဗုဒ္ဓါ ဆွမ်းခံဝင်သည်ကိုမြင်လျှင် ဥဒ္ဒဲခဲဖြင့်ပစ်၍ အရှင်ပစ္စေကဗုဒ္ဓါ ခြေတော်သွေးထွက်လေ၍ ထိုမကောင်းမှုကြောင့် ငရဲ၌ခံရ၏၊ အဆုံးစွန်သော ကိုယ်တော်အဖြစ်၌ ကျောက်လွှာခြေမတော်ကိုထိ၍ သွေးစိမ်းတည်ရချေသတည်း။

## နာဠာဂိရိဆင်နှင့် တိုက်သော ဝိပါက်

၃၇၆-မေး။ ။နာဠာဂိရိဆင်သည် ဘုရားသခင်ကို ဝှေ့မည်လိုက်သောဝိပါက်ကား အဘယ်မကောင်းမှုကြောင့်နည်း။

၃၇၆-ဖြေ။ ။ဘုရားအလောင်းတော်သည် ဆင်ထိန်းအမျိုး၌ဖြစ်၍ တနေ့သ၌ အရှင်ပစ္စေကဗုဒ္ဓါကိုတွေ့မြင်လျှင် ပြစ်မှားလိုသောစိတ်ဖြင့် ဆင်နှင့်တိုက်မည်ဟု ဆင်ကို အပြင်းလွှတ်လေ၏၊ ဤသို့သော မကောင်းမှုကြောင့် ငရဲလည်းခံရ၏၊ဒေဝဒတ်သည် နာဠာဂိရိဆင်ကိုလွှတ်၍ ဘုရားသခင်ကို တိုက်စေ၏၊ နာဠာဂိရိဆင်လည်း အပြင်းလာလတ်၍ ဘုရားသခင်၏မေတ္တာပါရမီတော်ကြောင့် ခြေတော်ရင်း၌ အလျားဝပ်လျက်နေလာ၍ ဘုရားသခင် အောင်တော်မူလေ၏။

## ခြေမတော် ထားခွဲခံရသော ဝိပါက်

၃၇၇-မေး။ ။ခြေမတော်ကိုထားငယ်ဖြင့်ခွဲသည်ကိုခံရသောဝိပါက်ကား အဘယ်မကောင်းမှုကြောင့်နည်း။

၃၇၇-ဖြေ။ ။ငါတို့ ဘုရားအလောင်းတော်သည် ပဒေသရာဇ်မင်းဖြစ်တော်မူသောအခါ မိုက်သောသူနှင့်ပေါင်းဘက်မိ၍ သူရသောက်၍ မူးယစ်လေလျှင် အပြစ်မရှိသောသူကိုသတ်မိလေ၏၊ထိုမကောင်းမှုကြောင့် ငရဲ၌လည်း ဆင်းရဲကြီးစွာခံရလေ၏၊ အဆုံးစွန်သော ကိုယ်၏အဖြစ်၌လည်း ဒေဝဒတ်ကြောင့် သွေးစိမ်းတည်သည်ကို ဇီဝကဆေးသမားထားငယ်ဖြင့်ခွဲ၍ သွေးပုပ်ကိုထုတ်၍ ပကတိရှိသတည်း။

## ခေါင်းတော် ခဲရသော ဝိပါက်

၃၇၈-မေး။ ။ဘုရားသခင် ခေါင်းတော်ခဲရသော ဝိပါက်ကား အဘယ်မကောင်းမှုကြောင့်နည်း။

၅၇၇-ဖြေ။ ။ဘုရားအလောင်းတော်သည် တံငါမျိုး၌ဖြစ်၍ ငယ်သောအခါ တနေ့သ၌ တံငါတို့နှင့်လိုက်လေသော် ငါးကြီးအများကိုရ၍ ဦးခေါင်းကိုသပ်နှက်ကြသည်ကို ဝမ်းမြောက်ဝမ်းသာရှိသော မကောင်းမှုကြောင့်ငရဲ၌လည်းခံရ၏၊အဆုံးစွန်သောကိုယ်အ[illegible]စ်[illegible]လည်း ခေါင်းတော်ခဲရချေသတည်း။

## မုယောဆွမ်း ဘုဉ်းပေးရသောဝိပါက်

၅၇၉-မေး။ ။ဝေရဉ္ဇတိုင်း၌ ဝါတွင်း သုံးလပတ်လုံး မုယောဆွမ်းကို ဘုဉ်းပေးတော်မူရသော ဝိပါက်ကား အဘယ်မကောင်းမှုကြောင့်နည်း။

၅၇၉-ဖြေ။ ။ဖုဿဘုရားရှင်၏ လက်ထက်တော်၌ငါတို့ဘုရားအလောင်းတော်သည် ထင်ရှားသော အမျိုး၌ဖြစ်၍ တနေ့သ၌ အရိယာသဟာတော်တို့ကောင်းမွန်သော သလေးဆွမ်းစားသည်ကိုမြင်လျှင်ပြစ်မှားလိုသောစိတ်ဖြင့်“ဟယ်ရဟန်းဦးပြည်းတို့....မုယောဆွမ်းကိုသာစားကုန်လော့၊ သလေးဆွမ်းကိုမစားကုန်လင့်ဟု” ဆို၏၊ ထိုမကောင်းမှုကြောင့်ငရဲ၌လည်းခံရ၏၊ ဘုရားဖြစ်၍ တဆဲ့နှစ်ဝါမြောက်သောအခါ ဝေရဉ္ဇတိုင်း၌ဝါဆိုတော်မူသော် ထိုတိုင်း၌တယောက်သောသူမျှ ဆွမ်းလှူမည့်သူမရှိ၍ သပိတ်တော်ချည်းသာပြန်ရ၏၊ မြင်းကုန်သည်ငါးရာကိုကျွင် မြင်းစာဘို့ပါသောမုယောဆွမ်းကိုလှူ၍ ဝါတွင်း သုံးလပတ်လုံး သံဃာတော်ငါးရာနှင့်တကွ မုယောဆွမ်းကိုသာ ဘုဉ်းပေးတော်မူရချေ၏။

## ခါးတော်နာရသောဝိပါက်

၅၉၀-မေး။ ။ခါးတော်ကျင်နာရချေသော ဝိပါက်တော်ကား အဘယ်မကောင်းမှုကြောင့်နည်း။

၅၉၀-ဖြေ။ ။လွန်လေပြီးသောအခါ ငါတို့ဘုရား အလောင်းတော်သည် သူကြွယ်အမျိုး၌ဖြစ်၍ အလွန်ခွန်အားစွမ်းပကားနှင့် ပြည့်စုံစွာ၏၊ တရံရောအခါ ခင်းရင်ပြင်၌ သဘင်ကြရာဝယ် လက်ဝှေ့အရာ၌ ကျော်စော၍ထင်ရှားသောသူရဲကြီးတယောက်နှင့် တွေ့ကြလတ်သော် ငါတို့ဘုရားအလောင်းတော်ကား ကွလည်းကွ၏၊လှီလည်း[illegible]၏၊ ထိုသူကိုသူရဲကြီးမြင်၍ ရယ်သွမ်းသွေးလေ၏၊ထိုအခါ ဘုရားလောင်းသည်သူရဲကြီးခြေနှစ်ဘက်ကို ကိုင်၍ ခေါင်းထက်ပတ်ပတ်လှည့်ပြီးမှ မြေတွင်ချ၍ခါးကိုချိုးလေ၏၊ မင်း

နှင့်တကွ ပြည်သူအပေါင်းတို့လည်း ဝမ်းမြောက်ဝမ်းသာ ကောင်းချီးဖြင့် ကြွေးကြော်၍ အဝတ်တန်းဆာ ငွေများစွာ ပူဇော်ကုန်၏၊ ဘုရား အလောင်းလည်းထိုသူရဲကြီး၏ခါးကို တည့်အောင်ပြင်ပြီးမှ လွှတ်လိုက်၏၊ ထိုမကောင်းမှုကြောင့်ဘဝအဆက်ဆက်ရံခါ ခါးတော်နာရချေ၏၊ အဆုံးစွန်သောကိုယ်တော်မြတ်အဖြစ်၌ရံဘန်ခါးတော်ကျောင်နာရချေသတည်း။

## ဝမ်းတော်လားရသောဝိပါက်

၃၉၁-မေး။ ။ဝမ်းတော်လားရသော ဝိပါက်တော်ကား အဘယ် မကောင်းမှုကြောင့်နည်း။

၃၉၁-ဖြေ။ ။ငါတို့ဘုရားအလောင်းတော်သည် ရှေးသံသရာဘဝ၌ ဆေးသမားဖြစ်၍ သူဌေးသားနာသည်ကိုကု၏၊ အနာပျောက်လျှင် ဆေးခမပေး၍ ဝမ်းကျဆေးထပ်၍ပေးလေသဖြင့် ပြင်းစွာသော ဝမ်းကိုကျစေ၏၊ ထိုမကောင်းမှုကြောင့်ဘဝအဆက်ဆက်၌ ဝမ်းကျဝမ်းသွန်သောအနာဖြင့် ဆင်းရဲကြီးစွာခံရချေ၏၊အဆုံးစွန်သောကိုယ်တော်အဖြစ်၌ ဝမ်းသွန်သော ရောဂါဝေဒနာနှိပ်စက်၍ ဆင်းရဲကြီးစွာခံတော်မူရချေ၏။

ဘုရားသခင်ဝိပါက်တော်တဆဲ့နှစ်ပါးပြီး၏။

[ဘုရား,ပစ္စေကဗုဒ္ဓါတို့ကား ဝါသနာကိုသာ ပယ်နိုင်၏၊ ဝိပါက်တော်ကိုပယ်တော်မမူနိုင်ချေ၊ အဂ္ဂသာဝက, မဟာသာဝကတို့ကား ဝါသနာ,ဝိပါက်နှစ်ပါးလုံးကိုပင် မပယ်နိုင်ချေ ။ဤသို့သောစကား အထူးကိုလည်းမှတ်ရာ၏၊ ဝါသနာကား ကုသိုလ်, အကုသိုလ်တို့၏ အကျိုးတည်း၊ ဝိပါက်ကား အကုသိုလ်၏အကျိုးဆက်သာတည်း၊ ဤသို့လျှင်ထူး၏ဟုမှတ်။ ။အရှင်သာရိပုတြာမထေရ်သည် မျောက်ဖြစ်သောဘဝနီးစပ်ချေသောကြောင့် ချောင်းငယ်, မြောင်းငယ် တွေ့သော် ခုန်၍ကြွတော်မူယောင်ပြုချေသတည်း၊ ဤကား အကုသိုလ်၏ အကျိုး ဝါသနာတည်း။]

## အရှင်သာရိပုတြာသွေးအန်ရသောဝိပါက်

၃၉၂-မေး။ ။အရှင်သာရိပုတြာသည် ပရိနိဗ္ဗာန်ယူခါနီး၌ သွေးအန်တော်မူရသောဝိပါက်ကား အဘယ်မကောင်းမှုကြောင့်နည်း။

၃၉၂-ဖြေ။ ။ရှေးလွန်လေပြီးသော သံသရာဘဝ၌ ပိုးတိုက်သမားဖြစ်၍ သွေးဝလျှင်ပိုးကိုညှစ်၍ညှစ်၍ပစ်ချေသတည်း၊ ထိုသို့ပြုဘူးသောမကောင်းမှုကြောင့် သွေးအန်တော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူရချေသတည်း။

## အရှင်မောဂ္ဂလာန် ခိုးသားငါးရာ အရိုက်ခံရသော ဝိပါက်

၅၉၃-မေး။ ။အရှင်မဟာမောဂ္ဂလာန်ကိုလည်း ခိုးသား ငါးရာတို့ မုန့်မုန့်ညက်ညက်ရိုက်လေ၍ အရိုးတို့သည်ဆန်လုံးမျှသာကြွင်းကုန်၏၊ ဤသို့ဆင်းရဲကြီးစွာ၍ ပရိနိဗ္ဗာန်ပြုတော်မူရသော ဝိပါက်ကား အဘယ်မကောင်းမှုကြောင့်နည်း။

၅၉၃-ဖြေ။ ။ရှေးသံသရာဘဝ၌ အရှင်မဟာမောဂ္ဂလာန် အလောင်းတော်သည် မိန်းမစကားကိုလိုက်နာ၍ မပြစ်မှားအပ်သော မိဘတို့ကို တောအရပ်သို့ခေါ်၍ သေအောင်သတ်ဘူးလေသော မကောင်းမှုကြောင့် အဝီစိငရဲ၌ခံရ၏၊ အပြစ်ငါးရာ, အဘန်ငါးရာလည်း သူတပါးသတ်၍ သေရချေ၏၊ အဆုံးစွန်သောဤဘဝ၌ကား ကာဠသိလာလိုဏ်၌နေတော်မူခိုက် တိတ္ထိတို့တံစိုးကိုစား၍ ခိုးသားငါးရာတို့ရိုက်နှက်၍ မုန့်မုန့်ညက်ညက်ကြေလေ၏၊ အရိုးဆန်လုံးမျှသာ ကြွင်းကျန်သတည်း၊ ခိုးသားတို့သွားလေပြီးမှ ဈာန်သမာပတ်ဖြင့် ကိုယ်တော်ကို ရစ်စည်း၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ ဘုရားသခင်ခြေတော်စုံကိုဦးတိုက်လျှက် အခွင့်တောင်းပြီးမှ ပရိနိဗ္ဗာန်ပြုလေ၏။

## ဘုရားဟူသမျှမတူကြသည် ၈-ပါး

၅၉၄-မေး။ ။ဘုရားဟူသမျှ မတူကြသည်ရှစ်ပါးကား အဘယ်နည်း။

၅၉၄-ဖြေ။ ။(၁) အသက်တော်။ (၆) တော ထွက်တော်မူသော အနိက် စီးသောယာဉ်။
(၂) အရပ်တော်။
(၃) အမျိုးတော်။
(၄) ဒုက္ကရစရိယာ။ (၇) ဗောဓိပင်။
(၅) ရောင်ခြည်တော်။ (၈) ပလ္လင်တော်မတူကြ။

ဤသည်လျှင် ဘုရားဟူသမျှ မတူကြသည်ရှစ်ပါးတည်း။

[ဤစကားရပ်ကိုရည်၍ ရှေးဆရာမြတ်တို့လည်း–
''ပလ္လင်နိမ့်မြင့်၊အကျင့်တိုရှည်၊ ဆိုစသည်ကား၊ တရည်တည်းပင်၊ တူချင်မှဲ့ဘဲ၊ ကွဲလွဲထူးခြား၊ ရှစ်ပါးသောက်စင်၊ ဟောရေးဖြင်ခဲ့''ဟု စပ်တော်မူသည်။

တကျက်ရာဘုရားကား ဒုက္ခရစရိယာခုနစ်ရက် ကျင့်တော်မူ၍၊ စရည်းပင်၌ပွင့်တော်မူ၍၊ အသက်တော်ရှစ်သောင်းနေတော်မူ၏။

မေဓက်ရာဘုရားကား ဒုက္ခရစရိယာလခွဲကျင့်တော်မူ၍၊ ပေါက်ပန်းပင်၌ပွင့်တော်မူ၍၊ သက်တော်ကိုးသောင်းနေတော်မူ၏။

သရဏက်ရာဘုရားကား ဒုက္ခရစရိယာတလကျင့်တော်မူ၍၊သခွတ်ပင်၌ပွင့်တော်မူ၍၊သက်တော်ရှစ်သောင်းနေတော်မူ၏။]

### သက်တော်တသိန်းနေသော ဘုရား၉-ဆူ

၅၉၅-မေး။ ။ဒီပင်္ကရာဘုရားရှင်မှစ၍ ငါတို့ဘုရားရှင် တိုင်အောင် နှစ်ကျိပ်ငါးဆူသော ဘုရားတို့တွင် သက်တော်တသိန်းနေတော်မူသောဘုရားကား အဘယ်မည်သော ဘုရားတို့နည်း။

၅၉၅-ဖြေ။ ။(၁) ဒီပင်္ကရာ။
(၂) ကောဏ္ဍည။
(၃) အနောမဒဿီ။
(၄) ပဒုမ။
(၅) ပဒုမုတ္တိုရ်။
(၆) အတ္ထဒဿီ။
(၇) ဓမ္မဒဿီ။
(၈) သိဒ္ဓတ်။
(၉) တိဿ။

ဤသည်လျှင် အသက်တော် တသိန်းနေတော်မူသော ကိုးဆူသော ဘုရားရှင်တို့တည်း။

### သက်တော်၉-သောင်းနေသော ဘုရား ၈-ဆူ

၅၉၆-မေး။ ။သက်တော်ကိုးသောင်း နေတော်မူသော ဘုရားတို့ကား အဘယ်ဘုရားတို့နည်း။

၅၉၆-ဖြေ။ ။(၁) မင်္ဂလ။
(၂) သုမန။
(၃) သောဘိတ။
(၄) နာရဒ။
(၅) သုမေဓာ။
(၆) သုဇာတာ။
(၇) ပိယဒဿီ။
(၈) ဖုဿ။

ဤသည်လျှင် သက်တော်ကိုးသောင်းနေတော်မူသော ရှစ်ဆူသောဘုရားတို့တည်း။

### သက်တော်၆-သောင်းနေသော ဘုရား ၂-ဆူ

၅၉၇-မေး။ ။သက်တော်ခြောက်သောင်း နေတော်မူသော ဘုရားတို့ကား-အဘယ်ဘုရားတို့နည်း။

၅၉၇-ဖြေ။ ။(၁) ရေဝတ။ (၂) ဝေဿဘူ။
ဤသည်လျှင် သက်တော် ၆-သောင်းနေတော်မူသော နှစ်ဆူသော ဘုရားတို့တည်း။

သက်တော် ၈-သောင်းနေသော ဝိပဿိဘုရား

၅၉၈-မေး။ ။သက်တော် ရှစ်သောင်းနေတော်မူသော ဘုရားကား-အဘယ်ဘုရားနည်း။

၅၉၈-ဖြေ။ ။ဝိပဿိဘုရားတည်း။

သက်တော် ၇-သောင်းနေသော သိခိဘုရား

၅၉၉-မေး။ ။သက်တော် ခုနစ်သောင်းခနေတော်မူသော ဘုရားကား-အဘယ်ဘုရားနည်း။

၅၉၉-ဖြေ။ ။သိခိဘုရားသခင်တည်း။

သက်တော် ၄-သောင်းနေသောကကုသန်ဘုရား

၆၀၀-မေး။ ။သက်တော် လေးသောင်း နေတော်မူသော ဘုရားကား-အဘယ်ဘုရားနည်း။

၆၀၀-ဖြေ။ ။ကကုသန်ဘုရားတည်း။

သက်တော် ၃-သောင်းနေသောကောဏာဂုံဘုရား

၆၀၁-မေး။ ။သက်တော်သုံးသောင်းနေတော်မူသော ဘုရားကား-အဘယ်ဘုရားနည်း။

၆၀၁-ဖြေ။ ။ကောဏာဂုံဘုရားတည်း။

သက်တော် ၂-သောင်းနေသောကဿပဘုရား

၆၀၂-မေး။ ။သက်တော် နှစ်သောင်း နေတော်မူသော ဘုရားကား-အဘယ်ဘုရားနည်း။

၆၀၂-ဖြေ။ ။ကဿပဘုရားသခင်တည်း။

[ငါတို့ဘုရားသခင်ကား-တရာတမ်းတွင်ပွင့်တော်မူ၍ သက်တော် ရှစ်ဆယ်သာနေတော်မူသည်၊ ဤသို့လျှင် သက်တော်မတူကြဟူ၍မှတ်ရာသတည်း။]

အရပ်တော် အတောင် ၈၀-ရှိသောဘုရား ၆-ဆူ

၆၀၃-မေး။ ။အရပ်တော် အတောင်ရှစ်ဆယ်ရှိသော ဘုရားသခင်ကား-အဘယ်ဘုရားနည်း။

၆၀၃-ဖြေ။ ။(၁) ဒီပင်္ကရာ။ (၄) အတ္ထဒဿီ။
(၂) ရေဝတ။ (၅) ဓမ္မဒဿီ။
(၃) ပိယဒဿီ။ (၆) ဝိပဿီ။

ဤသည်လျှင် အရပ်တော်အတောင် ရှစ်ဆယ်ရှိ ခြောက်ဆူသောဘုရားတို့တည်း။

**အရပ်တော် ၈၈-တောင်ရှိသောဘုရား ၄-ဆူ**

၆၀၄-မေး။ ။အရပ်တော်ရှစ်ဆဲ့ရှစ်တောင်ရှိသော ဘုရားတို့ကား-အဘယ်ဘုရားနည်း။

၆၀၄-ဖြေ။ ။(၁) ကောဏ္ဍည။ (၃) နာရဒ။
(၂) မင်္ဂလ။ (၄) သုမေဓာ။

ဤသည်လျှင်အတောင်ရှစ်ဆဲ့ရှစ်တောင်ရှိလေးဆူသောဘုရားတို့တည်း။

**အရပ်တော် အတောင်၉၀-ရှိသော သုမန ဘုရား**

၆၀၅-မေး။ ။အရပ်တော် အတောင် ကိုးဆယ်ရှိသော ဘုရားတို့ကား-အဘယ်ဘုရားနည်း။

၆၀၅-ဖြေ။ ။သုမနဘုရားသခင်တည်း။

**အရပ်တော် အတောင်၆၀-ရှိသော ဘုရား ၃-ဆူ**

၆၀၆-မေး။ ။အရပ်တော် အတောင် ခြောက်ဆယ်ရှိသော ဘုရားတို့ကား-အဘယ်ဘုရားနည်း။

၆၀၆-ဖြေ။ ။(၁) သိဒ္ဓတ္ထ။ (၂) တိဿ။ (၃) ဝေဿဘူ။

ဤသည်လျှင် အတောင် ၆၀-ရှိ သုံးဆူသောဘုရားသခင်တို့တည်း။

**အရပ်တော် ၈၅-တောင်ရှိသောဘုရား ၅-ဆူ**

၆၀၇-မေး။ ။အရပ်တော် အတောင် ရှစ်ဆဲ့ငါးတောင်ရှိသော ဘုရားတို့ကား-အဘယ်ဘုရားနည်း။

၆၀၇-ဖြေ။ ။(၁) သောဘိတ။ (၂) အနောမဒဿီ။ (၃) ပဒုမ။ (၄) ပဒုမုတ္တရ, (၅) ဖုဿ။

ဤသည်လျှင် အရပ်တော် ၈၅-တောင်ရှိ ဘုရားငါးဆူတို့တည်း။

**အရပ်တော် အတောင် ၅၀-ရှိသော သုဇာတဘုရား**

၆၀၈-မေး။ ။အရပ်တော်အတောင် ငါးဆယ်ရှိသော ဘုရားကား-အဘယ်ဘုရားနည်း။

၆၀၈-ဖြေ။ ။သုဇာတဘုရားသခင်တည်း။

အရပ်တော်အတောင် ၇၀-ရှိသော သိခ်ီဘုရား

၆၀၉-မေး။ ။အရပ်တော် အတောင် ခုနစ်ဆယ်ရှိသော ဘုရားကား-အဘယ်ဘုရားနည်း။

၆၀၉-ဖြေ။ ။သိခ်ီဘုရားသခင်တည်း။

အရပ်တော်အတောင် ၄၀-ရှိသော ကကုသန်ဘုရား

၆၁၀-မေး။ ။အရပ်တော် အတောင်လေးဆယ်ရှိသော ဘုရားကား-အဘယ်ဘုရားနည်း။

၆၁၀-ဖြေ။ ။ကကုသန်ဘုရားတည်း။

အရပ်တော်အတောင် ၃၀ ရှိသော ကောဏာဂုံဘုရား

၆၁၁-မေး။ ။အရပ်တော် အတောင်သုံးဆယ်ရှိသော ဘုရားကား-အဘယ်ဘုရားနည်း။

၆၁၁-ဖြေ။ ။ကောဏာဂုံဘုရားတည်း။

အရပ်တော်အတောင် ၂၀-ရှိသော ကဿပဘုရား

၆၁၂-မေး။ ။အရပ်တော်အတောင်နှစ်ဆယ်ရှိသော ဘုရားကား-အဘယ်ဘုရားနည်း။

၆၁၂-ဖြေ။ ။ကဿပဘုရားတည်း။

အရပ်တော် ၁၈-တောင်ရှိသော ဂေါတမဘုရား

၆၁၃-မေး။ ။ငါတို့ဘုရားသခင်အရပ်တော်ကား-အတောင်အဘယ်မျှရှိသနည်း။

၆၁၃-ဖြေ။ ။တဆဲ့ရှစ်တောင်ရှိသတည်း။

[ဤသို့လျှင် အရပ်တော်မတူကြဟူ၍ မှတ်ကုန်ရာသတည်း။]

အမျိုးမတူသော ဘုရားရှင်များ

၆၁၄-မေး။ ။အမျိုးမတူကြသည်ကား-အဘယ်နည်း။

၆၁၄-ဖြေ။ ။ဒီပင်္ကရာဘုရားမှသည် အစဉ်အတိုင်း နှစ်ကျိပ်နှစ်ဆူကုန်သော ဘုရားတို့ကား-မင်းမျိုး၌သာ ဖြစ်တော်မူကုန်၏၊ ကကုသန်, ကောဏာဂုံ, ကဿပ၊ဤဘုရားသုံးဆူတို့ကား ပုဏ္ဏားမျိုး၌ ဖြစ်တော်မူကုန်၏။

ဤသို့လျှင် အမျိုးတော်မတူကြသောဘုရားရှင်တို့မည်သတည်း။

### ဒုက္ကရစရိယာမတူသောဘုရားရှင်များ

၆၁၅-မေး။ ။ဒုက္ကရစရိယာ အကျင့်မတူကြသည်ကား- အဘယ်နည်း။

၆၁၅-ဖြေ။ ။ဒီပင်္ကရာ, ကောဏ္ဍည, သုမန, အနောမဒဿီ, သုဇာတ,သိဒ္ဓတ်,ကကုသန်၊ဤဘုရားတို့ကား- ဒုက္ကရစရိယာ ဆယ်လသာ ကျင့်တော်မူ၏။

မင်္ဂလ,သုမေဓ,တိဿ,သိခီ၊ ဤဘုရားတို့ကား- ရှစ်လဒုက္ကရစရိယာ ကျင့်တော်မူ၏။

ရေဝတဘုရားကား-ခုနစ်လကျင့်တော်မူ၏။

သောဘိတဘုရားကား-လေးလကျင့်တော်မူ၏။

ပဒုမ,အတ္ထဒဿီ,ဝိပဿီ၊ဤဘုရားရှင်တို့ကား-လခွဲကျင့်တော်မူ၏။

နာရဒ,ပဒုမုတ္တရ,ဓမ္မဒဿီ, ကဿပ၊ ဤဘုရားတို့ကား ခုနစ်ရက်ကျင့်တော်မူ၏။

ပိယဒဿီ,ဖုဿ,ဝေဿဘူ,ကောဏာဂုံ၊ ဤဘုရားတို့ကား ခြောက်လ ကျင့်တော်မူ၏။

ငါတို့ဘုရားကား ခြောက်နှစ်ကျင့်တော်မူ၏။

ဤသို့လျှင် ဒုက္ကရစရိယာအကျင့်မတူသတည်း။

### နေ့ညဥ့်မပြတ်ရောင်တော်ထွန်းသောဘုရား၂-ဆူ

၆၁၆-မေး။ ။အရောင်တော် စကြဝဠာတသောင်း နေ့ညဥ့်မပြတ် ထွန်းသောဘုရားရှင်ကား အဘယ်ဘုရားနည်း။

၆၁၆-ဖြေ။ ။ဒီပင်္ကရာ, မင်္ဂလ၊ ဤဘုရားနှစ်ဆူတို့၏ အရောင်တော်ကား စကြဝဠာတသောင်းထွန်း၏။

### အရောင်တော် ၁၂-ယူဇနာထွန်းသောပဒုမုတ္တိုရ်ဘုရား

၆၁၇-မေး။ ။အရောင်တော်တဆဲ့နှစ်ယူဇနာထွန်းသောဘုရားရှင်ကား အဘယ်ဘုရားနည်း။

၆၁၇-ဖြေ။ ။ပဒုမုတ္တိုရ် ဘုရားသခင်တည်း။ ။

### အရောင်တော် ၇-ယူဇနာထွန်းသော ဝိပဿီဘုရား

၆၁၈-မေး။ ။အရောင်တော် ခုနစ်ယူဇနာထွန်းသောဘုရားရှင်ကား အဘယ်ဘုရားရှင်နည်း။

၆၁၈-ဖြေ။ ။ဝိပဿီဘုရားသခင်တည်း။

## ၁၀-ယူဇနာထွန်းသော ဘုရားရှင်များ

၆၁၉-မေး။ ။ဆယ်ယူဇနာထွန်းသော ဘုရားရှင်တို့ကား အဘယ် ဘုရားရှင်တို့နည်း။

၆၁၉-ဖြေ။ ။(၁) သိဒ္ဓိ။ (၂) တိဿ။ (၃) ကကုသန်။
ဤသည်လျှင် ၁၀-ယူဇနာထွန်းသော သုံးဆူသောဘုရားရှင်တို့တည်း။

[ငါတို့ဘုရားသခင် အရောင်တော်သည်ကား ထက်ဝန်းကျင် အတောင်ရှစ်ဆယ်ထွန်း၏၊ ထိုမှတပါးသော ဘုရားရှင်တို့၏အရောင်တော်ကား အတိုင်းအရှည်အမှတ်မရှိ၊ အလိုတော်ရှိသရွေ့ နှံ့လေသတည်း၊ဤသို့လျှင် အရောင်တော်မတူကြသတည်း။]

## ဆင်ယာဉ်စီး၍ တောထွက်သော ဘုရားရှင်များ

၆၂၀-မေး။ ။ဆင်ယာဉ်စီး၍ တောထွက်တော်မူသော ဘုရားကား အဘယ်ဘုရားတို့နည်း။

၆၂၀-ဖြေ။ ။ဒီပင်္ကရာ,သုမန,သုမေဓာ,ဖုဿ,သိခီ,ကောဏာဂုံ။
ဤဘုရားတို့ကား ဆင်ယာဉ်စီး၍ တောထွက်တော်မူသတည်း။

## ရထားယာဉ်စီး၍ တောထွက်သော ဘုရားရှင်များ

၆၂၁-မေး။ ။ရထားယာဉ်စီး၍တောထွက်တော်မူသော ဘုရားကား အဘယ်ဘုရားတို့နည်း။

၆၂၁-ဖြေ။ ။ကောဏ္ဍည,ရေဝတ,ပဒုမ,ပိယဒဿီ, ဝိပဿီ, ကကုသန်။
ဤသည်လျှင် ရထားယာဉ်စီး၍ တောထွက်သော ဘုရားရှင်တို့တည်း။

## မြင်းယာဉ်စီး၍ တောထွက်သော ဘုရားရှင်များ

၆၂၂-မေး။ ။မြင်းယာဉ်စီး၍ တောထွက်တော်မူသော ဘုရားကား အဘယ်တို့နည်း။

၆၂၂-ဖြေ။ ။မင်္ဂလ,သုဇာတာ,အတ္ထဒဿီ,တိဿ, ငါတို့ဘုရား။
ဤသည်လျှင် မြင်းယာဉ်စီး၍ တောထွက်သော ဘုရားရှင်တို့တည်း။

## ထမ်းစင်စီး၍ တောထွက်သော ဘုရားရှင်များ

၆၂၃-မေး။ ။ထမ်းစင်စီး၍ တောထွက်တော်မူသော ဘုရားကား အဘယ်တို့နည်း။

၆၂၃-ဖြေ။ ။အနောမဒဿီ,သိဒ္ဓတ်,ဝေဿဘူ။
ဤသည်လျှင် ထမ်းစင်စီး၍ တောထွက်သော ဘုရားတို့တည်း။

## ပြာသာဒ်စီး၍ တောထွက်သော ဘုရားရှင်များ

၆၂၄-မေး။ ။ပြာသာဒ်စီး၍ တောထွက်တော်မူသော ဘုရားကား အဘယ်တို့နည်း။

၆၂၄-ဖြေ။ ။ဓမ္မဒဿီ,သောဘိတ,ပဒုမုတ္တရ,ကဿပ။
ဤသည်လျှင် ပြာသာဒ်စီး၍ တောထွက်သော ဘုရားတို့တည်း။
နာရဒဘုရားကား- ခြေဖြင့်သွား၍ တောထွက်တော်မူသတည်း။
ဤသို့လျှင် တောထွက်တော်မူသောယာဉ် မတူကြဟု မှတ်အပ်၏။

## ဘုရားရှင်တို့ ပွင့်တော်မူရာ သစ်ပင်များ

၆၂၅-မေး။ ။ပွင့်တော်မူသော သစ်ပင်မတူကြသည်ကား အဘယ်နည်း။

၆၂၅-ဖြေ။ ။ဒီပင်္ကရာဘုရားကား ညောင်ကြတ်ပင်၌ ပွင့်တော်မူ၏။

ကောဏ္ဍည ဘုရားကား- သာလကလျာဏီပင်၌ ပွင့်တော်မူ၏။

မင်္ဂလ,သုမန,ရေဝတ,သောဘိတ ဤဘုရားတို့ကား- ကံ့ကော်ပင်၌ ပွင့်တော်မူကုန်၏။

အနောမဒဿီဘုရားရှင်ကား-ထောက်ကြံ့ပင်၌ ပွင့်တော်မူ၏။

ပဒုမ,နာရဒ ဤဘုရားနှစ်ဆူကား-ကြောင်လျှာပင်၌ ပွင့်တော်မူ၏။

ပဒုမုတ္တရဘုရားကား ထင်းရှူးပင်၌ ပွင့်တော်မူ၏။

သုမေဓာဘုရားကား-တမာပင်၌ ပွင့်တော်မူ၏။

သုဇာတာဘုရားကား-ကြခတ်ဝါးပင်၌ပွင့်တော်မူ၏။

ပိယဒဿီဘုရားကား- ရှိရှားပင်၌ ပွင့်တော်မူ၏။

အတ္ထဒဿီဘုရားကား-တမာပင်၌ ပွင့်တော်မူ၏။

ဓမ္မဒဿီဘုရားကား- မျက်နှာပန်းပင်၌ ပွင့်တော်မူ၏။

သိဒ္ဓတ်ဘုရားကား- မဟာလှေကားပင်၌ ပွင့်တော်မူ၏။

တိဿဘုရားရှင်ကား-ပိတောက်ပင်၌ ပွင့်တော်မူ၏။

ဖုဿဘုရားကား-သရက်ဖြူပင်၌ ပွင့်တော်မူ၏။

ဝိပဿီဘုရားကား-သခွတ်ပင်၌ ပွင့်တော်မူ၏။

သိခီဘုရားကား-ပုန်းညက်ပင်၌ ပွင့်တော်မူ၏။

ဝေဿဘူဘုရားကား-အင်ကြင်းပင်၌ ပွင့်တော်မူ၏။

ကကုသန်ဘုရားကား-ကုတ်ကိုပင်၌ ပွင့်တော်မူ၏။

ကောဏာဂုံဘုရားရှင်ကား- ရေသဖန်းပင်၌ ပွင့်တော်မူ၏။

ကဿပဘုရားကား ပညောင်ပင်၌ ပွင့်တော်မူ၏။

ဂေါတမဘုရားရှင်ကား ညောင်ဗုဒ္ဓဟေပင်၌ ပွင့်တော်မူ၏။

ဤသို့လျှင် ပွင့်တော်မူသောသစ်ပင် မတူကြ။

## ဘုရားရှင်တို့ ပလ္လင်တော် ပမာဏ

**၆၂၆-မေး။** ။ပလ္လင်တော်အဘယ်သို့ မတူသနည်း။

**၆၂၆-ဖြေ။** ။ဒီပင်္ကရာဘုရားမြတ်စွာ၏ပလ္လင်တော်ကား အတောင် ငါးဆယ်ရှိ၏။

ရေဝတ, ပိယဒဿီ, အတ္ထဒဿီ, ဓမ္မဒဿီ, ဝိပဿီ ဘုရားတို့၏ ပလ္လင်တော်ကား ငါးဆဲ့သုံးတောင်ရှိ၏။

ကောဏ္ဍည, မင်္ဂလ, နာရဒ, သုမေဓာဘုရားရှင်တို့၏ ပလ္လင်ကား ငါးဆဲ့ရှစ်တောင်ရှိ၏။

သုမနဘုရား၏ပလ္လင်ကား အတောင်ခြောက်ဆယ်ရှိ၏။

သောဘိတ, အနောမဒဿီ, ပဒုမ, ပဒုမုတ္တိုရ်, ဖုဿ ဤဘုရားတို့၏ ပလ္လင်ကား သုံးဆဲ့ရှစ်တောင်တော်ရှိ၏။

သုဇာတာဘုရားသခင်၏ ပလ္လင်ကား အတောင် သုံးဆယ်ရှိ၏။

သိခီဘုရား၏ပလ္လင်တော်ကား ငါးဆဲ့လေး တောင်ရှိ၏။

သိဒ္ဓတ်, ဝေဿဘူ, တိဿ ဤဘုရားတို့၏ ပလ္လင်ကား အတောင် လေးဆယ်ရှိ၏။

ကကုသန်ဘုရား၏ ပလ္လင်တော်ကား နှစ်ဆဲ့ခြောက်တောင် ရှိ၏။

ကောဏာဂုံဘုရား၏ ပလ္လင်တော်ကား အတောင်နှစ်ဆယ်ရှိ၏။
ကဿပဘုရား၏ပလ္လင်တော်ကား တဆဲ့ငါးတောင်ရှိ၏၊
ငါတို့ဘုရား၏ ပလ္လင်တော်ကား တဆဲ့လေးတောင်ရှိ၏။
ဤသို့လျှင် ပလ္လင်တော် နိမ့်မြင့် မတူကြသတည်း။

**ဘုရားဟူသမျှ မစွန့်အပ်သည် ၄-ပါး**

၆၂၇-မေး။ ။ဘုရား ဟူသမျှ မစွန့်အပ်သည် လေးပါးကား အဘယ်နည်း။

၆၂၇-ဖြေ။ ။(၁) ဗောဓိပင်၌ ပလ္လင်တော်ရာ။
(၂) ဓမ္မစကြာတရား ဟောရာ။
(၃) နတ်ပြည်မှ သက်တော်မူသောအခါ ပဌမခြေတော် ချတော်မူရာ။
(၄) ဇေတဝန် ကျောင်းတော်၌ ညောင်စောင်းခြေလေးခုရာ။

ဤသည်လျှင် မစွန့်အပ်သည်လေးပါးသော ဌာနတည်း။

**ဘုရားအလောင်း ၃-ပါး**

၆၂၈-မေး။ ။ဘုရားလောင်း သုံးပါးကား အဘယ်နည်း။

၆၂၈-ဖြေ။ ။(၁) ဥဃ္ဃဋိတညူ။ (၂) ဝိပဉ္စိတညူ။
(၃) နေယျ။

ဤသည်လျှင် ဘုရားအလောင်း သုံးယောက်တည်း။

[ပညာဓိက ဘုရားလောင်းကား ဥဃ္ဃဋိတညူမည်၏၊ သဒ္ဓါဓိက ဘုရားလောင်းကား ဝိပဉ္စိတညူမည်၏၊ ဝီရိယာဓိက ဘုရားလောင်းကား နေယျ မည်၏၊ ဤသို့လည်း အထူးမှတ်ကုန်ရာသည်။]

**ပိဋကတ်၃-ပုံ အာဂုံဆောင်ခဲ့သော နှစ်ကာလ**

၆၂၉-မေး။ ။ဘုရားမြတ်စွာ ဟောတော်မူသော ပိဋကတ်သုံးပုံကိုပေ၌ မရေးမတင်မူ၍ နှုတ်ကျက်သာရဟန္တာ အရှင်မြတ်တို့ဆောင်ရွက်တော်မူသည်ကား ဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူသည့်နောက် အတိမျှလောက် သက္ကရာဇ် တိုင်အောင် ဆောင်တော်မူလေသနည်း။

၆၂၉-ဖြေ။ ။သာသနာတော် အနှစ် လေးရာ ငါးဆယ် တိုင်အောင် ပိဋကတ်ကို နှုတ်ဝယ် ဆောင်တော်မူသည်။

## ပိဋကတ်၃-ပုံ ပေထက်အက္ခရာ တင်ရာဌာနနှင့် ကာလ

၆၃၀-မေး။ ။အဘယ် မည်သောပြည်, အဘယ်မည်သော မင်းလက်ထက် ပေ၌ရေးသားလေကုန်သနည်း။

၆၃၀-ဖြေ။ ။သီဟိုဠ်ကျွန်း၌ မင်းဆက် တကျိပ်ခြောက်ဆက် စေ့လတ်သောအခါ ဝဋ္ဋဂါမဏိ မင်းကြီး၏ လက်ထက်တွင် ပိဋကတ်ကိုမဆောင်နိုင်အံ့သည်ကိုမြင်၍ အရှည်တည်စိမ့်သောငှါ ရဟန္တာသခင်အရှင်မြတ်အပေါင်းတို့သည် ပေ၌ရေးသားတင်ခဲ့ကုန်သတည်း။

## ပိဋကတ် ၃-ပုံ ဆောင်ယူခဲ့သော အရှင်မဟာဗုဒ္ဓဃောသ

၆၃၁-မေး။ ။သီဟိုဠ်ကျွန်း၌ ရေးသားခဲ့သောပိဋကတ်သုံးပုံကို အဘယ်မည်သော ပုဂ္ဂိုလ်မြတ်သည် ရေးကူး၍ ငါတို့ဇမ္ဗူဒိပ်ကျွန်းသို့ ရောက်လေသနည်း။

၆၃၁-ဖြေ။ ။သာသနာတော် ကိုးရာ သုံးဆယ်လွန်၍ မင်းခြောက်ဆဲ့ခြောက်ဆက်စေ့လတ်သောအခါ သီဟိုဠ်ဘာသာဖြင့်ထားလေသော ပိဋကတ်ကိုမဟာနာမမင်း၏လက်ထက် ဗုဒ္ဓဃောသအမည်ရှိသော ပုဂ္ဂိုလ် မဟာထေရ်မြတ်သည် မာဂဓဘာသာဖြင့် ပြန်၍ သီဟိုဠ်ကျွန်းမှ ရေးကူးဆောင်ခဲ့၍ ဇမ္ဗူဒိပ်ကျွန်းသို့ ရောက်လေသတည်း။

## ပိဋကတ် ၃-ပုံ အမည်

၆၃၂-မေး။ ။ပိဋကတ်သုံးပုံဟူသည်ကား အဘယ်နည်း။

၆၃၂-ဖြေ။ ။(၁) ဝိနည်းပိဋကတ်။ (၂) သုတ္တန်ပိဋကတ်။ (၃) အဘိဓမ္မာပိဋကတ်။

ဤသည်လျှင် ပိဋကတ်သုံးပုံတည်း။

## ဝိနည်း ၅-ကျမ်း

၆၃၃-မေး။ ။ဝိနည်းပိဋကတ်ကား အဘယ်မျှပြားသနည်း။

၆၃၃-ဖြေ။ ။ပါရာဇိကဏ်, ပါစိတ်, မဟာဝဂ်, စူဠဝဂ်, ပရိဝါ၊ ဤသို့ ငါးကျမ်းပြား၏။

## သုတ် ၃-ကျမ်း

၆၃၄-မေး။ ။သုတ္တန်ပိဋကတ်ကား အဘယ်မျှ ပြားသနည်း။
၆၃၄-ဖြေ။ ။သုတ်သီလက္ခန်, သုတ်မဟာဝါ, သုတ်ပါထေယျ။ ဤသို့ သုံးကျမ်းပြား၏။

## အဘိဓမ္မာ ၇-ကျမ်း

၆၃၅-မေး။ ။အဘိဓမ္မာပိဋကတ်ကား အဘယ်မျှ ပြားသနည်း။
၆၃၅-ဖြေ။ ။(၁)ဓမ္မသင်္ဂဏီ။ (၂)ဝိဘင်း။ (၃)ဓာတုကထာ။ (၄)ပုဂ္ဂလပညတ်။ (၅)ကထာဝတ္ထု။ (၆)ယမိုက်။ (၇)ပဋ္ဌာန်း။ ဤသို့ ခုနစ်ကျမ်းအပြားရှိ၏။

## ပရမတ္ထ တရား ၄-ပါး

၆၃၆-မေး။ ။ပရမတ္ထတရား လေးပါးကား အဘယ်နည်း။
၆၃၆-ဖြေ။ ။(၁) စိတ်။ (၃) ရုပ်။
(၂) စေတသိက်။ (၄) နိဗ္ဗာန်။
ဤသည်လျှင် ပရမတ္ထတရား လေးပါးတည်း။

## ပရမတ်မည်ခြင်းအကြောင်း

၆၃၇-မေး။ ။ပရမတ်အဘယ့်ကြောင့် မည်လေသနည်း။
၆၃၇-ဖြေ။ ။"ပရမော အဝိပရီတော အတ္ထောတိ ပရမတ္ထော" မြတ်သော မဖောက်မပြန်သော အနက်ကြောင့်၎င်း၊ "ပရမဿ ဥတ္တမဿ ဉာဏဿ အတ္ထော ဂေါစရောတိ ပရမတ္ထော" မြတ်သော သဗ္ဗညုတဉာဏ်၏ ကျက်စားရာ အာရုံဖြစ်သောကြောင့်၎င်း ပရမတ်မည့်သတည်း။

[စိတ်ကား တခုယုတ်ကိုးဆယ်, အကျယ် တရာ့နှစ်ဆဲ့တပါး၊ စေတသိက်ကား ငါးဆဲ့နှစ်ခုတည်း။]

## လောကုတ္တရာ တရား ၉-ပါး

၆၃၈-မေး။ ။လောကုတ္တရာ တရားကိုးပါးကား အဘယ်နည်း။
၆၃၈-ဖြေ။ ။မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်ဤကိုးပါးတည်း။

## မဂ် ၄-တန်

၆၃၉-မေး။ ။မဂ်လေးတန်ကား အဘယ်နည်း။

၆၃၉-ဖြေ။ ။(၁) သောတာပတ္တိမဂ်။ (၃) အနာဂါမိမဂ်။
(၂) သကဒါဂါမိမဂ်။ (၄) အရဟတ္တမဂ်။
ဤသည်လျှင် မဂ်လေးပါးတည်း။

ဖိုလ် ၄-တန်

၆၄၀-မေး။ ။ဖိုလ်လေးတန်ကား အဘယ်နည်း။
၆၄၀-ဖြေ။ ။(၁) သောတာပတ္တိဖိုလ်။ (၃) အနာဂါမိဖိုလ်။
(၂) သကဒါဂါမိဖိုလ်, (၄) အရဟတ္တဖိုလ်။
ဤသည်လျှင် ဖိုလ်လေးပါးတည်း။

**ကုသိုလ်သမာပတ် ၈-ပါး**

၆၄၁-မေး။ ။ကုသိုလ်သမာပတ် ရှစ်ပါးကား အဘယ်နည်း။
၆၄၁-ဖြေ။ ။(၁) ရူပါဝစရကုသိုလ် ပဌမဈာန်။
(၂) ဒုတိယဈာန်။
(၃) တတိယဈာန်။
(၄) စတုတ္ထဈာန်အားဖြင့် ရူပါဝစရ ကုသိုလ် လေးခု။
(၅) အာကာသာနဉ္စာယတနကုသိုလ်။
(၆) ဝိညာဏဉ္စာယတနကုသိုလ်။
(၇) အာကိဉ္စညာယတန ကုသိုလ်။
(၈) နေဝသညာ နာသညာယတန ကုသိုလ်အား ဖြင့် အရူပါဝစရ ကုသိုလ်လေးခု။
ပေါင်းရှစ်ပါးသောတရားသည်လျှင် ကုသိုလ်သမာပတ်ရှစ်ပါးတည်း။
[ဤသမာပတ်ရှစ်ပါးကား ပုထုဇဉ်သေက္ခတို့၌သာ ဖြစ်၏။]

**ကြိယာ သမာပတ် ၈-ပါး**

၆၄၂-မေး။ ။ကြိယာသမာပတ်ရှစ်ပါးကား အဘယ်နည်း။
၆၄၂-ဖြေ။ ။(၁) ရူပါဝစရကြိယာပဌမဈာန်။ (၃) တတိယဈာန်။
(၂) ဒုတိယဈာန်။
(၄) စတုတ္ထဈာန်။
အားဖြင့် ရူပါဝစရ ကြိယာလေးခု။

(၅) အာကာသာနဉ္စာယတနကြိယာ။
(၆) ဝိညာဏဉ္စာယတနကြိယာ။
(၇) အာကိဉ္စညာယတနကြိယာ။
(၈) နေဝသညာနာသညာယတန ကြိယာအားဖြင့် အရူပကြိယာလေးခု။

ပေါင်း ရှစ်ပါးသောတရားသည်လျှင် ကြိယာသမာပတ် ရှစ်ပါးတည်း။

[ဤကြိယာသမာပတ် ရှစ်ပါးကား ရဟန္တာတို့သာ ရသတည်း။]

## သေက္ခပုဂ္ဂိုလ် ၇-ယောက်

၆၄၃-မေး။ ။သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်ကား အဘယ်နည်း။

၆၄၃-ဖြေ။ ။(၁) သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။
(၂) သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။
(၃) အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။
(၄) အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။
(၅) သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်။
(၆) သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။
(၇) အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။

ဤသည်လျှင် သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တည်း။

[အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ကား အသေက္ခပုဂ္ဂိုလ်မည်သတည်း။]

## နိရောဓသမာပတ် ဝင်စားနိုင်သူ ၂-ယောက်

၆၄၄-မေး။ ။နိရောဓ သမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်ကား အဘယ်ပုဂ္ဂိုလ်နည်း။

၆၄၄-ဖြေ။ ။(၁) အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။
(၂) အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။

ဤသည်လျှင် နိရောဓသမာပတ် ဝင်စားနိုင်သူ ပုဂ္ဂိုလ်နှစ်ယောက်တည်း။

## ဟိတ် ၆-ပါး

၆၄၅-မေး။ ။ဟိတ်ခြောက်ပါးကား အဘယ်နည်း။

၆၄၅-ဖြေ။ ။(၁) လောဘဟိတ်။ (၄) အလောဘဟိတ်။
(၂) ဒေါသဟိတ်။ (၅) အဒေါသဟိတ်။
(၃) မောဟဟိတ်။ (၆) အမောဟဟိတ်။
အကုသိုလ်ဟိတ်၃-ပါး။ ကုသိုလ်ဟိတ်၃-ပါး-
ဟူ၍ ဤခြောက်ပါးသော တရားသည်လျှင် ဟိတ်ခြောက်ပါးမည်၏။

[ထိုခြောက်ပါးသော ဟိတ်တို့တွင် လောဘဟိတ်ကား အာရုံ၌ ငြိသောအားဖြင့် တပ်စွန်းခြင်းလက္ခဏာရှိ၏၊ ဒေါသဟိတ်ကားကြမ်းတမ်းသဖြင့် ပြစ်မှားခြင်း လက္ခဏာရှိ၏၊ မောဟဟိတ်ကား မိုက်မဲတွေဝေခြင်းလက္ခဏာရှိ၏၊ အလောဘဟိတ်ကား အာရုံ၌ငြိသောအားဖြင့် မတပ်ခြင်း လက္ခဏာရှိ၏၊ အဒေါသဟိတ်ကား ကြမ်းတမ်းသဖြင့် မပြစ်မှားခြင်း လက္ခဏာရှိ၏၊ အမောဟဟိတ်ကား အဟုတ်အဟတ် ထိုးထွင်း၍ သိစွမ်းနိုင်သော လက္ခဏာရှိ၏၊ ဤသို့လျှင် ဟိတ်ခြောက်ပါး၏ လက္ခဏာသတ္တိကိုလည်း မှတ်ကုန်ရာ၏။]

## နာမ်တေပညာသ ၅၃-ပါး

၆၄၆-မေး။ ။နာမ်တေပညာသ-ငါးဆဲ့သုံးပါးကားအဘယ်နည်း။

၆၄၆-ဖြေ။ ။စေတသိက် ငါးဆဲ့နှစ်ခု,စိတ်တခုယုတ် ကိုးဆယ်ကို အာရုံကိုသိတတ်သော လက္ခဏာအားဖြင့် တပါးတည်းပြု၍ တခုအားဖြင့် နာမ်တရား ငါးဆဲ့သုံးပါးဖြစ်သတည်း။

## ကိလေသာ ၁၀-ပါး

၆၄၇-မေး။ ။ကိလေသာဆယ်ပါးကား အဘယ်နည်း။

၆၄၇ ဖြေ။ ။(၁) လောဘ။ (၆) ဝိစိကိစ္ဆာ။
(၂) ဒေါသ။ (၇) ထိန။
(၃) မောဟ။ (၈) ဥဒ္ဓစ္စ။
(၄) မာန။ (၉) အဟိရိက။
(၅) ဒိဋ္ဌိ။ (၁၀) အနောတ္တပ္ပ။
ဤသည်လျှင် ကိလေသာ ဆယ်ပါးတည်း။

## တထောင့်ငါးရာကိလေသာ

၆၄၈-မေး။ ။တထောင့်ငါးရာကိလေသာကား အဘယ်နည်း။

၆၄၇-ဖြေ။ ။နာမ်တရား စေတသိက် ၅၃-ခု။
နိပ္ဖန္နရုပ် ၁၈-မျိုး။
လက္ခဏာရုပ် ၄-ခု။
ဤသုံးစုကိုပေါင်းသော် ၇၅-ပါးဖြစ်၏။

၇၅-ပါးကို အဇ္ဈတ္တ,ဗဟိဒ္ဓပဟူသော သန္တာန်နှစ်ပါးဖြင့် မြှောက်ပွားရကား ၁၅၀-ဖြစ်၏။

ထို ၁၅၀-ကို ကိလေသာ ၁၀-ပါးဖြင့် မြှောက်၍ပွါးသော် ကိလေသာကား တထောင့်ငါးရာဖြစ်သတည်း။

[ထိုကြောင့်ရကား ရှေးဆရာမြတ်တို့သည်–
''ခုနစ်ဆဲ့ငါး၊နာမ်ရုပ်ထား၍၊ နှစ်ပါးဆယ်ထွေ၊ မြှောက်ပွါးရေသော်၊ကိလေသာစက်၊သုံးထောင်ဝက်''ဟူ၍စပ်တော်မူကုန်သတည်း။
ကိလေသာ၌ နာမ်စေတသိက်ကား– ကိလေသာ၏အာရုံဖြစ်သော လောဘစိတ်ရှစ်ဆဲ့တခု,စေတသိက်ငါးဆဲ့နှစ်ခုကိုဆိုသည်။]

## ဒွါရ ၆–ပါး

၆၄၈-မေး။ ။ဒွါရခြောက်ပါးကား အဘယ်နည်း။

၆၄၈-ဖြေ။ ။(၁) စက္ခုဒွါရ။ (၄) ဇိဝှါဒွါရ။
(၂) သောတဒွါရ။ (၅) ကာယဒွါရ။
(၃) ဃာနဒွါရ။ (၆) မနောဒွါရ။
ဤသည်လျှင် ဒွါရခြောက်ပါးတည်း။

## ဒွါရ ၆–ပါးသရုပ်

၆၅၀-မေး။ ။ထိုခြောက်ပါးသော ဒွါရတို့၏ သရုပ်ကား အဘယ်နည်း။

၆၅၀-ဖြေ။ ။(၁) စက္ခုပသာဒရုပ်ကား စက္ခုဒွါရ မည်၏။
(၂) သောတပသာဒ ရုပ်ကား သောတ ဒွါရ မည်၏။
(၃) ဃာနပသာဒရုပ်ကား ဃာနဒွါရမည်၏။
(၄) ဇိဝှါပသာဒရုပ်ကား ဇိဝှါဒွါရမည်၏။
(၅) ကာယပသာဒရုပ်ကား ကာယဒွါရမည်၏။

(၆) ဘဝင်္ဂပစ္စေဒ တဆဲ့ကိုးခုကား မနောဒွါရ မည်၏။

ဤသည်လျှင် ဒွါရခြောက်ပါးတို့၏သရုပ်တည်း။

**ပသာဒ ၅-ခုတို့၏တည်ရာဌာန**

၆၅၁-မေး။ ။ထိုစက္ခု, သောတ, ဃာန, ဇိဝှါ, ကာယပသာဒတို့သည် အဘယ်အရပ်၌ တည်လေသနည်း။

၆၅၁-ဖြေ။ ။(၁) စက္ခုပသာဒသည်ကား မျက်နက်ဝန်း၏ အလယ်၌သန်းဦးခေါင်းမျှသောအရပ်ကို နှံ့စေလျက်တည်၏။

(၂) သောတပသာဒကား နား၏အတွင်း၌ လက်စွပ်သဏ္ဍာန် ပြည့်ဖြိုးသိမ်မွေ့သော ကြေးနီအဆင်းရှိသော အမွေးကိုနှံ့စေလျက်တည်၏။

(၃) ဃာနပသာဒကား နှာခေါင်းအတွင်း၌ဆိတ်ခြေခွာသဏ္ဍာန်ရှိသောအရပ်ကို နှံ့စေလျက်တည်၏။

(၄) ဇိဝှါပသာဒသည် အလယ်၌ပြတ်သောကြာရွက်ဖျားကဲ့သို့လျှာလယ်အရင်းကိုနှံ့စေလျက်တည်၏။

(၅) ကာယပသာဒသည် ကမ္မဇတေဇော၏တည်ရာအရပ်ကိုရင်း၊ ဆံဖျား, အမွေးဖျား, ခြေသည်းဖျား, လက်သည်းဖျား ခြောက်ပါးသောအရပ်တို့ကိုရင်း ထား၍ ထိုမှ ကြွင်းသော ကိုယ်အလုံးကိုနှံ့စေ၍တည်၏၊ ဤသို့အသီးသီးတည်၏။

**အာရုံ ၆–ပါး**

၆၅၂-မေး။ ။အာရုံခြောက်ပါးကား အဘယ်နည်း။

၆၅၂-ဖြေ။ ။(၁) ရူပါရုံ။ (၄) ရသာရုံ။
(၂) သဒ္ဒါရုံ။ (၅) ဖောဋ္ဌဗ္ဗာရုံ။
(၃) ဂန္ဓာရုံ။ (၆) ဓမ္မာရုံ။

ဤသည်လျှင် အာရုံခြောက်ပါးတည်း။

## အာရုံ ၆–ပါးသရုပ်

၆၅၃-မေး။ ။ထိုအာရုံခြောက်ပါး၏ သရုပ်ကား အဘယ်နည်း။

၆၅၃-ဖြေ။ ။(၁) အဆင်းဟူသောဝဏ္ဏသည် ရူပါရုံမည်၏။

(၂) အသံဟူသောသဒ္ဒသည် သဒ္ဒါရုံမည်၏။

(၃) အနံ့ဟူသောဂန္ဓသည် ဂန္ဓာရုံမည်၏။

(၄) ဘောဇဉ်,စားဘွယ်,လျက်ဘွယ်ဟူသော အရသာသည် ရသာရုံမည်၏။

(၅) အတွေ့ဟူသော ဖေါဋ္ဌဗ္ဗသည် ဖေါဋ္ဌဗ္ဗာရုံမည်၏။

(၆) ပသာဒရုပ်ငါးခု, သုခုမရုပ် ၁၆-ခု, စိတ်တခု ယုတ်ကိုးဆယ်, စေတသိက်ငါးဆဲ့နှစ်ခု, နိဗ္ဗာန်, ပညတ်အားဖြင့် ဤခြောက်ခုသောတရားအပေါင်းသည် ဓမ္မာရုံမည်၏။

ဤသည်လျှင် အာရုံခြောက်ပါး၏သရုပ်တည်း။

## ဝတ္ထု ၆-ပါး

၆၅၄-မေး။ ။ဝတ္ထုခြောက်ပါးကား အဘယ်နည်း။

၆၅၄-ဖြေ။ ။(၁) စက္ခုဝတ္ထု။ (၄) ဇိဝှါဝတ္ထု။

(၂) သောတဝတ္ထု။ (၅) ကာယဝတ္ထု။

(၃) ဃာနဝတ္ထု။ (၆) ဟဒယဝတ္ထု။

ဤသည်လျှင် ဝတ္ထုခြောက်ပါးတည်း။

## ဝတ္ထု ၆-ပါးသရုပ်

၆၅၅-မေး။ ။ထိုဝတ္ထုခြောက်ပါး၏သရုပ်ကား အဘယ်နည်း။

၆၅၅-ဖြေ။ ။(၁) စက္ခုပသာဒရုပ်သည် စက္ခုဝတ္ထုမည်၏။

(၂) သောတပသာဒရုပ်သည်သောတဝတ္ထုမည်၏။

(၃) ဃာနပသာဒရုပ်သည် ဃာနဝတ္ထုမည်၏။

(၄) ဇိဝှါပသာဒရုပ်သည်ဇိဝှါဝတ္ထုမည်၏။

(၅) ကာယပသာဒရုပ်သည်ကာယဝတ္ထုမည်၏။

(၆) ဟဒယရုပ်သည်ဟဒယဝတ္ထုမည်၏။

ဤသည်လျှင် ဝတ္ထုခြောက်ပါး၏ သရုပ်တည်း။

[ရူပါဝစရဘုံ၌ကား ဃာန, ဇိဝှါ, ကာယ ဤဝတ္ထုတို့သည်မရှိကုန်၊ အရူပဘုံ၌ကား ထိုဝတ္ထုခြောက်ပါးတို့ပင် မရှိကုန်၊ ရူပါဝစရ ဗြဟ္မာတို့ကား အနံ့ဟူသောဂန္ဓာရုံကိုခံစားခြင်း, ဘောဇဉ်အစာအာဟာရဟူသော ရသာရုံကိုခံစားခြင်း,ကိုယ်အတွေ့ဟူသော ဖောဋ္ဌဗ္ဗာရုံကိုခံစားခြင်း ဤသုံးပါးသောခံစားခြင်းတို့သည်မရှိကုန်၊အရူပဗြဟ္မာတို့ကား အလုံးစုံဝတ္ထုမရှိသောကြောင့်ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ၌ ခံစားခြင်းကိစ္စမရှိပြီ။]

## သဒ္ဒါအပြား ၄-ပါး

၆၅၆-မေး။ ။သဒ္ဒါအပြားလေးပါးကား အဘယ်နည်း။

၆၅၆-ဖြေ။ ။(၁) စိတ္တဇသဒ္ဒါ။ (၃) စိတ္တပစ္စယသဒ္ဒါ။
(၂) ဥတုဇသဒ္ဒါ၊ (၄) ဥတုပစ္စယ ဥတုသမုဋ္ဌာနိကသဒ္ဒါ။

ဤသည်လျှင် သဒ္ဒါအပြားလေးပါးတည်း။

[စကားပြောဟောသောအသံကား စိတ္တဇသဒ္ဒါတည်း၊ မိုဃ်းသံ, လေသံ,ဝမ်းမြည်သံတို့ကား ဥတုဇသဒ္ဒါတည်း၊ စောင်းသံ, ငြင်းသံ, ပြွေသံစသည်တို့ကား စိတ္တပစ္စယသဒ္ဒါတည်း၊ လေခတ်သဖြင့်သစ်ခက်စသည်တို့အချင်းချင်းတိုက်၍ဖြစ်သောအသံကား ဥတုပစ္စယ ဥတုသမုဋ္ဌာနိကသဒ္ဒါတည်း။]

## ဥပေက္ခာ ၁၀-ပါး

၆၅၇-မေး။ ။ဥပေက္ခာဆယ်ပါးကား အဘယ်နည်း။

၆၅၇-ဖြေ။ ။(၁) ဆဠင်္ဂုပေက္ခာ။ (၂) ဗြဟ္မဝိဟာရုပေက္ခာ။ (၃) ဗောဇ္ဈင်္ဂုပေက္ခာ။ (၄) ဝီရိယုပေက္ခာ။ (၅) သင်္ခါရုပေက္ခာ။ (၆) ဝေဒနုပေက္ခာ။ (၇) ဝိပဿနုပေက္ခာ။ (၈) တတြမဇ္ဈတ္တုပေက္ခာ။ (၉) ဈာနုပေက္ခာ။ (၁၀) ပါရိသုဒ္ဓုပေက္ခာ။

ဤသည်လျှင် ဥပေက္ခာ ဆယ်ပါးတည်း။

## ဥပေက္ခာ ၁၀-ပါးသရုပ်

၆၅၈-မေး။ ။ထိုဥပေက္ခာဆယ်ပါး၏သရုပ်ကားအဘယ်နည်း။

၆၅၈-ဖြေ။ ။(၁) ရဟန္တာပုဂ္ဂိုလ်၏ ကောင်း မကောင်းသော အာရုံခြောက်ပါး၌ ဝမ်းသာသည်လည်းမရှိ၊ နှလုံးမသာသည်လည်းမရှိ၊ လျစ်လျူဖြစ်သည်ကား ဆဠင်္ဂုပေက္ခာတည်း။

(၂)"သဗ္ဗေသတ္တာ ကမ္မဿကာ"စသောအားဖြင့် ခပ်သိမ်းသော သတ္တဝါတို့၌ လျစ်လျူရှုခြင်းသည်ကား ဗြဟ္မဝိဟာရုပေက္ခာတည်း။

(၃) "ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ"စသည်ဖြင့် လာသော သဟဇာတ်တရားတို့၏ လျစ်လျူရှုသော အခြင်းအရာဖြင့်ဖြစ်သော ဥပေက္ခာသည်ကား ဗောဇ္ဈင်္ဂုပေက္ခာတည်း။

(၄) လုံ့လပြင်းစွာ အားထုတ်ခြင်းလည်းမရှိ၊ လုံ့လလျော့ခြင်း လည်းမရှိသော ဝီရိယသည်ကား ဝီရိယုပေက္ခာတည်း။

(၅) သင်္ခါရတရားတို့၌ လျစ်လျူရှုသောဉာဏ်သည်ကား သင်္ခါရုပေက္ခာတည်း။

(၆) အဒုက္ခမသုခဝေဒနာကား ဝေဒနုပေက္ခာတည်း။

(၇) ဝိပဿနာဉာဏ်ကား ဝိပဿနုပေက္ခာတည်း။

(၈) သဟဇာတ်တရားတို့ကို အမျှရွက်ဆောင်သော ဥပေက္ခာစေတသိက်ကား တတြမဇ္ဈတ္တုပေက္ခာတည်း။

၉။ "ဥပေက္ခကောစဝိဟရတိ"ဟူ၍ပါဠိတော်၌လာသောမြတ်လှစွာသော တတိယဈာန်ချမ်းသာ၌သော်လည်း လျစ်လျူရှုခြင်းသည်ကား ဈာနုပေက္ခာတည်း။

(၁၀) "ဥပေက္ခာသတိ ပါရိသုဒ္ဓိံ စတုတ္ထံဈာနံ"ဟူ၍လာသောအလုံးစုံသော ဆန့်ကျင်ဘက်တရားတို့မှ စင်ကြယ်သော ထိုဆန့်ကျင်ဘက်တရားတို့၏ ငြိမ်းခြင်း၌လည်း ကြောင့်ကြခြင်းမရှိသော ဥပေက္ခာသည် ပါရိသုဒ္ဓုပေက္ခာမည်၏။

ဤသည်လျှင် ဥပေက္ခာဆယ်ပါး၏ သရုပ်အကျဉ်းတည်း။

[ထိုဥပေက္ခာဆယ်ပါး၏ တရားကိုယ်ကား ဝီရိယ, ဝေဒနာ, ပညာ, တတြမဇ္ဈတ္တတာ စေတသိက်တည်း။ ။ဝီရိယုပေက္ခာကား ဝီရိယစေတသိက်တည်း၊ ဝေဒနုပေက္ခာကား ဝေဒနာစေတသိက်တည်း၊ ဝိပဿနုပေက္ခာ,သင်္ခါရုပေက္ခာကား ပညာစေတသိက်တည်း၊ ဤသို့အထူးလည်းမှတ်အပ်၏။]

## ပဋိသန္ဓေ ၄-ပါး

**၆၅၉-မေး။** ။ပဋိသန္ဓေလေးပါးကား အဘယ်နည်း။
**၆၅၉-ဖြေ။** ။(၁) အပါယ်ပဋိသန္ဓေ။
(၂) ကာမသုဂတိပဋိသန္ဓေ။
(၃) ရူပါဝစရပဋိသန္ဓေ။
(၄) အရူပါဝစရပဋိသန္ဓေ။
ဤသည်လျှင် ပဋိသန္ဓေလေးပါးတည်း။

## ပဋိသန္ဓေ ၄-ပါး သရုပ်

**၆၆၀-မေး။** ။ထိုပဋိသန္ဓေလေးပါး၏သရုပ်ကား အဘယ်နည်း။
**၆၆၀-ဖြေ။** ။(၁) အကုသိုလ် အကျိုး ဥပေက္ခာသန္တီရဏဟူသော အဟိတ်ဝိပါက်စိတ်တခုသည် အပါယ်ပဋိသန္ဓေမည်၏။
(၂) ကုသိုလ်အကျိုး ဥပေက္ခာသန္တီရဏစိတ်တခု, မဟာဝိပါက်စိတ်ရှစ်ခု ဤကိုးခုသောဝိပါက်စိတ်သည် ကာမသုဂတိပဋိသန္ဓေမည်၏။
(၃) ရူပါဝစရဝိပါက်စိတ်ငါးခုသည် ရူပါဝစရပဋိသန္ဓေမည်၏။
(၄) အရူပါဝစရဝိပါက်စိတ်လေးခုသည် အရူပါဝစရပဋိသန္ဓေမည်၏။
ဤကား ပဋိသန္ဓေလေးပါး၏ သရုပ်တည်း။

## ကိစ္စအစွမ်းအားဖြင့် ကံ ၄-ပါး

**၆၆၁-မေး။** ။ကိစ္စအစွမ်းအားဖြင့်ကံလေးပါးကား အဘယ်နည်း။
**၆၆၁-ဖြေ။** ။(၁) ဇနကကံ။ (၃) ဥပပီဠကကံ။
(၂) ဥပတ္ထမ္ဘကကံ။ (၄) ဥပဃာတကကံ။
ဤသည်လျှင် ကိစ္စအားဖြင့်ကံလေးပါးတည်း။

[ဇနကကံကား ဖြစ်စေတတ်သောကံတည်း၊ ဥပတ္ထမ္ဘကကံကား ကပ်၍ခိုင်စေတတ်သောကံတည်း၊ ဥပပီဠကကံကား ကပ်၍ညှဉ်းဆဲတတ်သောကံတည်း၊ ဥပဃာတကကံကား ကပ်၍သတ်တတ်သောကံတည်း။]

## အကျိုးပေးအစဥ်အားဖြင့် ကံ ၄-ပါး

၆၆၂-မေး။ ။အကျိုးပေးသော အစဥ်အားဖြင့် ကံလေးပါးကား အဘယ်နည်း။

၆၆၂-ဖြေ။ ။(၁) ဂရုကံ။ (၃) အာစိဏ္ဏကံ။
(၂) အာသန္နကံ (၄) ကဋတ္တာကံ။

ဤသည်လျှင် အကျိုးပေးသောအစဥ်အားဖြင့်ကံလေးပါးတည်း။

[ထိုကံလေးပါးတို့တွင်–

(၁) ဂရုကံကား-လေးသောကံတည်း။
(၂) အာသန္နကံကား-သေခါနီးကာလ၌အောက်မေ့အပ်သော ကံတည်း။
(၃) အာစိဏ္ဏကံကား-မပြတ်လေ့ကျက်အပ်သောကံတည်း။
(၄) ကဋတ္တာကံကား-ပြုကာမတ္တသာဖြစ်သောကံတည်း။

အမိကိုသတ်သော မာတုဃာတကကံ, အဘကိုသတ်သော ပိတုဃာတကကံ,ရဟန္တာကိုသတ်သောအရဟန္တဃာတကကံ, ဘုရားမြတ်စွာကိုရှင်ဒေဝဒတ်ကဲ့သို့ သွေးစိမ်းတည်အောင်ပြုသော လောဟိတုပ္ပါဒကကံ,သံဃာ၏ ညီညွတ်ခြင်းကို ရှင်ဒေဝဒတ်ကဲ့သို့ သင်းခွဲသောသံဃဘေဒကကံ ဤကံတို့ကား ဂရုကံမည်၏၊ သေသည်၏အခြားမဲ့၌လည်း ငရဲခံရ၏၊ သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ်လည်းဖြစ်၏။

ကုသိုလ်၌ကား- မဟဂ္ဂုတ်ကုသိုလ်ကံသည် ကြီးမားသောအာနုဘော်ရှိသောကြောင့် ဂရုကံမည်၏။

အာသန္နကံကား-များစွာသောကုသိုလ်ကံပင်ရှိငြားသော်လည်း သေခါနီးကာလ၌ ထိုကုသိုလ်ကိုမအောက်မေ့ မဥပါဒ်၊ တရံတဘန်ပြုဘူးသောအကုသိုလ်ကို အောက်မေ့ဥပါဒ်မိသောကြောင့် အကုသိုလ်စေတနာနှိပ်စွဖြစ်၍ မကောင်းသောဒုဂ္ဂတိဘဝသို့ရောက်လေသတည်း။

ထိုဘဝ၌ အကုသိုလ်ကံပင် များစွာရှိငြားသော်လည်း တရံတဘန်ကုသိုလ်ကောင်းမှုကိုပြုခဲ့ဘူး၏၊သေခါနီးကာလ၌ အကုသိုလ်ကိုမအောက်မေ့မဥပါဒ်မိ၊ တကြိမ်ပြုမိသောကောင်းမှုကုသိုလ်ကို အောက်မေ့မိ၏၊ ထိုသို့အနည်းဖြစ်သောကုသိုလ်စေတနာသည် အကျိုးပေးလေ၍ သုဂတိဘဝသို့ရောက်လေသတည်း၊ ထို့ကြောင့် သေခါနီးကာလ သတိရစဥ်ခဏ၌ ဒါနကထာ,သီလကထာ, ဓမ္မကထာစကားတို့ကို ပြောဟောကုန်ရာသတည်း။

ဒုဋ္ဌဂါမဏိမင်းကြီးသည် သေခါနီးကာလ၌ ကျည်းမိစ္ဆာတို့ကို တိုက်ဖျက်သတ်လေသောမကောင်းမှုကို ဥပါဒ်မိသောကြောင့် ငရဲမင်း၏တမန်တို့

သည် ရောက်လာကုန်၏၊ထိုအခါ အနီး၌ရှိသောရဟန္တာအရှင်မြတ်တို့ တရားဟော၍ စောင့်နေသည်ကိုသိ၍ ငရဲတမန်တို့ မချဉ်းလာဝံ့၊ပြန်လေသောဟူ၏၊ နောက်တဘန် ကုသိုလ်နိမိတ်ထင်ပြန်၍ နတ်ပြည်ခြောက်ထပ်က ရထားခြောက်ဆူနှင့် တင်ယူလာသောဟူ၏၊ အာသန္နကံ၏ဥပမာကား- တံခါးဝ၌ အိပ်သောနွားကဲ့သို့တည်း၊ ခြံတံခါးဖွင့်သည်ရှိသော် ခြံစခြံဝ၌နေသော နွားသည် ရှေးဦးစွာထွက်ရလေသကဲ့သို့ အနီး၌ဖြစ်သော စေတနာသည်လျှင် အကျိုးပေးလေသတည်း၊ ဤသို့ကျမ်းဂန်စကားထူးကိုလည်း ပညာရှိတို့ နှလုံးသွင်းကုန်ရာသတည်း။

ဂရုကံမရှိသော် အာသန္နကံ အကျိုးပေး၏။
အာသန္နကံမရှိသော် အာစိဏ္ဏကံ အကျိုးပေး၏။
အာစိဏ္ဏကံမရှိသော် ကဋတ္တာကံ အကျိုးပေး၏။]

### အကျိုးပေးကာလ အစွမ်းအားဖြင့် ကံ ၄-ပါး

၆၆၃-မေး။ ။ထိုမှတပါး အကျိုးပေးသောကာလ အစွမ်းအားဖြင့် ကံလေးပါးကား-အဘယ်နည်း။

၆၆၃-ဖြေ။ ။(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ။
(၂) ဥပပဇ္ဇဝေဒနီယကံ။
(၃) အပရာပရိယဝေဒနီယကံ။
(၄) အဟောသိကံ။

ဤသည်လျှင် အကျိုးပေးသောကာလ အစွမ်းအားဖြင့် ကံလေးပါးတည်း။

[ထိုကံလေးပါးတို့တွင်—

(၁) မျက်မှောက်ဖြစ်သော ပစ္စုပ္ပန်ဘဝအတ္တဘော၌ အကျိုးကို ဖြစ်စေတတ်သော ပဌမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏။
(၂) အခြားမဲ့၌ အကျိုးကို ဖြစ်စေတတ်သော သတ္တမဇောစေတနာသည် ဥပပဇ္ဇဝေဒနီယကံ မည်၏။
(၃) မျက်မှောက်သောဘဝ, အခြားမဲ့ဘဝမှတပါး အဆက်ဆက်သောဘဝတို့၌ အကျိုးကို ဖြစ်စေတတ်သော အလယ်ဇော ငါးချက်စေတနာသည် အပရာပရိယဝေဒနီယကံ မည်၏။
(၄) အကျိုးဖြစ်ပြီးသည်လည်းမဟုတ်,ဖြစ်လတ္တံ့သည်လည်းမဟုတ်သောကံသည် အဟောသိကံ မည်၏။

ပဌမဇောစေတနာသည် ဤပစ္စုပ္ပန်ဘဝ အတ္တဘော၌သာ အကျိုးကိုပေး၏၊ထိုသို့ မပေးသည်ရှိသော် အဟောသိကံဖြစ်လေသတည်း။

သတ္တမဇောစေတနာလည်း အခြားမဲ့သောဘဝ၌သာ အကျိုးကို ပေး၏၊ ထိုသို့မပေးသော် အဟောသိကံဖြစ်၏။

ဤကံအပြားလက္ခဏာတို့ကား- အဋ္ဌကထာကျမ်းတို့၌ ကျယ်ဝန်း စွာဆို၏၊ မှတ်လွယ်စေခြင်းငှါသာ အကျဉ်းပြသတည်း။]

## ပါကဌာနအားဖြင့် ကံ ၄-ပါး

၆၆၄-မေး။ ။ပါကဌာနအားဖြင့် ကံလေးပါးကား အဘယ်နည်း။

၆၆၄-ဖြေ။ ။(၁) အကုသိုလ်ကံ။
(၂) ကာမာဝစရ ကုသိုလ်ကံ။
(၃) ရူပါဝစရ ကုသိုလ်ကံ။
(၄) အရူပါဝစရ ကုသိုလ်ကံ။

ဤသည်လျှင် ပါကဌာနအားဖြင့် ကံလေးပါးတည်း။

[ထိုလေးပါးတို့တွင် အကုသိုလ်စေတနာ တဆဲ့နှစ်ခုသည် အကု သိုလ်ကံမည်၏။

ကာမာဝစရကုသိုလ်စေတနာရှစ်ခုသည် ကာမာဝစရကုသိုလ်ကံ မည်၏။

ရူပါဝစရ ကုသိုလ်စေတနာငါးခုသည်ရူပါဝစရကုသိုလ်ကံမည်၏။

အရူပါဝစရ ကုသိုလ်စေတနာလေးခုသည် အရူပါဝစရ ကုသိုလ်ကံ မည်၏။]

## အကုသိုလ် ကမ္မပထ ၁၀-ပါး

၆၆၅-မေး။ ။အကုသိုလ်ကမ္မပထဆယ်ပါးကား-အဘယ်နည်း။

၆၆၅-ဖြေ။ ။(၁) ပါဏာတိပါတ။ (၃) ကာမေသုမိစ္ဆာစာရ။
(၂) အဒိန္နာဒါန။
ဟူ၍ ကာယကံသုံးပါး။
(၁) မုသာဝါဒ။ (၃) ဖရုသဝါစာ။
(၂) ပိသုဏာဝါစာ။ (၄) သမ္ဖပ္ပလာပ။
ဟူ၍ ဝစီကံ လေးပါး။
(၁) အဘိဇ္ဈာ။ (၃) မိစ္ဆာဒိဋ္ဌိ။
(၂) ဗျာပါဒ။
ဟူ၍ မနောကံ သုံးပါး။

ဤသည်လျှင် အကုသလကမ္မပထ ဆယ်ပါးတည်း။

[ထိုဆယ်ပါးသော အကုသိုလ်ကံတို့တွင်–

(၁) ပါဏာတိပါတဟူသည်ကား-သူ၏အသက်ကိုသတ်ခြင်းတည်း။

(၂) အဒိန္နာဒါနကား-အရှင်သည် ကိုယ်နှုတ်ဖြင့်မပေးသောသူ၏ဥစ္စာကို ခိုးယူခြင်းတည်း။

(၃) ကာမေသုမိစ္ဆာစာရကား-မေထုန်လွန်ကျူးခြင်းလျှင်အစုဖြစ်သော ကာမတို့၌ သူတော်ကောင်းတို့ ကဲ့ရဲ့အပ်သော ယုတ်မာသော အကျင့်တည်း။

ဤကံသုံးပါးကား-ကိုယ်ဖြင့်ပြုအပ်သောကြောင့် ကာယကံမည်၏။

(၁) မုသာဝါဒကား-မဟုတ်မမှန်သည်ကို ဟုတ်သောအားဖြင့် ဆိုတတ်သောစကားတည်း။

(၂) ပိသုဏဝါစာကား-နှစ်ယောက်သောသူတို့ ညီညွတ်သောအဖြစ်ကို ပယ်တတ်ဖျက်ဆီးတတ်သော ချောပစ်သောစကားတည်း။

(၃) ဖရုသဝါစာကား-မိမိကိုရင်း, သူတပါးကိုရင်း ကြမ်းတမ်းစွာပြုတတ်သောစကားတည်း။

(၄) သမ္ဖပ္ပလာပကား-မိမိအားရင်း, သူတပါးအားရင်း ကျေးဇူးမရှိသည်ဖြစ်၍ ချမ်းသာခြင်း, စီးပွါးခြင်းကို ဖျက်ဆီးတတ်သော စကားတည်း။

ဤကံလေးပါးကား-ဝစီဒွါရ၌ဖြစ်သောကြောင့် ဝစီကံမည်၏။

(၁) အဘိဇ္ဈာကား-သူ၏စည်းစိမ်ကို ရှေးရှုသောအားဖြင့် ကြံတတ်သောလောဘတည်း။

(၂) ဗျာပါဒကား-စီးပွါးချမ်းသာကို ဖျက်ဆီးကြောင်းဖြစ်သောဒေါသတည်း။

(၃) မိစ္ဆာဒိဋ္ဌိကား-ဖောက်ပြန်သောအားဖြင့် အယူမှားခြင်းတည်း။

ဤကံသုံးပါးကား မနောဒွါရဟူသော စိတ်နှလုံး၌သာလျှင် ဖြစ်သောကြောင့် မနောကံမည်၏၊ ဤသည်လျှင် အကုသလကမ္မပထဆယ်ပါး သရုပ်တည်း။

ပါဏာတိပါတ, ဖရုသဝါစာ,ဗျာပါဒ ဤသုံးပါးကား ဒေါသမူကြောင့် ဖြစ်၏။

ကာမေသုမိစ္ဆာစာရ, အဘိဇ္ဈာ,မိစ္ဆာဒိဋ္ဌိ ဤသုံးပါးကား လောဘမူကြောင့် ဖြစ်၏။

အဓိန္နာဒါန,မုသာဝါဒ, ပိသုဏာဝါစာ,သမ္ဖပ္ပလာပ ဤကံလေးပါးကား လောဘမူ, ဒေါသမူ, မောဟမူအားဖြင့် သုံးပါးသော အကြောင်းကြောင့် ဖြစ်၏။

ထိုအကုသိုလ်ကံသည် စိတ်အားဖြင့် လောဘမူစိတ်ရှစ်ခု, ဒေါသမူစိတ်နှစ်ခု,မောဟမူစိတ် နှစ်ခုအားဖြင့် တဆဲ့နှစ်ခုဖြစ်သတည်း။]

## ကုသလ ကမ္မပထ ၁၀-ပါး

၆၆၆-မေး။ ။ကုသလကမ္မပထ ဆယ်ပါးကား အဘယ်နည်း။

၆၆၆-ဖြေ။ ။(၁) ဒါန။ (၆) ပတ္တိဒါန။
(၂) သီလ။ (၇) ပတ္တာနုမောဒနာ။
(၃) ဘာဝနာ။ (၈) ဓမ္မသဝန။
(၄) အပစာယန။ (၉) ဓမ္မဒေသနာ။
(၅) ဝေယျာဝစ္စ။ (၁၀) ဒိဋ္ဌိဇုကမ္မ-

ဤသည်လျှင် ကုသလကမ္မပထ ဆယ်ပါးတည်း။

## ကုသလ ကမ္မပထ ၁၀-ပါး သရုပ်

၆၆၇-မေး။ ။ထိုကုသိုလ်ကံဆယ်ပါး၏သရုပ်ကား အဘယ်နည်း။

၆၆၇-ဖြေ။ ။(၁) မိမိဝတ္ထုပစ္စည်းကို စွန့်သော စေတနာသည် ဒါနမည်၏။

(၂) ပဉ္စသီ, အဋ္ဌင်္ဂ, ဒသသီစသော သီတင်းသီလ ဆောက်တည်သော စေတနာသည် သီလမည်၏။

(၃) ကမ္မဋ္ဌာန်းစီးဖြန်းခြင်း စေတနာသည် ဘာဝနာမည်၏၊တနည်းလည်း အပြစ်မရှိသောအတတ်ကိုသင်သောစေတနာသည် ဘာဝနာမည်၏။

(၄) အရွယ်ကြီးသောသူ, ဂုဏ်ဖြင့်ကြီးသောသူတို့အား အရိုအသေ မြတ်နိုးတနာ ပြုသောစေတနာသည် အပစာယနမည်၏။

(၅) ဂုဏ်ဖြင့်ကြီးသောသူ, အသက်ဖြင့် ကြီးသောသူတို့၏ အမှုကြီးငယ်ကို ဆောင်ရွက်သော စေတနာသည် ဝေယျာဝစ္စမည်၏။

(၆) မိမိကောင်းမှုအဘို့ကို ပေးဝေသော စေတနာသည် ပတ္တိဒါနမည်၏။

(၇) သူတပါးတို့၏ အလှူဝတ္ထုကို ဝမ်းမြောက်သော စိတ်ရှိသော စေတနာသည် ပတ္တာနုမောဒနာမည်၏။

(၀) တရားစကားကောင်းတို့ကို နာသောစေတနာသည် ဓမ္မသဝန မည်၏။

(၉) အပြစ်မရှိသော အတတ်တို့ကို သင်သောစေတနာ, လာဘ သက္ကာရ အစရှိသည်တို့ကို မငဲ့မူ၍ ယောနိသောမနသိကာရ အားဖြင့် တရားဟောသော စေတနာသည် ဓမ္မဒေသနာမည်၏။

(၁၀) အယူကိုဖြောင့်စွာ ပြုခြင်းသည် ဒိဋ္ဌုဇုကမ္မမည်၏။

ဤသည်လျှင် ကုသလကမ္မပထ ဆယ်ပါး၏ သရုပ်အဓိပ္ပါယ်တည်း။

## သေခြင်းအကြောင်း ၄-ပါး

၆၆၇-မေး။ ။သေခြင်းအကြောင်း လေးပါးကား အဘယ်နည်း။

၆၆၇-ဖြေ။ ။(၁) အာယုက္ခယ။ (၃) ဥဘယက္ခယ။
(၂) ကမ္မက္ခယ။ (၄) ဥပစ္ဆေဒက။

ဤသည်လျှင် သေခြင်းအကြောင်းတရား လေးပါးတည်း။

## သေခြင်းအကြောင်း ၄-ပါး သရုပ်

၆၆၉-မေး။ ။ထိုလေးပါးသော သေခြင်း၏အကြောင်းသရုပ်ကား အဘယ်နည်း။

၆၆၉-ဖြေ။ ။(၁) ကံ၏အာနုဘော်ပင်ရှိငြားသော်လည်း ထိုထို သောဂတိတို့၌ တရာတမ်း, နှစ်ရာတမ်းအစရှိသည်ဖြင့် ပိုင်းခြားအပ်သော အသက်အပိုင်းကုန်၍ သေခြင်းသည် အာယုက္ခယမည်၏။

(၂) ထိုထိုသောဂတိတို့၌ ပိုင်းခြားအပ်သော တရာတမ်း, နှစ်ရာ တမ်းအစရှိသော အသက်အပိုင်းအခြား ရှိငြားသော်လည်း ကံ၏အာနု ဘော်ကုန်၍ သေခြင်းသည် ကမ္မက္ခယမည်၏။

(၃) အသက်,ကံ နှစ်ပါးကုန်၍ သေခြင်းသည် ဥဘယက္ခယမည်၏။

(၄) အသက်,ကံနှစ်ပါးပင် ရှိငြားသော်လည်း ရှေးကပြုအပ်သော အကုသိုလ်ကံကြောင့် ကလာဗုမင်း, ဒုဿကီမင်းတို့၏ သေခြင်းကဲ့သို့ ထိုခဏ၌ အရာမှရွေ့၍ လတ်တလော သေခြင်းသည် ဥပစ္ဆေဒကကံမည် ၏၊ ထိုဥပစ္ဆေဒကကံကြောင့် သေခြင်းကိုကား ငရဲသူတို့အားငင်း, ဥတ္တရ ကုရုကျွန်းသူတို့အားငင်း, ဘုမ္မဇိုဝ်းနတ်တို့မှတပါး အချို့သောနတ်တို့ အားငင်း မရှိဟူသတည်း။

ဤသည်လျှင် သေခြင်းလေးပါး၏ သရုပ်တည်း။

[ဇုတ္တိနိမိတ္တဟူသော နိမိတ်ကို တပ်သောသူကား ငရဲ၌ဖြစ်၏၊ လက်ခြေပြခြင်း, ပြုံးရယ်ခြင်း အစရှိသည်တို့၌ တပ်သောသူကား တိရစ္ဆာန်အမျိုး၌ဖြစ်၏၊ ဤသို့လည်း အထူးမှတ်။]

### အာသဝ တရား ၄-ပါး

၆၇၀-မေး။ ။အာသဝတရား လေးပါးကား အဘယ်နည်း။

၆၇၀-ဖြေ။ ။(၁) ကာမာသဝ။ (၃) ဒိဋ္ဌာသဝ။
(၂) ဘဝါသဝ။ (၄) အဝိဇ္ဇာသဝ။

ဤသည်လျှင် အာသဝတရား လေးပါးတည်း။

### အာသဝ တရားကိုယ် ၃-ပါး

၆၇၁-မေး။ ။အာသဝ တရားကိုယ်သုံးပါးကား အဘယ်နည်း။

၆၇၁-ဖြေ။ ။(၁) လောဘ။ (၃) မောဟ။
(၂) ဒိဋ္ဌိ။

ဤသည်လျှင် အာသဝတရားကိုယ် သုံးပါးတည်း။

[ထိုအာသဝတို့တွင် လောဘသည် ကာမာသဝ,ဘဝါသဝမည်၏၊ ဒိဋ္ဌိသည် ဒိဋ္ဌာသဝမည်၏၊ မောဟသည် အဝိဇ္ဇာသဝမည်၏။]

### ဩဃ တရား ၄-ပါး

၆၇၂-မေး။ ။ဩဃတရား လေးပါးကား အဘယ်နည်း။

၆၇၂-ဖြေ။ ။(၁) ကာမောဃ။ (၃) ဒိဋ္ဌောဃ။
(၂) ဘဝေါဃ။ (၄) အဝိဇ္ဇောဃ။

ဤသည်လျှင် ဩဃတရား လေးပါးတည်း။

[တရားကိုယ်ကား လောဘ, ဒိဋ္ဌိ, မောဟတည်း။]

### ယောဂ တရား ၄-ပါး

၆၇၃-မေး။ ။ယောဂတရား လေးပါးကား အဘယ်နည်း။

၆၇၃-ဖြေ။ ။(၁) ကာမယောဂ။ (၃) ဒိဋ္ဌိယောဂ။
(၂) ဘဝယောဂ။ (၄) အဝိဇ္ဇာယောဂ။

ဤသည်လျှင် ယောဂတရား လေးပါးတည်း။

[တရားကိုယ်လည်း လောဘ, ဒိဋ္ဌိ, မောဟ ဤသုံးပါးပင်လျှင် တည်း။]

ဂန္ထ တရား ၄-ပါး

၆၇၄-မေး။ ။ဂန္ထတရား လေးပါးကား အဘယ်နည်း။

၆၇၄-ဖြေ။ ။(၁) အဘိဇ္ဈာကာယဂန္ထ။
(၂) ဗျာပါဒကာယဂန္ထ။
(၃) သီလဗ္ဗတပရာမာသကာယဂန္ထ။
(၄) ဣဒံသစ္စာဘိနိဝေသကာယဂန္ထ။

ဤသည်လျှင် ဂန္ထတရား လေးပါးတည်း။

ဂန္ထ တရားကိုယ် ၃-ပါး

၆၇၅-မေး။ ။ဂန္ထတရားကိုယ်ကား အဘယ်နည်း။

၆၇၅-ဖြေ။ ။လောဘ, ဒေါသ, ဒိဋ္ဌိ ဤသုံးပါးတည်း။

ထိုသုံးပါးတို့တွင်—
(၁) လောဘသည် အဘိဇ္ဈာ ကာယဂန္ထ မည်၏။
(၂) ဒေါသသည် ဗျာပါဒကာယဂန္ထမည်၏။
(၃) ဒိဋ္ဌိသည် သီလဗ္ဗတပရာမာသ ကာယဂန္ထ, ဣဒံသစ္စာဘိနိဝေသကာယဂန္ထ မည်၏။

ဥပါဒါန် တရား ၄-ပါး

၆၇၆-မေး။ ။ဥပါဒါန်တရား လေးပါးကား အဘယ်နည်း။

၆၇၆-ဖြေ။ ။(၁) ကာမုပါဒါန်။ (၃) သီလဗ္ဗတုပါဒါန်။
(၂) ဒိဋ္ဌုပါဒါန်။ (၄) အတ္တဝါဒုပါဒါန်။

ဤသည်လျှင် ဥပါဒါန်တရား လေးပါးတည်း။

[တရားကိုယ်ကား လောဘ, ဒိဋ္ဌိ ဤနှစ်ပါးတည်း။

ထိုနှစ်ပါးတို့တွင်—
(၁) လောဘသည် ကာမုပါဒါန်မည်၏။
(၂) ဒိဋ္ဌိသည် ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်မည်၏။
ဤသို့လည်း ပရမတ္ထစကားကို မှတ်ရာ၏။]

မြင်းမိုရ်တောင် အလုံးသဏ္ဌာန်

၆၇၇-မေး။ ။မြင်းမိုရ်တောင်ကား အလုံးလော, အထောင့်လော။

၆၇၇-ဖြေ။ ။"သိနေရုပဗ္ဗတော ဝဋ္ဋော န စတုရဿော" ဤသို့ ကျမ်းဂန်လာရကား—
မြင်းမိုရ်တောင်ကား လေးထောင့်မဟုတ်၊ အလုံးတည်းဟု မှတ်ရာ၏။

[ဤစကား၌ မြင်းမိုရ်တောင်သည် လေးထောင့်ဖြစ်အံ့၊ ထိုလေးထောင့်သော အရပ်တို့၌ လေးထောင့်အင်းပျဉ်တို့၌ကဲ့သို့ အခြေလေးချောင်းတို့သည် ဖြစ်ရာ၏၊ ထိုသို့ အခြေလေးချောင်းမဟုတ်၊ အလုံးသာဖြစ်၍ ခုံလောက်၌ ထားသော ထမင်းအိုးကဲ့သို့ အထွတ်သုံးခု၌ တည်လျက် ရှိသတည်း။

ထို့ကြောင့် ဇိနာလင်္ကာရ၌—

"တိကူဋေ့ သိနေရုပဗ္ဗတော စတုယောဇနသဟဿပမာဏော ပရိသိတ္ဝာ ဋ္ဌိတော၊ တသ္မာ သဏ္ဌာသေန ဂဟိတောဝိယ အစလော တိဋ္ဌတိ"ဤသို့ ကျမ်းလာရကား—

အထွတ်သုံးလုံး၌ မြင်းမိုရ်တောင်သည် ယူဇနာလေးထောင်ပမာဏဝင်၍ တည်၏၊ထို့ကြောင့် ထိုခုံလောက်သုံးခုတို့သည် မွေးညှပ်ကဲ့သို့ ညှပ်လေသော အားဖြင့် မတုန်မလှုပ် တည်လေသတည်း။

လောကပညတ္တိကျမ်း၌လည်း—

"သိနေရုပဗ္ဗတော ဥဒကေ အသီတိသဟဿံ ဋ္ဌိတော"ဟုဆိုသတည်း၊

မြင်းမိုရ်တောင်သည် ရေ၌ ရှစ်သောင်းနစ်လေ၏၊ ခုံလောက်တွင်း၌ လေးထောင်တည်လေသတည်း။

"ကူဋာနံ မဇ္ဈေ ပံသုပထဝိ အတ္ထိယေဝ၊ ပထဝိယံ ရတနဝါလိကာပိဋ္ဌေ အသုရပုရံ အဟောသိ"။

အထွတ်တို့၏အလယ်၌ ပံသုပထဝီရှိ၏၊ထိုပံသုပထဝီ၌ ရတနာဖြင့်ပြီးသော သဲပြင်၌ အသုရာပြည် တည်သတည်း၊ ဤသို့သော စကားထူးကိုလည်း နှလုံးသွင်းကုန်ရာ၏။]

## တာဝတိံသာ မြင်းမိုရ်တောင်ထိပ်၌ တည်ခြင်း

၆၇၈-မေး။ ။တာဝတိံသာနတ်ပြည်ကား အဘယ်အရပ်၌ တည်လေသနည်း။

၆၇၈-ဖြေ။ ။"တာဝတိံသဘဝနံနာမ ဓမေရုပဗ္ဗတေ ဒသသဟဿယောဇနပရိမာဏံ" ဤသို့ ကျမ်းလာရကား—

တာဝတိံသာနတ်ပြည်ကား မြင်းမိုရ်တောင်ထိပ်အပြင် ယူဇနာ တသောင်းအရပ်၌ တည်သတည်း။

[ထိုတာဝတိံသာနတ်ပြည်ကား စကြဝဠာတောင်နှင့် တစပ်တည်းကောင်းကင်၌ တည်၏ဟု မှတ်အပ်၏။]

## တာဝတိံသာနတ်ပြည်၌ တံခါးတထောင်

၆၇၉-မေး။ ။တာဝတိံသာ နတ်ပြည်ကား တံခါးအတိမျှ ရှိလေသနည်း။

၆၇၉-ဖြေ။ ။"တံခါပနေတံနဂရဲဒွါရသဟဿယုတ္တံအဟောသိ"။

ဤသို့ကျမ်းလာရကား- တာဝတိံသာနတ်ပြည်ကားတံခါးတထောင်ရှိ၏။

[ထိုတာဝတိံသာနတ်ပြည် မြို့အရှေ့တံခါးနှင့် အနောက်တံခါး အကြားလည်း ယူဇနာတသောင်းခြား၏။]

## တာဝတိံသာအရှေ့၌သုနန္ဒာဥယျာဉ်

၆၈၀-မေး။ ။သုနန္ဒာအမည်ရှိသောဥယျာဉ်ကား အဘယ်အရပ်၌ ရှိလေသနည်း။

၆၈၀-ဖြေ။ ။"တဿပန နဂရဿ ပါစီနဒိသာယံ ပရိက္ခေပတော-သဟဿယောဇနံသုနန္ဒာနာမ ဥယျာနံအတ္ထိ"။

ဤသို့ကျမ်းလာရကား- တာဝတိံသာနတ်မြို့၏ အရှေ့မျက်နှာအရပ်၌ ယူဇနာတထောင်ရှိသော သုနန္ဒာဥယျာဉ်ရှိသတည်း။

[ထိုဥယျာဉ်ကိုပင် နန္ဒဝန်ဥယျာဉ်ဆိုသတည်း။]

## နန္ဒဝန်မည်ခြင်းအကြောင်း

၆၈၁-မေး။ ။အဘယ်ကြောင့်နန္ဒဝန်တွင်လေသနည်း။

၆၈၁-ဖြေ။ ။တာဝတိံသာနတ်တို့သည် အလွန်နှစ်လို့ဝမ်းသာလျက် ကစားမြူးထူးရာဖြစ်သောကြောင့် ထိုဥယျာဉ်သည်နန္ဒဝန်ဟု တွင်လေသတည်း၊ ထိုဥယျာဉ်၌ရေကန်, ကျောက်ဖျာတို့ကား အလျားအနံ တယူဇနာ နှင်နှင်စီရှိသတည်း။

## တာဝတိံသာတောင်၌ဖါရုသကဥယျာဉ်

၆၈၂-မေး။ ။ဖါရုသကအမည်ရှိသောဥယျာဉ်ကား အဘယ်အရပ်၌ရှိလေသနည်း။

၆၈၂-ဖြေ။ ။"ဒက္ခိဏဒိသာယံ သတ္တသတ ယောဇနပရိမာဏံ ဖါရုသကဝနံနာမ အတ္ထိ"။

ဤသို့ကျမ်းလာရကား- တာဝတိံသာ မြို့၏တောင်မျက်နှာအရပ်၌ ယူဇနာခုနစ်ရာ အတိုင်းအရှည်ပမာဏရှိသော ဖါရုသကမည်သော ဥယျာဉ်ရှိသတည်း။

## ဖါရုသကဥယျာဉ်မည်ခြင်းအကြောင်း

၆၇၃-မေး။ ။ဖါရုသကဥယျာဉ် အဘယ်ကြောင့်တွင်သနည်း။

၆၇၃-ဖြေ။ ။အသီးစားကောင်းသော ဘက်သက်တရော်သစ်ပင်များသောကြောင့်၎င်း, ထိုဥယျာဉ်သို့ဝင်ကုန်သောနတ်တို့ကား အသုရာစစ်သည်တို့ကို ထိုးခုတ်ပစ်ခတ်အံ့သည်, ညှဉ်းပန်းနှိပ်စက်အံ့သည်၊ ဤသို့ကြမ်းကြုတ်သောစကားဖြင့်ပြုသောကြောင့်၎င်း ဖါရုသကတွင်သတည်း၊ ထိုဥယျာဉ်၌ ရေကန်,ကျောက်ဖျာတို့ကား တယူဇနာနှင်နှင်ချည်းတည်း။

## တာဝတိံသာအနောက်၌စိတ္တလတာဥယျာဉ်

၆၇၄-မေး။ ။စိတ္တလတာအမည်ရှိသောဥယျာဉ်ကားအဘယ်အရပ်၌ရှိလေသနည်း။

၆၇၄-ဖြေ။ ။"ပစ္ဆိမဒိသာယံ အာဝဋ္ဋတော ပဉ္စယောဇနသတပမာဏံ စိတ္တလတာနာမဥယျာနံ အတ္ထိ"။

ဤသို့ကျမ်းလာရကား–တာဝတိံသာမြို့၏ အနောက်မျက်နှာအဘို့၌ အဝန်းယူဇနာငါးရာ ပမာဏအတိုင်းအရှည်ရှိသော စိတ္တလတာအမည်ရှိသော ဥယျာဉ်ရှိသတည်း။

## စိတ္တလတာမည်ခြင်းအကြောင်း

၆၇၅-မေး။ ။စိတ္တလတာတွင်ကြောင်းကား အဘယ်နည်း။

၆၇၅-ဖြေ။ ။တာဝတိံသာနတ်တို့သည် အထူးထူးသော အဝတ်တန်ဆာဆင်ကုန်လျက် ဆန်းကြယ်စွာသောယာဉ်ရထားတို့ကို စီးကုန်လျက် ထိုဥယျာဉ်သို့ဝင်ကုန်၏၊ ထို့ကြောင့် စိတ္တလတာဥယျာဉ်တွင်သတည်း။

တနည်းလည်း- ထိုဥယျာဉ်၌ အာသာဝတီအမည်ရှိသော နွယ်ပန်းသည်ရောက်၏၊ အနှစ်တထောင်မှ သီးသတည်း၊ အနှစ်တရာကပင်လျှင် ထိုနွယ်ပန်းသို့ နတ်တို့သည် ဆည်းကပ်ကုန်၏၊ ထို့ကြောင့် စိတ္တလတာဥယျာဉ်ဟု တွင်သတည်း။

## တာဝတိံသာမြောက်၌မိဿကဥယျာဉ်

၆၇၆-မေး။ ။မိဿကဥယျာဉ်ကား အဘယ်အရပ်၌ရှိလေသနည်း။

၆၇၆-ဖြေ။ ။"ဥတ္တရဒိသာယံ အာဝင္ကေတော ပဥ္စယောဇနသတပ္ပ-
မာဏံ မိဿကဝနံနာမ ဥယျာနံ အတ္ထိ"။
ဤသို့ကျမ်းလာရကား-တာဝတိံသာနတ်ပြည်မြို့မြောက်မျက်နှာအဘို့၌ ယူဇနာငါးရာ အတိုင်းအရှည်ရှိသော မိဿကဥယျာဉ်ရှိသတည်း။

## မိဿကမည်ခြင်းအကြောင်း

၆၇၇-မေး။ ။မိဿကတွင်ကြောင်းကား အဘယ်နည်း။

၆၇၇-ဖြေ။ ။နတ်သမီး,နတ်သားတို့ရောနှောကုန်လျက် ထိုဥယျာဉ်၌ရှင်မြူးခြင်းရှိသောကြောင့် မိဿကဥယျာဉ်တွင်သတည်း။

## တာဝတိံသာအရှေ့မြောက်၌မဟာဝန်ဥယျာဉ်

၆၇၈-မေး။ ။မဟာဝန် ဥယျာဉ်ကား- အဘယ်အရပ်၌ ရှိလေသနည်း။

၆၇၈-ဖြေ။ ။"ပါစီနုဥတ္တရာန မဇ္ဈေ သတ္တယောဇန သတပ္ပမာဏံ မဟာဝနံနာမ ဥယျာနံ အတ္ထိ"။
ဤသို့ကျမ်းလာရကား-တာဝတိံသာမြို့၏အရှေ့မြောက်ထောင့်အရပ်၌ ယူဇနာခုနစ်ရာ အတိုင်းအရှည်ရှိသော မဟာဝန်ဥယျာဉ် ရှိသတည်း၊ ထိုဥယျာဉ်၌ သုနန္ဒာအမည်ရှိသော ရေကန်လည်း ရှိသတည်း။

## တာဝတိံသာမြို့၏တန်းခွန်ပမာဏ

၆၇၉-မေး။ ။တာဝတိံသာမြို့၏ အလယ်၌ ဆောက်စိုက်သော တန်းခွန်ကား အတိမျှမြင့်လေသနည်း။

၆၇၉-ဖြေ။ ။"တဿ ပန နဂရဿ မဇ္ဈေ တိယောဇနသတုဗ္ဗေဓော ဓဇော ပဋိမဏ္ဍိတော သတ္တရတနမယော"။
ဤသို့ကျမ်းလာရကား- တာဝတိံသာမြို့၏အလယ်၌ ဆောက်စိုက်သော တန်းခွန်ကား- ယူဇနာသုံးရာအမြင့် ရှိသတည်း၊ ရတနာခုနစ်ပါးတို့ဖြင့်လည်းပြီး၏။

## ဝေဇယန္တာပြာသာဒ် ပမာဏ

၆၈၀-မေး။ ။သိကြားမင်း နေသော ဝေဇယန္တာ ပြာသာဒ်ကား- အမြင့်အတိမျှနည်း။

၆၉၀-ဖြေ။ ။"သတ္တယောဇနသတုဗ္ဗေဓော သက္ကဿဝေဇယန္တော နာမ ပါသာဒေါ ဟောတိ"။

ဤသို့ကျမ်းလာရကား- သိကြားနတ်မင်းနေသော ရတနာတို့ဖြင့် ပြီးသော ဝေဇယန္တာပြာသာဒ်ကား အမြင့်ယူဇနာ ခုနစ်ရာရှိ၏။

## ဝေဇယန္တာရထားပမာဏ

၆၉၁-မေး။ ။ဝေဇယန္တာရထားကား-အဘိမျှရှိသနည်း။

၆၉၁-ဖြေ။ ။"ဒိယဍ္ဎယောဇန သတာယာမော ဝေဇယန္တော ရထော"။

ဤသို့ကျမ်းလာရကား- ဝေဇယန္တာရထားကား- အလျားယူဇနာ တရာ့ငါးဆယ်ရှိ၏။

[နောက်အစွန်းယူဇနာငါးဆယ်,ရထားဦး ယူဇနာငါးဆယ်ရှိ၏၊ ထိုရထားဦး၌ တယူဇနာရှိသောပလ္လင်ခင်း၏၊ ဤစကားထူးကိုလည်း မှတ်ကုန်ရာ၏။]

## ပင်လယ်ကသစ်ပင်တည်ရာအရပ်

၆၉၂-မေး။ ။ပင်လယ်ကသစ်ပင်ကား-တာဝတိံသာမြို့၏ အဘယ် အရပ်၌ရှိသနည်း။

၆၉၂-ဖြေ။ ။"သုဒဿနဿ ဟိ ဒေဝနဂရဿ ပါစီနဒိသာဘာဂေ နန္ဒနဝနေ ပါရိစ္ဆတ္တကောနာမ ကောဝိဠာရော အတ္ထိ"။

ဤသို့ကျမ်းလာရကား- သုဒဿနမြို့၏အပဖြစ်သော အရှေ့မြောက် ထောင့်အရပ်၌ ယူဇနာနှစ်ဆယ်ရှိသောအရပ်ဝယ် ပင်လယ်ကသစ်ပင် ရှိသတည်း၊ ထိုပင်လယ်ကသစ်ပင်ကား- အမြင့်ယူဇနာတရာရှိ၏၊အဝန်း ယူဇနာ တရာ့ငါးဆယ်ရှိ၏၊ မြေကသည် ခါးတိုင်ရုံ ယူဇနာငါးဆယ်, ခါးမှသည် အထက်ယူဇနာငါးဆယ်ရှိ၏။

[ဤနည်းအတူ သစ်ပင်ကြီးခုနစ်ပင်တို့သည် ပမာဏအမျှစီချည်း တည်းဟုမှတ်၊ ထိုပင်လယ်ကသစ်ပင်၏အနီး၌ ခင်းအပ်သောကျောက် ဖျာကား-အလျားယူဇနာခြောက်ဆယ်, အနံယူဇနာငါးဆယ်, အထု တဆဲ့ငါးယူဇနာရှိ၏၊ ထိုကျောက်ဖျာ၏အဆင်းကား- လယ်ခေါင် ရန်းပွင့်အဆင်းရှိ၏ဟု မှတ်အပ်၏၊ သိကြားမင်းနေသော် ကိုယ်ထက် ဝက်နစ်၏ဟူသတည်း။]

## သုဓမ္မာစရပ်တည်ရာအရပ်

၆၉၃-မေး။ ။သုဓမ္မာစရပ်ကား-အဘယ်အရပ်၌ရှိသနည်း။

၆၉၃-ဖြေ။ ။တာဝတိံသ နဂရဿ ပစ္ဆိမေ ဌာနေ သုဓမ္မာနာမ သာလာ အတ္ထိ”၊

ဤသို့ကျမ်းလာရကား-တာဝတိံသာ နတ်မြို့၏ အနောက်အရပ်၌ သုဓမ္မာ အမည်ရှိသောနတ်သဘင်စရပ် ရှိသတည်း။

## သုဓမ္မာစရပ်ပမာဏ

၆၉၄-မေး။ ။ထိုသုဓမ္မာစရပ်ကား-အလျားအနံအတိမျှနည်း။

၆၉၄-ဖြေ။ ။“သုဓမ္မာနာမဒေဝသဘာ အာယာမတောစ ဝိတ္ထာရတောစ တိယောဇနသတိကာ”။

ဤသို့ကျမ်းလာရကား— သုဓမ္မာနတ်သဘင်ကား- အလျားအနံယူဇနာ သုံးရာရှိ၏။

## တာဝတိံသာမြို့ကျုံးပမာဏ

၆၉၅-မေး။ ။တာဝတိံသာမြို့ကျုံး, အနံ, အလျား, အစောက်, အတိမျှရှိသနည်း။

၆၉၅-ဖြေ။ ။ကျုံးအနံကား- နှစ်ယူဇနာရှိ၏၊ အစောက်ယူဇနာ တရာရှိ၏။

[မြို့နှင့်ကျုံးအကြား ယူဇနာခွဲရှိ၏ဟူသတည်း၊ ထိုကျုံးပြင်ကား ကျောက်စာတိုင်ရှိ၏၊ ထိုကျောက်စာတိုင်ပြင်ကား- တန်းပင်ရှိ၏၊ ကျုံးနှင့်ကျောက်စာတိုင်လည်း ယူဇနာခွဲခြား၏၊ ကျောက်စာတိုင်နှင့် ထန်းပင်အကြားလည်း ယူဇနာခွဲခြား၏၊ ထန်းပင်ပြင်ကား-သပြေပင် ပတ်လည်ရောက်သတည်း၊ ဤသို့လည်း အကျယ်မှတ်။]

## သိကြားမင်းမိဘုရား ၄ ယောက်

၆၉၆-မေး။ ။သိကြားမင်း၏ နတ်မိဘုရား လေးယောက်ကား-အဘယ်နည်း။

၆၉၆-ဖြေ။ ။(၁) သုဓမ္မာ။ (၃) သုနန္ဒာ။
(၂) သုဇာတာ။ (၄) သုစိတ္တာ။

ဤလေးယောက်ကား မာဃသိကြားမင်း၏မိဘုရားလျှင်တည်း၊

### မိဘုရား ၄-ယောက် ခစားပုံ

၆၉၇-မေး။ ။ထိုလေးယောက်သော နတ်မိဘုရားတို့သည် သိကြားမင်းကို အဘယ်အရပ်က အသီးအသီးနေ၍ ခစားရလေသနည်း။

၆၉၇-ဖြေ။ ။(၁) သုဓမ္မာနာမ ဘရိယာ အနေက သဟဿ ဒေဝစ္ဆရာဟိ ပရိဝုတာ ပုရတော နိသီဒတိ။

၍သို့ကျမ်းလာရကား— သုဓမ္မာနတ်သမီးကား အထောင်မကသော နတ်သမီးမောင်းမအခြံအရံရှိသည်ဖြစ်၍ သိကြားမင်း၏ရှေ့မျက်နှာအရပ်က နေ၍ခစားလေသတည်း။

(၂) သုဇာတာနာမ ဘရိယာ အနေကသဟဿ ဒေဝစ္ဆရာဟိ ပရိဝုတာ ဒက္ခိဏပဿေ နိသီဒတိ။

၍သို့ကျမ်းလာရကား- သုဇာတာနတ်သမီးကား အထောင်မကသော နတ်သမီးကိုယ်လုပ် အခြံအရံတို့နှင့်တကွ သိကြားမင်း၏ လက်ျာအရပ်က နေ၍ခစားရသတည်း။

(၃) သုနန္ဒာနာမဘရိယာ အနေကသဟဿ ဒေဝစ္ဆရာဟိ ပရိဝုတာ ပစ္ဆိမပဿေ နိသီဒတိ။

၍သို့ကျမ်းလာရကား— သုနန္ဒာနတ်သမီးသည် ကိုယ်လုပ် အခြံအရံဖြစ်သော အထောင်မကသောနတ်သမီးတို့နှင့်တကွ သိကြားမင်း၏ နောက်ဖြစ်သော အရပ်ကနေ၍ခစားရသတည်း။

(၄) သုစိတ္တာနာမ ဘရိယာ အနေကသဟဿ ဒေဝစ္ဆရာဟိ ပရိဝုတာ ဝါမပဿေ နိသီဒတိ။

။၍သို့ကျမ်းလာရကား—သုစိတ္တာအမည်ရှိသော နတ်သမီးသည် ကိုယ်လုပ်ဖြစ်သော အထောင်မကသော နတ်သမီးအခြံအရံနှင့် တကွ သိကြားမင်း၏ လက်ဝဲ၌နေလျက် ခစားရသတည်း။

၍သို့နတ်မိဘုရားလေးယောက်တို့အသီးအသီးနေ၍ခစားရသတည်း။

### စတုလောကပါလနတ်တို့ စာရင်းယူပုံ

၆၉၈-မေး။ ။စတုလောကပါလနတ်တို့သည် တလတကြိမ်လူတို့ ပြည်ရွာသို့လာ၍ ကုသိုလ်ကောင်းမှုပြုသောသူတို့အား စာရင်းယူရာ၌ အဘယ်မည်သောနတ်တို့သည် အဘယ်နေ့ရက်၌ယူလာသနည်း။

၆၉၇-ဖြေ။ ။"အဋ္ဌမိယံ စတုန္နံ မဟာရာဇူနံ ဒါသာ"။
ဤသို့ ကျမ်းလာရကား—လဆန်းရှစ်ရက်သီတင်း, လပြည့်ကျော်ရှစ်ရက်သီတင်း, ဤသီတင်းငယ်တို့၌ကား စတုလောကပါလ နတ်မင်းလေးယောက်တို့၏ အစေအပါးဖြစ်သော ကျွန်အမတ်တို့လာ၍ စာရင်းယူကုန်၏။

"စာတုဒ္ဒသိယံ တေသံ မဟာရာဇာနံ ပုတ္တာ"။

ဤသို့ ကျမ်းလာရကား— တဆဲ့လေးရက် လကွယ်နေ့၌ကား ထိုစတုလောကပါလ နတ်မင်းလေးယောက်တို့၏သားဖြစ်သောနတ်တို့သည် စာရင်းယူကုန်၏။

"ပန္နရသီ ဥပေါသထေ စတ္တာရော မဟာရာဇာနော သယမေဝ"။

ဤသို့ကျမ်းလာရကား-ပန္နရသီဟုဆိုအပ်သောလပြည့်,လကွယ်နေ့တို့၌နတ်မင်းကြီးလေးယောက်တို့သည် မိမိတို့ကိုယ်တိုင်လှည့်ပြည်သို့လာ၍စာရင်းယူကုန်၏။

ဤသို့ နတ်မင်းတို့ အသီးအသီးစာရင်းယူကုန်သတည်း။

## နတ်တို့ ရွှေပြား၌ စာရေးပုံ

၆၉၉-မေး။ ။ထိုနတ်သားတို့သည်အဘယ်သို့ပေ၌စာရေးသနည်း။
၆၉၉-ဖြေ။ ။"ဇာတိဟိင်္ဂုလကေန သုဝဏ္ဏပဋ္ဋေ လိခိတွာ"။ ။
ဤသို့ကျမ်းလာရကား—ဆေးဒန်းမြင်းသီလာဖြင့် ရွှေပြား, ရွှေပေပုရပိုက်၌ စာရေးလေသတည်း။

## ပဉ္စသိခအား စာရင်းပုရပိုက် ပေးရပုံ

၇၀၀-မေး။ ။ထိုစာရင်းပုရပိုက်ကိုဆောင်၍ အဘယ် မည်သော နတ်သားအား ပေးရလေသနည်း။
၇၀၀-ဖြေ။ ။"အာဟရိတွာ ပဉ္စသိခဿ ဟတ္ထေ ဒေန္တိ"။
ဤသို့ကျမ်းလာရကား—ရွှေပေပုရပိုက်ကိုဆောင်၍ ပဉ္စသိခအမည်ရှိသောနတ်သားအား ပေးရလေသတည်း။

## မာတလိအား တဆင့်ပေးရပုံ

၇၀၁-မေး။ ။ထိုပဉ္စသိခ နတ်သားသည် အဘယ်နတ်သားအား ပေးရလေသနည်း။

၇၀၁-ဖြေ။ ။"ပဥ္စသိခေါ မာတလိဿ ဒေတိ"။

ဤသို့ကျမ်းလာရကား—ပဥ္စသိခနတ်သားသည် မာတလိနတ်သားအား ထိုပုရပိုက်ကို ပေးရသတည်း။

**မာတလိမှ သိကြားမင်းအားဆက်ရပုံ**

၇၀၂-မေး။ ။မာတလိနတ်သားသည် အဘယ်မည်သောနတ်သား အား ပေးအပ်လေသနည်း။

၇၀၂-ဖြေ။ ။"မာတလိ သက္ကဿ ဒေဝရညော ဒေတိ"။

ဤသို့ကျမ်းလာရကား—မာတလိနတ်သားသည် ထိုပုရပိုက်ကို ယူ၍ သိကြားမင်းကြီးအား ဆက်ရလေ၏။

အကြင်အခါ၌ လူတို့သည် ကုသိုလ်ကောင်းမှုပြုသသူနည်း၍ ပုရပိုက် စာရင်းနည်းအံ့၊ အပါယ်လေးပါး၌များစွာဖြစ်လတ္တံ့၊ ငါတို့နတ်ရွာကား အချည်းနှီးဖြစ်လတ္တံ့ဟူ၍ နှလုံးမသာဖြစ်ကုန်သတည်း။

အကြင်အခါ၌ ပုရပိုက်စာရင်းများအံ့၊ ငါတို့နတ်ပြည်ကား ပြည့် လတ္တံ့၊အပါယ်လေးပါးကား ဆိတ်လတ္တံ့ဟူ၍ ဝမ်းမြောက်ကုန်သတည်း။

ထိုသို့ဝမ်းမြောက်ကုန်သောကြောင့် နတ်သဘင်ကြီးစွာခံ၍ စာရင်းကို နတ်သဘင်၌ သိကြားမင်းဘတ်လေသတည်း။

**သိကြားမင်းအသံပမာဏ**

၇၀၃-မေး။ ။ထိုအခါ သိကြားမင်းဘတ်သောအသံကား အတိမျှ လောက်ကြားလေသနည်း။

၇၀၃-ဖြေ။ ။"တဿ ဟိ ပကတိသဒ္ဒေန ဝါစေန္တဿ သဒ္ဒေါ ဒွါဒသယောဇနေ သုယျတိ၊ မဟာသဒ္ဒေန ဝါ- စေန္တဿသဒ္ဒေါ သကလဒသသဟဿယောဇနပ္ပ- မာဏော တာဝတိံသနဂရေ ဖရတိ"။

ဤသို့ကျမ်းလာရကား—ပကတိသောအသံဖြင့် ဘတ်သောသိကြားမင်း ၏ အသံကား တဆဲ့နှစ်ယူဇနာကြား၏၊ အားထုတ်၍ဘတ်သော်ကား တာဝတိံသာနတ်မြို့အလုံးကြား၏။

**နတ်တို့ ကာမချမ်းသာခံစားပုံ**

၇၀၄-မေး။ ။ကာမာဝစရနတ်တို့ကား လူတို့ကဲ့သို့ ကာမချမ်းသာ ကိုခံစားကုန်အံ့လော။

၇၀၄-ဖြေ။ ။"ဆန္ဒိပိ ကာမာဝစရဒေဝါနံ ကာမာ ပါကတိကာ-
ယေဝ၊မနုဿာ ဝိယ မေထုနံ ပဋိသေဝန္တိ"-
ဤသို့ ကျမ်းလာရကား ကာမာဝစရနတ်တို့သည် လူတို့ကဲ့သို့ပင် မေထုနဓမ္မ ဖြစ်လေကုန်သတည်းဟု မှတ်အပ်၏။

## မြင်းမိုရ်တောင် ပမာဏ

၇၀၅-မေး။ ။မြင်းမိုရ်တောင် အလျားအနံယူဇနာ အတိမျှရှိသနည်း။

၇၀၅-ဖြေ။ ။"သိနေရုပဗ္ဗတရာဇာ အာယာမတော စတုရာသီတိ-
ယောဇနသဟဿော ဝိတ္ထာရတောပိ စတုရာသီတိ-
ယောဇနသဟဿော"-
ဤသို့ ကျမ်းလာသောကြောင့် မြင်းမိုရ်တောင်မင်းကား- အလျား ယူဇနာ ရှစ်သောင်းလေးထောင်, အနံလည်း ယူဇနာ ရှစ်သောင်းလေး ထောင်ရှိသတည်းဟု မှတ်ကုန်ရာ၏။

## တာဝတိံသာမြို့ရိုး ပမာဏ

၇၀၆-မေး။ ။တာဝတိံသာ နတ်မြို့ရိုး အမြင့်ယူဇနာ,အနံယူဇနာ ကား အတီမျှနည်း။

၇၀၆-ဖြေ။ ။တာဝတိံသာနတ်မြို့ အမြင့်ယူဇနာ ငါးရာရှိ၏၊အနံ ယူဇနာခွဲရှိ၏။

## ဇေတဝန်နှင့် ပုဗ္ဗါရုံကျောင်း တည်ရာအရပ်

၇၀၇-မေး။ ။ဇေတဝန်ကျောင်းတော်, ပုဗ္ဗါရုံကျောင်းတော်တို့ကား သာဝတ္ထိပြည်၏ အတီအရပ်၌ ရှိလေသနည်း။

၇၀၇-ဖြေ။ ။ဇေတဝန်ကျောင်းတော်ကား သာဝတ္ထိပြည်၏တောင် အရပ်၌ ရှိ၏၊ ပုဗ္ဗါရုံကျောင်းတော်ကား သာဝတ္ထိပြည်၏ အရှေ့အရပ်၌ ရှိသတည်း။

[ဇေတဝန်ကျောင်းတော်၌ ညဉ့်ကျိန်းတော်မူလျှင်ပုဗ္ဗါရုံကျောင်း တော်၌ နေ့နေတော်မူ၏၊ ပုဗ္ဗါရုံကျောင်းတော်၌ ညဉ့်ကျိန်းတော်မူ လျှင် ဇေတဝန်ကျောင်းတော်၌ နေ့နေတော်မူ၏၊ ဤသို့လည်း မှတ် ရာ၏။]

## သာဝတ္ထိပြည် မည်ခြင်းအကြောင်း

၇၀၇-မေး။ ။အဘယ့်ကြောင့် သာဝတ္ထိပြည် မည်သနည်း။

၇၀၇-ဖြေ။ ။သာဝတ္ထိအမည်ရှိသော ရသေ့၏ သင်္ခမ်းရာ၌ မြို့တည်သောကြောင့် သာဝတ္ထိပြည် တွင်လေသတည်း။

## သိကြားမင်းထက် တန်းခိုးကြီးသောနတ် ၃-ယောက်

၇၀၉-မေး။ ။သိကြားမင်းထက်တန်းခိုးကြီးသောနတ်ကားအဘယ်နတ်နည်း။

၇၀၉-ဖြေ။ ။(၁) စူဠရထနတ်။ (၃) အနေကဝဏ္ဏနတ်။
(၂) မဟာရထနတ်။

ဤသုံးယောက်တို့တည်း။

## သိကြားမင်းထက် တန်းခိုးကြီးခြင်းအကြောင်း

၇၁၀-မေး။ ။သိကြားမင်းထက် အဘယ်ကြောင့် တန်းခိုးကြီးလေသနည်း။

၇၁၀-ဖြေ။ ။သိကြားမင်းကား သာသနာတော်ပကာလ၌ အလှူပေးရသောကြောင့်တည်း၊ ထိုနတ်သားသုံးယောက်တို့ကား သာသနာတော်တွင်း၌ အလှူပေးသောကြောင့် တန်းခိုးကြီးသတည်း။

## မဟာလတာတန်ဆာ ဆင်ရသောမိန်းမ ၃-ယောက်

၇၁၁-မေး။ ။ဤဇမ္ဗူဒိပါကျွန်း၌ မဟာလတာတန်ဆာကို ဆင်ရသောမိန်းမကား အဘယ်နှစ်ယောက်နည်း။

၇၁၁-ဖြေ။ ။(၁) ဝိသာခါ။
(၂) ဗန္ဓုလစစ်သူကြီးမယား မလ္လိကာမိဘုရား။
(၃) ဗာရာဏသီသူဌေးသမီး သုမန။

ဤသုံးယောက်သော မိန်းမတို့သာ မဟာလတာတန်ဆာကို ဆင်ရလေသတည်း။

## မဟာလတာတန်ဆာ လုပ်ရသော ရတနာများ

၇၁၂-မေး။ ။မဟာလတာ တန်ဆာကိုကား အဘယ်မျှသောရွှေ၊ အဘယ်မျှသောငွေ၊ အဘယ်မျှသော ကျောက်တို့ဖြင့် လုပ်ရလေသနည်း။

၇၁၂-ဖြေ။ ။ရွှေစင်တသိန်း,ဝဇီရစိန်လေးကွမ်းစား, ပုလဲတဆဲ့ ကကွမ်းစား, သန္တာနှစ်ကွမ်းစား,ပတ္တမြားသုံးဆဲ့သုံးကွမ်းစား၍မျှသော ရတနာတို့ဖြင့် လုပ်ရသတည်း။

**မဟာလ္လတာတန်ဆာ ကိုးကုဋေထိုက်ခြင်း**

၇၁၃-မေး။ ။အဘိုး အတိမျှထိုက်လေသနည်း။

၇၁၃-ဖြေ။ ။အဘိုး ကိုးကုဋေ ထိုက်၏။

**မဟာလ္လတာတန်ဆာ လုပ်သောပန်းထိမ် ၅-ရာ**

၇၁၄-မေး။ ။လုပ်သောပန်းထိမ်ကား အတိမျှနည်း။

၇၁၄-ဖြေ။ ။ပန်းထိမ်ကား ငါးရာတည်း။

**မဟာလ္လတာတန်ဆာ လက်ခငွေ ၁-သိန်း**

၇၁၅-မေး။ ။လက်ခကား အတိမျှ ပေးရသနည်း။

၇၁၅-ဖြေ။ ။လက်ခငွေ တသိန်းပေးရ၏။

**မဟာလ္လတာတန်ဆာ ၄-လ လုပ်ရခြင်း**

၇၁၆-မေး။ ။အတိမျှ ကာလကြာအောင် လုပ်လေသနည်း။

၇၁၆-ဖြေ။ ။ထိုမဟာလ္လတာတန်ဆာကို လေးလလုပ်ဆောင်မှ ပြီးသတည်း။

**မယ်တော်မာယာ သန္ဓေယူချိန် အသက် ပမာဏ**

၇၁၇-မေး။ ။မဟာမာယာဒေဝီကား အသက်အတိမျှရှိမှ ငါတို့ ဘုရားအလောင်းတော်ကို ပဋိသန္ဓေ ယူလေသနည်း။

၇၁၇-ဖြေ။ ။ငါးဆဲ့ငါးနှစ်နှင့် ခြောက်လရှိမှ ဘုရားအလောင်း တော်ကို ပဋိသန္ဓေနေသတည်း။

**မယ်တော်မာယာ နတ်ပြည်၌ ဖြစ်ရခြင်းအကြောင်း**

၇၁၈-မေး။ ။မယ်တော်မာယာကား ဘုရားလောင်းဘွား၍ ခုနစ် ရက်လည်လျှင် ခန္ဓာပြောင်း၍ တုသိတာနတ်ပြည်၌ ဖြစ်လေသည်ကား အဘယ်ကြောင့်နည်း။

၇၁၈-ဖြေ။ ။ဘုရားလောင်းနေတော်မူသော အမိဝမ်းသည် စေ တီတိုက်နှင့်တူ၏၊ တပါးသောသတ္တဝါတို့ သုံးဆောင်ခြင်းငှါလည်း, တပါး သောသတ္တဝါတို့ ပဋိသန္ဓေနေခြင်းငှါလည်း မထိုက်ပြီ၊ ထို့ကြောင့် ဘွား လျှင်ပင် စုတေ၍ တုသိတာနတ်ပြည်၌ သန္တုသိတနတ်သား ဖြစ်လေ၏။

## ရောင်ခြည်တော် အတောင် ၈၀—ဖြစ်ပုံ

၇၁၉-မေး။ ။ငါတို့ဘုရားသခင် အရောင်တော်ရှစ်ဆယ်ကား အဘယ်သို့ ဖြစ်လေသနည်း။

၇၁၉-ဖြေ။ ။မြတ်စွာဘုရား၏အလံတော်နှင့် အရောင်တော်အမျှတည်း၊ ဇနပုဒ်တိုင်းသားတို့၏အတောင်အားဖြင့် အရပ်လေးမျက်နှာတဆဲ့ခြောက်တောင်စီချည်းယူ၊ အထက်ကောင်းကင်သို့လည်း ဆဲ့ခြောက်တောင်ယူ၊ ပေါင်းသော် ရောင်ခတော်ရှစ်ဆယ်ရှိ၏၊ ဤသို့ဖြစ်လေသတည်း။

## အနှာမျိုး ၈၆—ပါး

၇၂၀-မေး။ ။အနာမျိုး ကိုးဆဲ့ခြောက်ပါးကား အဘယ်နည်း။

၇၂၀-ဖြေ။ ။(၁) မျက်စိအနာ။ (၂) နားအနာ။ (၃) နှာခေါင်းအနာ။ (၄) လျှာအနာ။ (၅) ကိုယ်အနာ။ (၆) ခေါင်းအနာ။ (၇) နားရွက်အနာ။ (၈) ခံတွင်းအနာ။ (၉) သွားအနာ။ (၁၀) ကြို့သောအနာ။ (၁၁) ထိပ်ကပ်အနာ။ (၁၂) ပူသောအနာ။ (၁၃) ဖျားသောအနာ။ (၁၄) ဝမ်းအနာ။ (၁၅) မေ့လျော့သောအနာ။ (၁၆) သွေးအနာ။ (၁၇) အော့အနာ။ (၁၈) ပိတ်သွန်အနာ။ (၁၉) ထွတ်အိုင်းအနာ။ (၂၀) ပွေးညှင်းအနာ။ (၂၁) ကုတ်ဟိုးအနာ။ (၂၂) မြိတ်အနာ။ (၂၃) ဝက်ချွတ်အနာ။ (၂၄) ဝက်ခြံအနာ။ (၂၅) ပေါက်အနာ။ (၂၆) ခြေဘဝါး အနာ။ (၂၇) လက်ဘဝါးအနာ။ (၂၈) ခြေတပ်အနာ။ (၂၉) နှလုံး မသက်သာသောအနာ။ (၃၀) မြင်းသရိုက် အနာ။ (၃၁) ဘဂန္ဒြုလ်အနာ။ (၃၂) ကျင်ကြီးကြောင်းကွဲသောအနာ- ပေါင်းသုံးဆဲ့နှစ်ပါးဖြစ်၏။

ဤသုံးဆဲ့နှစ်ပါးသောအနာသည် သလိပ်ပျက်သဖြင့်လည်း သုံးဆဲ့နှစ်ပါးဖြစ်၏။

သည်းခြေပျက်သဖြင့်လည်း သုံးဆဲ့နှစ်ပါး ဖြစ်၏။

လေပျက်သဖြင့်လည်း သုံးဆဲ့နှစ်ပါး ဖြစ်၏။

ဤသုံးပါးကိုပေါင်းသော် ကိုးဆဲ့ခြောက်ပါးသော အနာမျိုးတို့သည် ဖြစ်ကုန်၏။

တနည်းလည်း ဒွတ္တိံသာကာရအစု၌ အနာတို့သည် ဖြစ်ခြင်းကြောင့် သလိပ်, သည်းခြေ, လေပျက်သဖြင့် သုံးဆဲ့နှစ်ပါးစီချည်း ဖြစ်ရာသောကြောင့် သုံးစုကိုပေါင်းသော် အနာမျိုး ကိုးဆဲ့ခြောက်ပါး ဖြစ်၏၊ ဤကိုးဆဲ့ခြောက်ပါးသောအနာတို့သည် ကျင်နာစေတတ်သော လက္ခဏာရှိသောကြောင့် ရောဂါမည်ကုန်သတည်း။

## ဇေတဝန်ကျောင်း ဆောက်ရာ၌ ၁၄-ကုဋေ

၇၂၁-မေး။ ။အနာထပိဏ်သူဌေး ဇေတဝန်ကျောင်း ဆောက်သည့်ကား ဥစ္စာအတိမျှ ကုန်သနည်း။

၇၂၁-ဖြေ။ ။ဇိတမင်းသား ဥယျာဉ်ရာကို ငွေအသပြာ တဆဲ့ရှစ်ကုဋေပေး၍ ဝယ်သည်၊ တဆဲ့ရှစ်ကုဋေသော ဥစ္စာတို့ဖြင့် စရိတ်ပြု၍ ဆောက်သည်၊ တဆဲ့ရှစ်ကုဋေသောဥစ္စာတို့ဖြင့်အနုမောဒနာပြု၍လှူသည်၊ သုံးစုကိုပေါင်းသော် ငါးဆဲ့လေးကုဋေ ဖြစ်၏၊ ဤမျှသောဥစ္စာ ကုန်သတည်း။

[ဤဇေတဝန်ကျောင်းတော်ရာကို အနာထပိဏ်သူဌေးသာ ဝယ်၍ ကျောင်းဆောက်သည်မဟုတ်၊ ဝိပဿီဘုရားသခင်လက်ထက်တော်၌လည်း သုမိတ္တာအမည်ရှိသော သူဌေးသည် ရွှေခုံချင်းအတိခင်း၍ ဝယ်၏၊ သိခီဘုရားသခင်လက်ထက် သီရိဝဍ္ဎနအမည်ရှိသော သူဌေးသည် ရွှေဘယက်အတိ ခင်း၍ ဝယ်၏၊ ဝေဿဘူဘုရားသခင်လက်ထက်တော်၌လည်း သိဒ္ဓိအမည်ရှိသော သူဌေးသည် ရွှေဆင်ရုပ်အတိခင်း၍ ဝယ်၏၊ ကကုသန် ဘုရားသခင် လက်ထက်တော်၌လည်း အစ္စုတအမည်ရှိသော သူဌေးသည် ရွှေခုံချင်းအတိခင်း၍ပင်းဝယ်၏၊ ကောဏာဂုံ ဘုရားသခင်လက်ထက်တော်၌ကား ဥဂ္ဂတ အမည်ရှိသော သူဌေးသည် ရွှေလိပ်ရုပ်အတိခင်း၍ ဝယ်၏၊ ကဿပ ဘုရားသခင်လက်ထက်တော်၌လည်း မင်္ဂလ အမည်ရှိသော သူဌေးသည်

ရွှေသင်ဖြူးအတိခင်း၍ ဝယ်၏၊ ဤသို့နှင့်နှင်ဝယ်၍ ကျောင်းတော်ကို ဆောက်လှူကုန်၏၊ ဤသို့ကျမ်းဂန် အထူးကိုလည်း နှလုံးသွင်းကုန်ရာ သတည်း။]

## ဝိပဿီဘုရား ကျောင်းတော် ပမာဏ

၇၂၂-မေး။ ။ဝိပဿီဘုရားရှင် ကျောင်းတော်ကား အတိုင်းအရှည် အတိမျှနည်း။

၇၂၂-ဖြေ။ ။ဝိပဿီဘုရားကျောင်းတော် အတိုင်းအရှည် တယူဇနာရှိ၏။

## သိခီဘုရား ကျောင်းတော် ပမာဏ

၇၂၃-မေး။ ။သိခီဘုရားရှင် ကျောင်းတော်ကား အတိမျှနည်း။

၇၂၃-ဖြေ။ ။သိခီဘုရားရှင် ကျောင်းတော်ကား သုံးဂါဝုတ်ရှိ၏။

## ဝေဿဘူဘုရား ကျောင်းတော် ပမာဏ

၇၂၄-မေး။ ။ဝေဿဘူဘုရားရှင် ကျောင်းတော်ကား အတိမျှနည်း။

၇၂၄-ဖြေ။ ။ဝေဿဘူ ဘုရားရှင် ကျောင်းတော်ကား တဆယ့်ခြောက်မင်းပယ် ရှိ၏။

## ဘုရားသုံးဆူတို့ ကျောင်းတော် ပမာဏ

၇၂၅-မေး။ ။ကကုသန်, ကောဏာဂုံ, ကဿပ ဘုရားရှင်တို့၏ ကျောင်းတော်ကား အတိမျှနည်း။

၇၂၅-ဖြေ။ ။တဆယ့်ခြောက်မင်းပယ်ဝင်း ရှိသတည်း။

## ဂေါတမဘုရား ကျောင်းတော် ပမာဏ

၇၂၆-မေး။ ။ဂေါတမဘုရားရှင် ကျောင်းတော်ကား အတိမျှနည်း။

၇၂၆-ဖြေ။ ။ဂေါတမ ဘုရားရှင် ကျောင်းတော်ကား ရှစ်မင်းပယ်ရှိသတည်း။

[ဤရေတွက်ခဲ့ပြီးသော ကျောင်းတော်တို့ကားဇေတဝန်ကျောင်းတော်ရာ၌ပင် တည်ရာမလွဲ ဟူသတည်း။

ဇေတဝန်ကျောင်းတော် လေးလမှုပြီး၏၊ ဝိသာခါဆောက်သော ပုဗ္ဗာရုံကျောင်းတော်လည်း လေးလနှင့် ပြီး၏၊ ဤသို့လည်းမှတ်။]

## ဝိသာခါ၏ သား,မြေး,မြစ် အရေအတွက်

၃၂၃-မေး။ ။ဝိသာခါ ဒါယိကာမကား သား,မြေး, မြစ် အတိမျှ ရှိလေသနည်း။

၃၂၃-ဖြေ။ ။ဝိသာခါကား သား,သမီး နှစ်ကျိပ်, မြေးလေးရာ, မြစ်ရှစ်ထောင်ရှိ၏။

## အရှင်သာရိပုတြာ ပရိနိဗ္ဗာန်ပြုရာ အရပ်

၃၂၈-မေး။ ။အရှင်သာရိ ပုတြာကား အဘယ်အရပ်၌ ပရိနိဗ္ဗာန် ပြုတော်မူလေသနည်း။

၃၂၈-ဖြေ။ ။နာဠက အမည်ရှိသောရွာ၌ မယ်တော်အိမ်တွင် အရှင်သာရိပုတြာ ပရိနိဗ္ဗာန် ပြုတော်မူလေ၏။

## အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန်ပြုရာ အရပ်

၃၂၉-မေး။ ။အရှင်မောဂ္ဂလာန်ကား အဘယ်အရပ်၌ ပရိနိဗ္ဗာန် ပြုတော်မူလေသနည်း။

၃၂၉ ဖြေ။ ။ဂန္ဓမာဒန တောင်၌ အရှင်မဟာမောဂ္ဂလာန်သည် ပရိနိဗ္ဗာန် ပြုတော်မူသည်။

[အရှင်သာရိပုတြာကား တန်ဆောင်မုန်းလပြည့်နေ့ ပရိနိဗ္ဗာန် ပြုတော်မူ၏၊ ရှင်မောဂ္ဂလာန်ကား တန်ဆောင်မုန်းလကွယ်နေ့ ပရိနိဗ္ဗာန် ပြုတော်မူ၏၊ ဤနှစ်ပါးကား ဘုရားမြတ်စွာ အလျင်တည်း။

## ယသော်ဓရာထေရီ ပရိနိဗ္ဗာန်ပြုကာနီး တန်းခိုးပြပုံ

၃၃၀-မေး။ ။ယသော်ဓရာကား အဘယ်သို့ တန်းခိုးဘန်ဆင်း၍ ပရိနိဗ္ဗာန် ပြုလေသနည်း။

၃၃၀-ဖြေ။ ။ယသော်ဓရာကား မြတ်စွာဘုရားကို ခွင့်တောင်း၍ ကရဝိက်ငှက်မင်း ဘန်ဆင်းပြီးလျှင် မြင်းမိုရ်တောင်ထက်၌ ခြေစုံရပ်၍ အရှေ့ကျွန်းသို့ ဦးခေါင်းနှတ်သီးထား၍ ဇမ္ဗူဒီပါကျွန်းကို လက်ျာအတောင်ထား၍ ဥတ္တရကုရုကျွန်းကို လက်ဝဲအတောင်ထား၍ အပရဂေါယာန်ကျွန်းကို အမြီးတင်၍ ဤသို့ကြီးစွာ ပြာဋိဟာပြလျက် ယသော်ဓရာ ရဟန္တာမ ပရိနိဗ္ဗာန် ပြုတော်မူလေ၏။

### အရှင်ကောဏ္ဍည ပရိနိဗ္ဗာန်ပြုရာ အရပ်

၄၃၁-မေး။ ။အရှင်ကောဏ္ဍညထေရ်ကား အဘယ်အရပ်၌ ပရိနိဗ္ဗာန် ပြုလေသနည်း။

၄၃၁-ဖြေ။ ။အရှင်ကောဏ္ဍညကား ဟိမဝန္တာတော၌ ပရိနိဗ္ဗာန် ပြုလေ၏။

### ဝေသာလီ မည်ခြင်းအကြောင်း

၄၃၂-မေး။ ။ဝေသာလီပြည် တွင်ကြောင်းကား အဘယ်နည်း။

၄၃၂-ဖြေ။ ။ဗိုလ်ပါပြန့်ပွား များသောကြောင့် မြို့သုံးခါတိုင် အောင်ချဲ့ရလေသတည်း၊ ထို့ကြောင့် ဝေသာလီပြည် တွင်၏။

### ဝေသာလီပြည် လိစ္ဆဝီမင်း အရေအတွက်

၄၃၃-မေး။ ။ထိုဝေသာလီပြည်ကို မင်းပြုသော လိစ္ဆဝီမင်းမျိုး ထီးဖြူဆောင်း မင်းကား-အဘယ်မျှ အရေအတွက် ရှိသနည်း။

၄၃၃-ဖြေ။ ။ဝေသာလီပြည်၌ ထီးဖြူဆောင်း လိစ္ဆဝီမင်းမျိုးကား ကိုးထောင်, ကိုးရာ, ကိုးကျိပ်, ကိုးယောက် အရေအတွက် ရှိသတည်း၊ အိမ်ရှေ့မင်းလည်း ထို့အတူပင်ဂိုဏ်း ရှိ၏၊ ဥပရာဇ်, ရေကန်, နန်းပြာသာဒ်လည်း ထို့အတူ ဂိုဏ်း ရှိ၏။

### လိစ္ဆဝီ ခေါ်တွင်ခြင်းအကြောင်း

၄၃၄-မေး။ ။လိစ္ဆဝီ အဘယ်ကြောင့် တွင်သနည်း။

၄၃၄-ဖြေ။ ။မိမိတို့မျိုးသောကွမ်းသွေးကို ပြင်ကရိပ်ရိပ်မြင်သောကြောင့် လိစ္ဆဝီဟု တွင်သတည်း။

[ထိုမင်းမျိုးတို့ကား ဗာရာဏသီမင်းမျိုးတည်း၊ ဗာရာဏသီမင်းကြီး မိဘုရားသည် သားတစ်ဘွား၍ ရှက်စနိုးလျှင် အိုးတွင်ထည့်၍ ဂင်္ဂါမြစ်တွင် ပစ်လေ၏၊ နတ်တို့ကမွဲည်းစာရင်းထည့်လေ၏၊ဂင်္ဂါမြစ်အောက်၌ ရသေ့ဆယ်၍ သခ်မ်းဝယ် ထားလေ၏၊နေ့စေ့သော် ထိုသားတစ်သည် နှစ်ဖြာကွဲ၍ ယောကျ်ားတယောက်, မိန်းမတယောက်ဖြစ်၏၊ ရှင်ရသေ့ လက်ညှိုးမှနို့ရည်ဖြစ်၍ တိုက်လေ၏၊ ထိုသူငယ်ကို နွားကျောင်းသားတို့ယူ၍ မွေးလေ၏၊အရွယ်သို့ ရောက်လတ်သော် မောင်နှမကိုပင် ထိမ်းမြားခြင်း ပြုလေသတည်း၊ သုံးကျိပ်နှစ်ယောက် မြင်၏၊

ဗာရာဏသီမင်းကြီးကို ပန်ထွာ၍ တယူဇနာအရပ်၌ မြို့တည်လေ၏၊ ထိုလိစ္ဆဝီမင်းတို့ကား တာဝတိံသာနတ်နှင့် တူ၏၊ ဤကား ဝေသာလီမျိုးဖြစ်သော အစတည်း။]

## ငရဲကြီး ၈-ထပ်တည်ပုံ

၇၃၅-မေး။ ။ငရဲကြီး ရှစ်ထပ်တို့၏ တည်ဟန်ကား- အဘယ်နည်း။

၇၃၅-ဖြေ။ ။(၁) သိဉ္စိုးဝ်းငရဲကားတထပ်တည်း။
(၂) ထိုအောက် ကာဠသုတ်ငရဲ။
(၃) ထိုအောက် သင်္ဃာတငရဲ။
(၄) ထိုအောက် ရောရုဝငရဲ။
(၅) ထိုအောက် မဟာရောရုဝငရဲ။
(၆) ထိုအောက် တာပနငရဲ။
(၇) ထိုအောက် မဟာတာပနငရဲ။
(၈) ထိုအောက် အဝီစိငရဲတည်း။

ဤငရဲကြီးရှစ်ထပ်လုံးတို့သည် အောက်အထက်ချည်းတည်း၊ တံခါးလေးမျက်နှာစီရှိ၏၊ တံခါးတခုတခု၌ ဥဿဒ္ဒရက်ငရဲ လေးလုံးစီရှိ၏၊ ငရဲမီးလျှံသည်၎င်း, ငရဲသူတို့သည်၎င်း, ဆင်းရဲသည်၎င်း, အခြားမရှိ၊ တစပ်တည်းဖြစ်သောကြောင့် အဝီစိမည်သတည်း၊ အလျား, အနံ, အစောက်ကား တရာစီရှိ၏။

အရှေ့နံရံမှ မီးလျှံသည် တက်လတ်၍ အနောက်နံရံကို တိုက်လတ်၍ ပြင်သို့ထွက်၍ တယူဇနာတိုင်တိုင် သွားလေ၏။

အနောက်နံရံမှ မီးလျှံသည်လည်း အရှေ့နံရံကိုတိုက်လတ်၍ ပြင်သို့ ယူဇနာတိုင်အောင် သွားလေ၏။

တောင်နံရံ, မြောက်နံရံမှ မီးလျှံသည်လည်း ထို့အတူ၎င်း ပြေးလေ၏။

အောက်မီးလျှံသည်လည်း အထက်သို့ဘောက်၍ ယူဇနာတရာ တိုင်အောင် သွားလေ၏။

ထိုငရဲမီးလျှံသည် ပတ်ပတ်ဝန်းကျင် ယူဇနာငါးသောင်းလေးထောင့်ကိုးရာရှိ၏၊ ထက်ဝန်းကျင် ဥဿဒ္ဒရက် ငရဲနှင့်တကွ ယူဇနာတသိန်းရှိ၏၊ ဤမီးလျှံတို့၏အလယ်၌ ယူဇနာတရာရှိသောကိုယ် ရှိလျက် ရှင်ဒေဝဒတ်

သည် ငရဲခံရသည်၊ ထိုအဝီစိငရဲ၌ ခံရကုန်သော သတ္တဝါတို့သည်ကား ကျည်တောက်၌ သိပ်၍ထားသော မုန်ညင်းဆန်ကဲ့သို့ အခြားမရှိပြီ၊ မိမိတို့၏ အချင်းချင်းလည်း မကျဉ်းမြောင်းကုန်။

ထိုအဝီစိငရဲမှ ထွက်မြောက်သည်ရှိသော် ယူဇနာတရာအရပ်ကနေသော်လည်း အအူအသည်းကိုထွက်စေနိုင်သော ညှီပေါက်ပုပ်နံ့ စွာသော ဘင်ပုပ်ငရဲ၌ကျ၏၊ ထိုငရဲသည် အကျယ်ယူဇနာ တရာရှိ၏၊ ဘင်ပုပ်ဖြင့် ပြည့်၏၊ အပ်သွားကဲ့သို့ထက်လှစွာသော နှုတ်သီးရှိသော ပိုးလောက်တို့သည် ဆင်၏လည်ပင်းခန့်ရှိ၏၊ လှေပိန်းကောခန့်ရှိ၏၊ ထိုပိုးလောက်တို့သည် စားကုန်၏။

ထိုဘင်ပုပ်ငရဲ ပြင်အဘို့ကား ပြာပူငရဲ ယူဇနာ တရာရှိ၏၊ ထိုငရဲ ပြင်အဘို့၌ လက်ပံတောရှိ၏၊ ငရဲထိန်းပုတ်ခတ်လေသဖြင့် လက်ပံပင်သို့ ငရဲသူတို့ တက်ကုန်၏၊ ငရဲသူတို့ တက်သောအခါ၌ လက်ပံဆူးတို့သည် အောက်သို့ အဖျားညွတ်ကုန်၏၊သက်သောအခါကား အဖျားအထက်သို့ ညွတ်ကုန်၏၊ ထိုလက်ပံတောမှသည် သရက်ပင်တောရှိ၏၊ ငရဲသူတို့ဝင်သောအခါ၌ ငရဲသူတို့၏ကံကြောင့် ဖြစ်လေသော လေညှင်းလာလတ်သော် သန်လျက်အရွက်တို့သည် ကြွေလတ်၍ လက်,ခြေ,နှာခေါင်း စသည်တို့သည် ထိတိုင်းပြတ်လေကုန်၏၊ ဥပမာကား စဉ်းနှီးတုံး၌အမဲကိုတင်၍ စဉ်းသကဲ့သို့ဟည်း၊ထ၍ပြေးတုံအခွံ့သံတံတိုင်းတို့သည်ပေါ်လာ၍ရံလေ၏။

ထိုသရက်တောအပြင်၌ကား ဝေတ္တရဏီအမည်ရှိသော ကြိမ်ပိုက်ချောင်းတည်း၊ သတ္တဝါတို့ကို မုန့်မုန့်ညက်ညက်ကြေစေတတ်သောရေရှိ၏၊ ထိုဝေတ္တရဏီချောင်း၌ ငရဲထိန်းတို့သည်ကား ရဲရဲတောက်သော သံလှင်ကန်,ခက်ရင်းတို့ဖြင့် ထိုးခုတ်ရိုက်နှက်ကြကုန်၏၊ ငရဲသူတို့မခံနိုင်၍ ထိုချောင်းသို့ ဆင်းပြေးကုန်၏၊ ထိုချောင်းနားကမ်းနှစ်ဘက်တို့၌ ကြိမ်နွယ်တို့ဖြင့် ဖုံးလွှမ်းကုန်၏၊ ထိုရဲရဲညီးသော ကြိမ်နွယ် သမန်းမြက်တို့စူးရှကုန်သည်ဖြစ်၍ မြင့်ရှည်စွာဆင်းရဲခံရကုန်၏၊ ထိုချောင်း၏အထဲ၌ ကြာရွက်တို့သည်လည်း အပိုင်းအပိုင်းဖြတ်လျက်ခံရကုန်၏၊ ရေတို့သည်လည်း ရဲရဲတောက်ကုန်၏၊ ထိုရေ၌ ကျသောသတ္တဝါတို့သည်လည်း ရဲရဲထိန်ထိန်လောင်လေကုန်၏၊ ထိုသို့ ငရဲခံရသောအကြောင်းကိုလည်း နှလုံးသွင်း၍ မကောင်းမှုကို ရှောင်ကုန်ရာသည်။

ဤသို့လျှင် ငရဲတို့၏ တည်ဟန်နှင့်တကွ ဆင်းရဲခံရသော အကြောင်းတို့ကို မှတ်ကုန်ရာ၏။

## တိုင်းကြီး ၁၆-တိုင်း

၄၃၆-မေး။ ။တိုင်းကြီးတဆဲ့ခြောက်တိုင်းကား အဘယ်နည်း။

၄၃၆-ဖြေ။ ။(၁) အင်္ဂတိုင်း။ (၉) ကုရုတိုင်း။
(၂) မဂဓတိုင်း။ (၁၀) သက္ကတိုင်း။
(၃) ကာသိတိုင်း။ (၁၁) ပဉ္စာလတိုင်း။
(၄) ကောသလတိုင်း။ (၁၂) မဒ္ဒတိုင်း။
(၅) ဝဇ္ဇီတိုင်း။ (၁၃) ဘဂ္ဂတိုင်း။
(၆) ဝိဒေဟတိုင်း။ (၁၄) အဝန္တိတိုင်း။
(၇) စေတိယတိုင်း။ (၁၅) ဂန္ဓာရတိုင်း။
(၈) ဝင်္ဂတိုင်း။ (၁၆) ကမ္ဗောဇတိုင်း—

ဟူ၍ တဆဲ့ခြောက်တိုင်းတည်း၊ ဤသည်လျှင် တိုင်းကြီး တဆဲ့ခြောက်တိုင်းတည်း။

## မျက်ကြွတ် မာန် ၉-ပါး

၄၃၇-မေး။ ။မာန်ကိုးပါးကား အဘယ်နည်း။

၄၃၇-ဖြေ။ ။(၁) ဤသူသည် ငါ၏စီးပွါးကို ဖျက်လေပြီဟူ၍ ရန်ငြိုးဖွဲ့ခြင်းတပါး။

(၂) ယခုလည်း ငါ၏စီးပွားကို အကျိုးမဲ့ပြုဆဲဟူ၍ ရန်ငြိုးဖွဲ့ခြင်းတပါး။

(၃) နောင်လည်း ငါ၏စီးပွားမရှိသည်ကို ပြုလတ္တံ့ဟူ၍ ရန်ငြိုးဖွဲ့ခြင်းတပါး (သုံးပါး။)

(၁) ဤသူသည် ငါ့အဆွေခင်ပွန်း၏ အကျိုးစီးပွား မရှိသည်ကို ပြုဘူးလေပြီ။

(၂) ယခုလည်း ပြုဆဲ။

(၃) နောင်လည်း ပြုလတ္တံ့ဟူ၍ ရန်ငြိုးဖွဲ့ခြင်း (သုံးပါး။)

(၁) ဤသူသည် ငါ့ရန်သူဖြစ်သော သူ၏ အကျိုးစီးပွားကို ဆောင်ဘူးလေပြီ။

(၂) ယခုလည်း ဆောင်ဆဲ။

(၃) နောင်လည်း ဆောင်လတ္တံ့ဟူ၍ ရန်ငြိုးဖွဲ့ခြင်း (သုံးပါး။)

ဤသုံးစုကို ပေါင်းသော် ကိုးပါးဖြစ်၏၊ ဤသည်လျှင် မျက်ကြွတ်ကိုးတန် မာန်ကိုးပါးတည်း။

## မာန် ၃-ပါး

၃၃၈-မေး။ ။မာန်သုံးပါးကား အဘယ်နည်း။

၃၃၈-ဖြေ။ ။(၁) သေဋ္ဌမာန်။ (၃) ဟီနမာန်။
(၂) သဒိသမာန်။

ဤ မာန်သုံးပါးတည်း။

## မာန် ၃-ပါးသရုပ်

၃၃၉-မေး။ ။ထိုမာန်သုံးပါး၏သရုပ်ကား အဘယ်နည်း။

၃၃၉-ဖြေ။ ။(၁) ငါသာ မြတ်သည်၊ ငါ့ထက် မြတ်သောသူ မရှိဟု မာန်ပြုခြင်းကား သေဋ္ဌမာန်မည်၏။

(၂) ထိုသူကား ငါနှင့်အတူတူပင်သာတည်းဟု မာန်ပြုခြင်းကား သဒိသမာန်မည်၏။

(၃) ထိုသူကား ငါတို့ထက်သာလေ၏၊ ငါတို့ကား ယုတ်ညံ့သောသူတည်းဟု မာန်ပြုခြင်းကား ဟီနမာန်မည်၏။

ဤကား မာန်သုံးပါး၏ သရုပ်တည်း။

## လူ့အဖြစ်ရခဲသော ဥပမာ

၃၄၀-မေး။ ။လူ၏အဖြစ်ကို ရခဲလှစွာသောစကား၌ ဥပမာကား အဘယ်နည်း။

၃၄၀ ဖြေ။ ။အကနိဋ္ဌဗြဟ္မာ့ပြည်ကသည် အလျားတဂါဝုတ် အနံတဂါဝုတ်ရှိသော ကျောက်ခဲစိုင်ကို ဤလူ့ပြည်သို့ချလိုက်သော် သုံးနှစ်လေးလနှင့် တမွန်းတည့်ရှိမှ လူ့ပြည်သို့ရောက်လေ၏၊ တနေ့ကျရောက်သည်ကား ယူဇနာရှစ်သောင်းလေးထောင်ကျရောက်လာ၏၊ ညဉ့်လည်း ထိုနည်းတူရင်းရောက်၏၊ ထိုသို့မြင့်သောဗြဟ္မာ့ပြည်က အပ်တစင်းကို ချလိုက်၍ လူ့ပြည်က အပ်တစင်းကိုခံသော် အပ်သွားချင်းသော်ကား ထိခိုက်လွယ်၏၊ ထို့ထက် လူ၏အဖြစ်ကိုရခဲ၏။

ဤသည်လျှင် လူ၏အဖြစ်ကို ရခဲသော ဥပမာတည်း။

## မင်္ဂလာတရားနာ၍ ကျွတ်သောဝေနေယျ

၄၃၁-မေး။ ။မဟာမင်္ဂလသုတ် တရားတော်ကို ဟောတော်မူရာ၌ အကျွတ်တရားကို ရကုန်သော ဝေနေယျသတ္တဝါတို့ကား အဘယ်မျှနည်း။

၄၃၁-ဖြေ။ ။ကုဋေ ရှစ်ဆယ်မျှလောက်သော နတ်များတို့သည် ရဟန္တာဖြစ်ကုန်၏၊ သောတာပန်, သကဒါဂါမိ, အနာဂါမိဖြစ်သောနတ်များသည်ကား မရေတွက်နိုင်ကုန်၊ ဤသို့မှတ်ကုန်ရာ၏။

## ရဟန်းတို့ မှီဝဲရာသည် ၄-ပါး

၄၃၂-မေး။ ။ရဟန်းတို့မှီဝဲရာသည် လေးပါးကားအဘယ်နည်း။

၄၃၂-ဖြေ။ ။(၁) ဆွမ်း။ (၃) ကျောင်း။
(၂) သင်္ကန်း။ (၄) ဆေး။

ဤ လေးပါးတည်း။

## ရဟန်းတို့ မမှီဝဲအပ်သည် ၄-ပါး

၄၃၃-မေး။ ။ရဟန်းတို့မမှီဝဲအပ်သည် လေးပါးကား အဘယ်နည်း။

၄၃၃-ဖြေ။ ။(၁) မေထုန ပါရာဇိက။
(၂) အဒိန္နာဒါန ပါရာဇိက။
(၃) မနုဿဝိဂ္ဂဟ ပါရာဇိက။
(၄) ဥတ္တရိမနုဿဓမ္မ ပါရာဇိက။

ဤလေးပါးကို ရဟန်းတို့ အသက်ထက်ဆုံး မမှီဝဲအပ်သည်တည်း၊ ဤသည်လျှင် မမှီဝဲအပ်သည်လေးပါးတည်း။

[မေထုနပါရာဇိကကား မေထုန်မှီဝဲသော ယုတ်မာသောအကျင့်တည်း။

အဒိန္နာဒါနပါရာဇိကကား အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးဘဲ တမတ်သောဥစ္စာ, တမတ်ထိုက်သောဥစ္စာတို့ကို ခိုးယူခြင်းတည်း။

မနုဿဝိဂ္ဂဟကား လူစင်စစ်အသက်ကို သေစေလိုသောစိတ်ဖြင့် သတ်ခြင်းတည်း။

ဥတ္တရိမနုဿဓမ္မကား လူတို့၏ကုသိုလ်ဓမ္မထက်မြတ်သော ဈာန်တရား, မဂ်တရား, ဖိုလ်တရားကိုရ၏ဟု ပြောဟောခြင်းတည်း၊ ဤကား ပါရာဇိကလေးပါးဟု မှတ်အပ်၏။]

### အာပတ် ၇-ပုံ

၇၄၄-မေး။ ။အာပတ်ခုနစ်ပုံကား အဘယ်နည်း။

၇၄၄-ဖြေ။ ။(၁) ပါရာဇိက။ (၂) သံဃာဒိသိသ်။ (၃) ပါစိတ်။ (၄) ထုလ္လစ္စဥ်း။ (၅) ဒုက္ကဋ်။ (၆) ဒုဗ္ဘာသိတ်။ (၇) ပါဋိဒေသနီ။

ဤခုနစ်ပါးတည်း။

### ဗီဇ ၅-ပါး

၇၄၅-မေး။ ။ဗီဇငါးပါးကား အဘယ်နည်း။

၇၄၅-ဖြေ။ ။ပဉ္စဗီဇာနိ မူလဗီဇံ၊ ခန္ဓဗီဇံ၊ ဖဠုဗီဇံ၊ အဂ္ဂဗီဇံ၊ ဗီဇဗီဇံ ဣတိ။

ဤသို့ ဝိနည်းကျမ်းလာရကား—

(၁) မူလဗီဇ။ (၂) ခန္ဓဗီဇ။ (၃) ဖဠုဗီဇ။ (၄) အဂ္ဂဗီဇ။ (၅) ဗီဇဗီဇ-

ဟူ၍ ငါးပါး ပြား၏။

### မူလဗီဇ

၇၄၆-မေး။ ။မူလဗီဇကား အဘယ်နည်း။

၇၄၆-ဖြေ။ ။နံနွင်း,ချင်း,လင်းလေ,ဆိတ်ဖူး,ပန်းရင်း,နွားမြေရင်း အစရှိသည်တို့ကား အမြစ်၌ အညွန့်ရောက်ကောင်းသောကြောင့် မူလဗီဇ မည်၏။

### ခန္ဓဗီဇ

၇၄၇-မေး။ ။ခန္ဓဗီဇကား အဘယ်နည်း။

၇၄၇-ဖြေ။ ။ညောင်,သဖန်းစသော သစ်ပင်တို့ကား အခက်၌ အ အညွန့်အညှောက် ရောက်ကောင်းသောကြောင့် ခန္ဓဗီဇ မည်၏။

### ဖဠုဗီဇ

၇၄၈-မေး။ ။ဖဠုဗီဇကား အဘယ်နည်း။

၇၄၈-ဖြေ။ ။ကြံ,ဝါး,ကျူစသောသစ်ပင်တို့ကား အဆစ်၌ အညွန့် ရောက်ကောင်းသောကြောင့် ဖဠုဗီဇ မည်၏။

### အဂ္ဂဗီဇ

၇၄၉-မေး။ ။အဂ္ဂဗီဇကား အဘယ်နည်း။

၇၄၉-ဖြေ။ ။ကညို့,မုံလာစသည်တို့ကား အညွန့်၌ အညှောက်ရောက်ကောင်းသောကြောင့် အဂ္ဂဗီဇ မည်၏။

### ဗီဇ,ဗီဇ

၇၅၀-မေး။ ။ဗီဇ, ဗီဇကား အဘယ်နည်း။

၇၅၀-ဖြေ။ ။စပါး, ပြောင်း,ပဲ,လူး,ဆတ်, ဖရုံစသည်တို့ကား ဗီဇဟူသောမျိုးစေ့၌ အညွန့်အညှောက် ရောက်သောကြောင့် ဗီဇဗီဇမည်၏။

### ဗီဇဂါမ်ဖျက်၍ ဒုက္ကဋ်အာပတ်သင့်ခြင်း

၇၅၁-မေး။ ။ဗီဇဂါမ်ကို ဖျက်ဆီးသော် အဘယ်အာပတ် သင့်သနည်း။

၇၅၁-ဖြေ။ ။"ဗီဇဂါမံ ဝိကောပေန္တဿ ဒုက္ကဋံ"။

ဤသို့ဝိနည်းကျမ်းလာရကား-ဆိုအပ်ခဲ့ပြီးသော ဗီဇငါးပါးကိုဖျက်ဆီးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

### ဝိနည်းအရာ ဂရု၌ တည်သင့်ခြင်း

၇၅၂-မေး။ ။ဝိနည်းပညတ်တော်၌ ဂရု,လဟုနှစ်ပါးတို့တွင် အဘယ်၌ တည်စေအပ်သနည်း။

၇၅၂-ဖြေ။ ။"ဂရုကလဟုကေသု ဂရုကေယေဝ ဌာတဗ္ဗန္တိ ဧတံ ဝိနယလက္ခဏံ"။

ဤသို့ ကျမ်းလာရကား-ဂရုက လဟုကနှစ်ပါးတွင် ဂရု၌သာ တည်ရာ၏ဟု မှတ်အပ်၏။

### ကပ္ပိခြင်း ၅-ပါး

၇၅၃-မေး။ ။ရဟန်းတို့၌ ကပ္ပိခြင်းငါးပါးကား အဘယ်နည်း။

၇၅၃-ဖြေ။ ။အဂ္ဂိပရိစိတံ၊ သတ္ထပရိစိတံ၊ နခပရိစိတံ၊ အဗီဇံ၊ နိဗ္ဗဋ္ဋဗီဇဉ္စေဝ ပဉ္စမန္တိ။

ဤသို့ ဝိနည်းကျမ်းလာရကား—

(၁) မီးဖြင့်ကပ္ပိခြင်း။ (၄) အစေ့မရှိခြင်း။
(၂) ထားဖြင့်ကပ္ပိခြင်း။ (၅) အစေ့ထုတ်ခြင်း။
(၃) လက်သည်းဖြင့် ကပ္ပိခြင်း။

ဤငါးပါးသည် ရဟန်းတို့၏ ကပ္ပိခြင်း ငါးပါးတည်း။

## ကာလိက ၄-ပါး

၇၅၄-မေး။ ။ရဟန်းတို့၌ ကာလိကလေးပါးကား အဘယ်နည်း။
၇၅၄-ဖြေ။ ။(၁) ယာဝကာလိက။ (၃) သတ္တာဟကာလိက။
(၂) ယာမကာလိက (၄) ယာဝဇီဝိက။
ဤလေးပါးတည်း။

## ယာဝကာလိက

၇၅၅-မေး။ ။ယာဝကာလိကဟူသည်ကား အဘယ်နည်း။
၇၅၅-ဖြေ။ ။ဆွမ်း, ဟင်း, မုန့်,ငါး, အမဲ,ဟင်းမျိုးစသော ဘောဇဉ်ခဲဘွယ်တို့ကား ယာဝကာလိကမည်၏။

[ထိုယာဝကာလိကဖြစ်သော ခဲဘွယ်ဘောဇဉ်တို့ကို နေအရုဏ်တက်သည်မှစ၍ မွန်းမဘည့်မီအကပ်ခံရ၍ရဟန်းတို့ သုံးဆောင်ဘုဉ်းပေးအပ်သတည်း။]

## ယာမကာလိက

၇၅၆-မေး။ ။ယာမကာလိကဟူသည်ကား အဘယ်နည်း။
၇၅၆။-ဖြေ။ ။သရက်သီး, သပြေသီးစသော အဖျော်ရှစ်ပါးတို့ကား ယာမကာလိကမည်၏။

[ထိုယာမကာလိကဖြစ်သော အဖျော်တို့ကို နေလွဲသည်မှစ၍ ညဉ့်သုံးယံပတ်လုံး ရဟန်းတို့ဆာလောင်မွတ်သိပ်သောအခါဘုဉ်းပေး သုံးဆောင်အပ်သတည်း။]

## သတ္တာဟ ကာလိက

၇၅၇-မေး။ ။သတ္တာဟကာလိကဟူသည်ကား အဘယ်နည်း။
၇၅၇-ဖြေ။ ။ထောပတ်, ဆီဦး, နှမ်းဆီ, ပျား, တင်လဲ စသည်တို့ကား သတ္တာဟကာလိကမည်၏။

[ထိုသတ္တာဟကာလိကတို့ကို အကပ်ခံ၍ ခုနစ်ရက်ပတ်လုံး ရဟန်းတို့ဘုဉ်းပေးသုံးဆောင်အပ်သတည်း။]

## ယာဝဇီဝိက

၇၅၈-မေး။ ။ယာဝဇီဝိကဟူသည်ကား အဘယ်နည်း။
၇၅၈-ဖြေ။ ။ဆီးဖြူ, ရှစ်ရှား, သဖန်းခါး,ဇရုတ်စသောဘောဇနီယခါဒနီယမထိုက်သော သစ်သီးသစ်ရွက်တို့ကား ယာဝဇီဝိကမည်၏။

[ယာဝဇီဝိကကိုအကြောင်းရှိသော် ရဟန်းတို့ အသက်ထက်ဆုံး ဘုဉ်းပေးသုံးဆောင်အပ်သတည်း။]

## ဘောဇဉ် ၅-ပါး

၇၅၉-မေး။ ။ဘောဇဉ် ငါးပါးကား အဘယ်နည်း။

၇၅၉-ဖြေ။ ။"ဘောဇနီယံ့နာမ ပဉ္စ ဘောဇနာနိ သြဒနော ကုမ္မာသော သတ္တု မစ္ဆော မံသန္တိ"။

ဤသို့ ဝိနည်းကျမ်းလာရကား ဆွမ်း, မုယော,ပဲမှုံလုံး,ငါး, ဟင်းမျိုး-ဤသည်လျှင် ဘောဇဉ် ငါးပါးမည်၏။

ယာဂု,သားပြွမ်းဆွမ်းဟင်း စသည်တို့ကို ဆွမ်း၌ သွင်းအပ်၏၊မုံ့မျိုးဟူသမျှကို ပဲမှုံ့လုံး၌ သွင်းအပ်၏၊ ရေ၌နေသော သတ္တဝါတို့၏ အသားကို ငါး၌ သွင်းအပ်၏၊အသားဆယ်ပါးမှ တပါး ကြည်း၌ဖြစ်သောအသားကို ဟင်း၌ သွင်းအပ်၏၊ ဤသို့အထူးမှတ်။]

## အဖျော် ၈-ပါး

၇၆၀-မေး။ ။အဖျော်ရှစ်ပါးကား အဘယ်နည်း။

၇၆၀-ဖြေ။ ။(၁) သရက်သီး။ (၅) သစ်မည်စည်သီး။
(၂) သပြေသီး။ (၆) မုဒရက်သီး။
(၃) တောငှက်ပျောသီး။ (၇) ကြာစွယ်ကြာရင်း။
(၄) အိမ်ငှက်ပျောသီး။ (၈) ဖက်သက်တရော်။

ဤသည်လျှင် အဖျော်ရှစ်ပါးတည်း။

[ဤသစ်သီးအဖျော်နှင့်လျော်သော သစ်သီးမျိုးတို့ကား စပါးမျိုး ခုနစ်ပါး,သီးကြီးကိုးပါးတို့မှတပါးသော မန်ကျည်း, ရှောက်,သမ္ဗရာ, ဆီးသီး,ခံသီးအစရှိသော လျော်သောအသီးမျိုးတို့ကား အဖျော်မ အပ်သည်မရှိပြီ၊ အလုံးစုံသည် ယာမကာလိကလျှင်တည်း။]

## စပါးမျိုး ၇-ပါး

၇၆၁-မေး။ ။စပါးမျိုး ခုနစ်ပါးကား အဘယ်နည်း။

၇၆၁-ဖြေ။ ။(၁) သလေးစပါး။ (၅) ပြောင်း။
(၂) ကောက်စပါး။ (၆) လူး။
(၃) မုယောစပါး။ (၇) ဆပ်။
(၄) နတ်ကောက်စပါး။

ဤခုနစ်ပါးတည်း။

[ထိုစပါးမျိုးခုနစ်ပါးကို ရဟန်းတို့ ကိုင်လည်း မကိုင်အပ်၊ နေလှဲ အခါလည်း မဘုဉ်းပေးအပ်။

## အဖျော် မအပ်သော သစ်သီးကြီး ၉-ပါး

၇၆၂-မေး။ ။ထိုစပါးမျိုးနှင့်လျော်သော အဖျော် မအပ်သော သစ်သီးကြီး ကိုးပါးကား အဘယ်နည်း။

၇၆၂-ဖြေ။ ။(၁) ထန်းသီး။ (၅) ဖရုံ။
(၂) အုန်းသီး။ (၆) သခွါးပြုတ်။
(၃) ပိန္နဲသီး။ (၇) သခွါးဆစ်။
(၄) ဘူး။ (၈) သခွါးကြောင်။
(၉) သခွါးနီ။

ဤသစ်သီး ကိုးပါးတည်း။

[ထိုသစ်သီးကြီးတို့ကို ရဟန်းတို့၌ အဖျော်မအပ်ချေ၊ ထိုသစ်သီးနှင့် လျော်သော သစ်သီးဟူသမျှပင် အနုလောမညွှန်းဖလရသတည်း၊ ယာဝကာလိက ဖြစ်သောကြောင့် နေလွဲအခါ မအပ်ချေ။]

## နေလွဲသောအခါ မအပ်သော သစ်ရွက်များ

၇၆၃-မေး။ ။သစ်ရွက်တို့၌ကား အဘယ်သစ်ရွက်တို့သည် နေလွဲသောအခါ မသုံးဆောင်အပ်သနည်း။

၇၆၃-ဖြေ ။ကျက်သောဟင်းရွက်အရသာကိုထား၍ အလုံးစုံသော ဟင်းရွက်အရသာကို ခွင့်ပြုတော်မူသောကြောင့် ဟင်းရွက်ကျက်မှ တပါးသော ယာဝကာလိကဖြစ်သော အရွက်တို့ကို ရေချမ်းဖြင့်နယ်သော်၎င်း, နေဖြင့်ကျက်သော်၎င်း ဤဟင်းရွက်အရသာတို့ကို ပစ္ဆာဘတ္တ နေလွဲသောအခါ၌ အဖျော်ပြု၍ သုံးဆောင်အပ်သတည်း။

## နေလွဲသောအခါ အပ်သော သစ်ပွင့်များ

၇၆၄-မေး။ ။သစ်ပွင့်ကား အဘယ် သစ်ပွင့်သည် ရဟန်းတို့ ညအခါ အပ်ပါသနည်း။

၇၆၄-ဖြေ။ ။သစ်မည်စည်ပွင့်ကိုထား၍ အလုံးစုံသောအပွင့်အရသာတို့သည် ရဟန်းတို့အား ပစ္ဆာဘတ္တဟု ဆိုအပ်သော နေလွဲညဉ့်အခါမှာ အပ်ပါသတည်း။

## နဝနီတံဟူသော ဆီဦး

၇၆၅-မေး။ ။နဝနီတံ-ဆီဦးဟူသည်ကား- အဘယ် မည်သော ဆီနည်း။

၇၆၅-ဖြေ။ ။မအပ်သော အသားဆယ်ပါးမှတပါးသော ရဟန်းတို့အား အပ်သောအသားတို့မှဖြစ်သော အဆီသည်လျှင် နဝနီတံဟု ဆိုအပ်သော ဆီဦးတည်း။

## သပ္ပိဟူသော ထောပတ်

၇၆၆-မေး။ ။သပ္ပိ-ထောပတ်ဟူသည်ကား-အဘယ်နည်း။

၇၆၆-ဖြေ။ ။နွားနို့, ဆိတ်နို့, ကျွဲနို့တို့ဖြင့် ပြုသော ထောပတ်, အပ်သော သတ္တဝါတို့၏နို့ဖြင့် ပြုသောထောပတ်။

ဤသည်လျှင် ရဟန်းတို့ သုံးဆောင်အပ်သော ထောပတ်တည်း။

## တေလံဟူသော ဆီ

၇၆၇-မေး။ ။တေလံ ဟူသော နှမ်းဆီကား-အဘယ်နည်း။

၇၆၇-ဖြေ။ ။နှမ်းသီးမှ ဖြစ်သောဆီ, မုန်ညင်းဆီ, သစ်မည်စည်ဆီ, ကြက်ဆူဆီ။

ဤသည်လျှင် တေလံ ဟူသော နှမ်းဆီတည်း။

## ဖါဏိတံဟူသော တင်လဲ

၇၆၈မေး။ ။တင်လဲ ဟူသည်ကား-အဘယ်နည်း။

၇၆၈-ဖြေ။ ။"ဖါဏိတံ နာမ ဥစ္ဆုမှာ နိဗ္ဗတ္တံ"။

ဤသို့ ဝိနည်းကျမ်းလာရကား-ကြံမှဖြစ်သော တင်လဲတည်း။

## အဖျော်ချက်ရာ အပ်သောနည်း

၇၆၉-မေး။ ။ရှစ်ပါးသော အဖျော်သစ်သီးတို့ကို အဘယ်အရာဖြင့် ချက်မှ အပ်သနည်း။

၇၆၉-ဖြေ။ ။ရှစ်ပါးသော အဖျော်သစ်သီးတို့ကို မီးနှင့်ချက်သော်ကား-မသောက်အပ်ချေ၊ ရေချမ်းဖြင့်သော်၎င်း, နေဖြင့်သော်၎င်း ကျက်စေသော်ကား- အပ်ပါသတည်း၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော ကာလိကတို့ကိုလည်း နှလုံးထားကုန်ရာသတည်း။

## ရဟန်းတို့ မအပ်သော ကနုတံ

၇၇၀-မေး။ ။ရဟန်းတို့အား မအပ်သော ကနုတံကား- အဘယ်နည်း။

၇၇၀-ဖြေ။ ။ကွဲသောကနုတ်, ကြမ်းသောကနုတ်, အထုံးအဖုရှိသောကနုတ်,ဆူးရှိသောကနုတ်, အခေါင်းရှိသောကနုတ်, ဆွေးမြည့်သောကနုတ်။

ဤကနုတ်တို့ကို ရဟန်းတို့ မသုံးဆောင်အပ်။

## သေသောရဟန်း၏ ပရိက္ခရာများ ဝေဘန်ပုံ

၇၇၁-မေး။ ။အကြင်ကျောင်း၌ အကြင်ပုဂ္ဂိုလ် သေလွန်သော် ထိုပုဂ္ဂိုလ်၏ ပရိက္ခရာတို့ကို သံဃာတို့ အဘယ်သို့ ဝေဘန်အပ်သနည်း။

၇၇၁-ဖြေ။ ။အကြင်ပုဂ္ဂိုလ် သေလွန်သည်ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်၌ ပရိက္ခရာ များစွာရှိအံ့၊သူနာကိုလုပ်ကျွေးသော ရဟန်းသံဃာ, သာမဏေတို့အား သက်န်းသုံးထည်နှင့် သပိတ်ကို ပေးအပ်၏၊ ထိုမှကြွင်းသော လဟုကပရိက္ခရာတို့ကို သမ္မုခီဘူတဖြစ်သော မျက်မှောက်သံဃာတို့ဝေဘန်သုံးဆောင်အပ်၏။

[ဂရုဘဏ်ပရိက္ခရာကိုကား-စွန့်လည်း မစွန့်အပ်၊ဝေလည်း မဝေဘန်အပ်၊ စတုဒိသာသံဃာအပေါင်းသာ အစိုးရ၏။]

## ဂရုဘဏ် ၂၅-ပါး

၇၇၂-မေး။ ။ဂရုဘဏ် နှစ်ဆဲ့ငါးပါးကား-အဘယ်နည်း။

၇၇၂-ဖြေ။ ။(၁) အာရာမ။ (၁၂) ကြေးဖျဉ်း။
(၂) အာရာမဝတ္ထု။ (၁၃) ပဲခွပ်။
(၃) ဝိဟာရ။ (၁၄) ပုဆိန်။
(၄) ဝိဟာရဝတ္ထု။ (၁၅) ပေါက်တူး။
(၅) ညောင်စောင်း။ (၁၆) ထား။
(၆) အင်းပျဉ်။ (၁၇) ဆောက်။
(၇) ဘုံလျှို။ (၁၈) နွယ်။
(၈) အုံး။ (၁၉) ဝါး။
(၉) ကြေးအိုး။ (၂၀) မြှူဆံမြက်။
(၁၀) ကြေးအိုးစရည်း။ (၂၁) မြိတ်မြက်။
(၁၁) ကြေးအင်တွဲ။ (၂၂) သက်ငယ်။

(၂၃) မြေစိုင်။ (၂၄) သစ်ဘဏ္ဍာ။
(၂၅) မြေဘဏ္ဍာ။

ဤသည်လျှင် ဂရုဘဏ် နှစ်ဆဲ့ငါးပါးတည်း။

[ဤဂရုဘဏ် နှစ်ဆဲ့ငါးပါးမှတပါး ရဟန်းပရိက္ခရာဟူသမျှကား-လဟုဘဏ်ဝေဘဂိယတည်း။]

## ရဟန်းတို့ အပ်သော အမြစ်ဆိုးရည်

၄၄၃-မေး။ ။ရဟန်းတို့အား သက်နန်းဆိုးရည်၌ အဘယ်မည်သော အမြစ်ဆိုးရည် အပ်သနည်း။

၄၄၃-ဖြေ။ ။အမြစ်ဆိုးရည်၌ကား-နံနွင်းမှတပါး အလုံးစုံသော အမြစ်ဆိုးရည်သည် အပ်သတည်း။

## ရဟန်းတို့ အပ်သော ပင်စည်ဆိုးရည်

၄၄၄-မေး။ ။ပင်စည်ဆိုးရည်၌ အဘယ်မည်သော ပင်စည်ဆိုးရည် အပ်သနည်း။

၄၄၄-ဖြေ။ ။ထန်းကျင့်,ဗိန္ဒွန်ဟယ် ဤနှစ်ပါးသော ပင်စည်မှတပါး အလုံးစုံသော ပင်စည်ဆိုးရည်သည် ရဟန်းတို့အား သက်နန်းဆိုးရည် အပ်သတည်း။

## ရဟန်းတို့ အပ်သော အခေါက်ဆိုးရည်

၄၄၅-မေး။ ။ရဟန်းတို့အား အခေါက်ဆိုးရည်၌ အဘယ်မည်သော အခေါက်ဆိုးရည် အပ်သနည်း။

၄၄၅-ဖြေ။ ။တောက်ရပ်ခေါက်, ကြံပိုင့်ခေါက်မှတပါး အလုံးစုံသော သစ်ခေါက်ဆိုးရည်သည် အပ်ပါသတည်း။

## ရဟန်းတို့ အပ်သော အပွင့်ဆိုးရည်

၄၄၆-မေး။ ။ရဟန်းတို့အား အပွင့်ဆိုးရည်၌ အဘယ်မည်သော အပွင့်ဆိုးရည် အပ်သနည်း။

၄၄၆-ဖြေ။ ။ပေါက်ပွင့်, ဝတ်ပန်းမှတပါး အလုံးစုံသော အပွင့်ဆိုးရည်သည် အပ်ပါသတည်း။

### ရဟန်းတို့ အပ်သော အရှက်ဆိုးရည်

၃၃၃-မေး။ ။အရှက်ဆိုးရည်၌ အဘယ် မည်သော အရှက်ဆိုးရည် အပ်သနည်း။

၃၃၃-ဖြေ။ ။မဲရှက်,ဒန်းရှက်မှတပါး အလုံးစုံသော အရှက်ဆိုးရည်သည် အပ်ပါသည်။

### ရဟန်းတို့ အပ်သော အသီးဆိုးရည်

၃၃၀-မေး။ ။အသီးဆိုးရည်၌ အဘယ်ဆိုးရည် အပ်သနည်း။

၃၃၀-ဖြေ။ ။အသီးဆိုးရည်၌ မအပ်သောအသီးဆိုးရည် မည်သည် မရှိ။

### ရဟန်းတို့ ဆေးကုအပ်သူ ၅-ယောက်

၃၃၉-မေး။ ။ရဟန်းတို့ ဆေးကုရာ၌ အဘယ်သူအား ဆေးကို ပေးအပ်သနည်း။

၃၃၉-ဖြေ။ ။သီတင်းသုံးဘော် ငါးယောက်တို့အား ဆေးကို ရဟန်းတို့ ပေးအပ်ကုန်၏။

### သီတင်းသုံးဘော် ၅-ယောက်

၃၀၀-မေး။ ။သီတင်းသုံးဘော် ငါးယောက်ကား အဘယ်နည်း။

၃၀၀-ဖြေ။ ။(၁) ရဟန်းယောကျ်ား။
(၂) ရဟန်းမိန်းမ။
(၃) သိက္ခမာန်။
(၄) သာမဏေယောကျ်ား။
(၅) သာမဏေမိန်းမ။

၌ငါးယောက်တည်း။

### သိက္ခမာန်မည်သော မိန်းမ

၃၀၁-မေး။ ။သိက္ခမာန်ဟူသည်ကား အဘယ်နည်း။

၃၀၁-ဖြေ။ ။ရဟန်းအဖြစ်ကိုငဲ့၍ ပါဏာတိပါတမှစ၍ ဝိကာလဘောဇနတိုင် သိက္ခာပုဒ်ခြောက်ပါးကိုကျင့်ဆောင်သောမိန်းမလျှင်တည်း။

### တနည်း ရဟန်းတို့ ဆေးကုအပ်သူ ၅-ယောက်

၃၀၂-မေး။ ။၌သီတင်းသုံးဘော် ငါးယောက်မှ တပါးသော အဘယ်မည်သောသူအား ဆေးကုအပ်သနည်း။

၇၀၂-ဖြေ။ ။အမိ, အဘ, မိဘတို့ကို လုပ်ကျွေးသောသူ,မိဘ၏ အမှုကြီးငယ်ကို ဆောင်ရွက်သောသူ,ပဏ္ဍုပလာသ ဤငါးယောက်သော သူတို့အားလည်း ရဟန်းတို့ ဆေးကုအပ်၏။

[ပဏ္ဍုပလာသ ဟူသည်ကား အဘယ်နည်း၊ ပဏ္ဍုပလာသကား သာမဏေလောင်းလျှင်တည်း။]

## တနည်း ရဟန်းတို့ ဆေးကုအပ်သူ တကျိပ်

၇၀၃-မေး။ ။ထိုငါးယောက်မှတပါး အဘယ်သူကို ဆေးကုအပ်သနည်း။

၇၀၃-ဖြေ။ ။ထိုငါးယောက်မှတပါး တကျိပ်သောသူကို ဆေးကုပါအပ်၏၊ တကျိပ်သောသူကား-

| | |
|---|---|
| (၁) အစ်ကို။ | (၆) မိကြီး။ |
| (၂) ညီ။ | (၇) ဘထွေး။ |
| (၃) နှမကြီး။ | (၈) ဘကြီး။ |
| (၄) နှမငယ်။ | (၉) ဝရီး။ |
| (၅) မိထွေး။ | (၁၀) အရီး။ |

ဤတကျိပ်သောသူကို ရဟန်းတို့ ဆေးကုပါအပ်၏။

[ထိုသူတို့ သား, မြေး, မြစ်, ခုနစ်ဆက်တိုင်အောင် ရဟန်းတို့ ဆေးကုပါအပ်သတည်း၊ အစ်ကို, ညီတို့၏မယား, နှမ၏လင်, ဤသူ များတို့သည် ဆွေမျိုးမဟုတ်သူစိမ်းဖြစ်သော်လည်း အစ်ကို,နှမတို့ကို အကြောင်းပြု၍ ပေးပါအပ်၏၊ ဆရာသမားတို့၏မိဘ,အတူနေတပည့် တို့၏မိဘ ဤသူတို့အား ဆေးကုမ-ပေးပါအပ်သတည်း။]

## တနည်း ရဟန်းတို့ ဆေးကုအပ်သူများ

၇၀၄-မေး။ ။ဤဆိုခဲ့ပြီးသောသူတို့မှတပါး အဘယ်သူကို ဆေးကု ပါအပ်သနည်း။

၇၀၄-ဖြေ။ ။အာဂန္တုကဖြစ်သည်, ခိုးသူ, စစ်ရှုံး၍ ရောက်လာ သောမင်း,အဆွေအမျိုးတို့ စွန့်သောသူ ထိုသူတို့ ကျောင်းသို့ရောက်လာ အံ့၊ ပစ္စည်းလေးပါးကို မငဲ့သဖြင့် ဆေးကုပါအပ်၏။

## စားဦး ပေးအပ်သူများ

၇၀၅-မေး။ ။အဘယ်သူကို စားဦး ပေးအပ်သနည်း။

၇၀၅-ဖြေ။ ။အမိ,အဘ,မိဘတို့ကို လုပ်ကျွေးသောသူ,ဝေယျာဝစ္စ အမှုကြီး,ငယ်ကို ဆောင်ရွက်သောသူ, ပဏ္ဍုပလာသ။
ဤသူတို့အား စားဦး ပေးအပ်၏။

**အပျူအငှါ ပြုအပ်သူများ**

၇၀၆-မေး။ ။ပဋိသန္ထာရ အပျူအငှါ ပြုရသော သူတို့ကား အဘယ်နည်း။

၇၀၆-ဖြေ။ ။အာဂန္တုကဧည့်သည်, သူဆင်းရဲ,ခိုးသူ,အစိုးရသော မင်း ဤသူတို့အား အပျူအငှါ ရဟန်းတို့ ပြုအပ်သတည်း။

[အာဂန္တုက ကျောင်းသို့ရောက်လာသော် သောက်ရေ, သုံးဆောင်ရေ,ထမင်း,အဖျော်စသော ဝတ္ထုတို့ကို ပေးအပ်၏၊ အိပ်ရာနေရာကိုလည်း ပေးအပ်၏၊ ခိုးသူတို့ကိုကား သံဃိက ပစ္စည်းကိုပင်သော်လည်း ပေးအပ်၏။]

**မအပ်သော အသား ၁၀-ပါး**

၇၀၇-မေး။ ။ရဟန်းတို့ မစားအပ်သောအသား ဆယ်ပါးကား အဘယ်နည်း။

၇၀၇-ဖြေ။ ။(၁) လူသား။ (၆) ခွေးသား။
(၂) ဆင်သား။ (၇) ကျားသား။
(၃) မြင်းသား။ (၈) သစ်သား။
(၄) ခွေးသား။ (၉) ဝံသား။
(၅) မြွေသား။ (၁၀) အောင်းသား။

ဤဆယ်ပါးတည်း၊ ဤကား ရဟန်းတို့ မစားအပ်သောအသား ဆယ်ပါးတည်း။

[ထိုဆယ်ပါးသော အသားတို့တွင် လူသားကို စားချေမိအံ့ ထုလ္လစ္စည်းအာပတ်သင့်၏၊ထိုမှကြွင်းသော ကိုးပါးသော အသားတို့ကို စားမိသောရဟန်းအား ဒုက္ကဋ်ဟူ၏။]

**မအပ်သော အဆီ**

၇၀၈-မေး။ ။အဘယ်မည်သောအဆီကို ရဟန်းတို့ မသုံးဆောင်ရသနည်း။

၇၀၇-ဖြေ။ ။လူ၏အဆီကို ရဟန်းတို့မသုံးဆောင်ရ၊ ဤမှတပါး အဆီကိုကား သုံးဆောင်အပ်သည်သာတည်း။

[နို့ရည်ကိုကား ရဟန်းတို့မအပ်သော နို့ရည်မည်သည်မရှိပြီ။]

## မသုံးသပ်အပ်သော ရတနာ ၁၀-ပါး

၇၀၉-မေး။ ။ရဟန်းတို့ မသုံးသပ်အပ်သော အနာမာသရတနာကား-အဘယ်နည်း။

၇၀၉-ဖြေ။ ။(၁) ပုလဲ။ (၆) သန္တာ။
(၂) ပတ္တမြား။ (၇) ရွှေ။
(၃) ကြောင်မျက်ရွဲ။ (၈) ငွေ။
(၄) ခရုသင်း။ (၉) ပတ္တမြားနီ။
(၅) နီလာ။ (၁၀) ပတ္တမြားပြောက်။

ဤဆယ်ပါးသောရတနာတို့ကို ရဟန်းသာမဏေတို့ မကိုင်အပ် သတည်း၊ ဤကား အနာမာသ ရတနာဆယ်ပါးတည်း။

[ခပ်ပြာ,ကြေးဝါတို့ကိုလည်း ရွှေနှင့်အလားတူသောကြောင့် အနာမာသသို့ သွင်းရသတည်း။]

## ပရိဘောဂ ၄-ပါး

၇၉၀-မေး။ ။ရဟန်းတို့၌ ပရိဘောဂ လေးပါးကား အဘယ်နည်း။

၇၉၀-ဖြေ။ ။(၁) ထေယျပရိဘောဂ။ (၃) ဒါယဇ္ဇပရိဘောဂ။
(၂) ဣဏပရိဘောဂ။ (၄) သာမိပရိဘောဂ။

ဤလေးပါးတည်း။

## ထေယျပရိဘောဂ

၇၉၁-မေး။ ။ထေယျပရိဘောဂကား-အဘယ်နည်း။

၇၉၁-ဖြေ။ ။သီလမရှိသောရဟန်း၏ သံဃာ့ဘောင်၌နေ၍ သုံးဆောင်ခြင်းသည် ထေယျပရိဘောဂ မည်၏။

## ဣဏပရိဘောဂ

၇၉၂-မေး။ ။ဣဏပရိဘောဂ ဟူသည်ကား အဘယ်နည်း။

၇၉၂-ဖြေ။ ။သီလရှိသောရဟန်း၏ ပစ္စဝေက္ခနာ မဆင်ခြင်ဘဲ သုံးဆောင်ခြင်းသည် သူ့မြီကို ယူစားသည်နှင့် တူသောကြောင့် ဣဏပရိဘောဂ မည်၏။

## ဒါယဇ္ဇပရိဘောဂ

၇၉၃-မေး။ ။ဒါယဇ္ဇပရိဘောဂကား-အဘယ်နည်း။

၇၉၃-ဖြေ။ ။သေက္ခဖြစ်သော အရိယာခုနစ်ယောက်တို့၏ သုံးဆောင်ခြင်းကား ဒါယဇ္ဇပရိဘောဂ မည်၏။

[ထိုပုဂ္ဂိုလ်တို့သည် အမွေခံဖြစ်သတည်း။]

## သာမိပရိဘောဂ

၇၉၄-မေး။ ။ သာမိပရိဘောဂကား အဘယ်နည်း။

၇၉၄-ဖြေ။ ။ရဟန္တာတို့၏ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် အစိုးရသဖြင့် သုံးဆောင်ရသောကြောင့် သာမိပရိဘောဂမည်၏။

## ရဟန်းတို့ မသုံးဆောင်အပ်သော ယပ်

၇၉၅-မေး။ ။ရဟန်းတို့ မသုံးဆောင်အပ်သောယပ်ကား-အဘယ်နည်း။

၇၉၅-ဖြေ။ ။စာမရီသားမြီးဖြင့်ပြီးသောယပ်ကို ရဟန်းတို့ မသုံးဆောင်အပ်ဟု ဘုရားပညတ်တော်မူသတည်း။

[သားမြီးယပ်ကား မင်းမြောက်တန်ဆာတည်း။]

## သုံးဆောင်အပ်သော ယပ်

၇၉၆-မေး။ ။ရဟန်းတို့ သုံးဆောင်အပ်သော ယပ်ကား-အဘယ်နည်း။

၇၉၆-ဖြေ။ ။လျှော်ဖြင့်ပြီးသောယပ်, ပန်းရင်းဖြင့်ပြီးသော ယပ်, ဥဒေါင်းမြီးဖြင့် ပြီးသောယပ်,* ထန်းရွက်ယပ်, ဆင်စွယ်ယပ်, သားရေနယ်ယပ် ဤယပ်တို့ကို ခွင့်ပြုတော်မူသတည်း။

ဤကား ရဟန်းတို့သုံးဆောင်အပ်သောယပ်တည်း။

## ထီးဆောင်းအပ်သောကာလ

၇၉၇-မေး။ ။ရဟန်းတို့အား ထီးကို အဘယ်ကာလ၌ ဆောင်းအပ်ပါသနည်း။

၇၉၇-ဖြေ။ ။အကြင်ရဟန်းအား ကိုယ်၏ပူခြင်း, သည်းခြေပျက်ခြင်း, မျက်စိအားနည်းခြင်း, ထီးနှင့်ကင်းသဖြင့် တစုံတခုသောရောဂါဖြစ်လတ္တံ့သော အကြောင်းရှိခြင်း ဤသို့ အကြောင်းရှိသောကာလ၌ ရဟန်းတို့သည် ရွာ၌၎င်း, တော၌၎င်း ထီးကိုဆောင်းအပ်သတည်း၊ ထိုမှတပါးလည်း မိုးကာလ၌ သင်္ကန်းကို လုံစိမ့်သော၄ါ၎င်း, သားရဲ, ခိုးသူတို့၏ မိမိကိုယ်ကို လုံစိမ့်သော၄ါ၎င်း ထီးကို ရဟန်းဆောင်းပါအပ်၏ ဟူသတည်း၊ ထိုသို့ဆိုအပ်ခဲ့ပြီးသော အကြောင်းအင်္ဂါမရှိဘဲ ထီးကို ဆောင်းချေသော် ဒုက္ကဋ်အာပတ်သင့်၏။

## လောကာယတသင်သဖြင့် သင့်သောအာပတ်

၇၉၈-မေး။ ။လောကာယတ မည်သောကျမ်းကို ရဟန်းတို့မသင်အပ်ဟု ပညတ်တော်မူသည်၊ သင်သော် အဘယ်အာပတ်သင့်လေသနည်း။

၇၉၈-ဖြေ။ ။လောကာယတ မည်သောကျမ်းကို ရဟန်းတို့ သင်ချေသော် ဒုက္ကဋ်အာပတ် သင့်၏။

## လောကာယတဟူသောကျမ်း

၇၉၉-မေး။ ။လောကာယတကျမ်း ဟူသည်ကား အဘယ်နည်း။

၇၉၉-ဖြေ။ ။အလုံးစုံပြတ်၏၊ အလုံးစုံမပြတ်၊ ကျီးကားဖြူ၏၊ ဗျိုင်းကားမည်း၏၊ ဤသို့စသည်ဖြင့် အကျိုးမရှိသောအကြောင်းနှင့် ယှဉ်သော တိတ္ထိတို့ပြုသော ကျမ်းတည်း၊ ဤသို့သောစကားနှင့်ယှဉ်သော တိတ္ထိတို့ပြုသောကျမ်းကိုကား လောကာယတကျမ်းဟူ၍ ဆိုသတည်း။

[ဆန်း,အလင်္ကာ, ဗေဒင်,ဓမ္မသတ် စသော ကမ္ဘာကျမ်းတို့ကို လောကာယတ မည်ကောင်း၏ယူ၍ ရဟန်းတို့မသင်မမှတ်အပ်ဟူ၍ အချို့သောသူတို့ယူကြကုန်သတည်း၊ အကျိုးမဲ့အကြောင်းမဲ့ တိတ္ထိတို့ပြုသောကျမ်းကိုသာ လောကာယတဆိုသည်၊ ဆန်း, အလင်္ကာ, ဗေဒင်, ဓမ္မသတ်ကျမ်းတို့ကား လောကာယတကျမ်းမဟုတ်ဟု အမြဲမှတ်အပ်၏။]

**ခွင့်ပြုအပ်သောသပိတ် ၂-လုံး**

၈၀၀-မေး။ ။ရဟန်းတို့အားသုံးဆောင်ခြင်းငှါ ခွင့်ပြုတော်မူသော သပိတ်ကား အဘယ်နည်း။

၈၀၀-ဖြေ။ ။(၁) သံသပိတ်။ (၂) မြေသပိတ်။

ဤနှစ်လုံးသောသပိတ်တို့ကို ခွင့်ပြုတော်မူသတည်း။

**မအပ်သောသပိတ် ၁၁-လုံး**

၈၀၁-မေး။ ။ရဟန်းတို့အား မအပ်သောသပိတ် တဆဲ့တလုံး ကား အဘယ်နည်း။

၈၀၁-ဖြေ။ ။(၁) ရွှေသပိတ်။
(၂) ငွေသပိတ်။
(၃) ပတ္တမြားသပိတ်။
(၄) သစ်သားသပိတ်။
(၅) ဝါးဖြင့်ပြီးသောသပိတ်။
(၆) ဖလ်သပိတ်။
(၇) ကျောက်သပိတ်။
(၈) စဉ့်သပိတ်။
(၉) သလွဲဖြင့် ပြီးသောသပိတ်။
(၁၀) ဦးခေါင်းခွံသပိတ်။
(၁၁) ကြေးနီသပိတ်။

ဤတဆဲ့တလုံးသောသပိတ်တို့ကို ရဟန်းတို့မသုံးဆောင်အပ်။

**သုံးဆောင်အပ်သောခွက် ၃-ပါး**

၈၀၂-မေး။ ။ရဟန်းတို့အား သုံးဆောင်အပ်သောခွက်ကား အဘယ်နည်း။

၈၀၂-ဖြေ။ ။(၁) သံခွက်။ (၃) ကြေးနီခွက်။
(၂) ကြေးခွက်။

ဤသုံးပါးတို့ကို ရဟန်းတို့သုံးဆောင်အပ်သောခွက်တည်းဟု ပညတ်တော်မူ၏။

**အပ်သော လဲ ၃-ပါး**

၈၀၃-မေး။ ။ရဟန်းတို့အား ခေါင်းအုံးသွတ်ရာ၌ ပညတ်တော်မူသောလဲသုံးပါးကား အဘယ်နည်း။

၁၀၃-ဖြေ။ ။(၁) ရုက္ခတူလ။ (၃) ပေါ်ငှကိတူလ။
(၂) လတာတူလ။

ဤသုံးပါးတည်း။

ရုက္ခတူလကား-လက်ပံ,မြိုင်,ဝါ,မရိုးစသည်တည်း။

လတာတူလကား-နွယ်စသည်တည်း။

ပေါ်ငှကိတူလကား-မြက်မျိုးစသည်တည်း။

[ဤသို့ရေတွက်ခဲ့ပြီးသော လဲမျိုးသာအဝ်သည်မဟုတ်၊ ဥဒေါင်းဟသ်ာစသောငှက်တို့၏အမွေး, အခြေလေးချောင်းရှိသောသတ္တဝါတို့၏အမွေး ဤသားမွေးတို့လည်း အဝ်ပါသတည်း၊ ပန်းပွင့်တို့ဖြင့်ရေသော်လည်း အဝ်ပါသတည်း၊ ပန်းသက်သက်ကိုသာ မအဝ်ဟူသတည်း။]

## ခွင့်ပြုအပ်သောဘိုလျှိ ၅-ပါး

၁၀၄-မေး။ ။ရဟန်းတို့အား ခွင့်ပြုတော်မူသော ဘိုလျှိငါးပါးကား အဘယ်နည်း။

၁၀၄-ဖြေ။ ။(၁) ဥဏ္ဏာဘိသိ။ (၃) ဝါကာဘိသိ။
(၂) စောဠဘိသိ။ (၄) တိကာဘိသိ။
(၅) ပဏ္ဏာဘိသိ။

ဤငါးပါးတည်း။

## ဥဏ္ဏာဘိသိ

၁၀၅-မေး။ ။ဥဏ္ဏာဘိသိကား အဘယ်နည်း။

၁၀၅-ဖြေ။ ။လူတို့၏အမွေးမှတပါး ခဝ်သိမ်းစုံသော ကပ္ပိယ, အကပ္ပိယသတ္တဝါတို့၏အမွေးကိုထည့်၍ ပြုသောဘိုလျှိကား ဥဏ္ဏာဘိသိမည်၏။

## စောဠဘိသိ

၁၀၆-မေး။ ။စောဠဘိသိကား အဘယ်နည်း။

၁၀၆-ဖြေ။ ။အသစ်, အဟောင်းဖြစ်သော ပုဆိုးတို့ကိုထည့်၍ပြုသောဘိုလျှိကား စောဠဘိသိမည်၏။

## ဝါကာဘိသိ

၁၀၇-မေး။ ။ဝါကာဘိသိကား-အဘယ်နည်း။

၁၀၇-ဖြေ။ ။လျှော်မျှင်တို့ကို ထည့်၍ပြုသောဘုံလျှိုသည် ဝါကဘိသိမည်၏။

**တိကာဘိသိ**

၁၀၈-မေး။ ။တိကာဘိသိကား အဘယ်နည်း။

၁၀၈-ဖြေ။ ။မြက်တို့ဖြင့်သွတ်၍ ပြုသောဘုံလျှိုသည် တိကာဘိသိမည်၏။

**ပဏ္ဏာဘိသိ**

၁၀၉-မေး။ ။ပဏ္ဏာဘိသိကား အဘယ်နည်း။

၁၀၉-ဖြေ။ ။သစ်ရွက်တို့ဖြင့်သွတ်၍ပြုသောဘုံလျှိုသည် ပဏ္ဏာဘိသိမည်၏။

[ဤအရာ၌ ပန်းရွက်သက်သက်ကား မအပ်၊ ရောမှုကားအပ်ပါသတည်း။

ဘုံလျှိုကား အတိုင်းအရှည်မရှိ၊ မိမိအလိုအတိုင်းသုံးဆောင်အပ်ပါသတည်း၊ ခေါင်းအုံး၌ကား အနံတောင်ဆုပ်, အလျားတတောင့်ထွာရင်း,နှစ်တောင့်ထွာရင်းအတိုင်းအရှည်ရှိ၏၊ဤကားရဟန်းတို့အား အတိုင်းအရှည်ကို ခွင့်ပြုတော်မူသောအုံးတည်း၊ ထိုထက်လွန်သော်ကား မအပ်ဟူသတည်း၊ အယုတ်သော်ကား အပ်သလျှင်ကတည်း။]

**ရွှေငွေဖြင့်ပြီးသော သေနာသနပရိဘောဂအပ်ပုံ**

၁၁၀-မေး။ ။သေနာသနပရိဘောဂဟု ဆိုအပ်သော ကျောင်း၏ အသုံးအဆောင်၌ အထူးထူးသောရတနာတို့ဖြင့်ပြီးသော အသုံးအဆောင်တို့သည် အပ်ကောင်းမည်လော။

၁၁၀-ဖြေ။ ။ရွှေငွေရတနာတို့ဖြင့် ဆန်းကြယ်စွာပြုသောညောင်စောင်း,အင်းပျဉ်, ယပ်, တရပတ်, ရွှေငွေတို့ဖြင့်ပြီးသော ရေအိုး, ရေခွက်, ရေမှုတ်စသောအသုံးအဆောင်တို့သည် ရဟန်းတို့အား သေနာသနပရိဘောဂအရာ၌ သုံးဆောင်ပါအပ်သတည်း၊ မအပ်သော မည်သည်မရှိဟူသတည်း။

ဤသည်လျှင် သေနာသနပရိဘောဂ၌ သုံးဆောင်ပါအပ်သတည်း။

[ကျွန်ယောကျ်ား,ကျွန်မိန်းမ, ကျွဲ, နွား,လယ်, ယာစသည်တို့သည် သေနာသနပရိဘောဂ၌ ရဟန်းတို့ အလှူခံအပ်သည်သာတည်း၊

ထို့ကြောင့် ''သေနာသန ပရိဘောဂေါနာမ သဗ္ဗကပ္ပိယော''ဟု ဟောတော်မူသတည်း။]

**ဘိနပ်စီးခွင့်ပြုသော ဝေဒနာ**

**၈၁၁-မေး။** ။မနာသောရဟန်းသည် ဘိနပ်စီး၍ ရွာတွင်းသို့ မဝင်အပ်၊ နာသောရဟန်းအား ဘိနပ်စီး၍ ရွာတွင်းသို့ဝင်အပ်၏ဟုပညတ်တော်မူရာ၌ အဘယ်သို့ ရောဂါဝေဒနာရှိသော် ဘိနပ်စီး၍ ရွာတွင်းသို့ ဝင်အပ်သနည်း။

**၈၁၁-ဖြေ။** ။အကြင်ရဟန်းအား ခြေကွဲသော်, ပေါက်သော်,ပြတ်သော်, ခြောင့်စူးသော်, ခြေပူနာရှိသော်, ခြေစပ်ကျိန်းကျင်နာဆင်းရဲခြင်းရှိသော် ဘိနပ်နှင့်ကင်း၍ ရွာတွင်းသို့ဝင်ခြင်းငှါ မတတ်နိုင်သောဝေဒနာရောဂါ ရှိသောရဟန်းအား ဘိနပ်နှင့်တကွ ရွာတွင်းသို့ သွားအပ်ဝင်အပ်၏။

**ခွင့်ပြုသော ယာဉ်**

**၈၁၂-မေး။** ။နာသောရဟန်းအား ခွင့်ပြုတော်မူသော ယာဉ်ကား-အဘယ်နည်း။

**၈၁၂-ဖြေ။** ။ထမ်းပိုးကသောယာဉ်, လက်ငင်လှည်း, သံလျင်း၊ ဤသည်တို့တည်း။

**ခွင့်ပြုသော သက်နှိန်း ၆-ထည်**

**၈၁၃-မေး။** ။ရဟန်းတို့အား ဝတ်ရုံစိမ့်သောငှါ ပညတ်တော်မူသော သက်နှိန်းခြောက်ထည်ကား- အဘယ်နည်း။

**၈၁၃-ဖြေ။** ။(၁) ခေါမတိုင်း၌ဖြစ်သော ပုဆိုး။
(၂) ဝါချည်ပုဆိုး။
(၃) ပိုးချည်ပုဆိုး။
(၄) ကမ္ဗလာ။
(၅) လျှော်ဖြင့်ပြီးသော ပုဆိုး။
(၆) ငါးပါးသောချည်ဖြင့်ရော၍ ယက်သောပုဆိုး။

ဤသက်နှိန်း ခြောက်ထည်တည်း။

**ခွင့်ပြုသော ထီး**

**၈၁၄-မေး။** ။ရဟန်းတို့အား ဆောင်းစိမ့်သောငှါ ခွင့်ပြုတော်မူသောထီးကား- အဘယ်နည်း။

၁၁၄-ဖြေ။ ။(၁) ပုဆိုးထီး။ (၃) သစ်ရွက်ထီး။
(၂) နှီးထီး။
ဤထီးသုံးပါးတို့တည်း။

### တိုင်းပြည်စည်ပင်ပြန့်ပွားရာသည့်တရား ၇-ပါး

၁၁၅-မေး။ ။ပြည့်ရှင်မင်းကြီးတို့အား စည်းစိမ်ချမ်းသာ ပြည်ရွာတိုင်းကား ပြန့်ပွားစည်ပင်ရာသော တရားခုနစ်ပါးကား-အဘယ်နည်း။

၁၁၅-ဖြေ။ ။(၁) အမတ်မိုလ်ပါတို့နှင့် အညီအညွတ် စည်းဝေး၍တိုင်းပင်ခြင်း။

(၂) ရှေးမင်းတို့ပညတ်ထားသော ဓမ္မသတ်အကျင့်ကို မလွန်ခြင်း။

(၃) အဘိုးအဘွားစသော အသက်ကြီးသောသူတို့ကို အရိုအသေပြုခြင်း။

(၄) ပြည်သူရွာသားတို့၏ သားသမီးတို့ကို အနိုင်အထက်မကျင့်ခြင်း။

(၅) မြို့တွင်း မြို့ပြင်ရှိသော စေတီ, ဘုရား, ပုထိုး, နတ်ကြီးနတ်မြတ်တို့ကိုအရိုအသေ ပူဇော်သက္ကာရပြုခြင်း။

(၆) စေတီ, ဘုရား, ပုထိုးတို့၏ အခွန်အတုတ်ကို ကြဉ်ခြင်း။

(၇) ရသေ့, ရဟန်း, သဃ်ာ သူတော်သူမြတ်တို့ကို တရားသဖြင့်စောင့်ရှောက်ခြင်း။

ဤခုနစ်ပါးတည်း။

### စန္ဒပဇ္ဇောတမင်း ယာဉ် ၅-ပါး

၁၁၆-မေး။ ။စန္ဒပဇ္ဇောတ မင်းဝယ် ယာဉ်ငါးပါးကား အဘယ်နည်း။

၁၁၆-ဖြေ။ ။(၁) ဘဒ္ဒဝတီဆင်မ။ (၄) မဉ္စကေသိလ
(၂) ကာကမည်သောကျွန်။ ဟူသောမြင်း။
(၃) ဇေဠှဟူသောမြင်း။ (၅) နာဠာဂိရိဆင်။

ဤငါးပါးတည်း။

[ဘဒ္ဒဝတီအမည်ရှိသောဆင်ကား တနေ့ခြင်း ယူဇနာငါးဆယ်သွားနိုင်၏၊ ကာကမည်သောကျွန်ကား တနေ့ခြင်း ယူဇနာခြောက်ဆယ်သွားနိုင်၏၊ ဇေဠှဟူသောမြင်း, မဉ္စကေသိလ ဟူသောမြင်းနှစ်

စီးကား ယူဇနာတရာသောအရပ်ကို တနေ့ခြင်း သွားနိုင်၏၊ နာဠာဂိရိဟူသော ဆင်ကား ယူဇနာနှစ်ရာသောခရီးကို တနေ့ခြင်းသွားနိုင်၏၊ ဤကားယာဉ်ငါးပါး၏ ဂုဏ်ကျေးဇူးပင်တည်း၊ ဤယာဉ်ငါးပါးကိုရခြင်းကား ရှေးဘဝက အလှူရှင်ကစေသဖြင့် ပစ္စေကဗုဒ္ဓါအား ပြည့်ဖြိုးစွာ သဒ္ဓိတ်ပြည့်မျှ ဆွမ်းထည့်လှူခဲ့ဘူးသည့် အကျိုးတည်း။]

မင်းတို့ အောက်မေ့ရာသည် အရပ် ၃-ပါး

၈၁၇-မေး။ ။မင်းတို့ အောက်မေ့ရာ အရပ်သုံးပါးကား အဘယ်နည်း။

၈၁၇-ဖြေ။ ။(၁) ဘွားရာအရပ်။ (၃) ရန်အောင်မြင်ရာ
(၁) ဘိသိက်ခံရာအရပ်။ အရပ်။

ဤသုံးပါးတည်း။

အလှူခံ မွန်မြတ်မှု အကျိုးပေးမွန်မြတ်ပုံ

၈၁၈-မေး။ ။သီလ,သမာဓိ, ပညာဂုဏ်တို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်အား အနည်းငယ်မျှလှူ၍ အကျိုးအတိမျှ ခံစားရလေသနည်း။

၈၁၈-ဖြေ။ ။သီလ, သမာဓိ, ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား တယောက်မျှသော ဆွမ်းကို လှူရသော အကျိုးငှာ, ငါးတောင်မျှလောက်သော အတိုင်းအရှည်ရှိသောမြေ၌ ကျောင်းဆောက်၍ လှူရသောအကျိုးငှာ ကမ္ဘာတထောင်မက လူ့ပြည်,နတ်ပြည်၌ ကြီးစွာစည်းစိမ်ကိုခံစားရ၏၊ အဆုံးစွန်၌လည်း နိဗ္ဗာန်ချမ်းသာကို အမှန်ရ၏။

သုဂတိသို့သာ လားရသောသူ

၈၁၉-မေး။ ။အဘယ်မည်သောအလှူကိုပေး၍ ငရဲမလား သုဂတိသို့ လားရလေသနည်း။

၈၁၉-ဖြေ။ ။သရဏဂုံ ဆောက်တည်သောသူ, ပဉ္စသီ ဆောက်တည်သောသူ, စရပ်ဆောက်လှူရသောသူ, ဝါဆိုကျောင်း ဆောက်၍ လှူရသောသူ, ကျောင်းဆောက်၍ လှူရသောသူ, ရေတွင်းရေကန်တူး၍လှူရသောသူ။

ဤသူတို့ကား အပါယ်မလား၊ သုဂတိသို့သာ လားရလေသည်။

အကျိုးမရသော အလှူမျိုး ၅-ပါး

၈၂၀-မေး။ ။လှူ၍အကျိုးမရသော အလှူမျိုးငါးပါးကား အဘယ်နည်း။

၈၂၀-ဖြေ။ ။(၁) သေရည်,သေရက် ယစ်မျိုး အလှူ။
(၂) ကချေသဘင်ဟူသော အလှူ။
(၃) မေထုန်ဟူသော အလှူ။
(၄) နွားမတို့အလယ်၌ နွားလားဥသဘကိုလွှတ်၍ လှူသော အလှူ။
(၅) ခြူးပန်း,ခြူးနွယ်ရေး၍ လှူသော အလှူ။
ဤငါးပါးတည်း။

[ကချေသဘင်တို့ဖြင့် ရတနာသုံးပါးအား ပူဇော်သည်ရှိသော် အကျိုးများစွာခံစားရ၏၊ ထီး,တံခွန်,ဘုရား, စရပ်, တန်ဆောင်း, ကျောင်းကန်တို့၌ ခြူးပန်း, ခြူးနွယ်စသည်ဖြင့် ရေးသား ထုလုပ်၍ပူဇော်လှူဒါန်းသည်ရှိသော် များစွာအကျိုးခံစားရ၏၊အာရုံကို ရှုကြည့်စေခြင်းငှါရည်၍လှူဒါန်းခြင်းကိုသာ အကျိုးမရှိဟုယူရမည်၊ သဘင်ပူဇော်၍ အကျိုးမရှိမှုကား နတ်လူအပေါင်းတို့လည်း ဘုရားသခင်အား သဘင်ကြီးစွာစီရင်၍ ပူဇော်လှူဒါန်းကြသည်ကိုမြင်တော်မူရာ၏၊ အကျိုးထူးရှိသောကြောင့် မြင်တော်မမူသတည်း၊ ဤသို့စကားအထူးကိုလည်းမှတ်ရာ၏။]

## မေတ္တာ အကျိုး ၁၁-ပါး

၈၂၁-မေး။ ။မေတ္တာအကျိုး တဆဲ့တပါးကား အဘယ်နည်း။

၈၂၁-ဖြေ။ ။(၁) ချမ်းသာစွာ အိပ်ရသည်။
(၂) ချမ်းသာစွာ နိုးရသည်။
(၃) မကောင်းသောအိပ်မက်ကို မမြင်မက်သည်။
(၄) လူ,နတ်တို့ ချစ်သနားသည်။
(၅) ဘေးလွတ်အောင် နတ်တို့စောင်မသည်။
(၆) မီးမလောင်နိုင်သည်၊ထား,လက်နက်မရှမထိနိုင်သည်။
(၇) ဆိပ်မျိုး မတက်နိုင်သည်။
(၈) မကောင်းစိတ်ပျောက်၍ ကောင်းသောစိတ်တည်သည်။
(၉) မျက်နှာ အဆင်းလှသည်။

(၁၀) မတွေ့ဝေဘဲ သေရသည်။
(၁၁) ဖြတ္တဲ့ပြည်သို့ ရောက်လေရာသည်။
ဤကား မေတ္တာအကျိုး တဆဲ့တပါးတည်း။

## သူ့အသက် သတ်ခြင်းမှ ကြဉ်ရှောင်ရကျိုး

၇၂၂-မေး။ ။သူ၏ အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်ရသော အကျိုးကား အဘယ်နည်း။

၇၂၂-ဖြေ။ ။လူ့ပြည်,နတ်ပြည်၌ဖြစ်သော အင်္ဂါကြီးငယ် မချို့တဲ့သည်၊အလုံးအရပ်နှင့်ပြည့်စုံသည်၊ ခြေဘဝါး, လက်ဘဝါး နူးညံ့သည်၊ ခွန်အားကြီးသည်၊သန့်ရှင်းသောစကားကို ဆိုတတ်သည်၊မပပ်မကွဲဖြောင့်သောကိုယ်ရှိသည်၊ရန်သူတို့ မဖျက်ဆီးနိုင်သည်၊သူတပါးတို့၏ လုံ့လဖြင့် မသေရသည်၊ အခြံအရံများသည်၊ ကြောင့်ကြမရှိသည်၊ ချစ်သောသူတို့နှင့် မကွာနေရသည်။

ဤကား သူ၏အသက်ကို သတ်ခြင်းမှ ကြဉ်ခြင်းအကျိုးတည်း။

## သူ့ဥစ္စာခိုးခြင်းမှ ကြဉ်ရှောင်ရကျိုး

၇၂၃-မေး။ ။သူတို့၏ဥစ္စာကို မခိုးမယူ ကြဉ်ရသောအကျိုးကား အဘယ်နည်း။

၇၂၃-ဖြေ။ ။ဥစ္စာများသည်၊ အလိုရှိသော စည်းစိမ်ချမ်းသာကို ရသည်၊ ခိုးသူ, ရေ, မီး, မင်း, မချစ်မနှစ်လိုသောသူတို့ မဖျက်မဆီးနိုင်သည်၊ လောကုတ္တရာတရားကို ရလွယ်သည်၊ချမ်းသာစွာနေရသည်။

ဤကား သူ့ဥစ္စာကို မခိုးမယူသော အကျိုးတည်း။

## သူတပါးအိမ်ရာ ပြစ်မှားခြင်းမှ ကြဉ်ရှောင်ရကျိုး

၇၂၄-မေး။ ။သူတပါးအိမ်ရာကို ပြစ်မှားခြင်းမှကြဉ်ရသောအကျိုးကား အဘယ်နည်း။

၇၂၄-ဖြေ။ ။သူ့သားအိမ်ရာကို ပြစ်မှားခြင်းမှ ကြဉ်ရသောအကျိုးကား ခပ်သိမ်းသောလူတို့ ချစ်သည်၊ မိန်းမအဖြစ်,နပုံးအဖြစ်, ပဏ္ဍုက်အဖြစ်,ဥဘတောဗျည်းအဖြစ်တို့မှ လွတ်သည်၊စက္ခုစသောဣန္ဒြေနှင့် ပြည့်စုံသည်၊ ခပ်သိမ်းသော အင်္ဂါလက္ခဏာနှင့် ပြည့်စုံသည်။

ဤကား သူ့အိမ်ရာကို ပြစ်မှားခြင်းမှ ကြဉ်ရှောင်ရသော အကျိုးတည်း။

## မုသားပြောခြင်းမှ ကြဉ်ရှောင်ရကျိုး

၇၂၅-မေး။ ။မုသာဝါဒမှ ကြဉ်ရှောင်ရသော အကျိုးကား အဘယ်နည်း။

၇၂၅-ဖြေ။ ။သန့်ရှင်းသော ဣန္ဒြေနှင့် ပြည့်စုံသည်၊ မဆူမကြုံ မနိမ့်မမြင့်သော ကိုယ်ရှိသည်၊ ကောင်းသော အသွေးရှိသည်၊ ကြာညိုပွင့် အနံ့ကဲ့သို့ အနံ့ရှိသည်၊ ဆိုသောစကားတို့ကို သူနားလိုသည်၊ သူခပ်သိမ်းတို့ ကြည်ညိုသည်၊ ကြာပွင့်သဏ္ဍာန်ကဲ့သို့ မျက်နှာရှိသည်။

ဤသို့သောအကျိုးကို မုသားဆိုခြင်းမှ ကြဉ်သောသူတို့သည် ခံစားရသတည်း။

## သေသောက်ခြင်းမှ ကြဉ်ရှောင်ရကျိုး

၇၂၆-မေး။ ။သေသောက်ခြင်းမှ ကြဉ်ရသောအကျိုးကား အဘယ်နည်း။

၇၂၆-ဖြေ။ ။ပစ္စုပ္ပန်, အတိတ်,အနာဂတ်ဟူသော ကာလသုံးပါး၌ ဖြစ်သောကိစ္စကို လျင်စွာသိတတ်သည်၊ကောင်းသောသတိရှိသည်၊ မရူးမသွပ်ရှိသည်၊မှန်သောစကားကိုသာ ဆိုတတ်သည်၊ ချောပစ်သောစကား, ကြမ်းကြုတ်သောစကားကို မဆိုတတ်၊ မကောင်းမှုကို စက်ဆုပ်တတ်သည်၊ မကောင်းမှုမှ လန့်တတ်သည်။

ဤကား သေသောက်ခြင်းမှ ကြဉ်ရှောင်သော အကျိုးတည်း။

## သေသောက်ခြင်း အပြစ် ၆-ပါး

၇၂၇-မေး။ ။သေသောက်ခြင်း အပြစ်ခြောက်ပါးကား အဘယ်နည်း။

၇၂၇-ဖြေ။ ။(၁) အငြင်းအခုံ များသည်။
(၂) မျက်စိစသော အနာ ဖြစ်သည်။
(၃) အကျော်အစော မဲ့သည်။
(၄) မိမိအင်္ဂါကို ထုတ်ဘော် ပြတတ်သည်။
(၅) ပညာ နည်းသည်။
(၆) ဥစ္စာပရိက္ခရာ ကုန်သည်။

ဤကား အပြစ်ခြောက်ပါးတည်း။

## ပဋိသန္ဓေ ဆောက်တည်ခြင်းအကျိုး ၅-ပါး

၇၂၇-မေး။ ။ပဋိသန္ဓေ သိတင်း ဆောက်တည်ရသော အကျိုးငါးပါး အဘယ်နည်း။

၇၂၇-ဖြေ။ ။(၁) စည်းစိမ်ချမ်းသာ များသည်။
(၂) ကောင်းသောအကျော်အစော ရှိသည်။
(၃) ပရိသတ်အလယ်၌ ရဲရင့်သည်။
(၄) မတွေမဝေ သေရသည်။
(၅) သုဂတိဘဝဟူသော ကောင်းသော အလား သို့ လားရသည်။

ဤငါးပါးတည်း။

## နှလုံးမြတ်သော အကျိုး ၅-ပါး

၇၂၈-မေး။ ။နှလုံးမြတ်သောသူတို့၌ အကျိုးငါးပါးကား အဘယ် နည်း။

၇၂၈-ဖြေ။ ။(၁) သူခပ်သိမ်းတို့ ချစ်ကြည်သည်။
(၂) သူတော်ကောင်းတို့၌ ဆည်းကပ်သည်။
(၃) ကောင်းသော ကျော်စောခြင်း ဖြစ်သည်။
(၄) ပီတိပွါးသည်။
(၅) လူပြည်, နတ်ပြည်ဟူသော ကောင်းသော အလားသို့ လားရသည်။

ဤငါးပါးတည်း။

## တရားနာရသော အကျိုး ၅-ပါး

၇၃၀-မေး။ ။တရားနာရသော အကျိုးငါးပါးကား အဘယ်နည်း။

၇၃၀-ဖြေ။ ။(၁) မကြားဘူးသောတရားကို ကြားရသည်။
(၂) ကြားနာရပြီးသောတရားကို ပွါးစေသည်။
(၃) ယုံမှားသက်ာမှ လွတ်နိုင်သည်။
(၄) အယူကို ဖြောင့်စွာ ပြုတတ်သည်။
(၅) စိတ်၏ ကြည်ညိုခြင်း ဖြစ်သည်။

ဤငါးပါးတည်း။

## သည်းမခံခြင်း အပြစ် ၅-ပါး

၈၃၁-မေး။ ။သည်းမခံခြင်း အပြစ်ငါးပါးကား အဘယ်နည်း။

၈၃၁-ဖြေ။ ။(၁) သူများ မနှစ်လို့သည်။
(၂) ရန်များသည်။
(၃) အပြစ်များသည်။
(၄) တွေဝေလျက် သေရသည်။
(၅) အပါယ်လေးပါးသို့ လားရသည်။

ဤကား သည်းမခံခြင်းအပြစ် ငါးပါးတည်း။

## သည်းခံခြင်း အကျိုး ၅-ပါး

၈၃၂-မေး။ ။သည်းခံခြင်းအကျိုး ငါးပါးကား အဘယ်နည်း။

၈၃၂-ဖြေ။ ။(၁) လူများ ချစ်နှစ်လို့သည်။
(၂) ရန်နည်းသည်။
(၃) အပြစ်နည်းသည်။
(၄) မတွေမဝေ သေရသည်။
(၅) လူ့ပြည်,နတ်ပြည်သို့ လားရသည်။

ဤကား သည်းခံခြင်းအကျိုး ငါးပါးတည်း။

## မိုယ်းရွာခြင်း အကြောင်း ၈-ပါး

၈၃၃-မး။ ။မိုယ်းရွာခြင်းအကြောင်း ရှစ်ပါးကား အဘယ်နည်း။

၈၃၃-ဖြေ။ ။(၁) နဂါးတို့၏ အာနုဘော်။
(၂) ဂဠုန်တို့၏ အာနုဘော်။
(၃) နတ်တို့၏ အာနုဘော်။
(၄) သစ္စာစကား၏ အာနုဘော်။
(၅) မိုယ်းနတ်သား၏ အာနုဘော်။
(၆) တန်းခိုးကြီးသောသူတို့၏ အာနုဘော်။
(၇) ဥတုညီညွတ် မှန်ကန်ခြင်း။
(၈) ကမ္ဘာပျက်လိုခြင်းတို့ကြောင့် ရွာ၏။

ဤကား အကြောင်းရှစ်ပါးတည်း။

## မိုယ်းမရွာခြင်း အကြောင်း ၅-ပါး

၇၃၄-မေး။ ။မိုယ်းမရွာခြင်းအကြောင်းငါးပါးကား အဘယ်နည်း။
၇၃၄-ဖြေ။ ။(၁) ကောင်းကင်တွင် အမုန်ပြင်းသောကြောင့်ဇင်း။
(၂) ကောင်းကင်တွင် လေပြင်းသောကြောင့်ဇင်း။
(၃) အသူရိန်နဂါးသား လက်ဝါးနှင့်မိုယ်းရေကိုခံ၍ သမုဒ္ဒရာသို့ သွန်လေသောကြောင့်ဇင်း။
(၄) ပဇ္ဇုန်နတ်သားသည် နတ်စည်းစိမ်၌ ပျော်မွေ့ ထူး၍ မေ့လျော့သောကြောင့်ဇင်း။
(၅) လူတို့၏ တရားမစောင့်သောကြောင့်ဇင်း။

ဤကား မိုယ်းမရွာခြင်းအကြောင်း ငါးပါးတည်း။

[အင္ဂုတ္တရအဋ္ဌကထာခန္ဓကဋ္ဌ လာ၏၊ ငှက်တို့သည် သစ်ပင်ဖျားမှာ အသိုက်ပြုသော်ဇင်း,ဖုဇ္ဇန်တို့သည် ရေစက တွင်းဝမထား၊ကြည်းကုန်းက တွင်းဝထားသော်ဇင်း မိုယ်းကောင်းအံ့သတည်း၊ ငှက်တို့သည် သစ်ပင်တွင် နိမ့်သောအရပ်၌အသိုက်ပြုသော်ဇင်း,ဖုဇ္ဇန်တို့သည် ကြည်းကုန်းက တွင်းဝမထား၊ ရေစပ်က တွင်းဝထားသည် ရှိသော်ဇင်း ထိုနှစ်မိုယ်း မကောင်းအံ့သတည်း၊ဇာတိဝုတ်အဋ္ဌကထာ၌ လာ၏၊]

## ရွှေစင်ရတနာ အညစ်အကြေး ၅-ပါး

၇၃၅-မေး။ ။ရွှေစင် ရတနာ၏ အညစ်အကြေး ငါးပါးကား- အဘယ်နည်း။
၇၃၅-ဖြေ။ ။(၁) သံ။ (၄) ခဲမမည်း။
(၂) ကြေး။ (၅) ငွေ။
(၃) ခဲမဖြူ။

ဤငါးပါးတည်း။

## စိတ် အညစ်အကြေး ၅-ပါး

၇၃၆-မေး။ ။စိတ်၏ အညစ်အကြေး ငါးပါးကား-အဘယ်နည်း။
၇၃၆-ဖြေ။ ။(၁) လောဘ။ (၄) မိဒ္ဓ။
(၂) ဒေါသ။ (၅) ဝိစိကိစ္ဆာ။
(၃) မောဟ။

ဤငါးပါးတည်း။

### လ,နေတို့ အညစ်အကြေး ၅-ပါး

၈၃၇-မေး။ ။နေ့,လတို့၏ အညစ်အကြေး ငါးပါးကား- အဘယ်နည်း။

၈၃၇-ဖြေ။ ။(၁) ရာဟုအသူရိန်။ (၄) ဆီးနှင်း။
(၂) တိမ်တောင်။ (၅) မြူ။
(၃) မီးခိုး။

ဤငါးပါးတည်း။

### ရဟန်းတို့ အညစ်အကြေး ၅-ပါး

၈၃၈-မေး။ ။ရဟန်းတို့၏ အညစ်အကြေး ငါးပါးကား- အဘယ်နည်း။

၈၃၈-ဖြေ။ ။(၁) သေသောက်ခြင်း။ (၄) ကုန်သွယ်ခြင်း။
(၂) မေထုန် မှီဝဲခြင်း။ (၅) လယ်လုပ်ခြင်း။
(၃) ရွှေ, ငွေ ခံခြင်း။

ဤငါးပါးတည်း။

### မိန်းမမြတ် အင်္ဂါ ၅-ပါး

၈၃၉-မေး။ ။လင်ချစ်နှစ်လိုခြင်းကို ဖြစ်စေတတ်သော မိန်းမမြတ် အင်္ဂါငါးပါးကား- အဘယ်နည်း။

၈၃၉-ဖြေ။ ။(၁) အဆင်းလှသည်။
(၂) စည်းစိမ်ချမ်းသာ ရှိသည်။
(၃) သီတင်းသီလ စောင့်သည်။
(၄) တတ်လိမ္မာသည်။
(၅) လုံ့လဝီရိယ ရှိသည်။

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသော မိန်းမကား- လင်၏ ချစ်နှစ်လိုခြင်းကို ဖြစ်စေတတ်သော မိန်းမမြတ်တည်း။

[ဤအင်္ဂါငါးပါး ပြည့်စုံသော ယောကျ်ားလည်း မိန်းမ၏ နှစ်လိုခြင်းဖြစ်စေတတ်သော ယောကျ်ားမြတ်တည်း။

တနည်းလည်း မိန်းမတို့၏အင်္ဂါငါးပါးကို ဤသို့ဆို၏။
၁။ အဆင်းလှသည်။
၂။ ဆံရှည်သည်။

၃။ အဆွေအမျိုးနှင့်ပြည့်စုံသည်။
၄။ သားမိန်းမရှိသည်။
၅။ သီလသိတင်းစောင့်သည်။
ဤငါးပါးကို သဋ္ဌာယတနဝင်၌ဆို၏။]

## မိန်းမတို့၏ ဆင်းရဲခြင်း ၅-ပါး

၁၄၀-မေး။ ။မိန်းမတို့ ခံရသော ဆင်းရဲငါးပါးကား-အဘယ်နည်း။
၁၄၀-ဖြေ။ ။(၁) မိဘတို့ထိမ်းမြားမင်္ဂလာပြုလျှင် လင့်အိမ်သို့လိုက်သွား၍နေရသည်။
(၂) ဥတုလာရသည်။
(၃) ကိုယ်ဝန်ဆောင်ရသည်။
(၄) သားဖွါးရသည်။
(၅) လင်ကိုလုပ်ကျွေးရသည်။
ဤငါးပါးတည်း။

## ဝိသာခါ၏ကောင်းခြင်း ၅-ပါး

၁၄၁-မေး။ ။ဝိသာခါ၏ကောင်းခြင်းငါးပါးကား-အဘယ်နည်း။
၁၄၁-ဖြေ။ ။(၁) ဆံ၏ ကောင်းခြင်း။
(၂) အရိုး၏ ကောင်းခြင်း။
(၃) အသား၏ ကောင်းခြင်း။
(၄) အရေ၏ ကောင်းခြင်း။
(၅) အရွယ်၏ ကောင်းခြင်း။
ဤငါးပါးတည်း။
[ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသည်ကို ပဉ္စကလျာဏဟူသတည်း။]

## ဆံပင်၏ကောင်းခြင်း

၁၄၂-မေး။ ။ကောင်းခြင်း ငါးပါးတို့တွင် ဆံ၏ကောင်းခြင်းကား အဘယ်သို့ရှိလေသနည်း။
၁၄၂-ဖြေ။ ။ရပ်လျက် ဆံကိုဖြေ၍နောက်သို့လှန်သော် ခကောက်သို့ထိ၍ သားလိုးထားယယ်ကဲ့သို့ အဖျားကော့ကော့ကောက်ကောက်ရှိ၏။ ဤသည်လျှင် ဆံ၏ကောင်းခြင်းတည်း။

### အရိုး၏ကောင်းခြင်း

**၈၄၃-မေး။** အရိုး၏ကောင်းခြင်းကား-အဘယ်နည်း။

**၈၄၃-ဖြေ။** ။သုံးဆဲ့နှစ်ချောင်းသော သွားတို့သည် အစပ်မထင် ခရုသင်းပွတ်သစ်ကဲ့သို့ဖြူစင်သည်။

ဤကား-အရိုး၏ကောင်းခြင်းတည်း။

### အသား၏ကောင်းခြင်း

**၈၄၄-မေး။** ။အသား၏ကောင်းခြင်းသည်ကား-အဘယ်နည်း။

**၈၄၄-ဖြေ။** ။နှုတ်ခမ်းတို့ကား- ကွမ်းမစားဘဲ ကျီးအာသီးမှည့် အဆင်းကဲ့သို့ နီ၏။

ဤကား-အသား၏ကောင်းခြင်းတည်း။

### အရေ၏ကောင်းခြင်း

**၈၄၅-မေး။** ။အရေ၏ ကောင်းခြင်းကား-အဘယ်နည်း။

**၈၄၅-ဖြေ။** ။မဟာလ္ဘေကား ပန်းပွင့်အဆင်းကဲ့သို့ ရှင်းရှင်းရှိ၏။

ဤကား-အရေ၏ကောင်းခြင်းတည်း။

### အရွယ်၏ကောင်းခြင်း

**၈၄၆-မေး။** ။အရွယ်၏ကောင်းခြင်းကား-အဘယ်နည်း။

**၈၄၆-ဖြေ။** ။အသက် ကြီးရင့်သည်တိုင်အောင် တဆဲ့ခြောက်နှစ် အရွယ်ကဲ့သို့ရှိ၏။

ဤကား-အရွယ်၏ကောင်းခြင်းတည်း။

[ဝိသာခါကား-ဆင်ငါးစီးအားကို ဆောင်နိုင်သည်၊ ပြေးလတ်သော ဆင်ကို နှာမောင်းကိုကိုင်၍ လက်ချောင်းနှင့် တွန်းသော် လည်း၏၊ သား ယောကျ်ားတကျိပ်, သားမိန်းမ တကျိပ်, မြေး လေးရာ, မြစ်ရှစ်ထောင် ရှိသတည်း။

ဝိသာခါကို ယောက္ခမအိမ်သို့ပို့မည်ပြုသောအခါ အဘသူဌေးက သုံးစွဲဘို့ပေးလိုက်သော ဥစ္စာဘဏ္ဍာကား အဆီအပြား အပြည့်တင်သော လှည်းငါးရာ, ကြေးခွက် အပြည့်တင်သော လှည်းငါးရာ, ဝါချည်ပုဆိုး, ပိုးချည်ပုဆိုးအပြည့်တင်သောလှည်းငါးရာ,ထောပတ်အပြည့်တင်သောလှည်းငါးရာ, ဆီအပြည့်တင်သော လှည်းငါးရာ, ထွန်သွားထွန်တုံး အပြည့်တင်သောလှည်းငါးရာ,အဆင်းလှသော ကျွန်မိန်းမငါးရာ, အဆင်းလှသော ကျွန်ယောကျ်ား ငါးရာ ပေးလိုက်၏။

အဘသူဌေး ဆုံးမလိုက်လေသည်ကား အတွင်း မီးကို ပြင်သို့ မထွက်စေနှင့်၊ ပြင်ကမီးကိုလည်း အတွင်းသို့ မဝင်စေနှင့်၊ ပေးအပ်သော ဥစ္စာကို ပေးအပ်၏၊ မပေးအပ်သော ဥစ္စာကိုလည်း မပေးနှင့်၊ ချမ်းသာစွာနေအပ်၏၊ မီးကိုလည်း လုပ်ကျွေးအပ်၏၊ အိမ်တွင်း၌ ဖြစ်သောနတ်ကိုလည်းရှိခိုးအပ်၏၊ယောက္ခမယောကျ်ားသူ,မိန်းမသူ, လင်တို့၏ မကောင်းခြင်းကိုလည်း လွှင်သို့မထုတ်အပ်၊ မထွက်စေအပ်၊ လုပ်ကျွေးသောသူတို့၏ မကောင်းခြင်းကိုလည်း အတွင်း၌ မသိအပ်၊ အလေး အမြတ် ပြုအပ်သောသူ လာလတ်သော် မြင့်သောနေရာ၌ မနေရာ၊ ယောက္ခမတို့၏ မကောင်းခြင်းကိုလည်း မဆိုအပ်၊ လင်၏ နောက်မှ စားအပ်၏၊ ယောက္ခမတို့၏ရှေ့,လင်၏ရှေ့ မအိပ်အပ်၊ ယောက္ခမတို့ကို နတ်ကဲ့သို့ ရှိသေစွာ ရှိခိုးအပ်၏။

[ဤသို့ အဘသူဌေး ဆုံးမလိုက်သတည်း၊ ဓမ္မပဒကျမ်း၌ လာ၏၊ ဤစကားကိုကား ခပ်သိမ်းသော မိန်းမတို့ မှတ်အပ်၏။]

## မြေလှုပ်ခြင်းအကြောင်း ၈-ပါး

၈၄၇-မေး။ ။မြေလှုပ်ရသော အကြောင်း ရှစ်ပါးကား အဘယ်နည်း။

၈၄၇-ဖြေ။ ။(၁) ရေကြောင့်ၛင်း။
(၂) တန်းခိုးကြောင့်ၛင်း။
(၃) ဘုရားလောင်းတို့ ပဋိသန္ဓေနေသော အခါ၌ၛင်း။
(၄) မယ်တော်ဝမ်းမှ ဘွားသော အခါ၌ၛင်း။
(၅) ဘုရားဖြစ်တော်မူသော အခါ၌ၛင်း။
(၆) ဓမ္မစကြာ တရားတော်ကို ဟောတော်မူသော အခါ၌ၛင်း။
(၇) အာယုသင်္ခါရ လွှတ်တော်မူသောအခါ၌ၛင်း။
(၈) ပရိနိဗ္ဗာန်ပြုတော်မူသော အခါ၌ၛင်း လှုပ်၏။

ဤကား-မြေလှုပ်ခြင်းအကြောင်း ရှစ်ပါးတည်း။

## ရေကြောင့် မြေလှုပ်ခြင်း

၈၄၈-မေး။ ။ရေကြောင့် မြေလှုပ်သည်ကား အဘယ်နည်း။

၈၄၈-ဖြေ။ ။ဓာတ်ချောက်ချား၍ လှုပ်သတည်း။

### တန်းခိုးကြောင့် မြေလှုပ်ခြင်း

၀၄၉-မေး။ ။တန်းခိုးကြောင့် လှုပ်သည်ကား အဘယ်နည်း။
၀၄၉-ဖြေ။ ။တန်းခိုးကြီးသော သူတို့၏ တန်းခိုးကြောင့် လှုပ်သတည်း။

### ပါရမီတော်ကြောင့် မြေလှုပ်ခြင်း

၀၅၀-မေး။ ။ဘုရားလောင်းတို့ အမိဝမ်း၌ နေသောအခါ, ဘွား သောအခါတို့၌ လှုပ်သည်ကား အဘယ်နည်း။
၀၅၀-ဖြေ။ ။ပါရမီ သမ္ဘာရကောင်းမှု အကျိုးကြောင့် လှုပ်သတည်း။

### ဉာဏ်တော်ကြောင့် မြေလှုပ်ခြင်း

၀၅၁-မေး။ ။ဘုရားဖြစ်တော်မူသောအခါ လှုပ်သည်ကား အဘယ် နည်း။
၀၅၁-ဖြေ။ ။သဗ္ဗညုတဉာဏ်, အရဟတ္တမဂ်ဉာဏ်တော် တန်းခိုး ကြောင့် လှုပ်သတည်း။

### ကောင်းချီး ပေးသဖြင့် မြေလှုပ်ခြင်း

၀၅၂-မေး။ ။ဓမ္မစကြာတရားဟောရာ၌ လှုပ်သည်ကား အဘယ် နည်း။
၀၅၂-ဖြေ။ ။ကောင်းချီးပေးသဖြင့် လှုပ်သတည်း။

### သနားသဖြင့် မြေလှုပ်ခြင်း

၀၅၃-မေး။ ။အာယုသင်္ခါရ လွှတ်တော်မူရာ၌ လှုပ်သည်ကား အဘယ်နည်း။
၀၅၃-ဖြေ။ ။သနားသဖြင့် လှုပ်သတည်း။

### ငိုကြွေးသဖြင့် မြေလှုပ်ခြင်း

၀၅၄-မေး။ ။ပရိနိဗ္ဗာန်ပြုတော်မူရာ၌ လှုပ်သည်ကား အဘယ် နည်း။
၀၅၄-ဖြေ။ ။ငိုကြွေးသဖြင့် လှုပ်သတည်း။

### တနည်း–မြေလှုပ်ခြင်း ၈-ပါး

၁၅၅-မေး။ ။ဤမှတပါး မြေလှုပ်ရသည် ရှစ်ပါးကား အဘယ်နည်း။

၁၅၅-ဖြေ။ ။(၁) တောထွက်တော်မူသောအခါ။
(၂) ဗောဓိပင်သို့ ကပ်တော်မူသောအခါ။
(၃) ပံသုကူပုဆိုးကောက်တော်မူသော အခါ။
(၄) ပံသုကူပုဆိုး ဖွပ်တော်မူသော အခါ။
(၅) ကာလာရာမသုတ်ကို ဟောတော် မူသော အခါ။
(၆) ဂေါတမသုတ်ကို ဟောတော်မူသော အခါ။
(၇) မြဟ္မဇာလသုတ်ကို ဟောတော်မူသောအခါ။
(၈) ဝေဿန္တရာ ဇာတ်ကို ဟောတော်မူသော အခါ။

ဤရှစ်ပါးသော အခါတို့၌ မြေလှုပ်သတည်း။

[ဤရှစ်ပါးသော အကြောင်းကြောင့် လှုပ်ခြင်းကား မြေစောင့်နတ်တို့ ပူဇော်သဖြင့် လှုပ်သည်ဟု ဒီဃနိကာယ် သုတ်မဟာဝဂ်၌ ဆို၏။]

### မဟာသမုဒ္ဒရာ၏အံ့ဘွယ် ၈-ပါး

၁၅၆-မေး။ ။မဟာသမုဒ္ဒရာအံ့ဘွယ်ရှစ်ပါးကား အဘယ်နည်း။

၁၅၆-ဖြေ။ ။(၁) အနားကသည်အစဉ်အတိုင်း အလယ်သို့နက်သည်လည်းတပါး။
(၂) တံပိုးကြီးစွာဟူသည်လည်း ကမ်းသို့မလွန်နိုင်သည်လည်းတပါး။
(၃) အကောင်ပုပ်စသည်ကို ရေ၌မရှိရ၊ ကမ်းသို့ ပစ်တင်သည်လည်းတပါး။
(၄) မြစ်ကြီးငါးစင်းတို့သည် သမုဒ္ဒရာသို့စီးဝင်လေသော် မိမိတို့အမည်စွန့်သည်လည်းတပါး။
(၅) မိုယ်းရွာသော်လည်းမလွန်,နေပူသော်လည်း မယုတ်သည်လည်းတပါး။
(၆) ရေငံအတိသာတည်သည်လည်းတပါး။

(၇) ပုလဲ,သန္တာစသော ရတနာ ခုနစ်ပါးတို့၏ တည်ရာဖြစ်သည်လည်းတပါး။
(၈) ငါးအပေါင်းတို့၏ နေရာ ဖြစ် သည် လည်း တပါး။

ဤရှစ်ပါးတည်း။

**မဟာသမုဒ္ဒရာ၌ ငါးကြီး ၆-ခု**

**၈၅၇-မေး။** ။မဟာသမုဒ္ဒရာ၌ အမြဲကျက်စားသော ငါးကြီးခြောက်ခုကား အဘယ်နည်း။

**၈၅၇-ဖြေ။** ။(၁) တိမိရ။ (၃) တိမိရတိပိင်္ဂလ။
(၂) တိပိင်္ဂလ။

ဤငါးကြီးသုံးခုကား အလျားယူဇနာတထောင်ရှိ၏။
(၁) အာနန္ဒာ။ (၃) အဇ္ဈာရောဟ။
(၂) တိမိနန္ဒာ။

ဟူသောငါးကြီးသုံးခုတို့ကား အလျားယူဇနာငါးရာရှိ၏။

တိမိရ,တိပိင်္ဂလ,တိမိရတိပိင်္ဂလ ဤငါးကြီးတို့သည် လက်ျာနား,လက်ဝဲနားကိုရင်း, အမြီးကိုရင်း လှုပ်သော် ယူဇနာတရာမျှလောက်သောရေသည် လှုပ်လေ၏၊ နားနှစ်ဘက်အမြီးကိုခတ်၍ ခေါင်းကိုလှုပ်၍ မြူးထူးအံ့သောငှါ အားထုတ်လတ်သော် ယူဇနာခုနစ်ရာမျှလောက်သောအရပ်၌ တည်သောရေသည် လှုပ်လေ၏၊ ယူဇနာသုံးရာမျှလောက်သောရေသည်လည်း ထိုငါး၏ကျောက်ကုန်းကိုလွှမ်း၍ မစီးနိုင်သတည်း။

**မဟာသမုဒ္ဒရာ၌ တံပိုး ၃-ပါး**

**၈၅၈-မေး။** ။မဟာသမုဒ္ဒရာ၌ တံပိုးကားအပြားအတိမျှရှိသနည်း။

**၈၅၈-ဖြေ။** ။(၁) မဟိန္ဒမည်သောတံပိုး။
(၂) ဝင်္ဂမည်သောတံပိုး။
(၃) ရောဟမည်သောတံပိုး။

ဤသုံးပါးပြားသတည်း။

[မဟိန္ဒမည်သောတံပိုးကား-ယူဇနာခြောက်ဆယ်တက်၏။
ဝင်္ဂမည်သောတံပိုးကား-ယူဇနာငါးဆယ်တက်၏။
ရောဟမည်သောတံပိုးကား-ယူဇနာလေးဆယ်ရှိ၏။
ဤသို့အထူးမှတ်ရာသတည်း။]

## လက်နက်ကြီး ၄-ပါး

၈၅၉-မေး။ ။လက်နက်ကြီးလေးပါးကား အဘယ်နည်း။

၈၅၉-ဖြေ။ ။(၁) သိကြားနတ်မင်းကြီး၏ ဝဇိရစိန် လက်နက်။

(၂) ဝေဿဝဏောနတ်မင်း၏ ရှားလှံကန်လက်နက်။

(၃) ယမမင်း၏ မျက်စိလက်နက်။

(၄) အာဠဝကဘီလူး၏ ကိုယ်ရုံသောပုဆိုးလက်နက်။

ဤသည်လျှင် လက်နက်ကြီးလေးပါးတည်း။

[ထိုလက်နက်ကြီးလေးပါးတို့တွင် သိကြားမင်း၏လက်နက်ကား– သိကြားမင်းသည်မျက်လို၍ ဝဇိရစိန်လက်နက်ဖြင့် မြင်းမိုရ်တောင်ထိပ်ကပစ်ချသော် တသိန်းခြောက်သောင်းရှစ်ထောင်အစောက်ရှိသော မြင်းမိုရ်တောင်ကိုထွင်းလေ၍ အောက်သို့ကျလေရာ၏။

ဝေဿဝဏောဘီလူးနတ်မင်း၏လက်နက်ကား-ထိုဘီလူးနတ်မင်းသည် မျက်လို၍ ရှားလှံကန်ဖြင့်ပစ်လိုက်သော် အထောင်မကသော ဘီလူးတို့၏လည်ကိုဖြတ်၍ လက်သို့ပြန်လာ၏။

ယမမင်းလက်နက်ကား-ယမမင်းသည် မျက်လို၍ကြည့်လတ်သော် အထောင်မကသောကုမ္ဘဏ်ဘီလူးတို့သည် အိုးခင်းပူတွင်ထည့်သော မုန့်ညင်းစေ့ကဲ့သို့ ဖျစ်ဖျစ်မြည်၍ကြေလေ၏။

အာဠဝကဘီလူး၏လက်နက်ကား-ထိုအာဠဝကဘီလူးသည် မိမိရုံသောပုဆိုးလက်နက်ကိုချွတ်၍ ကောင်းကင်သို့ပစ်လတ်သော် တဆဲ့နှစ်နှစ်ပတ်လုံးမိုးမရွာ၊ မြေတွင်ပစ်သော် တဆဲ့ခြောက်နှစ်ပတ်လုံး မြက်သစ်ပင်တို့မပေါက်မရောက်နိုင် သေကုန်၏၊ သမုဒ္ဒရာ၌ပစ်သော် အိုးခင်းပူတွင်ဖျန်းသောရေပေါက်ကဲ့သို့ခန်းရာ၏၊ မြင်းမိုရ်တောင်ကိုပစ်သော်လည်း အထုံးအထုံးပြတ်၍ ကြေလေရာ၏၊ ဤစကားကား အဂ္ဂတ္တိုရ်သတ္တနိပါတ်၊အာဠဝကသုတ်၌လာ၏။]

## ဘုရားရှင်တို့ကြွတော်မူသောခရီး ၃-ကြောင်း

၈၆၀-မေး။ ။လွန်တော်မူလေကုန်ပြီးသော ဘုရားသခင်တို့သည် ဒေသစာရီ ကြွတော်မူသော ခရီးသုံးကြောင်းကား အဘယ်နည်း။

**၈၆၀-ဖြေ။** ။ထိုထိုသတ္တဝါတို့၏အစီးအပွါးအလို့ငှါ ဒေသစာရီ ကြွတော်မူမြဲသောအရပ်ကား—

(၁) မဟာမဏ္ဍလ။ (၃) အန္တိမမဏ္ဍလ။
(၂) မဇ္ဈိမမဏ္ဍလ။

ဟူ၍ သုံးပါးရှိသတည်း။

ထိုသုံးပါးတို့တွင် မဟာမဏ္ဍလအရပ်သို့ကား-သံတူလဆုတ်တရက်နေ့ ကျောင်းတော်မှထွက်ခဲ့၍ ကိုးလကြွတော်မူ၏။

မဇ္ဈိမ မဏ္ဍလအရပ်သို့ကား- နတ်တော်လဆန်းတရက်နေ့ ကျောင်းတော်မှထွက်ခဲ့၍ ခုနစ်လတိုင်တိုင် ကြွတော်မူ၏။

အန္တိမ မဏ္ဍလအရပ်သို့ကား- တပို့တွဲလဆန်းတရက်နေ့ ကျောင်းတော်မှထွက်ခဲ့၍ ငါးလတိုင်တိုင် ကြွတော်မူ၏။

ဤသည်လျှင် ဘုရားမြတ်စွာအပေါင်းတို့ကြွတော်မူ၍ တရားဟောတော်မူမြဲတည်း။

## သင်္ဂါယနာ ၃-တန်

**၈၆၁-မေး။** ။သင်္ဂါယနာသုံးတန်ကား-အဘယ်နည်း။

**၈၆၁-ဖြေ။** ။(၁)ပဌမသင်္ဂါယနာ။(၃) တတိယသင်္ဂါယနာ။
(၂)ဒုတိယ သင်္ဂါယနာ။

ဟူ၍ သုံးပါးတည်း။

ထိုသုံးပါးတို့တွင်—

(၁) ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်းကြီးကို အမှီပြု၍ အရှင်မဟာကဿပအမှူးရှိသောရဟန္တာထေရ်ကျော်ငါးရာတို့ပိဋကတ်သုံးပုံကို သင်္ဂါယနာတင်သည်ကား- ပဌမသင်္ဂါယနာတင်သည်မည်၏။

(၂) ဝေသာလီပြည်၌ ကာဠာသောကမင်းကိုအမှီပြု၍ အရှင်မဟာယသထေရ်အမှူးရှိသော ရဟန္တာထေရ်ကျော်ခုနစ်ရာတို့ ပိဋကတ်သုံးပုံကို သင်္ဂါယနာတင်သည်ကား- ဒုတိယသင်္ဂါယနာတင်သည်မည်၏။

(၃) ပါဋလိပုတ်ပြည်၌ သီရိဓမ္မာသောကမင်းကြီးကိုအမှီပြု၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿအမှူးရှိသော ရဟန္တာထေရ်ကျော်တထောင်တို့ ပိဋကတ်သုံးပုံကို သင်္ဂါယနာတင်သည်ကား- တတိယသင်္ဂါယနာတင်သည်မည်၏။

ဤသည်လျှင် သင်္ဂါယနာသုံးတန်တည်း။

[ပါဠိလိပုတ်ပြည်ကြီး၌ သီရိဓမ္မာသောကမင်းကြီးသည် ပစ္စည်းလေးပါးတို့ဖြင့် သာသနာတော်မြတ်ကို အထူးချီးမြှောက်ရကား- သာသနာတော်၌ ပြန့်ပြောစွာမဟာလာဘဖြစ်၍ ခြောက်သောင်းသောတိတ္ထိတို့သည် ရဟန်းယောင်ဆောင်၍ ရောထွေးရှက်တင်ရှိသဖြင့် အရိယာသံဃာတော်မြတ်တို့သည် ခုနစ်နှစ်ပတ်လုံး ဥပုသ်မပြုရ ရှိလေသတည်း။

ထိုအခါ သီရိဓမ္မာသောကမင်းကြီးအား အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်သည် ထိုမင်း၏ဥယျာဉ်၌ နေတော်မူ၍ ခုနစ်ရက်ပတ်လုံး ဓမ္မာသောကမင်းကြီးအား ဘုရားသခင်အယူတော်မြတ်ကို သင်ကြားလေ၏။

ထိုဘုရားသခင် အယူတော်မြတ်ကို သိပြီးမှ ရဟန်းသံဃာအပေါင်းတို့ကို ပင့်ဘိတ်စည်းဝေးစေ၍ ဘုရားသခင်အယူတော်ကို မေး၏၊ ထိုအခါ ခြောက်သောင်းသောတိတ္ထိတို့သည် မိမိတို့၏ အသီးအသီးယူကုန်သောအယူတို့ကို မင်းကြီးအား ကြားလေ၏၊ မင်းကြီးလည်း ဘုရားသခင်၏အယူတော်ကိုသိပြီးဖြစ်၍ "ဤသူတို့ကား-ရဟန်းသံဃာမဟုတ်"ဟု နှလုံးသွင်းမိရကား-ခြောက်သောင်းသောတိတ္ထိတို့ကို ပုဆိုးဖြူပေး၍ လူထွက်စေသတည်း။

ဘုရားမြတ်စွာ၏ အယူတော်ကိုယူ၍ ကျင့်ကုန်သော ရဟန်းသံဃာအပေါင်းတို့အား မင်းကြီး ဤသို့လျှောက်၏၊ "အရှင်ဘုရားတို့…ယခုသည် သာသနာတော်၏ အညစ်အကြေးဘေးရန် စင်လေပြီ၊ ညီညွတ်စွာဥပုသ်ပြုတော်မူကုန်လော့"ဟု လျှောက်လေ၏။

ထိုအခါ ခြောက်သောင်းကုန်သော ရဟန်းတို့သည် အညီအညွတ်ဥပုသ်ပြုကြကုန်သတည်း၊ ထို့နောင်မှ ပိဋကတ်သုံးပုံကို ဆောင်ကုန်သော ပဋိသမ္ဘိဒါပတ္တ,ဆဠဘိည,တေဝိဇ္ဇရဟန္တာမြတ် တထောင်စည်းဝေး၍ သင်္ဂါယနာတင်တော်မူကုန်သတည်း၊ ဤသို့စကားအထူးကိုလည်း သူတော်ကောင်းတို့ မှတ်ကုန်ရာ၏။]

## စေတီထိုက်သော ဓာတ်ရိုးတော် ၄-ပါး

၈၆၂-မေး။ ။စေတီထိုက်သော ဓာတ်ရိုးတော် လေးပါးကား-အဘယ်နည်း။

၈၆၂-ဖြေ။ ။(၁) ဘုရားသခင်ဓာတ်။ (၃) ရဟန္တာဓာတ်။ (၂) ပစ္စေကဗုဒ္ဓါဓာတ်။ (၄) စကြဝတေးမင်း၏ အရိုးဓာတ်။

ဤလေးပါးတည်း။

## စေတီအပြား ၃-ပါး

ဂ၆၃-မေး။ ။စေတီအပြား သုံးပါးကား-အဘယ်နည်း။

ဂ၆၃-ဖြေ။ ။(၁) ပရိဘောဂစေတီ။ (၃) ဥဒ္ဒိဿစေတီ။
(၂) ဓာတုစေတီ။

ဤသုံးပါးတည်း။

ထိုသုံးပါးတို့တွင်—

(၁) သက်နိုး,သပိတ်စသော ပရိက္ခရာတို့ကို တည်ထား ကိုးကွယ်ခြင်းသည် ပရိဘောဂစေတီ မည်၏။

(၂) မွေးတော်,ဓာတ်တော်တို့ကို တည်ထားကိုးကွယ်ခြင်းသည် ဓာတုစေတီ မည်၏။

(၃) ဘုရားသခင် ရုပ်တုဆင်းတုတော်ကို တည်ထားကိုးကွယ်ခြင်းသည် ဥဒ္ဒိဿစေတီမည်၏။

တနည်းလည်း ဓမ္မစေတီကို ထည့်သွင်း၍ စေတီလေးပါးဟု လာ၏၊ စာပေပိဋကတ်တို့ကို တည်ထားကိုးကွယ်ခြင်းသည် ဓမ္မစေတီ မည်၏။

## ပန်း ၅-ပါး

ဂ၆၄-မေး။ ။ပန်းငါးပါးကား အဘယ်နည်း။

ဂ၆၄-ဖြေ။ ။(၁) စလပ်ပွင့်။ (၄) နေဇာမြက်။
(၂) ကြာပွင့်။ (၅) ပေါက်ပေါက်။
(၃) မုလေးပွင့်။

ဤငါးပါးတည်း။

## ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြုခြင်းအကြောင်း ၃-ပါး

ဂ၆၅-မေး။ ။ငါတို့ဘုရားမြတ်စွာ ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြုတော်မူသည်အကြောင်းသုံးပါးကား-အဘယ်နည်း။

ဂ၆၅ ဖြေ။ ။(၁) မဟာသုဒဿနဇာတ်ကို ဟောတော်မူလိုသောကြောင့်လည်း တပါး။
(၂) သုဘဒ်ရဟန်း ရဟန္တာဖြစ်လတ္တံ့သည်လည်း တပါး။

(၃) ခါတ်တော်ကြောင့် ခုနစ်ပြည်ထောင်သောမင်း
တို့စစ်မက် ဖြစ်လတ္တံ့သည်ကို ဆရာဖြစ်သော
ဒေါနပုဏ္ဏားစစ်မဖြစ်ရအောင် မြစ်နိုင်သည်
လည်း တပါး။

ဤအကြောင်း သုံးပါးတည်း။

## ခုနစ်ပြည်ထောင် မင်းများ

**၈၆၆-မေး။** ။ခုနစ်ပြည်ထောင်သောမင်းတို့ကား-အဘယ်နည်း။

**၈၆၆-ဖြေ။** ။(၁) မလ္လာမင်း။ (၅) အလ္လကပ္ပမင်း။
(၂) အဇာတသတ်မင်း (၆) ကောလိယမင်း။
(၃) လိစ္ဆဝီမင်း။ (၇) ပါဝါမင်း။
(၄) ကပိလဝတ်မင်း။

ဤကား ခုနစ်ပြည်ထောင်မင်းတို့တည်း၊ သုတ်မဟာဝဂ်၌လာ၏။

## အသမ္ဘိန္န ဓာတ်တော် ၇-ပါး

**၈၆၇-မေး။** ။အသမ္ဘိန္နဓာတ်တော်ကား-အဘယ်နည်း။

**၈၆၇-ဖြေ။** ။စွယ်တော် လေးချောင်း, မြှပ်ရိုးတော် နှစ်ဘက်, နဖူးသင်းကျစ်တော် ဤခုနစ်ပါးသောဓာတ်တော်တို့ကား-ပေထက်၌တင်၍ တူနှင့်ထုသော်လည်း မကွဲရကား-အသမ္ဘိန္နဓာတ်မည်၏။

ဤခုနစ်ပါးမှကြွင်းသောဓာတ်တော်ကား သမ္ဘိန္နဓာတ်မည်၏၊သမ္ဘိန္နဓာတ်တော်ကား ရှစ်စရွတ်ရှိ၏၊ ကွမ်းစားနှင့်ချင့်သော် တဆဲ့ခြောက်ကွမ်းစားရှိ၏၊ မင်းတပါးတပါး၌ နှစ်ကွမ်းစားစီရ၏။

အထက်လက်ျာစွယ်တော်နှင့်လက်ျာမြှပ်ရိုးတော်ကား- တာဝတိံသာနတ်ပြည် မဏိထူပ၌ တည်လေ၏။

အောက်လက်ျာစွယ်တော်ကား-နဂါးပြည်၌ တည်လေ၏။

စွယ်တော်တချောင်းကား-သီဟိုဠ်ကျွန်း၌ တည်လေ၏။

စွယ်တော်တချောင်းကား-သင်းတွဲပြည်၌ တည်လေ၏။

တာဝတိံသာနတ်ပြည်တွင် မဏိထူပ၌ လက်ျာမြှပ်ရိုးတော်ကို သိကြားမင်းအား သုမနသာမဏေတောင်း၍ ဒေဝါနံပိယတိဿမင်းကြီးအား ပေးလေ၏၊ သိန်းယိုဠ်ကျွန်း၌ ထူပါရုံတွင် ဌာပနာလေ၏။

လက်ဝဲမြပ်ရိုးတော်ကိုအရှင်သာရိပုတြာတပည့် သရဘူထေရ်ရဟန္တာ တထောင်နှင့်လာ၍ သင်းချိုင်းတော်တွင် မိမိတန်းခိုးဖြင့်ယူ၍ သိန်းယိုဠ် ကျွန်းတွင်မဟိယင်္ဂဏစေတီ၌ဌာပနာလေ၏၊သင်းကျပ်တော်ကား-မြဟ္မာ့ ပြည်၌ တည်လေ၏၊ သွားတော်လေးဆယ်, မွေးတော်တို့ကား- စကြဝဠာ အဆက်ဆက်၌နေသောနတ်တို့သည် တချောင်းစီတချောင်းစီဆောင်လေ၏၊ ကြီးသောဓာတ်တော်တို့ကား- ပဲနောက်လုံးခန့်ရှိ၏၊ အလတ်သောဓာတ် တော်ကား-ဆန်ကျိုးပမာဏရှိ၏၊ အငယ်သောဓာတ်တော်ကား-မုန်ညင်း သီးခန့်ပမာဏရှိ၏။

အဆင်းကား-ကြီးသောဓာတ်တော်သည် ရွှေအဆင်းနှင့်တူ၏၊အလတ် ဖြစ်သော ဓာတ်တော်သည်ကား- ခရုးစွေအဆင်းနှင့်တူ၏၊ အငယ်ဖြစ် သောဓာတ်တော်သည်ကား-ပုလဲအဆင်းနှင့်တူ၏၊ဓာတုဝင်ကျမ်း၌လာ၏။

## အဂ္ဂသာဝက ၂-ပါး

၈၆၈-မေး။ ။အဂ္ဂသာဝက, မဟာသာဝကနှစ်ပါးကား- အဘယ် နည်း။

၈၆၈-ဖြေ။ ။အရှင်သာရိပုတြာ,အရှင်မောဂ္ဂလာန် နှစ်ပါးတည်း။

ဤနှစ်ပါးကား- အဂ္ဂသာဝကလည်း မည်၏၊ မဟာသာဝကလည်း မည်၏။

## အသီတိသာဝက ၈-ကျိပ်

၈၆၉-မေး။ ။အသီတိသာဝကတို့သည်ကား-အဘယ်နည်း။

၈၆၉-ဖြေ။

| | |
|---|---|
| ။၁ ကောဏ္ဍည။ | ၁၀ ပုဏ္ဏဇိ။ |
| ၂ ဝပ္ပ။ | ၁၁ ဂဝံပတိ။ |
| ၃ ဘဒ္ဒိယ။ | ၁၂ ဥရုဝေလကဿပ။ |
| ၄ မဟာနာမ်။ | ၁၃ နဒီကဿပ။ |
| ၅ အဿဇိ။ | ၁၄ ဂယာကဿပ။ |
| ၆ နာလက။ | ၁၅ သာရိပုတြာ။ |
| ၇ ယသ။ | ၁၆ မောဂ္ဂလာန်။ |
| ၈ ဝိမလ။ | ၁၇ မဟာကဿပ။ |
| ၉ သုဗာဟု။ | ၁၈ မဟာကစ္စာယန။ |

၁၉ မဟာကောဋ္ဌိက။
၂၀ မဟာကပ္ပိန။
၂၁ မဟာစုန္ဒ။
၂၂ ဥပါလိ။
၂၃ အနုရုဒ္ဓါ။
၂၄ ကင်္ခါရေဝတ။
၂၅ အာနန္ဒာ။
၂၆ နန္ဒက။
၂၇ ဘဂု။
၂၈ နန္ဒိယ။
၂၉ ကိမိလ။
၃၀ ဘဒ္ဒိယ။
၃၁ ရာဟုလာ။
၃၂ သီဝလိ။
၃၃ ဒဗ္ဗ။
၃၄ ဥပသေန။
၃၅ ရေဝတ။
၃၆ ကောဏ္ဍညတူတော်ပုဏ္ဏ။
၃၇ လယ်ကိုင်း ကျောင်းတော်ရာ ပုဏ္ဏ။
၃၈ ခြေဖဝါးတွင် အမွေးရောက် သော ရှင်သောဏ။
၃၉ နားတွင် တကုဋေသော အဘိုးမျှ တန်ဆာဆင်အပ်သော သောဏ ကောဋိဝိသ။
၄၀ ရာဓ။
၄၁ သုဘူတိ။
၄၂ အင်္ဂုလိမာလ။
၄၃ ဝက္ကလိ။
၄၄ ကာဠုဒါယီ
၄၅ သဟာဥဒါယီ။
၄၆ ပိလိန္ဒဝစ္ဆ။
၄၇ သောဘိတ။
၄၈ ကုမာရကဿပ။
၄၉ ရဋ္ဌပါလ။
၅၀ ဝင်္ဂီသ။
၅၁ သဘိယ။
၅၂ သေလ။
၅၃ ဥပဝါဏ။
၅၄ မေဃိယ။
၅၅ သာဂတ။
၅၆ နာဂိတ။
၅၇ လကုဏ္ဍကဘဒ္ဒိယ။
၅၈ ပိဏ္ဍောလ ဘာရဒွါဇ။
၅၉ မဟာပန္ထက။
၆၀ စူဠပန္ထက။
၆၁ ဗာက္ကုလ။
၆၂ ကုဏ္ဍဓာန။
၆၃ ဗာဟိယဒါရုစီရိယ။
၆၄ ယသောဇ။
၆၅ အဇိတ။
၆၆ တိဿမေတ္တေယျ။
၆၇ ပုဏ္ဏက။
၆၈ မေတ္တဂူ။
၆၉ ဓောတက။
၇၀ ဥပသီဝ။
၇၁ နန္ဒ။
၇၂ ဟေမက။
၇၃ တောဒေယျ။
၇၄ ကပ္ပ။

၇၅ စတုကဏ္ဏိက။
၇၆ ဘဒြာဇုဓ။
၇၇ ဥဒယ။
၇၈ ပေါသာလ။
၇၉ မောဃရာဇ။
၈၀ သင်္ကိယ။

ဤကား အသီတိမဟာသာဝကတို့၏ အမည်တည်း။

## အရှင်ကောဏ္ဍည၏ တေဒဂ်

၈၇၀-မေး။ ။ထိုအသီတိ သာဝကတို့တွင် အရှင်ကောဏ္ဍညကား အဘယ်အမည်ရှိသော အရာ၌ တေဒဂ်ရသနည်း။

၈၇၀-ဖြေ။ ။အရှင်ကောဏ္ဍညကား တပည့်သားတော်အဦးဖြစ်၍ တရားရစမှုသောနေ့ရက်ကို တပည့်သားတော်အများထက် အဦးအောက်မေ့တတ်သည်ဖြစ်၍ နေ့ညအခါကို အောက်မေ့နိုင်သောအရာ၌ တေဒဂ် ရ၏။

## အရှင်သာရိပုတြာ၏ တေဒဂ်

၈၇၁-မေး။ ။အရှင်သာရိပုတြာကား အဘယ်အရာ၌ တေဒဂ် ရသနည်း။

၈၇၁-ဖြေ။ ။ပညာကြီးရင့်သောအရာ၌ ရ၏။

## အရှင်မောဂ္ဂလာန်၏ တေဒဂ်

၈၇၂-မေး။ ။အရှင်မောဂ္ဂလာန်ကား အဘယ်အရာ၌ တေဒဂ် ရသနည်း။

၈၇၂-ဖြေ။ ။တန်းခိုးကြီးသောအရာ၌ တေဒဂ်ရ၏။

## အရှင်မဟာကဿပ၏ တေဒဂ်

၈၇၃-မေး။ ။အရှင်မဟာကဿပကား အဘယ်အရာ၌ တေဒဂ် ရသနည်း။

၈၇၃-ဖြေ။ ။ဓုတင် တဆဲ့သုံးပါးကို ဆောင်နိုင်သောအရာ၌ တေဒဂ်ရ၏။

## အရှင်အနုရုဒ္ဓါ၏ တေဒဂ်

၈၇၄-မေး။ ။အရှင်အနုရုဒ္ဓါကား အဘယ်အရာ၌ တေဒဂ် ရ သနည်း။

၈၇၄-ဖြေ။ ။နတ်မျက်စိအမြင်၌ တေဒဂ်ရ၏။

### အရှင်ဘဒ္ဒိယ၏ ဧတဒဂ်

၇၇၅-မေး။ ။အရှင်ဘဒ္ဒိယကား အဘယ်အရာ၌ ဧတဒဂ် ရသနည်း။

၇၇၅-ဖြေ။ ။အစဉ်မပြတ် အဖြစ်ငါးရာပတ်လုံး မင်းချည်း နှင်နှင် အဆက်ဆက်ဖြစ်၍ ယခုဘဝ၌လည်း သာကီဝင် မင်းမျိုး မဟာမာယာမိဖုရားကြီး မိဘုရား၏သားဖြစ်၍ အမျိုးမြတ်သောအရာ၌ ဧတဒဂ်ရ၏။

### အရှင်လကုဏ္ဍက ဘဒ္ဒိယ၏ ဧတဒဂ်

၇၇၆-မေး။ ။အရှင်လကုဏ္ဍကဘဒ္ဒိယကား အဘယ်အရာ၌ ဧတဒဂ် ရသနည်း။

၇၇၆-ဖြေ။ ။တရားဟောရာ အသံသာသောအရာ၌ ဧတဒဂ်ရ၏။

### အရှင်ပိဏ္ဍောလ၏ ဧတဒဂ်

၇၇၇-မေး။ ။အရှင်ပိဏ္ဍောလကား အဘယ်အရာ၌ ဧတဒဂ်ရသနည်း။

၇၇၇-ဖြေ။ ။လောကုတ္တရာတရားကို မေးလိုသောသူတို့ မေးလတ်ကုန်ဟု ကျောင်းတိုင်းလှည့်၍ ရဲရင့်စွာဆိုသောအရာ၌ ဧတဒဂ် ရ၏။

### အရှင်ပုဏ္ဏ၏ ဧတဒဂ်

၇၇၈-မေး။ ။အရှင်ကောဏ္ဍည၏တူ ပုဏ္ဏထေရ်ကား အဘယ်အရာ၌ ဧတဒဂ်ရသနည်း။

၇၇၈-ဖြေ။ ။အလိုနည်းခြင်းစသော ဒသကထာဝတ္ထု ဆယ်ပါး တရားတို့ကို သူမတူဟောတတ်သောအရာ၌ ဧတဒဂ် ရ၏။

### အရှင်မဟာကစ္စည်း၏ ဧတဒဂ်

၇၇၉-မေး။ ။အရှင်မဟာကစ္စည်းကား အဘယ်အရာ၌ ဧတဒဂ် ရသနည်း။

၇၇၉-ဖြေ။ ။ကစ္စည်းကျမ်း, မဓုပိဏ္ဍိကသုတ်, နေတ္တိပကြိုဏ်း ဤသုံးပါးကို အကြောင်းပြု၍ အကျဉ်းသောတရားကို အကျယ်ချဲ့၍ ဟောတတ်သော အရာ၌ ဧတဒဂ်ရ၏။

### အရှင်စူဠပန္ထက၏ တေဒဂ်

၁၁၀-မေး။ ။အရှင်စူဠပန္ထကကား အဘယ်အရာ၌ တေဒဂ် ရသနည်း။

၁၁၀-ဖြေ။ ။တန်းခိုးဖြင့် ကိုယ်တော်ကို များစွာ ဖန်ဆင်းတတ်သောအရာ၌ တေဒဂ်ရ၏။

### အရှင်သုဘူတိ၏ တေဒဂ်

၁၁၁-မေး။ ။အရှင်သုဘူတိကား အဘယ်အရာ၌ တေဒဂ်ရသနည်း။

၁၁၁-ဖြေ။ ။ဆွမ်းခံရာ အိမ်တိုင်းဈာန်ဝင်စား၍ ဆွမ်းလှူရသော ဒါယကာတို့ကို အကျိုးများစေသော ကျေးဇူးအရာ၌ တေဒဂ်ရ၏။

### အရှင်ရေဝတ၏ တေဒဂ်

၁၁၂-မေး။ ။အရှင်သာရိပုတြာညီတော် ရေဝတကား အဘယ်အရာ၌ တေဒဂ် ရသနည်း။

၁၁၂-ဖြေ။ ။ဘုရားသခင် ခံစားတော်မူသော ဈာန်ချမ်းသာကို ခံစားရခြင်း၌ လေ့ကျက်သောကြောင့် ဈာန်ဝင်စားသော ပုဂ္ဂိုလ်တို့တွင် ထူးမြတ်သော ဈာန်ကိုဝင်စားခြင်းအရာ၌ တေဒဂ်ရ၏။

### အရှင်ကောင္ခါကင်္ခါ၏ တေဒဂ်

၁၁၃-မေး။ ။အရှင်ကောင်္ခါကင်္ခါကား အဘယ်အရာ၌ တေဒဂ် ရသနည်း။

၁၁၃-ဖြေ။ ။ဝိပဿနာတို့ကို အားထုတ်သောအရာ၌တေဒဂ်ရ၏။

### အရှင်သောဏကောဠိဝိသ၏ တေဒဂ်

၁၁၄-မေး။ ။အရှင်သောဏကောဠိဝိသကား အဘယ်အရာ၌ တေဒဂ် ရသနည်း။

၁၁၄-ဖြေ။ ။မြတ်စွာဘုရား ဟောတော်မူသော အက္ခရာတလုံးကိုမျှ မချွတ်မယွင်းစေမူ၍ ဟောတော်မူသော အရာ၌ တေဒဂ်ရ၏။

### အရှင်သီဝလိ၏ တေဒဂ်

၁၁၅-မေး။ ။အရှင်သီဝလိကားအဘယ်အရာ၌ တေဒဂ်ရသနည်း။

၁၁၅-ဖြေ။ ။လာဘ်များသောအရာ၌ တေဒဂ်ရ၏။

အရှင်ဝက္ကလိ၏ တေဒဂ်

၈၈၆-မေး။ ။အရှင်ဝက္ကလိကား အဘယ်အရာ၌ တေဒဂ်ရသနည်း။

၈၈၆-ဖြေ။ ။ဘုရားသခင်အား သဒ္ဓါဖြတ်နိုးသောအရာ၌ တေဒဂ်ရ၏။

အရှင်ရာဟုလာ၏ တေဒဂ်

၈၈၇-မေး။ ။အရှင်ရာဟုလာကား အဘယ်အရာ၌ တေဒဂ်ရသနည်း။

၈၈၇-ဖြေ။ ။ဆိုဆုံးမလျှင်သည်းခံခြင်းမြဲသောအရာ၌ တေဒဂ်ရ၏။

အရှင်ရဋ္ဌပါလ၏ တေဒဂ်

၈၈၈-မေး။ ။အရှင်ဋ္ဌရပါလကားအဘယ်အရာ၌တေဒဂ်ရသနည်း။

၈၈၈-ဖြေ။ ။သဒ္ဓါယုံကြည်၍ ရဟန်းပြုသောအရာ၌ တေဒဂ်ရ၏။

အရှင်ပုဏ္ဏ၏ တေဒဂ်

၈၈၉-မေး။ ။အရှင်ပုဏ္ဏကား အဘယ်အရာ၌တေဒဂ်ရသနည်း။

၈၈၉-ဖြေ။ ။လယ်ကိုင်းကျောင်းတော်ရာသို့ ပြာသာဒ်စီး၍ကောင်းကင်ပြင်သို့ သွားတော်မူသည်တကြိမ်, သာကေတတိုင်းသို့ သွားတော်မူသည်တကြိမ် ဤနှစ်ကြိမ်၌ ကောင်းကင်ဖြင့်သွားသောအရာ၌ တေဒဂ်ရ၏။

အရှင်ဒဗ္ဗ၏ တေဒဂ်

၈၉၀-မေး။ ။အရှင်ဒဗ္ဗကား အဘယ်အရာ၌တေဒဂ်ရသနည်း။

၈၉၀-ဖြေ။ ။သယ်ာတို့အား အိပ်ရာ,နေရာခင်းသောအရာ၌ တေဒဂ်ရ၏။

အရှင်ပိလိန္ဒဝစ္ဆ၏ တေဒဂ်

၈၉၁-မေး။ ။အရှင်ပိလိန္ဒဝစ္ဆကား အဘယ်အရာ၌ တေဒဂ်ရသနည်း။

၈၉၁-ဖြေ။ ။နတ်တို့ချစ်နှစ်လိုသောအရာ၌ တေဒဂ်ရ၏။

အရှင်ဗာဟိယဒါရုစီရိယ၏ တေဒဂ်

၈၉၂-မေး။ ။အရှင်ဗာဟိယဒါရုစီရိယကား အဘယ်အရာ၌ တေဒဂ်ရသနည်း။

၇၉၂-ဖြေ။ ။မဂ်တရား, ဖိုလ်တရားကို သိလွယ်သောအရာ၌ဧတဒဂ်ရ၏။

**အရှင်ကုမာရကဿပ၏ ဧတဒဂ်**

၇၉၃-မေး။ ။အရှင်ကုမာရကဿပကား အဘယ်အရာ၌ ဧတဒဂ်ရသနည်း။

၇၉၃-ဖြေ။ ။အဆန်းတကြယ် တရားဟောတတ်သော အရာ၌ဧတဒဂ်ရ၏။

**အရှင်ကောဋ္ဌိက၏ ဧတဒဂ်**

၇၉၄-မေး။ ။အရှင်ကောဋ္ဌိကကား အဘယ်အရာ၌ ဧတဒဂ်ရသနည်း။

၇၉၄-ဖြေ။ ။ပဋိသမ္ဘိဒါလေးပါးကို လေ့ကျက်သောအရာ၌ ဧတဒဂ်ရ၏။

**အရှင်အာနန္ဒာ၏ဧတဒဂ်**

၇၉၅-မေး။ ။အရှင်အာနန္ဒာကား အဘယ်အရာ၌ ဧတဒဂ်ရသနည်း။

၇၉၅-ဖြေ။ ။(၁) အကြားအမြင်များသော အရာ၌ တကြိမ်။
(၂) မမေ့မလျော့ သတိအောက်မေ့နိုင်သောအရာ၌ တကြိမ်။
(၃) တနေရာတည်းတွင် တရား အများကိုအောက်မေ့နိုင်သောအရာ၌တကြိမ်။
(၄) လုံ့လကြီးသောအရာ၌တကြိမ်။
(၅) ဘုရားမြတ်စွာကို လုပ်ကျွေးသော ပုဂ္ဂိုလ်တို့တွင် အလွန်သိမ်မွေ့သော အရာ၌တကြိမ်။

ဤငါးကြိမ်ဧတဒဂ်ရ၏။

[အရှင်အာနန္ဒာကား– ဘဝါးရပ်စဉ်တွင် ပိဒ်ခြောက်သောင်း၊ ဂါထာတသောင်းငါးထောင်ကို ကျက်နိုင်၏၊ ကျက်ပြီးသည်တို့လည်း ကျောက်တွင်ရေးသကဲ့သို့ ရွှေခွက်တွင်ထည့်သော ခြင်္သေ့ဆီကဲ့သို့ ကောင်းစွာတည်၏။]

**အရှင်ဥရုဝေလကဿပ၏ဧတဒဂ်**

၇၉၆-မေး။ ။အရှင်ဥရုဝေလကဿပကား အဘယ်အရာ၌ ဧတဒဂ်ရသနည်း။

၇၉၆-ဖြေ။ ။အဓါခ်ပ်သိမ်း ရဟန်းတထောင်မကသော ပရိသတ်များသောအရာ၌ တေဒဂ်ရ၏။

အရှင်ကာဠုဒါယီ၏တေဒဂ်

၇၉၇-မေး။ ။အရှင်ကာဠုဒါယီကား အဘယ်အရာ၌ ဧတဒဂ်ရသနည်း။

၇၉၇-ဖြေ။ ။ဘုရားသခင်နှင့်မတွေ့မီက သုဒ္ဓေါဒနမင်းကြီး စသည်တို့ကိုကြည်ညိုစေသောအရာ၌ တေဒဂ်ရ၏။

အရှင်ဗာက္ကုလ၏တေဒဂ်

၇၉၈-မေး။ ။အရှင်ဗာက္ကုလကား အဘယ်အရာ၌ ဧတဒဂ်ရသနည်း။

၇၉၈-ဖြေ။ ။အနာမရှိသောအရာ၌ တေဒဂ်ရ၏။

အရှင်သောဘိတ၏တေဒဂ်

၇၉၉-မေး။ ။အရှင်သောဘိတကား အဘယ်အရာ၌ ဧတဒဂ်ရသနည်း။

၇၉၉-ဖြေ။ ။ရှေး၌ဖြစ်ခဲ့ဘူးသောအဖြစ်ကို အောက်မေ့နိုင်သောအရာ၌ တေဒဂ်ရ၏။

အရှင်ဥပါလိ၏တေဒဂ်

၉၀၀-မေး။ ။အရှင်ဥပါလိကား အဘယ်အရာ၌ တေဒဂ်ရသနည်း။

၉၀၀-ဖြေ။ ။ဝိနယဓရအရာ၌ တေဒဂ်ရ၏။

အရှင်နန္ဒက၏တေဒဂ်

၉၀၁-မေး။ ။အရှင်နန္ဒကကား အဘယ်အရာ၌ ဧတဒဂ်ရသနည်း။

၉၀၁-ဖြေ။ ။မိထွေးတော် ဂေါတမီစသော ရဟန်း မိန်းမငါးရာတို့ကို အကျွတ်တရားကိုရအောင် ဆုံးမနိုင်သော အရာ၌ ဧတဒဂ်ရ၏။

အရှင်နန္ဒ၏တေဒဂ်

၉၀၂-မေး။ ။အရှင်နန္ဒကား အဘယ်အရာ၌ တေဒဂ်ရသနည်း။

၉၀၂-ဖြေ။ ။ဣန္ဒြေခြောက်ပါးကို ဆုံးမနိုင်သောအရာ၌ တေဒဂ်ရ၏။

### အရှင်မဟာကပ္ပိန၏တေဒဂ်

၉၀၃-မေး။ ။အရှင်မဟာကပ္ပိနကား အဘယ်အရာ၌ ဧတဒဂ်ရသနည်း။

၉၀၃-ဖြေ။ ။ရဟန်းယောကျ်ားတို့ကို ဆုံးမနိုင်သော အရာ၌ ဧတဒဂ်ရ၏။

### အရှင်သာဂတ၏တေဒဂ်

၉၀၄-မေး။ ။အရှင်သာဂတကား အဘယ်အရာ၌ ဧတဒဂ်ရသနည်း။

၉၀၄-ဖြေ။ ။သဗ္ဗဒါဠိက မည်သောနဂါးကို တေဇောသမာပတ်ဝင်၍ ဆုံးမသောအရာ၌ ဧတဒဂ်ရ၏။

### အရှင်ရာဓ၏တေဒဂ်

၉၀၅-မေး။ ။အရှင်ရာဓကား အဘယ်အရာ၌ ဧတဒဂ်ရသနည်း။

၉၀၅-ဖြေ။ ။တရားဟောခြင်း၌ လိမ္မာသောအရာ၌ ဧတဒဂ်ရ၏။

### အရှင်မောဃရာဇ၏တေဒဂ်

၉၀၆-မေး။ ။အရှင်မောဃရာဇကား အဘယ်အရာ၌ ဧတဒဂ်ရသနည်း။

၉၀၆-ဖြေ။ ။ညစ်ညူးသောပရိက္ခရာ အသုံးအဆောင်ဖြင့် ရောင့်ရဲလွယ်သောအရာ၌ ဧတဒဂ်ရ၏။

### အရှင်အဿဂုတ္တ၏တေဒဂ်

၉၀၇-မေး။ ။အရှင်အဿဂုတ္တကား အဘယ်အရာ၌ ဧတဒဂ်ရသနည်း။

၉၀၇-ဖြေ။ ။မေတ္တာဈာန်ကိုစီးဖြန်းသောအရာ၌ ဧတဒဂ်ရ၏။

[ဧတဒဂ်ရသော ပုဂ္ဂိုလ်ပေါင်းလေးကျိပ်တပါး။]

### ဗုဒ္ဓအပြား ၄-ပါး

၉၀၈-မေး။ ။ဗုဒ္ဓကား အတိမျှအပြားရှိသနည်း။

၉၀၈-ဖြေ။ ။(၁) သုတဗုဒ္ဓ။ (၃) ပစ္စေကဗုဒ္ဓ။
(၂) စတုသစ္စဗုဒ္ဓ။ (၄) သဗ္ဗညုဗုဒ္ဓ။

ဟူ၍ လေးပါးပြား၏။

ထိုလေးပါးတို့တွင်—

(၁) စာပေကျမ်းဂန်တတ်လိမ္မာ၍ အကြားအမြင်နှင့် ပြည့်စုံသော သူကား သုတဗုဒ္ဓမည်၏။

(၂) ရဟန္တာအရှင်မြတ်တို့လည်း သစ္စာလေးပါးကို သိမြင်တော်မူ သောကြောင့် စတုသစ္စဗုဒ္ဓမည်၏။

(၃) ပစ္စေကဗုဒ္ဓါတို့လည်း မိမိအလိုလို သစ္စာလေးပါးတရားတို့ကို သိတော်မူနိုင်သောကြောင့် ပစ္စေကဗုဒ္ဓမည်၏။

(၄) ဘုရားသခင်သည် ခပ်သိမ်းသော ဉေယျဓံတရားတို့ကို အ ကြွင်းမရှိ သိတော်မူနိုင်သောကြောင့် သဗ္ဗညုဗုဒ္ဓမည်၏။

ဤကားဗုဒ္ဓလေးပါးတည်း၊ [အင်္ဂုတ္တိုရ် အဋ္ဌကထာ၌လာ၏။]

## ခြေတော်ရာ မထင်ခြင်း အကြောင်း

၉၀၉-မေး။ ။ဘုရား မြတ်စွာတို့၏ ခြေတော်ရာသည် အဘယ် ကြောင့် မထင်လေသနည်း။

၉၀၉-ဖြေ။ ။(၁) လဲ၀ါဗိုင်းထွေးတို့သည် နူးညံ့သိမ်မွေ့လှသော ကြောင့် ကျလေသော အရပ်တို့၌ အရာမထင်သကဲ့သို့ အသားအရေ ဟော် နူးညံ့သိမ်မွေ့လှသောကြောင့် ခြေတော်ရာမထင်သည်။

(၂) သိန္ဓောမြင်းတို့သည် အား အလွန်ရှိသောကြောင့် ပဒုမာကြာ ဘက်ထက်၌ နင်းသွားသော်လည်း နင်းကာမျှသာ အရာမထင်သကဲ့သို့ ခွန်အားတော်ကြီးသောကြောင့် နင်းတော်မူသော်လည်း နင်းကာမျှသာ ရှိ၍ ခြေတော်ရာမထင်သည်။

(၃) ထိုထိုသောအရပ်သို့ ကြွတော်မူတိုင်း ခြေရာတော်ထင်ခဲ့သော် အစဉ်အတိုင်း သွားကြကုန်သော လူများတို့သည် ထိုထိုအရပ်တို့၌ ခြေတော်ရာကို မြင်ကုန်သော် နင်းအံ့သောငှါ မဝံ့၍ ခရီးပြတ်ရာသော ကြောင့်မူလည်း နင်းတော်မူသော ခြေတော်ရာမထင်သည်။

ဤအကြောင်းသုံးပါးကြောင့် ခြေတော်ရာမထင်သတည်း၊ [အင်္ဂုတ္တိုရ် အဋ္ဌကထာ၌လာ၏။]

## ဘုရားရှင်၏ အံ့ဘွယ် ၁၈-ပါး

၉၁၀-မေး။ ။ဘုရားသခင်တို့၏ အံ့ဘွယ် တဆယ့်ရှစ်ပါး ကား အဘယ်နည်း။

၉၁၀-မေး။ ။(၁) ဆံတော်လည်းမတိုမရှည်ရှိ၍ အသစ်မဖြတ် ပြန်ရသည်တပါး။

(၂) သက်နှံးတော်မညစ် မဆိုးမဖွပ်ရသည်တပါး။

(၃) ပရိက္ခရာရှစ်ပါးနှင့် ကိုယ်တော် မထိသည်လည်းတပါး။

(၄) အလိုတော်ရှိလျှင် ပကတိ သပိတ်တော်သည် လက်တော်သို့ ဖြန်းဖြန်းပုံတက်သည်တပါး။

(၅) လက်တော်ဆေးလျှင် သပိတ်စင်သည်, သပိတ်တော်ဆေးလျှင် လက်တော်စင်သည်လည်း တပါး။

(၆) မုန်ညင်းသီးခွံရှိသော တိုက်၌ ကိုယ်တော် ဝင်လောက်သည် လည်းတပါး။

(၇) အရပ်ဆယ်မျက်နှာတို့သို့ ရောင်ခြည်တော် ခြောက်ပါးတို့သည် အတိုင်းအရှည်မရှိ ပြေးလေသည်လည်း တပါး။

(၈) ကိုယ်တော်စားဖြစ်သော နိမ္မိတဘုရားကို အသိန်း အသန်း ဘန်ဆင်းနိုင်သည်လည်း တပါး။

(၉) ဇာတိခေတ်, အာဏာခေတ်, ဝိသယခေတ် ဟူသော ခေတ်သုံး ပါးလုံးကို မိုက်စေ,လင်းစေနိုင်သည်၊ ကိုယ်တော်ကို မြင်စေနိုင်သည်၊ တရားတော်အသံ ကြားစေနိုင်သည် တပါး။

(၁၀) အဝီစိကသည် ခေတ်သုံးပါးလုံး၌ လူ,နတ်တို့ကို အချင်းချင်း မြင်ကြစေနိုင်သည် တပါး။

(၁၁) ဘွားတော်မူသောအခါ စကြဝဠာတသောင်းလုံး မြေကြီး တုန်လှုပ်ခြင်း တပါး။

(၁၂) ရောင်တော်လွှတ်ခြင်းစသော သုံးဆဲ့နှစ်ပါးသော နိမိတ် ထင်သည်လည်း တပါး။

(၁၃) ရတနာစင်္ကြံမှသည် မြင်းမိုရ်တောင်ထိပ်သို့ ခြေတော်နှစ် လှမ်းဖြင့်သာသွားတော်မူနိုင်သည်လည်း တပါး။

(၁၄) မြေ၌ကြွတော်မူသော်လည်း ဘဝါးတော် အရာမထင်သည် လည်း တပါး။

(၁၅) ခပ်သိမ်းသော သတ္တဝါတို့၏ အလိုကိုသိတတ်သော အာ သယာနုသယဉာဏ်တော်၊ နက်ဖြန် ကျွတ်မည်, ဘိန်း နှံ့ကျွတ်မည်ကို သိတတ်သော ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တော်ရှိသည်လည်း တပါး။

(၁၆) ချက်တော်မှသည် အထက်ကိုယ်တော်ရှေ့ ရေထွက်သည်၊ အောက်ကိုယ်တော်မှ မီးထွက်သည်၊ လက်နှစ်ဘက်, မျက်စိတော်နှစ်ဘက်, နှာခေါင်းတော်နှစ်ဘက်, မွေးတော် ဤသို့သော ကိုယ်တော်အရပ်မှ ရေ, မီးကိုဖြစ်စေတတ်သော ယမိုက်ပြာဋိဟာ တန်းခိုးတော်နှင့် ပြည့်စုံသည်လည်း တပါး။

(၁၇) အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟူသော ကာလသုံးပါး၌ ဖြစ်သော တရားတို့ကို အလိုတော်ရှိတိုင်း အကြွင်းမဲ့သိသော အနာဝရဏ ဉာဏ်တော်ရှိသည်လည်း တပါး။

(၁၈) သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်,ပညတ်ဟူသော ဧယျဓံတရားငါးပါးတို့ကို အကြွင်းမဲ့အလိုတော်ရှိတိုင်း သိစွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော် ရှိသည်လည်း တပါး။

ဤသည်လျှင် ဘုရားမြတ်စွာတို့၌ အံ့ဘွယ် တဆယ့်ရှစ်ပါးတည်း။

## ဘုရားသခင်တို့၌ အန္တရာယ်မပြုနိုင်သည် ၄-ပါး

၉၁၁-မေး။ ။ဘုရားသခင်တို့၌ အန္တရာယ်မပြုနိုင်သည် လေးပါးကား အဘယ်နည်း။

၉၁၁-ဖြေ။ ။(၁) ဘုရားသခင်တို့အား ရည်၍ ဆောင်ခဲ့သော ပစ္စည်းလေးပါးတို့ကို တစုံတယောက်သော သူသည် အန္တရာယ်ပြုအံ့သောငှါမတတ်နိုင်သည်လည်း တပါး။

(၂) ဇီဝိတိန္ဒြေတော်ကို အန္တရာယ်မပြုနိုင်သည်တပါး။

(၃) ဉာဏ်တော်ကို အန္တရာယ်မပြုနိုင်သည် တပါး။

(၄) သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်ကြီး,ရှစ်ဆယ်သောလက္ခဏာတော်ငယ် အရောင်အဝါတော်ကိုလည်း တစုံတယောက်သောသူမျှ အန္တရာယ်ပြုအံ့သောငှါ မတတ်နိုင်သည်တပါး။

ဤသည်လျှင် ဘုရားရှင်တို့၌ အန္တရာယ်မပြုနိုင်သည် လေးပါးတည်း။

## ဘုရားသခင်တို့မစွန့်ရာသည် ၄-ပါး

၉၁၂-မေး။ ။ခပ်သိမ်းသောဘုရားသခင်တို့၏မစွန့်ရာ မြဲသော အရပ်လေးပါးကား အဘယ်နည်း။

၉၁၂ ဖြေ။ ။(၁) ဗောဓိပင်တော်အရာမြ၏။

(၂) ဓမ္မစကြာတရား‌ကို ဟောတော်မူရာ ဣသိပတန မိဂဒါဝုန် သမင်တော၌ မြ၏။

(၃) တာဝတိံသာမှ သက်တော်မူလတ်သော် သင်္ကဿနဂိုရ်ပြည်၌ ရှေးဦးစွာ ခြေတော်ရာချသည် မြ၏။

(၄) ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိတိုက်၌ လေးချောင်းသော ညောင်စောင်းခြေတို့၏ အရာလည်း မြ၏။

ဤကား ဘုရားတကာတို့၏ မစွန့်သောအရာ မြဲသောအရပ်လေးပါး တည်း။

[ကျောင်းတော်ကား အကြီး,အငယ်ရှိ၏ဟုမှတ်။]

## ပုထုဇဉ်တို့ ရှင်သောစိတ်

၉၁၃-မေး။ ။ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် အဘယ်စိတ်ဖြင့် ရှင်ကုန် သနည်း။

၉၁၃-ဖြေ။ ။လောဘမူ သောမနဿ သဟဂုတ်စိတ် လေးခု, မဟာကုသိုလ် သောမနဿ သဟဂုတ်စိတ် လေးခု။

ဤစိတ်ရှစ်ခုတို့ဖြင့် ပုထုဇဉ်တို့ ရှင်ကုန်၏။

## သောတာပန်,သကဒါဂါမ်,အနာဂါမ်တို့ ရှင်သောစိတ်

၉၁၄-မေး။ ။သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့သည် အ ဘယ်စိတ်ဖြင့် ရှင်ကုန်သနည်း။

၉၁၄-ဖြေ။ ။လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ် သောမနဿ သဟဂုတ် စိတ် နှစ်ခု,မဟာကုသိုလ် သောမနဿ သဟဂုတ်စိတ်လေးခု။

ဤခြောက်ခုသောစိတ်တို့ဖြင့် ရှင်ကုန်၏။

## ရဟန္တာတို့ ရှင်သောစိတ်

၉၁၅-မေး။ ။ရဟန္တာ ပုဂ္ဂိုလ်တို့သည် အဘယ်စိတ်ဖြင့် ရှင်ကုန် သနည်း။

၉၁၅-ဖြေ။ ။ဟသိတုပ္ပါဒ်, မဟာကြိယာ သောမနဿ သဟဂုတ် စိတ် လေးခု။

ဤငါးခုသောစိတ်တို့ဖြင့် ရှင်ကုန်၏။

## ဘုရားသခင်တို့ ရှင်သောစိတ်

၉၁၆-မေး။ ။ဘုရားမြတ်စွာတို့ကား အဘယ်စိတ်ဖြင့် ရှင်တော်မူသနည်း။

၉၁၆-ဖြေ။ ။မဟာကြိယာဉာဏသမ္ပယုတ် သောမနဿ သဟဂုတ်စိတ်နှစ်ခုတို့ဖြင့် ရှင်တော်မူကုန်၏၊ ဟနည်းလည်း ဟသိတုပ္ပါဒ် စိတ်ဖြင့်လည်း ရှင်တော်မူကုန်၏—ဟူသတည်း။

## လူတို့စားသော အစာ ၅-စု

၉၁၇-မေး။ ။လူတို့စားလေသောအစာကား ဝမ်း၌ အဘယ်သို့ဖြစ်လေသနည်း။

၉၁၇-ဖြေ။ ။လူတို့စားလေသော အစာကား ငါးဘို့စု၍—

(၁) တစု ပိုးစားကုန်၏။

(၂) တစုကား ဝမ်းမီးချက်၏။

(၃) တစုကား ကျင်ငယ်ဖြစ်၏။

(၄) တစုကား ကျင်ကြီးဖြစ်၏။

(၅) တစုကား အသားအသွေးဖြစ်၏။

## ခင်ပွန်းယုတ် ၁၆-ယောက်

၉၁၈-မေး။ ။ခင်ပွန်းယုတ် တကျိပ်ခြောက်ယောက်ကား အဘယ်နည်း။

၉၁၈-ဖြေ။ ။(၁) မိမိအကျိုးငဲ့သည့် ခင်ပွန်းလေးယောက်။

(၂) နှုတ်ဖြင့်သာဖြည့်သည့် ခင်ပွန်းလေးယောက်။

(၃) ချစ်ယောင်ဆောင်သည့်ခင်ပွန်းလေးယောက်။

(၄) အပျက်အစီး ရှာသည့် ခင်ပွန်းလေးယောက်။

ဤသည်လျှင် တကျိပ်ခြောက်ယောက်သော ခင်ပွန်းယုတ်တည်း။

## မိမိအကျိုးငဲ့သော ခင်ပွန်းယုတ် ၄-ယောက်

၉၁၉-မေး။ ။မိမိအကျိုးကိုသာ ငဲ့သော ခင်ပွန်းယုတ်လေးယောက်ကား အဘယ်နည်း။

၉၁၉-ဖြေ။ ။(၁) လက်ချည်းလာ၍ တစိုးတစိ ခင်ပွန်းဥစ္စာကို သာရအောင် ယူတတ်,တောင်းတတ်သော ခင်ပွန်းတယောက်။

(၂) အနည်းငယ်ပါ၍ အများဥစ္စာကို ယူလေသော ခင်ပွန်း တယောက်။

(၃) ဘေးရှိမှ လွတ်ရုံမျှ လုပ်ဆောင်လာသော ခင်ပွန်းတယောက်။

(၄) အကျိုးခံရရုံ မျှလာသော ခင်ပွန်းတယောက်။

ဤကား မိမိအကျိုးကိုသာငဲ့သော ခင်ပွန်းယုတ် လေးယောက်တည်း။

## နှုတ်ဖြင့်ဖြည့်သော ခင်ပွန်းယုတ် ၄-ယောက်

၉၂၀-မေး။ ။နှုတ်ဖြင့်သာဖြည့်သော ခင်ပွန်း လေးယောက်ကား အဘယ်နည်း။

၉၂၀-ဖြေ။ ။(၁) ငါ၏ အဆွေခင်ပွန်းလာသော် ပေးအံ့သည်ဟူ၍ ယမန်ကမြော်လင့်သည်၊ ယခုကုန်ခဲ့ပြီဟူ၍ နှုတ်ဖြင့်သာ ဖြည့်တင်းသော ခင်ပွန်းတယောက်။

(၂) ယခုမရှိသေး၊ နောင်မှရစိမ့်မည်ဟူ၍ နှုတ်မျှသာ ဆိုသော ခင်ပွန်းယုတ်လည်း တယောက်။

(၃) ဆင်, မြင်း,သံလျင်း,ထမ်းစင်စီး၍ လာလတ်သော် မစီးသာဘဲ လျက် စီးလှည့်ခေါ်၏၊ ဝတ်စားတန်ဆာ ဆင်ယင်လျက် လာလတ်သော် ဤအဝတ်တန်ဆာသည် ခင်ပွန်းနှင့်သာတန်သည်၊ ငါ့မှာ အလဲအလှယ် မရှိသေးဟု ဆိုသော ခင်ပွန်းယုတ်လည်း တယောက်။

၄။ လှည်း,နွား,ကျွဲ,ဝတ်စားတန်ဆာ ၄ါးပါသော် ဝင်ရိုးနားပန်းပျက်ခဲ့သည်၊ နွား,ကျွဲ ခြေလက်နာခဲ့သည်၊ဝတ်စားတန်ဆာ ညှိုးနွမ်းခဲ့သည်ဟူ၍ မငှါးလိုက်သော ခင်ပွန်းယုတ်လည်း တယောက်။

ဤကား-နှုတ်ဖြင့်သာ ဖြည့်တင်းသော ခင်ပွန်းလေးယောက်တည်း။

## ချစ်ယောင်ဆောင်သော ခင်ပွန်း ၄ ယောက်

၉၂၁-မေး။ ။ချစ်ယောင်ဆောင်သော ခင်ပွန်း လေးယောက်ကား-အဘယ်နည်း။

၉၂၁-ဖြေ။ ။(၁) မကောင်းမှုကိုသာ တိုက်တွန်း နှိုးဆော်သော ခင်ပွန်းယုတ်တယောက်။

(၂) ကုသိုလ်ကောင်းမှုကို အားမထုတ်စေ၊ မေ့လျော့စေသည့် ခင်ပွန်းယုတ်တယောက်။

(၃) မျက်မှောက်၌သာ ချီးမွမ်းသော ခင်ပွန်းယုတ် လည်း တယောက်။
(၄) မျက်ကွယ်၌ ကဲ့ရဲ့တတ်သော ခင်ပွန်းယုတ် လည်း တယောက်။

ဤကား-ချစ်ယောင်ဆောင်သော ခင်ပွန်းယုတ် လေးယောက်တည်း။

**အပျက်အစီးကို ရှာသော ခင်ပွန်းယုတ် ၄-ယောက်**

၉၂၂-မေး။ ။အပျက်အစီးရှာသော ခင်ပွန်းယုတ် လေးယောက် ကား-အဘယ်နည်း။

၉၂၂-ဖြေ။ ။(၁) သေသောက်၍ မေ့လျော့မှု၌ အဘော်ပြုတတ် သူလည်း တယောက်။
(၂) အခါမဲ့ညဉ့်နက်သန်းခေါင်သွားမှု၌ အဘော် ပြုတတ်သူလည်း တယောက်။
(၃) ပွဲသဘင်ကြည့်မှု၌ အဘော် ပြုတတ်သူလည်း တယောက်။
(၄) ကြွေအန် ကစားကြူးမှု၌ အဘော်ပြုတတ်သူ လည်း တယောက်။

ဤကား-အပျက်အစီးရှာသော ခင်ပွန်းယုတ် လေးယောက်တည်း။

[ဤတကျိပ် ခြောက်ယောက်သော ခင်ပွန်းကား- ခင်ပွန်းယုတ် နှင့်နှင်တည်း၊ ဘုရားမြတ်စွာလည်း ဤတကျိပ်ခြောက်ယောက်သော ခင်ပွန်းယုတ်ကဲ့သို့ အကျိုးစီးပွါးကို ဖျက်သောသူမည်သည် မရှိဟု ဟောတော်မူ၍၊ထို့ကြောင့် ဤတကျိပ်ခြောက်ယောက်သောခင်ပွန်း တို့ကို စူးစမ်းဆင်ခြင်၍ ရှောင်ကြဉ်ကုန်ရာသတည်း။

သူမကောင်းတို့အရာကား- ကောင်းကင်သဘွယ် ကျယ်၏၊ ရှောင်ကြဉ် ခွါနိုင်ခဲစွ၊ဆူးငြောင့်အတိရှိသော မြေပြင်ကို ဖုံးလွှမ်းနိုင်ခဲစွ၊ ခြေဘဝါးကို သာဖုံးလွှမ်းသည်မှု၍ ဘိနပ်ခြေနင်းစီးရကလျှင် ဆူးအတိရှိသော မြေပြင်ကို ဖုံးလွှမ်းနိုင်သည်မည်၏၊ရှောင်ခွါနိုင်ခဲသော သူမကောင်းတို့၏ အပြစ်ကိုသည်း အမျက်မရှိသဖြင့် တပါးတည်းဖြင့်သာလျှင် ရှောင်နိုင်ရာ၏။

မိး၌ သစ်စေ့ကိုစိုက်၍မရောက်၊ သူမကောင်းတို့ကိုလည်း ကျေးဇူးပြု၍ ကျေးဇူးတုံ့မရောက်၊ ပျောက်လေသလျှင်ကတည်း၊ ထိုသို့ပျောက်ပျက်လေ သော်လည်း ကျေးဇူးပျောက်အံ့သည်ကို မငဲ့မှု၍ သဂြိုဟ်တန်သရွေ့ သဂြိုဟ် အပ်၏။]

## အဆွေခင်ပွန်းကောင်း ၁၆-ယောက်

၉၂၃-မေး။ ။ထိုသို့ ရေတွက်အပ်ခဲ့ပြီးသော ခင်ပွန်းယုတ်တကျိပ်ခြောက်ယောက်မှ တပါး အဆွေ ခင်ပွန်းကောင်း တကျိပ်ခြောက်ယောက်ကား-အဘယ်နည်း။

၉၂၃-ဖြေ။ ။(၁) ကျေးဇူးပြုပေသော ခင်ပွန်းလေးယောက်။
(၂) ဆင်းရဲ,ချမ်းသာ အဘော်ရပေသော ခင်ပွန်းလေးယောက်။
(၃) အကျိုးစီးပွါးကို ကြားပေတတ်သော ခင်ပွန်းလေးယောက်။
(၄) ချစ်နှစ်လိုပေသော ခင်ပွန်းလေးယောက်။

ဤသည်လျှင် ခင်ပွန်းကောင်း တကျိပ်ခြောက်ယောက်တည်း။

## ကျေးဇူးပြုပေသော ခင်ပွန်း ၄-ယောက်

၉၂၄-မေး။ ။ကျေးဇူး ပြုပေသော ခင်ပွန်း လေးယောက်ကား–အဘယ်နည်း။

၉၂၄-ဖြေ။ ။(၁) အိပ်ပျော်နေသည့် ကိုယ့်သားကို မိဘတို့စောင့်သကဲ့သို့ စောင့်မပေသော အဆွေခင်ပွန်းတယောက်။
(၂) ဟင်းလင်းပက်လက်ရှိသော ဥစ္စာကို မိမိဥစ္စာပစ္စည်းရင်းကဲ့သို့ သိမ်းမြန်း စောင့်ရှောက်ပေသော အဆွေခင်ပွန်းတယောက်။
(၃) ဘေးဥပဒ်ရှိသောအခါ ကြိပ်ကြိပ် တင်းတင်းအာမခံ၍ ဘေးဥပဒ်မှ လွတ်မြောက်အောင်ဆောင်ရွက်ပေသော ကိုးကွယ်ရာ ဖြစ်သောခင်ပွန်းလည်းတယောက်။
(၄) ကျသေးကျပေါက် ရှိသောအခါ ကုန်ကျစရာမရှိ၍လာမူကား-အားနာသောကြောင့် တကျပ်မျှသာ တောင်းသည်ကို တကျပ်တည်းနှင့်သာ

မလောက်လေ၍ လောက်အောင်တိုး၍ ပေးလိုက်၏၊ ဤသို့ နှစ်လိုကုံလုံအောင် ပေးလိုက်သော ခင်ပွန်းလည်း တယောက်။

ဤကား-ကျေးဇူးပြုပေသော ခင်ပွန်း လေးယောက်တည်း။

**အဘော်ရသော ခင်ပွန်း ၄-ယောက်**

**၉၂၅-မေး။** ။ဆင်းရဲ,ချမ်းသာ အဘော်ရသောခင်ပွန်းလေးယောက်ဟူသည်ကား-အဘယ်နည်း။

**၉၂၅ဖြေ။** ။(၁) သူမကြားကောင်းသောစကား အလျှို့အဝှက်ကို ကြားပေလာသော ခင်ပွန်းလည်း တယောက်။

(၂) မိမိအဆွေခင်ပွန်း၏လျှို့ဝှက်သော စကားကို သူခပ်သိမ်းတို့ မကြားစေရဘဲ ဆို့ပိတ်ပေသော ခင်ပွန်းလည်း တယောက်။

(၃) အပျက်အစီး ဘေးဥပဒ္ဒဝေါ ရှိသောအခါ မပစ်မပယ်ပြုသော ခင်ပွန်းလည်း တယောက်။

(၄) သေလောက်ပျောက်လောက်သော အမှုဖြစ်သော်လည်း မိမိအမှုကဲ့သို့အရေးအတွက်မမှု၊အဘော်ရပေသောခင်ပွန်းလည်းတယောက်။

ဤကား ဆင်းရဲ,ချမ်းသာအဘော်ရသော ခင်ပွန်းလေးယောက်တည်း။

**အကျိုးစီးပွါး ကြားပေတတ်သော ခင်ပွန်း ၄-ယောက်**

**၉၂၆-မေး။** ။အကျိုးစီးပွါးကို ကြားပေတတ်သော ခင်ပွန်းလေးယောက်ကား အဘယ်နည်း။

**၉၂၆-ဖြေ။** ။(၁) မကောင်းမှုကို မြစ်တားပေတတ်သောခင်ပွန်း တယောက်။

(၂) ကုသိုလ်ကောင်းမှု၌ မမေ့မကျန် နှိုးဆော်၍ အလှူသီတင်း၌ ဆောက်တည်စေသော ခင်ပွန်းလည်း တယောက်။

(၃) မကြားကောင်းသော အသိမ်အမွေ့စကားကို ကြားနာစေသော ခင်ပွန်းလည်း တယောက်။

(၄) ကုသိုလ်ကောင်းမှု၏ အကျိုးအကြောင်းကို ညွှန်ကြားပေတတ်သော ခင်ပွန်းလည်း တယောက်။

ဤကား အကျိုးစီးပွားကို ကြားပေတတ်သော ခင်ပွန်းလေးယောက်တည်း။

## နှစ်လို့ဘွယ်သော ခင်ပွန်း ၄-ယောက်

၉၂၇-မေး။ ။ချစ်နှစ်လို့ဘွယ်သော အဆွေခင်ပွန်း လေးယောက်ကား အဘယ်နည်း။

၉၂၇-ဖြေ။ ။(၁) အဆွေခင်ပွန်းအား ဥစ္စာပစ္စည်း ပျက်စီးလျှင် နှလုံးဝမ်း မသာမယာသော ခင်ပွန်းတယောက်။

(၂) ခင်ပွန်းအား စီးပွားချမ်းသာ ဖြစ်သောအခါ အထူးသဖြင့် အားရနှစ်သက်သော ခင်ပွန်းတယောက်။

(၃) ကဲ့ရဲ့ပြစ်တင်စကားဖြင့် သူဆိုသောအခါ ကိုယ်စားပြု၍ ကန့်ကွက် ပြောဆိုတတ်သော ခင်ပွန်းလည်း တယောက်။

(၄) သူခပ်သိမ်းတည်း ခင်ပွန်းအား ချီးမွမ်းစကား ဆိုလတ်ငြားမူကား ထိုသူကို နှစ်သက်အားရ ကောင်းချီး ပေးတတ်သော ခင်ပွန်း တယောက်။

ဤကား ချစ်နှစ်လို့ဘွယ်သော ခင်ပွန်း လေးယောက်တည်း၊ ဤကား တကျိပ်ခြောက်ယောက်သော အဆွေခင်ပွန်းကောင်းလျှင်တည်း။

[ဤတကျိပ်ခြောက်ယောက်သော အဆွေခင်ပွန်း ကောင်းတို့၏ အကြောင်းကို လက္ခဏာသုံးပါးအားဖြင့် အကျဉ်းရုံး၍ ဟောတော်မူသည်ကား မျက်မှောက်,မျက်ကွယ် ကိုယ်ဖြင့်ပြုသောအမှုလည်း ချစ်မှု ခင်မှုသာပြု၏၊ မျက်မှောက်,မျက်ကွယ် နှုတ်ဖြင့်ဆိုသော စကားလည်း ချစ်မှုခင်မှုသာဆို၏၊ မျက်မှောက်,မျက်ကွယ် နှလုံး အကြံသည်လည်း အကျိုးစီးပွါးကိုသာ ကြံ၏၊ ဤသုံးပါးကား ခင်ပွန်းကောင်း တို့၏ လက္ခဏာတည်း၊ ဤသို့စကားထူးကိုလည်း မှတ်အပ်၏။]

## တပည့်တို့ ကျင့်ရာသော ဝတ် ၅-ပါး

၉၂၈-မေး။ ။တပည့်သားတို့သည် ဆရာဥပဇ္ဈာယ်တို့အား ကျင့်ရာသော အကျင့်ငါးပါးကား အဘယ်နည်း။

၉၂၈-ဖြေ။ ။(၁) ဆရာလာလတ်သည်ကို မြင်သော် ခရီးဦးကြို ဆိုလင့်ခြင်း။

(၂) အတတ်ပညာကို ရှေ့ဝယ်နေ၍ သင်မှတ်ပြုခြင်း။

(၃) တနေ့သုံးကြိမ် ခစားခြင်း။

(၄) ဆရာဆိုသောစကားကို ကြည်ညိုစွာမှတ်ခြင်း။
(၅) ည,နံနက် ဝတ်ကြီး,ဝတ်ငယ် လုပ်ကျွေးတမူ ပြုခြင်း။

ဤသည်လျှင် တပည့်သားတို့ ကျင့်ဝတ်ငါးပါးတည်း။

## ဆရာတို့ ကျင့်ရသော ဝတ် ၅-ပါး

၆၂၉-မေး။ ။တပည့်တို့အား ဆရာတို့ ကျင့်ရသော ဝတ်ငါးပါး ကား အဘယ်နည်း။

၆၂၉-ဖြေ။ ။(၁) ထိုင်နေစားမှုသောက်ရာ အဘော်သဟဲတို့၌ ယှုအပ်သည်- ကြဉ်အပ်သည်ကိုဂုဏ်း, အရှိ အသေ အလေ့ကို မှတ်စိမ့်သော၄ါဂုဏ်း ဆုံးမ သည်။
(၂) သင်သော စာပေ ကျမ်းဂန်တို့၏ အနက် အဓိပ္ပါယ်ကို သိအောင် ဥပဒေကျကျ ပြသ၍ မှတ်သားစေသည်။
(၃) အထူးထူးသော အယူ ဝါဒကို အလို အ လျောက် နည်းနာရှိသရွေ့ သိမြင်သော အ တိုင်း ဆိုစေသည်။
(၄) တပည့်သားတို့၏ဘုန်းကံကျေးဇူးအလျောက် အဆွေခင်ပွန်းတို့၏မျက်မှောက်၌ ချီးမြှောက် ၍ အမှတ်အသား ဖြစ်စေသည်။
(၅) အဝေးအနီး ရှိလေရာရာ တပည့်သားတို့ ကို ချီးပင့်၍ တပည့်သားတို့၏ ကိုးကွယ်ရာ ဖြစ်စေသည်။

ဤသည်လျှင် တပည့်သားတို့၌ ဆရာတို့ ကျင့်ဝတ်ငါးပါးတည်း။

## ခင်ပွန်းတို့ ကျင့်ရသော ဝတ် ၅-ပါး

၆၃၀-မေး။ ။အဆွေခင်ပွန်းတို့အား ကျင့်ရသော အကျင့် ငါး ပါးကား အဘယ်နည်း။

၆၃၀-ဖြေ။ ။(၁) ပစ္စည်း ပေးကမ်းခြင်း။
(၂) ချစ်ဘွယ်သောစကားကို ဆိုခြင်း။

(၃) စီးပွားဖြစ်သည်ကို ဆိုခြင်း။
(၄) မြတ်နိုးတနာ အနေအထားကို စီရင်ခြင်း။
(၅) ဆိုသင့်သောစကားကို မချွတ်မယွင်း ဆိုခြင်း။

ဤသည်လျှင် အဆွေခင်ပွန်းတို့အား ကျင့်ရသော အကျင့်ငါးပါးတည်း။

## ဒါယကာတို့ ကျင့်ရသော ဝတ် ၅-ပါး

၉၃၁-မေး။ ။ရဟန်း,ရသေ့,ပုဏ္ဏား အလှူခံတို့၌ အလှူပေးဒါယကာတို့ ကျင့်ဝတ်ငါးပါးကား အဘယ်နည်း။

၉၃၁-ဖြေ။ ။(၁) ကိုယ်,စိတ်ကို နှလုံးဖြင့် ချစ်နှစ်လိုစွာ ကျင့်သည်။
(၂) နှလုံးဖြင့်ကျင့်၍ မေတ္တာစိတ်ဖြင့် ဖြစ်သည်။
(၃) အပ်သောပစ္စည်းလေးပါးကို ဆိုတော်မူပါဟု ခွင့်ပြုသည်။
(၄) ပစ္စည်းအာမိသဖြင့် ကိုလုံစေသည်။

ဤသည်လျှင် အလှူဒါယကာတို့၏ ကျင့်ဝတ်တရား ငါးပါးတည်း။

## ရဟန်းတို့ ကျင့်ရသော ဝတ် ၆-ပါး

၉၃၂-မေး။ ။အလှူပေးဒါယကာတို့အား ရဟန်းပုဏ္ဏားတို့ ကျင့်ဝတ်ခြောက်ပါးကား အဘယ်နည်း။

၉၃၂-ဖြေ။ ။(၁) မကောင်းသောအမှုအကျင့်, ပစ္စုပ္ပန်စီးပွား, သံသရာစီးပွား ယုတ်အံ့သောအကျင့်ကို မြစ်တားသည်။
(၂) ကုသိုလ်ကောင်းမှုဖြစ်အံ့သည်ကို အကြောင်း၌ နှလုံးသွင်းစေသည်။
(၃) ကုသိုလ်ဖြစ်စေလိုသဖြင့် တပါးသော အလှူခံကို ဒါယကာတို့၏အိမ်သို့ဆောင်၍ လှူဒါန်း လုပ်ကျွေးဟူ၍ ဆိုခြင်း။
(၄) မကြားဘူးသော တရားတော်ကို ကြားနာစေသည်။

(၅) ကြားနာ ပြီးသော တရားတော်၏ အနက် အဓိပ္ပါယ်ကို ယုံမှားမရှိ၊ နှစ်သက်စေသည်။
(၆) လူ့ချမ်းသာ, နတ်ချမ်းသာကို ရအံ့သော အကြောင်းတရားကို ယုံကြည်စွာ မှတ်သားစေသဖြင့် ဆောက်တည်စေသည် ကျင့်စေသည်။
ဤကား အလှူခံရဟန်းပုဏ္ဏားတို့၏ ကျင့်ဝတ်တရားခြောက်ပါးတည်း။

## မိန်းမတို့၏ သဘော ၃-ပါး

၉၃၃-မေး။ ။မိန်းမတို့၏သဘောကား အဘယ်နည်း။

၉၃၃-ဖြေ။ ။(၁) နံနက်အခါ ဝန်တိုတတ်၏။
(၂) နေ့အခါ အမျက်ကြီးတတ်၏။
(၃) ညအခါ ချစ်ခင်လေးမြတ်တတ်၏။
ထို့ကြောင့် မိန်းမတို့ကား တနေ့အတွင်သုံးပါးပြားသတည်း။

[လူမှု,အိမ်ထောင်မှုကို လုပ်ဆောင်ကြီစည်သော အမျိုးသားတို့သည် ပျားပိတုန်း,ခြပုန်းတောင်ပို့တို့ပုံကို နှလုံးသွင်း၍ မရှိသေး မရသေးသောဥစ္စာတို့ကို ရှိအောင်ရအောင်ဆည်းပူးရာ၏၊ဤသို့သော စကားအထူးကိုလည်းမှတ်အပ်၏။]

## ကိန္နရာတို့စကားမဆိုသော အကြောင်း ၂-ပါး

၉၃၄-မေး။ ။ကိန္နရာတို့ကား လူတို့ဘာသာစကားကို ဆိုတတ်လျက်ပင် မဆိုသည်ကား အကြောင်းနှစ်ပါးကို နှလုံးသွင်း၍မဆိုနေသည်ဟူရာ၏ အကြောင်း နှစ်ပါးကားအဘယ်နည်း။

၉၃၄-ဖြေ။ ။(၁) လူတို့စကားကို ငါဆိုချေမူကား မဟုတ်သည်ကိုမူလည်းဆိုမိတတ်၏။
(၂) မဟုတ်သည်ကိုဆိုမိ၍ လူတို့စီးပွား ယုတ်ပလေတတ်၏။
ဤအကြောင်းနှစ်ပါးကို နှလုံးပိုက်၍ လူတို့ဘာသာစကားကို မဆိုသတည်း။

## ရတနာဃရ ရွှေအိမ် ခေါ်ဆိုပုံ

၉၃၅ မေး။ ။စတုတ္ထသတ္တာဟ၌ ဗောဓိပင်မှ အနောက်မြောက်ထောင့်အရပ် ရတနာဃရရွှေအိမ်၌ ဘုရားမြတ်စွာ နေတော်မူသည်ကား ပကတိရွှေဖြင့်ပြီးသော အိမ်ပင်လော၊ ထိုသို့မဟုတ်နတ်ဖန်ဆင်းသောအိမ်လော။

၉၃၅-ဖြေ။ ။"ရတနဃရံနာမ နသတ္တရတနမယံ ဂေဟံ၊ သတ္တန္နံ ပန ပကရဏာနံ သမ္မသိတဋ္ဌာနံ ရတန ဃရန္တိ ဝေဒိတဗ္ဗံ"။

ဤသို့အဘိဓမ္မာ အဋ္ဌကထာကျမ်း၌လာရကား ရတနာဃရဟူသည်ကား ရတနာခုနစ်ပါးတို့ဖြင့်ပြီးသောအိမ်မဟုတ်၊ အဘိဓမ္မာခုနစ်ကျမ်းတို့ကို သုံးသပ်ဆင်ခြင်တော်မူရာအရပ်ကို ရတနာဃရဟုဆိုအပ်၏။

[သုတ္တန်ကျမ်းတို့၌ကား နတ်တို့ဖန်ဆင်းသော ရတနာဃရရွှေအိမ်၌အဘိဓမ္မာကို ဆင်ခြင်တော်မူသတည်းဟု ဆို၏၊ ဤကျမ်း၌လာသောစကားကိုညှိ၍ ယူကုန်ရာသတည်း။]

## သာသနာ ၃-ပါး

၉၃၆-မေး။ ။သာသနာသုံးပါးကား အဘယ်နည်း။

၉၃၆-ဖြေ။ ။(၁) ပရိယတ္တိသာသနာ။
(၂) ပဋိပတ္တိသာသနာ။
(၃) ပဋိဝေဓသာသနာ။

ဤသုံးပါးတည်း။

## ပရိယတ္တိသာသနာ

၉၃၇ မေး။ ။ပရိယတ္တိသာသနာကားအဘယ်နည်း။

၉၃၇-ဖြေ။ ။ဝိနည်း, သုတ္တန်, အဘိဓမ္မာ, ပိဋကတ်စာပေကျမ်းဂန်သင်ကြားဆောင်ရွက်ပို့သခြင်းတည်း။

## ပဋိပတ္တိသာသနာ

၉၃၈-မေး။ ။ပဋိပတ္တိသာသနာကား အဘယ်နည်း။

၉၃၈ ဖြေ။ ။ရှုတင်တဆဲ့သုံးပါးကို ကျင့်ဆောင်ခြင်း, ကမ္မဋ္ဌာန်းဘာဝနာတို့ကို ပွါးစေခြင်းသည်လျှင် ပဋိပတ္တိသာသနာမည်၏။

## ပဋိဝေဓသာသနာ

၉၃၉-မေး။ ။ပဋိဝေဓသာသနာကား အဘယ်နည်း။

၉၃၉-ဖြေ။ ။မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟူသော လောကုတ္တရာတရားသည်လျှင် ပဋိဝေဓသာသနာမည်၏။

## နိကာယ် ၅-ပါး

၉၄၀-မေး။ ။ပိဋကတ်သုံးပုံသည် နိကာယ်အားဖြင့် ငါးပါးဟူသည် အဘယ်နည်း။

၉၄၀-ဖြေ။ ။(၁) ဒီဃနိကာယ်။ (၄) အင်္ဂုတ္တရနိကာယ်။
(၂) မဇ္ဈိမနိကာယ်။ (၅) ခုဒ္ဒကနိကာယ်။
(၃) သံယုတ္တနိကာယ်။

ဤငါးပါးတည်း။

## ဝါရိတ္တသီလ

၉၄၁-မေး။ ။ဝါရိတ္တသီလကား အဘယ်နည်း။

၉၄၁-ဖြေ။ ။မသုံးဆောင်အပ်,မစားအပ်, မသွားအပ်,မနေအပ်, မထိုင်အပ်,မဝတ်အပ်,မကြည့်အပ် ဤသို့စသည်ဖြင့် ပညတ်တော်မူသော သိက္ခာပုဒ်တော်ကို ရှိသေစွာကြဉ်ရှောင် စောင့်ရှောက်ခြင်းသည် ဝါရိတ္တသီလမည်၏။

## စာရိတ္တသီလ

၉၄၂-မေး။ ။စာရိတ္တသီလဟူသည်ကား အဘယ်နည်း။

၉၄၂-ဖြေ။ ။ဝါရိတ္တသီလထက်အလွန်ပညတ်တော်မူသော တခဲနက် သုံးပါးသော ရှုတင်တို့ကို ကျင့်ဆောက်တည်ခြင်းသည်လျှင် စာရိတ္တသီလမည်၏။

## အဘိဓမ္မာဟောစဉ် အကျွတ်တရားရသောနတ်ဖြဟ္မာပမာဏ

၉၄၃-မေး။ ။တာဝတိံသာ နတ်ပြည်၌ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားကို ဟောတော်မူသောအခါ၌ အကြိမ်လောက်သောနတ်တို့ အကျွတ်တရားကို ရလေသနည်း။

၉၄၃-ဖြေ။ ။“အသီတိကောဋိသဟဿာနံ ဓမ္မာဘိသမယော အဟောသိ”။

ဤသို့ ကျမ်းလာရကား ကုဋေရှစ်သောင်းသော နတ်ဗြဟ္မာတို့သည် အကျွတ်တရားကိုရလေကုန်၏။

## သန္တုသိတနတ်သားသောတာပတ္တိဖိုလ်ရခြင်း

၉၄၄-မေး။ ။မယ်တော် ဖြစ်ခဲ့ဘူးသော သန္တုသိတနတ်သားကား အဘယ်မည်သော မဂ်တရား ဖိုလ်တရားကို ရလေသနည်း။

၉၄၄-ဖြေ။ ။“မဟာမာယာပိ သောတာပတ္တိဖလေ ပတိဋ္ဌာသိ”။

ဤသို့ ကျမ်းလာရကား မယ်တော်ဖြစ်ဘူးသော သန္တုသိတနတ်သား သောတာပတ္တိဖိုလ်ဟူသော တရားကိုရလေ၏။

[ဘုရားသခင် တာဝတိံသာနတ်ရွာမှ ဤလူ့ပြည်သို့သက်တော်မူရာဝယ်-ပဉ္စသိခနတ်သားသည် ဗေဠုဝမည်သောစောင်းကိုတီး၍ ဘုရားသခင်၏လက်ျာနံပါး၌ရပ်လျက် စောင်းတီးခြင်းဖြင့် ပူဇော်၏။

သုယာမနတ်သားကား သားမြီးယပ်ဖြင့် ပူဇော်ခြင်း, ယပ်ခတ်ခြင်းကိုပြု၍ လိုက်၏။

သန္တုသိတနတ်သားကား-ပတ္တမြားယပ်ဝန်းဖြင့် ကိုင်လျက်ပူဇော်၍ လိုက်၏။

သိကြားမင်းကား၊ ဝိဇယုတ္တရမည်သော ခရုသင်းကို မှုတ်၍ လိုက်၏။

ဤနည်းအတူ စကြဝဠာတသောင်း၌ နေကုန်သော နတ်တို့သည်လည်း ပူဇော်ကုန်၏၊ ဗြဟ္မာအပေါင်းတို့လည်း လက်ဝဲမှ ထီးဖြူဖြင့် ပူဇော်ကုန်၏။

ထိုသို့ သက်တော်မူရာ၌ နတ်တို့ကိုမြင်ရကုန်သတည်း၊ ထိုအခါ သုံးဆဲ့ခြောက်ယူဇနာရှိသော လူပရိသတ်တို့သည် စည်းဝေးကြကုန်၏၊ ဘုရားသခင်ပြာဋိဟာအံ့ဩဘွယ်ကိုမြင်လေ၍ ထိုလူနတ်ပရိသတ်အပေါင်းတို့သည် ဘုရားဆုကိုမတောင်းသောသူ မည်သည်မရှိပြီ ဟူသတည်း၊ ဤကား မှတ်ရာသော အထူးတည်း။]

## အရှင်အာနန္ဒာ၏ တေဒဂ် ၅-ပါး

၉၄၅-မေး။ ။ညီတော်အရှင်အာနန္ဒာ၌ ဧတဒဂ်ငါးပါး ဟူသည်ကား အဘယ်နည်း။

၆၄၅-ဖြေ။ ။(၁) အရွတ်လျှင်သည်။
(၂) အမှတ်မြဲသည်။
(၃) အကြားအမြင်များသည်။
(၄) တနေရာတည်း၌ တရားအများကို အောက်မေ့နိုင်သည်။
(၅) အလုပ်အကျွေးသိမ်မွေ့သည်။
ဤငါးပါးတည်း။

[အနာထပိဏ်သူဌေးကား ငါးဆယ့်လေးကုဋေသော ရွှေငွေဥစ္စာတို့ကိုစွန့်၍ ဘုံသုံးထပ် အခေါင်ရှိသော ဇေတဝန်ကျောင်းတော်ကို ဆောက်လှူသည်။

ဝိသာခါဒါယိကာမသည် နှစ်ဆယ့်နှစ်ကုဋေသော ရွှေငွေဥစ္စာတို့ကို စွန့်၍ ဘုံခုနစ်ဆင့်ရှိသော ပုဗ္ဗာရုံကျောင်းကို ဆောက်လှူသည်၊ ဤသို့လည်းမှတ်။

လောက၌အဂတိလေးပါးကိုမလိုက်မူ၍ ဖြောင့်မှန်စွာစောင့်ရှောက်ရာ၏၊ ဂတိမညီခြင်းသည်ကား ထိုထိုသော အမှုတို့၌ စီရင်အပ်သည့် အရာတို့ကို စီရင်မှု၌ မစွမ်းနိုင်သော် မညီရာသတည်း။

ဤသို့အမှုတို့ကို မစီရင်မတတ်အားသည်လျှင် မောဟာဂတိမည်သတည်း။

ဆန္ဒာဂတိ, ဒေါသာဂတိ, ဘယာဂတိ ဤသုံးပါးသော အဂတိကား—

ချစ်ခင်သဖြင့်အချစ်ရမ္မက်ကိုငဲ့၍ အနိုင်ပေးသည်ကား ဆန္ဒာဂတိတည်း။

မချစ်မကြည်ညိုသည်ကို အရှုံးပေးသည်ကား ဒေါသာဂတိတည်း။

မင်းထံနီးသသူ, အမှုအခင်းရှာတတ်သောသူ ဤသူတို့ကို အနိုင်ပေးသည်ကား ဘယာဂတိတည်း။

ဤဂတိမှား၍ အကျင့်မမှန်ခြင်းသည် စည်းစိမ်ချမ်းသာ လာဘ်သပ်ပကာ လျော့ညှံ့အံ့သောအကြောင်းလျှင်တည်း၊ အဂတိလေးပါးသို့ မလိုက်မှုကား စီးပွားချမ်းသာ လာဘသက္ကာရ ပွားများအံ့သော အကြောင်းလျှင်တည်း၊

ဋ္ဌောရကျည်းမင်းကား- ရတနာသုံးပါးမှန်းမသိ၊မိစ္ဆာဒိဋ္ဌိပင်တည်း၊ ထိုသို့လျက် နန်းထက်သေးဆဲ့လေးနှစ်ပတ်လုံး သိန်းဆိုင်ဌကျွန်းအပြင်ဝယ် မင်းတကာတို့ထက် သာယာပွင့်လင်းသည်ကား ဂတိညီညွတ်သောကြောင့်ဟူ၏၊ ဂတိညီညွတ်ခြင်းသည်ကား- ကျည်းတို့မှာ ကျင့်ရိုးအစဉ် ချက်လွဲခြင်းမရှိ ဟူသတည်း။

တရံရောအခါ ကျည်းမင်း၏သားတော်ရထားစီး၍သွားရာ ရထား မချုပ်နိုင်၍ နွားသူငယ်သေခဲ့၏၊ မင်းကြီးကြားလတ်သော် တယောက် တည်းသောသားကိုစင်လျက် သေစားသေစေသတည်း။

တရံရောအခါလည်း ဌေဝရကျည်းမင်းသည် ရထားစီး၍ သွားလေ ရကား မင်းစီးသောရထားအစွန်းထိ၍ စေတီတော်ဝယ် အုတ်တချပ် မျှ ကျိုးပျက်လေသောအမှုကို အာမိသမလွှတ် ပျက်ပေခဲ့ရကား-ငါ လျှင်ဒဏ်ခံအံ့ဟူ၍ ရထားကြောင်းမှာရပ်၍ ဒဏ်ခံရလေသတည်း။

ဤသို့သော အမှုအကျင့်တို့ကား- ကျည်းမင်းတို့၏ ကျင့်ထုံးတည်း၊ ဤသို့ လည်း အနည်းနည်းသော စကားထူးတို့ကို ပညာရှိတို့ မှတ်သားကုန်ရာ၏၊ ထို့ကြောင့် ကျင့်ရိုးမှန်သောသူတို့ကား တသက်ကိုထားဘိဦး တကမ္ဘာ ပတ်လုံးသော်လည်း သတင်းတန်းခိုး အကျော်အစောဖြစ်ရာ၏၊ ဆန်းသော လနှင့်တူ၏၊ ကျင့်ရိုးမမှန်သောသူကား ဆုတ်သောလနှင့်တူ၏ဟူ၍ ဘုရား သဗ္ဗညု မိန့်တော်မူသတည်း။]

## စည်းစိမ်ပျောက်ရာသည်အကျင့် ၆-ပါး

၉၄၆-မေး။ ။စည်းစိမ်ပျောက်ရာသည် အကျင့် ခြောက်ပါးကား- အဘယ်နည်း။

၉၄၆-ဖြေ။ ။(၁) သေသောက်ခြင်း။
(၂) ညအခါ ညဉ့်နက်သန်းခေါင်သွားခြင်း။
(၃) ကြွေအန်လောင်းကြူးခြင်း။
(၄) မိန်းမကြူးခြင်း။
(၅) သူယုတ်တို့နှင့် ပေါင်းဖော်ခြင်း။
(၆) လုံ့လအားမထုတ်သောအားဖြင့် ပျင်းရိခြင်း။

ဤသည်လျှင် စီးပွားပျောက်ရာသည် အကျင့်ခြောက်ပါးတည်း။

## သေသောက်ခြင်းအပြစ် ၆-ပါး

၉၄၇-မေး။ ။သေသောက်ခြင်းအပြစ် ခြောက်ပါးကား- အဘယ် နည်း။

၉၄၇-ဖြေ။ ။(၁) မျက်မြင်ရှိသော ဥစ္စာယုတ်သည်တပါး။
(၂) နှုတ်မှုလက်မှုဖြင့် ခိုက်ရန်များသည် တပါး။
(၃) မျက်စိမျက်ခုံ မကြည်လင်သည်လည်းတပါး။
(၄) အစောင့်အစည်းမရှိခြင်းတပါး။

(၅) သူတပါးတို့ ကဲ့ရဲ့ခံရခြင်းလည်းတပါး။
(၆) အရှက်အကြောက်မရှိ ကိုယ်၏အင်္ဂါကိုမဖုံး လွှမ်းနိုင်သည်တပါး။

ဤကား-သေသောက်သောသူ၌ အပြစ်ခြောက်ပါးရောက်သည်။

### အခါမဲ့သွားခြင်းအပြစ် ၆-ပါး

၉၄၈-မေး။ ။အခါမဲ့ ညဉ့်နက်သန်းခေါင် သွားသောသူ၌ အပြစ် ခြောက်ပါးဟူသည်ကား- အဘယ်နည်း။

၉၄၈-ဖြေ။ ။(၁) မိမိကိုယ်ကို မစောင့်သည်တပါး။
(၂) သားမယားကို မစောင့်သည်တပါး။
(၃) ဥစ္စာပစ္စည်းကို မစောင့်သည်တပါး။
(၄) သူခပ်သိမ်းတို့ သင်္ကာရှုပ်ပတ် လေသည် တပါး။
(၅) မဟုတ်မလျော စွပ်စွဲယိုးမယ်လေသည်တပါး။
(၆) ကိုယ်၏ဆင်းရဲ နှလုံး၏ဆင်းရဲ ဖြစ်သည် တပါး။

ဤကား-အခါမဲ့ညဉ့်နက်သန်းခေါင်သွားသောသူ၌ အပြစ်ခြောက်ပါး တည်း။

### သန္တောသ ၁၂-ပါး

၉၄၉-မေး။ ။သန္တောသတဆဲ့နှစ်ပါးကား- အဘယ်နည်း။

၉၄၉-ဖြေ။ ။(၁) ရရသရွေ့သောပစ္စည်းဖြင့်နှစ်သက်သည်ကား- "ယထာလာဘသန္တောသ"မည်၏။
(၂) မိမိအားနှင့် တန်ရုံသော ပစ္စည်းဖြင့်သာ နှစ်သက်သည်ကား- "ယထာ ဗလသန္တော သ"မည်၏။
(၃) မိမိအား လျောက်ပတ်သော ပစ္စည်းဖြင့် နှစ်သက်သည်ကား-"ယထာသာရုပ္ပသန္တော သ"မည်၏။

ဤသို့ ပစ္စည်းလေးပါးတွင် တပါးတပါး၌ သုံးပါးစီပြားသောကြောင့် "သန္တောသ" တဆဲ့နှစ်ပါးဖြစ်သတည်း။

## ပဟာန် အပြား ၅-ပါး

၉၅၀-မေး။ ။ပဟာန်အပြား ငါးပါးကား အဘယ်နည်း။

၉၅၀-ဖြေ ။ ။(၁) တဒင်္ဂပဟာန်။
(၂) ဝိက္ခမ္ဘနပဟာန်။
(၃) သမုစ္ဆေဒပဟာန်။
(၄) ပဋိပ္ပဿမ္ဘနပဟာန်။
(၅) နိဿရဏပဟာန်။

ဤသည်လျှင် ပဟာန် ငါးပါးတည်း။

## ပဟာန် ၅-ပါး သရုပ်

၉၅၁-မေး။ ။ထိုပဟာန်ငါးပါး၏ သရုပ်အဓိပ္ပါယ်ကား အဘယ်နည်း။

၉၅၁-ဖြေ ။ ။(၁) လျှပ်စစ်ပြက်သည် ခဏ၌ မှောင်ပျောက်သကဲ့သို့ တခဏတဒင်္ဂသာ မိမိဖြစ်ခိုက် ကိလေသာကို ပယ်တတ်သော ကာမကုသိုလ်ကား တဒင်္ဂပဟာန်မည်၏။

(၂) ရေအိုးဖြင့် မှော်ကိုတွန်းဘိသကဲ့သို့ အကုသိုလ်ကိလေသာတို့သည် ကွာသဖြင့် ပယ်သော မဟဂ္ဂုတ် ကုသိုလ်ကား ဝိက္ခမ္ဘနပဟာန်မည်၏။

(၃) ပယ်အပ်သော ကိလေသာတို့ကို ဖြတ်သဖြင့် ပယ်သောမဂ်သည်ကား သမုစ္ဆေဒပဟာန် မည်၏။

(၄) မဂ်ဖြင့်ပယ်သော ကိလေသာတို့ကို ငြိမ်းစေသဖြင့် သတ်ပြီးသောမီးကျီးပြာကို ရေချမ်းဖြင့် ငြိမ်းစေသကဲ့သို့ ပယ်သောဖိုလ်သည်ကား ပဋိပ္ပဿမ္ဘန ပဟာန်မည်၏။

(၅) ဝဋ်ဆင်းရဲမှ ထွက်သဖြင့် ပယ်သော နိဗ္ဗာန်သည်ကား နိဿရဏပဟာန်မည်၏။

ဤသည်လျှင် ပဟာန်ငါးပါးတို့၏ သရုပ်တည်း။

## သင်္ကဝါဒီ ပရဝါဒီ အယူ ၂-ပါး

၉၅၂-မေး။ ။သကဝါဒီအယူ, ပရဝါဒီအယူ ဤနှစ်ပါး၏ သဘောကား အဘယ်နည်း။

၉၅၂-ဖြေ။ ။အဟုတ် အမှန် အနက်ကို ယူ၍ ဆိုလေ့ရှိသောသူကား သကဝါဒီမည်၏၊ ဘောက်ပြန်သဖြင့် အနက်အဓိပ္ပါယ်ကို ယူ၍ ဆိုလေ့ရှိသော သူကား ပရဝါဒီမည်၏။

ဤသည်လျှင် အယူနှစ်ပါး၏ အထူးတည်း၊ ဝိမတိဝိနောဒနီ ၌ကာ၌ ဆို၏။

### ဗောဓိဘိက္ခု ရဟန်း အရေအတွက်

၉၅၃-မေး။ ။ဗောဓိဘိက္ခု ရဟန်းကား အတိမျှလောက် သချာရှိလေသနည်း။

၉၅၃-ဖြေ။ ။ဗောဓိဘိက္ခု ခေါ်တော်မူ၍ ရဟန်းအဖြစ်သို့ ရောက်လေသည်ကား နှစ်သောင်း ရှစ်ထောင် ခြောက်ရာ လေးကျိပ် တယောက်တည်း။

ဤမျှ အရေအတွက် သချာရှိသတည်း။

[ဗောဓိဘိက္ခု ရဟန်းဖြစ်ခြင်း၏ ဆုတောင်းခြင်း ပါရမီသမ္ဘာရ ဥပနိဿယနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို မြင်တော်မူ၍, ဝတ်ရုံတော်မူသော သင်္ကန်းတော်အတွင်းမှ ရွှေအဆင်းနှင့်တူသော လက်ျာလက်ရုံးတော်ကို ထုတ်၍, မြဟ္မာမင်း၏ အသံနှင့် တူသော အသံတော်ကိုပွက်တော်မူ၍–

''ဧဟိ ဘိက္ခု စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ''–

ဤသို့မိန့်တော်မူလျှင် ဆံမုတ်ဆိတ်နှင့်တကွ လူ၏အဝတ် တန်ဆာကွယ်၍ ဖန်ရည်ဆိုးသော သင်းပိုင်, ကိုယ်ဝတ်, ဒုကုဋ်ဟူသော သင်္ကန်းသုံးထည် ဝတ်လျက် သပိတ်စသော ရဟန်းပရိက္ခရာစုံ လွယ်လျက် အဝါ ခြောက်ဆယ်ရှိပြီးသော မဟာထေရ်ကြီးကဲ့သို့ ဗောဓိဘိက္ခု ရဟန်းဖြစ်လေသတည်း။]

### ပဉ္စင်းအပြား ၈ ပါး

၉၅၄။-မေး ။ပဉ္စင်းတို့၏အပြား ရှစ်ပါးကား အဘယ်နည်း။

၉၅၄-ဖြေ။ ။(၁) ဗောဓိဘိက္ခု ခေါ်တော်မူ၍ ပဉ္စင်းဖြစ်စေသည် တပါး။

(၂) သရဏဂုံ သုံးပါးဖြင့်သာ ဖြစ်စေသည် တပါး။

(၃) အဆုံးအမကို ခံသဖြင့် ဖြစ်သောပဉ္စင်း တပါး။

(၄) ပြဿနာကို ဖြေသဖြင့် ဖြစ်သောပဉ္စင်း တပါး။

(၅) ဂရုဓမ္မတရား ရှစ်ပါးကိုခံသဖြင့် ဖြစ်သောပဉ္စင်း တပါး။

(၆) တမန်စေသဖြင့် ဖြစ်သောပဉ္စင်း တပါး။

(၇) ဥတ်ကမ္မဝါစာ ရှစ်ကြိမ်ရွတ်သဖြင့် ဖြစ်သော ပဥ္စင်းတပါး။
(၈) ဥတ္တိစတုတ္ထကံဖြင့်ဖြစ်သော ပဥ္စင်း တပါး။
ဤသည်လျှင် ပဥ္စင်းအပြား ရှစ်ပါးတည်း။

[ဟေိဘိက္ခု ဥပသမ္ပဒ, သရဏာဂမနဥပသမ္ပဒ, ဩဝါဒပဋိဂ္ဂဟဏ ဥပသမ္ပဒ, ပဥှာဗျာကရဏ ဥပသမ္ပဒ, ဂရုဓမ္မပဋိဂ္ဂဟဏ ဥပသမ္ပဒ, ဒူတေနဥပသမ္ပဒ, အဋ္ဌဝါစိက ဥပသမ္ပဒ, ဉတ္တိစတုတ္ထကမ္မဝါစာ ဥပသမ္ပဒ ဤသို့လည်း ပဥ္စင်းအပြားရှစ်ပါးကို သဒ္ဒါသက်သက်အားဖြင့်လည်း မှတ်အပ်၏။

ထေရ်ဟူသည်ကား ဆယ်ဝါပြည့်သည်ကစ၍ အထက်ကိုယူ။
နဝဘိက္ခုဟူသည်ကား ငါးဝါတိုင်ရုံယူ။
မဇ္ဈိမဘိက္ခုကား ခြောက်ဝါကစ၍ ဆယ်ဝါမပြည့်မီယူ။

ပဥ္စဝဂ္ဂီငါးယောက်, အရှင်ယသ,အဆွေခင်ပွန်း ငါးကျိပ်လေးယောက်, ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်,ဥရုဝေလကဿပ ညီနောင်နှင့် အရံတထောင်, အရှင်သာရိပုတြာ, အရှင်မောဂ္ဂလာန်နှင့် အရံနှစ်ရာ့ငါးကျိပ်, အင်္ဂုလိမာလ ထေရ်,အရံသုံးရာနှင့်တကွ သေလပုဏ္ဏား,အရံတထောင်နှင့်တကွ မဟာကပ္ပိန မင်း, ကပိလဝတ်ပြည်၌ အမျိုးသားတထောင်, တသောင်း ခြောက်ထောင် အတိုင်းအရှည်ရှိသော ပါရနိကပုဏ္ဏား ဤသူတို့ကား- ဟေိဘိက္ခုဥပသမ္ပဒ တည်း၊ အရှင်မဟာကဿပကား-ဩဝါဒပဋိဂ္ဂဟဏဥပသမ္ပဒမည်၏။

သောပါကသာမဏေကား- အနုညာတဥပသမ္ပဒမည်၏၊ သောပါကသာ မဏေကား-အသက် ခုနစ်အရွယ်ကပင် ပဥ္စင်းဖြစ်၏၊ ပုဗ္ဗါရုံကျောင်းတော်၌ ဘုရားမြတ်စွာ သီတင်းသုံးတော်မူသောအခါ စင်္ကြံကြွတော်မူစဉ် သောပါက သာမဏေကို ပြဿနာ မေးတော်မူ၏၊ မေးတော်မူသည်ကား- ဤသို့တည်း၊ "ဥဒ္ဓုမာတကသညာ, ရူပသညာ" ဤနှစ်ပါးသောတရားကား- တူသော အနက်ရှိသလော,သဒ္ဒါသာတည်း ထူးသလော,ထိုသို့မဟုတ်ထူးသောအနက် ရှိသလော၊ဤသို့မေးတော်မူရာ ဤနှစ်ပါးသောတရားကား- သဒ္ဒါသာပြား သတည်း၊ အနက်ကား တူ၏ဟု ဖြေ၏၊ ဤသို့ပြဿနာကိုဖြေ၍ ပဥ္စင်းဖြစ်ရ သောကြောင့် ပဥှာဗျာကရဏဥပသမ္ပဒမည်၏။

မဟာပဇာပတိဂေါတမီကား-ဂရုဓမ္မတရားရှစ်ပါးကိုဝန်ခံသောအားဖြင့် ပဥ္စင်းဖြစ်သောကြောင့် ဂရုဓမ္မပဋိဂ္ဂဟဏဥပသမ္ပဒမည်၏၊ အဍ္ဎကာသိအမည်ရှိ သော ဘိက္ခုနီမကား ဒူတေနဥပသမ္ပဒမည်၏၊ ရဟန်းမိန်းမအထံမှ ဉတ္တိစ တုတ္ထကံ လေးကြိမ်၊ ရဟန်းယောက်ျားအထံမှ ဉတ္တိစတုတ္ထကံ လေးကြိမ်၊ဤကံ ရှစ်ကြိမ်တို့ဖြင့်ဖြစ်သော ပဥ္စင်းကား-အဋ္ဌဝါစိကဥပသမ္ပဒမည်၏၊ ယခုကာလ၌ ဉတ္တိစတုတ္ထကံဖြင့်ဖြစ်သော ပဥ္စင်းကား-ဉတ္တိစတုတ္ထကမ္မဝါစာဥပသမ္ပဒ မည်၏၊ ဤသို့ ပဥ္စင်းတို့၏အပြားကိုလည်း အထူးမှတ်ရာ၏။]

## ပဥ္စင်းခေါ်ခြင်းအကြောင်း

၉၅၅-မေး။ ။ရဟန်းကို ပဥ္စင်းဟူ၍ အဘယ်ကြောင့် ခေါ်ဝေါ်ကြလေသနည်း။

၉၅၅-ဖြေ။ ။အင်္ဂါငါးပါးနှင့် ပြည့်စုံသောကြောင့် ရဟန်းတို့ကို ပဥ္စင်းဟူ၍ ခေါ်ဝေါ်ကြကုန်သတည်း၊အင်္ဂါငါးပါးနှင့် ပြည့်စုံသောကြောင့် ပဥ္စင်းဆိုလိုသည်။

## ပဥ္စင်းအင်္ဂါ ၅-ပါး

၉၅၆-မေး။ ။အင်္ဂါငါးပါး ဟူသည်ကား- အဘယ်နည်း။

၉၅၆-ဖြေ။ ။(၁) ဝတ္ထုသမ္ပတ္တိ။ (၃) အနုဿာဝနသမ္ပတ္တိ။
(၂) ဉတ္တိသမ္ပတ္တိ။ (၄) သီမသမ္ပတ္တိ။
(၅) ပရိသာသမ္ပတ္တိ။

ဤငါးပါးတည်း။

## ဝတ္ထုသမ္ပတ္တိ

၉၅၇-မေး။ ။ထိုသမ္ပတ္တိ ငါးပါးတို့တွင် ဝတ္ထုသမ္ပတ္တိကား-အဘယ်နည်း။

၉၅၇-ဖြေ။ ။နပုံး,ပဏ္ဍုက်, မာတုဃာတက, ပိတုဃာတက အစရှိသည်မှ ကင်းသော အသက်နှစ်ဆယ်ရှိပြီးသော ပဥ္စင်းလောင်းတည်း။

ဉတ္တိသမ္ပတ္တိကား-ငါးပါးသော ဉတ္တိဒေါသမှ ကင်းသော ဉတ်ထားခြင်းတည်း။

## ဉတ္တိဒေါသ ၅-ပါး

၉၅၈-မေး။ ။ငါးပါးသော ဉတ္တိဒေါသ ဟူသည်ကား- အဘယ်နည်း။

၉၅၈-ဖြေ။ ။(၁) ဉတ်ထားသောခါ ပဥ္စင်းလောင်းကို မသုံးသပ်ခြင်း။
(၂) သင်္ဃာကို မသုံးသပ်ခြင်း။
(၃) ဥပဇ္ဈာယ်ကို မသုံးသပ်ခြင်း။
(၄) ဉတ်ကို မသုံးသပ်ခြင်း။
(၅) ဉတ်ကို နောက်မှရွတ်ခြင်း။

ဤငါးပါးတည်း။

၁။ "အယံ ဇုတ္တန္တာမော၊ အယံ နာဂေါ"ဟူ၍ ပဋ္ဌင်းလောင်းကို မကြားသည်ကား-ဝတ္ထုကို မသုံးသပ်သည် မည်၏။

၂။ "သုဏာတု မေ ဘန္တေ"သာဆို၍ သံဃာကို မရွတ်သည်ကား-သံဃာကို မသုံးသပ်သည် မည်၏။

၃။ "တိဿဿ ဥပသမ္ပဒါပေခေါ"ဟု ဥပဇ္ဈာယ်ကို မကြားသည်ကား-ပုဂ္ဂိုလ်ကို မသုံးသပ်သည်မည်၏။

၄။ အချင်းခပ်သိမ်း ဉတ်မထားသည်ကား-ဉတ်ကို မသုံးသပ်သည် မည်၏။

၅။ ကမ္မဝါစာကို ရွတ်ပြီးမှ ဉတ်ကို ရွတ်ခြင်းသည်ကား ဉတ်ကို နောက်မှထားသည် မည်၏။

ဤကား-ဉတ္တိဒေါသ ငါးပါးတည်း။

ဤဉတ္တိဒေါသ ငါးပါးကိုကြဉ်၍ ဌာန်,ကရိုဏ်းပြီအောင် ရွတ်သည်ကား-ဉတ္တိသမ္ပတ္တိမည်၏၊ ဝတ္ထု-ပုဂ္ဂိုလ်-သံဃာကိုမသုံးသပ်ခြင်း, ကမ္မဝါစာကို ယုတ်စေခြင်း, အကာလ၌ရွတ်ခြင်း, ဤငါးပါးကား-အနုဿာဝနဝိပတ္တိမည်၏၊ထိုငါးပါးတို့တွင် ဝတ္ထု,ပုဂ္ဂိုလ်,သံဃာတို့ကို မသုံးသပ်သည်ကား-ဉတ်နှင့်အတူတည်း။

ကမ္မဝါစာသုံးချက်တွင် တချက်ချက်ကို မရွတ်သော်၎င်း, အချင်းခပ်သိမ်း ကမ္မဝါစာကိုမရွတ်ဘဲ ဉတ်ကိုသာ လေးကြိမ်ရွတ်သော်၎င်း, ကမ္မဝါစာ၏အတွင်းဖြစ်သော အက္ခရာပုဒ်တို့ကို ချန်၍ ရွတ်သော်၎င်း, ဌာန်,ကရိုဏ်းပြီအောင်မရွတ်သော်၎င်းကမ္မဝါစာကိုမသုံးသပ်သည်မည်၏။

ဉတ်မထားဦးဘဲ ကမ္မဝါစာကို ရှေးဦးစွာရွတ်သည်ကား အကာလ၌ ရွတ်သည်မည်၏၊ဤငါးပါးသော ကမ္မဝါစာ၏အပြစ်ကို ကြဉ်၍ ရွတ်သည်ကား အနုဿာဝနသမ္ပတ္တိမည်၏။

ဝိပတ္တိခပ်သိမ်း၏ လက္ခဏာကို လွန်သောသိမ်ကား သီမသမ္ပတ္တိမည်၏။

ကံအားလျော်ပတ်သော သံဃာတို့၏သိမ်သို့ ရောက်ခြင်း,ဆန္ဒထိုက်သော ရဟန်းတို့၏ဆန္ဒကိုဆောင်ခြင်း, သမ္မုခီဘူတဖြစ်သော ရဟန်းတို့၏ ကံကိုမမြစ်ခြင်း ဤသုံးပါးကား ပရိသသမ္ပတ္တိမည်၏။

ဤသို့သော ပဋ္ဌင်း၏ အင်္ဂါလက္ခဏာတို့ကိုလည်း ရဟန်း, ပဋ္ဌင်း, သူတော်ကောင်း သူတော်မြတ်တို့ မှတ်ကုန်ရာ၏။

[ဥပသမ္ပန္နဟူသည်ကား "ဥပသမ္ပန္နေ ာနာမ ဥပရိဘာဝံ သမာ၊ ပန္နော ပတ္တောတိ အတ္ထော" ဤသို့ ဝိနည်းအဋ္ဌကထာ၌ လာရကား ဥပသမ္ပန္န ဟူသည် မြင့်သောအဖြစ်သို့ ကောင်းစွာရောက်ခြင်းတည်း ဟု မှတ်ရာ၏။]

**ဝိဇ္ဇာ ၃-ပါး**

**၉၅၉-မေး။** ။ဝိဇ္ဇာ သုံးပါးကား အဘယ်နည်း။

**၉၅၉-ဖြေ။** ။(၁) ပုဗ္ဗေနိဝါသ။ (၃) အာသဝက္ခယ။
(၂) ဒိဗ္ဗစက္ခု။

ဤသုံးပါးတည်း။

**ဝိဇ္ဇာ ၈-ပါး**

**၉၆၀-မေး။** ။ဝိဇ္ဇာ ရှစ်ပါးကား အဘယ်နည်း။

**၉၆၀-ဖြေ။** ။(၁) ပုဗ္ဗေနိဝါသ။ (၅) ဒိဗ္ဗသောတ။
(၂) ဒိဗ္ဗစက္ခု။ (၆) စေတောပရိယ။
(၃) အာသဝက္ခယ။ (၇) ဝိပဿနာဉာဏ်။
(၄) ဣဒ္ဓိဝိဓ။ (၈) မနောမယိဒ္ဓိဉာဏ်။

ဤရှစ်ပါးတည်း။

**စရဏ ၁၅-ပါး**

**၉၆၁-မေး။** ။စရဏတဆဲ့ငါးပါးကား အဘယ်နည်း။

**၉၆၁ ဖြေ။** ။(၁) သီလသံဝရ။
(၂) ဣန္ဒြိယဂုတ္တဒွါရတာ။
(၃) ဘောဇနမတ္တညုတာ။
(၄) ဇာဂရိယာနုယောဂ။
(၅-၁၁) သတ္တသဒ္ဓမ္မ။
(၁၂-၁၅) စတုတ္ထနည်းအားဖြင့် ရူပါဝစရဈာန်လေးပါး။

ဤတဆဲ့ငါးပါးတည်း။

**ဘေး ၈ ပါး**

**၉၆၂-မေး။** ။ဘေး ရှစ်ပါးကား အဘယ်နည်း။

**၉၆၂-ဖြေ။** ။(၁) မြေမျိုခြင်း။
(၂) မိုယ်းကြိုးကျခြင်း။

(၃) ကျားစသော သားရဲဘေး။
(၄) နဂါးစသော မြွေဘေး။
(၅) မိကျောင်း ဘေး။
(၆) လေပျက်သော ဘေး။
(၇) သွေးအန်သော ဘေး။
(၈) ရူးသွပ်သော ဘေး။

ဤသည်လျှင် ဘေးရှစ်ပါးတည်း။

### ဒဏ် ၁၀-ပါး

၉၆၃-မေး။ ။ဒဏ်ဆယ်ပါးကား အဘယ်နည်း။

၉၆၃-ဖြေ။ ။(၁) ကြမ်းကြုတ်သော ဝေဒနာကို ခံရခြင်း။
(၂) ကိုယ်၏ပျက်ခြင်း။
(၃) အနာရောက်ခြင်း။
(၄) ရူးသွပ်ခြင်း။
(၅) မင်းဒဏ်သင့်ခြင်း။
(၆) ကြီးစွာသော စွပ်စွဲခြင်းကို ခံရခြင်း။
(၇) အဆွေအမျိုးပျက်စီးခြင်း။
(၈) စည်းစိမ်ချမ်းသာ ပျက်စီးခြင်း။
(၉) အိမ်မီးလောင်ခြင်း။
(၁၀) ငရဲလားခြင်း။

ဤသည်လျှင် ဒဏ်ဆယ်ပါးတည်း။

[သတ္တဝါတို့အား ညှဉ်းဆဲတတ်သော လက္ခဏာရှိသောကြောင့် ဒဏ်မည်သတည်းဟုမှတ်။]

### ဘုရားလောင်း ပယ်ဆု ၄-ပါး

၉၆၄-မေး။ ။ငါတို့ဘုရားလောင်း အင်္ဂကရသေ့ ဖြစ်သောအခါ သိကြားလာ၍ ဆုရှစ်ပါးကို ပေးလာရာတွင် လေးပါးသောဆုကိုသာယူ၍ လေးပါးသောဆုကိုပယ်လေ၏၊ ပယ်သည့် လေးပါးကား အဘယ်နည်း။

၉၆၄-ဖြေ။ ။ဗာလံ န ပဿေ နသုဏော၊ န စ ဗာလေန သံဝသေ။
န စ ဗာလေန သလ္လာပံ၊ န ကရေ န စ ရောစယေ။ ။

ဤသို့ကျမ်းလာရကား မိုက်သောသူကိုမမြင်ခြင်း, သူမိုက်ဆိုသော စကားကိုမကြားခြင်း, သူမိုက်နှင့်ပေါင်းဘော်၍ မနေခြင်း,သူမိုက်ဆိုသော စကားကို မနှစ်သက်ခြင်း ဤသည်လျှင် ပယ်သည့်လေးပါးတည်း။

ဘုရားလောင်း ယူဆ ၄-ပါး

၉၆၅-မေး။ ။ယူသည့်ဆိုလေးပါးကား အဘယ်နည်း။

၉၆၅-ဖြေ။ ။ဓီရံ ပဿေ သုဏေ ဓီရံ၊ ဓီရေန သဟ သံဝသေ။
ဓီရေန သဟ သလ္လာပံ၊ တံ ကရေ တဉ္စ ရောစယေ။

ဤသို့ ကျမ်းလာရကား—

(၁) ပညာရှိကို မြင်ချင်၏။

(၂) ပညာရှိဆိုသော စကားကို ကြားချင်၏။

(၃) ပညာရှိနှင့် အတူတကွ ပေါင်းဘော်၍ နေချင်၏။

(၄) ပညာရှိဆိုသော စကားကိုလည်း နှစ်သက်ချင်၏။

ဤကား ယူသည့် ဆိုလေးပါးတည်း။

[ထို့ကြောင့် ပညာရှိသူတော်ကောင်းတို့နှင့် ပေါင်းဘက်၍ နေရခြင်းအကျိုးကိုလည်း—

သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မမညာယ၊ သေယျော ဟောတိ န ပါပိယော။ ။

ဟု ဘုရားဟောတော်မူသတည်း။

အနက်ကား—သဗ္ဘိရေဝ၊ သူတော်ကောင်းတို့နှင့် သာလျှင်။ သမာသေထ၊ ပေါင်းဘက်ရာ၏။ သဗ္ဘိ၊ သူတော်ကောင်းတို့နှင့်။ သန္ထဝံ၊ အတူတကွပေါင်းဘက်၍နေခြင်းကို။ ကုဗ္ဗေထ၊ ပြုရာ၏။ သတံ၊ သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ သူတော်တရားကို။ အညာယ၊ သိ၍။ သေယျော၊ မြတ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ပါပိယော၊ ယုတ်မာသည်။ နဟောတိ၊ မဖြစ်။]

ပန်းတဆုပ်လှူ၍ ဗျာဒိတ်ရသူ

၉၆၆-မေး။ ။အနည်းငယ်မျှ တဆုပ်သောပန်းကို ဘုရားသခင်အား ပူဇော်၍ အဘယ်သူသည် ဗျာဒိတ် ရဘူးလေသနည်း။

၉၆၆-ဖြေ။ ။ငါတို့ဘုရားသခင် လက်ထက်တော်၌ သုမနအမည်ရှိသောပန်းသည်သည် တဆုပ်သောပန်းကို ဘုရားသခင်အား အလွန်သဒ္ဓါကြည်ညိုသောစိတ်ဖြင့် ပူဇော်၏၊ ထိုပန်းသည် ကောင်းကင်၌ မိုးတ ်နက်ကဲ့

သို့ တည်သည်ကို မြင်သော် အလွန်ဝမ်းမြောက်သည်ဖြစ်၍ ရှစ်ဆုပ်ပြည့်အောင် ပူဇော်ပြန်၏၊ ထိုသို့ ပူဇော်သောအခါ ထိုသုမနပန်းသည်အား ဗျာဒိတ်စကား ထားတော်မူ၏၊ "ဤသုမနအမည်ရှိသော ပန်းသည်သည် ငါ့အား ကြည်ညိုစွာ ပန်းပူဇော်ခြင်းကြောင့် ကမ္ဘာတသိန်းပတ်လုံး အပါယ်လေးပါး မလားသည်ဖြစ်၍ လူမင်း,နတ်မင်း အဖြစ်၌သာ ကျင်လည်ပြီးမှ အဆုံးစွန်သောဘဝ၌ ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့" ဟု ဗျာဒိတ်ပေးတော်မူ၏။

ဤကား အနည်းငယ်မျှတည်းသောပန်းကို သဒ္ဓါကြည်ညိုစွာ ပူဇော်လေသောကြောင့်၊ ဗျာဒိတ်တိုင်အောင် အကျိုးထူးကိုခံစားရလေသတည်း။

### သုရာ ၅-ပါး

၉၆၇-မေး။ ။သုရာငါးပါးကား အဘယ်နည်း။

၉၆၇-ဖြေ။ ။(၁) ပိဋ္ဌသုရာ။ (၄) ကိဏ္ဏပက္ခိတ္တသုရာ။
(၂) ပူဝသုရာ။ (၅) သမ္ဘာရသံယုတ္တသုရာ။
(၃) ဩဒနသုရာ။

ဤငါးပါးတည်း။

### သုရာ ၅-ပါး သရုပ်

၉၆၈-မေး။ ။ထိုသုရာငါးပါး၏ သရုပ်လက္ခဏာကား အဘယ်နည်း။

၉၆၈-ဖြေ။ ။(၁) မှုံ့ညက်မှုန့်ကို အိုး၌ထည့်၍ပြုသော သေရည်သည် ပိဋ္ဌသုရာမည်၏။
(၂) မှုံ့ညက် မှုံ့ခဲတို့ဖြင့် ပြုသော သေရည်သည် ပူဝသုရာမည်၏။
(၃) ထမင်းဖြင့် ပြုသော သုရာသည် ဩဒနသုံရာမည်၏။
(၄) တဆေးခတ်၍ ပြုသော သေရည်သည် ကိဏ္ဏပက္ခိတ္တသုရာ မည်၏။
(၅) အထူးထူးသော အဆောက်အဦတို့နှင့် ယှဉ်၍ ပြုသော သေရည်သည် သမ္ဘာရသံယုတ္တသုရာ မည်၏။

ဤသည်ကား သုရာငါးပါး၏ သရုပ်သဘော လက္ခဏာတည်း။

## မေရယ ၅-ပါး

၉၆၉-မေး။ ။မေရယငါးပါးကား-အဘယ်နည်း။

၉၆၉-ဖြေ။ ။(၁) ပုပ္ဖါသဝ။ (၄) ဂုဠာသဝ။
(၂) ဖလာသဝ။ (၅) သမ္ဘာရသံယုတ္တ။
(၃) မဓွါသဝ။

ဤငါးပါးတည်း။

## မေရယ ၅-ပါး သရုပ်

၉၇၀-မေး။ ။မေရယငါးပါး၏ သရုပ်လက္ခဏာကား- အဘယ်နည်း။

၉၇၀-ဖြေ။ ။(၁) ကြာမြင့်စွာထုံပြီးသော သစ်မည်စည်, ထန်း, အုန်း အစရှိသော အရည်သည်ကား ပုပ္ဖါသဝ မည်၏။

(၂) ကြာမြင့်စွာထုံပြီးသော သရက်,ပိန္နဲ အစရှိသော အရည်ကား ဖလာသဝမည်၏။

(၃) ကြာမြင့်စွာထုံပြီးသော မုဒရက် အစရှိသော အရည်သည်ကား မဓွါသဝ မည်၏။

(၄) ကြာမြင့်စွာ ထုံပြီးသော တင်လဲ အစရှိသော အရည်သည်ကား ဂုဠာသဝ မည်၏။

(၅) ကြစု, ရှစ်ရှား, သဖန်းခါး စသည်တို့နှင့် ရော၍ ကြာမြင့်စွာ ထုံပြီးသော အရည်သည်ကား သမ္ဘာရသံယုတ္တ မည်၏။

ဤသည်လျှင် မေရယငါးပါး၏ သရုပ်သဘော လက္ခဏာတည်း။

[ထိုသုရာ,မေရယကိုယှဉ်သောသူသည် ရှုးခြင်းစသည်ကို ဖြစ်စေ၍ မဂ်,ဖိုလ်၏အန္တရာယ်ကို ပြုတတ်သောကြောင့် ပါဏာတိပါတ စသည့်ကံထက်လည်း ဤသုရာမေရယကံသည် အပြစ်ကြီးလှစွာ၏ ဟု သီလက္ခန်၌ ဆို၏။

ဥပါသကာလင်္ကာရ စသော တပါးသောကျမ်းတို့၌ကား မုသာဝါဒဆို၍ သင်းခွဲခြင်းသည် ငရဲ၌ အာနန္တရိယကံဖြစ်၍ ကျက်လေသောကြောင့်ရှင်း, နိယတဗျာဒိတ်ရပြီးသော ဘုရားလောင်းသည် မုသာဝါဒမဆိုသောကြောင့်ရှင်း မုသာဝါဒကံသည်သာလျှင် အပြစ်ကြီးစွာ၏ဟု ဆို၏၊ ဤသို့လည်း အထူးမှတ်လေ။]

## ပဉ္စဝဂ္ဂိရဟန်း ၅-ပါး

၉၇၁-မေး။ ။ပဉ္စဝဂ္ဂိရဟန်း ငါးပါးကား-အဘယ်နည်း။

၉၇၁-ဖြေ။ ။(၁) ကောဏ္ဍည။ (၄) မဟာနာမ်။
(၂) ဘဒ္ဒိယ။ (၅) အဿဇိ။
(၃) ဝပ္ပ။

ဤငါးပါးတည်း။

[ငါးပါးစု၍ ညီညွတ်စွာနေလေသောကြောင့် ပဉ္စဝဂ္ဂီဟုဆိုသည်။ ။ ဝဂ္ဂသဒ္ဒါကား အပေါင်းအစုကို ဟော၏၊ ဤပဉ္စဝဂ္ဂီ ရဟန်းတို့ကား ဘုရားလောင်းဘွားတော်မူသောအခါ လက္ခဏာဘတ်သောပုဏ္ဏားငါးယောက်ပင်တည်း။]

## ဘုရားလောင်းပဋိသန္ဓေနေသောစိတ်

၉၇၂-မေး။ ။ဘုရားလောင်းတို့ကား အဘယ်မည်သော ဝိပါက်စိတ်နှင့်ပဋိသန္ဓေနေတော်မူသနည်း။

၉၇၂-ဖြေ။ ။မေတ္တာပုဗ္ဗဘာဂ သောမနဿသဟဂတ ဉာဏသမ္ပယုတ္တ အသင်္ခါရိကကုသလစိတ္တဿ ဝိပါကဘူတေန သမေန ပဌမဝိပါကစိတ္တေနေဝ ပဋိသန္ဓိံ ဂဏှိ။

ဤသို့ကျမ်းလာရကား—မေတ္တာပြဋ္ဌာန်းသော သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်အသင်္ခါရိကကုသိုလ်၏ အကျိုးဖြစ်သော မဟာဝိပါက် ဉာဏသမ္ပယုတ် အသင်္ခါရိကပဌမစိတ်ဖြင့် ပဋိသန္ဓေနေတော်မူသတည်း။

## ဝိရတိ ၃—ပါး

၉၇၃-မေး။ ။ဝိရတိသုံးပါးကား-အဘယ်နည်း။

၉၇၃ ဖြေ။ ။(၁) သမ္ပတ္တဝိရတိ။
(၂) သမာဒါနဝိရတိ။
(၃) သမုစ္ဆေဒဝိရတိ။

ဤသုံးပါးတည်း။

## သမ္ပတ္တဝိရတိ

၉၇၄ မေး။ ။သမ္ပတ္တဝိရတိဟူသည်ကား-အဘယ်နည်း။

၉၇၄-ဖြေ။ ။သိက္ခာပုဒ်ကို မဆောက်တည်မူ၍ ကြဉ်အပ်သော ဝတ္ထုအနီးသို့ရောက်မှကြဉ်သည်လျှင် သမ္ပတ္တဝိရတိမည်သတည်း။

## သမာဒါနဝိရတိ

၉၇၅-မေး။ ။သမာဒါနဝိရတိကား-အဘယ်နည်း။

၉၇၅-ဖြေ။ ။ပါဏာတိပါတာဝေရမဏီ-ဟုသိက္ခာပုဒ်ကိုဆောက် တည်လျက် ကြဉ်ခြင်းသည် သမာဒါနဝိရတိမည်သတည်း။

## သမုစ္ဆေဒဝိရတိ

၉၇၆-မေး။ ။သမုစ္ဆေဒဝိရတိကား-အဘယ်နည်း။

၉၇၆-ဖြေ။ ။လောကုတ္တရာစိတ်၌ဖြစ်သော ဝိရတိသည် မကောင်း မှုကိုဖြတ်သောအားဖြင့်ကြဉ်သောကြောင့် သမုစ္ဆေဒဝိရတိမည်သတည်း။

## ငရဲကျပြီးမှ ကောင်းမှုသတိရ၍နတ်ပြည်ရောက်ပုံ

၉၇၇-မေး။ ။အကြင်သူသည် တစိုးတစိသော မကောင်း မှုကို အောက်မေ့မိ၍ ငရဲပြည်၌ဖြစ်လေ၏၊ ထိုငရဲပြည်၌ ကုသိုလ်ကောင်းမှုကို အောက်မေ့နိုင်ပြန်၍ တဘန် နတ်ပြည်၌ဖြစ်လေ၏၊ အဘယ်သူသည် ဖြစ်လေဘူး သနည်း။

၉၇၇-ဖြေ။ ။ဒီဃပနန္ဒအမည်ရှိသော ကျည်းကုလားသည် စုတေ လေသောအခါ ဥဿဒ္ဒရက်ငရဲ၏အနီး၌ဖြစ်လေ၏၊ ထိုအခါ ငရဲမီးလျှံ၏ အသံကိုကြား၍ ကြည့်သည်ရှိသော် ငရဲမီးလျှံကိုမြင်၍ မိမိရှေး၌ ပြုခဲ့ဘူး သော အာကာသစေတီတော်၌ မိမိလှူခဲ့ဘူးသောတံခွန်ကို အောက်မေ့မိ သော ခဏ၌ ထိုအရပ်မှစုတေ၍နတ်ပြည်၌ ဖြစ်လေဘူး၏၊ ဤသည်လျှင် ကုသိုလ်ကောင်းမှုကို အောက်မေ့မိပြန်၍ နတ်ပြည်၌ဖြစ်လေသတည်း။

ထိုမှတပါးလည်း ဒါယကာတဦးသည် မိမိသားဖြစ်သော ပဉ္စင်းအား အစာမချေသောပုဆိုးကိုလှူခဲ့ဘူး၏၊ ထိုဒါယကာသည် အယူမှား၍ ဥဿဒ္ဒ ရက်ငရဲ၏အနီး၌ဖြစ်လေ၏၊ ထိုအခါ ငရဲမီးလျှံကိုမြင်သော် မိမိသားအား ပုဆိုးလှူခဲ့ဘူးသောကောင်းမှုကို အောက်မေ့မိ၏၊ ထိုအခါ ထိုအရပ်မှ စုတေ၍နတ်ပြည်၌ဖြစ်ပြန်လေ၏။

ရှေးသောအခါ တဦးသောအမတ်သည်လည်း အယူမှား၍ ငရဲ၌ဖြစ် လေ၏၊ ငရဲထိန်းတို့ဆောင်ယူ၍ ယမမင်းအား ပြပေကုန်၏၊ ထိုအခါ ယမမင်းလည်း ဒေဝဒူတ ငါးပါးကိုမေး၏၊ ထိုအမတ်လည်း မအောက်မေ့မိဟုဆို၏။

ထိုအခါယမမင်းလည်း ဤသို့ဆို၏၊"သင်သည်မဟာစေတီကို ပူဇော်သောအခါ၌ကိုလည်းအလှူအဘို့ကိုဝေပေ၏"ဟူ၍သက်သေခံသဖြင့် ပြုခဲ့ဘူးသော ကောင်းမှုကို အောက်မေ့စေ၏၊ ထိုအမတ်လည်း သတိရ၍ကောင်းမှုကိုအဘန်တလဲလဲအောက်မေ့လေ၏၊ ထိုအရပ်မှ စုတေသဖြင့် နတ်ပြည်၌ဖြစ်လေ၏။

ထို့ကြောင့် ကောင်းမှုကုသိုလ်ပြုသော သူတို့သည် ယမမင်းကို တိုင်ကြားသက်သေပြု၍ပေးကုန်ရာသည်၊ ဤသို့လည်းအထူးမှတ်။

## ဝိတက် ၃-ပါး

၉၇၇-မေး။ ။ဝိတက်သုံးပါးကား– အဘယ်နည်း။

၉၇၇-ဖြေ။ ။(၁) ကာမဝိတက်။ (၃) ဝိဟိံသာဝိတက်။
(၂) ဗျာပါဒဝိတက်။

ဤသုံးပါးတည်း။

ထိုဝိတက်သုံးပါးတို့တွင်–

(၁) ကိလေသာနှင့်စပ်သည်၌ ကြံစည်ခြင်းသည် ကာမဝိတက်မည်၏။

(၂) ရန်ငြိုးဖွဲ့သောသူတို့၌ကြံစည်ခြင်းသည်ဗျာပါဒဝိတက်မည်၏။

(၃) သူတပါးတို့အား ညှဉ်းဆဲခြင်းကိုကြံစည်ခြင်းသည် ဝိဟိံသာဝိတက်မည်၏။

ဤကား ဝိတက်သုံးပါး၏ လက္ခဏာသဘောတည်း။

## တရားနာရကျိုး ၅-ပါး

၉၇၉-မေး။ ။တရားနာခြင်းအကျိုးငါးပါးကား–အဘယ်နည်း။

၉၇၉-ဖြေ။ ။ပဉ္စိမေ ဘိက္ခဝေ အာနိသံသာဓမ္မသဝနေ။ ကတမေ ပဉ္စ။ အသုတံသုဏာတိ၊ သုတံပရိယောဒါပေတိ၊ ကင်္ခံ ဝိနောဒေတိ၊ ဒိဋ္ဌိံ ဥဇုံကရောတိ၊ စိတ္တမဿပသီဒတိ။ ဣမေခေါ ဘိက္ခဝေ ပဉ္စာနိသံသာဓမ္မသဝနေ။

ဤသို့ ဘုရားဟောတော်မူရကား–

(၁) မကြားဘူးသေးသော တရားစကားကို ကြားရခြင်း။

(၂) ကြားဘူးလေပြီးသောတရားစကားကို ဖြူစင်စေခြင်း။

(၃) ယုံမှားသက်ာ ပျောက်ခြင်း။

(၄) အယူကို ဖြောင့်စွာဖြစ်စေခြင်း။
(၅) စိတ်နှလုံး၏ကြည်ညွတ်စွာဖြစ်ခြင်း။
ဤငါးပါးတည်း။

### ဝုတင် ၁၃-ပါး

၉၈၀-မေး။ ။ဓုတင် တဆဲ့သုံးပါးကား အဘယ်နည်း။
၉၈၀-ဖြေ။ ။(၁) ပံသုကူ။
(၂) တိစီဝရိက်။ (၈) အာရညကင်။
(၃) ပိဏ္ဍပါတ်။ (၉) ရုက္ခမူ။
(၄) သပဒါနစာရိက။ (၁၀) အဗ္ဘောကာသိက။
(၅) ဧကာသနိက်။ (၁၁) သုသာန။
(၆) ပတ္တပိုဏ်။ (၁၂) ယထာသန္တတိက။
(၇) ခလုပစ္ဆာဘတ္တိက။(၁၃) နိသဇ်။
ဤသည်လျှင် ဓုတင်တဆဲ့သုံးပါးတည်း။

### ပံသုကူဓုတင်ဆောက်တည်ပုံ

၉၈၁-မေး။ ။ထိုဓုတင်တဆဲ့သုံးပါးတို့တွင် ပံသုကူဓုတင်ကို အဘယ်သို့ ဆောက်တည်ရာသနည်း။
၉၈၁-ဖြေ။ ။"ဂဟပတိစီဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကင်္ဂံ သမာဒိယာမိ"။
ဤသို့ ဆောက်တည်ရာ၏။

အနက်ကား-ဂဟပတိစီဝရံ၊ ဒါယကာတို့သည် လက်ဖြင့်ကမ်း၍ လှူအပ်သောသင်္ကန်းကို။ ပဋိက္ခိပါမိ၊ ပယ်၏။ ပံသုကူလိကင်္ဂံ၊ ပံသုကူဆောက်တည်ခြင်းဟူသော အင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

### တိစီဝရိက်ဓုတင်ဆောက်တည်ပုံ

၉၈၂-မေး။ ။တိစီဝရိက်ဓုတင်ကို အဘယ်သို့ ဆောက်တည်ရာသနည်း။
၉၈၂-ဖြေ။ ။"စတုတ္ထစီဝရံ ပဋိက္ခိပါမိ၊ တေစီဝရိကင်္ဂံ သမာဒိယာမိ"။
ဤသို့ ဆောက်တည်ရာ၏။

အနက်ကား-စတုတ္ထစိတ်ရှိ၊ လေးထည်မြောက်သော သက်နိုးကို။ ပဋိက္ခိပါမိ၊ ပယ်၏။ ဟောစိပရိကင်္၊ တိစိပရိက်ဟူသောအင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်၏။

## ပိဏ္ဍပါတ်ဓုတင်ဆောက်တည်ပုံ

၉၇၃-မေး။ ။ပိဏ္ဍပါတ်ဓုတင်ကို အဘယ်သို့ ဆောက်တည်ရာသနည်း။

၉၇၃-ဖြေ။ ။"အတိရေကလာဘံ ပဋိက္ခိပါမိ၊ ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ"။

ဤသို့ ဆောက်တည်ရာ၏။

အနက်ကား–အတိရေကလာဘံ၊ ပိဏ္ဍိယာလောပ ဘောဇဉ်ထက်လွန်သောလာဘ်ကို။ ပဋိက္ခိပါမိ၊ ပယ်၏။ ပိဏ္ဍပါတိကင်္ဂံ၊ ပိဏ္ဍပါတ်ကျင့်ဝတ်တည်းဟူသော အင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်၏။

## သပဒါနဓုတင်ဆောက်တည်ပုံ

၉၇၄-မေး။ ။သပဒါနဓုတင်ကို အဘယ်သို့ ဆောက်တည်ရာသနည်း။

၉၇၄-ဖြေ။ ။"လောလုပ္ပစာရံ ပဋိက္ခိပါမိ၊ သပဒါနစာရိကင်္ဂံ သမာဒိယာမိ"။

ဤသို့ ဆောက်တည်ရာ၏။

အနက်ကား–လောလုပ္ပစာရံ၊ ကုသိုလ်ဘဏ္ဍာကို ပြင်းစွာလုယက်တတ်သောတဏှာ၏ အဖြစ်တည်းဟူသော လောလုပ္ပစာရကို။ပဋိက္ခိပါမိ၊ ပယ်၏။ သပဒါနစာရိကင်္ဂံ၊ အိမ်စဉ် ရွာစဉ် ခရီးစဉ် မပြတ် ခံခြင်းတည်းဟူသော သပဒါနစာရိကဓုတင်ကို။ သမာဒိယာမိ၊ ဆောက်တည်၏။

## ကောသနိက်ဓုတင်ဆောက်တည်ပုံ

၉၇၅-မေး။ ။ကောသနိက်ဓုတင်ကို အဘယ်သို့ ဆောက်တည်ရာသနည်း။

၉၇၅-ဖြေ။ ။"နာနာသနဘောဇနံ ပဋိက္ခိပါမိ၊ ကောသနိကင်္ဂံ သမာဒိယာမိ"။

ဤသို့ ဆောက်တည်ရာသတည်း။

အနက်ကား-နာနာသနဘောဇနံ၊ တထိုင်တည်းမှတပါး အထူးထူးသော ဇူရိယာပုထ်နေရာ၌ စားသောက်ခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်၏။ ဧကာသနိကင်္ဂ၊ တထိုင်တည်းသာနေ၍ ဘုဉ်းပေးခြင်းတည်းဟူသော ဓုတင်ကို။ သမာဒိယာမိ၊ ဆောက်တည်၏။

## ပတ္တပိုဏ်ဓုတင်ဆောက်တည်ပုံ

၉၇၆-မေး။ ။ပတ္တပိုဏ်ဓုတင်ကို အဘယ်သို့ ဆောက်တည်ရာသနည်း။

၉၇၆-ဖြေ။ ။"ဒုတိယဘာဇနံ ပဋိက္ခိပါမိ၊ ပတ္တပိဏ္ဍိကင်္ဂံ သမာဒိယာမိ"။

ဤသို့ ဆောက်တည်ရာ၏။

အနက်ကား—ဒုတိယဘာဇနံ၊ သပိတ်မှနှစ်ခုမြောက်သော ဘောဇဉ်ထည့်ရာခွက်ကို။ ပဋိက္ခိပါမိ၊ ပယ်၏။ ပတ္တပိဏ္ဍိကင်္ဂ၊ ပတ္တပိုဏ်ဟူသော အင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်၏။

## ခလုပစ္ဆာဘတ္တိကဓုတင်ဆောက်တည်ပုံ

၉၇၇-မေး။ ။ခလုပစ္ဆာဘတ္တိကဓုတင်ကို အဘယ်သို့ ဆောက်တည်ရာသနည်း။

၉၇၇ ဖြေ။ ။"အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ၊ ခလုပစ္ဆာဘတ္တိကင်္ဂ သမာဒိယာမိ"။

ဤသို့ ဆောက်တည်ရာ၏။

အနက်ကား-အတိရိတ္တဘောဇနံ။ ပဝါရိတ်သင့်လေပြီး သောနောက်မှ ရသည်ဖြစ်၍ ဝိနည်းကံ အလျှောက် အတိရိက် ဖြစ်ပြီးသောဆွမ်းကို။ ပဋိက္ခိပါမိ၊ ပယ်၏။ ခလုပစ္ဆာဘတ္တိကင်္ဂ၊ ပဝါရိတ်ဖြစ်ပြီးသည်နောက်မှရသော ပစ္ဆာဘတ်ကို ဝိနည်းကံအလျှောက်ပြု၍ မဘုဉ်းပေးခြင်းတည်းဟူသော အင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်၏။

## အာရညကင်ဓုတင် ဆောက်တည်ပုံ

၉၇၈-မေး။ ။အာရညကင်ဓုတင်ကို အဘယ်သို့ ဆောက်တည်ရာသနည်း။

၉၈၈-ဖြေ။ ။"ဂါမန္တသေနာသနံ ပဋိက္ခိပါမိ၊ အာရညိကင်္ဂံ သမာဒိယာမိ"။

ဤသို့ဆောက်တည်ရာသတည်း။

အနက်ကား-ဂါမန္တသေနာသနံ၊ ဥပစာရနှင့်တကွ ရွာကျောင်းကို။ ပဋိက္ခိပါမိ၊ ပယ်၏။ အာရညိကင်္ဂံ၊ တော၌အရုဏ်တက်စေခြင်း တည်းဟူသောအင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်၏။

ရုက္ခမူဓုတင် ဆောက်တည်ပုံ

၉၈၉-မေး။ ။ရုက္ခမူဓုတင်ကို အဘယ်သို့ဆောက်တည်ရာသနည်း။

၉၈၉-ဖြေ။ ။"ဆန္နံ ပဋိက္ခိပါမိ၊ ရုက္ခမူလိကင်္ဂံ သမာဒိယာမိ"။

ဤသို့ ဆောက်တည်ရာ၏။

အနက်ကား-ဆန္နံ၊ အုတ်အစရှိသော အမိုးငါးပါးဖြင့် မိုးအပ်သော အရိပ်ကို။ ပဋိက္ခိပါမိ၊ ပယ်၏။ ရုက္ခမူလိကင်္ဂံ၊ သစ်ပင်ရင်း၌နေသော အကျင့်ရှိသော ပုဂ္ဂိုလ်၏ အကျင့် ဟူသောအင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်၏။

အဗ္ဘောကာသိကဓုတင်ဆောက်တည်ပုံ

၉၉၀ မေး။ ။အဗ္ဘောကာသိကဓုတင်ကို အဘယ်သို့ ဆောက်တည်ရာသနည်း။

၉၉၀-ဖြေ။ ။"ဆန္နဉ္စ ရုက္ခမူလဉ္စ ပဋိက္ခိပါမိ၊အဗ္ဘောကာသိကင်္ဂံ သမာဒိယာမိ"။

ဤသို့ဆောက်တည်ရာသတည်း။

အနက်ကား-ဆန္နဉ္စ၊ အမိုးကိုငှင်း။ ရုက္ခမူလဉ္စ၊ သစ်ပင်ရိပ်ကိုငှင်း။ ပဋိက္ခိပါမိ၊ ပယ်၏။ အဗ္ဘောကာသိကင်္ဂံ၊ လွင်ဖြစ်သောကောင်းကင်ရိပ်၌နေသောအလေ့ရှိသောပုဂ္ဂိုလ်တို့၏ အကျင့်ဟူသောအင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်၏။

သုသာန်ဓုတင်ဆောက်တည်ပုံ

၉၉၁-မေး။ ။သုသာန်ဓုတင်ကို အဘယ်သို့ ဆောက်တည်ရာသနည်း။

၉၉၁-ဖြေ။ ။"န သုသာနံ ပဋိက္ခိပါမိ၊သောသာနိကင်္ဂံ သမာဒိယာမိ"။

ဤသို့ဆောက်တည်ရာသတည်း။

အနက်ကား-နသုသာနံ–သုသာနတောအညံ၊ သုသာန်လက္ခဏာမ ရှိသော တပါးသောနေရာအရပ်ကို။ပဋိက္ခိပါမိ၊ပယ်၏။ သောသာနိကင်္ဂံ၊ သုသာန်လက္ခဏာရှိသောအရပ်၌နေခြင်း တည်းဟူသောအင်္ဂါကို။သမာဒိ ယာမိ၊ ဆောက်တည်၏။

## ယထာသန္ထတိဓုတင် ဆောက်တည်ပုံ

၉၉၂-မေး။ ။ယထာသန္ထတိဓုတင်ကို အဘယ်သို့ ဆောက်တည် ရာသနည်း။

၉၉၂-ဖြေ။ ။"သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ၊ ယထာသန္ထတိ- ကင်္ဂံ သမာဒိယာမိ"။

ဤသို့ ဆောက်တည်ရာ၏။

အနက်ကား-သေနာသနလောလုပ္ပံ၊ ရဟန်းတပါးကို ထစေခြင်း, တိုး ဝေ့၍အိပ်ခြင်း အစရှိသော သေနာသနလောလုပ္ပကို။ ပဋိက္ခိပါမိ၊ ပယ် ၏။ ယထာသန္ထတိကင်္ဂံ၊ ယထာသန္ထတိအင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်၏။

## နိသဇ္ဇဓုတင် ဆောက်တည်ပုံ

၉၉၃-မေး။ ။နိသဇ္ဇဓုတင်ကို အဘယ်သို့ဆောက်တည်ရာသနည်း။

၉၇၃-ဖြေ။ ။"သေယျံ ပဋိက္ခိပါမိ နေသဇ္ဇိကင်္ဂံ သမာဒိယာမိ"။

ဤသို့ ဆောက်တည်ရာ၏။

အနက်ကား-သေယျံ၊ အိပ်ခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်၏။ နေသဇ္ဇိ- ကင်္ဂံ၊ နိသဇ္ဇအင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်၏။

ဤသည်လျှင် ဓုတင်တဆဲ့သုံးပါးကို ဆောက်တည်ရာသောနည်းတည်း။

## ကျွန်သာမဏေပြုပေးရသော အကျိုး

၉၉၄-မေး။ ။အကြင်သူသည် မိမိပိုင်သောကျွန်ကို သာသနာ တော်သို့သွင်း၍ သာမဏေအဖြစ်ဖြင့်ချီးမြှောက်ရ၏၊ ထိုကျွန်ရှင်သည် အတိမျှလောက်အကျိုးကို ရပေါ အံ့နည်း။

၉၉၄-ဖြေ။ ။မိမိကျွန်ကို သာမဏေပြုရသော အကျိုးကား လေး ကမ္ဘာတိုင်တိုင် အကျိုးခံစားရ၏။

### ကျွန် ရဟန်းပြုပေးရသော အကျိုး

၉၉၅-မေး။ ။ကျွန်ကို ပဉ္စင်းခံသော အကျိုးကား အတိမျှအကျိုး ခံစားရသနည်း။

၉၉၅-ဖြေ။ ။ကျွန်ကို ပဉ္စင်းခံသော် ကျွန်နှင့်အရှင်သည် ရှစ်ကမ္ဘာ တိုင်တိုင် အကျိုးခံစားရ၏။

### မိမိသား သာမဏေပြုပေးရသော အကျိုး

၉၉၆-မေး။ ။အကြင်သူသည် မိမိသားကို သာမဏေ၏အဖြစ်ဖြင့် ချီးမြှောက်ရသော်အတိမျှအကျိုးခံစားရလေသနည်း။

၉၉၆-ဖြေ။ ။မိမိသားကို သာမဏေပြုရသော် ရှစ်ကမ္ဘာတိုင်တိုင် အကျိုးခံစားရ၏။

### မိမိသား ပဉ္စင်းခံပေးရသော အကျိုး

၉၉၇-မေး။ ။မိမိသားကို ပဉ္စင်းခံရသော် အတိမျှအကျိုးခံစားရ လေသနည်း။

၉၉၇-ဖြေ။ ။မိမိသားကို ပဉ္စင်းခံရသော်ကား တဆဲ့ခြောက် ကမ္ဘာတိုင်တိုင် အကျိုးခံစားရ၏။

### မိမိ သာမဏေပြုသော အကျိုး

၉၉၈-မေး။ ။အကြင်သူသည် မိမိကိုယ်တိုင် သာမဏေ ပြုပေဒွံ့၊ အကျိုးအတိမျှနည်း။

၉၉၈-ဖြေ။ ။မိမိကိုယ်တိုင် သာမဏေပြုငြားတုံအံ့၊ သုံးဆဲ့နှစ် ကမ္ဘာတိုင်တိုင် အကျိုးခံစားရ၏။

### မိမိ ပဉ္စင်းခံသော အကျိုး

၉၉၉-မေး။ ။မိမိကိုယ်တိုင် ပဉ္စင်းခံငြားအံ့၊ အတိမျှအကျိုးခံရ လေသနည်း။

၉၉၉-ဖြေ။ ။မိမိကိုယ်တိုင် ပဉ္စင်းခံသောအကျိုးကား ခြောက်ဆဲ့ လေးကမ္ဘာတိုင်တိုင် လူ့နတ်ချမ်းသာကို ခံစံရ၏၊ ထိုမှတပါးလည်း ဤသို့ ဟောတော်မူ၏။

အညတြ လောကနာထေန၊ သကလံ ပဗ္ဗဇ္ဇဖလံ။
ဝတ္တုံ ကောနာမ သမတ္ထော၊ မုခါနံ နဟုတေန စ။ ။

လောကနာထေန-လောကနာထံ၊ ငါဘုရားကို။ အညတြ၊ ထားဘိ၍။ မုခါနံနပဟုတေန၊ ခံတွင်းအသောင်းနှင့်။ သကလံ၊ အလုံးစုံသော။ ပဗ္ဗဇ္ဇာဖလံ၊ ရဟန်း၏အကျိုးကို။ ဝတ္တုံ၊ ဆိုအံ့ ရေတွက်အံ့သောငှါ။ ကောသ၊ အသူသည်။ သမတ္ထော၊ စွမ်းနိုင်လေအံ့နည်း။

တနည်းလည်း မဟာပထဝီမြေကြီးကို မင်ခွက်ပြု၍, မဟာသမုဒ္ဒရာရေကို မင်ဆေးပြု၍, ကောင်းကင်ကို ပေရွက်ပြု၍, မြင်းမိုရ်တောင်ရှိလောက်ကြီးစွာသောစုတ်ဖြင့် အသက်တကမ္ဘာနေသော ဗြဟ္မာသည် ရဟန်းပြုသောအကျိုးကို ဤရွေ့ဤမျှဟု ရေတွက်ငြားသော်လည်း အဆုံးတိုင်ရေတွက်ရေးသားခြင်းငှါ မစွမ်းနိုင်ရာသတည်း။

## လိင်္ဂနာသန ၁၀-ပါး

**၁၀၀၀-မေး။** ။သာမဏေတို့အား လိင်္ဂနာသန ဆယ်ပါးကား အဘယ်နည်း။

**၁၀၀၀-ဖြေ။** ။(၁) သူ၏အသက်ကိုသတ်ခြင်း။

(၂) သူ၏ဥစ္စာကို ခိုးယူခြင်း။

(၃) မမြတ်သော မေထုန်အကျင့်ကို ကျင့်ခြင်း။

(၄) မဟုတ်မမှန်သော စကားကို ဆိုခြင်း။

(၅) သုရာငါးပါး, မေရယငါးပါးတို့ကို သောက်စားခြင်း။

(၆) ဘုရားမြတ်စွာ၏ ကျေးဇူးမဲ့ကိုဆိုခြင်း။

(၇) တရားတော်၏ ကျေးဇူးမဲ့ကို ဆိုခြင်း။

(၈) သံဃာတော်၏ ကျေးဇူးမဲ့ကို ဆိုခြင်း။

(၉) မိစ္ဆာအယူကို ယူခြင်း။

(၁၀) ဘိက္ခုနီမကို မေထုန်ဖြင့် ဖျက်ဆီးခြင်း။

ဤကား လိင်္ဂနာသနတည်း။

[ထိုလိင်္ဂနာသနဆယ်ပါးတို့တွင် တပါးပါး ပျက်သော်ကား သာမဏေအား သာမဏေ၏အသွင်ကိုဖျက်၍ လူဖြစ်စေပြီးမှ သရဏဂုံဒသသီလတို့ကိုပေး၍ သာမဏေဖြစ်စေအပ်၏။]

## ဒဏ္ဍကမ္မ ၁၀ ပါး

**၁၀၀၁-မေး။** ။ဒဏ္ဍကမ္မ ဆယ်ပါးဟူသည် အဘယ်နည်း။

**၁၀၀၁-ဖြေ။** ။(၁) နေလွဲညစာ စားသောက်ခြင်း တပါး။

(၂) ကခြင်း,သီခြင်း,တီးမှုတ်ခြင်း,သဘင်ပွဲလမ်းကြည့်ရှုခြင်းတပါး။

(၃) ပန်းပန်ခြင်း,နံ့သာလိမ်းခြင်း,နံ့သာပျောင်းလိမ်းခြင်းတပါး။
(၄) မအပ်သော မြင့်မြတ်သောနေရာ၌ နေခြင်း တပါး။
(၅) ရွှေငွေစသော ရတနာကို ကိုင်ယူခြင်း တပါး။
(၆) ရဟန်းတို့အား လာဘ်မရစေခြင်းငှါ လုံ့လပြုခြင်း တပါး။
(၇) ရဟန်းတို့အား နေရာမရစေခြင်းငှါ လုံ့လပြုခြင်း တပါး။
(၈) ရဟန်းတို့အား အကျိုးစီးပွါးမရှိစေခြင်းငှါ လုံ့လပြုခြင်းတပါး။
(၉) ရဟန်းတို့အား ဆဲရေး ဆိုမြည် ရေးရွတ်ခြင်းတပါး။
(၁၀) ရဟန်းချင်းချင်းမညီညွတ်စေအောင် ဖျက်ခြင်းတပါး။

ဤကား-ဒဏ်ဆယ်ပါးတည်း၊ ထိုဆယ်ပါးတို့တွင် တပါးပါးပျက်သော သာမဏေအား အရာနှင့်လျော်စွာ ဒဏ်ပေးအပ်၏။

ဤကား သာမဏေတို့မှတ်အပ်သော ဒဏ္ဍကမ္မ ဆယ်ပါးတည်း။

[မျက်စိတမှိတ် လက်ဖစ်တတွက်သည် တခဏမည်၏၊ ဆယ်ခဏသည် တလယမည်၏၊ ဆယ်လယသည်တခရာမည်၏၊ ဆယ်ခရာသည် တပြန်မည်၏၊ ခြောက်ပြန်သည် တမိဇနာမည်၏၊ တဆဲ့ငါးမိဇနာသည် တပါဒ်မည်၏၊ လေးပါဒ်သည် တနာရီမည်၏၊ နာရီခြောက်ဆယ်သည် တရက်မည်၏။

ပရမာဏုမြူ သုံးဆဲ့ခြောက်လုံးသည် အဏုမြူမည်၏၊ အဏုမြူ သုံးဆဲ့ခြောက်လုံးသည် တဇ္ဇာရီမြူမည်၏၊ တဇ္ဇာရီမြူသုံးဆဲ့ခြောက်လုံးသည် ရထရေဏုမြူမည်၏၊ ရထရေဏုမြူ သုံးဆဲ့ခြောက်လုံးသည် လိက္ခာမြူ မည်၏၊ လိက္ခာမြူခုနစ်လုံးသည် သန်းဦးခေါင်းပမာဏရှိ၏၊ သန်းဦးခေါင်းခုနစ်လုံးသည် မုန်ညင်းစေ့တလုံးမည်၏၊ မုန်ညင်းခုနစ်စေ့သည် နှမ်းတလုံးမည်၏၊ နှမ်းခုနစ်လုံးသည် စပါးတလုံးမည်၏၊ စပါးခုနစ်လုံးသည် တလက်သစ်မည်၏၊ တဆဲ့နှစ်လက်သစ်သည် တထွာမည်၏၊ နှစ်ထွာသည် တတောင်မည်၏၊ ခုနစ်တောင်သည် တတာမည်၏၊ တာနှစ်ဆယ်သည် တဥသဘမည်၏၊ လေးဥသဘသည်တဂါဝုတ်မည်၏၊ လေးဂါဝုတ်သည် တယူဇနာမည်၏။

တနည်းကား ခုနစ်တောင်ကိုတတာ၊ အတာတထောင်ကို တတိုင်၊ ခြောက်တိုင်နှင့်တာလေးရာကို တယူဇနာမည်၏ဟု ဆရာတို့ မိန့်တော်မူကုန်သည်။

## သပိတ်မှောက် အင်္ဂါ ၈-ပါး

၁၀၀၂-မေး။ ။အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဒါယကာအားကား ရဟန်းတို့ သပိတ်မှောက်ရာ၏၊ ထိုအင်္ဂါရှစ်ပါးကား အဘယ်နည်း။

**၁၀၀၂-ဖြေ။** ။"ဘိက္ခုနံ့ အလာဘာယ ပရိသက္ကတိ၊ ဘိက္ခုနံ့ အနတ္ထာယ ပရိသက္ကတိ၊ ဘိက္ခုနံ့ အဝါသာယ ပရိသက္ကတိ၊ ဘိက္ခုနံ့ အက္ကောသတိ ပရိဘာသတိ၊ ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ၊ဗုဒ္ဓဿ အဝဏ္ဏံ ဘာသ-သတိ၊ ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ၊ အနုဇာနာမိ ဘိက္ခဝေ ဣမေဟိ အဋ္ဌ-ဟင်္ဂေဟိ သမန္နာဂတဿ ဥပါသကဿ ပတ္တံ နိကုဇ္ဇိတုံ"။

ဤသို့ ဝိနည်းကျမ်း၌ လာရကား—

(၁) ရဟန်းတို့အား လာဘ်မရစေခြင်းငှါ လုံ့လပြုခြင်း။
(၂) ရဟန်းတို့အား အကျိုးစီးပွား မရှိစေခြင်းငှါ လုံ့လပြုခြင်း။
(၃) ရဟန်းတို့အား နေရာမရစေခြင်းငှါ လုံ့လပြုခြင်း။
(၄) ရဟန်းတို့အား ဆဲရေး ဆိုမြည် ရေရွတ်ခြင်း။
(၅) ရဟန်းတို့ချင်းချင်း မညီမညွတ်အောင် ဖျက်ဆီးခြင်း။
(၆) ဘုရားကျေးဇူးမဲ့ကို ဆိုခြင်း။
(၇) တရားကျေးဇူးမဲ့ကို ဆိုခြင်း။
(၈) သင်္ဃာကျေးဇူးမဲ့ကို ဆိုခြင်း။

ဤကား သပိတ်မှောက်ရသော အင်္ဂါရှစ်ပါးတည်း။

ဤရှစ်ပါးသောအင်္ဂါနှင့် ပြည့်စုံသောဒါယကာတို့အား ရဟန်းသင်္ဃာ အပေါင်းတို့ ဉတ်ကမ္မဝါစာဖြင့် သပိတ်မှောက်ရာ၏။

## ပုဗ္ဗကရဏ ၄-ပါး

**၁၀၀၃-မေး။** ။ရဟန်းအား ဥပုသ်မပြုမီ ရှေးအဘို့၌ပြုလင့်ရသော ပုဗ္ဗကရဏ လေးပါးကား အဘယ်နည်း။

**၁၀၀၃-ဖြေ။** ။(၁) သိမ်အပြင်၌ တံမြက်လှည်းခြင်း။
(၂) ဆီမီးညှိခြင်း။
(၃) သောက်ရေ,သုံးဆောင်ရေထားခြင်း။
(၄) နေရာခင်းခြင်း။

ဤလေးပါးတည်း။

### ပုဗ္ဗကိစ္စ ၅-ပါး

၁၀၀၄-မေး။ ။ဥပုသ်မပြုမီ ပြုရသောကိစ္စ ငါးပါးကား အဘယ်နည်း။

၁၀၀၄-ဖြေ။ ။(၁) ဆန္ဒဆောင်ခြင်း။
(၂) ပါရိသုဒ္ဓိဆောင်ခြင်း။
(၃) ဥတုကို ကြားခြင်း။
(၄) သိမ်ရောက်ရဟန်းတို့ကို ရေတွက်ခြင်း။
(၅) ဘိက္ခုနီမတို့ကို ဆုံးမခြင်း။

ဤသည်လျှင် ပုဗ္ဗကိစ္စ ငါးပါးတည်း။

### ခင်ပုပ်ငှက် ဗျာဒိတ်ရခြင်းအကြောင်း

၁၀၀၅-မေး။ ။အဘယ်မည်သောတိရစ္ဆာန်သည် ဘုရားသခင်အား ရှိသေစွာပူဇော်၍ ဗျာဒိတ်ရဘူးလေသနည်း။

၁၀၀၅။-ဖြေ။ ။ငါတို့ဘုရားသခင် ဝေဠုဝနကျောင်း၌ နေတော်မူသောအခါ ခင်ပုပ်ငှက်ငယ်တခုသည် ဘုရားသခင် ဆွမ်းခံကြွတော်မူသည်ကိုလည်း ပို့လိုက်၏၊ ပြန်တော်မူလတ်သည်ကိုလည်း ခရီးဦး ကြိုဆိုလင့်၏၊ သယ်ာတော် အပေါင်းနှင့်တကွ နေတော်မူသောအခါလည်း အတောင်နှစ်ဘက်ကို ရှက်လျက် မြေတွင်နှုတ်သီးစိုက်၍ ရှိခိုးပူဇော်၍နေ၏။

ထိုအခါ ခင်ပုပ်ငှက်ငယ်အား အလွန်သနားတော်မူ၍ ဗျာဒိတ်စကား ကြားတော်မူပေ၏၊ "ချစ်သားအာနန္ဒာ....ဤခင်ပုပ်ငှက်သည် ကမ္ဘာတသိန်းတိုင်တိုင် အပါယ်လေးပါးမလားမူ၍ လူ့ချမ်းသာ, နတ်ချမ်းသာကိုခံစားပြီးသော် သောမနဿပစ္စေကဗုဒ္ဓါ ဖြစ်ပေလတ္တံ့" ဟု ဗျာဒိတ်ထားတော်မူသတည်း။

### ကျောင်းအလှူကို ခံခြင်း ၃-ပါး

၁၀၀၆-မေး။ ။ရဟန်းတို့ကျောင်းအလှူကို ခံခြင်းသုံးပါးကား အဘယ်နည်း။

၁၀၀၆-ဖြေ။ ။(၁) ပုဂ္ဂလိကကျောင်း။
(၂) ဂဏိကကျောင်း။
(၃) သံဃိကကျောင်း။

ဤသုံးပါးတည်း။

## ပုဂ္ဂလိက လှူသောကျောင်း

**၁၀၀၇-မေး။** ။ပုဂ္ဂလိကကျောင်းကား အဘယ်နည်း။

**၁၀၀၇-ဖြေ။** ။တဦးတဦးသော ပုဂ္ဂိုလ်အား ရည်မှတ်၍ လှူသော ကျောင်းတည်း။

## ဂဏိက လှူသောကျောင်း

**၁၀၀၈-မေး။** ။ဂဏိကကျောင်းကား အဘယ်နည်း။

**၁၀၀၈-ဖြေ။** ။ဂိုဏ်းသင်္ဃာအပေါင်းအားရည်၍ လှူသောကျောင်း တည်း။

## သံဃိက လှူသောကျောင်း

**၁၀၀၉-မေး။** ။သံဃိကကျောင်း ဟူသည်ကား အဘယ်နည်း။

**၁၀၀၉ ဖြေ။** ။ရောက်လာ, မရောက်လာသော စတုဒိသာ သင်္ဃာ အပေါင်းတို့အား ရည်မှတ်၍လှူသော ကျောင်းတည်း။

ပုဂ္ဂလိကကျောင်းကိုကား ပုဂ္ဂိုလ်ပေးခဲ့သော် ရ၏၊ ဂဏိက, သံဃိက ကျောင်းတို့ကို ပုဂ္ဂိုလ်မပေးအိုင်၊ပေးသော်လည်း မရချေဟူသတည်း။

[ဂဗ္ဘသေယျပုဂ္ဂိုလ်ကား-အမိဝမ်း၌ ကလလရေကြည်တည်၍ ပဋိ သန္ဓေနေသော ပုဂ္ဂိုလ်တည်း။

သံသေဒဇပုဂ္ဂိုလ်ကား- အညှီအနံ့အပုပ်ကိုစွဲ၍ ဖြစ်သောပုဂ္ဂိုလ် တည်း။

ဩပပါတိကပုဂ္ဂိုလ်ကား-တဆွဲငါးနှစ်ရွယ်, နှစ်ဆယ်ရွယ်, ပကတိ ကိုယ်ထင်ဖြစ်သော ပုဂ္ဂိုလ်တည်း၊ နတ်,ဗြဟ္မာတို့ကား-ဥပပါတ်သာ ဖြစ်သတည်း။

ဂဗ္ဘသေယျပုဂ္ဂိုလ်တို့ကား-ပဌမသတ္တာဟ၌ ကလလရေကြည်တည် ၏၊ ဒုတိယသတ္တာဟ၌ အမြှုပ်ဖြစ်၏၊ တတိယသတ္တာဟ၌ သားတစ် ဖြစ်၏၊ စတုတ္ထသတ္တာဟ၌ အခဲဖြစ်၏၊ပဉ္စမသတ္တာဟ၌ ဦးခေါင်း,ခြေ, လက်,ခက်မငါးဖြာဖြစ်၏၊ ဆဋ္ဌသတ္တာဟ၌ ဆံ,မျက်မွေး,မျက်တောင် စသည်ဖြစ်၍ ကိုယ်၏ရင့်ခြင်းဖြစ်၏၊ သတ္တမသတ္တာဟ၌ စက္ခုပသာဒ ဖြစ်၏၊ အဋ္ဌမသတ္တာဟ၌ သောတပသာဒဖြစ်၏၊ နဝမသတ္တာဟ၌ ဃာနပသာဒဖြစ်၏၊ ဒသမသတ္တာဟ၌ ဇိဝှါပသာဒဖြစ်၏၊ ဤသို့အစဉ် အတိုင်းဖြစ်၍ဘွားသဘည်း၊ ဤသို့ ပရမတ္ထသဘောကိုလည်း မှတ်ကုန် ရာ၏။]

## အနေသန ၂၁-ပါး

၁၀၁၀-မေး။ ။အနေသန နှစ်ဆဲ့တပါးကား-အဘယ်နည်း။

၁၀၁၀-ဖြေ။ ။(၁) ဝေဠုဒါနံ-ဝါးပေးခြင်း။
(၂) ပတ္တဒါနံ-သစ်ရွက်ပေးခြင်း။
(၃) ပုပ္ဖဒါနံ-ပန်းပေးခြင်း။
(၄) ဖလဒါနံ-သစ်သီးပေးခြင်း။
(၅) ဒန္တကဋ္ဌဒါနံ-ဒန်ပူပေးခြင်း။
(၆) မုခေါဒကဒါနံ-မျက်နှာသစ်ရေပေးခြင်း။
(၇) သိနာနဒါနံ-မျက်နှာချေမှုန့်ပေးခြင်း။
(၈) စုဏ္ဏဒါနံ-ကုက္ကိုမှုန့်ပေးခြင်း။
(၉) မတ္တိကဒါနံ-မြေစိုင်ပေးခြင်း
(၁၀) စာဋုကမျတာ- ချစ်ဘွယ်သော စကားကို ဆိုခြင်း။
(၁၁) ပုဂ္ဂသူပျတာ-ပဲနောက်ဟင်းသည် တချို့နပ် တချို့မနပ်သကဲ့သို့ စကားဆိုခြင်း။
(၁၂) ပါရိဘဋျတာ-အမျိုးသားငယ်ကို ချီပိုးခြင်း။
(၁၃) ဇင်္ဃပေသနိယကမ္မံ- သလုံး မြင်းခေါင်းဖြင့် အစေအပါးခံခြင်း။
(၁၄) ဝေဇ္ဇကမ္မံ-ဆေးကုခြင်း။
(၁၅) ဒူတကမ္မံ-တမန်သွားသောအမှု။
(၁၆) ဗဟိဂမနံ- ဒါယကာတို့ လယ်ယာစသော အပသို့ သွားသောအမှု။
(၁၇) ပဋိပိဏ္ဍဒါနံ-လာဘ်ကိုငဲ့၍ ဆွမ်းတုံ့ပေး ခြင်း။
(၁၈) အနုပ္ပဒါနံ-လာဘ်ကိုငဲ့၍ တံစိုးပေးခြင်း။
(၁၉) ဝတ္ထုဝိဇ္ဇာ-ဘူမိနက်သန် မြေကြန်အတတ်။
(၂၀) နက္ခတ္တဝိဇ္ဇာ-နက္ခတ်တာရာအတတ်။
(၂၁) အင်္ဂဝိဇ္ဇာ-အင်္ဂဝိဇ္ဇာအတတ်။

ဤသည်လျှင် အနေသန နှစ်ဆဲ့တပါးတည်း။
ထိုအနေသနတို့ကြောင့်ရသောပစ္စည်းတို့ကိုရဟန်းတို့မသုံးဆောင်အပ်။

[ထို့ကြောင့် ရဟန်းကောင်း ရဟန်းမြတ်တို့ ကြံ့ကုန် ရာ၏၊ ရဟန်းတို့ကုန်သွယ်၍ ရသောပစ္စည်း မိမိကိုယ်ကို ချီးမြှောက်၍ပြော ခြင်းအစရှိသော အကြောင်းကြောင့်ရသောပစ္စည်းတို့ကိုလည်း ရဟန်း တို့ မသုံးဆောင်အပ်။]

## ကုစားခြင်းငှါ မထိုက်သော အာပတ်

၁၀၁၁-မေး။ ။အတေကိစ္ဆအာပတ်ကား-အဘယ်နည်း။

၁၀၁၁ ဖြေ။ ။ပါရာဇိကလေးပါးတည်း။

ထိုလေးပါးကား- ဝုဋ္ဌာနဂါမိစသောအားဖြင့် ကုမပြားသော်လည်း မထမြောက်နိုင်၊ ဆေးကုခြင်းငှါမထိုက်။

## ကုစားခြင်းငှါ ထိုက်သော အာပတ်

၁၀၁၂-မေး။ ။သတေကိစ္ဆအာပတ်ကား-အဘယ်နည်း။

၁၀၁၂-ဖြေ။ ။ပါရာဇိကမှတပါး အာပတ်ခြောက်ပုံတည်း။

ထိုအာပတ်တို့ကား- ဝုဋ္ဌာနဂါမိစသောအားဖြင့် ကုမသည်ရှိသော် ထမြောက်နိုင်၏၊ ဆေးကုခြင်းငှါ ထိုက်သောကြောင့် သတေကိစ္ဆမည်၏။

[သံဃာဒိသိသ်ကား-လေးသော ဂရုကအာပတ်မည်၏၊ ပါရာဇိက သံဃာဒိသိသ်မှကြွင်းသော ထုလ္လစ္စဉ်း,ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်, ဒုဗ္ဘာသိသ် ၅အာပတ်ငါးပုံကား-ပေါ့သောလဟုကအာပတ်မည်၏။]

## အသုရိန်နတ် အရပ် ပမာဏ

၁၀၁၃-မေး။ ။အသုရိန် နတ်ကား- အရပ်အတိမျှလောက်ရှိလေ သနည်း။

၁၀၁၃-ဖြေ။ ။ဘဝါးကသည်ဆံတိုင်အောင် ယူဇနာ လေးထောင့် ရှစ်ရာရှိ၏။

## အသုရိန်နတ် ရင်ဝ ပမာဏ

၁၀၁၄-မေး။ ။ရင်ဝကား-အကျယ်အတိမျှရှိလေသနည်း။

၁၀၁၄-ဖြေ။ ။ရင်ဝယူဇနာနှစ်ရာအကျယ်ရှိ၏။

## အသုရိန်နတ် ခံတွင်း ပမာဏ

၁၀၁၅-ဂမေး။ ။ခံတွင်းအဝအတိမျှရှိလေသနည်း။

၁၀၁၅-ဖြေ။ ။ခံတွင်းအဝယူဇနာသုံးရာရှိ၏။

## လက်ချောင်းပမာဏ

၁၀၁၆-မေး။ ။လက်ချောင်း တဆစ်တဆစ်ကား အတိမျှရှိသနည်း။

၁၀၁၆-ဖြေ။ ။လက်ချောင်းတဆစ်ကား ယူဇနာ ငါးဆယ်စီရှိ၏။

## အသုရိန်နတ် မျက်မှောင် ၂-ခုကြား ပမာဏ

၁၀၁၇-မေး။ ။မျက်မှောင်နှစ်ဘက်အကြားကား အတိမျှရှိသနည်း။

၁၀၁၇-ဖြေ။ ။မျက်မှောင်နှစ်ဘက်အကြားကား ယူဇနာငါးဆယ်ရှိ၏။

## အသုရိန်နတ်၏နဖူးပြင် ပမာဏ

၁၀၁၈-မေး။ ။နဖူးပြင်ကား အတိမျှရှိသနည်း။

၁၀၁၈-ဖြေ။ ။နဖူးပြင်ကား ယူဇနာသုံးရာရှိ၏။

## အသုရိန်နတ် ဦးခေါင်း ပမာဏ

၁၀၁၉-မေး။ ။ဦးခေါင်းကား အတိမျှရှိသနည်း။

၁၀၁၉-ဖြေ။ ။ဦးခေါင်းကား ယူဇနာကိုးရာရှိ၏။

[ဤကား အသုရိန်နတ်၏ ကိုယ်လက်အင်္ဂါ အရှိတည်း၊ အသုရိန်နတ်ထက်ကြီးသော နတ်မြဟ္မာတို့ မရှိဟူသတည်း။

ထိုအသုရိန်နတ်ကား မြင်းမိုရ်တောင်အောက် အသုရာ ပြည်၌နေ၏၊ နေ,လကို ရံခါဘမ်းလိုသော် အသုရာပြည်မှတက်၍ ကလူစားလာ၏၊ ရံခါ မေးအောက် ထားလေ၏၊ ရံခါလက်ဝါးဖြင့် အုပ်လေ၏၊ ရံခါလည်း လက်ညှိုးကြား၌ ညှပ်လေ၏၊ ရံခါလည်း ပေါင်နှစ်ဘက်ကြား၌ ထားလေ၏၊ ရံခါလည်း ခြေမကြားတွင် ထားလေ၏။

ဤကား နေလတို့ကို ဘမ်းယူကလူစားသောအကြောင်းလက္ခဏာ စကားတည်း။]

## လောကန္တရိက်ငရဲတည်ရာအရပ်

၁၀၂၀-မေး။ ။လောကန္တရိက်ငရဲကား အတိအရပ်၌ ရှိလေသနည်း။

၁၀၂၀-ဖြေ။ ။စကြဝဠာတိုက် သုံးခုတို့၏ အကြားအကြား၌တည်လေသတည်း၊ ထိုလောကန္တရိက် ငရဲကား အလွန်လျှင် ချမ်းလှစွာ၏၊ ငရဲသူတို့ကား ရေ၌ကျသော ဆားကဲ့သို့ အမုန့်မရ ကြေပျောက်လျက်ခံရကုန်သတည်း။

**လောကန္တရိက်ငရဲခံရသောအပြစ်**

**၁၀၂၁-မေး။** ။အဘယ်သို့သော မကောင်းမှုကို ပြုသောသူတို့ လောကန္တရိက်ငရဲ၌ ခံရသနည်း။

**၁၀၂၁-ဖြေ။** ။အမိ,အဘ,ဆရာသမား, ဘေး,ဘိုး,သူအိုတို့ကို မရှိမသေ ကျင့်သောသူတို့ ခံရလေ၏။

**လူတို့ဆံအရေအတွက်ပမာဏ**

**၁၀၂၂-မေး။** ။လူတို့၏ဆံကား–အဘယ်မျှအရေအတွက်ရှိသနည်း။

**၁၀၂၂-ဖြေ။** ။လူတို့၏ဆံကားနှစ်ကုဋေငါးသန်း ရှိသတည်း။

**လူတို့အမွေးအရေအတွက်ပမာဏ**

**၁၀၂၃-မေး။** ။လူတို့ကိုယ်တွင် အမွေးကား-အဘယ်မျှရှိသနည်း။

**၁၀၂၃-ဖြေ။** ။လူတို့ကိုယ်တွင် အမွေးကား ကိုးသောင်း ကိုးထောင် ရှိသတည်း။

[လူတို့အရေကား လုံးသော်ဆီးစေ့ခန့်သာရှိသတည်း၊ အသားကိုးရာ အကြောကိုးရာရှိသတည်း။]

**လူတို့၏နှလုံးသွေးအဆင်း**

**၁၀၂၄-မေး။** ။လူတို့၏နှလုံးသွေး အဆင်းကား အဘယ်သို့လျှင် အပြားရှိသနည်း။

**၁၀၂၄-ဖြေ။** ။ရာဂပြောသောသူ၏ အသွေးကား နီ၏။

ဒေါသပြောသောသူ၏ အသွေးကား မည်းနက်၏။

မောဟပြောသောသူ၏ အသွေးကား ဟင်းမျိုး အပေါ်င်းတို့ကို ဆေးသောရေကဲ့သို့ ရှိ၏။

အကြံပြောသောသူ၏အသွေးကား ပဲပြုတ်ရည် ဟင်းရွက်ရည်အဆင်းနှင့်တူ၏။

သဒ္ဓါပြောသောသူ၏ အသွေးကား မဟာလှေကားပွင့် အဆင်းနှင့်တူ၏။

ပညာပြောသောသူ၏ အသွေးကား ကောင်းစွာ သွေးအပ်သော ပတ္တမြားကဲ့သို့ စင်ကြယ်သန့်ရှင်း၏။

သားမြတ်နှစ်ဘက်၏အလယ် နှလုံးအိမ်၌ ဤသို့နှလုံးသွေး ပြားသတည်း။

## ပညာနည်းသောသူတို့၏အသည်း

၁၀၂၅-မေး။ ။ပညာနည်းသော သူတို့၏ အသည်းကားအဘယ်သို့ရှိသနည်း။

၁၀၂၅-ဖြေ။ ။ပညာနည်းသောသူတို့၏ အသည်းကား တလုံးတခဲတည်းကြီး၏။

## ပညာကြီးသောသူတို့၏အသည်း

၁၀၂၆ မေး။ ။ပညာကြီးသော သူတို့၏ အသည်းကား အဘယ်သို့ရှိသနည်း။

၁၀၂၆-ဖြေ။ ။ပညာရှိသော သူတို့၏ အသည်းကား နှစ်ခု,သုံးခုဖြစ်၍ ငယ်စွာရှိသတည်း။

[လူတို့ဝမ်းတွင်း၌ ရှိသောပိုးတို့ကား လူတို့မစားမသောက်သောအခါ၌ ခုန်လွှားလျက် နှလုံး၏အသွေးအသားကို အလွန်ဖော့ကုန်၏၊ လူတို့စားသောက်သောအခါ ခံတွင်းသို့ မော့မော့မျှော်၍ ရှေးဦးစွာ မျိုသောအစာတို့ကို မျိုလေကုန်၏၊

လူတို့၏ ကိုယ်ကား ပိုးမျိုးရှစ်ဆယ်တို့၏ သွားသွားရာ, ကျင်ကြီးကျင်ငယ်စွန့်ရာ,သူနာအိမ်,သုသာန်သဘွယ်ဖြစ်၏၊ ဤသို့လည်းမှတ်ရာ၏။]

## စားသောအစာ ၅-ဘို့ခွဲပုံ

၁၀၂၇-မေး။ ။လူတို့စားသော အစာကား— အဘယ်သို့ဖြစ်လေသနည်း။

၁၀၂၇-ဖြေ။ ။(၁) လူတို့စားသော အစာကို ငါးဘို့ခွဲ၍ တဘို့ကိုကား ပိုးတို့စားကုန်၏။

(၂) တဘို့ကား ဝမ်းမီးချက်၏။

(၃) တဘို့ကား ကျင်ငယ်ဖြစ်၏။

(၄) တဘို့ကား ကျင်ကြီးဖြစ်၏။

(၅) တဘို့ကား အသွေးအသားဖြစ်၏။

ဤသို့လျှင် လူတို့စားသောအစာသည် ငါးဘို့ဖြစ်သတည်း။

## အအိမ်၌မတည်သောသည်းခြေ

၁၀၂၈-မေး။ ။သည်းခြေကား အအိမ်၌တည်သော သည်းခြေ, အအိမ်၌မတည်သောသည်းခြေဟူ၍ နှစ်ပါးပြား၏၊

ထိုနှစ်ပါးတို့တွင် အအိမ်၌မတည်သော သည်းခြေကား–အဘယ်နည်း။

၁၀၂၈-ဖြေ။ ။ဆံ, အမွေး, သွား, ခြေသည်း, လက်သည်းမှတပါး ကိုယ်ကို နှံ့၍ တည်လေ၏။

## အအိမ်၌တည်သောသည်းခြေ

၁၀၂၉-မေး။ ။အအိမ်၌တည်သောသည်းခြေကားအဘယ်အရပ်၌ တည်လေသနည်း။

၁၀၂၉-ဖြေ။ ။အဆုပ်ကိုမှီ၍ သည်းခြေအိမ်၌ တည်၏။

[အအိမ်၌မတည်သောသည်းခြေပျက်သော် မျက်စိဝါ၏၊ ကိုယ်လှုပ်၏၊အအိမ်၌တည်သောသည်းခြေပျက်သော်ကား ရူး၏၊စိတ်ဘောက်ပြန်၏၊ အရှက်အကြောက်မရှိ၊ မပြုအပ်သည်ကိုပြု၏၊ မဆိုအပ်သည်ကို ဆို၏၊ မကြံအပ်သည်ကိုကြံ၏၊ ဤကား သည်းခြေပျက်သောအကြောင်း လျှင်တည်း။]

## ဘုရားလောင်း ၃-ပါး

၁၀၃၀-မေး။ ။ဘုရားလောင်းသုံးပါးကား–အဘယ်နည်း။

၁၀၃၀-ဖြေ။ ။(၁) ဥဃ္ဃဋိတညူ၊ (၂) ဝိပဉ္စိတညူ၊ (၃)နေယျ။ ဤသုံးပါးတည်း။

ထိုသုံးပါးတို့တွင်–

(၁) ဥဃ္ဃဋိတညူကား ပညာဓိကမည်၏။

(၂) ဝိပဉ္စိတညူကား သဒ္ဓါဓိကမည်၏။

(၃) နေယျကား ဝီရိယာဓိကမည်၏။

## နိဿန္ဒာဆွမ်းအကျိုး ၁၂-ပါး

၁၀၃၁-မေး။ ။ဘုရားဖြစ်သော နေ့၌ သုဇာတာသူဌေးသမီး လှူသော နိဿန္ဒာဆွမ်းကား တဆဲ့နှစ်တန်သော အကျိုးကို ပေး၏ဟူသည်ကား အဘယ်နည်း။

၁၀၃၁-ဖြေ။ ။(၁) မွတ်သိပ်ခြင်းပျောက်၍အားပြည့်သည်တပါး။
(၂) ချင်ခြင်းပျောက်၍ ရောင့်ရဲသည်တပါး။
(၃) မမွေ့လျော်ခြင်းပျောက်၍ မွေ့လျော်ခြင်းဖြစ်သည်တပါး။

(၄) ပျောင်းနွှမ်းခြင်းပျောက်၍ ခန့်ကျန်းသည် တပါး။

(၅) အမျက်ပဋိဃာတ်ဒေါသပျောက်၍ ငြိမ်းခြင်း တပါး။

(၆) အငြိုးဘွဲ့ခြင်းပျောက်၍ မေတ္တာသက်ခြင်း တပါး။

(၇) အငြင်းအခုံ ခိုက်ရန်ပျောက်၍ အချင်းချင်း မေတ္တာစပ်ခြင်းတပါး။

(၈) သူနှစ်ဦးတို့ ချောပစ် ကုန်းတိုက် ကင်း၍ ညီညွတ်စွဲစပ်ခြင်းတပါး။

(၉) အချမ်းပျောက်၍ လုံခြင်း ဖြစ်သည်လည်း တပါး။

(၁၀) အပူပျောက်၍ ချမ်းခြင်း ဖြစ်သည်လည်း တပါး။

(၁၁) ဆန့်ကျင်ခြင်း,ကိုယ်လက်လေးခြင်းပျောက်၍ ပေါ့ပါးခြင်း ဖြစ်သည်လည်းတပါး။

(၁၂) အိပ်မွေ့ခြင်းပျောက်၍ ကျန်းခန့်သည်လည်း တပါး။

ဤသည်လျှင် တဆဲ့နှစ်တန်သော အကျိုးတည်း။

[ဤသို့သော အကျိုးထူးကိုရည်၍-

''ဆဲ့နှစ်တန်သား၊ကျိုးမွန်ပေးထိုက်၊ အမြိုက်သုဓာ၊နတ်စားငှါနှင့်၊ များစွာလျော့လျား၊ မထူးခြားသည်''။

ဟု ရှင်မဟာသီလဝံသ ထေရ်မြတ် စပ်တော်မူလေသတည်း။]

### အားထုတ်ခြင်းလုံ့လ ၈-ပါး

**၁၀၃၂-မေး။** ။ဝီရိယာရမ္ဘဟူသော အားထုတ်ခြင်း လုံ့လရှစ်ပါး ကား အဘယ်နည်း။

**၁၀၃၂-ဖြေ။** ။(၁) ခရီးသွားအံ့သောကိစ္စရှိလျက် ထိုကိစ္စကို မျှော်၍ လုံ့လပြုခြင်းတပါး။

(၂) ခရီးရောက်သည်ဖြစ်၍ ပင်ပန်းလျက် အညောင်းအညာ ပြေအောင် မနေမူ၍ အားထုတ်ခြင်းတပါး။

(၃) ပြုအပ်သော အမှုကိစ္စရှိသော် ထိုကိစ္စကို ထား၍ လုံ့လပြုခြင်းတပါး။

(၄) အမှုကိစ္စပြီးဆဲဆဲလျက် အပန်းပြေအောင် မနေ လုံ့လပြုခြင်းတပါး။

(၅) တစိုးတစိ မအီမသာ ရှိလျက်ကို ဖျောက်၍ လုံ့လပြုခြင်းတပါး။

(၆) မကျန်းမမာသောအခါ၌ ပကတိ ကျန်းမာအောင် မငံ့မူ၍ လုံ့လပြုခြင်းတပါး။

(၇) အစားအသောက်နည်းသဖြင့် ကိုယ်လက် လျော့ပါးသည်ကို အကြောင်းပြု၍ လုံ့လပြုခြင်း တပါး။

(၈) အစားအသောက် များသဖြင့် ကိုယ်လက် မခန့်မကျန်းသည်ကို အကြောင်းပြု၍ အားထုတ်ခြင်းတပါး။

ဤသည်လျှင် ဝီရိယာရမ္ဘလုံ့လရှစ်ပါးတည်း။

**ပီတိ ၅-ပါး**

**၁၀၃၃-မေး။** ။ပီတိ ငါးပါးကား အဘယ်နည်း။

**၁၀၃၃-ဖြေ။** ။(၁) ခုဒ္ဒကာပီတိ။ (၄) ဥဗ္ဗေဂါပီတိ။
(၂) ခဏိကာပီတိ။ (၅) ဖရဏာပီတိ။
(၃) ဩက္ကန္တိကာပီတိ။

ဤကား ပီတိငါးပါးတည်း။

**ပီတိ ၅-ပါး လက္ခဏာ**

**၁၀၃၄-မေး။** ။ထိုပီတိငါးပါး၏လက္ခဏာကား အဘယ်နည်း။

**၁၀၃၄-ဖြေ။** ။(၁) ကြက်သီးမွေးညှင်းထ၍ နှစ်သက်ခြင်းကား ခုဒ္ဒကာပီတိမည်၏။

(၂) ရွှင်ရုံမျှသာ နှစ်သက်ခြင်းကား ခဏိကာပီတိမည်၏။
(၃) သက်၍နှစ်သက်ခြင်းပီတိကား- ဩက္ကန္တိကာပီတိမည်၏။
(၄) ပုံကြွနိုင်အောင် နှစ်သက်သော ပီတိကား- ဥဗ္ဗေဂါပီတိမည်၏။
(၅) ကိုယ်လုံးစိမ့်၍ နှစ်သက်ခြင်း ပီတိကား- ဖရဏာပီတိမည်၏။

ဤကား- ပီတိငါးပါး၏ လက္ခဏာတည်း။

## စကား ၆-ခွန်း

၁၀၃၅-မေး။ ။စကားခြောက်ခွန်းဟူသော်ကား- အဘယ်နည်း။

၁၀၃၅-ဖြေ။ ။(၁) ဟုတ်လည်း မဟုတ်, သူလည်း မနာလို, အကျိုးလည်းမရှိ၊ ဤစကားလည်းတခွန်း။
(၂) ဟုတ်လည်းမဟုတ်, သူကားနာလို၏,အကျိုးမရှိ၊ ဤစကားလည်းတခွန်း။
(၃) ဟုတ်ကားဟုတ်၏, သူလည်းမနာလို, အကျိုးလည်းမရှိ၊ ဤစကားလည်းတခွန်း။
(၄) ဟုတ်လည်း ဟုတ်၏, သူလည်း နာလို၏, အကျိုးကားမရှိ၊ ဤစကားလည်းတခွန်း။
(၅) ဟုတ်ကားဟုတ်၏, သူကားမနာလို, အကျိုးလည်းရှိ၏၊ ဤစကားလည်းတခွန်း။
(၆) ဟုတ်လည်း ဟုတ်၏, သူလည်း နာလို၏, အကျိုးလည်းရှိ၏၊ ဤစကားလည်းတခွန်း။

ဤသည်လျှင် စကားခြောက်ခွန်းတည်း။

## ဘုရား ဆိုတော်မူသော စကား ၂-ခွန်း

၁၀၃၆-မေး။ ။ထိုခြောက်ခွန်းသော စကားတို့တွင် ဘုရားမြတ်စွာ ဆိုတော်မူသော စကားတော်နှစ်ခွန်းကား- အဘယ်နည်း။

၁၀၃၆-ဖြေ။ ။(၁) အကြွင်စကားသည် ဟုတ်လည်း ဟုတ်၏, အကျိုးလည်း ရှိ၏, သူမူကား မနှစ်သက်ရာ၊ ဤစကား တခွန်း။

(၂) ဟုတ်လည်း ဟုတ်မှန်၏, အကျိုးလည်းရှိ၏, သူလည်း နှစ်သက်၏၊ ဤစကားလည်း တခွန်း။

ဤနှစ်ခွန်းသော စကားကို ဆိုတော်မူသတည်း။

[ခြောက်ခွန်းသောစကားတို့တွင် လေးခွန်းသော စကားတို့ကို ဘုရားမြတ်စွာ ပယ်တော်မူ၏၊ ဤနှစ်ခွန်းသော စကားကိုသာ သုံးစွဲတော်မူသည်ဟု မှတ်ရာ၏။]

## သီတင်းသီလ ၄-ပါး

၁၀၃၇-မေး။ ။သီတင်း လေးပါးကား-အဘယ်နည်း။

၁၀၃၇-ဖြေ။ ။(၁) ပါတိမောက္ခသံဝရသီလ။

(၂) ဣန္ဒြိယသံဝရသီလ။

(၃) ပစ္စယသန္နိဿိတသီလ။

(၄) အာဇီဝပါရိသုဒ္ဓိသီလ။

ဤကား- သီတင်းလေးပါးတည်း။

## သီတင်းသီလ ၄ ပါး၏သရုပ်

၁၀၃၈-မေး။ ။ထိုသီတင်းလေးပါး၏ သရုပ်သဘော လက္ခဏာကား- အဘယ်နည်း။

၁၀၃၈-ဖြေ။ ။(၁) အာပတ်ခုနစ်ပုံကို မသင့်ရအောင် စောင့်ရှောက်ခြင်းသည် ပါတိမောက္ခသံဝရသီလ မည်၏။

(၂) ရူပါရုံစသော အာရုံခြောက်ပါးကို စောင့်ရှောက်ခြင်းသည် ဣန္ဒြိယသံဝရသီလ မည်၏။

(၃) ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးစွဲခြင်းသည် ပစ္စယသန္နိဿိတသီလ မည်၏။

(၄) ကုလဒူသက အနေသနကင်း၍ တရားနှင့် လျော်စွာရသော ပစ္စည်းကို သုံးဆောင်ခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလ မည်၏။

ဤကား- သီတင်းလေးပါး၏ သရုပ်သဘော လက္ခဏာတည်း။

[ထို့ကြောင့်''ပါတိမောက္ခ၊ စသည်ကျင့်ခြင်း၊ သီတင်းလေးပါး၊ ဆွထွားထွား''ဟု ပါရမီခန်းပျို့၌ စပ်တော်မူသတည်း။]

### အား ၈-ပါး

**၁၀၃၉-မေး။** ။အားရှစ်ပါးကား- အဘယ်နည်း။

**၁၀၃၉-ဖြေ။** ။(၁) သူငယ်တို့အားကား ငိုခြင်းတည်း။
(၂) မိန်းမတို့အားကား အမျက်ထွက်ခြင်းတည်း။
(၃) ခိုးသူတို့အားကား လက်နက်တည်း။
(၄) မင်းတို့အားကား အစိုးရခြင်းတည်း။
(၅) သူမိုက်တို့အားကား ပြင်းစွာရယ်ခြင်းတည်း။
(၆) ပညာရှိတို့အားကား ရှင်ခြင်းကို ချုပ်တည်းခြင်းတည်း။
(၇) အကြားအမြင် များသောသူတို့ အားကား ဆင်ခြင်ခြင်းတည်း။
(၈) ရဟန်း ပုဏ္ဏားတို့ အားကား သည်းခံခြင်းတည်း။

ဤကား- အားရှစ်ပါးတည်း။

### နံ့သာမျိုး ၄-ပါး

**၁၀၄၀-မေး။** ။နံ့သာမျိုး လေးပါးကား- အဘယ်နည်း။

**၁၀၄၀-ဖြေ။** ။(၁) ကုက္ကုမံ။
(၂) လေးညှင်းပွင့်။
(၃) ကမျည်း။
(၄) တောင်စလပ်။

ဤလေးပါးတည်း။

## စကြဝတေးမင်း ရတနာ ၇-ပါး

**၁၀၄၁-မေး။** ။စကြဝတေးမင်းတို့၏ ရတနာ ခုနစ်ပါးကား-အဘယ် နည်း။

**၁၀၄၁-ဖြေ။** ။(၁) စကြာရတနာ။ (၅) ပတ္တမြားရတနာ။
(၂) ဆင်ရတနာ။ (၆) သူဌေးကြီးရတနာ။
(၃) မြင်းရတနာ။ (၇) သားကြီးရတနာ။
(၄) မိဘုရားရတနာ။

ဤကား-စကြဝတေးမင်းတို့ ရတနာ ခုနစ်ပါးတည်း။

## အမေး ၅-ထွေ

**၁၀၄၂-မေး။** ။အမေး ငါးထွေကား-အဘယ်နည်း။

**၁၀၄၂-ဖြေ။** ။(၁) အဒိဋ္ဌဇောတနာပုစ္ဆာ။
(၂) ဒိဋ္ဌသံသန္ဒနာပုစ္ဆာ။
(၃) ဝိမတိစ္ဆေဒနာပုစ္ဆာ။
(၄) အနုမတိပုစ္ဆာ။
(၅) ကထေတုကမျတာပုစ္ဆာ။

ဤသည်လျှင် အမေးငါးထွေတည်း။

## အဒိဋ္ဌဇောတနာ ပုစ္ဆာ

**၁၀၄၃-မေး။** ။အမေးငါးပါးတို့တွင် အဒိဋ္ဌဇောတနာပုစ္ဆာကား-အဘယ်နည်း။

**၁၀၄၃-ဖြေ။** ။မသိမမြင်သော အနက်အဓိပ္ပါယ်ကို သိမြင်လို၍ မေးသည်ကား အဒိဋ္ဌဇောတနာပုစ္ဆာ မည်၏။

## ဒိဋ္ဌသံသန္ဒနာ ပုစ္ဆာ

**၁၀၄၄-မေး။** ။ဒိဋ္ဌသံသန္ဒနာ ပုစ္ဆာကား အဘယ်နည်း။

**၁၀၄၄-ဖြေ။** ။သိမြင်ပြီးသော အနက်အဓိပ္ပါယ်ကို တူ-မတူ နှိုင်းရှည့်လို၍ မေးသောအမေးသည် ဒိဋ္ဌသံသန္ဒနာပုစ္ဆာ မည်၏။

## ဝိမတိစ္ဆေဒနာ ပုစ္ဆာ

၁၀၄၅-မေး။ ။ဝိမတိစ္ဆေဒနာ ပုစ္ဆာကား အဘယ်နည်း။
၁၀၄၅။-ဖြေ။ ။မှတ်ပြီးသောအနက်အဓိပ္ပါယ်ကို ယုံမှားရှိ၍ သက်သာကိုဖျောက်လိုသောကြောင့် မေးခြင်းသည် ဝိမတိစ္ဆေဒနာပုစ္ဆာ မည်၏။

## အနုမတိ ပုစ္ဆာ

၁၀၄၆ မေး။ ။အနုမတိပုစ္ဆာကား အဘယ်နည်း။
၁၀၄၆-ဖြေ။ ။အလိုသို့လိုက်၍ ဖြေလိုသောကြောင့် မေးသောအမေးသည် အနုမတိပုစ္ဆာမည်၏။

## ကထေတုကမျတာ ပုစ္ဆာ

၁၀၄၇-မေး။ ။ကထေတုကမျတာ ပုစ္ဆာကား အဘယ်နည်း။
၁၀၄၇-ဖြေ။ ။အကြင်အကြင်သို့ သဘောရှိသော စကားအထူးတို့ကိုလည်း သိမြင်ပါလိမ့်မည်လောဟု ပြောလို၍ မေးသောအမေးသည် ကထေတုကမျတာပုစ္ဆာမည်၏။

## အဖြေ ၄-ပါး

၁၀၄၈ မေး။ ။အဖြေ လေးပါးကား အဘယ်နည်း။
၁၀၄၈ ဖြေ။ ။(၁) ဧကံသဗျာကရဏ။
(၂) ဝိဘဇ္ဇဗျာကရဏ။
(၃) ပဋိပုစ္ဆာဗျာကရဏ။
(၄) ဌပနီယဗျာကရဏ။
ဤကား အဖြေလေးပါးတည်း။

## မေတ္တာအကျိုး ၁၁-ပါး

၁၀၄၉-မေး။ ။မေတ္တာအကျိုး တဆဲ့တပါးကား အဘယ်နည်း။
၁၀၄၉-ဖြေ။ ။(၁) ချမ်းသာစွာအိပ်ရခြင်း။
(၂) ချမ်းသာစွာနိုးရခြင်း။
(၃) မကောင်းသောအိပ်မက်ကို မမြင်မက်ခြင်း။
(၄) လူတို့ ချစ်နှစ်လို့ခြင်း။
(၅) ဘီလူးတို့ ချစ်နှစ်လို့ခြင်း။

(၆) နှုတ်တို့ ကောင်းစွာစောင့်ရှောင့်ခြင်း။
(၇) စိတ်နှလုံး တည်ကြည်ခြင်း။
(၈) မျက်နှာအဆင်း ကြည်လင်ခြင်း။
(၉) သေသောကာလ မတွေမဝေ သေခြင်း။
(၁၀) ဗြဟ္မာ့ပြည်သို့ ဖြစ်နိုင်ခြင်း။
(၁၁) စိတ်နှလုံး ဧကဂ္ဂတာကျခြင်း။

ဤသည်ပေျှင် မေတ္တာအကျိုး တဆဲ့တပါးတည်း။

[ထို့ကြောင့် "ဘုရားဖြစ်စာ၊ ဤမေတ္တာကား၊ ကောဒသ၊ဆဲ့တဆ" ဟူ၍ ပါရမီခန်း၌ ဆိုသတည်း။]

### ကထာဝတ္ထု ကျင့် ၁၀-ခု

**၁၀၅၀-မေး။** ။ကထာဝတ္ထု ကျင့်ဆယ်ခု- ဟူသည်ကား အဘယ်နည်း။

**၁၀၅၀ ဖြေ။** ။(၁) အနုဘိစ္ဆာကထာ။ (၆) သီလကထာ။
(၂) သန္တုဋ္ဌိကထာ။ (၇) သမာဓိကထာ။
(၃) ဝိဝေကကထာ။ (၈) ပညာကထာ။
(၄) အသံသဂ္ဂကထာ။ (၉) ဝိမုတ္တိကထာ။
(၅) ဒါနကထာ။ (၁၀) ဝိမုတ္တိဉာဏဒဿနကထာ။

ဤသည်ကျှင် ကထာဝတ္ထု ကျင့်ဆယ်ခုတည်း။

ထိုကထာဝတ္ထု ဆယ်ပါးတို့တွင်—

(၁) အလိုနည်းခြင်းနှင့် စပ်သည်ကို ပြောဟောခြင်းသည် အနုဘိစ္ဆာကထာ မည်၏။

(၂) ရောင့်ရဲလွယ်ခြင်းနှင့် စပ်သည်ကို ပြောဟောခြင်းသည် သန္တုဋ္ဌိကထာ မည်၏။

(၃) ဆိတ်ငြိမ်ခြင်းနှင့် စပ်သည်ကို ပြောဟောခြင်းသည် ဝိဝေကကထာ မည်၏။

(၄) ဒဿနသံသဂ္ဂ, သဝနသံသဂ္ဂ, ကာယသံသဂ္ဂ စသည်တို့နှင့် မစပ်သည်ကို ပြောဟောခြင်းသည် အသံသဂ္ဂကထာ မည်၏။

(၅) အလှူ ဒါနကထာကို ပြောဟောခြင်းသည် ဒါနကထာ မည်၏။

(၆) သီလ သီတင်းစကားကို ပြောဟောခြင်းသည် သီလကထာ မည်၏။

(၇) တည်ကြည်ခြင်းစကားကောင်းကို ပြောဟောခြင်းသည် သမာဓိကထာ မည်၏။

(၈) ပညာနှင့် စပ်သောစကားကို ပြောဟောခြင်းသည် ပညာကထာ မည်၏။

(၉) ဖိုလ်လေးပါးနှင့် စပ်သောစကားကို ပြောဟောခြင်းသည် ဝိမုတ္တိကထာ မည်၏။

(၁၀) ပစ္စဝေက္ခဏာဉာဏ်နှင့်စပ်သောစကားကို ပြောဟောခြင်းသည် ဝိမုတ္တိဉာဏဒဿနကထာ မည်၏။

ဤကား ကထာဝတ္ထုဆယ်ပါး၏ သရုပ်သဘော အဓိပ္ပါယ်တည်း။

## အသင်္ချေ ရေတွက်ပုံ

၁၀၅၁-မေး။ ။လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ ဖြည့်ရာ၌ အသင်္ချေဟူသောအရေအတွက်ကို ဆရာတို့ အဘယ်သို့ ချင့်တွက်မိန့်တော်မူကုန်သနည်း။

၁၀၅၁-ဖြေ။ ။ကမ္ဘာအကုဋေတို့ဖြင့် ကုဋေတရာ,ကုဋေတထောင်, ကုဋေတသောင်း, ကုဋေတသိန်း, ကုဋေတသန်း ဟူ၍ မရေမတွက်နိုင်အောင် သဒ္ဒါကျမ်း၌လာသော ဧကံတလုံး, သုည တရာ့လေးဆယ်ဖြင့် ဂဏန်းသင်္ချာဘွဲ့၍ ရေတွက်မှလျှင် အသင်္ချေပြည့်၏ဟု ဆရာတို့မိန့်တော်မူကုန်၏။

တနည်းလည်း-အစောက်ယူဇနာ ရှစ်သောင်းနှစ်ထောင်,အဝန်းယူဇနာ သုံးသန်း ခြောက်သိန်း တသောင်း သုံးရာ့ ငါးဆယ်ရှိသော စကြဝဠာတိုက်ပြည့်အောင် သုံးနှစ်တိုင်တိုင် နေ့ညဉ့်မစဲ ရွာသောမိုယ်းပေါက် မိုယ်းရည်နှင့် အမျှသည် အသင်္ချေမည်၏ဟူ၍လည်း ဆရာမြတ်တို့မိန့်တော်မူကုန်၏။

တနည်းလည်း-အလျား,အနံ,အဝန်း အားဖြင့် ကောက်နယ်တလင်း အတိုင်းအရှည်, အစောက်အားဖြင့် ယူဇနာနှစ်သိန်းလေးသောင်း အထုရှိသောမြေကြီးကို ပရမာဏုမြူမျှသာပြု၍ ထိုမြူမှုန့်နှင့်အမျှသည် အသင်္ချေမည်၏။

ဤသို့လည်း ဆရာမြတ်တို့ မိန့်တော်မူကုန်၏၊ ဤသို့ ဆရာမြတ်တို့ ချင့်တွက်တော်မူကုန်သတည်း။

## လူ့ပြည်နှင့်နတ်ပြည် အကွာအခြား ပမာဏ

**၁၀၅၂-မေး။** ။လူတို့ပြည်မှ စတုမဟာရာဇ်နတ်ပြည်ကို အတိမျှ လောက် အရေအတွက် သချ်ာခြားသနည်း။

**၁၀၅၂-ဖြေ။** ။ငါတို့လူ့ဘုံမှ စတုမဟာရာဇ်ဘုံကို လေးသောင်း နှစ်ထောင် ယူဇနာသချ်ာ အမြင့် ခြားသတည်း။

ဤအတူ စတုမဟာရာဇ်ဘုံမှ သည် တာဝတိံသာသို့လည်း လေး သောင်းနှစ်ထောင် ခြား၏။

တာဝတိံသာမှ ယာမာသို့လည်း လေးသောင်း နှစ်ထောင် ခြား၏။

ယာမာမှလည်း တုသိတာသို့ လေးသောင်းနှစ်ထောင် ခြား၏။

တုသိတာမှလည်း နိမ္မာနရတိသို့ လေးသောင်းနှစ်ထောင် ခြား၏။

နိမ္မာနရတိမှလည်း ပရနိမ္မိတဝသဝတ္တီသို့ လေးသောင်း နှစ်ထောင် ခြား၏။

ဤသို့လျှင် နတ်ပြည်ခြောက်ထပ် အခြားအတူတည်း။

## နတ်ပြည်နှင့် ဗြဟ္မာပြည် အကွာအခြား ပမာဏ

**၁၀၅၃-မေး။** ။ပရနိမ္မိတဝသဝတ္တီဘုံနှင့် ရူပါဝစရ ပဌမဈာန်ဘုံ အကြား အတိမျှ သချ်ာခြားလေသနည်း။

**၁၀၅၃-ဖြေ။** ။ပရနိမ္မိတဝသဝတ္တီဘုံနှင့် ပဌမဈာန်ဘုံ အကြား ငါးသန်း ငါးသိန်း ရှစ်ထောင်ယူဇနာ ခြား၏။

ပဌမဈာန်ဘုံမှ ဒုတိယဈာန်ဘုံလည်း နည်းတူငင်းခြား၏၊ ဒုတိယ ဈာန်ဘုံမှ တတိယဈာန်ဘုံလည်း နည်းတူငင်း ခြား၏၊ ဤနည်း အတူ အကနိဋ္ဌဘုံတိုင်အောင် ခြားသတည်း။

အကနိဋ္ဌဘုံမှ**သည်** အာကာသာနဉ္စာယတနအရူပဘုံလည်းထို့အတူ ငင်း ခြား၏၊ အရူပဘုံတို့၏ အကြားလည်း ဤအတူ ငါးသန်း ငါးသိန်း ရှစ်ထောင်စီ ခြားသတည်း။

ငါတို့လူ့ဘုံမှလည်း အရူပဘုံအဆုံးဖြစ်သော နေဝသညာ နာသညာ ယတနဘုံအကြား တဆဲ့တကုဋေနှင့် ယူဇနာ လေးသိန်းငသောင်း နှစ်ထောင် ခြားသတည်း။

## ကြောင့်ကြသော သတ္တဝါ ၄-ဦး

၁၀၅၄-မေး။ ။မကြောင့်ကြအပ်သည်ကို ကြောင့်ကြသော သတ္တဝါ လေးဦးကား အဘယ်နည်း။

၁၀၅၄-ဖြေ။ ။(၁) ကြိုးကြာငှက်။ (၃) တီ-တီရစ္ဆာန်။
(၂) မျောက်သတ္တဝါ။ (၄) တီတီတွတ်ငှက်။
ဤလေးဦးတည်း။

## သတ္တဝါ ၄-ဦးတို့ ကြောင့်ကြပုံ

၁၀၅၅-မေး။ ။ထိုသတ္တဝါလေးဦးတို့သည် အဘယ်သို့ စိုးရိမ်ကြောင့်ကြလေသနည်း။

၁၀၅၅-ဖြေ။ ။(၁) ကြိုးကြာငှက်လည်း ဧမြကြီးတုန်လှုပ်အံ့သည်ဟု စိုးရိမ်၍ အသာအသာ နင်းလေသည်။
(၂) မျောက်သတ္တဝါလည်း မြေပျောက်အံ့စိုး၍ တည့်သုံးခါသက်၍ စမ်းသည်။
(၃) တီတို့လည်း မြေကြီးအစာကုန်အံ့စိုး၍ မြေကို ထွေးအန်သည်။
(၄) တီတီတွတ်ငှက်တို့လည်း မိုးပြိုအံ့စိုး၍ ပက်လက် ခြေမိုးမျှော် အိပ်သည်။
ဤသို့ ကြောင့်ကြလေသတည်း။

## သိက္ခာပုဒ်တော်ပေါင်း

၁၀၅၆-မေး။ ။ပညတ်တော်မူသော သိက္ခာပုဒ်အပေါင်းကား အဘယ်မျှနည်း။

၁၀၅၆-ဖြေ။ ။နှစ်ရာ့နှစ်ဆဲ့ခုနစ်ပါးတည်း။

## သိက္ခာပုဒ်တော် သရုပ်

၁၀၅၇-မေး။ ။ထိုနှစ်ရာ့နှစ်ဆဲ့ခုနစ်ပါးသောသိက္ခာပုဒ်၏ သရုပ်ကား အဘယ်နည်း။

၁၀၅၇-ဖြေ။ ။ပါရာဇိက လေးပါး။
သံဃာဒိသိသ် တဆဲ့သုံးပါး။
အနိယတသိက္ခာပုဒ် နှစ်ပါး။

နိဿဂ္ဂိအာပတ်သုံးဆယ်။
ပါစိတ်အာပတ်ကိုးဆဲ့နှစ်ပါး။
ပါဋိဒေသနီအာပတ်လေးပါး၊
သေခိယဝတ်ခုနစ်ဆဲ့ငါးပါး။
အဓိကရဏာခုနစ်ပါး။
ဤသည်တို့ကား နှစ်ရာ့နှစ်ဆဲ့ခုနစ်ပါးသောသိက္ခာပုဒ်၏သရုပ်တည်း။

### မကုစားကောင်းသော အာပတ်

**၁၀၅၈-မေး။** ။မကုစားကောင်းသော အတေကိစ္ဆကား အဘယ် အာပတ်တို့နည်း။

**၁၀၅၈-ဖြေ။** ။ပါရာဇိက လေးပါးသည် မကုစား ကောင်းသော အတေကိစ္ဆမည်၏။

[ပါရာဇိကရောက်သောရဟန်းကား ကုစားအပ်သောဆေးမရှိပြီ ဟူလိုသည်။]

### ကုစားကောင်းသောအာပတ် ၆-ပုံ

**၁၀၅၉-မေး။** ။ကုစားကောင်းသော သတေကိစ္ဆ အာပတ်ကား အဘယ်နည်း။

**၁၀၅၉-ဖြေ။** ။(၁) ပါရာဇိကမှတပါး သံဃာဒိသိသ်။ (၄) ပါဋိဒေသနီ။
(၅) ဒုက္ကဋ်။
(၂) ထုလ္လစ္စဥ်း။ (၆) ဒုဗ္ဘာသိတ်။
(၃) ပါစိတ်။

ဤအာပတ်ခြောက်ပုံတို့ကား ကုစားကောင်းသောသတေကိစ္ဆမည်၏။

### ဂရုကအာပတ်

**၁၀၆၀-မေး။** ။ဂရုကအာပတ်ကား-အဘယ်နည်း။

**၁၀၆၀-ဖြေ။** ။သံဃာဒိသိသ်အာပတ်တဆဲ့သုံးပါးကား- လေးသော ကြောင့် ဂရုကအာပတ်မည်၏။

### လဟုကအာပတ်

**၁၀၆၁-မေး။** ။လဟုကအာပတ်ကား-အဘယ်နည်း။

**၁၀၆၁-ဖြေ။** ။(၁) သံဃာဒိသိသ်မှတပါး ထုလ္လစ္စဥ်း။

(၂) ပါစိတ်။ (၄) ဒုက္ကဋ်။
(၃) ပါဋိဒေသနီ။ (၅) ဒုဗ္ဘာသိတ်။

ဤအာပတ်ငါးပုံတို့သည် ပေါ့သောကြောင့် လဟုကအာပတ်မည်၏။

## ဝုဋ္ဌာနဂါမ်ဖြင့်ထမြောက်သောအာပတ်

**၁၀၆၂-မေး။** ။ဝုဋ္ဌာနဂါမ်ဖြင့် ထမြောက်သော အာပတ်ကား-အဘယ်နည်း။

**၁၀၆၂-ဖြေ။** ။သံဃာဒိသိသ်အာပတ် တဆဲ့သုံးပါးသည် ပရိဝါသ် မာနတ်နေသဖြင့် ထမြောက်သောကြောင့် ဝုဋ္ဌာနဂါမ်ဖြင့် ထမြောက်သောအာပတ်မည်၏။

## ဒေသနာဂါမ်ဖြင့်ထမြောက်သောအာပတ်

**၁၀၆၃-မေး။** ။ဒေသနာဂါမ်ဖြင့် ထမြောက်ရာသော အာပတ်ကား-အဘယ်အာပတ်တို့နည်း။

**၁၀၆၃-ဖြေ။** ။(၁) ထုလ္လစ္စဥ်း။ (၄) ဒုက္ကဋ်။
(၂) ပါစိတ်။ (၅) ဒုဗ္ဘာသိတ်။
(၃) ပါဋိဒေသနီ။

ဤငါးပါးသော အာပတ်တို့ကား- ဒေသနာဂါမ်ဖြင့် ထမြောက်ရာသောအာပတ်မည်၏။

## သုဒ္ဓိ ၄-ပါး

**၁၀၆၄-မေး။** ။စင်ကြယ်ခြင်းတည်းဟူသော သုဒ္ဓိကား-အဘယ်နည်း။

**၁၀၆၄-ဖြေ။** ။(၁) ဒေသနာသုဒ္ဓိ။
(၂) သံဝရသုဒ္ဓိ။
(၃) ပရိယေဋ္ဌိသုဒ္ဓိ။
(၄) ပစ္စဝေက္ခဏာသုဒ္ဓိ။

ဤသည်လျှင် သုဒ္ဓိလေးပါးတည်း။

ထိုသုဒ္ဓိလေးပါးတို့တွင်—

၁။ ဒေသနာကြားသဖြင့် စင်ကြယ်သောကြောင့် ပါတိမောက္ခ သံဝရသီလသည် ဒေသနာသုဒ္ဓိမည်၏။

၂။ တဖန်မလွန်ကျူးပြီဟု မိမိစိတ်ကိုစောင့်ရှောက်ခြင်း တည်းဟူသော ဣန္ဒြိယသံဝရသီလသည် သံဝရသုဒ္ဓိမည်၏။

၃။ ကုလဒူသကအနေသနဖြင့်ရသော ပစ္စည်းကို ပယ်၍ တရားနှင့် လျော်စွာ ရှာမှီးခြင်းသည် ပရိယေဋ္ဌိသုဒ္ဓိမည်၏။

၄။ ထိုတရားနှင့် လျော်စွာရှာမှီး၍ရသောပစ္စည်းတို့ကိုပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ခြင်း တည်းဟူသော ပစ္စယသန္နိဿိတသီလသည် ပစ္စဝေက္ခဏာသုဒ္ဓိမည်၏။

ဤကား-သုဒ္ဓိလေးပါးတည်း။

## အာပတ် ၇-ပုံ

**၁၀၆၅-မေး။** ။ရဟန်းတို့စောင့်ရှောက်ရာသော အာပတ်ခုနစ်ပုံကား-အဘယ်နည်း။

**၁၀၆၅-ဖြေ။** ။(၁) ပါရာဇိက။
(၂) သံဃာဒိသိသ်။
(၃) ထုလ္လစ္စဥ်း။
(၄) ပါစိတ်။
(၅) ပါဋိဒေသနီ။
(၆) ဒုက္ကဋ်။
(၇) ဒုဗ္ဘာသိတ်။

ဤသည်လျှင် အာပတ်ခုနစ်ပုံဖြစ်သတည်း။

## အာပတ်သင့်ရာသောအကြောင်း ၆-ပါး

**၁၀၆၆-မေး။** ။ရဟန်းတို့အာပတ်သင့်ရာသော အကြောင်းခြောက်ပါးကား-အတီနည်း။

**၁၀၆၆-ဖြေ။** ။(၁) မအပ်သောအဖြစ်ကိုသိလျက် ပညတ်တော်ကို နင်းနှိပ်၍ အလဇ္ဇီကျင့်ခြင်း။
(၂) ပညတ်တော်ကို မသိမမြင်ခြင်း။
(၃) အပ်သည်မအပ်သည်၌ ကုက္ကုစ္စရှိခြင်း။
(၄) မအပ်သည်ကို အပ်သည်ဟု မှတ်ခြင်း။
(၅) အပ်သည်ကို မအပ်ဟုမှတ်ခြင်း။
(၆) သတိမေ့လျော့လွတ်ခြင်း။

ဤသည်လျှင် အာပတ်သင့်ရာသောအကြောင်းခြောက်ပါးတည်း။

သီရိပဝရသုဓမ္မာဘိလင်္ကာရမဟာထေရေန ဘိက္ခုနာ
ဥဒ္ဓရိတံ ပုစ္ဆာပကိဏ္ဏကပကရဏံ သမတ္တံ။

ပစ္စုပ္ပန်သံသရာ, လောကီ လောကုတ္တရာ အကျိုးစီးပွါးများခြင်းကို အလိုရှိကုန်သော အမျိုးသားပညာရှိ သူတော်ကောင်း အပေါင်းတို့အား မှတ်သားသိလွယ်စေခြင်းငှါ အထူးထူးသောကျမ်းဂန်တို့မှ ထုတ်နုတ်ယူငင် ရေးတင်စီကုံးပေါင်းရုံး၍ နိဂုံးအကျဉ်းထားသော အမေးအဖြေ တထောင်တို့နှင့်ပြည့်စုံသော အထူးထူးသော အကျိုးအကြောင်းရှိသော တရားစကားတို့ဖြင့် ပြွမ်းသော ပုစ္ဆာပကိဏ္ဏက ကျမ်းကား- ဤတွင်ရွှေပြီး ပြည့်စုံ၏။

ဤကျမ်းကို ကြည့်ရှုမှတ်သား လေ့လာရမှုကား-ခပ်သိမ်းသောအကျိုး ကိုပြီးစေတတ်၏၊ ထို့ကြောင့် ဤပုစ္ဆာပကိဏ္ဏကကျမ်းကို ပညာရှိတို့ နေ့ညမပြတ် မှတ်သားကြည့်ရှုကုန်ရာသည်။

**ပုစ္ဆာပကိဏ္ဏကကျမ်း ပြီး၏။**



နောက်ဆက်တွဲ

# ဇာတေဒဂ်ရ ပုဂ္ဂိုလ်များ

[မောင်းထောင်သာသနာပိုင်ဟောင်း မဟာဓမ္မသင်္ကြိုအမတ်ကြီး ရေးသား စီရင် အပ်သော သာမဏေကျော် ၄-ပါးဝတ္ထု နိဒါန်းမှ ကောက်နုတ်ဖော်ပြ အပ်ပါသည်။]

### ဇာတေဒဂ်ရရာသော အကြောင်း ၄-ပါး

ဧတဒဂ်ရရာသော အကြောင်းလေးပါး ဟူသော်ကား—

(၁) ထိုဧတဒဂ်အရာ၌ ပွဲလမ်းရခြင်း အကြောင်း အထူးရှိသည် တပါး။

(၂) ရှေးဆုတောင်း ပတ္ထနာပါရမီကံ အထူးပါသည်လည်း တပါး။

(၃) ဝသီဘော် အလေ့အလာ ရှိသည်လည်း တပါး။

(၄) ရထိုက်သော ဧတဒဂ်အရာ ဌာနန္တရဂုဏ်ဖြင့် ကဲလွန်သည် လည်းတပါး။

၎ဧတဒဂ် ရရာသော အကြောင်း လေးပါးတို့တွင် အချို့ကား အကြောင်းတပါးဖြင့် ဧတဒဂ် ရကုန်သည်၊ အချို့ကား အကြောင်း နှစ်ပါးဖြင့် ဧတဒဂ်ရကုန်သည်၊ အချို့ကား အကြောင်းသုံးပါးဖြင့် ဧတဒဂ် ရကုန်သည်၊ အချို့ကား အကြောင်းလေးပါးဖြင့် ဧတဒဂ်ရကုန်သည်၊ အရှင်သာရိပုတ္တရာကား လေးပါးစုံသောအကြောင်းဖြင့် ဧတဒဂ် ရသတည်း။

ဧတဒဂ်ရသော ရဟန်းယောကျ်ား လေးဆဲ့တပါး, ဧတဒဂ်ရသော ရဟန်း မိန်းမ တဆဲ့သုံးပါး, ဧတဒဂ်ရသော ဥပါသကာယောကျ်ား တဆယ်,ဧတဒဂ်ရသော ဥပါသိကာမိန်းမ တဆယ်။

### ဧတဒဂ်ရ ရဟန်းယောကျ်ား ၄၁-ပါး

ဧတဒဂ်ရသော ရဟန်းယောကျ်ား လေးဆဲ့တပါး ဟူသော်ကား—

(၁) အရှင်ကောဏ္ဍညသည် သာသနာတော်၌ လက်ဦးစွာရဟန်း ပြုသည်ဖြစ်၍ ရှည်မြင့်သော ညဉ့်အပိုင်းအခြားကို သိတတ် သောအရာ၌ ဧတဒဂ်ရ၏။

(၂) အရှင်သာရိပုတ္တရာသည် ပညာကြီးသော အရာ၌ တေဒဂ် ရ၏။

(၃) အရှင်မောဂ္ဂလာန်သည် တန်းခိုးကြီးသောအရာ၌ တေဒဂ်ရ၏။

(၄) အရှင်မဟာ ကဿပသည် ဓုတင်ဆောင်တတ်သော အရာ၌ တေဒဂ် ရ၏။

(၅) အရှင် အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုအရာ၌ တေဒဂ်ရ၏။

(၆) အရှင်သာကီဝင်ဘဒ္ဒိယသည်အမျိုးမြတ်သော အရာ၌ တေဒဂ် ရ၏။

(၇) အရှင်လကုဏ္ဍကဘဒ္ဒိယသည် အသံသာယာသော အရာ၌ တေဒဂ်ရ၏။

(၈) အရှင်ပိဏ္ဍောလဘာရဒ္ဒါဇသည်မဂ်ဖိုလ်နှင့်စပ်သောပြဿနာ ကိုဖြေခြင်း၄ါ ရဲရင့်ကြုံးဝါးတတ်သော အရာ၌ တေဒဂ်ရ၏။

(၉) မန္တာနီပုဏ္ဏားသား အရှင်ပုဏ္ဏသည် တရားဟောတတ်သော အရာ၌ တေဒဂ်ရ၏။

(၁၀) အရှင် မဟာကစ္စည်းသည် အကျဉ်းဟောသော အရာကို အကျယ်ဝေဘန်တတ်သော အရာ၌ တေဒဂ်ရ၏။

(၁၁) အရှင်မဟာပန်သည် အရူပါဝစရဈာန် ဝိပဿနာ အရာ၌ တေဒဂ်ရ၏။

(၁၂) အရှင်စူဠပန်သည် စိတ်ဖြင့်ပြီးသော ကိုယ်ကို ဖန်ဆင်းတတ် သော အရာ, ရူပါဝစရဈာန်သမာပတ် အရာ နှစ်ဌာန၌ တေဒဂ်ရ၏။

(၁၃) အရှင်သုဘူတိသည် ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်းကို မပြုဘဲ တရား ဟောလေ့ရှိသဖြင့် ကိလေသာကင်း၍ နေတတ်သော အရာ, မေတ္တာဈာန်ကိုဝင်စား၍ အကျိုးကြီးမြတ်အောင်ပြုသဖြင့် မြတ် သောအလှူကို ခံထိုက်သောအရာ နှစ်ဌာန၌ တေဒဂ်ရ၏။

(၁၄) ရှားတော အရှင်ရေဝတသည် တောကျောင်း နေလေ့ ရှိ သောအရာ၌တေဒဂ်ရ၏။

(၁၅) အရှင်ကင်္ခါ ရေဝတသည် ဈာန်ဝင်စားတတ်သော အရာ၌ တေဒဂ်ရ၏။

(၁၆) အရှင်ကောဠိဝိသ သောဏသည် လုံ့လကြီးသော အရာ၌ ဧတဒဂ်ရ၏။
(၁၇) အရှင်ကောဋိကဏ္ဏသောဏသည် သာယာ နာပျော်ဖွယ် ရွတ်ဘတ်တတ်သော အရာ၌ ဧတဒဂ်ရ၏။
(၁၈) အရှင်ရာဟုလာသည် သိက္ခာသုံးပါးကို ကျင့်ဆောင်လိုသော သိက္ခာ ကာမအရာ၌ ဧတဒဂ်ရ၏။
(၁၉) အရှင်ဝင်္ကလိသည် သဒ္ဓါခြင်းကြီးသောအရာ၌ ဧတဒဂ်ရ၏။
(၂၀) အရှင်သီဝလိသည် လာဘ်လာဘ များသောအရာ၌ ဧတဒဂ်ရ၏။
(၂၁) အရှင်ရဋ္ဌပါလသည် သဒ္ဓါသဖြင့်ရဟန်းပြုသော သဒ္ဓါပဗ္ဗဇိတ အရာ၌ ဧတဒဂ်ရ၏။
(၂၂) အရှင်ကောဏ္ဍဓာနသည် ဘုရားသခင် ဒေသစာရီ ကြွလိုသောအခါ ပုထုဇဉ်တို့မလိုက်ရ၊ အရိယာတို့သာ လိုက်ရမည် စာရေးတန်ဝေဘန်သည်ကို လက်ဦးစွာယူတတ်သော အရာ၌ဧတဒဂ်ရ၏။
(၂၃) အရှင်ဝင်္ဂီသသည် ဂါထာဗန္ဓအဖွဲ့အစီ လျှင်လျှားသောအရာ၌ ဧတဒဂ်ရ၏။
(၂၄) အရှင်ဥပသေနသည် အခြံအရံနှင့်တကွကြည်ညိုဘွယ်ရှိသော အရာ၌ ဧတဒဂ်ရ၏။
(၂၅) အရှင်ဒဗ္ဗသည် အာဂန္တုကရဟန်းတို့အား အထိုက်အလိုက် အိပ်ရာနေရာ ခင်းတတ်သောအရာ၌ ဧတဒဂ်ရ၏။
(၂၆) အရှင်ပိလိန္ဒဝစ္ဆသည် နတ်တို့ချစ်သောအရာ၌ ဧတဒဂ်ရ၏။
(၂၇) အရှင်ကုမာရကဿပသည် ဆန်းကြယ်စွာ စကားဆိုတတ်သော အရာ၌ ဧတဒဂ်ရ၏။
(၂၈) အရှင်ဒါရုစီရိယသည် အကျွတ်တရားရလွယ်သော အရာ၌ ဧတဒဂ်ရ၏။
(၂၉) အရှင်အာနန္ဒာသည် အကြားအမြင်များသော ဗဟုဿုတ အရာ,ပညာလျင်သောအရာ, သတိမြဲသောအရာ, လုံ့လကြီးသောအရာ,အလုပ်အကျွေးအရာ ငါးဌာန၌ ဧတဒဂ်ရ၏။
(၃၀) အရှင်ကောဏ္ဍကသည် ပဋိသမ္ဘိဒါအရာ၌ ဧတဒဂ်ရ၏။

(၃၀) အရှင်ဥရုဝေလကဿပသည် အခြံအရံများသော အရာ၌ တေဒဂ်ရ၏။
(၃၂) အရှင်ကာလုဒါယီသည် အမျိုးကို ကြည်ညိုစေတတ်သော အရာ၌ တေဒဂ်ရ၏။
(၃၃) အရှင်ဗာကုလသည် အနာနည်းသောအရာ၌ တေဒဂ်ရ၏။
(၃၄) အရှင်သောဘိတသည် ပုဗ္ဗေနိဝါသဉာဏ်အရာ၌ တေဒဂ်ရ၏။
(၃၅) အရှင်ဥပါလိသည် ဝိနည်းကိုဆောင်သောအရာ၌တေဒဂ်ရ၏။
(၃၆) အရှင်ညီတော်မင်းနန္ဒသည် ဣန္ဒြေစောင့်စည်းသော အရာ၌ တေဒဂ်ရ၏။
(၃၇) အရှင်နန္ဒကသည် ရဟန်းမိန်းမတို့ကို ဆုံးမတတ်သောအရာ၌ တေဒဂ်ရ၏။
(၃၈) အရှင်ကပ္ပိနသည် ရဟန်းယောကျ်ားတို့ကို ဆုံးမတတ်သော အရာ၌ တေဒဂ်ရ၏။
(၃၉) အရှင်ရာဓသည် ဘုရားသခင်တရား ဟောတော်မူသောအခါ အဆစ်အဖုကို မေးမြန်းလျှောက်ထား၍ အသစ်သစ်အဆင့်ဆင့်ဓမ္မဒေသနာကို ပွါးစေတတ်သောအရာ၌ တေဒဂ်ရ၏။
(၄၀) အရှင်သာဂတသည် တေဇောဓာတ် ဝင်စားသောအရာ၌ တေဒဂ်ရ၏။
(၄၁) အရှင်မောဃရာဇာသည် ယက်ကန်းသား, ချည်, ဆိုးရည် သုံးပါး ကြမ်းထမ်းညစ်နွမ်းသောသင်္ကန်းကိုဆောင်တတ်သော အရာ၌ တေဒဂ်ရ၏။

**တေဒဂ်ရ ရဟန်းမိန်းမ ၁၃-ပါး**

တေဒဂ်ရသော ရဟန်းမိန်းမတဆဲ့သုံးပါးဟူသော်ကား—

(၁) မိထွေးတော် မဟာပဇာပတိဂေါတမီသည် ရဟန်းမိန်းမတို့တွင် လက်ဦးစွာ ရဟန်းပြုသည်ဖြစ်၍ ရှည်မြင့်သော ညဉ့်အပိုင်းအခြားကိုသိတတ်သောအရာ၌ တေဒဂ်ရ၏။
(၂) အရှင်ခေမာသည် ပညာကြီးသောအရာ၌ တေဒဂ်ရ၏။
(၃) အရှင်ဥပ္ပလဝဏ်သည် တန်ခိုးကြီးသောအရာ၌ တေဒဂ်ရ၏။

(၄) အရှင်ပင်္ဂုလစာရီသည် ဝိနည်းကိုဆောင်သောအရာ၌ ဧတဒဂ် ရ၏။
(၅) အရှင်မဟိန္ဒာသည် တရားဟော တတ်သော မဇ္ဈိမကထိက အရာ၌ ဧတဒဂ်ရ၏။
(၆) အရှင်နန္ဒာသည် ဈာန်ဝင်စားတတ်သောအရာ၌ ဧတဒဂ်ရ၏။
(၇) အရှင်သောဏာသည် လုံ့လကြီးသောအရာ၌ တေဒဂ်ရ၏။
(၈) အရှင်ဗာကုလာသည် ဒိဗ္ဗစက္ခုအရာ၌ ဧတဒဂ်ရ၏။
(၉) အရှင်ကုဏ္ဍလကေသီဘဒ္ဒါသည် အကျတ်တရားရလွယ်သော အရာ၌ ဧတဒဂ်ရ၏။
(၁၀) အရှင်ကာပိလာနိဘဒ္ဒါသည်ပုဗ္ဗေနိဝါသဉာဏ်အရာ၌တေဒဂ် ရ၏။
(၁၁) အရှင်ရာဟုလမယ်တော် အရှင်ဘဒ္ဒကစ္စာနာသည် ကြီးမြတ် သောအဘိညာဉ်သို့ရောက်သောအရပ်၌ တေဒဂ်ရ၏။
(၁၂) အရှင်ကိသဂေါတမီသည် ယက်ကန်းသား, ချည်, ဆိုးရည် သုံးပါးဖြင့် ကြမ်းထမ်း ညစ်နွမ်းသော သင်္ကန်းကို ဆောင်တတ် သောအရာ၌ တေဒဂ်ရ၏။
(၁၃) အရှင် ဓိင်္ဂလမာတာသည် သဒ္ဓါပြင်း ကြီးသော အရာ၌ တေဒဂ်ရ၏။

### ဧတဒဂ်ရ ဥပါသကာ ယောကျ်ား ၁၀-ပါး

တေဒဂ်ရသော ဥပါသကာ ယောကျ်ား တဆယ် ဟူသော်ကား-
(၁) ဥက္ကလာပ ဇနပုဒ် အသိတဥ္စနမြို့ တပုဿ, ဘလ္လိက ညီနောင် တို့သည် သရဏဂုံ ဦးတည်သော အရာ၌ တေဒဂ်ရကုန်၏။
(၂) သုဒတ္တသူဌေးသည် အလှူပေးတတ်သော အရာ၌ တေဒဂ်ရ၏။
(၃) စိတ္တသူကြွယ်သည် တရားအရာစကား ပြောဟော တတ်သော အရာ၌ တေဒဂ်ရ၏။
(၄) ဟတ္ထာဠဝက မည်သော အာဠဝိမင်း၏ သားသည် သိတင်း သည် ပရိသတ်တို့ကို ဒါန, ပိယဝါစာ, အတ္ထစရိယာ, သမာ နတ္တတာ သင်္ဂဟတရားလေးပါးဖြင့် သင်္ဂြိုဟ်တတ်သော အရာ ၌ ဧတဒဂ်ရ၏။

(၅) မဟာနာမ သာကီဝင်သည် မွန်မြတ်သော အရသာကို ပေးတတ်သော အရာ၌ ဧတဒဂ်ရ၏။

(၆) ဥဂ္ဂသူကြွယ်သည် နှစ်သက်ဘွယ်,လိုချင်ဘွယ်သော အလှူဝတ္ထုကို ပေးတတ်သော အရာ၌ ဧတဒဂ်ရ၏။

(၇) ဥဂ္ဂတ သူကြွယ်သည် သံဃာကို လုပ်ကျွေးတတ်သော အရာ၌ ဧတဒဂ်ရ၏။

(၈) သူရမ္ဗဋ္ဌ ဥပါသကာသည် ရတနာသုံးပါးကို မတုန်မလှုပ်သက်ဝင်ကြည်ညို တတ်သောအရာ၌ ဧတဒဂ်ရ၏။

(၉) အဘယမင်းသား ကောက်၍မွေးသော ဇီဝကဆေးသမားသည် တဦးတဦးသော ပုဂ္ဂိုလ်၌ဖြစ်သော ကြည်ညိုခြင်းနှင့် ပြည့်စုံသော အရာ၌ ဧတဒဂ်ရ၏။

(၁၀) နကုလပိတာ သူကြွယ်သည် ဘုရားရှင်နှင့် အကျွမ်းဝင်သော အရာ၌ ဧတဒဂ်ရ၏။

### ဧတဒဂ်ရ ဥပါသိကာ မိန်းမ ၁၀-ယောက်

ဧတဒဂ်ရသော ဥပါသိကာ မိန်းမတဆယ် ဟူသော်ကား—

(၁) သုဇာတာ သူဌေးသမီးသည် သရဏဂုံ ဦးတည်သော အရာ၌ ဧတဒဂ်ရ၏။

(၂) ဝိသာခါ ဒါယိကာမသည် အလှူဒါနဖြင့် မွေ့လျော်သောအရာ၌ ဧတဒဂ်ရ၏။

(၃) ခုဇ္ဇုတ္တရာ ဥပါသိကာမသည် အကြား အမြင် များသော ဗဟုသုတ အရာ၌ ဧတဒဂ်ရ၏။

(၄) ဥတေနမင်း၏ မိဘုရား သာမာဝတီသည် မေတ္တာဖြင့် နေလေ့ရှိသော အရာ၌ ဧတဒဂ်ရ၏။

(၅) နန္ဒမာတာ ဥတ္တရာသည် ဈာန်ဖြင့် မွေ့လျော်တတ်သော အရာ၌ ဧတဒဂ်ရ၏။

(၆) ကောလိယမင်းသမီး သုပ္ပဝါသာသည် မွန်မြတ်သော ဘောဇဉ်အရသာကို ပေးတတ်သော အရာ၌ ဧတဒဂ်ရ၏။

(၇) သုပ္ပိယဥပါသိကာမသည် သူနာရဟန်းတို့ကို လုပ်ကျွေးတတ်သော အရာ၌ ဧတဒဂ်ရ၏။

(၈) ကာတိယာနီ ဥပါသိကာမသည် မတုန်မလှုပ် သက်ဝင်ကြည်ညို တတ်သော အရာ၌ တေဒင်္ဂရ၏။

(၉) နကုလမာတာ သူကြွယ်မသည် ဘုရားရှင်နှင့်အကျွမ်းဝင်သော အရာ၌ တေဒင်္ဂရ၏။

(၁၀) ကာလီဥပါသိကာမသည် အသံကြားကာမျှဖြင့် ကြည်ညိုတတ် သော အရာ၌ တေဒင်္ဂရ၏။

တေဒင်္ဂရ ပုဂ္ဂိုလ်များ ပြီး၏။



H. P. 9-8-62 3000

## ဟံသာဝတီ ဝတ္ထုကျမ်းစာများ

* ဗုဒ္ဓအကြောင်းအရာ အစုံအလင် သိလိုပါက "မာလာလင်္ကာရ ဝတ္ထု"ကိုကြည့်ရှုကြပါ။
* မဟာဒုဂ် အကြောင်းအရာ အစုံအလင်သိလိုပါက "သာမဏေကျော် ၄-ပါးဝတ္ထု"ကို ကြည့်ရှုကြပါ။
* တေဒင်ရေပုဂ္ဂိုလ်များ အကြောင်းအရာ အစုံအလင် သိလိုပါက "ဇာတဒင်္ဂဝတ္ထု"ကို ကြည့်ရှုကြပါ။
* သတိပဋ္ဌာန် အဓိပ္ပါယ်နှင့် ဝတ္ထုပုံပြင် အကြောင်းအရာ အစုံအလင်သိလိုပါက "သတိပဋ္ဌာန်ဝတ္ထု"ကို ကြည့်ရှုကြပါ။

ဟံသာဝတီစာအုပ်တိုက်
၃၅၇-ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်မြို့။

တအုပ် ၅ ကျပ်။